သတ္တဝါအမျိုးမျိုးကို ဘယ်သူဖန်တီးသလဲ။
ဘဝဖန်တီးရှင်က နတ်ဘုရားလား,ပြဟ္မာလား,ကံတရားလား။
မိမိရဲ့ ဘဝကံကြမ္မာကို မိမိလွတ်လပ်စွာ ဖန်တီးခွင့်မရှိဘူးလား။

# ဘဝဖန်တီးရှင် ကံတရား

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊မဟာသဒ္ဓမ္မဇောတိကဓဇ



ဤအံ့သြဖွယ်စာအုပ်သည် သင့်ဘဝ၏ သဘောမှန်နှင့်
သင်ယခုလိုဖြစ်နေရသည့် အကြောင်းများကို ဖွင့်ပြလိမ့်မည်။

ဘဝဖန်တီးရှင်ကံတရား ● ဒေါက်တာမင်းတင်မွန်

## ဒေါက်တာမင်းတင်မွန်

# ဘဝဖန်တီးရှင်ကံတရား

ဖန်တီးရှင်အစစ်ကဘယ်သူလဲ။
ဘယ်သူက လူ့,နတ်,ပြဟ္မာ,တိရစ္ဆာန်,ပြိတ္တာ ဘဝအမျိုးမျိုးကို ဖန်တီးထားသလဲ။
အချို့က လူချမ်းသာအဖြစ်မွေးဖွားပြီး အချို့က လူဆင်းရဲအဖြစ် မွေးဖွားရတာ ဘာကြောင့်လဲ။
အချို့က အရုပ်ဆိုးပြီး အချို့က ချောမောလှပတာဘာကြောင့်လဲ။
ဘဝမှာဘာကြောင့် အတက်အကျတွေရှိနေရသလဲ။
သင့်ရဲ့ ဘဝကံကြမ္မာကို ဘယ်သူက ဖန်တီးပေးနေသလဲ။
ဘဝမှာအောင်မြင်ရေးလမ်းစဉ်က ဘယ်ဟာလဲ။
ဘဝဆက်တိုင်းချမ်းသာကြီးပွားအောင် ဘယ်လိုလုပ်ရမလဲ။

### ဘဝရဲ့ ဒီအရေးကြီးတဲ့အချက်များကိုသင်သိသလား

"အတိတ်ဘဝများ"နှင့်"အနာဂတ်ဘဝများ"ရှိကြောင်းကိုဖော်ပြတဲ့ တိကျခိုင်လုံတဲ့ အထောက်အထားများ၊
သံသရာမှာ သင်ဟာ တစ်ဘဝပြီး တစ်ဘဝ ဖြစ်ရဦးမယ်၊
"မှန်ကန်တဲ့အမြင်"ဟာ သင်ရဲ့ "ဘဝလမ်းညွှန်"ဖြစ်သင့်တယ်၊
စကြဝဠာအနန္တမှာ"စိတ်"ဟာ"တန်ခိုးအကြီးဆုံး"ဖြစ်တယ်၊
"သင်"သည်သာ"သင့်စိတ်ရဲ့ အရှင်သခင်"ဖြစ်တယ်၊
"သင်"သည်"သင့်ဘဝကံကြမ္မာ"ကိုလွတ်လပ်စွာဖန်တီးနိုင်တယ်။

- လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန်, ပြိတ္တာဘဝအမျိုးမျိုးကို ဘယ်သူဖန်တီးသလဲ
- သတ္တဝါတို့ရဲ့ကံကြမ္မာများက ဘာကြောင့်ကွဲပြားနေကြရသလဲ၊
- ဘဝဖန်တီးရှင်ဆိုတာ နတ်ဘုရားလား, ဗြဟ္မာလား, ကံတရားလား၊
- သဘာဝတရားကို ကျော်လွန်တဲ့ သဘာဝလွန်တရားဆိုတာ ရှိနိုင်သလား၊
- မိမိရဲ့ဘဝကံကြမ္မာကို မိမိလွတ်လပ်စွာ ဖန်တီးခွင့်မရှိဘူးလား၊

# ဘဝဖန်တီးရှင် ကံတရား


## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ


သင့်ဘဝမတိမ်းစောင်းဘဲ ဘဝဆက်တိုင်း ချမ်းသာကြီးပွားအောင်
ဘဝအမြင်မှန်ကို ဘဝမီးရှူးတန်ဆောင် ပြုလုပ်ပါ

ဗုဒ္ဓသာသနာ စိရံ တိဋ္ဌတု

**စာမူခွင့်ပြုချက်အမှတ်** (၃၂၀၄၂၆၀၆၀၇)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** (၃၂၀၅၁၈၀၈၀၇)

◆

၂၀၀၇ခုနှစ်၊ အောက်တိုဘာ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

◆

**ထုတ်ဝေသူ**
မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

◆

**အတွင်းစာနှင့် မျက်နှာဖုံးပုံနှိပ်သူ**
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ်(၁)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

◆

**ကွန်ပျူတာစာစီ**
ရွှေဝင်းမောင်
ရွှေယောဇဉ်ကွန်ပျူတာ

◆

**ဖြန့်ချိရေး**
မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁- ၃၈၅၂၆၁၊ ၀၉၈၀- ၂၂၅၁၆

◆

**တန်ဖိုး** - ၉၀၀ ကျပ်

# မာတိကာ

စကားဦး

၁ ဘဝမှာ အရေးအကြီးဆုံးက ဘာလဲ ၉
၂ အရေးကြီးတဲ့ ဘဝပြဿနာများ ၁၀
၃ ဘဝပြဿနာများကို ဘယ်သူဖြေရှင်းနိုင်သလဲ ၁၁
၄ စိတ်ကို ခွဲခြမ်းစိတ်ဖြာခြင်း ၁၃
၅ စိတ်နှင့်ကံတရား ၁၅
၆ အလွန်အားကြီးတဲ့ ကမ္မနိယာမ ၁၇
၇ ဘဝကံကြမ္မာကို လိုရာဖန်တီးနိုင်တယ် ၁၉

၁ ဘဝဟူသည်မှာ

၁ ဘဝဆိုတာ ဘာလဲ ၂၂
၂ ဘဝအမျိုးမျိုး ကွဲပြားပုံ ၂၅
၃ ဘဝအမျိုးမျိုးကို ဘယ်သူဖန်တီးသလဲ ၂၇
၄ သိပ္ပံပညာ၏တွေ့ရှိချက် ၃၀
စမ်းသပ်ဖန်ပွှန်ကလေးများ ၃၄
လူဆဲလ်မှ လူသားမွေးမြူရေး ၃၇

၂ သိမ်မွေ့နက်နဲတဲ့ ဘဝပဟေဠိ

၁ ရုပ်ဝတ္ထုမှ သက်ရှိ ဖြစ်လာနိုင်သလား ၄၃
၂ ဗီဇသီအိုရီ ၄၄
၃ အတိတ်ဘဝနှင့် အနာဂတ်ဘဝ ၄၆

၃ အတိတ်ဘဝအထောက်အထားများ

၁ ကမ္ဘာတစ်ဝန်းလုံးမှာ လူဝင်စားများရှိခြင်း ၄၉
၂ ကမ္ဘာတစ်ဝန်းလုံးမှာ ဉာဏ်ကြီးရှင်ကလေးများရှိခြင်း ၅၃
၃ အိပ်မွေ့ချပြီး အသက်နောက်ပြန်ဆုတ်ခြင်းဖြင့်
အတိတ်ဘဝကို သိခြင်း ၅၅

အံ့ဖွယ်လူသား အဂ္ဂါကေစီ ၅၆
ဗေဒင်ဟောစာထက် ပိုတိကျတဲ့ ဘဝဟောစာတမ်းများ ၅၉
ကြေးနန်းအော်ပရေတာ မိန်းမပျို ၆၁
၄ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်ဖြင့် အတိတ်ဘဝများကို သိခြင်း ၆၂
သဘာဝလျှို့ဝှက်ချက်ကို မြတ်စွာဘုရားဖော်ထုတ်ပြခြင်း ၆၃
၅ ဝိပဿနာရှုပွားရာမှာ အတိတ်ဘဝများကို မြင်သိခြင်း ၆၆

## ၄ အနာဂတ်ဘဝအထောက်အထားများ

၁ ပိဋကတ်ကျမ်းဂန်လာ ဘုရားဟောအထောက်အထားများ ၇၀
၂ အရှင်မဟာမောဂ္ဂလာန်ရဲ့ စုံးစမ်းလေ့လာမှုများ ၇၆
၃ အကြားအမြင်ရသူများမှတစ်ဆင့် သေပြီးသူများနှင့် ဆက်သွယ်ခြင်း ၇၈
ကျေးဇူးရှင်ကျီးဖြူဖြစ်တဲ့ မစ္စက်လီယိုနိုရာပိုက်ပါ ၈၀
အက်စတယ်ရောဘတ်နှင့် တိမ်နီနတ် ၈၃
ချစ်သူနှစ်ဦးတို့ရဲ့ စကားဝှက် ၈၇
တမလွန်ဘဝမှ သတိရလျက်ပါ ၈၈
လူထုပရိသတ်အား သေလွန်သူများနှင့် ဆက်သွယ်ပေးခြင်း ၉၀
၄ သေပြီးသူများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း ၉၃
ဘဝခြားနေတဲ့ ချစ်သူများ ပြန်လည်ဆုံတွေ့နိုင်ပြီ ၉၆
တမလွန်လောကမှ သဝဏ်လွှာ ၉၉
၅ ဒိဗ္ဗစက္ခုအဘိညာဏ်၊ ယထာကမ္မူပဂအဘိညာဏ်၊ အနာဂတံသအဘိညာဏ်တို့ဖြင့် အနာဂတ်ဘဝများကိုသိခြင်း ၁၀၀

## ၅. ဖန်တီးရှင်အစစ်ဟူသည်မှာ

၁ အနန္တတန်ခိုးရှင် ၁၀၇
၂ စိတ်ပညာရှင်များ၏ ထောက်ခံချက် ၁၀၈
၃ စိတ်ဆိုတာ ဦးနှောက်လား ၁၀၉

စိတ်အလုပ်လုပ်ပုံကို အဘိဓမ္မာရှင်းပြခြင်း ၁၁၂
၄ ဖန်တီးရှင်အစစ်က ဘယ်သူလဲ ၁၁၇

## ၆ ကံဟူသည်မှာ

၁ ကံဆိုတာ ဘာလဲ ၁၂၂
၂ ကံဘယ်လိုဖြစ်ပေါ်သလဲ ၁၂၄
၃ ဆဒ္ဒန်ဆင်မင်းဝတ္ထုဥပမာ ၁၃၁
၄ ကံနှစ်မျိုး-သဟဇာတကံနှင့် နာနက္ခဏိကကံ ၁၃၆
၅ ဓာမ္မဒွါရသုံးမျိုးနှင့် ကံသုံးမျိုး ၁၃၈
၆ အကုသိုလ်ကံ ၁၀ ပါး *(အကုသလကမ္မပထ)* ၁၃၉
၇ ကုသိုလ်ကံ ၁၀ ပါး *(ကုသလကမ္မပထ)* ၁၄၄
၈ ပြုသင့်တဲ့ကုသိုလ်ကောင်းမှု ၁၀ မျိုး *(ပုညကြိယဝတ္ထု)* ၁၄၆
၉ ကံတွေ ဘယ်မှာတည်ရှိကြသလဲ ၁၄၈
၁၀ ကံက နောက်ဘဝကို ဘယ်လိုဖြစ်စေတာလဲ ၁၅၀

## ၇ ကံ ဘယ်လိုအကျိုးပေးသလဲ

၁ လက်ငင်းအကျိုးကိုသာ ကြည့်တတ်ကြ ၁၅၅
၂ အလုပ်တိုင်းမှာ အကျိုးနှစ်မျိုးရှိတယ် ၁၅၇
၃ နာနက္ခဏိကကံများအကျိုးပေးပုံ ၁၆၀
၄ အပြန်ကုဋေကုဋာအကျိုးပေးရာဝယ် ၁၆၅
တိရစ္ဆာန်သတ်တာ အပြစ်မရှိဘူးလား ၁၆၆
ဝေသာလီက လှကေရီ ၁၆၈
ဘဝဆက်တိုင်းကောင်းစားရေး ၁၇၁
၅ လူချင်းမတူ တစ်မူစီကွဲပြားရခြင်းအကြောင်း ၁၇၂
၆ ကံကြောင့်ဖြစ်တဲ့နာမ်ရုပ်များ ၁၇၈

## ၈ ကံအမျိုးအစားများ

၁ ကံလေးမျိုးလေးလီ ၁၈၁
၂ ပြုလုပ်မှုကိစ္စအစွမ်းအားဖြင့် ကံလေးမျိုး ၁၈၂

(၁) ဇနကကံ - ဘဝသစ်ဖြစ်စေတတ်တဲ့ကံ ၁၈၂
(၂) ဥပတ္ထမ္ဘကကံ - ဇနကကံကို အထောက်အပံ့ပြုတဲ့ကံ ၁၈၃
(၃) ဥပပီဠကကံ - ဇနကကံကို ဖိနှိပ်တတ်တဲ့ကံ ၁၈၄
(၄) ဥပဃာတကကံ - အားကြီးတဲ့ အဖျက်ကံ ၁၈၆
ဒေဝဒတ်၏ဘဝကို ကံလေးမျိုးစီမံပုံ ၁၈၇
၃ အကျိုးပေးတဲ့ အလှည့်အကြိမ်အားဖြင့် ကံလေးမျိုး ၁၈၈
(၁) ဂရုကကံ - အလွန်အားကြီးတဲ့ကံ ၁၈၈
(၂) အာသန္နကံ - သေခါနီးပြုလုပ်တဲ့ကံ ၁၉၀
ရေချမ်းစင် ဒကာမ၏ ကံဆန်းကြယ်ပုံ ၁၉၁
သားစီမံပေးလို့ ဖခင်သုဂတိဘဝရပုံ ၁၉၄
(၃) အာစိဏ္ဏကံ - အမြဲမပြတ်ပြုလုပ်တဲ့ကံ ၁၉၄
(၄) ကဋတ္တာကံ - မသတ်မှတ်ထားတဲ့ကံ ၁၉၅
ကံလေးမျိုးအကျိုးပေးပုံနှင့် နွားခြံဥပမာ ၁၉၆
ကုသိုလ်ကံများပါလျက် အဝီစိကျသူမလ္လိကာ ၁၉၉
၄ အကျိုးပေးရာကာလအစွမ်းအားဖြင့် ကံလေးမျိုး ၂၀၀
(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ - မျက်မှောက်ဘဝမှာ
အကျိုးပေးတဲ့ကံ ၂၀၁
ဝိပါက်ကြွမှာ ပြေးမရှောင်သာ ၂၀၂
အလှူရဲ့တော့ အကျိုးမြဲတယ် ၂၀၃
(၂) ဥပပဇ္ဇဝေဒနီယကံ - နောက်ဘဝမှာ အကျိုးပေးတဲ့ကံ ၂၀၄
(၃) အပရာပရိယဝေဒနီယကံ - ဘဝဆက်တိုင်းအကျိုးပေး
တတ်တဲ့ကံ ၂၀၆
ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာတယ် ၂၀၉
အပရာပရိယကံများ ထက်ကြပ်မကွာ လိုက်ပုံမှာ ၂၁၁
(၄) အဟောသိကံ - အချည်းနှီးဖြစ်သွားတဲ့ကံ ၂၁၂
၅ အကျိုးပေးရာဘုံဌာနအားဖြင့် ကံလေးမျိုး ၂၁၃
(၁) အကုသိုလ်ကံ - အပြစ်ရှိပြီး မကောင်းကျိုးပေးတဲ့ကံ ၂၁၃

(၂) ကာမကုသိုလ်ကံ - အပြစ်ကင်းပြီး ကာမဘုံမှာ အကျိုးပေးတဲ့ကံ
(၃) ရူပါဝစရကုသိုလ်ကံ - အဆင့်မြင့်ပြီး ရူပဘုံမှာ ကောင်းကျိုးပေးတဲ့ကံ
(၄) အရူပါဝစရကုသိုလ်ကံ - အဆင့်မြင့်ပြီး အရူပဘုံမှာ ကောင်းကျိုးပေးတဲ့ကံ

၉ စိတ်သည်သာ ဖန်တီးရှင်အစစ်

၁ စိတ်သည်သာ အနန္တတန်ခိုးရှင်အစစ် ၂၁၆
အံ့မခန်းဖွယ်ရာ လောကီအဘိညာဉ် (၇)ပါး ၂၁၇
၂ အဘိညာဉ်တန်ခိုးရဲ့ အံ့ဖွယ်ရာများ ၂၁၇
ကံစွမ်းအားမှတစ်ဆင့် စိတ်ရဲ့ဖန်တီးနိုင်တဲ့စွမ်းအား ၂၂၄
၃ အကုသိုလ်ကံအကျိုးပေးပုံ ၂၂၄
၄ ဒွိဟိတ်ကုသိုလ်နှင့် တိဟိတ်ကုသိုလ် ၂၂၆
၅ ဩမကကုသိုလ်နှင့် ဥက္ကဋ္ဌကုသိုလ် ၂၂၆
ကုသိုလ်ကြီးသော်လည်းအကျိုးနည်း ၂၂၇
၆ လူသုံးမျိုးကွဲပြားပုံ ၂၂၉
၇ ရူပဗြဟ္မာများကွဲပြားပုံ ၂၃၀
၈ နာမ်ချည်းသက်သက်ရှိကြတဲ့အရူပဗြဟ္မာများ ၂၃၅

၁၀ သေခြင်းနှင့် ဘဝသစ်ဖြစ်ခြင်း

၁ သတ္တဝါတို့ ဘာကြောင့်အသက်ရှင်နေရသလဲ ၂၃၈
၂ သတ္တဝါတို့ ဘာကြောင့် သေဆုံးကြရသလဲ ၂၄၀
၃ သေခါနီး ဘယ်လိုနိမိတ်ထင်သလဲ ၂၄၂
သေခါနီး နိမိတ်ပြောင်းနိုင်ပုံ ၂၄၄
သေခါနီး နတ်ရထားများဆိုက်ခြင်း ၂၄၅
၄ သေပြီးတော့ နောက်ဘဝဘယ်လိုဖြစ်လာသလဲ ၂၄၇
၅ ယခုဘဝပုဂ္ဂိုလ်နှင့် နောက်ဘဝပုဂ္ဂိုလ်တို့က တခြားစီလား ၂၄၉
၆ စိတ်အစဉ်အတန်းတစ်ခုတည်းဆိုတဲ့အထောက်အထားများ ၂၅၁
ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုဆင်ခြင်ခြင်း ၂၅၃
စိတ်စေတသိက်တို့ရဲ့စွမ်းရည်သတ္တိများက စိတ်အစဉ်မှာ
ကူးသန်းသွားတဲ့အထောက်အထားများ ၂၅၇

## ၁၁ ဘဝကံကြမ္မာလွတ်လပ်စွာ ဖန်တီးခွင့်


| | | |
|---|---|---|
| ၁ | လွတ်လပ်ပြီး တရားမျှတတဲ့ ကမ္မဝါဒ | ၂၅၉ |
| ၂ | အခြေခံအယူမှားသုံးမျိုး | ၂၆၁ |
| ၃ | မိမိသည်သာ မိမိ၏အားထားကိုးကွယ်ရာ | ၂၆၃ |
| ၄ | ကြီးပွားချမ်းသာရေးလမ်းစဉ် - ကံ၊ ဉာဏ်၊ ဝီရိယ | ၂၆၆ |
| ၅ | ဉာဏ်, ဝီရိယ မကူမလို့ ဘဝဆုံးရှုံးရတဲ့ ဇနီးမောင်နှံ | ၂၇၀ |
| ၆ | ပစ္စုပ္ပန်ကံ, ဉာဏ်, ဝီရိယကြောင့် ထိပ်တန်းရောက်ကြသူများ | ၂၇၂ |
| ၇ | ကံအကျိုးပေးခွင့်သာခြင်းနှင့် မသာခြင်း | ၂၇၆ |
| ၈ | ကံမွဲသူနှင့် ပေါင်းသင်းလျှင် သင်ဆင်းရဲရလိမ့်မယ် | ၂၇၉ |
| ၉ | ကံကောင်းသူနှင့်ပေါင်းလျှင် သင်ချမ်းသာရလိမ့်မယ် | ၂၈၄ |


## ၁၂ နက်နဲသိမ်မွေ့လွန်းသော ကမ္မနိယာမ


| | | |
|---|---|---|
| ၁ | နာမ်တရားတို့ရဲ့ နက်နဲသိမ်မွေ့မှု | ၂၈၆ |
| ၂ | ကံအကျိုးပေးဆန်းကြယ်တဲ့ နာရဒဇာတ်တော်ကြီး | ၂၈၈ |
| | အတိတ်တစ်ဘဝ သိရုံဖြင့် ကမ္မနိယာမကို မသိနိုင် | ၂၉၂ |
| | အယူမှားတော့ မကောင်းမှုတိုးပွားတယ် | ၂၉၅ |
| | ရုစာမင်းသမီးက ခမည်းတော်ကို တရားဟောခြင်း | ၂၉၆ |
| | နာရဒဗြဟ္မာမင်းတရားဟောခြင်း | ၃၀၁ |
| | ငရဲပြည်, နတ်ပြည်တို့ကို ပြသခြင်း | ၃၀၄ |
| | ခပ်သိမ်းသော အလိုတို့ကို ဆောင်တတ်တဲ့ ရထားဥပမာ | ၃၀၇ |
| ၃ | မကောင်းမှုဖြင့် ကြီးပွား၍ ကောင်းမှုပြုလျက် ဆင်းရဲရခြင်း | ၃၀၉ |
| | မကောင်းမှုဟာ ဘယ်တော့မှ ကောင်းကျိုးမပေး | ၃၁၁ |
| ၄ | ဘဝဆက်တိုင်း ကြီးပွားလိုလျှင် | ၃၁၄ |
| | ကုသိုလ်ကံက အကုသိုလ်ကံထက် ပိုစွမ်းအားကြီး | ၃၁၆ |
| | ကံ-ဉာဏ်-ဝီရိယ ညီညွတ်ပါစေ | ၃၁၇ |
| ၅ | သံသာလေကမ်းတိုင် တူပြိုင်ကာ ကူးမယ် | ၃၂၀ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စကားဦး

၁ ဘဝမှာ အရေးအကြီးဆုံးက ဘာလဲ

မြတ်စွာဘုရားရဲ့ တရားတော်ဟာ အလွန်အံ့သြစရာကောင်းပါတယ်။ ဘယ်ကမ္ဘာ့တွေးခေါ်ရှင် စိတ်ပညာရှင် သိပ္ပံပညာရှင်တို့ကမှ မသိမြင်ခဲ့တဲ့ သဘာဝအမှန်တရားများကို လွန်ခဲ့တဲ့နှစ် ၂၅၀၀ ကျော်က ဟောဖော်ညွှန်ပြ ခဲ့တာ ချီးကျူးလို့ မကုန်နိုင်အောင် ဖြစ်ရပါတယ်။

ဘဝမှာ အရေးအကြီးဆုံးက စိတ်ပဲ။ တစ်ကမ္ဘာလုံးကို လွှမ်းမိုးကြီးစိုးနေတာကလည်း စိတ်ပဲ။ လူတစ်ယောက်စီရဲ့ အတွေး, အပြော, အလုပ်တို့ကို ချုပ်ထိန်းပေးခြင်းဖြင့် စိတ်ဟာ တစ်ကမ္ဘာလုံးကို ချုပ်ထိန်းထားပါတယ်။

*"စိတ်ဟုမည်ငြား၊ ဤတစ်ပါးမျှ၊*
*တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က*
*လူ့ရပ်လူ့ရွာ၊ ဗြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏"* (မဃဒေဝ)

စိတ်တစ်လုံးတည်းကိုသာ ကောင်းမွန်စွာ ထိန်းကွပ်နိုင်တယ်ဆိုရင် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို ရရှိနိုင်ပြီ။

စိတ်ပညာရှင်များက စိတ်မှာ အနန္တတန်ခိုးရှိတယ်၊ စိတ်က ဘာမဆိုဖြစ်အောင် လုပ်ပေးနိုင်တယ်၊ စိတ်ရဲ့ တီထွင်ကြံဆဖန်တီးပေးနိုင်တဲ့ စွမ်းအားက ခေတ်သစ်သိပ္ပံပညာ, နည်းပညာတို့ကို ထောက်ရှုခြင်းဖြင့် အဆုံးအပိုင်းအခြား မရှိဘူး၊ ကောင်းကင်သာလျှင် အကန့်အသတ် ဖြစ်တယ်၊

The sky is the limit လို့ ဆိုကြတယ်။ ဒါပေမယ့် စိတ်ဆိုတာ ဘာလဲဆိုတာ ကို သူတို့ တိတိကျကျမသိဘူး။

သိပ္ပံပညာရှင်များကလည်း ဒြပ်နှင့်စွမ်းအင်ဆိုတဲ့ ရုပ်ပိုင်းကိုပဲ စူးစမ်း လေ့လာနိုင်ပြီး သိရှိလာရတဲ့ ရုပ်ပိုင်းနိယာမများအပေါ် အခြေခံကာ အံ့မခန်း ဖွယ်ရာ ရုပ်ဝတ္ထုအသုံးအဆောင်များကို တီထွင်ထုတ်လုပ်နေကြတယ်၊ ကမ္ဘာ့ပြင်ပအာကာသအထိထွက်ပြီး စူးစမ်းလေ့လာ နေကြတယ်၊ ဒါပေ မယ့် စိတ်ကိုတော့ သူတို့မလေ့လာနိုင်ကြဘူး၊ စိတ်ကို စူးစမ်းလေ့လာနိုင်တဲ့ ကိရိယာကိုလည်း မတီထွင်နိုင်သေးဘူး။ ဒါကြောင့် သိပ္ပံပညာရှင်များက ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုကိုသာ ဖော်ထုတ်ပေးနိုင်တယ်။ ပိုအရေးကြီးတဲ့ စိတ်ပိုင်းဆိုင်ရာတိုးတက်မှုကို ဖော်ထုတ်မပေးနိုင်ဘူး။

ဘဝမှာ အရေးအကြီးဆုံးဖြစ်တဲ့ စိတ်အကြောင်းကို ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် နိုက်နိုက်ချွတ်ချွတ်တိတိကျကျနားလည်တာ မြတ်စွာ ဘုရားတစ်ဆူတည်းသာပဲ။

၂ အရေးကြီးတဲ့ဘဝပြဿနာများ

လူတွေဟာ ဘာကြောင့် စိတ်ဆင်းရဲကြရသလဲ၊ ဘာကြောင့် အမြဲ မပြတ် စိုးရိမ်ပူပန်နေကြရသလဲ၊ ဘာကြောင့် စိတ်ပျက်ပြီး စိတ်ဓာတ်ကျကြ ရသလဲ၊ ဘာကြောင့် စိတ်ဆိုး, စိတ်ပုပ်, စိတ်ညစ်ကြရသလဲ၊ ဘာကြောင့် စိတ်ဖိစီးမှု, စိတ်တင်းကျပ်မှုတွေ ဖြစ်ပြီး စိတ်ရောဂါ, ကိုယ်မကျန်းမာတာ တွေ ဖြစ်လာကြရသလဲ၊ လူသားအချင်းချင်း ဘာကြောင့် လိမ်လည် လှည့် စားချင်ရသလဲ၊ ဘာကြောင့် ညှဉ်းပန်း, နှိပ်စက်, သတ်ဖြတ်ကြရသလဲ၊ လူပေါင်းများစွာ သေကြေရတဲ့ စစ်ပွဲကြီးတွေကို ဘာကြောင့် တိုက်ခိုက် ကြရသလဲ၊ ကမ္ဘာကြီး ဘာကြောင့် မငြိမ်းချမ်းရသလဲ၊ ကာမဂုဏ် သာယာ မှုကို ဘာကြောင့် နှစ်သက်ပြီး လိုက်စားနေကြရသလဲ၊ ကာမဂုဏ် ချမ်းသာ မှာ ဘာအနှစ်သာရ ရှိသလဲ၊ ကာမဂုဏ်ခံစားမှုရဲ့ နောက်ကွယ်မှာ အပါယ် ငရဲရှိတယ်ဆိုတာ ဘယ်လိုသိနိုင်သလဲ။

လက်ရှိဘဝမဖြစ်မီ အတိတ်ဘဝများ ရှိခဲ့သလား၊ ယခုဘဝမှ သေလွန် တဲ့အခါ နောက်ဘဝဖြစ်ရဦးမလား၊ ဘဝအမျိုးမျိုးကို ဘယ်သူဖန်တီးပေးသလဲ၊ လူတွေ ဆူကြုံနိမ့်မြင့်၊ ချမ်းသာဆင်းရဲ ဘဝကံကြမ္မာတွေ ဘာကြောင့် ကွဲပြားကြရသလဲ၊ လူတွေရဲ့ ဘဝကံကြမ္မာကို အနန္တတန်ခိုးရှင်တစ်ဦးဦးက စီမံဖန်တီးနေတာလား၊ မိမိရဲ့ ဘဝကံကြမ္မာကို မိမိဘာသာလွတ်လွတ်လပ်လပ်ဖန်တီးနိုင်ခွင့် မရှိဘူးလား၊ လက်ရှိဘဝမှာ ဘာလုပ်ဖို့က အရေးအကြီးဆုံးလဲ၊ ဘဝအဆက်ဆက် ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ။

ဒါတွေက အရေးကြီးတဲ့ ဘဝပြဿနာမေးခွန်းတွေပဲ။ အကြီးကျယ်ဆုံး ဝတ္ထုရှည်လို့ ယူဆကြတဲ့ War and Peace (စစ်နှင့် ငြိမ်းချမ်းရေး) စာအုပ်ဖြင့် ကမ္ဘာ့နိုဘယ်ဆုကြီးရရှိခဲ့တဲ့ ရုရှားစာရေးဆရာနှင့် ဘာသာရေးတွေးခေါ်ရှင် လီယိုတော်စတွိုင် (Leo Tolstoy. 1828-1910) က ဒီဘဝမေးခွန်းအချို့ကို စဉ်းစားဆင်ခြင်ခဲ့တယ်။ "ကျွန်ုပ်တို့ရဲ့ လက်ရှိဘဝဘယ်လိုဖြစ်လာသလဲ၊ ဘာလုပ်ဖို့ အသက်ရှင်နေရတာလဲ၊ သေသွားရင် ဘဝသစ်ဖြစ်ရဦးမလား၊ ဘယ်လိုဘဝဖြစ်ရမလဲ၊ ဒီမေးခွန်းများက အလွန်အရေးကြီးတယ်။ ကျွန်ုပ်မဖြေနိုင်လို့ မိမိရပ်တည်နေတဲ့နေရာ ပြိုလဲသွားတယ်လို့ ခံစားမိတယ်"လို့ သူဒီလိုပြောဆိုခဲ့ပါတယ်။

ဒီနက်နဲခက်ခဲတဲ့ ဘဝမေးခွန်းများကို ကမ္ဘာ့တွေးခေါ်ရှင်ကြီးများစဉ်းစားခဲ့ကြပါတယ်။ အကြောင်းအကျိုးညီညွတ်တဲ့ အဖြေများကို သူတို့မပေးနိုင်ခဲ့ကြပါဘူး။

## ၃ ဘဝပြဿနာများကို ဘယ်သူဖြေရှင်းနိုင်သလဲ

သိစရာမှန်သမျှကို မှန်ကန်စွာ သိမြင်တော်မူတဲ့ မြတ်စွာဘုရားက 'အနောက်တိုင်းဒဿနပညာရဲ့ဖခင်ကြီး'လို့ အသိအမှတ်ပြုခံရတဲ့ ရှေးခေတ်ဂရိတွေးခေါ်ရှင်သေးလိ(Thales, 624-550 B.C.) ပေါ်ထွန်းလာတဲ့ အချိန်ကတည်းကဘဝပြဿနာများအားလုံးရဲ့ အကြောင်းအကျိုး ညီညွတ်

ပြီး ကျေနပ်စရာ ကောင်းတဲ့ အဖြေများကို ပေးခဲ့တယ်။ ဘယ်မှာပေးခဲ့သလဲ။

မဟာသက္ကရာဇ် ၁၁၀ခုနှစ် (၅၈၁ ဘီ၊ စီ၊)မှာ တာဝတိံသာ နတ်ပြည်မှာ မြတ်စွာဘုရား အဘိဓမ္မာဒေသနာကို ဟောကြားတဲ့အခါမှာ ကမ္ဘာ့ပြဿနာရဲ့အဖြေများကို တိတိကျကျ ပြည့်ပြည့်စုံစုံပေးခဲ့ပါတယ်။ အဘိဓမ္မာတရားတော်ကို လူ့ပြည်မှာလည်း လက်ယာရံအဂ္ဂသာဝက ပညာဧတဒဂ်ရှင် အရှင်သာရိပုတ္တရာ တစ်ပြိုင်တည်း ဟောကြားနိုင်အောင် မြတ်စွာဘုရား နည်းပေးတော်မူပါတယ်။ အရှင်သာရိပုတ္တရာ ဟောကြားခဲ့တဲ့ အဘိဓမ္မာပိဋကတ်ရဲ့ အနှစ်သာရကို ထုတ်ပြထားတဲ့ 'အဘိဓမ္မာသင်္ဂြိုဟ်' မှုလောက်ကို ကျကျနန သဘောပေါက်အောင် လေ့လာနိုင်မယ်ဆိုရင် ဘဝပြဿနာများရဲ့ မှန်ကန်တဲ့ အဖြေများကို သိနားလည်လာပါလိမ့်မယ်။

မြတ်စွာဘုရားက ဘာကြောင့် အကြောင်းအကျိုးညီညွတ်တဲ့ အဖြေများကို ပေးနိုင်ရသလဲ။ အကြောင်းကတော့ စကြဝဠာမှာ အမှန်တကယ်ရှိတဲ့ သဘာဝတရားတွေ၊ သတ္တဝါတို့ရဲ့ ကိုယ်နှင့် စိတ်တို့ကို ဖွဲ့စည်းထားတဲ့ အခြေခံအကျဆုံး ပရမတ်တရားများလို့ ခေါ်တဲ့ စိတ်စေတသိက်များ၊ အခြေခံ ရုပ်တရားများရဲ့ သဘာဝသတ္တိများကို မြတ်စွာဘုရား ရှင်းရှင်းလင်းလင်း သိမြင်တော်မူတယ်။ အတိတ်-ပစ္စုပ္ပန်-အနာဂတ်ဆိုတဲ့ ကာလသုံးပါးမှာ ပရမတ်နာမ်ရုပ်တရားများက အကြောင်းအကျိုးစပ်ကာ ဖြစ်ပျက်နေသမျှ '*နာမ်ရုပ်ဖြစ်ရပ်အလုံးစုံ*' (psychophysical phenomena) တို့ကို သဗ္ဗညုတ ဉာဏ်တော်နှင့် ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား မြင်သိတော်မူတယ်။ ဒီလို နာမ်ရုပ်ဖြစ်ရပ်များကို အတိတ်-ပစ္စုပ္ပန်-အနာဂတ် မြင်ကွင်းကျယ် အနုစိတ်ထိုးထွင်းမြင်သိတဲ့အတွက် နက်နဲတဲ့ ဘဝပြဿနာများကို ဖြေရှင်းနိုင်ခြင်း ဖြစ်တယ်။

မြတ်စွာဘုရားက စာတွေ့သဘောတရားမျှလောက်တင်မကဘူး၊ ဆင်းရဲချုပ်ငြိမ်းပြီး ထာဝရငြိမ်းအေးချမ်းသာခြင်းဆိုတဲ့ အတုမရှိ နိဗ္ဗာန်

အမြိုက်ချမ်းသာကို လက်ရှိဘဝမှာတင် လက်တွေ့ခံစားနိုင်အောင်လည်း ၄၅ ဝါ ပတ်လုံး လက်တွေ့ညွှန်ပြပေးတော်မူခဲ့တယ်။

*"သတ္တဝါတို့ရဲ့စိတ်ကို ကိလေသာအညစ်အကြေးများမှ ဆေးကြော သုတ်သင်ဖို့၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်းတို့ကို လွန်မြောက်ဖို့၊ ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်းတို့ကို ချုပ်ငြိမ်းစေဖို့ အရိယမဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ထာဝရချမ်းသာကို ခံစားနိုင်ဖို့အတွက် တစ်ကြောင်းတည်းသော ခရီးလမ်းက မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရား (ဝါ)သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား ဖြစ်ပါတယ်"*

*(မဟာသတိပဋ္ဌာနသုတ်)*

## ၄ စိတ်ကို ခွဲခြမ်းစိတ်ဖြာပြခြင်း

အလွန်တန်ခိုးကြီးပြီး မြင်သိဖို့ အလွန်ခဲယဉ်းတဲ့စိတ်ကို မြတ်စွာဘုရားက မြင်သိနိုင်အောင် သမာဓိထူထောင်ပြီး ကြည့်ရှုတဲ့နည်းကို ညွှန်ပြတဲ့ အပြင် ခွဲခြမ်းစိတ်ဖြာပြီး စိစစ်တတ်ဖို့ကိုလည်း နည်းညွှန်ပြပေးခဲ့ပါတယ်။ စိတ်(mind) လို့ လူတို့ ပြောဆိုနေကြတဲ့ အရာက စိတ်တစ်ခုတည်း မဟုတ်ဘူး။ အာရုံကို သိတတ်တဲ့သဘောဖြစ်တဲ့ စိတ်နှင့် စိတ်ကို မှီတွယ်ပြီးစိတ်ကို ခြယ်လှယ်နေကြတဲ့ စေတသိက်များတို့ရဲ့ အပေါင်းအစု ဖြစ်ပါတယ်။

စေတသိက် ၅၂ မျိုးရှိတဲ့အနက်က မကောင်းတဲ့ဘက်ကို ခြယ်လှယ်ကြတဲ့ 'အကုသိုလ်စေတသိက် - အပြစ်ရှိတဲ့စေတသိက်'က ၁၄ - မျိုးရှိပါတယ်။ အဲဒီအနက်က စိတ်ကို ညစ်နွမ်းစေပြီး ပူလောင်ဆင်းရဲစေတဲ့ အကုသိုလ်စေတသိက် ၁၀မျိုးကို ကိလေသာများလို့ ခေါ်တယ်။ ၎င်းတို့က စိတ်ဆင်းရဲမှုအားလုံးနှင့် ကမ္ဘာပေါ်ရှိ မကောင်းမှုအားလုံးကို ဖြစ်စေတဲ့ အကြောင်းတရားတွေပဲ၊ အကုသိုလ်စေတသိက်တို့ရဲ့ ခေါင်းဆောင် သုံးပါးက လောဘ၊ ဒေါသ၊ မောဟတို့ ဖြစ်ကြတယ်။

လောဘ - လိုချင်တပ်မက်ခြင်းသဘော၊ တဏှာ, ရာဂလို့လည်း အမည်ရတယ်၊

ဒေါသ - ကြမ်းတမ်းခက်ထန်ခြင်း၊ စိတ်ဆိုးစိတ်ပျက်ခြင်း၊ မနှစ်သက်ခြင်းသဘော၊ အဖျက်ဆီးတတ်ဆုံးတရား ဖြစ်တယ်။

မောဟ - အာရုံရဲ့ အမှန်သဘော၊ သစ္စာသဘော၊ ကံသဘောတို့ကို မသိအောင် ဖုံးကွယ်ထားခြင်းသဘော၊ အဝိဇ္ဇာ-အမိုက်မှောင်လို့လည်း အမည်ရတယ်။

ဒီတရားသုံးပါးဟာ 'အကုသိုလ်အရင်းအမြစ်-အကုသိုလ်ဟိတ်'များ ဖြစ်ကြတယ်။ အကုသိုလ်ဆိုတာ သတ္တဝါတစ်ဦးဦးကို ထိခိုက်စေလို့ အပြစ်ရှိပြီး မကောင်းကျိုးပေးတဲ့တရားပဲ၊ ကမ္ဘာပေါ်မှာ မတရားမှုတွေ အကြမ်းဖက်မှုတွေ ဆိုးသွမ်းမိုက်မဲမှုတွေ မကောင်းမှုဒုစရိုက်တွေကို ကျူးလွန်နေကြတာ ဒီတရားသုံးပါးခြယ်လှယ်တဲ့အတွက်ကြောင့်ပဲ။ လောဘ, ဒေါသ, မောဟတို့ဟာ စိတ်ကို ညစ်နွမ်းမိုက်မဲစေပြီး ပူလောင်ဆင်းရဲစေတဲ့ အပူလောင်ဆုံးတရားတွေပဲ။ သူတို့ကို အမြစ်ဖြတ် ပယ်သတ်လိုက်နိုင်ရင် အတုမရှိချမ်းသာတဲ့ နိဗ္ဗာန် ထာဝရချမ်းသာကို ချက်ချင်းခံစား ရတော့တာပဲ။

စိတ်ကို ကောင်းတဲ့ဘက်ကို ခြယ်လှယ်ကြတဲ့ 'သောဘဏ စေတသိက် - လှပတင့်တယ်တဲ့စေတသိက်'များက ၂၅ လုံး ရှိတယ်၊ အကုသိုလ် စေတသိက်တို့ထက် ပိုအရေအတွက် များပြီး ပိုစွမ်းအားကြီးကြတယ်။ ဒီကောင်းတဲ့ အင်အားစုကို စုစုစည်းစည်းနဲ့ ခွန်အားကြီးမားလာအောင် ပျိုးထောင်ပေးနိုင်ရင် အကုသိုလ်အင်အားစုကို နှိမ်နင်းပယ်သတ်နိုင်တယ်။

အကုသိုလ်အကြောင်းရင်းဖြစ်တဲ့ လောဘ, ဒေါသ, မောဟတို့ကို ဆန့်ကျင်တဲ့ 'ကုသိုလ်အရင်းအမြစ် -ကုသိုလ်ဟိတ်' သုံးပါးက အလောဘ,

အဒေါသ, အမောဟတို့ ဖြစ်ကြပါတယ်။

| | |
|---|---|
| အလောဘ - | မလိုချင်မတပ်မက်ခြင်း၊ စွန့်လွှတ်ပေးကမ်းခြင်း သဘော၊ |
| အဒေါသ - | မကြမ်းတမ်း မခက်ထန်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း သဘော၊ စိတ်မဆိုးစိတ်မပျက်ဘဲ သည်းခံ ခွင့်လွှတ်နိုင်ခြင်း သဘော-ခန္တီတရား၊ သတ္တဝါတို့ကို ဘေးရန်ကင်းပြီး ချမ်းသာစေလိုခြင်းသဘော-မေတ္တာ၊ |
| အမောဟ - | အာရုံရဲ့ အမှန်သဘော၊ သစ္စာသဘော၊ ကံ သဘောတို့ကို ထိုးထွင်းသိမြင်တဲ့ စေတသိက်၊ ပညာ စေတသိက်လို့လည်း ခေါ်တယ်။ |

ဒီစေတသိက်တို့က အလွန်လှပမြင့်မြတ်တဲ့ စေတသိက်တွေပဲ၊ လူတစ်ယောက်ရဲ့ အဖိုးတန်အရည်အသွေးကောင်းများလည်းဖြစ်ပါတယ်။ သူတို့ကို အားကြီးလာအောင် ပျိုးထောင်တဲ့နည်းက ဒါန, သီလ, ဘာဝနာ ဖြည့်ကျင့်ခြင်း ဖြစ်ပါတယ်။

## ၅ စိတ်နှင့် ကံတရား

အကုသိုလ်ဟိတ်တို့ ယှဉ်တဲ့စိတ်ကို 'အကုသိုလ်စိတ်' လို့ ခေါ်တယ်။ 'အကုသိုလ်စိတ်'-ဆိုတာ အပြစ်ရှိပြီး မကောင်းကျိုးပေးတဲ့ စိတ်ဖြစ် ပါတယ်။ ကုသိုလ်ဟိတ်တို့ ယှဉ်တဲ့စိတ်ကိုတော့ 'ကုသိုလ်စိတ်'လို့ ခေါ် တယ်။ ကုသိုလ်စိတ်ဆိုတာ အပြစ်ကင်းပြီး ကောင်းကျိုးပေးတဲ့ စိတ်ဖြစ် ပါတယ်။

'စိတ္တနိယာမ'ခေါ် စိတ်တို့ရဲ့ ဖြစ်မြဲသဘောအရ စိတ်တို့ဟာ တစ်လုံးပြီးမှတစ်လုံးဖြစ်တယ်၊ လက်ဖျစ်တစ်တွက် မျက်စိတစ်မှိတ်ကာလအတွင်းမှာ စိတ်ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားကြတယ်။ ဒါကြောင့် ငါးတစ်ကောင် သတ်တယ်၊ သူ့ဥစ္စာခိုးတယ် စတဲ့ မကောင်းမှုတစ်ခုပြုလုပ်နေတဲ့အချိန်မှာ အကုသိုလ်စိတ်ကုဋေသိန်းချီ ဖြစ်ပျက်သွားကြတယ်။ ဘုရားရှိခိုးတယ်, ဆွမ်းလောင်းတယ် စတဲ့ ကောင်းမှုတစ်ခုပြုလုပ်နေတဲ့

အခါမှာလည်း ကုသိုလ်စိတ်ကုဋေသိန်းချီဖြစ်ပျက်သွားကြတယ်။

စိတ်တစ်လုံးနှင့် ယှဉ်ဖက်စေတသိက်တွေ ချုပ်သွားတဲ့အခါမှာ ၎င်းတို့ရဲ့ ကိုယ်စီအစွမ်းသတ္တိတို့ကို နောက်ဖြစ်တဲ့စိတ်သို့ ကူးပြောင်းပေးပြီးမှ ချုပ်ငြိမ်းကြတယ်။ ယင်းသို့ စိတ်တစ်လုံးမှ နောက်စိတ်တစ်လုံးသို့ သိရှိခဲ့တဲ့အချက်တွေ မှတ်သားမှုတွေ ခံစားမှုတွေ စသည်တို့ ကူးသန်းသွားတဲ့အတွက် ကျွန်တော်တို့ ငယ်စဉ်က သင်အံခဲ့တာတွေ မှတ်သားခဲ့တာတွေ တွေ့ကြုံခံစားခဲ့တာတွေကို ယနေ့အထိ မှတ်မိနေခြင်း ဖြစ်တယ်။ သိရှိထားတဲ့ ဝေါဟာရတွေကို မမေ့ပျောက်ဘဲ မှတ်မိတဲ့အတွက် စကားပြောဆိုနိုင်ခြင်း ဖြစ်တယ်။

အရေးကြီးတဲ့ စွမ်းရည်သတ္တိတစ်ရပ်က စေတနာစေတသိက်ရဲ့ စွမ်းရည်သတ္တိဖြစ်ပါတယ်။ စေတနာက စိတ်တိုင်းမှာ ယှဉ်ဖြစ်တယ်။ လောဘ, ဒေါသ, မောဟတို့နှင့် ယှဉ်ဖြစ်တဲ့ စေတနာဟာ အကုသိုလ်စေတနာဖြစ်သွားတယ်။ အလောဘ, အဒေါသ, အမောဟတို့နှင့် ယှဉ်ဖြစ်တဲ့ စေတနာက ကုသိုလ်စေတနာဖြစ်သွားတယ်။ မကောင်းမှုတစ်ခုကိုဖြစ်စေ ကောင်းမှုတစ်ခုကို ဖြစ်စေ ပြုလုပ်လိုတဲ့အခါ စေတနာက ပြုလုပ်ဖို့ ဦးတည်ချက်ထားပြီးတော့ ၎င်းနှင့်အတူ ယှဉ်ဖြစ်တဲ့ စိတ်စေတသိက်တို့ကို အဲဒီအလုပ်ဖြစ်မြောက်ဖို့အတွက် မိမိတို့ဆိုင်ရာကိစ္စအသီးသီးကို ဆောင်ရွက်ကြဖို့ စေ့ဆော်တိုက်တွန်းတယ်၊ အဲသလို စေတနာက ဦးတည်ချက်ချမှတ်ကာ စေ့ဆော်စီမံလို့ အလုပ်ဖြစ်မြောက်သွားတဲ့အတွက် စေတနာကို ကံ= ကမ္မ= အလုပ်လို့ မြတ်စွာဘုရား သတ်မှတ်ပါတယ်။ ထို့ကြောင့် ကံဟာ စေတနာပါသော အလုပ်ဖြစ်တယ်။

ဥပမာ ကြက်တစ်ကောင်သတ်တဲ့အချိန်အတွင်းမှာ ဒေါသစိတ်ကုဋေ တစ်သိန်းကျော်ဖြစ်ပြီး ၎င်းစိတ်တို့နှင့် ယှဉ်ဖြစ်သွားကြတဲ့ စေတနာကုဋေ တစ်သိန်းကျော်ကို 'သဟဇာတအကုသိုလ်ကံများ'လို့ ခေါ်တယ်၊ သဟ ဇာတကံက အတူတကွဖြစ်သွားတဲ့ ကံလို့ အဓိပ္ပာယ်ရတယ်။ စိတ်နှင့်

အတူဖြစ်သွားတဲ့ စေတနာများလို့ ဆိုလိုတယ်။ ဒီစိတ်စေတနာတို့ ချုပ်ငြိမ်းကြတဲ့အခါ စိတ်အစဉ်မှာ ကျန်ရစ်တဲ့ စေတနာရဲ့သတ္တိတို့ကို 'နာနက္ခဏိက အကုသိုလ်ကံ'လို့ ခေါ်ပါတယ်။ နာနက္ခဏိကကံဟာ ကံဖြစ်တဲ့အချိန်နှင့် ကံ အကျိုးပေးတဲ့အချိန်မတူတဲ့ ကံဖြစ်ပါတယ်။ သစ်စေ့နှင့် တူပြီး ဘဝတစ်ခုကို ဖြစ်ပေါ်စေနိုင်တယ်။ ဒါကြောင့် မကောင်းမှုတစ်ခုလုပ်စဉ်မှာ အကုသိုလ်ကံတွေကုဋေသိန်းချီဖြစ်ပြီး ကောင်းမှုတစ်ခုလုပ်တဲ့အခါမှာ အလားတူပဲ ကုသိုလ်ကံတွေ ကုဋေသိန်းချီကျန်ရစ်တယ်။

အကုသိုလ်ကံတို့က ယခုဘဝကစပြီး အကျိုးပေးခွင့်ရတဲ့ဘဝတိုင်းမှာ မကောင်းကျိုးပေးသွားပါတယ်။ ပြီးတော့ အားကြီးတဲ့ အကုသိုလ်ကံ တစ်ခုစီက အပါယ်ဘဝတစ်ခုစီ ဖြစ်စေနိုင်တယ်။ ဒါကြောင့် ကြက်တစ်ကောင်သတ်တဲ့အတွက် ငရဲကျပြီး တိရစ္ဆာန်ဘဝတွေ အကြိမ်များစွာဖြစ်ကာ သူ ကြက်သတ်ခဲ့တဲ့နည်းတူ ပြန်လည်အသတ်ခံရဖို့ အလားအလာရှိတယ်။

ကုသိုလ်ကံတို့ကလည်း ယခုဘဝကစပြီး ဘဝများစွာမှာ ကောင်းကျိုး ချမ်းသာပေးသွားတယ်။ အားကြီးတဲ့ ကုသိုလ်ကံတစ်ခုစီက သုဂတိဘဝလို့ ခေါ်တဲ့ လူ့ဘဝ သို့မဟုတ် နတ်ဘဝတစ်ခုကို ဖြစ်စေနိုင်တယ်။ ဒါကြောင့် ဘုရားတစ်ကြိမ် ကြည်ညိုစွာရှိခိုးလို့ ဖြစ်ပေါ်လာတဲ့ ကုသိုလ်ကံ ကုဋေသိန်းများစွာတို့ဟာ သုဂတိဘဝပေါင်းများစွာကို ဖြစ်စေနိုင်တယ်။

ဒါကြောင့် ကောင်းမှု, မကောင်းမှုတို့ဟာ အပြန်ကုဋေကုဋာကောင်းကျိုး, ဆိုးကျိုးပေးနိုင်ကြတဲ့အတွက် အကုသိုလ်ကံတို့က အလွန်ကြောက်စရာကောင်းပြီး ကုသိုလ်ကံတို့က အလွန်အားကိုးရပါတယ်။

## ၆ အလွန်အားကြီးတဲ့ ကမ္မနိယာမ

ကံဆိုတာ တန်ခိုးအကြီးဆုံးဖြစ်တဲ့စိတ်ရဲ့ စွမ်းရည်သတ္တိတစ်ရပ်ပါပဲ။ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့မှ ကုသိုလ်ကံ, အကုသိုလ်ကံများ ဖြစ်ပေါ်လာကြပြီး ဒီကံတို့က စိတ်တစ်လုံးမှ တစ်လုံးသို့ ကူးသန်းသွားခြင်းဖြင့် စိတ်အစဉ်မှာ လိုက်ပါသွားကြတယ်။ ဒီဘဝသေဆုံးတော့မယ့်အချိန်မှာ

စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကံကုဋေသိန်းပေါင်းများစွာတို့က ဘဝသစ် စိမံဖို့ အကျိုးပေးခွင့်ရအောင် ပြိုင်ကြတယ်။ အကျိုးပေးခွင့်ရတဲ့ ကံက ဒီဘဝသေဆုံးတဲ့အခါ ဖြစ်သင့်တဲ့ ဘုံဌာနမှာ ရုပ်နာမ်အသစ် ဖြစ်စေခြင်း ဖြင့် ဘဝသစ်ကို ဖြစ်စေပါတယ်။

အဲသလို ဘဝကူးပြောင်းတဲ့အချိန်မှာ ယခုဘဝစုတိစိတ် ချုပ်တာနဲ့ တစ်ပြိုင်နက် နောက်ဘဝပဋိသန္ဓေစိတ်ဖြစ်ပါတယ်။ စိတ်အစဉ်မပြတ်ဘဲ ကမ္မပစ္စယသတ္တိ, အနန္တရသတ္တိ, သမနန္တရသတ္တိစတဲ့ ပဋ္ဌာန်းသတ္တိတို့ဖြင့် ကူးဆက်သွားတဲ့အတွက် ဘဝဟောင်းရဲ့ စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကံများနှင့် အခြားသတ္တိ အားလုံးက ဘဝသစ်စိတ်အစဉ်သို့ လိုက်ပါသွားကြ တယ်။ ဒါကြောင့် လူ့ဘဝ ပြန်ဖြစ်ရင် သူ့ရဲ့ဉာဏ်ရည်၊ ပင်ကိုစရိုက်၊ စိတ်နေ သဘောထားစသည်တို့ဟာ ယခင် လူရဲ့အရည်အသွေးများနှင့် အနည်း အများဆိုသလို တူညီလိမ့်မယ်။ ဒီလိုပဲ တစ်ဘဝပြီးတစ်ဘဝ စိတ်အစဉ်မှာ ကံတို့ လိုက်ပါကြတယ်။

အကျိုးပေးခွင့်ရတဲ့အချိန်မှာ အကျိုးပေးကြတယ်။ အကျိုးပေးပုံက-

*သဒိသံ ပါကံ ဒေနေတိ၊*

အကြောင်းကံနှင့်တူတဲ့ အကျိုးကို ဖြစ်စေတယ်။

*ယာဒိသံ ဝပ္ပတေဗီဇံ တာဒိသံ ဟရတေဖလံ၊*

အကြင်သို့သော မျိုးစေ့ကိုစိုက်ရင် ဆီလျော်တဲ့အသီးကို သုံးဆောင် ရတယ်။

*ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ၊*

အကောင်းအမွန်ပြုလုပ်လေ့ရှိသူဟာ အကောင်းအမွန်ကို ရတယ်။

မကောင်းမှုပြုလုပ်လေ့ရှိသူဟာ မကောင်းကျိုးကို ရတယ်။

သတ္တဝါအားလုံးဟာ မိမိတို့ပြုလုပ်ထားကြတဲ့ ကံများစီမံပေးတဲ့ အတိုင်း ဖြစ်ကြရတယ်။ ပြုလုပ်ထားကြတဲ့ ကံများ မတူကြလို့ ဘဝကံ ကြမ္မာတွေ ကွဲပြားကြတယ်။

ကံတို့ရဲ့ ဖြစ်မြဲသဘော, အကျိုးပေးမြဲသဘောတို့ကို 'ကမ္မနိယာမ' လို့ ခေါ်တယ်။ ကမ္မနိယာမဖြင့် သတ္တဝါများ အမျိုးမျိုးအဖုံဖုံဖြစ်နေကြရတဲ့ ဘဝပြဿနာများကို အကြောင်းအကျိုးညီညွတ်စွာ ဖြေရှင်းနိုင်ပါတယ်။

ကမ္မနိယာမက ဘယ်အနန္တတန်ခိုးရှင်ရဲ့ ထိန်းချုပ်မှုမှမပါဘဲ မိမိရဲ့ နယ်ပယ်မှာ လွတ်လပ်စွာ အလုပ်နေတဲ့ သဘာဝနိယာမတစ်ခုဖြစ်ပါတယ်။ မျက်နှာကြီးငယ်မလိုက်ဘဲ ဖြစ်သင့်တဲ့အတိုင်း ဖြစ်စေပါတယ်။ ကံက ရင့်ကျက်လို့ အကျိုးပေးခွင့်ရလာတဲ့အခါမှာလည်း ဘယ်သူမှ မတားနိုင်အောင် အကျိုးပေးတယ်။

လက်ဝဲရံတန်ခိုးဧတဒဂ်ရှင် အရှင်မဟာမောဂ္ဂလာန် က အတိတ်တစ်ဘဝမှာ မယားရဲ့စကားကို လိုက်မှားမိပြီး မျက်စိကန်းနေကြတဲ့ မိဘနှစ်ပါးကို တောထဲခေါ်သွားကာ ရိုက်သတ်ခဲ့တဲ့ အကုသိုလ်ကံ အကျိုးဆက်ကြောင့် ခိုးသားငါးရာတို့ရဲ့ အရိုးကျေညက်အောင် ရိုက်နှက်ခြင်းကို ခံရပြီးတော့ ပရိနိဗ္ဗာန်စံရပါတယ်။

## ၇ ဘဝကံကြမ္မာကို လိုရာဖန်တီးနိုင်တယ်

ရုပ်ပိုင်းမှာ စွမ်းအားအကြီးဆုံးဖြစ်တဲ့ အဏုမြူစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ်သို့ ပြောင်းလဲပြီး တိုင်းသူပြည်သားတို့ရဲ့ အကျိုးစီးပွားအတွက် အသုံးချနိုင်တယ်၊ သို့မဟုတ် အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးများကို ပြုလုပ်ပြီး တိုင်းနိုင်ငံများကို ဖျက်ဆီးနိုင်တယ်၊ ကောင်းကျိုးအတွက် အသုံးပြုမလား၊ ဆိုးကျိုးအတွက် အသုံးပြုမလား၊ လူသားတို့အတွက် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိပါတယ်။

အလားတူပဲ နာမ်ပိုင်းဆိုင်ရာ အလွန်စွမ်းအားကြီးမားတဲ့ ကမ္မနိယာမကို လူသားတစ်ဦးစီက မိမိရဲ့ကောင်းကျိုးအတွက် သို့မဟုတ် ဆိုးကျိုးအတွက် လွတ်လပ်စွာ ရွေးချယ်ပြီး အသုံးပြုခွင့်ရှိတယ်။ မိမိရဲ့ဘဝကံကြမ္မာကို မိမိစိတ်ကြိုက်လွတ်လွတ်လပ်လပ် တရားမျှတစွာ ဖန်တီးနိုင်ခွင့်ရှိတယ်။ ကမ္မနိယာမက မျက်နှာမလိုက်ဘဲ တရားမျှတစွာ ကောင်းကျိုးဆိုးကျိုး

ပေးမှာဖြစ်ပါတယ်။

မိမိရရှိထားတဲ့ ဘဝအခြေအနေကို မိမိစိတ်ကြိုက် ဖန်တီးခဲ့တာဖြစ်လို့ ဘယ်သူ့ကိုမှ အပြစ်ဖို့စရာမလိုဘူး။ အပြစ်တင်စရာရှိရင် မိမိကိုသာ အပြစ်တင်ပါ၊ ချီးမွမ်းစရာရှိရင်လည်း မိမိကိုသာ ချီးမွမ်းပါ။

ကမ္ဘာကျော်အင်္ဂလိပ်ပြဇာတ်ရေးဆရာ ရှိတ်စပီးယား(William Shakespere, 1564-1616) က *"I am the captain of my soul and the master of my fate."* *"ကျွန်ုပ်ဟာ ကျွန်ုပ်ဝိညာဉ်ရဲ့ မာလိန်မှူးဖြစ်ပြီး ကျွန်ုပ် ကံကြမ္မာရဲ့ အရှင်သခင်ဖြစ်တယ်"*လို့ ရေးပါတယ်။

ကမ္မနိယာမအရ *"I am the captain of my mind and the creator of my fate"* *"ကျွန်ုပ်ဟာ ကျွန်ုပ်စိတ်ရဲ့ မာလိန်မှူးဖြစ်ပြီး ကျွန်ုပ်ဘဝကံကြမ္မာရဲ့ ဖန်တီးရှင်ဖြစ်ပါတယ်"*လို့ ပြောနိုင်ပါတယ်။

မိမိတို့ အလိုရှိတဲ့ ဘဝကြမ္မာကို မိမိတို့ ဖန်တီးယူကြပါ။ ဒီစာအုပ်မှာ စံနမူနာတွေ နည်းလမ်းတွေ ဖော်ပြထားပါတယ်။ ကမ္မနိယာမကို ဤစာအုပ်မှာ တိတိကျကျ ပြည့်ပြည့်စုံစုံ ရှင်းလင်းဖော်ပြထားပါတယ်။

ကံ-ကံ၏အကျိုးကိုနှင့် ကမ္မနိယာမတို့ကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံနားလည်ရင် 'သမ္မာဒိဋ္ဌိ-မှန်ကန်တဲ့အယူ'ရှိသူဖြစ်လာမယ်။ ကံ-ကံ၏အကျိုးနှင့် ကမ္မနိယာမတို့ကို မသိနားမလည်ဘဲ ပစ်ပယ်ထားရင် ဒါမှမဟုတ် မယုံကြည်ရင် 'မိစ္ဆာဒိဋ္ဌိ-မှားယွင်းတဲ့အယူ'ရှိသူဖြစ်သွားလိမ့်မယ်။

သမ္မာဒိဋ္ဌိ-အယူမှန်က မဖြစ်သေးတဲ့ ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေတယ်၊ ဖြစ်ပြီးတဲ့ ကုသိုလ်တရားတို့ကို တိုးပွားစေတယ်၊ သေလွန်တဲ့အခါ သုဂတိဘဝကို ရစေတယ်။ သမ္မာဒိဋ္ဌိလောက် ကုသိုလ်တရားတို့ကို ဖြစ်ပေါ်တိုးပွား စေပြီးတော့ သုဂတိဘဝသို့ ပို့ဆောင်ပေးနိုင်တဲ့ အခြားတရားတစ်ပါးဆိုတာ မရှိဘူး။

မိစ္ဆာဒိဋ္ဌိ-အယူမှားက မဖြစ်သေးတဲ့ အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေတယ်၊ ဖြစ်ပေါ်ပြီးတဲ့ အကုသိုလ်တရားတို့ကို တိုးပွားစေတယ်၊

သေလွန်တဲ့အခါမှာ အပါယ်ဘဝကို ရစေတယ်။ မိစ္ဆာဒိဋ္ဌိလောက် အကုသိုလ် တရားတို့ကို ဖြစ်ပေါ်, တိုးပွားစေပြီးတော့ ဒုဂ္ဂတိဘဝသို့ ပို့ဆောင်ပေးနိုင် တဲ့ အခြားတရားတစ်ပါးဆိုတာ မရှိဘူး။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းဟာ ကံ-ကံရဲ့အကျိုးနှင့် ကမ္မနိယာမ တို့ကို သိနားလည်ထားဖို့ အထူးအရေးကြီးပါတယ်။ အထူးအရေးကြီးတဲ့ အတွက် ပြည်တွင်းပြည်ပတရားပွဲများစွာမှာ "ဘဝဖန်တီးရှင်ကံတရား" ခေါင်းစဉ်ဖြင့် ကျွန်တော်အကြိမ်ကြိမ် တရားဟောခဲ့ပါတယ်။ မြန်မာဘာသာ ဖြင့်ရော အင်္ဂလိပ်ဘာသာဖြင့်ပါ ဟောပြောခဲ့ပါတယ်။

တရားနာကြရတဲ့ ပရိသတ်အပေါင်းတို့ကလည်း အလွန်နှစ်သောင်း အားရကြပြီး အချို့က စာအုပ်ရေးသားပါရန် တိုက်တွန်းကြပါတယ်။ မြန်မာ ပြည်သူနှင့် ကမ္ဘာ့ပြည်သူတို့ ကောင်းကျိုးချမ်းသာ ရစေခြင်း အကျိုးငှာ "ဘဝဖန်တီးရှင်-ကံတရား"စာအုပ်ကို မြန်မာဘာသာဖြင့် လည်းကောင်း၊ "Kamma, the Real Creator" စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ကျမ်းဂန်အထောက်အထားများနှင့် အထူးပြည့်စုံအောင် ဒဿနိကရှုထောင့်၊ စိတ်ပညာရှုထောင့်၊ သိပ္ပံပညာ ရှုထောင့်၊ ရှုထောင့်စုံမှ ရေးသား တင်ဆက်လိုက်ပါတယ်။ ဤစာအုပ် နှစ်အုပ်ကို ယှဉ်ဖတ်နိုင်ရင် အသိ အမြင် ရှင်းပြီး အလွန်အကျိုးများပါ လိမ့်မယ်။

သမ္မာဒိဋ္ဌိအယူမှန်ကို ဘဝမီးရှူးတန်ဆောင်အဖြစ် ခံယူပြီး အပါယ် ကျရောက်စေမယ့် ခရီးလမ်းကို ရှောင်တိမ်းကာ ဘေးရန်အန္တရာယ် ကင်းရှင်း တဲ့ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိစေမယ့် "မဂ္ဂင်"လမ်းမကြီး အတိုင်း ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ကြပါစေ။

ဒေါက်တာမင်းတင်မွန်

# ၁

# ဘဝဟူသည်မှာ

## ၁ ဘဝဆိုတာ ဘာလဲ

သတ္တဝါတစ်ဦးရဲ့ ဘဝတစ်ခုဆိုတာ မွေးဖွားတဲ့အချိန်မှ သေဆုံးတဲ့အချိန်အထိ ထိုသတ္တဝါရဲ့ နေထိုင်လုပ်ကိုင်တွေ့ကြုံခံစားခဲ့ခြင်းများရဲ့ အပေါင်းအစုဖြစ်တယ်လို့ သာမန်အားဖြင့် ဆိုနိုင်တယ်။


အချို့က စကားလုံးလှလှနဲ့ လွယ်လွယ်ကောက်ချက်ချလိုက်တယ်- “ဘဝတစ်ခုဆိုတာ ပုခက်နှင့် အခေါင်းအကြား အသက်ရှင်နေတဲ့ အခြေအနေပဲပေါ့” တဲ့။

ဗုဒ္ဓအဘိဓမ္မာရှုထောင့်မှ ပြောရင် ဘဝတစ်ခုဟာ မိခင်ရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေ စတည်တဲ့ ကလေးရဲ့ အတိတ်ကံတစ်ခုက ဖြစ်စေတဲ့ ပဋိသန္ဓေစိတ်၊ ယှဉ်ဖက်စေသိက်များနှင့် ကမ္မဇရုပ်တို့ဖြစ်ပေါ်ခြင်းနှင့် စတင်ပါတယ်။ ကမ္မဇရုပ်က အလွန်သေးငယ်တဲ့ ကလလအရည်ကြည်အဖြစ်နှင့် ဖခင်ရဲ့သုက်သွေး စပမ်း(ဈနမာ) နှင့် ပေါင်းစပ်ထားတဲ့ မိခင်ရဲ့အမမျိုးဥ အိုဗမ်(သလကာ)မှာ ဖြစ်ပေါ်တယ်။ မိဘတို့ရဲ့ အိုဗမ်နှင့် စပမ်းတို့က ကလေးသန္ဓေတည်နိုင်အောင် အထောက်အကူပြုကြတယ်။ ကလလ ရည်ကြည်က မျိုးစေ့နှင့် တူတယ်၊ အိုဗမ်နှင့် စပမ်းတို့က စိုထိုင်းတဲ့မြေကြီး နှင့် တူတယ်၊ အကျိုးပေးတဲ့ကံက လယ်သမားနှင့် တူပါတယ်။°

ဒါကြောင့် ပဋိသန္ဓေတည်နေခြင်းဟာ ပဋိသန္ဓေစိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်တို့ရဲ့ ဖြစ်ပေါ်ခြင်းနှင့် စတင်ပါတယ်။ ကလေး ပဋိသန္ဓေတည်အောင် အကျိုးပေးလိုက်တဲ့ကံက မိမိရဲ့ အကျိုးဖြစ်တဲ့ ဝိပါက်စိတ်နှင့် ယှဉ်ဖက်စေတသိက်များကို ကံစွမ်းအားကုန်လို့ သေဆုံးတဲ့ အထိ စိတ္တက္ခဏတိုင်း ဖြစ်စေပါတယ်။ စိတ္တက္ခဏ ဆိုတာက စိတ်တစ်လုံးရဲ့ သက်တမ်းပါ၊ စိတ်တစ်လုံးရဲ့ ဖြစ်ဆဲခဏ, တည်ဆဲခဏ, ပျက်ဆဲခဏဆိုတဲ့ ခဏငယ် သုံးချက်နှင့် တူပါတယ်။ စိတ်တို့က စိတ်တစ်လုံး ဖြစ်-တည်-ပျက်ပြီးမှ နောက်စိတ်တစ်လုံး ဖြစ်-တည်-ပျက် သွားပါတယ်။ အဆက်မပြတ် တစ်ဆက်တည်း အစဉ်အတန်းအဖြစ် ဖြစ်ပျက်သွားပါတယ်။

ပထမဆုံးဖြစ်တဲ့ ကံရဲ့ ဝိပါက်စိတ်ကို "ပဋိသန္ဓေစိတ်" လို့ ခေါ်ပါတယ်။ နောက်ဆက်ဖြစ်သွားကြတဲ့ ဝိပါက်စိတ်များကို "ဘဝင်စိတ်အစဉ်" လို့ ခေါ်ပါတယ်။ တစ်ဘဝမှာ နောက်ဆုံးဖြစ်တဲ့ ဝိပါက်စိတ်ကို "စုတိစိတ်" (သေစိတ်)လို့ ခေါ်ပါတယ်။ စုတိစိတ်ပြီးရင် ကံအစွမ်းကုန်ပြီဖြစ်လို့ သတ္တဝါ သေတယ်။ ဒါပေမယ့် နောက်ကံတစ်ခုက အကျိုးပေးခွင့်ရမှာမို့ ယင်းကံသစ်က ဘဝသစ်ကို အလားတူဖြစ်ပေါ်စေလိမ့်မယ်။

ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တို့က ပဋိသန္ဓေစိတ်ဖြစ်တဲ့အချိန်မှ စတင်ပြီး ခဏမစဲ ဖြစ်သွားလိမ့်မယ်။ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တို့က ပထမဘဝင်စိတ်ဖြစ်တဲ့အချိန်ကစတင်ပြီး နောက်စိတ်တွေ ဥပါဒ်တိုင်း(စဖြစ်တိုင်း) တစ်သက်လုံး ဖြစ်သွားလိမ့်မယ်။ တစ်ဖန် မိခင်စားမျိုတဲ့ အာဟာရဓာတ် အထောက်အပံ့ကို ရရှိတဲ့အချိန်ကစပြီး အာဟာရကြောင့်ဖြစ်တဲ့ အာဟာရ




တစ်ဘဝပြီးတစ်ဘဝ နာမ်ရုပ်များဖြစ်ပျက်ပြီး ကူးဆက်သွားပုံ

ဇရုပ်တို့ကလည်း ခဏမစဲဘဲ တစ်သက်လုံး ဖြစ်သွားလိမ့်မယ်။

ရုပ်တို့က ရုပ် ၈-ခု၊ ၉-ခု၊ ၁၀-ခု စသည်ပေါင်းစုပြီး ရုပ်ကလာပ်များအနေခြင့် ဖြစ်ပေါ်ကြပါတယ်။ ရုပ်ကလာပ်တိုင်းမှာ ဥတုခေါ်တဲ့ တေဇောဓာတ်ပါပါတယ်။ ဒီတေဇောဓာတ်ကလည်း မိမိဖြစ်ပြီး ခဏငယ်တစ်ချက်ကြာရင် ဌီအခြေ(တည်နေတဲ့အခြေ)သို့ ရောက်တယ်၊ အဲဒီအခါက စပြီး ခဏမစဲဘဲ ဥတုဇရုပ်တွေကို ဖြစ်စေလိမ့်မယ်။ ရုပ်ကလာပ်တစ်ခုစီဟာ ယေဘုယျအားဖြင့် စိတ္တက္ခဏ ၁၇ ချက်အသက်ရှည်ကြတယ်။

ဒါကြောင့် ရုပ်အမျိုးမျိုးတွေ ဖြစ်ပွားခြင်းဖြင့် ကလေးငယ်ဟာ ကြီးထွားလာပြီး ရက်လစေ့တဲ့အခါ မွေးဖွားတယ်၊ မွေးဖွားပြီးတော့လည်း ရုပ်ကလာပ်တွေ ဆက်လက်ဖြစ်ပျက်သွားခြင်းဖြင့် အရွယ်ရောက်တဲ့ ကိုယ်ခန္ဓာအထိ ကြီးထွားသွားပါတယ်။ စုတိစိတ်ချုပ်လို့ သေလွန်ချိန်မှာ ကမ္မဇရုပ်တွေ ချုပ်ကြတယ်။ စိတ္တဇရုပ်နှင့် အာဟာရဇရုပ်တို့ကလည်း မရှေးမနှောင်းဘဲ အကုန်ချုပ်ကြတယ်။ ဥတုဇရုပ်တစ်မျိုးပဲ အလောင်းကောင်အဖြစ်ကျန်ရစ်တယ်။

*သို့အတွက် ပဋိသန္ဓေစိတ်ဥပါဒ်တဲ့အချိန်မှ စုတိစိတ်ချုပ်သွားတဲ့အချိန်အထိ နာမ်ရုပ်များ ဖြစ်ပျက်သွားကြတဲ့ အစဉ်အတန်းတစ်ခုကို တစ်ဘဝလို့ သတ်မှတ်ပါတယ်။*

အကုသိုလ်ကံတစ်ခု အကျိုးပေးတဲ့အခါ အပါယ်ဘုံလို့ ခေါ်တဲ့ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲဆိုတဲ့လေးဘုံအနက် တစ်ဘုံဘုံမှာ ဘဝ တစ်ဘဝဖြစ်ပါတယ်။

ကာမာဝစရ ကုသိုလ်ကံတစ်ခုက ဇနကကံအဖြစ် အကျိုးပေးတဲ့အခါ ကာမသုဂတိဘုံလို့ ခေါ်တဲ့ လူ့ဘုံ သို့မဟုတ် နတ်ဘုံမှာ ဘဝသစ်တစ်ဘဝ ဖြစ်တယ်။

ရူပါဝစရကုသိုလ်ကံဆိုတဲ့ ရူပဈာန်ကုသိုလ်ကံတစ်ခုက အကျိုးပေးခွင့်ရတဲ့အခါ ရူပဘုံမှာ ရူပပြဟ္မာဘဝတစ်ဘဝဖြစ်တယ်။

အရူပါဝစရကုသိုလ်ကံဆိုတဲ့ အရူပဈာန်ကုသိုလ်ကံတစ်ခု အကျိုးပေးခွင့်ရတဲ့အခါ အရူပဘုံမှာ အရူပဗြဟ္မာဘဝတစ်ဘဝဖြစ်တယ်။

## ၂ ဘဝအမျိုးမျိုး ကွဲပြားပုံ

မူလပဏ္ဏာသ မဟာဝေဒလ္လသုတ်မှာ အရှင်မဟာကောဋ္ဌိကက အရှင်သာရိပုတ္တရာကို မေးတယ်-

"ငါ့ရှင် ဘဝဆိုတာ ဘာလဲ"တဲ့။

"ငါ့ရှင် ဘဝဆိုတာ *ကာမဘဝ*, *ရူပဘဝ*, *အရူပဘဝ*, ဤသုံးပါးတို့ပါပဲ"လို့ အရှင်သာရိပုတ္တရာ ဖြေပါတယ်။

"*ကာမဘဝ*" ဆိုတာ ကာမဂုဏ်ခံစားတဲ့ ကာမဘုံမှာ ဖြစ်တဲ့ဘဝကို ဆိုလိုတယ်။ ကာမဘုံမှာ အပါယ်လေးဘုံရယ်၊ လူ့ဘုံရယ်၊ နတ်ပြည်ခြောက် ထပ်ရယ်၊ ပေါင်း ၁၁-ဘုံ ပါဝင်တယ်။ ဒါကြောင့် ကာမဘဝထဲမှာ တိရစ္ဆာန် ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝ၊ ငရဲသားဘဝ၊ လူ့ဘဝ၊ နတ်ဘဝတို့ ပါဝင်ကြပါတယ်။

"*ရူပဘဝ*" ဆိုတာ ရူပဘုံမှာဖြစ်တဲ့ဘဝကို ဆိုလိုတယ်။ ရူပဘုံက ၁၆-ဘုံရှိတယ်။ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံစသည်ဖြင့် အမည်ပေးတယ်။ ဤဘုံများအနက်က အသညသတ်ဘုံက ဗြဟ္မာတို့ဟာ ရုပ်ချည်းရှိပြီး နာမ်မရှိဘူး၊ ကျန် ရူပ ၁၅ ဘုံက ဗြဟ္မာတွေမှာ ရုပ်ရော နာမ်ရော ရှိကြတယ်။ ဗြဟ္မာတို့က ကာမဂုဏ်မခံစားဘဲ ဈာန်ချမ်းသာနဲ့ပဲ မွေ့လျော်ကြတယ်။

"*အရူပဘဝ*" ဆိုတာ အရူပဘုံမှာ ဖြစ်တဲ့ဘဝကို ဆိုလိုတယ်။ အရူပဘုံက လေးဘုံရှိတယ်၊ အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံလို့ အမည်ပေးတယ်။ အရူပဗြဟ္မာတို့က ရုပ်မရှိဘဲ နာမ်သာ ရှိကြတယ်။

ဘဝတွေဟာ ဘုံအားဖြင့် အမျိုးမျိုးကွဲပြားနေရုံ မကဘူး၊ လူ့ဘဝ

တစ်မျိုးမှာတင်ပဲ အရွယ်အားဖြင့် ကလေးဘ၀၊ လူငယ်ဘ၀၊ အပျို လူပျို ဘ၀၊ လူကြီးဘ၀၊ သက်ကြီးရွယ်အိုဘ၀ စသည်ဖြင့် ပိုင်းခြားသတ်မှတ်ကြ သေးတယ်။

တစ်ဖန် အလုပ်အကိုင်ကို လိုက်ပြီးတော့ လယ်သမားဘ၀၊ တောင်သူ ဘ၀၊ ကျောင်းဆရာဘ၀၊ ရုံးစာရေးဘ၀၊ အရာရှိဘ၀၊ မင်းကြီးဘ၀၊ ကုန် သည်ဘ၀၊ စစ်သားဘ၀စသည်ဖြင့် ခွဲခြားကြသေးတယ်။

တစ်ဖန် လူတွေဟာ ရုပ်ရည်၊ ဓနဥစ္စာ၊ ဉာဏ်ပညာ၊ ကျန်းမာရေး၊ သက်တမ်း၊ လူမှုရေးအဆင့်အတန်းအားဖြင့်လည်း ကွဲပြားကြတယ်။ ကမ္ဘာ ပေါ်မှာ လူဦးရေ သန်းပေါင်း ၆၅၀၀ ကျော်ရှိတာ ဘယ်လူသား နှစ်ယောက် မှ ချွတ်စွပ် မတူကြဘူး။ ရုပ်ရည်အားဖြင့် ကွဲပြားတယ်၊ သက်တမ်းအားဖြင့် ကွာခြားတယ်၊ ဓနဥစ္စာ, ဉာဏ်ပညာတို့မှာလည်း ကွာခြားကြတယ်၊ ကျန်း မာရေးအခြေအနေနှင့် လူမှုရေးအဆင့်အတန်းတို့မှာလည်း မတူညီကြဘူး။

အချို့က တိုက်ကြီးတာကြီး စည်းစိမ်ဥစ္စာတွေအလယ်မှာ ကြီးပြင်း လာကြပြီး ဉာဏ်ပညာထက်မြက်ကြတယ်၊ ကျန်းမာသန်စွမ်းကြတယ်။ အချို့ကတော့ တဲစုတ်အိမ်စုတ်မှာ ဆင်းရဲနွမ်းပါးစွာ ကြီးပြင်းလာကြပြီး ဉာဏ်ပညာ, ဗဟုသုတနည်းပါးကြတယ်၊ ကျန်းမာရေးလည်း ညံ့ဖျင်းကြ တယ်။

အချို့က ဘီလျံနာအဖြစ် မွေးဖွားလာပြီး အချို့က သူတောင်းစား အဖြစ် မွေးဖွားလာကြတယ်။ အချို့က ရုပ်ရည်ချောမောလှပပြီး အချို့က အကျည်းတန်အရုပ်ဆိုးတယ်။ အချို့က ကိုယ်အင်္ဂါစုံလင်ပြီး အချို့က ကိုယ် အင်္ဂါမစုံဘဲ မျက်စိကန်းသူ, နားပင်းသူ, ခြေခွင်သူ စသည်တို့ ဖြစ်ကြတယ်။ အချို့က အနာရောဂါနည်းပါးပြီး အချို့ကတော့ နာတာရှည်ရောဂါသည် များ ဖြစ်ကြတယ်။ အချို့က စာပေ၊ အနုပညာ၊ ဂီတ၊ အဆိုအက၊ အား ကစား တစ်မျိုးမျိုးမှာ ထူးချွန်ကြပြီး အချို့ကတော့ ဘယ်မှာမှ မထူးချွန် ဘူး။

ဒီလိုဘဝအထွေထွေ ဘဝကံကြမ္မာတွေ အမျိုးမျိုး ကွဲပြားနေအောင် ဘယ်သူက ဖန်တီးထားတာလဲ။ ဘာအကြောင်းမှ မရှိဘဲ သူ့အလိုလို ဖြစ်နေကြတာလား၊ အနန္တတန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းထားတာလား၊ အခြားအကြောင်းတရားတစ်ပါးပါးကြောင့်လား။

## ၃ ဘဝအမျိုးမျိုးကို ဘယ်သူဖန်တီးသလဲ

ဘာအကြောင်းမှ မရှိဘဲ ဘဝအမျိုးမျိုး ကွဲပြားနေတယ်လို့ ယူဆတဲ့ အယူဝါဒကို "အဟေတုကဒိဋ္ဌိ" လို့ ခေါ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်လာကြတယ်လို့ ယူဆတဲ့ အယူမှား ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ဖြစ်ပျက်နေကြတဲ့ အရာအားလုံးဟာ အကြောင်းရှိလို့ ဖြစ်လာကြတာပဲ။ ဒီအကြောင်းတွေကို ကိုယ်က မသိတဲ့အတွက် ဘာအကြောင်းမှ မရှိဘဲ အလိုလို ဖြစ်လာတယ်လို့ ယူဆလို့မရပါဘူး။ ဘာအကြောင်းကြောင့် မိုးရွာတာကို မသိတော့ ဘာအကြောင်းမှ မရှိဘဲ မိုးရွာတယ်လို့ ယူဆရင် မှားသွားမှာပေါ့။

ယနေ့ ကမ္ဘာပေါ်မှာ ရှိကြတဲ့ လူတော်တော်များများက ကမ္ဘာမြေကြီးနှင့်တကွ သတ္တဝါအားလုံးကို အနန္တတန်ခိုးရှင်တစ်ဦးက ဖန်ဆင်းထားတယ်လို့ ယုံကြကြတယ်။ ဒီလိုယုံကြည်ခြင်းဟာ ဘာသာတရားများရဲ့ သင်ကြားဟောပြောမှုကို အခြေခံပြီး ယုံကြည်ကြခြင်း ဖြစ်တယ်။

အနန္တတန်ခိုးရှိတဲ့ဖန်ဆင်းရှင်ကို ပါဠိလို 'ဣဿရ' *(Issara)* လို့ ခေါ်ပြီး သက္ကတဘာသာမှာ 'ဣသွာရ' *(I'svara)* လို့ ခေါ်တယ်။ ဒါကြောင့် အနန္တတန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းထားလို့ ဘဝအမျိုးမျိုး ကံကြမ္မာမျိုးစုံ ဖြစ်နေတယ်လို့ ယုံကြည်တဲ့ အယူဝါဒကို 'ဣဿရနိမ္မာနဝါဒ'လို့ ခေါ်ပါတယ်။

ဘာသာအယူဝါဒတို့ကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိလို့ မည်သူမဆို မိမိနှစ်သက်ရာအယူဝါဒကို လက်ခံယုံကြည်နိုင်ပါတယ်။ ဒါပေမယ့် မိမိယုံကြည်လက်ခံတဲ့ အယူဝါဒဟာ တကယ်မှန်မမှန်၊ အကျိုး

ပြုမပြု မြင့်မြတ်ချမ်းသာတဲ့ ဘဝကို တကယ်ပေးစွမ်းနိုင်မနိုင်စသည်တို့ကို လေ့လာစောကြောပြီး အကြောင်းအကျိုးယုတ္တိတန်မှ လက်ခံယုံကြည်သင့်ပါတယ်။ စဉ်းစားဖို့ အချက်အနည်းငယ် တင်ပြလိုပါတယ်။

အနန္တတန်ခိုးရှင်တစ်ဦးက ကမ္ဘာနှင့်သတ္တဝါအားလုံးကို ဖန်ဆင်းတယ် လို့ ဟောပြောကြတဲ့ ဘာသာတရားများက ကွဲပြားနေကြပြီး ၎င်းတို့ ဖော်ပြကြတဲ့ အနန္တတန်ခိုးရှင်များကလည်း မတူကြဘူး။ ဖန်ဆင်းရှင်က တစ်ဦးသာ ရှိနိုင်တာမို့ ဘယ်ဘုရားသခင်က ဖန်ဆင်းရှင် အစစ်ဖြစ်တယ် ဆိုတာကို စိစစ်ဖို့ လိုပါလိမ့်မယ်။

ပြီးတော့ အနန္တတန်ခိုးရှင်က အကန့်အသတ်မရှိ တန်ခိုးကြီးပြီး သူ့အလိုတော်ကျ အကုန်လုပ်နိုင်တယ်ဆိုရင် ကမ္ဘာကြီးမှာ လူကောင်းတွေသာ ရှိအောင် ဘေးအန္တရာယ်ကင်းတဲ့ တိရစ္ဆာန်များသာရှိအောင် ကောင်းတဲ့အရာများနှင့်သာ ပြည့်နှက်နေအောင် ဘာကြောင့် မဖန်တီးရတာလဲ၊ ဆိုးသွမ်းမိုက်မဲတဲ့ လူတွေ၊ အန္တရာယ်ရှိတဲ့ သားရဲတိရစ္ဆာန်တွေ၊ အဆိပ်အတောက်ပြင်းတဲ့ မြွေကင်းတွေ၊ ရောဂါပိုးတွေ၊ လေမုန်တိုင်းနှင့် ငလျင်တွေကို ဘာကြောင့် ဖန်တီးရတာလဲ။

ကမ္ဘာ့သိပ္ပံပညာရှင်အိုင်းစတိုင်း(Albert Einstein) က ဤသို့ မိန့်ဆိုပါတယ်။

> *"If this being (God) is omnipotent, then every occurrence, including every human action, every human thought, and every human feeling and aspiration is also his work; how is it possible to think of holding men responsible for their deeds and thoughts before such an Almighty Being."* [1]

*"အကယ်၍ ဒီပုဂ္ဂိုလ်(နတ်ဘုရား)ဟာ အကန့်အသတ်မရှိ တန်ခိုးကြီးတယ်ဆိုရင် လူသားတိုင်းရဲ့ ပြုလုပ်မှု, တွေးခေါ်မှု,*

ခံစားမှုနှင့် ရည်မှန်းချက်အားလုံးပါဝင်တဲ့ ဖြစ်ရပ်အားလုံးဟာလည်း သူ့ရဲ့အလုပ်သာ ဖြစ်ရမယ်၊ ဒီလိုအနန္တတန်ခိုးရှင်ရဲ့ ရှေ့မှောက်မှာ လူသားတို့ကို သူတို့ရဲ့ ပြုလုပ်မှုများနှင့် တွေးခေါ်မှုများအတွက် တာဝန်ရှိတယ်လို့ ယူဆဖို့ဟာ ဘယ်လို ဖြစ်ပါနိုင်တော့မလဲ" ။

*"In giving out punishments and rewards, He would to a certain extent be passing judgment on himself. How can this be combined with the goodness and righteousness ascribed to him?"* [1]

"မကောင်းမှုများအတွက် ဒဏ်ပေးခြင်းနှင့် ကောင်းမှုများအတွက် ဆုပေးခြင်းများ ပြုလုပ်တဲ့အခါ အနန္တတန်ခိုးရှင်ဟာ အတိုင်းအတာ တစ်ခုအထိ သူ့ကိုယ်သူတရားစီရင်ချက် ချမှတ်ရာရောက်တယ်။ ဒီအချက်ကို သူဟာ ကောင်းမြတ်ခြင်းနှင့် တရားမျှတမှန်ကန်ခြင်းတို့ရဲ့ အကြောင်းတရားဖြစ်တယ်ဆိုတဲ့ သတ်မှတ်ချက်နှင့် ဘယ်လိုပေါင်းစပ်ရမလဲ" ။

ကမ္ဘာ့ပညာရှင် ချားလ်စ်ဘရက်လတ်(Charles Bradlaugh) ကလည်း ဤသို့ မိန့်ဆိုပါတယ်-

*"The existence of evil is a terrible stumbling block to the Theist. Pain, misery, crime, poverty confront the advocate of eternal goodness, and challenge with unanswerable potency his declaration of Deity as all good, all-wise, and all-powerful."* [2]

"ကမ္ဘာနှင့် သတ္တဝါတို့ကို ဖန်ဆင်း, အုပ်စိုးတဲ့ အနန္တတန်ခိုးရှင်ကို ယုံကြည်သူတို့အဖို့ ကမ္ဘာမှာ မကောင်းမှုဒုစရိုက် ရှိခြင်းဟာ ကြောက်စရာ ကောင်းတဲ့ အတားအဆီး ခလုတ်

တံသင်းဖြစ်ပါတယ်။ နာကျင်မှု, ဆင်းရဲမှု, ရာဇဝတ်မှု, နွမ်းပါးမှုတို့ဟာ ထာဝရကောင်းခြင်းကို ထောက်ခံပြောဆိုတဲ့ သူ့အား ထိပ်တိုက်ရင်ဆိုင်နေတဲ့အပြင် ဖန်တီးရှင်နတ်ဘုရားဟာ အပြည့်အဝ ကောင်းမွန်တယ်၊ အပြည့်အဝ ဉာဏ်ပညာ ရှိတယ်၊ တန်ခိုးအကြီးဆုံး ဖြစ်တယ်ဆိုတဲ့ သူ့ရဲ့ ကြေညာဟောပြောချက်ကိုလည်း မဖြေရှင်းနိုင်တဲ့ စွမ်းအားဖြင့် စိန်ခေါ်လျက်ရှိပေတယ်"[၂]

ကမ္ဘာကျော်စာအုပ် *"The Buddha and His Teachings"* ကို ရေးသားခဲ့တဲ့ နာရဒမဟာထေရ် ဟာ ၎င်းစာအုပ်မှာ ဤသို့ ရေးသားခဲ့ပါတယ်။

*"Dogmatic writers of old authoritatively declared that God created man after his own image. Some modern thinkers state, on the contrary, that man created God after his own image. With the growth of civilization man's conception of God grows more and more refined. There is at present a tendency to substitute this personal God by an impersonal God..*

*"Voltaire states that God is the noblest creation of man."*[3]

*"ရှေးက တစ်ယူသန်ကြတဲ့ စာရေးသူများဟာ လူသားကို ဘုရားသခင်က သူနှင့် ပုံတူဖန်တီးခဲ့တယ်လို့ အခွင့်အာဏာရရှိတဲ့အနေဖြင့် ကြေညာခဲ့ကြတယ်။ ဆန့်ကျင်ဘက်အနေဖြင့် ယခုအခါမှာ ခေတ်သစ် တွေးခေါ်ရှင်များက ဘုရားသခင်ကို လူသားက သူနှင့် ပုံတူဖန်တီးခဲ့တယ်လို့ ပြောဆိုကြတယ်။ ယဉ်ကျေးမှုတိုးတက်လာတာနှင့်အမျှ လူသားရဲ့ ဘုရားသခင်*

*ဆိုင်ရာ အယူအဆဟာလည်း ပိုပိုပြီး တိုးတက် ကောင်းမွန်လာပါတယ်။ ယခုအခါမှာ ပုဂ္ဂိုလ်ဘုရားသခင်ကို ပုဂ္ဂိုလ်မဟုတ်တဲ့ ဘုရားသခင်နှင့် အစားထိုးဖို့ စိတ်တိမ်းညွတ်နေကြပါတယ်။*

*"ပြင်သစ်တွေးခေါ် ရှင်ကြီး ဗိုလတယ်က ဘုရားသခင်ဟာ လူသားရဲ့ အမွန်မြတ်ဆုံးဖန်တီးမှုဖြစ်တယ်" လို့ ပြောဆိုပါတယ်"* ၉

## ၄ သိပ္ပံပညာ၏တွေ့ရှိချက်

သဘာဝသိပ္ပံပညာအတွင်းမှာ ပါဝင်ကြတဲ့ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒ၊ ဇီဝဗေဒ စတဲ့ ဘာသာရပ်များမှာ သဘာဝဖြစ်ရပ်များ အားလုံးဟာ သဘာဝစွမ်းအားဖြင့်သာ ဖြစ်ပျက်နေကြတာကို တွေ့ရတယ်။ အနန္တတန်ခိုးရှင်, ဖန်ဆင်းရှင်တစ်ဦးဦးက ဖန်ဆင်းထားတဲ့ အထောက်အထားကို ဘာတစ်ခုမှ မတွေ့ရပါဘူး။

သိပ္ပံပညာရဲ့ အခြေခံနိယာမတစ်ခုက *"Matter and Energy can neither be created nor destroyed"* *"ဒြပ်နှင့် စွမ်းအင်တို့ကို ဖန်ဆင်းယူလို့မရ၊ ဖျက်ဆီးလို့လည်း မရ"*လို့ ဆိုထားပါတယ်။ *'The Law of Conservation of Matter and Energy' 'ဒြပ်နှင့် စွမ်းအင်တည်မြဲမှုနိယာမ'* လို့ ခေါ်ပါတယ်။

'ကမ္ဘာ့သိပ္ပံပညာကျော် အိုင်းစတိုင်းက ၁၉၀၅ ခုနှစ်မှာ ဒြပ်ထုမှ စွမ်းအင်၊ စွမ်းအင်မှ ဒြပ်ထုသို့ အပြန်အလှန်ကူးပြောင်းနိုင်ကြောင်းကို $E=mc^2$ ညီမျှခြင်းဖြင့် ဖော်ပြခဲ့ပါတယ်။ 'E' က စွမ်းအင်၊ 'm' က ဒြပ်ထု၊ 'c' က အလင်းအလျင်တို့ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒြပ်ထုနှင့် စွမ်းအင်တို့ဟာ အတူတူပဲလို့ ယူဆနိုင်တယ်။ ဒြပ်ထုကို စွမ်းအင်စုအဖြစ် မှတ်ယူနိုင်ပြီး ဒြပ်ထုကို ဖြိုခွဲလိုက်တဲ့အခါ စွမ်းအင်ထွက်လာတယ်။ အဏုမြူဗုံး, ဟိုက်ဒရိုဂျင်ဗုံးတို့ဟာ ဒီသဘောတရားကို အခြေခံပါတယ်။

ဘူမိဗေဒပညာရှင်တို့ရဲ့ လေ့လာချက်အရ ကမ္ဘာမြေကြီးရဲ့ သက်တမ်းဟာ နှစ်သန်းပေါင်း ၄၆၀၀ ရှိပြီလို့ သိရတယ်။ လွန်ခဲ့တဲ့ နှစ်သန်း ၄၆၀၀ က ကမ္ဘာရဲ့ အချို့အပိုင်းက အရည်ပျော်လျက် ရှိသေးတယ်။ အရည်ပျော်အောင် ပူပြင်းနေတဲ့ အခြေမှ တဖြည်းဖြည်း အေးလာလို့ လွန်ခဲ့တဲ့ နှစ်သန်း ၄၀၀၀ က ပထမသက်ရှိသတ္တဝါတွေ ပေါ်ပေါက်လာတယ်၊ ရိုးရှင်းတဲ့ ဘက်တီးရီးယားအဖြစ် စတင်ဖြစ်ပေါ်လာတာပါ။ လွန်ခဲ့တဲ့ နှစ်သန်း ၂၁၀၀ ကျမှ ဆဲလ်တစ်ခုရှိတဲ့ ရိုးရှင်းတဲ့ သတ္တဝါများ စ ပေါ်ပေါက် လာပါတယ်။

လွန်ခဲ့တဲ့ နှစ်သန်း ၁၃၀၀မှာတော့ ဆဲလ်များစွာနဲ့ ဖွဲ့စည်းထားတဲ့ အော်ဂဲနစ်ဇင်အဖြစ် ပင်လယ်ရေမှော်ဖြစ်ပေါ်လာတယ်။ နောက်နှစ်သန်း ၃၀၀ ကြာလာတဲ့အခါမှာ လိင်ဆက်ဆံခြင်းမှ မွေးဖွားလာတဲ့ သတ္တဝါများ ပေါ်ပေါက်လာပါတယ်။ လွန်ခဲ့တဲ့ နှစ်သန်း ၆၂၀ မှာ ကျောရိုးမဲ့တီကောင်လို သတ္တဝါများ ဖြစ်ပေါ်လာကြတယ်။ လွန်ခဲ့တဲ့ နှစ်သန်း ၅၁၀ မှာတော့ ကျောရိုးရှိတဲ့ သတ္တဝါတွေ ဖြစ်ပေါ်လာတယ်။

လွန်ခဲ့တဲ့နှစ်သန်း ၄၂၅ မှာ ကုန်းသတ္တဝါနှင့် မေးရိုးရှိတဲ့ ငါးတွေ စတင်ပေါ်ပေါက်လာပါတယ်။ နောက် နှစ်သန်း ၃၀ ကြာတဲ့အခါ သေးငယ်တဲ့ ပိုးမွှားတွေ၊ ကမျဉ်းကောင်တွေ၊ ပင့်ကူတွေ၊ ကင်းမြီးကောက်တွေ စသည်တို့ဖြစ်ပေါ်လာကြတယ်။ လွန်ခဲ့တဲ့နှစ်သန်း ၃၃၀မှာ အတောင်ပံရှိတဲ့ ပိုးမွှားတွေ ဖြစ်ပေါ်လာပြီးတော့ လွန်ခဲ့တဲ့နှစ်သန်း ၂၃၅ မှာတော့ ဒိုင်နိုဆောခေါ်တဲ့ ကုန်းသတ္တဝါကြီးတွေ ပေါ်ပေါက်လာကြတယ်။

လွန်ခဲ့တဲ့နှစ် ၁၁၄ သန်းမှာ ပထမနို့တိုက်တဲ့သတ္တဝါများ ဖြစ်ပေါ်လာကြတယ်။ လွန်ခဲ့တဲ့နှစ် သန်း ၄၀ မှာတော့ မျိုးသစ် နို့တိုက်သတ္တဝါ အမျိုးမျိုးနှင့် ငှက်အမျိုးမျိုးပေါ်ပေါက်လာကြပြီး ရှေးကျတဲ့ နို့တိုက်သတ္တဝါတွေ မျိုးသုဉ်းသွားကြတယ်။ လွန်ခဲ့တဲ့နှစ် ၂၀ သန်းမှာတော့ မျောက်သတ္တဝါများကနေ လူဝံတွေ ခွဲထွက်ဖြစ်ပေါ်လာကြတယ်လို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ နှစ် ၁ သန်း ၉သိန်းမှာ *ဟိုမိုအီရက်တတ်စ်(Homo erectus)* မတ်တတ်သွားတတ်တဲ့လူသား စတင်ပေါ်ပေါက်လာတယ်။ ပထမ အမဲလိုက်တတ်လာတယ်၊ နောက် နှစ် ၃သိန်းလောက်အကြာမှာ မီးမွှေးတတ်ပြီး မီးကို အသုံးပြုလာပါတယ်။ လွန်ခဲ့တဲ့ နှစ် ၆ သိန်းမှာ *ဟိုမိုစပိုင်ယန်း (Homo sapiens)* ခေါ် ခေတ်သစ်လူသားတို့ ဖြစ်ပေါ်လာကြတယ်။ လွန်ခဲ့တဲ့ နှစ် ၄ သိန်းမှာတော့ *ဟိုမိုစပိုင်ယန်း စပိုင်ယန်း (Homo sapiens sapines)* ခေါ် ပိုပြီး ခေတ်မီတဲ့ လူသားတို့ ဖြစ်ပေါ်လာကြတယ်။[၄]

အထက်ပါ ဘူမိဗေဒပညာရှင်များရဲ့ တွေ့ရှိချက်များဟာ အနန္တတန်ခိုးရှင် ဘုရားသခင်က လွန်ခဲ့တဲ့နှစ် ၆၀၀၀ ကျော်လောက်က ကမ္ဘာမြေကြီးကိုရော လူသားနှင့်တကွ အခြားသတ္တဝါများအားလုံးကိုရော ၇ ရက်အတွင်း ဖန်ဆင်းတယ်ဆိုတဲ့ ပြောဆိုချက်နှင့် သိသိသာသာ ကွာခြားနေပါတယ်။ ဒါကြောင့် အင်္ဂလိပ်သမိုင်းပညာရှင်ကြီး အိပ်ချ်၊ ဂျီ၊ ဝဲလ်စ် (H.G. Wells, 1866-1946) က ဒီလိုရေးသားခဲ့ပါတယ်-

*"When we study our Holy Book we are told that God created this world six thousand years ago. When we study geology, we can understand that it has taken billions of years for this earth to cool down and settle before life became posssible. Therefore, how can we believe what is written in our Holy Book ?"* [5]

*"ကျွန်ုပ်တို့ရဲ့ သမ္မာကျမ်းစာကို ကျွန်ုပ်တို့ လေ့လာတဲ့အခါ လွန်ခဲ့တဲ့ နှစ်ခြောက်ထောင်က ဒီကမ္ဘာကြီးကို ဘုရားသခင် ဖန်ဆင်းတယ်လို့ ဆိုပါတယ်။ ဘူမိဗေဒကို ကျွန်ုပ်တို့ လေ့လာတဲ့အခါ ဒီကမ္ဘာကြီးပေါ်မှာ သက်ရှိသတ္တဝါကြီးများ ဖြစ်ထွန်းလာနိုင်တဲ့ အခြေအနေမရောက်မီ ကမ္ဘာကြီး တဖြည်းဖြည်း အေးခဲလာပြီး အခြေတကျဖြစ်ဖို့အထိ နှစ် သန်းပေါင်းထောင်ပေါင်းများစွာ ကြာညောင်းခဲ့တာကို ကျွန်ုပ်တို့ သိနားလည်လာ*

*ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ရဲ့သမ္မာကျမ်းစာမှာ ရေးသားထားတာတွေကို ကျွန်ုပ်တို့ ဘယ်လို ယုံကြည်ကြရပါ့မလဲ”* [၁]


အင်္ဂလိပ်ပညာရှင် ချားလ်စ်ဒါဝင် (Charles Darwin, 1809-1882) လေ့လာသိရှိခဲ့ရတဲ့ “တစ်စတစ်စ ဆင့်ကဲပြောင်းလဲခြင်းသီအိုရီ” *(Theory of Evolution)* ကလည်း “ဖန်ဆင်းမှုသီအိုရီ” *(Theory of Creation)* ကို ချေဖျက်ရာ ရောက်ပါတယ်။ [၆]

မျိုးစိတ်တစ်ခုအတွင်းမှာ တစ်ကောင်ချင်း ပြောင်းလဲမှုဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင်အခြေအနေနှင့် အလိုက်လျောအညီထွေဆုံး ပြောင်းလဲနိုင်တဲ့ အကောင်များက သက်ရှင်ကျန်ရစ်ကာ မယှဉ်ပြိုင်နိုင်တဲ့အကောင်များက သေဆုံးသွားကြတယ်။ အသင့်တော်ဆုံး ပြောင်းလဲမှုအချို့က သားစဉ်မြေးဆက် ကူးသန်းသွားတယ်။ ဤသဘာဝရွေးချယ်မှုသဘောတရားကို ပြပြင်မှုအချို့ဖြင့် ကမ္ဘာ့သိပ္ပံပညာရှင်များအားလုံးနီးပါးက လက်ခံကြပါတယ်။ [၆]

ပြင်သစ်သိပ္ပံပညာရှင် လွှစ်ပတ်စချား(Louis Pasteur, 1822-1895) ရဲ့ သုတေသနပြုချက်အရ သက်ရှိမှသာ သက်ရှိသတ္တဝါပေါက်ပွားလာနိုင်တာကို တွေ့ရတယ်။ ဒါကြောင့် သိပ္ပံပညာရှင်တို့ဟာ “*သက်ရှိသတ္တဝါများအားလုံးက သက်ရှိသတ္တဝါများမှ ဆင်းသက်လာကြတယ်*” *“All life from life” (Omne vivum ex vivo)* ဆိုတဲ့မူကို လက်ခံကြပါတယ်။ ဒါကြောင့် မြေကြီးလက်တစ်ဆုပ်မှ ပထမလူသားကို ဖန်ဆင်းတယ်ဆိုတာကို ယုံကြည်ဖို့ ခက်ခဲသွားပါတယ်။

## စမ်းသပ်ဖန်ပြွန်ကလေးများ

မိခင်ရဲ့ ဝမ်းကြာတိုက်မှာ ကလေးပဋိသန္ဓေယူပြီး မွေးဖွားလာခြင်းကို လေ့လာတဲ့အခါ သိပ္ပံပညာရှင်တို့က သားသမီးမဖြစ်ထွန်းတဲ့ မောင်နှံတစ်စုံရဲ့ ဇနီးထံမှာ အမမျိုးဥ(ovum) တစ်ခုကို ဥအိမ်(ovary) မှ ထုတ်ယူပြီးတော့ စမ်းသပ်ဖန်ပြွန် (test tube) မှာ ထည့်တယ်။



ဘဝ၏လျှို့ဝှက်ချက် – အမဥ 'အိုဗမ်'ဝန်းကျင်တွင် 'စပမ်း'များ လူးလာတုံ့ခေါက်ကူးသန်းနေပုံ (ပုံကြီး)နှင့် စပမ်းတစ်ကောင်က အိုဗမ်ထဲသို့ ထိုးဖောက်ဝင်နေပုံ (ပုံသေး)

ထို့နောက် ခင်ပွန်းရဲ့သုက်(sperm) ကို ဖန်ပြွန်ထဲသို့ ထပ်ထည့်တယ်။ ပြီးတော့ အနုကြည့်မှန်ပြောင်းဖြင့် စောင့်ကြည့်နေတဲ့အခါ သုက်ပိုးများစွာတို့က အမမျိုးဥကို ဝိုင်းအုံပြီး ထိုးဖောက်ဝင်ဖို့ကြိုးစားတာ တွေ့ရတယ်။ သုက်ပိုးတစ်ကောင်က ထိုးဖောက်ဝင်သွားတာနဲ့တစ်ပြိုင်နက် အမမျိုးဥရဲ့ အရေခွံမာလာလို့နောက်ထပ်သုက်ပိုးတွေ မထိုးဝင်နိုင်တော့ဘူး။"

အမမျိုးဥနှင့် သုက်ပိုးတို့ ပေါင်းစပ်ပြီးလို့ အောင်မြင်သွားတဲ့ မျိုးဥ (zygote) ကို မိခင်လောင်းရဲ့ သားအိမ်ထဲ ထည့်ပေးလိုက်တဲ့အခါ မျိုးဥက သားအိမ်နံရံမှာ တွယ်ပြီး ပဋိသန္ဓေတည်ပါတယ်။ သာမန်ပဋိသန္ဓေ

လွယ်ရသလိုပဲ ကိုးလကျော် ဆယ်လထဲမှာ ကလေးငယ်ကို မွေးဖွားပါတယ်။ ဒီလိုမွေးတဲ့ကလေးကို စမ်းသပ်ဖန်ပြွန်ကလေး(test-tube baby) လို့ ခေါ်တယ်။

ယခုအခါ ကမ္ဘာတစ်ဝန်းလုံးမှာပဲ ကလေးမရကြတဲ့ ဇနီးမောင်နှံများကို စမ်းသပ်ဖန်ပြွန်ကလေးများ ရရှိအောင် သိပ္ပံပညာရှင်များက ကူညီပေးကြပါတယ်။ ဘုရားသခင်ရဲ့ အလိုတော်အရ ကလေးမရကြတဲ့ ဇနီးမောင်နှံများကို ကလေးများရလာအောင် သိပ္ပံပညာရှင်တို့ ဖန်တီးပေးနိုင်လို့ ဖန်တီးရှင်အစစ်ဟာ သိပ္ပံပညာရှင်ပဲလို့ ဆိုရမလိုဖြစ်သွားပါတယ်။

ဖန်တီးတာလည်း တစ်ကြိမ်မှာ ကလေးတစ်ယောက်မက ပဋိသန္ဓေတည်အောင် လုပ်ပေးနိုင်ကြတယ်။ အကယ်၍ မိခင်လောင်းက သန္ဓေဆောင်ရတာ ပင်ပန်းတယ်၊ အလုပ်ပျက်တယ်၊ ဒါကြောင့် ကိုယ်တိုင်ပဋိသန္ဓေမဆောင်ဘဲ အခြားအမျိုးသမီးတစ်ယောက်ကို သူ့ကိုယ်စား ကိုယ်ဝန်ဆောင်ခိုင်းလို့ ရတယ်။ အောင်မြင်တဲ့ မျိုးဥကို အငှားအမျိုးသမီးရဲ့ သားအိမ်ထဲ ထည့်ပေးရုံပဲ။ မျိုးဥက သားအိမ်နံရံမှာ တွယ်ကပ်ပြီး ပဋိသန္ဓေတည်သွားရင် ပုံမှန်ကိုယ်ဝန်ရသလိုပဲ ကိုးလကျော် ဆယ်လထဲမှာ မွေးဖွားပါတယ်။

တစ်ခါတစ်ရံမှာ ကိုယ်ဝန်အငှားလွယ်ပေးတဲ့ အမျိုးသမီးက သူ့ကိုယ်တိုင် ပဋိသန္ဓေလွယ်ခဲ့ရပြီး မွေးဖွားတဲ့အချိန်မှာလည်း ကိုယ်တိုင်နို့ချိုကို တိုက်ကျွေးရလို့ ကလေးငယ်ကို မိမိရင်သွေးရင်နှစ်လို ချစ်ခင်သွားတယ်။ ကလေးကို မပေးချင်တော့ဘူး၊ ဒါကြောင့် တရားရုံးမှာ အမှုရင်ဆိုင်ကြရတယ်။ တရားသူကြီးက ကလေးရဲ့သွေးနဲ့ မိဘတို့ရဲ့ သွေးတို့ကို စစ်ဆေးစေပြီးတော့ မိဘအစစ်အမှန်ဆီကို ကလေးကို ပေးအပ်စေပါတယ်။

တစ်ခါ သန္ဓေအငှားလွယ်တဲ့ အမျိုးသမီးတို့က သန္ဓေလွယ်ခ ကောင်းကောင်း ရကြတော့ လောဘတက်လာကြတယ်။ ဒါကြောင့် ဇနီးမောင်နှံ နှစ်စုံ သုံးစုံတို့ရဲ့ သန္ဓေဥများကို တစ်ပြိုင်တည်း လွယ်ပေးကြတယ်။ 'The

New Light of Myanmar သတင်းစာမှာ ကျွန်တော်ဖတ်ရှုလိုက်ရတဲ့ သတင်းထူးတစ်ပုဒ်က အီတလီနိုင်ငံက အမျိုးသမီးတစ်ဦးဟာ ဇနီးမောင်နှံခြောက်စုံတို့ရဲ့ သန္ဓေဥများကို တစ်ပြိုင်တည်း လွယ်ပေးပြီး ခြောက်မြွာပူးကလေးများကို မွေးဖွားတဲ့ သတင်းဖြစ်ပါတယ်။ အမျိုးသမီးရဲ့ သားအိမ်မှာ ကလေးခြောက်ဦး ကြီးထွားဖို့ နေရာမဆံ့တော့ နှစ်လခန့်စောပြီး ဗိုက်ခွဲမွေးဖွားရပါတယ်။ အင်ကျူဘေတာ(incubator) ခေါ် လမစေ့ဘဲ မွေးဖွားတဲ့ ကလေးငယ်များကို အနွေးဓာတ်ပေးထားတဲ့ စက်ထဲမှာ ထားပြီး မွေးမြူရတယ်။ ကလေးများ သန်စွမ်းလာကြတဲ့အခါ ကလေးများနဲ့ မိဘများရဲ့ သွေးများကို စစ်ဆေးတိုက်ကြည့်ပြီးတော့ ဇနီးမောင်နှံတစ်စုံစီကို မိမိတို့ရဲ့ ရင်သွေးအမှန်ကို ပေးအပ်ပါတယ်။

## လူ့ဆဲလ်မှလူ့သားမွေးမြူရေး

ယခုတစ်ဖန် အသည်းထိတ်ဖွယ်ရာ ပိုပြီး ထူးဆန်းတဲ့ သိပ္ပံတွေ့ရှိချက်တစ်ရပ်က သက်ရှိသတ္တဝါတစ်ကောင်ရဲ့ ဆဲလ်များမှတစ်ဆင့် လိင်ပေါင်းစပ်ခြင်း မရှိဘဲနှင့် သက်ရှိသတ္တဝါကလေးများကို မွေးထုတ်ပေးခြင်းဖြစ်တယ်။ ဒီနည်းစဉ်ကို ကလုန်းနင်း(cloning) လို့ ခေါ်တယ်။

'ကလုန်းနင်း'ဆိုတာ အပင်တစ်ပင် သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ရဲ့ ဆဲလ်တစ်ခုကို ထုတ်ယူပြီး လူတို့ ဖန်တီးယူတဲ့နည်းဖြင့် မွေးမြူကာ မူလအပင် သို့မဟုတ် မူလတိရစ္ဆာန်နှင့် ချွတ်စွပ်တူတဲ့ အပင် သို့မဟုတ် တိရစ္ဆာန်ဖြစ်လာအောင် ပြုလုပ်တဲ့ နည်းစဉ် ဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံမှာ ဒေါ်လီ(Dolly) အမည်ရှိတဲ့ သိုးမတစ်ကောင်ရဲ့ ဆဲလ်များမှ ဒေါ်လီနှင့် ချွတ်စွပ်တူတဲ့ သိုးကလေး ၁၈-ကောင်တို့ကို ကလုန်းနင်းနည်းနဲ့ သိပ္ပံပညာရှင်တို့ အောင်မြင်စွာ ဖန်တီးနိုင်ခဲ့တယ်။

တိရစ္ဆာန်များနှင့် သုတေသနပြုတာ အောင်မြင်မှုရရှိပြီးတဲ့နောက် သိပ္ပံပညာရှင်များက လူသားနှင့် သုတေသနဆက်လက်ပြုချင်ကြတယ်။ နိုင်ငံများစွာက အစိုးရများက မလိုလားအပ်တဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်လာ

မှာကို စိုးရိမ်ပြီး လူသားနှင့် ကလုန်းနင်းသုတေသနပြုမှာကို အားမပေးကြဘူး။ ၂၀၀၄ခုနှစ် နိုဝင်ဘာလက မလေးရှားနိုင်ငံ၊ ဗုဒ္ဓသာသနာပြုအဖွဲ့ ဥက္ကဋ္ဌက ကွာလာလမ်ပူမြို့တော် ဗုဒ္ဓဘာသာမဟာဝိဟာရမှာ "လူသားကို ကလုန်းနင်းပြုလုပ်ခြင်းအပေါ် အဘိဓမ္မာအမြင်" ခေါင်းစဉ်ဖြင့် တရားပွဲတစ်ပွဲ ဟောပြောရန် ကျွန်တော့်အား မေတ္တာရပ်ခံလို့ ဟောပြောပေးခဲ့ပါတယ်။

သိပ္ပံရှုထောင့်ကနေ ကြည့်ရင် အပင်များ၊ တိရစ္ဆာန်များနှင့် အောင်မြင်ခဲ့တဲ့ သုတေသနဟာ လူသားနဲ့ စမ်းသပ်ရင်လည်း အောင်မြင်မှာဖြစ် ပါတယ်။ အကြောင်းက လူသားများနှင့် တိရစ္ဆာန်များဟာ ခန္ဓာဗေဒဖွဲ့စည်း ပုံစနစ်ချင်း ဆင်တူတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

အဘိဓမ္မာရှုထောင့်ကနေကြည့်ရင် ကလုန်းနင်းနည်းစဉ်ဟာ သိုးမဒေါ်လီနှင့် စမ်းသပ်တာအောင်မြင်ခဲ့သလို လူသားနှင့် စမ်းသပ်ရင်လည်း အောင်မြင်မယ်လို့ ဆိုနိုင်ပါတယ်။ အကြောင်းက ကံဟာ အောတ်ပါပဋိသန္ဓေလေးမျိုးကို ဖြစ်ပေါ်စေနိုင်တဲ့အတွက် ဖြစ်ပါတယ်။

## (၁) ဩပပါတိကပဋိသန္ဓေ - အလိုအလျောက်မွေးဖွားခြင်း

အရွယ်ရောက်ပြီးတဲ့ ခန္ဓာကိုယ်ဖြင့် ကောင်းကင်မှ ခုန်ပျံလာသလို ဘွားခနဲ အထင်အရှားဖြစ်ခြင်းကို ဩပပါတိက(ဝါ) ဥပပတ်ပဋိသန္ဓေလို့ ခေါ်တယ်။ ဗြဟ္မာများ, နတ်များ, အချို့ပြိတ္တာများနှင့် အသူရကာယ်များဟာ ဥပပတ်ပဋိသန္ဓေဖြင့် မွေးဖွားကြတယ်။ မိခင်ဝမ်းမှာ ပဋိသန္ဓေနေရခြင်း မရှိဘူး။ ကလေးဘဝကို ဖြတ်သန်းရခြင်းလည်း မရှိဘူး။ အရွယ်ရောက်ပြီးတဲ့ ပုဂ္ဂိုလ်များအဖြစ် မွေးဖွားလာကြခြင်း ဖြစ်တယ်။ ဇနကကံများက ၎င်းတို့ရဲ့ အကျိုးဖြစ်တဲ့ ဝိပါက်စိတ်များ, ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များကို ဖြစ်ပေါ် လာစေတာနဲ့တစ်ပြိုင်နက် ဒီပုဂ္ဂိုလ်တို့ဟာ သူတို့ရဲ့ ဘုံဗိမာန်များ, တောတောင်များ သို့မဟုတ် ပင်လယ်ကမ်းခြေများမှာ ပေါ်ပေါက်လာကြတယ်။

ကမ္ဘာပေါ်မှာ ပထမလူသားများဟာ ဒီလိုနည်းနဲ့ ဖြစ်ပေါ်လာကြ

တယ်။ ဘုရားရှင်လက်ထက်က ဝေသာလီပြည်ကဲ့ လုဇကေရီပြည်ကြီး တန်ဆာ အမ္ဗပါလီဟာ ဒီလိုနည်းနဲ့ပဲ မွေးဖွားခဲ့တယ်။ ရေပူစမ်းရေ သိုလှောင်ထားတဲ့ ရေပူကန်ထဲက ငါးများဟာလည်း ဒီလိုနည်းနဲ့ပဲ မွေးဖွား လာကြလိမ့်မယ်။ အချို့လူများ သေပြီးတာနဲ့ တစ်ပြိုင်နက် နတ်များ သို့ မဟုတ် တစ္ဆေ များဖြစ်ကြတာလည်း ဥပပတ်ပဋိသန္ဓေဖြင့် မွေးဖွားလာကြ ခြင်း ဖြစ်ပါတယ်။

ဗြဟ္မာများနှင့် နတ်များရဲ့ ခန္ဓာကိုယ်များဟာ အဓိကအားဖြင့် အလွန် သိမ်မွေ့တဲ့ ကမ္မဇရုပ်များနှင့် ဖွဲ့စည်းထားကြတယ်။ ဒါကြောင့် ၎င်းတို့ကို မမြင်နိုင်ဘဲ ၎င်းတို့ သေလွန်ကြတဲ့အခါမှာ အလောင်းကောင်မကျန်ရစ်ခြင်း ဖြစ်ပါတယ်။ ဒီဥပပတ်ပဋိသန္ဓေရှိတဲ့အကြောင်းကို သိပ္ပံပညာရှင်တို့ မသိကြ သေးဘူး။

## (၂) သံသေဒဇပဋိသန္ဓေ - စိုထိုင်းသည့်နေရာ စသည်၌ ပဋိသန္ဓေတည်ခြင်း

ခြင်ကောင်များဟာ ရေဝပ်နေတဲ့နေရာမှာ ဥများကို ဥချတယ်။ ဥများမှ ပိုးလောက်လမ်းများ ပေါက်လာကြပြီး နောက်တော့ ခြင်များ ဖြစ်သွား ကြတယ်။ ဖားများလည်း ရေဝပ်နေတဲ့ ရေမြောင်းများမှာ ဥများ ဥချတယ်။ ဥများမှ ဖားလောင်းများ ပေါက်လာကြပြီး ကြီးပြင်းလာတဲ့အခါ ဖားများ ဖြစ်ကြတယ်။ ယင်ကောင်များက ပုပ်သိုးနေတဲ့ အစာများ၊ ပုပ်နေတဲ့ အလောင်းကောင်များနှင့် အညစ်အကြေးများမှာ ဥများကို ဥချကြတယ်၊ လောက်ကောင်များ ပေါက်လာကြပြီးတော့ ယင်ကောင်များ ဖြစ်သွားကြ တယ်။ ပိုးမွှားအများစုဟာ သံသေဒဇပဋိသန္ဓေဖြင့် ပေါက်ပွားကြတယ်။

ပဒုမဝတီမိဖုရားဟာ ကြာပန်းမှာ ပဋိသန္ဓေနေခဲ့တယ်။ ဝေဠုဝတီ မိဖုရားက ဝါးပင်ရဲ့အခေါင်းထဲမှာ ပဋိသန္ဓေနေခဲ့တယ်။ တိရစ္ဆာန်များနှင့် လူသားများကို ကလုန်းနင်းပြုလုပ်ခြင်းဟာလည်း သံသေဒဇပဋိသန္ဓေ အမျိုးအစားထဲမှာ ပါဝင်လိမ့်မယ်။

(၃) အဏ္ဍဇပဋိသန္ဓေ-ဥခွံတွင်းမှာ ပဋိသန္ဓေတည်ခြင်း

ငှက်များနှင့် ကြက်ဘဲများက မိခင်ဝမ်းထဲမှာ ရှိတဲ့ ဥခွံများထဲမှာ ပဋိသန္ဓေတည်ကြတယ်။ ၎င်းတို့ဟာ ဥခွံများမှ ပေါက်ဖွားလာကြတဲ့ တိရစ္ဆာန်များ ဖြစ်ကြတယ်။

(၄) ဇလာဗုဇပဋိသန္ဓေ-သားအိမ်အတွင်းမှာ ပဋိသန္ဓေတည်ခြင်း

လူများနှင့် နွားတိုက်သတ္တဝါများဟာ မိခင်ရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေတည်ကြတယ်။ ရက်လစေ့တဲ့အခါမှာ ၎င်းတို့ကို မွေးဖွားကြတယ်။ မြေပေါ်မှာ ရှိကြတဲ့ အချို့နတ်များနှင့် ပြိတ္တာများတို့လည်း မိခင်များရဲ့ ဝမ်းကြာတိုက်များမှာ ပဋိသန္ဓေတည်ပြီး မွေးဖွားလာကြပါတယ်။

အဏ္ဍဇပဋိသန္ဓေနှင့် ဇလာဗုဇပဋိသန္ဓေတို့ကို ပေါင်းပြီး ဂဗ္ဘသေယျက ပဋိသန္ဓေ လို့လည်း ခေါ်ဆိုတယ်။ (ဂဗ္ဘ = မိခင်ရဲ့ဝမ်းတွင်း၌ + သေယျက = ကိန်းရသူ)

ကံတရားဟာ အလွန်အားကြီးပါတယ်။ ကံရဲ့အကျိုးဖြစ်တဲ့ ဝိပါက်စိတ်, ယှဉ်ဖက်စေတသိက်များနှင့် သိမ်မွေ့တဲ့ ကမ္မဇရုပ်တို့ကို အရွယ်ရောက်ပြီး ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဥပပတ်ပဋိသန္ဓေဖြစ်ပေါ်စေနိုင် တယ်။ ဥပပတ်ပဋိသန္ဓေမှာ သန္ဓေလောင်း မှီတွယ်ဖို့ ဘာအမှီအတွယ်မှ မလိုအပ်ဘူး။

ဒါကြောင့် လူသားကို ကလုန်းနင်းလုပ်ရင် လူသားရဲ့ ဆဲလ်က သန္ဓေလောင်းမှီတွယ်ဖို့ နေရာအဖြစ် ဆောင်ရွက်ပေးမှာမို့ ဖန်ပြွန်လူသား ထုတ်လုပ်ခြင်းမှာလိုပဲ အောင်မြင်မှာ ဖြစ်ပါတယ်။ ဖန်ပြွန်လူသား ထုတ်လုပ်ရာမှာ ပေါင်းစပ်ထားပြီးတဲ့ မိဘတို့ရဲ့ လိင်ဆဲလ်က သန္ဓေသားမှီတွယ်ရာအဖြစ် ဆောင်ရွက်ပေးတယ်။ ဒါပေမယ့် လူသားကို ကလုန်းနင်း လုပ်သင့်သလား။

မလုပ်သင့်ပါဘူး။ လူသားကို ကလုန်းနှင်းလုပ်လို့ အောင်မြင်သွားရင် သိပ္ပံပညာမှာ အံသြဖွယ်ကောင်းတဲ့ စွမ်းဆောင်မှုတစ်ရပ်ပဲလို့ ရက်အနည်းငယ်မျှ ချီးကျူးကြလိမ့်မယ်။ အဲဒီနောက် သာမန်စွမ်းဆောင်မှုတစ်ရပ်ပဲလို့ မှတ်ယူကြလိမ့်မယ်။ လူသားကို ကလုန်းနှင်းလုပ်တဲ့ စက်ရုံတစ်ခုမှ လူသားများကို အစုလိုက်အပြုံလိုက် ထုတ်လုပ်ပေးရင် လူသားတို့ဟာ ဈေးပေါတဲ့ ကုန်ပစ္စည်းတစ်ခုအဖြစ်သို့ ရောက်သွားလိမ့်မယ်။ လူ့တန်ဖိုး၊ လူ့ဂုဏ်ရည်နှင့်တကွ ဖန်ဆင်းရှင် အယူဝါဒကို ဟောပြောချက်များဟာ အကြီး အကျယ် ပျက်စီးသွားလိမ့်မယ်။

ဉာဏ်စွမ်းရည်ထက်မြက်တဲ့ လူသားတစ်ယောက်ရဲ့ ဆဲလ်များမှ မွေးဖွားလာကြတဲ့ ကလေးများဟာ အမိ သို့မဟုတ် အဖဖြစ်တဲ့ လူသားနှင့် ပုံသဏ္ဍာန်ချွတ်စွပ်တူကြပေမယ့် ဉာဏ်အရည်အသွေးက မတူနိုင်ကြဘူး။ သတ္တဝါတစ်ဦးစီဟာ မိမိရဲ့ ကံစီမံဖန်တီးပေးတဲ့အတိုင်း ဖြစ်ကြရတာ၊ ကံသာလျှင် အကြောင်းရင်း ဖြစ်တယ်၊ မိဘဖြစ်တယ်၊ ကိုးကွယ်လဲလျောင်းရာ ဖြစ်တယ်။

ကလေးငယ်များဟာ မိဘတို့ရဲ့ ချစ်ခြင်းမေတ္တာကို ခံယူရရှိကြဖို့ လို တယ်။ မိဘတို့ရဲ့ မေတ္တာကို မခံယူရရင် ပုံစံမမှန်တဲ့ ကလေးတွေ ဖြစ်လာ ကြလိမ့်မယ်။ ထို့အပြင် ကမ္ဘာကြီးမှာ လူဦးရေများပြားနေပြီ ဖြစ်ပါတယ်။ အချို့နိုင်ငံများက သန္ဓေထိန်းချုပ်တဲ့ စနစ်ကိုတောင် ကျင့်သုံးနေကြရတယ်။ နိုင်ငံတစ်နိုင်ငံက လူဦးရေတိုးဖို့ လိုအပ်ရင် အဲဒီနိုင်ငံမှာ ရှိကြတဲ့ အိမ် ထောင်ရှင်များကို လွတ်လွတ်လပ်လပ် ကလေးမွေးဖွားကြပါစေ၊ မွေးဖွား လာတဲ့ ကလေးများကို မိဘမေတ္တာ အပြည့်အဝနှင့် ပုံစံမှန် ပျော်ရွှင်တဲ့ ကလေးများ ဖြစ်အောင် မိဘများ ပျိုးထောင်ကြပါစေ။ လူသားတို့ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုနှင့် မိသားစု ပျော်ရွှင်ချမ်းမြေ့မှုတို့ဟာ အိမ်ထောင်စုယူနစ်အပေါ် မှာ အဓိက မူတည်ပါတယ်။

ရည်ညွှန်းချက်များ

၁ *Nārada Mahā Thera, 'The Buddha and His Teachings', published by Singapore Buddhist Meditation Centre, p.224.*

၂ *Ibid, p. 224*

၃ *Ibid, p. 224*

၄ *Larousse, 'Desk Reference Encyclopedia', Great Britain, pp.58, 60, 62.*

၅ *Dr.K.Sri Dhammananda, 'Why We should Practise Buddhism', Buddhist Missionary Society Malaysia, p.15.*

၆ *The Columbia Viking Desk Encyclopedia, New York, P.321.*

၇ *Ibid., p. 957.*

၈ ဒေါက်တာမင်းတင်မွန်၊ 'ရှေးဘဝနောက်ဘဝ သိပ္ပံနည်းကျ အထောက် အထားများ'၊ သတ္တမအကြိမ်၊ နှာ ၂၃။

၉ အရှင်ဇနကာဘိဝံသ၊ -'ကိုယ်ကျင့်အဘိဓမ္မာ'၊ ၁၄ကြိမ်မြောက်၊ နှာ ၂၅၆-၂၅၇။

# ၂

# သိမ်မွေ့နက်နဲတဲ့ ဘဝပဟေဠိ

## ၁ ရုပ်ဝတ္ထုမှ သက်ရှိဖြစ်လာနိုင်သလား

ကလုန်းနင်းကို တိရစ္ဆာန်နှင့် စမ်းသပ်တာ အောင်မြင်သလို လူနှင့် စမ်းသပ်ရင်လည်း အောင်မြင်မယ်ဆိုတဲ့အကြောင်းကို အခန်း(၁)မှာ အဘိဓမ္မာရှုထောင့်အရ အကြောင်းအကျိုးနှင့်တကွ ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ဘာကြောင့် ကလုန်းနင်းအောင်မြင်တာကို သိပ္ပံပညာရှင်တို့ ဂဃနဏ ရှင်းပြနိုင်မှာ မဟုတ်ဘူး။

သိပ္ပံပညာရှင်တို့က *'သက်ရှိအားလုံးဟာ သက်ရှိမှ ဆင်းသက်ရမယ်'* *'All life from life'* ဆိုတဲ့မူကို လက်ခံထားကြတာမို့ သက်မဲ့ရုပ်ဝတ္ထုသာအမှန်ဖြစ်တဲ့ ဆဲလ်တစ်ခုကနေပြီး သက်ရှိသတ္တဝါတစ်ဦးဖြစ်လာတာကို သူတို့ ဘယ်လိုရှင်းပြကြမလဲ။

စမ်းသပ်ဖန်ပြွန်ကလေးများကို ဖန်တီးရာမှာလည်း မိခင်လောင်းရဲ့ "*အိုဗမ်'*ခေါ် အမမျိုးဥဆဲလ်တစ်ခုနှင့် ဖခင်လောင်းရဲ့ *'စပမ်း'*ခေါ် သုက်ဆဲလ် တစ်ခုတို့ ပေါင်းစပ်ရာမှာ လူကလေးတစ်ဦးဖြစ်လာတာကို သိပ္ပံပညာရှင်တို့ လေ့လာတွေ့ရှိကြရတယ်။ ဒီမှာလည်း သက်မဲ့ဆဲလ်နှစ်ခု ပေါင်းစပ်ရာက သက်ရှိသတ္တဝါတစ်ဦး ဘယ်လိုဖြစ်လာတာကို သိပ္ပံပညာရှင်တို့ ဘယ်လိုရှင်းပြကြမလဲ။

## ၂ ဗီဇသီအိုရီ

သက်မဲ့အပင်လောကမှာ ဝတ်ဆံဖိုနှင့် ဝတ်ဆံမတို့ ပေါင်းစပ်ပြီး ဖြစ်လာတဲ့ မျိုးစေ့ကနေ မူလမိခင်အပင်နဲ့တူတဲ့ အပင်ပေါက်လာပြီးတော့ ဒီအပင်ကြီးပြင်းလာတဲ့အခါ မူလမိခင်ရဲ့ အသီးများနှင့် တူတဲ့အသီးများ သီးတာကို တွေ့ရတယ်။ သို့သော် လူသားတို့မှာ သားသမီးတို့ရဲ့ ရုပ်ရည် အဆင်းသဏ္ဌာန်တို့ဟာ မိဘတို့ရဲ့အဆင်းသဏ္ဌာန်နှင့် ဟစ်စိတ်တစ်ဒေသ သာ ဆင်တူပြီး အချို့မှာ လုံးဝကွဲပြားနေကြတာကို တွေ့ရတယ်။ မိဘတို့က အသားအညိုရောင်၊ ဆံပင်မျက်လုံးတို့က အနက်ရောင်ရှိကြပေမယ့် အချို့ သားသမီးတို့က အသားအဖြူရောင်၊ ဆံပင်က ရွှေရောင်၊ မျက်လုံးက အပြာ ရောင်၊ အင်္ဂလိပ်ကလေးတွေလို အဆင်းသဏ္ဌာန်ရှိကြတယ်။ ဒါကိုလည်း 'ဗီဇသီအိုရီ' (gene theory) နှင့် ရှင်းပြလို့ မရပါဘူး။

ဗီဇသီအိုရီအရ ဆဲလ်တစ်ခုကနေပြီး ချွတ်စွပ်တူတဲ့ ဆဲလ်တစ်မျိုးသာ ပေါက်ပွားလာနိုင်တယ်။ ပဋိသန္ဓေ တည်စအချိန်မှာ သန္ဓေလောင်းဟာ စပမ်းနှင့် ပေါင်းစပ်ထားပြီးတဲ့ အိုဗမ်ဆဲလ်တစ်ခုတည်းနှင့်သာ စတင်တယ်။ မွေးဖွားလာတဲ့ အချိန်မှာတော့ ကလေးငယ်ရဲ့ ခန္ဓာကိုယ်ဟာ ဆဲလ်အမျိုး ပေါင်းမြောက်မြားစွာနဲ့ ဖွဲ့စည်းထားတယ်။ ဆဲလ်တစ်ခုတည်းကနေပြီး ဆဲလ်အမျိုးပေါင်းမြောက်မြားစွာ ဖြစ်လာတာကို ဘယ်လို ရှင်းပြမလဲ။

အလားတူပဲ ပထမဦးဆုံး ဖန်ဆင်းခဲ့တဲ့ လူသား "အာဒမ်"ဟာ အသားဖြူတယ်၊ ရွှေရောင်ဆံပင်နှင့် မျက်လုံးအပြာရောင်ရှိတယ်ဆိုရင် အသားဝါပြီး ဆံပင်နှင့် မျက်လုံးအနက်ရောင်ရှိကြတဲ့ တရုတ်နှင့် ဂျပန်တွေ၊ အသားညိုပြီး ဆံပင်နှင့် မျက်လုံးအနက်ရောင်ရှိကြတဲ့ မြန်မာ၊ ထိုင်း၊ မလေး နှင့် အင်ဒိုနီးရှားလူမျိုးတွေ၊ အသားမည်းနက်ပြီး ဆံပင်အနက်ရောင် ကောက်ကောက်ကွေးကွေး၊ မျက်လုံးအနက်ရောင်ရှိကြတဲ့ နီဂရိုးတွေ ဖြစ်ပေါ်လာကြတာကို ဘယ်လိုရှင်းပြမလဲ။

ရုပ်ရည် ချွတ်စွပ်တူကြတဲ့ အမြွှာပူးကလေးများ(*identical twins*)

မွေးဖွားရာမှာ *'အိုဗမ်'* နှင့် *'စပမ်း'*တို့ ပေါင်းစပ်ထားတဲ့ အောင်မြင်တဲ့ *'မျိုးဥ'(zygote)* တစ်ခုက ဆဲလ်နှစ်ခုအဖြစ်သို့ ပြိုကွဲပြီးတော့ ဒီဆဲလ်နှစ်ခုတို့ဟာ သီးခြားကြီးထွားလာကြတယ်လို့ သိပ္ပံပညာရှင်တို့ ရှင်းပြကြတယ်။ ဒါပေမယ့် ဒီရုပ်ရည်ချွတ်စွပ်တူကြတဲ့ အမြွာပူးကလေးတွေဟာ စိတ်စွမ်းရည်သတ္တိများဖြစ်တဲ့ စိတ်နေသဘောထား၊ ဝါသနာစရိုက်၊ စိတ်ဝင်စားမှု၊ ဉာဏ်စွမ်းရည်၊ ပင်ကိုစွမ်းရည်၊ ဘဝကံကြမ္မာစသည်တို့မှာ ကွာခြားနေကြတာကို တွေ့ရတယ်။ ဒီကွာခြားမှုကို ကျေနပ်စွာ ရှင်းပြနိုင်တဲ့ အဖြေကို သိပ္ပံပညာရှင်တို့ မပေးနိုင်ကြဘူး။

> *အလေးနက်ဆုံးပြဿနာက ရုပ်ဝတ္ထုဆဲလ်နှစ်ခုဖြစ်တဲ့ 'အိုဗမ်'နှင့် 'စပမ်း'တို့မှ 'စိတ်'နှင့် 'အသက်'ဖြစ်ပေါ်လာတာကို ကျေနပ်စဖွယ် အကြောင်းပြချက်ဖော်ထုတ်ရန် ဖြစ်ပါတယ်။ ဤပြဿနာနှင့် ပတ်သက်ပြီး သိပ္ပံပညာရှင်များကနူတ်ပိတ်နေကြပါတယ်။*

ရုပ်ဝတ္ထုမှ စိတ်ဖြစ်ပေါ်လာတယ်ဆိုတဲ့ ပြဿနာကို မဆိုထားနဲ့၊ စိတ်ဟာ အမှန်ကကယ် ဘာဖြစ်တယ်ဆိုတာကိုပင် သိပ္ပံပညာရှင်များက မသိကြပါ။ 'စိတ်'(mind) ဆိုတာ နာမ်တရားဖြစ်ပြီး အာရုံသိသဘောစိတ်နှင့် စိတ်ရဲ့ယှဉ်ဖက်တရားများဖြစ်ကြတဲ့ စေတသိက်တို့ရဲ့ အပေါင်းအစုဖြစ်တယ်။ သိပ္ပံပညာရှင်များဟာ စိတ်နှင့် စေတသိက်တို့ရဲ့ အမှန်သဘောကို တကယ်မသိကြပါ။ စေတသိက်များက စိတ်ကို အပြစ်ကင်းစင်ပြီး ဉာဏ်ပညာအထက်မြက်ဆုံးဖြစ်အောင် သို့မဟုတ် စိတ်ကို ယုတ်ညံ့မိုက်မဲ စေပြီး ကမ္ဘာမှာ အဖျက်ဆီးတတ်ဆုံးအရာဖြစ်အောင် ဘယ်လိုခြယ်လှယ် နေကြတာကိုလည်း မသိကြပါဘူး။

နာမ်တရားများကို သဘာဝလက္ခဏာများနှင့် ကိစ္စဆောင်ရွက်ပုံတို့ကို သူတို့မသိနားမလည်ကြတဲ့အခါ ဦးနှောက်က စိတ်အဖြစ် လုပ်ဆောင်နေတယ်လို့ သူတို့ မှတ်ယူလိုကြတယ်။ ဒီလိုယူဆခြင်းဟာ ပြဿနာကို

ပိုဆိုးသွမ်းစေပါတယ်။ အကြောင်းက ဦးနှောက်ဟာ ဘယ်ဟာက ကောင်းတယ် သို့မဟုတ် မကောင်းဘူး၊ ဘယ်အရာက မှန်တယ် သို့မဟုတ် မှားတယ်၊ ဘဝမှာ ဘယ်လို မွန်မြတ်တဲ့ ရည်မှန်းချက်ထားရမယ် ဆိုတာတွေကို မသိတတ်ပါဘူး။

စိတ်ဟာ ဦးနှောက်ပဲလို့ ယူဆချက်ဟာ လူသားတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပိတ်ပင်လိမ့်မယ်၊ ထာဝရငြိမ်းအေးချမ်းသာခြင်းကို ရယူခံစားနိုင်ဖို့အတွက် စိတ်ကို အမြင့်မြတ်ဆုံး အခြေအနေသို့ ရောက်အောင် ဖွံ့ဖြိုးတိုးတက်စေခြင်းကို ဟန့်တားလိမ့်မယ်၊ ဒါကြောင့် စိတ်ဆိုတဲ့ နာမ်တရားက သတ္တဝါတစ်ဦးစီရဲ့ဘဝကံကြမ္မာကို ကံသတ္တိမှတစ်ဆင့် ဘယ်လိုချုပ်ထိန်း တယ် ဆိုတာကို ရှင်းရှင်းလင်းလင်း သိမြင်ဖို့ အလွန်အရေးကြီးပါတယ်။

## ၃ အတိတ်ဘဝနှင့် အနာဂတ်ဘဝ

သိပ္ပံပညာရှင်များဟာ ကျောက်ဖြစ်ရုပ်ကြွင်း၊ ကာဗွန်ရဲ့ ရေဒီယိုဓာတ်ကြွသတ္တိစသည်တို့ကို အခြေခံပြီး စနစ်တကျလေ့လာခြင်းဖြင့် ကမ္ဘာမြေကြီးရဲ့ သက်တမ်းနှင့် သမိုင်းစဉ်တစ်လျှောက် သတ္တဝါများအဆင့်ဆင့် ဖြစ်ထွန်းပေါ်ပေါက်လာပုံတို့ကို အကြောင်းအကျိုးခိုင်လုံစွာ တင်ပြနိုင်ကြသဖြင့် အလွန်တရာ အံ့သြဖွယ် ကောင်းပါတယ်။ ဒါပေမဲ့ သူတို့ဟာ သတ္တဝါတစ်ဦးစီရဲ့ အတိတ်ဘဝများကို မလေ့လာနိုင်ခဲ့ဘူး။ ပုဂ္ဂိုလ်တစ်ဦးစီက အနာဂတ်မှာ ဘဝများ ဖြစ်ရဦးမှာကိုလည်း သူတို့ လေ့လာနိုင်တဲ့ နည်းလမ်းများ မရှိဘူး။

ထို့အတူပဲ အနန္တတန်ခိုးရှင် ဘုရားသခင်က အရာအားလုံးကို ဖန်ဆင်းတယ်၊ အရာအားလုံးကို သိတယ်၊ အရာအားလုံးကို အစိုးရတယ်လို့ ဟောပြောနေကြတဲ့ ပုဂ္ဂိုလ်တို့ကလည်း သတ္တဝါတစ်ဦးစီရဲ့ အတိတ်ဘဝတွေ မရေတွက်နိုင်အောင် ရှိခဲ့တယ်ဆိုတာကို မသိမမြင်ကြလို့ မဟောပြောခဲ့ကြဘူး။ တစ်ဖန် အနန္တတန်ခိုးရှင်ကို ယုံကြည်တဲ့ အယူဝါဒမှာ လူတစ်ဦးသေဆုံးသွားတဲ့အခါ သူ့ရဲ့ အုတ်ဂူထဲမှာ ဘုရားသခင် အဆုံးအဖြတ်ပေး

မယ့်နေ့(Judgement Day) အထိ စောင့်ဆိုင်းရမယ်ဆိုတော့ အနာဂတ်ဘဝဆိုတာလည်း ချက်ချင်း ဖြစ်မလာနိုင်ဘူး။

သိပ္ပံပညာရှင်များက မိဘနှစ်ပါးရဲ့ အိုဗမ်ဆဲလ်နှင့် စပမ်းဆဲလ်တို့ ပေါင်းစပ်လို့ လူဖြစ်လာတာကို ယုံကြည်တဲ့အတွက် လူတစ်ယောက်စီရဲ့ အတိတ်ဘဝဆိုတာ မရှိနိုင်တော့ဘူး၊ သေဆုံးသွားတဲ့အခါမှာလည်း အနာဂတ်ဘဝဆိုတာ မရှိနိုင်ဘူး၊ ဘဝပြတ်သွားတယ်။ လူတစ်ယောက်စီဟာ တစ်ဘဝစီသာ နေရမှာဖြစ်လို့ ကောင်းတာ မကောင်းတာ သူလုပ်ခဲ့တာတွေဟာ နောက်ဘဝမှာ အကျိုးပေးခွင့်မရတော့ဘူး။ ဒါကြောင့် ဒါနပြုမယ်၊ သီလစောင့်မယ်၊ ဘာဝနာရှုပွားမယ်ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ဖို့ သူအရေးမစိုက်တော့ဘူး။ ကာမဂုဏ်ပျော်ရွှင်မှုတွေနဲ့ပဲ ပျော်နိုင်သလောက် ပျော်အောင် ကြိုးစားလိမ့်မယ်။ ဒီလိုနေထိုင်တဲ့အတွက် လက်ရှိ ဘဝမှာလည်း စစ်မှန်တဲ့ ပျော်ရွှင်မှုကို မရနိုင်ဘူး။ သေလွန်တဲ့အခါမှာ လည်း အပါယ်ဘဝသို့ ရောက်ရဦးမယ်။ ဒါကြောင့် သူ့အတွက် ဘဝဆုံးရှုံး သွားတာပဲ။

ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့မှာ 'ဘဝသံသရာ'ဆိုတာ ရှိတယ်၊ သတ္တဝါတစ်ဦးစီဟာ အတိတ်မှာ ဘဝတွေ မရေတွက်နိုင်အောင် ဖြစ်ခဲ့ပြီးပြီ၊ အနာဂတ်မှာလည်း တစ်ဘဝပြီးတစ်ဘဝ ဆက်ဖြစ်သွားဦးမယ်၊ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်မချင်း ဆက်ပြီး ဘဝကျင်လည်ရလိမ့်မယ်။

သတ္တဝါတစ်ဦးစီဟာ အတိတ်မှာ ဘဝတွေ ဖြစ်ခဲ့ရတယ်၊ ဒီဘဝက သေပြီးတာနဲ့ တစ်ပြိုင်နက် အနာဂတ်ဘဝဖြစ်လာတယ်ဆိုတဲ့ အထောက်အထားများဟာ တိတိကျကျ ခိုင်ခိုင်လုံလုံရှိပါတယ်။ ဒီအထောက်အထားများကို ငြင်းပယ်လို့ မရပါဘူး။ လျစ်လျူရှုဖို့လည်း မကောင်းဘူး။ ပုဂ္ဂိုလ်တစ်ဦးစီဟာ ဘဝဆက်ကာဆက်ကာဖြစ်ရတဲ့ အကြောင်းကို အကျိုးအကြောင်း ညီညွတ်စွာ ရှင်းပြနိုင်တဲ့ ဖြေရှင်းချက်ကို ရှာဖွေသင့်ပါတယ်။ ရှာဖွေပြီးတော့ အနာဂတ်ဘဝတိုင်းမှာ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ နေထိုင်သွားနိုင်အောင် အကောင်းဆုံး ပြင်ဆင်မှုကို ပြုလုပ်သင့်ပါတယ်။

# ၃

# အတိတ်ဘဝ အထောက်အထားများ

သတ္တဝါတစ်ဦးစီရဲ့ အတိတ်ဘဝများနှင့် အနာဂတ်ဘဝများ ရှိကြောင်းကို အခိုင်အလုံသက်သေပြတဲ့ သိပ္ပံနည်းကျအထောက်အထားများကို "ရှေးဘဝနောက်ဘဝ သိပ္ပံနည်းကျအထောက်အထားများ" စာအုပ်မှာ ကျွန်တော်တင်ပြထားပါတယ်။ ၎င်းစာအုပ်မှာ အကျယ်ဖတ်ရှုနိုင်ပါတယ်။ ၎င်းစာအုပ်ကို စိတ်ဝင်စားသူများလို့ သတ္တမကြိမ်အထိ ပုံနှိပ်ထားရပါတယ်၊ ဒီမှာတော့ အထောက်အထားခိုင်လုံအောင် ခပ်ကျဉ်းကျဉ်းနှင့် ပြည့်စုံအောင် တင်ပြပါမယ်။

အတိတ်ဘဝရှိကြောင်းကို အောက်ပါအထောက်အထားများဖြင့် သိနိုင်ပါတယ်။

(၁) လူဝင်စားများလို့ ခေါ်တဲ့ ဇာတိဿရဉာဏ် ရရှိသူများ ရှိခြင်း၊

(၂) အံ့သြဖွယ်ရာ ဉာဏ်ကြီးရှင်ကလေးများ ရှိခြင်း၊

(၃) အိပ်မွေ့ချပြီး အသက်နောက်ပြန်ဆုတ်ခြင်းဖြင့် အတိတ်ဘဝကို သိခြင်း၊

(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဏ်ဖြင့် အတိတ်ဘဝများကို သိခြင်း၊

(၅) ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်စပ်မှုများကို ဝိပဿနာရှုခြင်းဖြင့် ဘဝအဆက်ဆက် ဖြစ်နေသည်ကို သိရခြင်းတို့ ဖြစ် ပါတယ်။

## ၁ ကမ္ဘာတစ်ဝန်းလုံးမှာ လူဝင်စားများရှိခြင်း

မိမိတို့ရဲ့ အတိတ်ဘဝများကို မှန်မှန်ကန်ကန် မှတ်မိကြတဲ့ ကလေးများဟာ ကမ္ဘာတစ်ဝန်းလုံးမှာ ရှိကြတယ်။ ဗုဒ္ဓဘာသာမှာ ဒီလိုကလေးများကို 'ဇာတိဿရဉာဏ်' ရသူများလို့ ခေါ်ပါတယ်။ ဒီဉာဏ်အလိုရှိကြတဲ့လူ သားတို့ဟာ ကုသိုလ်ကောင်းမှုပြုတိုင်း 'ဇာတိဿရဉာဏ်'ရပါလို၏လို့ဆု တောင်းလျှင် နောက်ဘဝတွေမှာ ဒီဉာဏ်ကို ရနိုင်ပါတယ်။ ဒီလိုဉာဏ်ကို ရရှိကြတဲ့ ထင်ပေါ်ကျော်စောတဲ့ ပုဂ္ဂိုလ်နှစ်ဦးက ဒေါက်တာသာလှနှင့် ဦးအေးနိုင်တို့ ဖြစ်ကြပါတယ်။ ယနေ့အထိ သက်ရှိထင်ရှား ရန်ကုန်မြို့မှာ နေထိုင်လျက် ရှိကြပါတယ်။



ဝဏ္ဏကျော်ထင်
အထူးကုဆရာဝန်ကြီး
ဒေါက်တာသာလှ၊
အပျိုကြီးဒေါ်ရွှေမယ်ဘဝမှ
ဘဝကူးပြောင်းလာသူဖြစ်ပါတယ်။

(၁) ဝဏ္ဏကျော်ထင် ဒေါက်တာသာလှက အရေပြားရောဂါအထူးကုပါရဂူဖြစ်ပြီး ဆေးတက္ကသိုလ်(၁)မှ အငြိမ်းစားပါမောက္ခတစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့ အတိတ်ဘဝမှာ အဖိုးကြီးဒေါ်ရွှေမယ်ဖြစ်ခဲ့တယ်။ ဒေါ်ရွှေမယ်က သူ့ရဲ့နေအိမ်နှင့်တကွ ဧက ၂၀ ခန့်ရှိတဲ့ သူ့ရဲ့ လယ်မြေကို ဘုန်းကြီး ကျောင်းသို့ လှူဒါန်းပြီး "ဉာဏ်ပညာကြီးတဲ့ ယောက်ျား ဖြစ်ရပါလို၏၊ သာသနာ့အကျိုးကို သယ်ပိုးထမ်းရွက်နိုင်သူ ဖြစ်ရပါလို၏"လို့ ဆုတောင်းတာ ဆုတောင်းတဲ့အတိုင်း ဒေါက်တာသာလှဘဝမှာ ပြည့်စုံလာတယ်။ ဒေါ်ရွှေမယ် ထမင်းချက်ရင်း မီးဟပ်လောင်ခဲ့တဲ့ ရင်ဘတ်က ဒဏ်ရာဟာ မောင်သာလှကလေးငယ်ရဲ့ ရင်ဘတ်မှာ ပါလာပါတယ်။ [၁]

(၂) ဦးအေးနိုင်၊ မဗ္ဗာစရိယ၊ ဘီအေက သာသနာရေးဦးစီးဌာနမှာ လက်ထောက်ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းရွက်ခဲ့ပြီး သာသနာရေးဝန်ကြီးဌာနရဲ့ အကြံပေးပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ အတိတ်ဘဝဖြစ်တဲ့ ကရင်စော်ကဲ ဦးနေကျော်ဘဝနှင့် ထိုဘဝက သားသမီးတို့ကို



လက်ထောက်ညွှန်ကြားရေးမှူး
အကြံပေးပုဂ္ဂိုလ်
ဦးအေးနိုင်၊
ကရင်စော်ကဲဦးနေကျော်ဘဝမှ
မြန်မာပညာရှိဘဝသို့
ကူးပြောင်းလာသူဖြစ်ပါတယ်။

ကောင်းစွာမှတ်မိတယ်။ ဦးအေးနိုင် ၃-နှစ်သားကလေးဘဝက သူ့အတိတ် မိသားစုထံ အလည်သွားပါတယ်၊ သူ့သားသမီးများကို ယခင်ဘဝက ဖခင် အနေနဲ့ ဆက်ဆံပြောဆိုတယ်၊ သူ့အရင်အိမ်နောက်ဖေးက သရက်ပင် အောက်မှာ မြှုပ်ထားခဲ့တဲ့ မြေအိုးတစ်လုံးကို တူးဖော်စေတယ်။ မြေအိုးမှာ လက်ဝတ်လက်စား၊ စိန်၊ ရွှေငွေတွေ အသင့်အတင့် ထည့်ထားခဲ့တယ်။ ဦးအေးနိုင်ဟာ သူ့အတိတ်ဘဝက မိသားစုထံ နှစ်စဉ်အလည်သွားပါတယ်။[၂]

(၃) အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားတက္ကသိုလ်ပါမောက္ခ ဒေါက်တာအီယန်စတီဗင်ဆင် (Dr. Ian Stevenson) က ကမ္ဘာတစ်ဝန်း လုံးက လူဝင်စား(၁၀၀၀)လောက်ကို စနစ်တကျ သုတေသနပြုသူဖြစ်ပါ တယ်။ သူ့ရဲ့တွေ့ရှိချက်များကို ဖော်ပြတဲ့ စာအုပ်များကိုလည်း ပုံနှိပ်ထုတ် ဝေခဲ့ပါတယ်။ မိမိတို့ရဲ့ အတိတ်ဘဝများကို လူဝင်စားကလေးများက တကယ်မှန်မှန်ကန်ကန် ပြောပြနိုင်ကြတယ်လို့ ဒေါက်တာစတီဗင်ဆင်က ကောက်ချက်ချပါတယ်။ [၃]

(၄) မြန်မာနိုင်ငံအလယ်ပိုင်း၊ တပ်ကုန်းမြို့နယ် အင်ပင်လှရွာက မငွေးဟာ ကျွဲမဘဝက ကူးပြောင်းလာလို့ သူမရဲ့ ဦးခေါင်းချိုစောင်းနေရာမှာ မွေးဖွားလာကတည်းက အသားဖုနှစ်ခုပါလာတယ်။ မငွေးက သူ့အတိတ် ဘဝနှစ်ခုကို ပြောပြနိုင်တယ်။ ပထမအတိတ်ဘဝက ညောင်ပင်ကြီးရွာမှာ ဒေါ်မြဖြစ်ခဲ့တယ်။ ဒေါ်မြက သူ့တောင်ယာမှာ အလုပ်လုပ်ဖို့ မသိန်းတင်နှင့် မသိန်းတင်အမေတို့ကို ငှားတယ်။ မသိန်းတင်က ၁၃နှစ်သမီး အပျိုပေါက် အရွယ်ရှိပေမယ့် လူကြီးလုပ်ခရရအောင် သူ့အမေနှင့်တန်းတူ အလုပ်လုပ် တယ်။ ဒါပေမယ့် လုပ်ခရှင်းပေးတဲ့အခါ ဒေါ်မြက မသိန်းတင်ဟာ ကလေး ပဲဆိုပြီးတော့ လူကြီးလုပ်ခတစ်ဝက်ပဲ ပေးတယ်။ မသိန်းတင်အမေက တောင်းပန်တယ်။ သူတို့က ဆင်းရဲလို့ လူကြီးလုပ်ခရအောင် သမီးကို လူကြီးအတိုင်း လုပ်စေခဲ့ပါတယ်။ သမီးက အမေအတိုင်း အလုပ်လုပ်ခဲ့လို့ လုပ်ခတူတူပေးပါလို့ တောင်းတယ်။ ဒေါ်မြက မပေးဘူး။

သူတစ်ပါးရဲ့ လုပ်အားခကို ထက်ဝက်ဖြတ်စားထားတဲ့ ဒေါ်မြဟာ သေဆုံးတဲ့အခါမှာ မသိန်းတင်ရဲ့ ကျွဲမဝမ်းထဲမှာ ပဋိသန္ဓေတည်တယ်၊ ကျွဲမကလေးအဖြစ် မွေးလာတယ်၊ ကျွဲမကြီးလာတော့ 'ရိုင်းမ'လို့ အမည်ရတယ်။ ကျွဲသားလေးတစ်ကောင်ပြီးတစ်ကောင် သုံးကောင်မွေးပြီးတဲ့အခါ ရိုင်းမသေတယ်။ မသေခင်လေးမှာ မသိန်းတင်ကို အိပ်မက်ပေးတယ်။ ရိုင်းမက သူ့အသားကို ယူလာပြီး မသိန်းတင်ကို ပေးတယ်တဲ့။ မသိန်းတင် ကိုယ်ဝန်ရလာပြီး ရက်လစေ့တဲ့အခါ မဌေးကို မွေးတယ်။ ကျွဲမဘဝမှ ကူးလာတဲ့ အထိမ်းအမှတ်အဖြစ် မဌေးရဲ့ ဦးခေါင်းမှာ အသားဖုနှစ်ခုပါလာတယ်။ မဌေးစကားပြောတတ်လာတဲ့အခါ သူ့အတိတ်အကြောင်းများကို ပြောပြတယ်။ သူ့အတိတ်ဘဝက ကျွဲသားလေးသုံးကောင်ကိုလည်း လွမ်းဆွတ်သတိရနေတယ်တဲ့။ ဒေါက်တာအီယန်စတီဗင်ဆင်ကိုယ်တိုင် မြန်မာနိုင်ငံသို့ လာပြီး မဌေးအကြောင်းကို စုံစမ်းခဲ့ပါတယ်။

(၅) အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်က ရှန်တီဒေဝီ*(Shanti Devi)* ဟာ အသက် ၃ နှစ်လောက်အရွယ်မှာ သူ့မိဘများကို ပြောပြတယ်။ မုတရမြို့မှာ သူ့ခင်ပွန်း ကဒါနတ်ချော်ဘီရှိတယ်တဲ့၊ အထည်ကုန်သည် ဖြစ်တယ်တဲ့၊ သူ့ရဲ့ဇနီး လုဒ်ဒီက သားကလေးတစ်ယောက် မွေးဖွားပြီး ၁၀ ရက်ကြာတဲ့အခါ သေတယ်၊ ပြီးတော့ ရှန်တီဒေဝီဖြစ်လာတာတဲ့။

သမီးခဏခဏပြောတော့ ဖခင်က စာတစ်စောင်ရေးပြီး ပို့လိုက်တယ်၊ "သို့-ကဒါနတ်ချော်ဘီ၊ အထည်ကုန်သည်၊ မုတရမြို့" လို့ လိပ်မူလိုက်တယ်၊ ခုနစ်ရက်ကြာတဲ့အခါမှာ ကဒါနတ်ချော်ဘီထံမှ စာပြန်လာတယ်။ သူ့ဇနီး လုဒ်ဒီက သားကလေးမွေးဖွားပြီး ၁၀ ရက်ကြာတော့ ဆုံးသွားတာ မှန်တယ်တဲ့။ သူ့အား ရှန်တီဒေဝီကို တွေ့ဆုံခွင့်ပြုဖို့ ခွင့်တောင်းတယ်။

မကြာခင် တစ်နေ့မှာ ရှန်တီဒေဝီအိမ်ရှေ့မှာ ကစားနေရင်း အိပ်ခန်းထဲ ပြေးဝင်လာတယ်။ သူ့အမေမေးတော့ သူ့ခင်ပွန်းအိမ်ရှေ့မှာ ရောက်နေတယ်တဲ့။ တကယ်ပဲ ကဒါနတ်ချော်ဘီ ရောက်လာတယ်။ ရှန်တီပြောသမျှ မှန်

နေတော့ ဖခင်က သုတေသနဌာနကို အကြောင်းစုံ ပြောပြတယ်။ သုတေသနအဖွဲ့က ရက်သတ်မှတ်ပြီး ရှန်တီဒေဝီကို မုတရာမြို့သို့ ခေါ်သွားတယ်။ မုတရာ ဘူတာမှာ လာကြိုတဲ့ ယခင်ဘဝ ဆွေမျိုးများကို ရှန်တီ နာမည်ခေါ် ပြီး နှုတ်ဆက်တယ်။ မြင်းလှည်းပေါ်တက်ပြီး ရှန်တီကို လမ်းညွှန်ခိုင်းတော့ ကဒါနတ်ချော်ဘီအိမ်သို့သွားတဲ့ လမ်းကို ညွှန်ပြတယ်။ အိမ်ရောက်တော့ လည်း ဆေးပြောင်းသုတ်ထားပေမယ့် ရှန်တီ မှတ်မိတယ်။

အိမ်ထဲမဝင်ခင် သုတေသနလူကြီးက အခန်းဖွဲ့ပုံ၊ အိမ်ထောင် ပရိဘောဂ ထားသိုပုံတွေ မေးမြန်းပြီးမှ ဝင်ကြတယ်။ ရှန်တီပြောပြတဲ့အတိုင်း မှန်နေတယ်။ ဧည့်ခန်းမှာ ထိုင်ကြတဲ့အခါ အခန်းထောင့်တစ်နေရာမှာ ရူပီးငွေ ကျပ် ၁၀၀ မြှုပ်ထားခဲ့ကြောင်း ရှန်တီပြောလို့ တူးကြတယ်။ ငွေကို မတွေ့ရ ဘူး၊ အဲဒီအခါ ကဒါနတ်ချော်ဘီက တောင်းပန်တယ်၊ ငွေကို သူတူးယူထား ပြီးပြီတဲ့။ ^၁

ဒီလို အတိတ်ဘဝများကို ပြောပြနိုင်ကြတဲ့ ကလေးတွေဟာ အရပ်တကာမှာ ရှိနိုင်တယ်၊ ကိုယ်တိုင်စုံစမ်းကြည့်ပါ။

## ၂ ကမ္ဘာတစ်ဝန်းလုံးမှာဉာဏ်ကြီးရှင်ကလေးများရှိခြင်း

(၁) အင်္ဂလန်က ခရစ်ရှန်း ဟိုင်းနကန်း *(Christian Heineken)* ခေါ်တဲ့ ကလေးငယ်ဟာ မွေးဖွားပြီး နာရီအနည်းငယ်မှာ စကားပြောနိုင်တယ်။ တစ်နှစ်အရွယ်မှာ သမ္မာကျမ်းစာ(Bible)က စာပိုဒ်တွေကို အလွတ်ဆိုနိုင်တယ်။ နှစ်နှစ်အရွယ်မှာ ပထဝီဝင်ဘာသာရပ်မှာ မေးခွန်းမျိုးစုံကို ဖြေနိုင်တယ်။ သုံးနှစ်အရွယ်မှာ ပြင်သစ်ဘာသာနှင့် လက်တင်ဘာသာတို့ကို ပြောနိုင်တယ်။ လေးနှစ်အရွယ်မှာ ဒဿနိကဗေဒ ကျောင်းသား တစ်ယောက်ဖြစ်လာပါတယ်။ သူ့အတိတ်ဘဝက သင်အံထားတဲ့ ဗဟုသုတများကို မှတ်မိကြောင်း ထင်ရှားပါတယ်။

(၂) အမေရိကန်ပြည်ထောင်စုက ဝီလျံဂျိမ်းစ်ဆီဒစ်*(William James Sidis)* ဆိုတဲ့ အံ့ဩဖွယ်ကလေးဟာ နှစ်နှစ်အရွယ်မှာ စာဖတ်တတ်၊ စာ

ရေးတတ်တယ်၊ ရှစ်နှစ်အရွယ်မှာ ပြင်သစ်ဘာသာ၊ ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာတို့ကို ပြောဆိုနိုင်ပြီး လက်တင်ဘာသာနှင့် ဂရိဘာသာတို့ကိုလည်း အသင့်အတင့်ပြောနိုင်တယ်။

(၃) အင်္ဂလန်က မက်ကောလေး*(Macaulay)* ဆိုတဲ့ ကလေးဟာ အသက်ခြောက်နှစ်အရွယ်မှာ ကမ္ဘာ့သမိုင်းကို စတင်ရေးသားပါတယ်။ သူ့အတိတ်ဘဝမှာ ကမ္ဘာ့သမိုင်းကို ဆည်းပူးလေ့လာခဲ့ပါလိမ့်မယ်။ [၆]

(၄) တရုတ်ပြည်က ဂျင်ဂျင်*(Jen Jen)* ဆိုတဲ့ကလေးက တစ်နှစ်ခွဲအရွယ်မှာ တရုတ်စကားနှင့် အင်္ဂလိပ်စကားတို့ကို နားလည်တယ်၊ နှစ်နှစ်အရွယ်မှာ ဒီဘာသာနှစ်ခုကို ပြောတတ်တယ်၊ သုံးနှစ်အရွယ်မှာ အင်္ဂလိပ်စာနှင့် တရုတ်စာတို့ကို ဖတ်နိုင်တယ်၊ လေးနှစ်အရွယ်မှာ အခြေခံအဆက်တန်းသင်္ချာကို တတ်ကျွမ်းလို့ ဝူဟန်တက္ကသိုလ်က သူ့ကို အငယ်ဆုံးတက္ကသိုလ်ကျောင်းသားအဖြစ် လက်ခံလိုက်တယ်။ [၇]

(၅) မြန်မာနိုင်ငံက မလှကြီးဆိုတဲ့ ကလေးမက ၁၉၅၄ ခုနှစ်က အသက် ၆ နှစ်အရွယ်သာ ရှိပေမယ့် ပါဠိစာတွေ ဖတ်တတ်ပြီး အဓိပ္ပာယ်ပါ နားလည်တယ်။ သူမဟာ အတိတ်က ကျမ်းတတ်ဆရာတော်တစ်ပါးဖြစ်ခဲ့တာကိုလည်း မှတ်မိတယ်။

(၆) ပိဋကတ်မောင်ထွန်းကြိုင်အမည်ရတဲ့ ကလေးကလည်း အသက် ၆ နှစ်အရွယ်မှာပဲ ပိဋကတ်ပါဠိတော်များကို အလွတ်ရွတ်ဆိုနိုင်လို့ အနယ်နယ်အရပ်ရပ်က ပင့်ဖိတ်ပြီး တရားပွဲကျင်းပတယ်။ သူလည်းပဲ ကျမ်းတတ်ဆရာတော်ဘဝကနေ ကူးပြောင်းလာလို့ ပါဠိတော်များကို မသင်အံရဘဲနဲ့ ရွတ်ဆိုတတ်ခြင်း ဖြစ်ပါတယ်။

ဒီလိုကလေးငယ်များဟာ အတိတ်ဘဝများက သင်အံလေ့လာထားလို့ ယခုဘဝမှာ အထူးတလည်မသင်အံရဘဲနဲ့ စာပေကျမ်းဂန်, ဘာသာစကားများကို ထူးထူးချွန်ချွန် တတ်မြောက်နေကြခြင်း ဖြစ်တယ်။ မြတ်စွာဘုရားအလောင်းတော်များကလည်း အတိတ်ဘဝများက ပါရမီဖြည့်ကျင့်

ခဲ့လို့သာ နောက်ဆုံးဘဝမှာ ဆရာမကူဘဲ မိမိအလိုလို ကြိုးပမ်းမှုဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရရှိကြခြင်း ဖြစ်တယ်။ တစ်ဘဝတည်း ကြိုးစားရမယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ ဘုရားမဖြစ်နိုင်ပါဘူး။

(၃) အိပ်မွေ့ချပြီး အသက်နောက်ပြန်ဆုတ်ခြင်းဖြင့် အတိတ်ဘဝကို သိခြင်း

မိမိတို့ရဲ့အတိတ်ဘဝများကို မမှတ်မိကြတဲ့ လူအပေါင်းက အိပ်မွေ့ကျသွားတဲ့အခါမှာ မိမိတို့ရဲ့ အတိတ်ဘဝများကို ပြောပြနိုင်ကြပါတယ်။ အိပ်မွေ့ကျနေတဲ့အခါ အိပ်မွေ့ချပေးသူက အိပ်မွေ့ကျသူရဲ့ အတိတ်ဆီသို့ နောက်ဆုတ်ပြီး မေးသွားရင် အိပ်မွေ့ကျသူက လက်ရှိဘဝရဲ့ ငယ်စဉ်က အကြောင်းတွေကိုရော အတိတ်ဘဝများက အကြောင်းတွေကိုရော ပြောပြနိုင်တယ်။ ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့မှာ ဒီနည်းကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုကြပါတယ်။

(၁) အင်္ဂလန်က မစ္စစ်အန်းဘေကာ *(Mrs. N. Baker)* က ပြင်သစ်စကားမတတ်ဘူး၊ ပြင်သစ်ပြည်သို့လည်း မရောက်ဖူးဘူး၊ သူမကို အိပ်မွေ့ချလိုက်တဲ့အခါမှာ ပြင်သစ်ပြည် ပါရီမြို့တော်မှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်း အရာများစွာကို ပြင်သစ်ဘာသာဖြင့် သွက်သွက်လက်လက် ပြောဆိုပါ တယ်။

(၂) အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယား ကော့ပတစ် ဘုရားရှိခိုးကျောင်းက ဘုန်းတော်ကြီး မာတင်*(Reverend Martin)* က တက္ကသိုလ်ဘွဲ့ရ ဘုရားရှိခိုးကျောင်းအဖွဲ့ဝင် ၂၂ ဦးတို့နှင့်အတူ သူတို့ရဲ့ ဘုရားရှိခိုးကျောင်းအဖွဲ့ဝင်များကို အိပ်မွေ့ချပြီးတော့ အတိတ် ဘဝ အကြောင်းကို ပြောစေတယ်။ ပြောပြသမျှကို အသံသွင်းထားပြီးတော့ ပြန်ဖွင့်ပြတယ်။ သူတို့က အတိတ်ဘဝ မယုံကြည်ကြတဲ့ လူတွေ ဖြစ်ကြတာမို့ "ငါက ငါ့အတိတ်အကြောင်းနဲ့ ပြောနေတယ်၊ ငါမယုံပါဘူး"လို့ ဆိုကြတယ်။ ဒါပေမယ့် သူတို့ ပြောပြတဲ့ အတိတ်ဘဝအမည်၊ နေရပ်၊ အလုပ်

အကိုင် စသည်ကို စုံစမ်းကြည့်တော့ မှန်နေတာကို တွေ့ရတယ်။ သူတို့ရဲ့ တွေ့ရှိချက်များကို စာအုပ်ထုတ်ဝေပါတယ်။ စာအုပ်အမည်မှာ 'Researches in Reincarnation and Beyond' ဖြစ်ပါတယ်။

(၃) အမေရိကန်ပြည်ထောင်စုက မဗွစ်ဂျီးနီးယားတိုက်ဂီ *(Mrs. Virginia Tighe)* ကို သုတေသနအဖွဲ့ဖွဲ့ပြီး ၁၉၅၂-၅၃ခုနှစ်အတွင်းမှာ ခြောက်ကြိမ် အိပ်မွေ့ချပြီး မေးတယ်။ ခြောက်ကြိမ်လုံးမှာ လွန်ခဲ့တဲ့ အနှစ် ၁၅၀ လောက်က အိုင်ယာလန်နိုင်ငံ ဘဲလ်ဖတ် *(Belfast)* မြို့မှာ ဘရိုက်ဒီ မာဖီ(Bridy Murphy) ခေါ် သူမရဲ့ အတိတ်ဘဝအကြောင်းကို ပြောပြတယ်။ သူမနေခဲ့တဲ့ အရပ်၊ ဈေးဝယ်တဲ့ စတိုးဆိုင်ကြီး ၁၈၄၇ခုနှစ်လောက်က ဘုရင်မကောလိပ်မှာ ဥပဒေပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့တဲ့ သူမရဲ့ ခင်ပွန်းအကြောင်း စတာတွေကို ပြောပြတယ်။

သုတေသနအဖွဲ့က ဘဲလ်ဖတ်မြို့သို့ သွားပြီး စုံစမ်းတယ်။ သူမပြောပြတဲ့ လမ်းတွေ၊ စတိုးဆိုင်ကြီးတွေက မရှိတော့ဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ် ၁၅၀ လောက်က မြို့တော်မှတ်တမ်းများကို ရှာဖွေကြည့်တော့ သူနေခဲ့တဲ့လမ်း၊ ဈေးဝယ်ခဲ့တဲ့ စတိုးဆိုင်ကြီးနှင့် ၁၈၄၇ ခုနှစ်က ဘဲလ်ဖတ်မြို့မှာ ဘုရင်မကောလိပ်ကို ဖွင့်လှစ်ကြောင်း၊ သူမရဲ့ ခင်ပွန်းက ဥပဒေပါမောက္ခ ဖြစ်ကြောင်း စသည်ကိုတွေ့ရပါတယ်။ ဒါကြောင့် ဘရိုက် ဒီ မာဖီဇာတ်လမ်းဟာ အမေရိကန်ပြည်ထောင်စုမှာ ဟိုးလေးတကျော်ဖြစ်ခဲ့ပါတယ်။ [၉]

## အံ့ဖွယ်လူသား အဂ္ဂါကေစီ

(၄) အမေရိကန်ပြည်ထောင်စုက 'အံ့ဖွယ်လူသား'လို့ ချီးမွမ်းခံရတဲ့ အဂ္ဂါကေစီ (Edgar Cayce) ရဲ့ ဘဝအတွေ့အကြုံဟာ အလွန်မှတ်သားစရာကောင်းပေတယ်။ ၁၈၇၇ခုနှစ်မှာ ကင်တတ်ကီပြည်နယ်မှာ သူကို မွေးဖွားတယ်။ သူ့မိဘများက ပညာမတတ်ကြဘူး။ အခြေခံအထက်တန်းကျောင်းကို သူ ၉ တန်းအထိ တက်ခဲ့ရတယ်။ ပြီးတော့ စာအုပ်ဆိုင်တစ်ခုမှာ သူစာရေးလုပ်တယ်၊ ထို့နောက် အာမခံအရောင်းစာရေးလုပ်တယ်၊ အသက်

၂၁ နှစ်မှာ လည်ချောင်းနာရောဂါဖြစ်ပြီး အသံမထွက်တော့ဘူး။ ဆရာဝန်များနှင့် တစ်နှစ်ကြာ ကုသပါသော်လည်း မပျောက်ဘူး။

တစ်နေ့မှာ ဖြေဖျော်ရေးသမား အိပ်မွေ့ချသူ *မစ္စတာဟတ်(Mr. Hart)* က သူတို့မြို့ကို ရောက်လာတော့ အဂ္ဂါကေစီကို အိပ်မွေ့ချတယ်။ အိပ်မွေ့ကျနေတဲ့အခါ အဂ္ဂါကေစီဟာ ပုံမှန်စကားပြောနိုင်လာတယ်။ *မစ္စတာလိန်း(Mr. Layne)* ဆိုတဲ့ ဒေသခံအမျိုးသားတစ်ယောက်က အိပ်မွေ့ချပညာအသင့်အတင့် နားလည်တော့ အဂ္ဂါကေစီကို သူ့ရောဂါအကြောင်း ပြောပြစေတယ်။

အဂ္ဂါကေစီက ပုံမှန်အသံနဲ့ ဖြေတယ်-"အသံအိုးထဲမှာ အသံကို ဖြစ် ပေါ် စေတဲ့ ကြွက်သားမျှင်များက တစ်စိတ်တစ်ဒေသ လေဖြတ်ခံရပြီး အလုပ်မလုပ်ကြလို့ ပုံမှန်အခြေမှာ ကျွန်တော်စကားမပြောနိုင်တာပါ။ ဒါက ရုပ်ပိုင်းအကျိုးသက်ရောက်မှုကို ဖြစ်စေတဲ့ စိတ်ပိုင်းအခြေအနေတစ်ရပ်ပါပဲ။ ကျွန်တော်အိပ်မွေ့ကျတဲ့အခါမှာ ထိခိုက်သွားတဲ့ ကိုယ်အစိတ်အပိုင်းမှာ သွေးလည်ပတ်မှုတိုးမြှင့်ဖို့ အကြံပြုပေးရင် ရောဂါပျောက်ကင်းသွားမှာပါ"

မစ္စတာလိန်းက ချက်ချင်း အကြံပြုတယ်-"လည်မျိုတစ်ဝိုက်မှာ သွေးလည်ပတ်နှုန်းတိုးမြှင့်ပါ"။ တဖြည်းဖြည်းနဲ့ အဂ္ဂါကေစီရဲ့ ရင်ဘတ်အထက်ပိုင်းနှင့် လည်မျိုပတ်ဝန်းကျင်မှာ သွေးလည်ပတ်တာ များလာလို့ ပန်းရောင်ဖြစ်လာတယ်၊ ပြီးတော့ နှင်းဆီရောင်ဖြစ်လာတယ်၊ ပြီးတော့ ခရမ်းနီရောင်ဖြစ်လာတယ်။

မိနစ် ၂၀ ပြည့်တော့ အိပ်စက်နေတဲ့ အဂ္ဂါကေစီဟာ လည်ချောင်းကို ရှင်းပြီးပြောတယ်၊ "ဒါလောက်ဆိုရင် ရပြီ၊ ရောဂါဖြစ်စေတဲ့ အကြောင်းက ကင်းရှင်းသွားပြီ၊ သွေးလည်ပတ်နှုန်းပုံမှန်ဖြစ်အောင် အကြံပြုပါ၊ ပြီးတော့ ကျွန်တော့်ကို အိပ်မွေ့ဖြေပါ"

မစ္စတာလိန်းက ညွှန်ကြားတဲ့အတိုင်း အကြံပြုတယ်။ အဂ္ဂါကေစီ

နိုးလာပြီး ပုံမှန်စကားပြောနိုင်လာတယ်။

အဂ္ဂါကေစီဟာ သူအိပ်မွေ့ကျနေတဲ့အခါ သူ့ခန္ဓာကိုယ်ရဲ့ ရောဂါအခြေအနေကို စစ်ဆေးနားလည်ပြီးတော့ ရောဂါပျောက်ကင်းအောင် ကုသနိုင်တယ်ဆိုရင် သူတစ်ပါးတို့ရဲ့ ရောဂါအခြေအနေများကိုလည်း စစ်ဆေးနားလည်ပြီး ကုသပေးနိုင်လိမ့်မယ်”လို့ မစ္စတာလိန်း တွေးမိတယ်။ ဒါကြောင့် သူ့ရဲ့ ဗိုက်နာရောဂါကို ကုသပေးဖို့ အဂ္ဂါကေစီကို သူမေတ္တာရပ်ခံတယ်။

အဂ္ဂါကေစီက သဘောတူလို့ လိမ်းက သူ့ကို အိပ်မွေ့ချပေးတယ်။ အိပ်မွေ့ကျသွားတဲ့အခါ လိမ်းရဲ့ ဝမ်းဗိုက်ထဲက အခြေအနေကို အဂ္ဂါကေစီ စစ်ဆေးပြီးတော့ ရောဂါကုနည်းကို ပြောပြတယ်။ သူညွှန်ပြတဲ့အတိုင်း ဆေးဝါးဖော်စပ်ပြီး စားတော့ ရောဂါပျောက်သွားတယ်။ ဒါနဲ့ ဆရာဝန်များ ကုသလို့ မပျောက်ကင်းတဲ့ရောဂါသည်များကို ဆေးကုတဲ့လုပ်ငန်း စတင်ပါ တယ်။

ရောဂါအခြေအနေစစ်ဆေးပြီး ကုသနည်းတွေ ပြောပြတာကို ညဥ့်အခါမှာရော နေ့ခင်းအချိန်မှာရော ပြုလုပ်နိုင်တယ်။ အဂ္ဂါကေစီက လဲလျောင်းပြီးတော့ မိနစ်အနည်းငယ်ကြာတဲ့အခါ သူ့ကိုယ်သူ အိပ်မွေ့ကျစေတယ်။ ထို့နောက် လိန်းဖြစ်စေ၊ အဂ္ဂါကေစီရဲ့ ဇနီးဖြစ်စေ၊ အခြားတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးက ဖြစ်စေ၊ သင့်လျော်တဲ့ အကြံပြုချက်များကို ပြောရတယ်။ ပြောနေကျ ပုံသေနည်းက-

“သင် ယခု (လူနာရဲ့အမည်)ကို စုံစမ်းစစ်ဆေးရမယ်၊ သူက (လမ်း၊ နံပါတ်၊ မြို့၊ ပြည်နယ်)မှာ ယခု ရှိနေပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကို သင် စေ့စေ့စပ်စပ် စစ်ဆေးပြီး သင်တွေ့ရှိရတဲ့ အခြေအနေများကို ကျွန်ုပ်အားပြောပြပါ။ လက်ရှိ အခြေအနေကို ဖြစ်စေတဲ့ အကြောင်းရင်းကို ဖော်ပြပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်မှ ရောဂါပျောက်ကင်းသွားဖို့အတွက် ဘယ်လို ကူညီဆောင်ရွက်ရမယ်ဆိုတဲ့ အကြံဉာဏ်များကို ပြောပြပါ။ ကျွန်ုပ်မေးသမျှ မေးခွန်းများကိုလည်း သင်ဖြေဆိုပေးပါ”

အဂ္ဂါကေစီက အိပ်မွေ့ကျနေတဲ့အခါ အကြားအမြင်ရတဲ့အတွက် လူနာကို သူ့ဆီ ခေါ်လာဖို့ မလိုဘူး။ အမေရိကန်ပြည်ထောင်စု အတွင်းသာမက ပြည်ပနိုင်ငံက လူနာများကိုပါ အဂ္ဂါကေစီက စုံစမ်းစစ်ဆေးနိုင်တယ်။ ၁၉၀၁ခုနှစ်က စပြီး လူနာများကို ရောဂါလက္ခဏာစစ်ဆေးပြီး သူကုသပေးခဲ့တာ လူနာသုံးသောင်းလောက်ကို ပျောက်ကင်းအောင် သူကုသနိုင်ခဲ့တယ်။ လူနာများရဲ့ အတိတ်ကံများကိုပါ သူမြင်နိုင်တယ်။ အချို့လူနာများရဲ့ ရောဂါများက အတိတ်ကံကြောင့် ဖြစ်ရတာကို သူထုတ်ဖော်ပြောပြတယ်။ ထိုအတိတ်ကံကြောင့် ဖြစ်ရတဲ့ ရောဂါကို ကုသရတဲ့အခါမှာ ထိုအတိတ်က အကုသိုလ်ကံရဲ့အကျိုးသက်ရောက်မှု ပပျောက်စေတဲ့ နည်းများကိုရော၊ လက်ရှိရောဂါကို ပျောက်ကင်းစေတဲ့ ဆေးဝါးအညွှန်းများကိုပါ သူပြောပြပြီး ကုသစေပါတယ်။ သူပေးတဲ့ ဆေးအညွှန်းများက သစ်ခေါက်, သစ်မြစ်, သစ်ရွက်စတဲ့ ပရဆေးများဖြစ်ကြပါတယ်။ ဗာဂျီးနီးယားဘိ(ချ်)မြို့မှာ 'အဂ္ဂါကေစီ ဖောင်ဒေးရှင်း' တစ်ခုထူထောင်ပြီး လူနာများရဲ့မှတ်တမ်းများကို ထားရှိတယ်။

### ပေဒင်ဟောစာထက် ပိုတိကျတဲ့ ဘဝဟောစာတမ်းများ

၁၉၂၃ခုနှစ်ရောက်တဲ့အခါ အိုဟိုင်းယိုပြည်နယ် ဒေတန်မြို့ (Dayton, Ohio) မှာ သူအိပ်မွေ့ကျပြီး ရောဂါကုသဖို့ ညွှန်ကြားနေစဉ် လူတစ်ယောက်က သူ့ရဲ့ နက္ခတ်ပေဒင်ဟောစာတမ်းကို ဟောပေးဖို့ ပြောဆိုတယ်။ [၁၀]

အဂ္ဂါကေစီက အိပ်မွေ့ကျနေရာက သာမန်ပြောနေကျ အတိုင်း အမှတ်မထင် ပြောလိုက်တာက *"နက္ခတ်တွေ ဂြိုဟ်တွေ အကျိုးသက်ရောက်မှုထက် အတိတ်လူ့ဘဝများက ယခုဘဝသို့ သတ္တိအဖြစ်ပါလာတဲ့ စွမ်းအားနှင့် စိတ်ဝင်စားမှုများ၊ ပင်ကိုစွမ်းရည်နှင့် ကျွမ်းကျင်မှုများ၊ အရည် အချင်းများက ပိုအရေးကြီးပါတယ်"*တဲ့။ ပေဒင်အားကိုးသူတွေ အလွန်မှတ် သားဖို့ ကောင်းပါတယ်။

အဲဒီလူရဲ့ 'ဘဝဟောစာတမ်း' (Life Reading) ကို အဂ္ဂါကေစီ စဟောပေးပြီးတဲ့နောက် အခြားလူများကပါ တောင်းဆိုလာကြလို့ အဂ္ဂါကေစီ အဆက်မပြတ်ဟောကြားပေးရတော့တယ်။ ဘဝဟောစာတမ်းမှာ လက်ရှိဘဝကို အများဆုံးအကျိုးသက်ရောက်စေတဲ့ အတိတ်ဘဝများရဲ့ အသေးစိတ်အချက်အလက်များ ပါဝင်တယ်။ အတိတ်ဘဝများရဲ့ အမည်များ၊ ရက်စွဲများနှင့် နေရာများကိုရော၊ ပင်ကိုစွမ်းရည်နှင့် ကျွမ်းကျင်မှုများ၊ အရည်အချင်းများနှင့် အားနည်းချက်များကိုရော သူပြောပြလေ့ရှိတယ်။ တစ်ခါတစ်ရံမှာတော့ အတိတ်ဘဝများကနေ လက်ရှိဘဝသို့ မသိစိတ်ရဲ့ နက်ရှိုင်းတဲ့ အလွှာကနေ လိုက်ပါလာတဲ့ မှတ်ဉာဏ်ရဲ့ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပြဿနာများကိုပါ အဂ္ဂါကေစီပြောပြတယ်။

အဂ္ဂါကေစီကိုယ်တိုင်ရဲ့ ဘဝဟောစာတမ်းကို သူဟောကြားတဲ့အခါ သူဟာ လွန်ခဲ့တဲ့ ရာစုနှစ်များစွာက အီဂျစ်နိုင်ငံမှာ အဆင့်မြင့်ဘုန်းတော်ကြီး (high priest) ဖြစ်ခဲ့တယ်။ အဲဒီဘဝမှာ အဆင့်မြင့် ဂန္ဓာရီပညာကို သူတတ်မြောက်ခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ အလိုရမ္မက်ကြီးမှုက သူ့ရဲ့ ပျက်စီးမှုကို ဖန်တီးခဲ့တယ်။ သူ့ရဲ့နောက်ဘဝတစ်ခုမှာ ပါရှင်းနိုင်ငံမှာ သူ့သမားတော်တစ်ဦးဖြစ်တယ်။ တစ်ကြိမ်မှာ သဲကန္တာရတိုက်ပွဲမှာ သူဒဏ်ရာရသွားလို့ သဲပူပေါ်မှာ သူ့ကို စွန့်ပစ်ထားခဲ့တယ်။ တစ်ဦးတည်း အစားရေစာလည်း မရှိ၊ အမိုးအကာလည်း မရှိ၊ လမ်းလည်း မလျှောက်နိုင်၊ သုံးနေ့နှင့် သုံးညဉ့် အကြီးအကျယ် ဆင်းရဲဒုက္ခရနေတဲ့အချိန်မှာ သူ့ရဲ့စိတ်ကို ခန္ဓာကိုယ်မှ လွတ်ကျွတ်နိုင်အောင် အစွမ်းကုန်ဝီရိယစိုက်ထုတ်ပြီး ဘာဝနာရှုပွားတာ နောက်ဆုံးအောင်မြင်သွားပါတယ်။

ဒီသမားတော်ဘဝက လေ့လာဆည်းပူးခဲ့တဲ့ ဆေးပညာဗဟုသုတဖြင့် အဂ္ဂါကေစီဘဝမှာ ဆေးပညာမလေ့လာရဘဲနဲ့ ဆေးဝါးကုသပေးနိုင်ခြင်း ဖြစ်တယ်။ ဒီသမားတော်ဘဝမှာ စိတ်ကို ခန္ဓာကိုယ်မှ လွတ်ကျွတ်အောင် ဘာဝနာရှုပွားနိုင်တဲ့ အစွမ်းကြောင့် အဂ္ဂါကေစီဘဝမှာ အိပ်မွေ့ကျ

နေတဲ့အခါ ကိုယ်မှစိတ်ကို ခွာပြီး ဝေးလံတဲ့အရပ်မှာ ရှိကြတဲ့ လူနာများကို ထိုးထွင်းကာ ရှုမြင်နိုင်ခြင်း ဖြစ်တယ်။

အတိတ်ဘဝမှာ ဝိဇ္ဇာမျိုးစေ့(ပညာမျိုးစေ့)နှင့် စရဏမျိုးစေ့(အကျင့်တရား) စိုက်ပျိုးခဲ့ရင် ဒီမျိုးစေ့တွေက နောက်ဘဝများမှာ ကြီးထွားလာကြပါတယ်။ [၁၀]

## ကြေးနန်းအော်ပရေတာ မိန်းမပျို

နယူးယောက်မြို့က ကြေးနန်းအော်ပရေတာမိန်းမပျိုတစ်ဦးက လူများစွာတို့ရဲ့ ဘဝဟောစာတမ်းတောင်းခံတဲ့ ကြေးနန်းစာများကို အဂ္ဂါကေစီသို့ ပေးပို့နေရလို့ သူမလည်း ဘဝဟောစာတမ်းမှာ စိတ်ဝင်စားလာတယ်။ အဂ္ဂါကေစီအကြောင်း စူးစမ်းလေ့လာတဲ့အခါ သူ့ပိုပြီး စိတ်ဝင်စားလာလို့ သူလည်း ဘဝဟောစာတမ်း တောင်းခံတယ်။

ဟောစာတမ်းရောက်လာတော့ သူမဖတ်ကြည့်တဲ့အခါ အံ့အားသင့်သွားတယ်။ သူမ ယခုကြေးနန်းအော်ပရေတာ လုပ်နေတာဟာ အချိန်ဖြုန်းနေတာပဲတဲ့။ သူမဟာ အတိတ်ဘဝများစွာက အောင်မြင်တဲ့ စီးပွားရေးပန်းချီဆရာမ ဖြစ်ခဲ့တယ်။ ဒါကြောင့် ယခုဘဝမှာလည်း စီးပွားရေး ပန်းချီပညာလေ့လာလိုက်ရင် ထိပ်တန်းစီးပွားရေးပန်းချီဆရာမတစ်ဦး ဖြစ်လာမှာပါတဲ့။

ဒီဘဝမှာ စီးပွားရေးပန်းချီပညာဆိုတာကို သူမတစ်ခါမှ စိတ်မကူးမိဘူး။ ဘာအနုပညာကိုမှလည်း စိတ်မဝင်စားမိဘူး။ ယခုလို ရဲရင့်တဲ့ တိုက်တွန်း စကားကို ကြားရတော့ တစ်ကြိမ်လောက်တော့ စွန့်စားပြီး စမ်းကြည့်ချင်တယ်၊ ဒါကြောင့် အနုပညာကျောင်းတက်ဖို့ သူမဆုံးဖြတ်လိုက်တယ်။ ပန်းချီပညာလေ့လာလိုက်တာနဲ့ သူမမှာ ပန်းချီပညာနဲ့ဆိုင်တဲ့ ပင်ကိုစွမ်းရည်နှင့် ကျွမ်းကျင်မှုအခံ အစစ်အမှန်ရှိတာကို သိရလို့ သူမ အလွန်အံ့သြမိတယ်။ များမကြာမီမှာပဲ သူမဟာ အလွန်အောင်မြင်တဲ့ စီးပွားရေး ပန်းချီဆရာမဖြစ်လာပါတယ်။ သူမရဲ့ ကိုယ်ရည်ကိုယ်သွေးနှင့်

ပင်ကိုယ်စရိုက်တို့ကလည်း အလိုက်အထိုက်ပြောင်းလဲလာပါတယ်။

၄ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဖြင့် အတိတ်ဘဝများကို သိခြင်း

အတိတ်ဘဝများမှာ နေဖူးဖြစ်ဖူးခဲ့တဲ့ ခန္ဓာများကို ခန္ဓာအစဉ်ကို လိုက်ပြီး အောက်မေ့ဆင်ခြင်နိုင်တဲ့ အသိဉာဏ်အထူးကို 'ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်လို့ ခေါ်တယ်။ ဒီဉာဏ်ကို (၁) သာသနာပရသေ့များ၊ (၂) ပကတိသာဝကများ၊ (၃) မဟာသာဝကများ၊ (၄) အဂ္ဂသာဝကများ၊ (၅) ပစ္စေကဗုဒ္ဓါများနှင့် (၆) သမ္မာသမ္ဗုဒ္ဓဘုရားရှင်များ ရရှိနိုင်ကြတယ်။

(၁) သာသနာပရသေ့များဟာ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ဉာဏ် ကင်းမဲ့ပြီး ပညာအားနည်းတဲ့အတွက် ကမ္ဘာလေးဆယ်အထိသာ မိမိတို့ရဲ့ အတိတ်ခန္ဓာများကို အောက်မေ့ဆင်ခြင်နိုင်တယ်။

(၂) ပကတိသာဝကများက ပညာအားကောင်းတဲ့အတွက် ကမ္ဘာ တစ်ထောင်အထိ မိမိတို့ရဲ့အတိတ်ခန္ဓာများကို အောက်မေ့ဆင်ခြင်နိုင်တယ်။

(၃) မဟာသာဝကများက မိမိတို့ပါရမီ ဖြည့်ခဲ့တဲ့ ကာလဖြစ်တဲ့ ကမ္ဘာတစ်သိန်းအထိ မိမိတို့ရဲ့ အတိတ်ခန္ဓာများကို အောက်မေ့ဆင်ခြင် နိုင်တယ်။

(၄) အဂ္ဂသာဝကများက မိမိတို့ ပါရမီဖြည့်ခဲ့တဲ့ ကမ္ဘာပေါင်း တစ် သင်္ချေနှင့် တစ်သိန်းတိုင်အောင် မိမိတို့ရဲ့ အတိတ်ခန္ဓာများကို အောက်မေ့ ဆင်ခြင်နိုင်တယ်။

(၅) ပစ္စေကဗုဒ္ဓါများက မိမိတို့ ပါရမီဖြည့်ခဲ့တဲ့ ကမ္ဘာပေါင်း နှစ် သင်္ချေနှင့် တစ်သိန်းတိုင်အောင် မိမိတို့ရဲ့ အတိတ်ခန္ဓာများကို အောက်မေ့ ဆင်ခြင်နိုင်တယ်။

(၆) သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့က ကမ္ဘာအပိုင်းအခြားမရှိ မိမိတို့ ရဲ့ အတိတ်ခန္ဓာများကိုရော သူတစ်ပါးတို့ရဲ့ အတိတ်ခန္ဓာများကိုရော အောက်မေ့ဆင်ခြင်နိုင်ကြတယ်။

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်ကို အလိုရှိရင် ယခုမြတ်စွာဘုရား သာသနာမှာလည်း ဘုရားလမ်းညွှန်ပြထားတဲ့အတိုင်း ကျင့်ကြံရှုပွားမယ် ဆိုရင် ယခုခေတ်လူသားတို့ ထူထောင်ရယူနိုင်ပါတယ်။

အဘိညာဏ်ထူထောင်ဖို့အတွက် ပထဝီကသိုဏ်း(မြေကသိုဏ်း)စတဲ့ ကသိုဏ်းဆယ်ပါးမှာ ဈာန်သမာပတ်ရှစ်ပါးရအောင် ပထမထူထောင်ရပါ တယ်။ ပြီးတော့ ကသိုဏ်းအမျိုးမျိုးမှာ ဈာန်အမျိုးမျိုးတက်ပုံ နည်း ၁၄ မျိုးဖြင့် ကျွမ်းကျင်လိမ္မာအောင် လေ့ကျင့်ရပါတယ်။ ပြီးတော့ နာမ်ရုပ်ဖြစ် ပျက်အစဉ်ကို လိုက်ပြီး အတိတ်ဆီသို့ ဆင်ခြင်သွားလျှင် အတိတ်ဘဝခန္ဓာ များကို တစ်ဘဝပြီးတစ်ဘဝ မြင်သိလာနိုင်ပါတယ်။ ဘဝတစ်ခုစီမှာ ဖြစ် ခဲ့တဲ့ ပုံသဏ္ဌာန်၊ အဆင်း၊ အမျိုးအနွယ်၊ အမည်၊ အလုပ်အကိုင်၊ ခံစားခဲ့ ရတဲ့ ချမ်းသာဆင်းရဲစသည်တို့ကိုပါ အကုန်မြင်သိသွားပါတယ်။

## သဘာဝလျှို့ဝှက်ချက်ကို မြတ်စွာဘုရားဖော်ထုတ်ပြခြင်း

မြတ်စွာဘုရားဟာ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အခါ အောက်ပါ ဥဒါန်းစကားကို ကျူးရင့်တော်မူတယ်။

*"သံသရာမှာ အဖန်ဖန် ပဋိသန္ဓေနေရခြင်းဟာ ဆင်းရဲ ပင်ပန်းလှပါတယ်။ ဒါကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ် တဲ့ (တဏှာ)လက်သမားကို ငါရှာဖွေခဲ့တယ်၊ ထို(တဏှာ) လက်သမားကို မြင်နိုင်တဲ့ ဉာဏ်မရသေးလို့ သံသရာမှာ ဘဝ များစွာ ငါကျင်လည်ခဲ့ရတယ်။*

*"ခန္ဓာအိမ်ကို ဆောက်လုပ်တတ်တဲ့ ဟယ် လက်သမား၊ ငါဟာ သင့် ကို ယခု ပညာမျက်စိဖြင့် မြင်ပြီ။ ငါ့ခန္ဓာအိမ်ကို နောက်ထပ်တစ်ဖန် သင် ဆောက်လုပ်ရတော့မှာ မဟုတ်ဘူး။ သင်ရဲ့ ကိလေသာအခြင်ရနယ်အားလုံးကို ငါချိုးဖျက်လိုက်ပြီ၊ အဝိဇ္ဇာဆိုတဲ့ အိမ်အထွတ်ကို ငါဖျက်ဆီး လိုက်ပြီ၊ ငါ့ရဲ့ စိတ် ဟာ ပြုပြင်မှုကင်းတဲ့ နိဗ္ဗာန်သို့ ရောက်ပြီ၊ တဏှာကုန်ရာ ကုန်*

*ကြောင်းဖြစ်တဲ့ အရဟတ္တဖိုလ်ကို ငါရပြီ"*

*(ဓမ္မပဒ ၁၅၃၊ ၁၅၄)*

ဒီဥဒါန်းစကားမှာ ဘဝတစ်ခုပြီးတစ်ခု ဖြစ်စေတတ်တဲ့ အကြောင်းရင်း တဏှာကို ဖော်ပြပြီးတော့ အရဟတ္တမဂ်ဖိုလ်နဲ့ တဏှာကို အရှင်းပယ်သတ်လိုက်တဲ့အခါ နောက်ထပ်တစ်ဖန် ဘဝမဖြစ်ရတော့ဘူးဆိုတာကို မြတ်စွာဘုရားဖော်ပြတယ်။ တဏှာရှိနေသမျှ ဘဝဆက်ဖြစ်နေမှာပါပဲ၊

သတ္တဝါတို့ဟာ မကောင်းမှုအကုသိုလ်များကို ပြုလုပ်မိလို့ သေလွန်တဲ့အခါ အပါယ်လေးဘုံမှာ ဖြစ်ကြရတယ်၊ အချို့သတ္တဝါတို့က ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြလို့ သေလွန်တဲ့အခါ ချမ်းသာတဲ့ သုဂတိဘုံများမှာ ဘဝသစ်ဖြစ်ကြရတယ်ဆိုတာကို သုတ္တန်ဒေသနာများစွာမှာမြတ်စွာဘုရား ရှင်းလင်းစွာ ဟောကြားတော်မူပါတယ်။

အခါတစ်ပါးမှာ ဘုရားရှင်ဟာ သာဝတ္ထိပြည်မှ သာကေတမြို့သို့ ဒေသစာရီကြွချီလာပြီး အဥ္စနတောအုပ်မှာ ညဥ့်တာကို ကုန်လွန်စေတယ်။ နံနက်မိုးသောက်ပြီး ဆွမ်းခံချိန်ရောက်တဲ့အခါ ရဟန်းများခြံရံပြီး သာကေတ မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူတယ်။

မြို့တံခါးဝမှာ ဥစ္စာများစွာ ကြွယ်ဝတဲ့ သာကေတမြို့သား ပုဏ္ဏားကြီးတစ်ယောက်နှင့် ဘုရားဆုံတွေ့ရတယ်။ ပုဏ္ဏားကြီးက ဘုရားရှင်ကို မြင်တာနဲ့ သားဆိုတဲ့ချစ်ခြင်းပြင်းပြစွာ ဖြစ်ပေါ်လာပြီး "ချစ်သား ဖခင်ဟာ ချစ်သားကို မမြင်ရတာ ကြာလှပါပြီ"လို့ ငိုကြွေးလျက် ဘုရားထံ ချဉ်းကပ်လာတယ်။ ထိုပုဏ္ဏားအလိုရှိရာ ပြုလုပ်ပါစေလို့ ဘုရားရှင်က ရဟန်းတို့ကို မှာကြားထားတယ်။

ပုဏ္ဏားကြီးက "ချစ်သား၊ ချစ်သားကို မမြင်ရတာ ကြာလှပါပြီ။ ကွဲ ကွာနေရတာ ကြာလှပါပြီ"လို့ ပြောဆိုပြီး ဘုရားရှင်ကို ပွေ့ဖက်တယ်။ ပြီးတော့ ဘုရားရှင်နှင့် ရဟန်းတို့ကို ဆွမ်းလှူခွင့်ပြုဖို့ လျှောက်ထားတယ်။ ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလို့ ဘုရားရှင်ရဲ့ သပိတ်ကို

ယူကာ ရှေ့မှသွားတယ်။ ပုဏ္ဏေးမကြီးထံသို့လည်း "ငါ့သားကြီး ကြွလာပြီ၊ နေရာခင်းထားလိုက်ပါ"လို့ လူလွှတ်ပြီး ပြောကြားစေတယ်။

ပုဏ္ဏေးမကြီးက မှာကြားတဲ့အတိုင်း ပြုလုပ်ပြီးတော့ ဘုရားရှင်ကြွလာမှာကို စောင့်မျှော်နေတယ်။ ဘုရားရှင်ကို အဝေးမှ တွေ့ရရင်ပဲ သားဆိုတဲ့ ချစ်ခြင်းပြင်းပြစွာ ဖြစ်ပေါ်လျက် "ချစ်သား မိခင်ဟာ ချစ်သားကို မမြင်ရတာ ကြာလှပါပြီ"လို့ ပြောဆိုကာ ဘုရားရှင်ရဲ့ ခြေတော်ကို ပိုက်ဖက်ငိုကြွေးတယ်။

ဘုရားရှင်က ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ကို သင့်တင့်လျောက်ပတ်တဲ့ တရားစကားဟောကြားတော်မူတယ်။ တရားဆုံးတော့ နှစ်ဦးလုံး သောတာပန် အရိယာဖြစ်ကြတယ်။ ထို့နောက် ပုဏ္ဏားကြီးဇနီးမောင်နှံက မြတ်စွာဘုရားသာကေတမြို့မှာ သီတင်းသုံးနေထိုင်သမျှကာလပတ်လုံး ဆွမ်းလုပ်ကျွေးခွင့်တောင်းတာ မြတ်စွာဘုရားလက်မခံဘူး။ အခြားပြည်သူတို့ကလည်း ဘုရားကို လှူဖို့ အခွင့်အရေး ရစေချင်တယ်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထိုသို့ဖြစ်လျှင် ရဟန်းသံဃာများနှင့်တကွ အရှင်ဘုရားတို့ ဆွမ်းခံကြွတော်မူပြီးလျှင် တပည့်တော်တို့ အိမ်မှာ ဆွမ်းဘုဉ်းကြပါ၊တရားဟောတော်မူပါ"လို့ တောင်းပန်လျှောက်ထားတာကို ဘုရားလက်ခံတော်မူတယ်။

ထိုအချိန်ကစပြီး လူအပေါင်းတို့က ပုဏ္ဏားကြီးကို "မြတ်စွာဘုရားရဲ့ ခမည်းတော်"၊ ပုဏ္ဏေးမကြီးကို "မြတ်စွာဘုရားရဲ့ မယ်တော်"လို့ ခေါ်ဝေါ်ကြတယ်။

အရှင်အာနန္ဒာက ဘုရားကို လျှောက်တယ်-"မြတ်စွာဘုရား-ပုဏ္ဏားကြီးဇနီးမောင်နှံတို့ဟာ 'ငါသည် ဘုရားမယ်တော်၊ ငါသည် ဘုရားခမည်းတော်'လို့ ဘာကြောင့် ပြောဆိုကြပါသလဲ"

ဘုရားရှင်က "အာနန္ဒာ-ဒီပုဏ္ဏားကြီးဇနီးမောင်နှံတို့ဟာ ဘဝငါးရာဆက်ကာ ငါဘုရားရဲ့ မယ်တော်, ခမည်းတော်များဖြစ်ခဲ့ကြတယ်။ ဘဝငါး

ရာဆက်ကာ ငါဘုရားရဲ့ မိကြီး, ဖကြီး ဖြစ်ခဲ့ကြတယ်။ ဘဝငါးရာဆက်ကာ ငါဘုရားရဲ့ မိထွေး,ဖထွေးတို့ ဖြစ်ခဲ့ကြတယ်။ ထိုပုဏ္ဏားကြီး ဇနီးမောင်နှံတို့ဟာ ရှေးကဖြစ်ဖူးတဲ့ မေတ္တာအချစ်ထူးဖြင့် ပြောဆိုကြခြင်း ဖြစ်တယ်"

ပုဏ္ဏားကြီးဇနီးမောင်နှံတို့ဟာ ရဟန်းတော်အရှင်မြတ်တို့ထံမှာ ဆည်းကပ်ပြီး သင့်လျော်လျောက်ပတ်တဲ့ တရားဒေသနာကို ကြားနာကြရလို့ အထက်မဂ်သုံးပါးကို ရရှိပြီး ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန် စံဝင်ကြပေတယ်။ ထိုဇနီးမောင်နှံတို့ရဲ့ ဈာပနပွဲမှာ မြတ်စွာဘုရားကြွ လာပြီး ဇရာသုတ်ကို ဟောကြားရာ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့ သစ္စာလေးပါး တရားသိမြင်ပြီး ကျွတ်တမ်းဝင်ကြတယ်။ [၉]

အလွန်ရှည်လျားတဲ့ သံသရာမှာ ကျင်လည်ခဲ့ကြရတဲ့ ဘဝတွေက အလွန်များပြောင်လှတဲ့အတွက် လောကမှာ မိမိရဲ့ မိဘ,သားသမီး,ဆွေမျိုး စသည် မတော်စပ်ခဲ့ဖူးတဲ့ သူမရှိကြောင်းကို "အနမတဂ္ဂသုတ်"မှာ မြတ်စွာ ဘုရား ဤသို့ မိန့်တော်မူတယ်။

*"အို-ရဟန်းတို့၊ အကြင်သူဟာ ရှေးက အမိမဖြစ်ခဲ့စဖူး၊ အကြင်သူဟာ ရှေးက အဘမဖြစ်ခဲ့စဖူး၊ အကြင်သူဟာ အစ်ကိုမဖြစ်ခဲ့စဖူး၊ အကြင် သူဟာ နှမမဖြစ်ခဲ့စဖူး၊ အကြင် သူဟာ သားမဖြစ်ခဲ့စဖူး၊ အကြင်သူဟာ သမီးမဖြစ်ခဲ့စဖူး၊ ထိုဘဝနီးဝေး ရှေးရှေးကာလမိဘစသည်မဖြစ်ဖူးသူကို ရလွယ် တဲ့သဘောမရှိဘူး"*

## ၅ ဝိပဿနာရှုပွားရာမှာ အတိတ်ဘဝများကို မြင်သိခြင်း

သမထဘာဝနာရှုပွားခြင်းဖြင့် အဆင့်မီတဲ့သမာဓိ(သမ္မာသမာဓိ)ကို ထူထောင်ပြီးတဲ့အခါ ပရမတ်ရုပ်တရားများနဲ့ ပရမတ်နာမ်တရားများကို ပိုင်းပိုင်းခြားခြား သိအောင် ရှုဖို့အတွက် ရုပ်ကမ္မဋ္ဌာန်းနဲ့ နာမ်ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းရပါတယ်။ ပရမတ်ရုပ်တရားများဖြစ်ကြတဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောစသည်တို့နှင့် ပရမတ်နာမ်တရားများဖြစ်ကြတဲ့ စိတ်စေ

တသိက်များကို တစ်လုံးချင်းပိုင်းပိုင်းခြားခြားရှုသိတဲ့ ဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။

ဒီဉာဏ်ကို ရရင် ခန္ဓာငါးပါးသာ ရှိတယ်၊ 'ပုဂ္ဂိုလ်, သတ္တဝါ, ငါ, အတ္တ, ဇီဝ'စသည်တို့ မရှိဘူးဆိုတာကို အမြင်ရှင်းသွားလို့ ခန္ဓာငါးပါးအစု ကို 'ငါ'လို့ မှတ်ယူတဲ့ 'သက္ကာယဒိဋ္ဌိ' အယူမှား ကင်းရှင်းသွားတယ်။ စိတ်အစဉ်မှ ဒီအယူမှားကင်းရှင်းသွားခြင်းကို 'ဒိဋ္ဌိဝိသုဒ္ဓိ'လို့ ခေါ်ပါတယ်။

တစ်ဖန် ဆက်ပြီးတော့ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားများနှင့် ပရမတ်ရုပ်တရားများကို ဖြစ်ပေါ်စေတဲ့အကြောင်းတရားများကို မြင်သိအောင်ရှုရပါတယ်။ ကံ,စိတ်,ဥတု, အာဟာရအကြောင်းတစ်ပါးစီကြောင့် ရုပ်တရားများဖြစ်လာတာကို ထင်ထင်ရှားရှားမြင်အောင် ရှုရပါတယ်။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဒွါရတစ်ခုစီနှင့် ဆိုင်ရာအာရုံ ထိတိုက်ကြတဲ့အခါ စိတ်စေတသိက်များ(ဝီထိစဉ်)ဖြစ်လာတာကိုလည်း သေသေချာချာမြင်အောင် ရှုရပါတယ်။

ပြီးတဲ့အခါ "အတိတ်မှာ ငါဖြစ်ခဲ့ဖူးသလား၊ မဖြစ်ခဲ့ဘူးလား၊ ဘာဘဝ, ဘာအမျိုးအနွယ်, ဘာပုံသဏ္ဌာန်ဖြစ်ခဲ့ရသလဲ၊ အနာဂတ်မှာရော ဘဝဖြစ်ဦးမှာလား၊ ဘယ်လိုဘဝ ဘယ်လိုအမျိုးအနွယ်,ဘယ်လိုပုံသဏ္ဌာန် ဖြစ်ရမှာလဲ၊ ဘယ်ဘဝကနေ ယခုဘဝဖြစ်လာတာလဲ၊ ယခုဘဝသေရင် နောင်ဘာဘဝဖြစ်မှာလဲ" စတဲ့အကြောင်းတို့ကို မသိတဲ့အတွက် ယုံမှားသံသယတွေရှိတယ်။ ဒီ ယုံမှားသံသယတွေ ပပျောက်ဖို့အတွက် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်စပ်မှုများကို ပိုင်းပိုင်းခြားခြား မြင်အောင် ရှုရပါတယ်။

*ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးဆက်မှုသဘောကို ဉာဏ်မျက်စိဖြင့် ထိုးထွင်းပြီး ပိုင်းပိုင်းခြားခြား မရှုမြင်ဘဲနှင့် သံသရာဝဋ်ဆင်းရဲကို လွန်မြောက် ကျော်လွှားသွားနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ အိပ်မက်ထဲမှာတောင် မရှိဘူးလို့ ဝိသုဒ္ဓိမဂ်(၂။ ၂၂၁)နှင့်*

*အဘိဓမ္မာအဌကထာ(၂၊ ၁၈၉)တို့မှာ အတိအလင်း ဖွင့်ဆို ထားပါတယ်။*

လယ်တီဆရာတော်ဘုရားကလည်း *"ကမ္မဋ္ဌာန်းကျမ်းကြီး"* (နှာ ၂၄၃)မှာ ကင်္ခါယုံမှားမှု ၁၆ပါး၊ ယုံမှားသံသယ-ဝိစိကိစ္ဆာ ၈-ပါးနှင့် အယူမှားမှုဒိဋ္ဌိအမျိုးမျိုးတို့ ကင်းရှင်းသွားဖို့အတွက် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်မှုများကို အတပ်ထင်ထင် ပိုင်ပိုင်မြင်အောင် ရှုသိရမယ်။ ဒီလိုရှုသိမှ *'ယုံမှားမှုများကို ကျော်လွန်ပြီး စိတ်စင်ကြယ်ခြင်း'* ဆိုတဲ့ *'ကင်္ခါဝိတရဏဝိသုဒ္ဓိ'* စခန်းသို့ ရောက်နိုင်မယ်။ ဒီအကြောင်းကို ဒီလိုသံခိပ်လင်္ကာ ရေးစပ်ထားပါတယ်။

*"နာမရူပ၊ သင်္ခါရ၏၊ ပဋိစ္စဇာတ်၊ သမုပ္ပါဒ်ကို*
*အတပ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ တစ်ဆယ့်ခြောက်ပါးနှင့်၊*
*ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ"*

သမ္မာသမာဓိခေါ် အဆင့်မီတဲ့ သမာဓိထူထောင်ပုံ၊ ပရမတ်ရုပ်နာမ်တရားများကို ပိုင်းပိုင်းခြားခြားသိအောင် ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းရှုပုံ၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးရှုပုံတို့နှင့်တကွ အသေးစိတ်ဝိပဿနာရှုပွားပုံတို့ကို အပြည့်ပြည့်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ များမှာ သင်ပြပေးနေပါတယ်။ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်စပ်မှု များကို မှန်မှန်ကန်ကန် ရှုမြင်ရင် မိမိရဲ့ အတိတ်ဘဝများကိုပါ မြင်သိပြီး အတိတ်ဘဝက ခံစားခဲ့ရတာများကို ယခုပြန်ခံစားနေရတဲ့အတိုင်း တိတိ ကျကျ ရှုမြင်ခံစားနိုင်ကြပါတယ်။ ကိုယ်တိုင်ရှုပွားကြည့်ရန် ဖိတ်ခေါ်ပါ တယ်။ [၁၁]

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံမှာ ဖားအောက်တောရ ဆရာတော်နှင့် ဒေါက်တာမင်းတင်မွန်တို့ တင်ပြခဲ့တဲ့ စာတမ်းနှစ်စောင်ကို စာအုပ်အဖြစ်ရိုက်နှိပ်ထားတဲ့ "သမထဘာဝနာနှင့်ဝိပဿနာဘာဝနာ တို့တွင် အောင်မြင်ပေါက်မြောက်ခြင်း" စာအုပ်ကို ဖတ်ရှုကြည့်ပါ။[၁၀]

ရည်ညွှန်းချက်များ

၁ ဒေါက်တာမင်းတင်မွန်၊ "ရှေးဘဝနောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ" သတ္တမအကြိမ်၊ နှာ ၁၉၆-၂၀၀။
၂ ၎င်းစာအုပ်၊ နှာ ၂၀၀-၂၀၅။
၃ ၎င်းစာအုပ်၊ နှာ ၁၉၂။
၄ ဒေါက်တာမင်းတင်မွန်၊ "ဘဝလမ်းနှစ်သွယ်" တတိယအကြိမ်၊ နှာ ၅၈-၆၁။
၅ ဒေါက်တာမင်းတင်မွန်၊ "ရှေးဘဝနောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ"၊ သတ္တမအကြိမ်၊ နှာ ၂၀၂-၂၀၃။
၆ *Nārada Mahā Thera, "The Buddha and His Teachings", Published by Singapore Buddhist Meditation Centre, pp.236-237.*
၇ ဒေါက်တာမင်းတင်မွန်၊ "ရှေးဘဝနောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ"၊ သတ္တမအကြိမ်၊ နှာ ၁၁၇။
၈ ၎င်းစာအုပ်၊ နှာ ၁၇၀-၁၇၁။
၉ ၎င်းစာအုပ်၊ နှာ ၁၆၅-၁၆၈။
၁၀ *Gina Cerminara, "Many Mansions: The Edgar Cayce Story of Reincarnation," a Signet Book.*
၁၁ ဖားအောက်တောရဆရာတော်နှင့် ဒေါက်တာမင်းတင်မွန်၊ "သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတို့တွင် အောင်မြင် ပေါက်မြောက်ခြင်း" (ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံတွင် တင်ပြ ခဲ့သည့် ဘာဝနာရှုပွားခြင်းစာတမ်းနှစ်စောင်)၊ နှာ ၅၂-

# ၄

# အနာဂတ်ဘဝ အထောက်အထားများ

အတိတ်ဘဝရှိတာကို ယုံကြည်လက်ခံနိုင်ရင် အနာဂတ်ဘဝရှိတာကိုလည်း ယုံကြည်လက်ခံပြီးသား ဖြစ်သွားလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ ယခုပစ္စုပ္ပန်ဘဝဟာ အတိတ်ဘဝရဲ့ အနာဂတ်ဘဝဖြစ်လို့ပါပဲ။

ယခု ပစ္စုပ္ပန်ဘဝကနေ ကွယ်လွန်ပြီးတော့ အနာဂတ်ဘဝဖြစ်ရတဲ့ အထောက်အထားတွေကလည်း အများကြီး ရှိပါတယ်။ အောက်ပါ အထောက်အထားများကို ဒီမှာ အကျဉ်းတင်ပြပါမယ်။

(၁) ပိဋကတ်ကျမ်းဂန်လာ ဘုရားဟောအထောက်အထားများ၊

(၂) အရှင်မဟာမောဂ္ဂလာန်၏ စူးစမ်းလေ့လာမှုများ၊

(၃) အကြားအမြင်ရသူများမှတစ်ဆင့် သေပြီးသူများနှင့် ဆက်သွယ်ခြင်း၊

(၄) သေပြီးသူများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း၊

(၅) ဒိဗ္ဗစက္ခုအဘိညာဏ်၊ ယထာမ္မုပဂအဘိညာဏ်၊ အနာဂတံသအဘိညာဏ်တို့ဖြင့် အနာဂတ်ဘဝများကို သိခြင်း။

၁ ပိဋကတ်ကျမ်းဂန်လာ ဘုရားဟောအထောက်အထားများ

(၁) မြတ်စွာဘုရားအား ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူ

ဒါန်းခဲ့တဲ့ အနာထပိဏ်သူဌေးဟာ ကွယ်လွန်တဲ့အခါ တုသိတာနတ်ပြည်မှာ နတ်သားဖြစ်တယ်။ သန်းခေါင်ယံအချိန်မှာ အနာထပိဏ်နတ်သားဟာ ဇေတဝန်ကျောင်းတစ်ခုလုံးကို တောက်ပစေတယ်၊ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ရိုသေစွာ ရှိခိုးတယ်၊ သင့်လျော်ရာအရပ်မှာ ရပ်တည်ပြီးတော့ "ဇေတဝန်ကျောင်းဟာ ရဟန်းအပေါင်းတို့ရဲ့ အမြဲသီတင်းသုံးရာလည်း ဖြစ်တယ်၊ တရားမင်းဖြစ်တော်မူတဲ့ မြတ်စွာဘုရားရဲ့ သီတင်းသုံးရာလည်း ဖြစ်တယ်၊ ဒါကြောင့် အကျွန်ုပ်အား နှစ်သက်ခြင်း 'ပီတိ'ကို ဖြစ်စေတယ်" စသည်ဖြင့် လျှောက်ထားကြောင်း မြတ်စွာဘုရားက ရဟန်းတို့အား မိန့်ကြားတော်မူတယ်။ ၁

(၂) မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ် သာဝတ္ထိမြို့က အလွန်ကပ်စေးနှဲတဲ့ ပုဏ္ဏားသူဌေးကြီး 'အဒိန္နပုဗ္ဗက'ရဲ့သား 'မဋ္ဌကုဏ္ဍလီ'ဟာ အသားဝါပြီး အစာမကြေရောဂါဖြစ်တယ်။ ပုဏ္ဏားက ငွေကုန်မှာစိုးလို့ ဆေးဆရာမခေါ်ဘဲ ဆေးနည်းမေးပြီး ကုသတာ မသက်သာဘဲ ရောဂါတိုးလာတယ်။ ဒီတော့မှ ဆေးဆရာတစ်ဦးကို ပင့်တယ်။ ဆေးဆရာက ကုသလို့ မရကြောင်း သိလို့ "မိမိမှာကိစ္စရှိလို့ အခြား ဆရာတစ်ဦးကို ပင့်ပါ" ပြောပြီး ထွက်ခွာသွားတယ်။

ပုဏ္ဏားကြီးက သူ့အိမ်တွင်းပစ္စည်းများကို လူမမာမေးလာသူတွေ မြင်မှာစိုးလို့ လူမမာကို အိမ်အပြင်ဘက် ဆင်ဝင်သို့ ထုတ်ထားတယ်။ မြတ်စွာဘုရားက နံနက်စောစော လောကကို ရှုကြည့်တော့ မဋ္ဌကုဏ္ဍလီကို မြင်တယ်။ သူဌေးသားက မိစ္ဆာအယူရှိလို့ ၁၆နှစ်အရွယ်ရောက်နေပေမယ့် ဘာကုသိုလ်ကောင်းမှုမှ မပြုထားဘူး။ ဒါကြောင့် မကြာခင်သေတဲ့အခါ အပါယ်ကျမှာကို မြတ်စွာဘုရား မြင်သိတော်မူလို့ မြို့ထဲ ဆွမ်းခံကြွဝင်လာတဲ့အခါ ပုဏ္ဏားသူဌေးရဲ့ အိမ်ပေါက်မှာ ရပ်တော်မူတယ်။ ပြီးတော့ မဋ္ဌကုဏ္ဍလီ မြင်လောက်အောင် ရောင်ခြည်တော်ကို လွှတ်တော်မူတယ်။

အလွန်ကျက်သရေရှိတဲ့ မြတ်စွာဘုရားကို မဋ္ဌကုဏ္ဍလီဖူးမြင်ရတဲ့အခါ

လက်အုပ်ချီနိုင်လောက်အောင် အားမရှိလို့ စိတ်ဖြင့်သာ ကြည်ညိုရရှာတယ်။ မြတ်စွာဘုရားကို ခဏကလေး ကြည်ညိုစိတ်ဖြစ်သွားရင်ပဲ မဟာကုသိုလ်စိတ်တွေ ကုဋေသိန်းချီ ဖြစ်ပေါ်ပြီး ကုသိုလ်ကံတွေ ကုဋေသိန်းချီ စိတ်အစဉ်မှာ ကျန်ရစ်တယ်။ သေခါနီးပြုတဲ့ဒီကုသိုလ်ကံတွေ အကျိုးပေးတော့မယ်ဆိုတာ မြတ်စွာဘုရားသိတော်မူလို့ ဆက်လက်ဆွမ်းခံကြွတယ်။ မဋ္ဌကုဏ္ဍလီက မျက်စိတစ်ဆုံး ဘုရားကို ကြည်ညိုရင်း သေလွန်တော့ တာဝတိံသာနတ်ပြည်မှာ နတ်သမီးတစ်ထောင် ခြံရံတဲ့ ရွှေဗိမာန်မှာ နတ်သား သွားဖြစ်တယ်။

*မဋ္ဌကုဏ္ဍလီဟာ သေခါနီးအချိန်မှာ ဘုရားကို စိတ်ဖြင့် ကြည်ညိုလိုက်ရရုံမျှနှင့် ကြီးကျယ်တဲ့ နတ်စည်းစိမ်ကို ရတယ်ဆိုတော့ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် အားရပါးရ နှစ်ခြိုက်စွာ မြတ်စွာဘုရားကို တစ်သက်လုံး ကြည်ညိုဆည်းကပ်ရင် ပြောပြလို့မကုန်နိုင်အောင် ကြီးကျယ်တဲ့ အကျိုးကျေးဇူးတွေ ရရှိမှာ သေချာတာပေါ့။*

ကပ်စေးနှဲသူဌေး ပုဏ္ဏားကြီးက သားသေပြီးတော့မှ သုသာန်မှာ နေ့တိုင်းသွားငိုတယ်။ မဋ္ဌကုဏ္ဍလီနတ်သားက မြင်လို့ လူပြည်ဆင်းလာပြီး မဋ္ဌကုဏ္ဍလီသတို့သားပုံ ဖန်ဆင်းပြီး ပုဏ္ဏားနဲ့ ပြိုင်ငိုတယ်။ ပုဏ္ဏားက မြင်တော့ "မင်းဟာ ငါ့သားနဲ့ သိပ်တူတာပဲ၊ မင်းဘာကြောင့် ငိုသလဲ"လို့ မေးတယ်။

"ကျွန်တော့်မှာ ရွှေလှည်းရှိတယ်၊ လှည်းဘီးမရှိလို့ ငိုတာပါ"

"ဟာ- ငါလှည်းဘီးလုပ်ပေးမယ်၊ ရွှေလှည်းဘီး ယူမလား၊ ငွေလှည်းဘီးယူမလား"

"ရွှေလှည်းဘီး၊ ငွေလှည်းဘီးတွေကို မလိုချင်ဘူး။ နေနဲ့လကို လှည်းဘီးလုပ်ဖို့ လိုချင်တယ်"

"ဟာ-မင်းဟာ တယ်မိုက်တာပဲ၊ နေနဲ့လကို ဘယ်ယူလို့ ရပါ့မလဲ။

မရနိုင်တာကို လိုချင်ပြီး ငိုနေတာ ဘာအကျိုးရှိမှာလဲ”

“ကျွန်တော်က မြင်နေတဲ့ နေနဲ့လကို လိုချင်လို့ ငိုနေတာ။ ခင်ဗျားက သေသွားလို့ မမြင်ရတော့တဲ့ သားကို ပြန်လိုချင်လို့ ငိုနေတာ။ ကျွန်တော်တို့ နှစ်ယောက်ထဲက ဘယ်သူပိုမိုက်သလဲ”

“အေး-အေး ငါပိုမိုက်ပါတယ်။ ဒါနဲ့ မင်းကဘယ်သူလဲ”

“ကျွန်တော်က သေသွားတဲ့ ခင်ဗျားရဲ့သား မဋ္ဌကုဏ္ဍလီပဲ”

“မင်း ဘယ်ရောက်နေတာလဲ”

“တာဝတိံသာနတ်ဘုံမှာ နတ်သားဖြစ်နေတယ်”

“မင်း ဘာကောင်းမှုလုပ်ထားလို့ နတ်သားဖြစ်ရတာလဲ”

“ကျွန်တော် မသေခင် မြတ်စွာဘုရားကို ဖူးမြင်ပြီး ကြည်ညိုစိတ်ဖြစ်လို့ပါ။ ခင်ဗျားလည်း ရွှေငွေတွေကို နှမြောမနေနဲ့၊ မြတ်စွာဘုရားနှင့် သံဃာများကို ဆွမ်းလှူပါ”

ပုဏ္ဏားသူဌေးကြီးက မြတ်စွာဘုရားနဲ့ ရဟန်းတော်များကို ဆွမ်းပင့်ဖိတ်တော့ မြတ်စွာဘုရားလက်ခံတော်မူတယ်။ ကပ်စေးနှဲ သူဌေးကြီးက ဘုရားနှင့် သံဃာကို ဆွမ်းလှူမယ်ဆိုလို့ သာဝတ္ထိမြို့သူမြို့သားတွေ စိတ်ဝင်စားပြီး လာကြည့်ကြတယ်။ မြတ်စွာဘုရားက *‘တရားဟူသမျှ စိတ်ကသာ ရှေ့ဆောင်ဖြစ်တယ်’*ဆိုတဲ့ *“မနောပုဗ္ဗင်္ဂမာဓမ္မာ”* တရားကို ဟောကြားလို့ ပုဏ္ဏားသူဌေးနဲ့ မဋ္ဌကုဏ္ဍလီနတ်သားတို့ သောတာပန်ဖြစ်ကြတယ်။ ကျန်ပရိသတ် ရှစ်သောင်းလေးထောင်တို့လည်း တရားထူးရကြတယ်။ ၂

(၃) အခါတစ်ပါးမှာ စမ္ပါပြည် ဂဂ္ဂရာရေကန် အနီးရှိ တရားမဏ္ဍပ်မှာ ညနေချမ်းအချိန် ဘုရားတရားဟောတော်မူတယ်။ ဖားငယ်တစ်ကောင်ဟာ ရေကန်မှတက်ပြီး တရားသံကို ကြည်ညိုလေးမြတ်ကာ ပရိသတ်အစွန်အဖျားမှာ ဝပ်လျက် နာယူတယ်။ အဲဒီအခါ နွားကျောင်းသားတစ်ယောက်က ပရိသတ်နောက် ရောက်လာပြီး တုတ်နှင်တံကို ထောက်လိုက်တာ ဖားငယ်ရဲ့ ဦးခေါင်းပေါ်မှာ ထောက်မိလို့ ဖားငယ်သေရှာတယ်။ သေတာနဲ့

တစ်ပြိုင်နက် တာဝတိံသာ နတ်ပြည်မှာ နတ်သားဖြစ်တယ်။ တစ်ဆယ့်နှစ်ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ နတ်သမီးအပေါင်းခြံရံလျက် နတ်စည်းစိမ်ကို ခံစားရတယ်။

ဖားငယ်ဘဝမှ တရားကြည်ညိုတဲ့ ကုသိုလ်ကြောင့် နတ်သားဖြစ်ရတာကို ဆင်ခြင်မိလို့ ဖားနတ်သားဟာ ဗိမာန်နှင့်တကွ ဘုရားထံလာရောက်ပြီး ရှိခိုးတယ်။ မြတ်စွာဘုရားက ဖားငယ်ရဲ့ဘဝဖြစ်စဉ်ကို သိလျက်နဲ့ "သင်ဘယ်သူလဲ"လို့ မေးတယ်။

"တပည့်တော်က ဂဂ္ဂရာရေကန်မှာ နေတဲ့ ဖားငယ်ပါ။ အရှင်ဘုရားတို့ရဲ့ တရားသံကို ကြည်ညိုနေစဉ် သေဆုံးသွားလို့ နတ်သားဘဝဖြစ်ရပါတယ်ဘုရား"

မြတ်စွာဘုရား သုံးကြိမ်မေးလို့ ဖားနတ်သားက သုံးကြိမ်ဖြေတယ်။ တရားနာပရိသတ်အပေါင်းတို့က တရားနာရတဲ့ ဒိဋ္ဌအကျိုးကို သိမြင်ရလို့ အလွန်ဝမ်းမြောက်အားရကြတယ်။ မြတ်စွာဘုရားက တရားအကျယ်ဟောကြားရာ ပရိသတ်ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါးတရားသိမြင်ပြီး ကျွတ်တမ်းဝင်ကြတယ်။ ဖားနတ်သားလည်း သောတာပန် ဖြစ်သွားပါတယ်။ ၃

(၄) ဇေတဝန်ကျောင်းတော်နှင့် မနီးမဝေးမှာ နေထိုင်တဲ့ တောဒေယျ ပုဏ္ဏားဟာ ငွေ ၄၇ ကုဋေချမ်းသာကြွယ်ဝပါသော်လည်း တစ်ပြားတစ်ကျပ်မှ မလှူဘူး။ သူသေတော့ သူစွဲလမ်းတဲ့ သူ့အိမ်မှာ ခွေးဖြစ်ပါတယ်။ ခွေး က သူ့အတိတ်ဘဝကို မှတ်မိတော့ သူ့သားသုဘလုလင်နောက်ကို တကောက် ကောက် လိုက်တယ်။ သုဘလုလင်က ခွေးကို ချစ်လာတော့ အိပ်ရာမှာ အိပ်စေပြီး အစားအသောက်ကောင်းကောင်း ကျွေးတယ်။

မြတ်စွာဘုရားက ဒီအကြောင်းများကို သိတော့ ဆွမ်းခံကြွတဲ့အခါ သုဘလုလင်အိမ်ရှေ့ကနေ ဖြတ်လျှောက်သွားတယ်။ ခွေးက ထွက်ဟောင်တယ်။ မြတ်စွာဘုရားက ရပ်တန့်ပြီး "ဟဲ့ တောဒေယျ၊ မင်းက လူ့ဘဝ

တုန်းကလည်း ငါ့ကို မကြည်ညိုဘူး။ ယခုခွေးဖြစ်တော့လည်း ငါ့ကို ဟောင်တယ်”လို့ ပြောလိုက်တယ်။

ခွေးက “ငါ့အကြောင်းကို ရဟန်းဂေါတမ သိနေပြီ၊ ရှက်စရာကောင်းလိုက်တာ”လို့ တွေးပြီး အိမ်ခြံထဲဝင်တယ်၊ ပြီးတော့ စိတ်ညစ်ညစ်နဲ့ ပြာပုံပေါ်မှာ အိပ်ချတယ်။ သုဘလုလင်ပြန်လာတော့ “ဟဲ့ ငါ့ခွေး၊ ဘာကြောင့် ပြာပုံပေါ် အိပ်နေရတာလဲ”လို့ တပည့်များကို မေးတယ်။

“မှန်လှပါသူဌေးမင်း၊ ရဟန်းဂေါတမက သူ့ကို တောဒေယျလို့ ခေါ်လိုက်လို့ပါ”

“ရဟန်းဂေါတမဟာ ငါ့အဖေသေပြီး ခွေးဖြစ်တယ်လို့ စွပ်စွဲတာပဲ၊ ငါမခံဘူး၊ သွားရှင်းမယ်” ဆိုပြီး သုဘလုလင်က ဒေါနဲ့မောနဲ့ ဇေတဝန်ကျောင်းသို့သွားတယ်။

မြတ်စွာဘုရားက သုဘလုလင်လာမှာကို သိလို့ စောင့်နေပါတယ်။ သုဘလုလင်ချဉ်းကပ်လာတော့ “သုဘလုလင် သင့်အဖေချန်ခဲ့တဲ့ ရွှေအိုးလေးလုံးကို သင်ရပြီလား”လို့ မေးလိုက်တယ်။

သုဘလုလင်က သူ့ဖခင် ချန်ပေးခဲ့တဲ့ ငွေကုဋေများစွာကို ရလိုက်ပေမယ့် ရွှေအိုးလေးလုံးကို မရသေးဘူး။ ဒီရွှေအိုးတွေကို သူရှာနေမှန်းသိလို့ ဘုရားမေးလိုက်တာပါပဲ။ သူစိတ်ဝင်စားနေတာကို ဘုရားမေးလိုက်လို့ သူ ဒေါသပြေပြီး “မရသေးပါဘူး”လို့ ဖြေတယ်။

“ဒီရွှေအိုးတွေကို သင်ရချင်တယ်ဆိုရင် သင်ပြန်ပြီး သင့်ခွေးကို အစာကောင်းတွေ ဝဝကျွေးပါ။ အိပ်ချင်မူးတူး ဖြစ်လာတဲ့အခါ ခွေးကျောကုန်းကို လက်နဲ့ပုတ်ပြီး “အဖေ၊ အဖေ မသေခင် ရွှေအိုးတွေ ဘယ်မှာမြှုပ်ခဲ့သလဲ”လို့ မေးပါ၊ သူဖြေပြလိမ့်မယ်”

သုဘလုလင်က ရွှေအိုးလိုချင်တဲ့ဇောနဲ့ အိမ်ပြန်သွားပြီး ခွေးကို အစာဝဝကျွေးတယ်။ အိပ်ချင်မူးတူးဖြစ်လာတဲ့အခါ ခွေးကျောကုန်းကို လက်နဲ့ပုတ်ပြီး ‘အဖေ၊ အဖေ မသေခင် ရွှေအိုးတွေကို ဘယ်မှာမြှုပ်ခဲ့သလဲ’လို့

ဘုရားမှာတဲ့အတိုင်း မေးတယ်။ လူတွေက ရွှေအိုးလိုချင်တော့ ခွေးကိုလည်း အဖေခေါ်တာပဲနော်။

ခွေးက သူ့သား သူ့ကို အဖေခေါ်လို့ သိပ်ဝမ်းသာသွားပြီး ထခုန်တယ်။ သူ့ရွှေအိုးတွေမြှုပ်ထားတဲ့နေရာများသို့ ပြေးသွားပြီး လက်နဲ့ ယက်ပြတယ်။ သုဘလုလင်က တပည့်တွေကို မြေတူးခိုင်းလိုက်တဲ့အခါ ရွှေအိုးလေးလုံးကို ရပါတယ်။ မြတ်စွာဘုရားကို သူ့ရန်မမူတော့ဘဲ မြတ်စွာဘုရားကို ကြည်ညိုတဲ့ ဥပါသကာတစ်ဦးဖြစ်လာပါတယ်။ [၄]

(၅) ဇေတဝန်ကျောင်းတော်က တိဿရဟန်းဟာ သူ့နှမလှူဒါန်းလိုက်တဲ့ သင်္ကန်းကို စွဲလမ်းပြီး ပျံလွန်လို့ အဲဒီသင်္ကန်းမှာ သန်းသွားဖြစ်တယ်။ သီတင်းသုံးဖော်များက သူ့သင်္ကန်း ပရိက္ခရာတို့ကို ခွဲဝေယူဖို့ စီစဉ်ကြတဲ့အခါ သန်းက "ငါ့သင်္ကန်းကို မပေးဘူး"လို့ အော်တယ်။ မြတ်စွာဘုရားက ဂန္ဓကုဋိတိုက်ကနေ သန်းအော်သံကို ကြားလို့ ရဟန်းတို့ကို (၇) ရက် ကျော်လွန်တော့မှ ခွဲဝေယူကြဖို့ အမိန့်ပေးတယ်။ (၇)ရက်လွန်မြောက်တော့ သန်းက ဘဝတစ်ပါးသို့ ကူးပြောင်းသွားတယ်။

## ၂ အရှင်မဟာမောဂ္ဂလာန်ရဲ့ စူးစမ်းလေ့လာမှုများ

ဂေါတမမြတ်စွာဘုရားရဲ့ လက်ဝဲရံအဂ္ဂသာဝကဖြစ်တော်မူတဲ့ အရှင်မဟာမောဂ္ဂလာန်ဟာ တန်ခိုးအဘိညာဏ်အရာမှာ ဧတဒဂ်ရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အရှင်မဟာမောဂ္ဂလာန်က နတ်ပြည်သို့လည်း မကြာခဏသွားတယ်။ အပါယ်ဘုံသို့လည်း သွားတယ်။ ဘာသွားလုပ်သလဲလို့မေးရင် နတ်တွေ ပြိတ္တာတွေနှင့် တွေ့ဆုံမေးမြန်းဖို့ *'အင်တာဗယူး'* (interview) လုပ်ဖို့ သွားတာပဲ။

(၁) နတ်သားနတ်သမီးတို့နှင့် တွေ့ရင် "ဘယ်အကြောင်းကြောင့် ကြီးကျယ်တဲ့ စည်းစိမ်ကို ရသလဲ"လို့ မေးတယ်။ အတိတ်ဘဝက ဘယ်လို ကုသိုလ်ကောင်းမှုလုပ်ခဲ့လို့ ယခု ကြီးကျယ်တဲ့စည်းစိမ်ခံစားရတယ်စတဲ့ အဖြေများကို သိပြီးရင် လူ့ပြည်မှာ ပြန်ဟောတယ်။

တစ်ကြိမ်မှာ တာဝတိံသာနတ်ပြည်မှာ သူ ယခင်မမြင်ဖူးတဲ့ အင်မတန် လှပခံ့ညားထည်ဝါတဲ့ ဗိမာန်ကြီးတစ်ဆောင်ကို မြင်တော့ ဝင်မေးတယ်။ ပိုင်ရှင်နတ်သမီးက "လူ့ပြည်မှာ ဝိသာခါကျောင်းအစ်မက ပုဗ္ဗာရုံကျောင်းကိုဘုရားသို့ လှူဒါန်းပြီး အမှုဝေတဲ့အခါမှာ သာဓု-သာဓုခေါ်ဆိုခဲ့ရတဲ့ ကောင်းမှုကြောင့် ဒီခမ်းနားထည်ဝါတဲ့ ဗိမာန်ကိုရခြင်းဖြစ်တယ်လို့ ဖြေ တယ်။

(၂) အရှင်မဟာမောဂ္ဂလာန်ဟာ အပါယ်ဘုံများသို့လည်း သွားပြီးတော့ ဘယ်အကြောင်းကြောင့် ဆင်းရဲဒုက္ခခံနေရသလဲလို့ မေးမြန်းတယ်။ ငရဲသားပြိတ္တာတို့က အတိတ်က ဘယ်လိုမကောင်းမှုတွေ လုပ်ခဲ့လို့ ယခုအပါယ်ဘဝရောက်နေကြောင်း ပြောပြလို့ အဖြေတွေသိရတဲ့အခါ လူ့ပြည်မှာ ပြန်ဟောပြတယ်။

ပေတဝတ္ထုတစ်ခုမှာ အမျိုးသားတစ်ယောက်က ဇနီးနှစ်ယောက်ယူထားတယ်။ ဇနီးငယ်က ပိုလှပနုပျိုတော့ ဒီဇနီးငယ်ကို ခင်ပွန်းက ပိုအရေးစိုက်တယ်။ ဒါကို ဇနီးကြီးက မနာလိုမနှစ်သက်ဘူး။ ဇနီးငယ်အလှမဆင်နိုင်အောင် ဇနီးငယ်ရဲ့ အဝတ်အစားသစ်လှလှတွေနဲ့ အလှပြင်ပစ္စည်းများကို ဇနီးကြီးက ခိုးယူတယ်။ ဒါပေမယ့် ခင်ပွန်းက ဇနီးငယ်ကိုပဲ ပိုအလေးထားနေလို့ တစ်ညဥ့်မှာ ဇနီးငယ်ရဲ့ အိပ်ရာပေါ်ကို ခွေးလေးယားမှုန့် ဖြူးလိုက်တယ်။ ဇနီးငယ်အိပ်တော့ တစ်ကိုယ်လုံးယားယံပြီး အဖုအကျိတ်တွေ ထွက်လာတယ်။ အော်ငိုရတာပေါ့။

ဇနီးကြီးက မကြာခင်သေတော့ ပြိတ္တာမဖြစ်တယ်။ အချို့ပြိတ္တာများနဲ့ နတ်တွေက ဥပပါတ်ပဋိသန္ဓေနဲ့ ဘဝသစ်ဖြစ်ကြလို့ အတိတ်ဘဝမှ သေတာနဲ့တစ်ပြိုင်နက် ယခုဘဝမှာ ဘဝသစ် ဘွားခနဲ ဖြစ်တာပါ။

တစ်ညနေမှာ ဇနီးငယ် ရေချိုးနေတဲ့အခါ ပြိတ္တာမက ပိုယ်ထင်ပြတယ်။ အင်မတန်အကျည်းတန် အရုပ်ဆိုးပြီး ကြောက်စရာကောင်းလို့ ဇနီးငယ်က ထိတ်လန့်ကာ မေ့မျောသွားမလို ဖြစ်တယ်။

"ညီမ-မကြောက်နဲ့၊ မကြောက်နဲ့၊ မမပါ-မမပါ၊ ငါသေပြီး ပြိတ္တာမ ဖြစ်နေတာ။ နင့်အဝတ်အစားတွေ ခိုးယူခဲ့လို့ ယခုငါ့မှာ ဘာအဝတ်အစား မှ မရှိဘူး။ နင့်ကို ခွေးလေးယားမှုန့်နဲ့ အဖုအကျိတ်တွေ ထွက်အောင်လုပ် ခဲ့လို့ ယခု ငါ့တစ်ကိုယ်လုံးမှာ အဖုအကျိတ်တွေနဲ့ ယားယံနေတယ်။ ပြီးတော့ ငါဘာမှ မစားရမသောက်ရဘူး။ မမကို ကူညီပါ။ ရဟန်းသံဃာတို့ကို ဆွမ်းလှူ၊ သင်္ကန်းလှူပြီး မမကို အမျှပေးဝေပါ'လို့ ပြိတ္တာမက ပြောတယ်။

အတိတ်က အကုသိုလ်ကံကြောင့် ပြိတ္တာဖြစ်ရပြီးတော့ ဘာမှ မစားရ မသောက်ရ မဝတ်ရတဲ့အတွက် အလွန်ဆင်းရဲပါတယ်။ ဆွေမျိုးတွေက ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေတာကို သာဓုခေါ်နိုင်ရင် ပြိတ္တာဘဝမှ လွတ်ပြီး အစားအသောက်နဲ့ အဝတ်အစားတွေကို ရရှိနိုင်ပါတယ်။ အကုသိုလ်ကံ, ကုသိုလ်ကံတို့က အလွန်အစွမ်းထက်ပြီး စွမ်းအားကြီးပါ တယ်။

၃ အကြားအမြင်ရသူများမှတစ်ဆင့် သေပြီးသူများနှင့် ဆက် သွယ်ခြင်း

အချို့လူသားတို့ သေလွန်ကြတဲ့အခါ ဤကမ္ဘာမြေပေါ်မှာပဲ နတ် သို့မဟုတ် ပြိတ္တာဖြစ်နိုင်တယ်။ နတ်ဆိုတာက အောက်စတုမဟာရာဇ်နတ် ကို ဆိုပါတယ်။ အောက်စတုမဟာရာဇ်နတ်များအနက်က ရုက္ခစိုး, ဘုမ္မစိုးနတ်တို့ဟာ ကိုယ်ပိုင် ဘုံဗိမာန်များ ရှိပြီး တန်ခိုးအသင့်အတင့် ရှိကြတယ်။ ဒီနတ်တို့ကို မှီခိုပြီးတော့ သစ်ပင်, ချုံပိတ်ပေါင်း, လှိုဏ်ရိုး, မြောင် ရိုး, လိုဏ်အို, ဂူအို, ကျောင်းပျက်, ကန်ပျက်, သုသာန်သင်္ချိုင်း စသည်တို့ မှာ ကပ်ရပ်မှီတွယ် ဆင်းဆင်းရဲရဲ နေကြရတဲ့ ဘုံမဲ့နတ်များကို ဘုမ္မသိတ နတ်များလို့ ခေါ်တယ်။ ခေတ်အခေါ် အားဖြင့် သူတို့ကို ဘုတ်, မှင်စာ, တစ္ဆေ, သရဲ, အစိမ်း, သဘက်, ဘီလူးစသည်ဖြင့် ခေါ်ကြတယ်။

ဒီဘုံမဲ့နတ်တို့ဟာ နတ်ပြိတ္တာကလေးများ ဖြစ်ကြတယ်။ ချမ်းသာ အပေါင်းမှ ရွေ့လျောကင်းကွာတတ်တဲ့အတွက် သူတို့ဟာ ဝိနိပါတိက

အသုရာများလို့လည်း အမည်တွင်ကြတယ်။

ဝိနိပါတိက နတ်ပြိတ္တာကလေးများဟာ လမ်းအသွယ်သွယ်နှင့် အိမ်ကြိုအိမ်ကြားများမှာ အမြောက်အမြား ရှိကြတယ်။ ထမင်းစေ့, ဟင်းဖတ်, အချွဲ, သလိပ်, နှပ်စသည်တို့ကို လိုက်လံကောက်စားကြရတယ်။ လူတို့အောက် အဆင့်နိမ့်ကြလို့ လူတို့က ခွင့်မပြုရင် အိမ်ဝင်း, အိမ်တွင်းသို့ မဝင်နိုင်ကြဘူး။ လူတို့ထက် သာလွန်တဲ့ အစွမ်းတစ်ရပ်က ကမ္မဇိဒ္ဓိ တန်ခိုး (ကံကြောင့် ဖြစ်တဲ့ တန်ခိုး)ဖြင့် ကိုယ်ဖျောက်နိုင်ခြင်း ဖြစ်တယ်။ ဒီတန်ခိုးဖြင့် သူတို့ကို လူတို့ အန္တရာယ်မပြုနိုင်အောင် ကာကွယ်ထားနိုင်ကြတယ်။

လူတို့မှာ အဆင့်အတန်းအမျိုးမျိုး, စိတ်ထားအမျိုးမျိုး ရှိသလို နတ်တို့မှာလည်း အဆင့်အတန်းအမျိုးမျိုး၊ စိတ်ထားအမျိုးမျိုး ရှိကြတယ်။ အများအားဖြင့် မသေခင်က လူရဲ့ စိတ်ထားနဲ့ သေပြီး နတ်ဖြစ်တဲ့အခါ နတ်ရဲ့ စိတ်ထားတို့က ဆင်တူကြလိမ့်မယ်။ စိတ်ထားကောင်းမွန်ပြီး ကူညီတတ်တဲ့ နတ်ကောင်းများရှိသလို စိတ်ထားယုတ်ညံ့ပြီး နှောင့်ယှက်တတ်တဲ့ နတ်မိစ္ဆာများလည်း ရှိကြတယ်။

လူတို့ သေဆုံးပြီးနောက် ကျန်ရစ်တဲ့ ဆွေမျိုးသားချင်းတို့နှင့် ပြန်လည် ဆက်သွယ်နိုင်တဲ့ဘဝများဟာ နတ်ဘဝနှင့် ပြိတ္တာဘဝတို့ ဖြစ်ကြတယ်။ လူ့ဘုံနှင့် ဆက်စပ်လျက် လူတို့ရဲ့ အနီးဝန်းကျင်မှာ နေထိုင်ကြတဲ့ ရုက္ခစိုးနတ်, ဘုမ္မစိုးနတ်, ဘုမ္မသိတနတ်စတဲ့ နတ်များနှင့် ပရဒတ္တူပဇီဝိတ ပြိတ္တာ များဖြစ်ကြတယ်။ ပြိတ္တာတွေက အပါယ်ဘုံသားများဖြစ်ကြလို့ ပိုပြီးဆင်းရဲငတ်ပြတ်ကြတယ်။ ပြိတ္တာအမျိုးမျိုးရှိတဲ့အနက်က ပရဒတ္တူပဇီဝိတပြိတ္တာများပဲ လူတို့နှင့် ဆက်သွယ်နိုင်ပြီး အမျှအတန်းပေးဝေရင် သာဓုခေါ်နိုင်ကြတယ်။

ဘုမ္မသိတ နတ်များနှင့် ပြိတ္တာများဟာ ဥပပါတ်ပဋိသန္ဓေနဲ့ ကိုယ်အထင်အရှား ဘွားခနဲလည်း ဖြစ်နိုင်တယ်။ မိဘတို့ ပေါင်းသင်းဆက်ဆံပြီး ကိုယ်ဝန်ရလာပြီးနောက် မွေးဖွားတဲ့ ဇလာဗုဇပဋိသန္ဓေနဲ့လည်း ဖြစ်နိုင်ကြတယ်။

နတ်များ, ပြိတ္တာများကို သာမန်လူတို့ မျက်စိဖြင့် ကြည့်လို့ မမြင်နိုင်ဘူး။ ဥပပါတ်ပဋိသန္ဓေနဲ့ ဘွားခနဲဖြစ်တဲ့အခါမှာ အဓိကအားဖြင့် ကံကြောင့်ဖြစ်တဲ့ရုပ် = ကမ္မဇရုပ်တွေ ဖြစ်ပါတယ်။ ဒီရုပ်များက နူးညံ့သိမ်မွေ့လို့ မမြင်နိုင်, မထိတွေ့နိုင်ဘူး။ တန်ခိုးသေးနုပ်ကြတဲ့ နတ်တွေပြိတ္တာတွေဟာ လူမြင်အောင် ကိုယ်ထင်မပြနိုင်ကြဘူး။ တန်ခိုးအသင့်အတင့်ရှိတဲ့ နတ်တွေ ပြိတ္တာတွေက ကိုယ်ထင်ပြနိုင်ကြပါတယ်။

လမ်းများပေါ်နှင့် အိမ်ကြိုအိမ်ကြားများမှာ ဝိနိပါတိကနတ်များနှင့် ပြိတ္တာတွေအများကြီး ရှိပေမယ့် လူသားရဲ့ သာမန်မျက်စိက သူတို့ကို မမြင် နိုင်ဘူး။ ဝရစိတ်ပညာတန်ခိုးရှိအောင် လေ့ကျင့်ထားရင်ဖြစ်ဖြစ်၊ အဆင့်မီ တဲ့ သမာဓိရှိလာအောင် သမထဘာဝနာရှုပွားထားရင်ဖြစ်ဖြစ်၊ နတ်တွေ ပြိတ္တာတွေကို မြင်တွေ့နိုင်ပါတယ်။

ပြီးတော့ ကမ္ဘာတစ်ဝန်းလုံးမှာပဲ မွေးရာပါစွမ်းရည်သတ္တိတစ်ရပ် အနေနဲ့ နတ်, ပြိတ္တာတွေကို မြင်တွေ့နိုင်ပြီး သူတို့နဲ့ စကားပြောဆို ဆက်သွယ်နိုင်တဲ့ လူတွေ ရှိကြတယ်။ မွေးရာပါစိတ်တန်ခိုး(psychic power) ရှိလာကြတဲ့ လူတွေပဲ။ သူတို့ကို ပရစိတ်ပညာတန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တွေ သို့မဟုတ် အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်တွေလို့လည်း ခေါ်ကြတယ်။

ထင်ရှားကျော်ကြားကြတဲ့ ပုဂ္ဂိုလ်အချို့က အမေရိကန်ပြည်ထောင်စုမှ မစ္စက်လီယိုနိုရာပိုက်ပါ(Mrs. Leonora Piper) နှင့် ဒေါက်တာအယ်လစ္စဘက်ကူဘလာရော့စ်(Dr. Elisabeth Kubler-Ross)၊ အင်္ဂလန်က အက်စတယ်ရောဘတ်(Estelle Robert) တို့ ဖြစ်ကြပါတယ်။ ၁

## ကျေးရူးရှင်ကြီးဖြူဖြစ်တဲ့ မစ္စက်လီယိုနိုရာပိုက်ပါ

(၁) မစ္စက်လီယိုနိုရာပိုက်ပါက အသက် ၂၂နှစ်အရွယ်မှာ ဝီလျံပိုက်ပါ နှင့် အိမ်ထောင်ကျတယ်၊ နောက်သုံးနှစ်ကြာတော့ သမီးတစ်ယောက် ရတယ်။ အဲဒီအခါ ဒဏ်ရာပေါင်းတစ်ခု ရန်ရှာလာလို့ အကြားအမြင်ရတဲ့ မျက်ကန်းတစ်ဦးထံ သွားရောက်တိုင်ပင်တယ်။ ထိုမျက်ကန်းက သူမကို

စမ်းသပ်နေစဉ် သူမ မေ့မျောသွားတယ်။

နောက်ရက်သတ္တပတ်မှာ ထိုအကြားအမြင်ရ ပုဂ္ဂိုလ်ရဲ့ သေပြီးသူများနှင့် ဆက်သွယ်တဲ့ ဝိုင်းသို့ မစ္စက်ပိုက်ပါ သွားနားထောင်တယ်။ သူမ အိပ် မွေ့ကျသွားပြီးတော့ ထိုင်ရာမှထကာ ဝိုင်းအလယ်ရှိ စားပွဲငယ်ထက်မှ စာရေးစက္ကူနှင့် ခဲတံကို ကောက်ယူပြီး စာအမြန်ရေးလိုက်တယ်။ ထိုစာကို ဝိုင်းမှာပါဝင်တဲ့ လူကြီးတစ်ယောက်ကို ကမ်းပေးလိုက်တယ်။

မစ္စက်ပိုက်ပါ သတိရလာတဲ့အခါ ထိုလူကြီးက သေဆုံးခဲ့တဲ့သူ့သားထံမှ သတင်းစကားကို ရေးသားပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောလာတယ်။ ဒီအချိန်ကစပြီး မစ္စက်ပိုက်ပါဟာ နတ်ဝင်သည် (medium) တစ်ဦး ဖြစ်လာတယ်။ နတ်ဝင်သည်ဆိုတာ သေပြီးသူနှင့် အသက်ရှင်ကျန်ရစ်သူတို့အကြား ဆက်သွယ်ပေးတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

နတ်လောကနဲ့ ဆက်သွယ်တဲ့အခါ လမ်းညွှန်နတ် (spirit guide) တစ်ဦးက မစ္စက်ပိုက်ပါရဲ့ လျှာခင်ကို ထိန်းချုပ်ပြီး စကားသံထွက်လာစေတယ်၊ ဒါမှမဟုတ် သူမရဲ့ လက်ကို ထိန်းချုပ်ပြီး *အလိုအလျောက် စာရေးခြင်း* (automatic writing) နည်းဖြင့် စာရေးစေတယ်။

နတ်လောကမှ ဆက်သွယ်လာသူသုံးဦးတို့ဟာ မစ္စက်ပိုက်ပါမှ တစ်ဆင့် တစ်ပြိုင်နက် သတင်းပို့နိုင်ကြတယ်။ တစ်ဦးက လက်ယာလက်ဖြင့် စာရေးစေတယ်။ နောက်တစ်ဦးက လက်ဝဲလက်ဖြင့် စာရေးစေတယ်။ တတိယပုဂ္ဂိုလ်က နှုတ်ဖြင့် စကားပြောစေတယ်။ ထိုသို့ ဓာတ်စီးနေတဲ့အခါ မစ္စက်ပိုက်ပါ အိပ်မွေ့ကျနေပြီး အသိစိတ်မရှိဘူး။


ကမ္ဘာကျော် အမေရိကန်တွေးခေါ်ရှင်တစ်ဦးဖြစ်တဲ့ ဟားဗတ်တက္ကသိုလ် စိတ်ပညာပါမောက္ခ ဝီလျံဂျိမ်း(William James) ဟာ မစ္စက်ပိုက်ပါရဲ့ ဓာတ်စီးဝိုင်းများကို တစ်နှစ်ခွဲကြာအောင် ကြီးကြပ်ပြီး သူမရဲ့ အပိုအာရုံသိမှုစွမ်းရည်ကို လေ့လာခဲ့တယ်။ သူကောက်ချက်ချလိုက်တာက-

*"ကျီးတွေအားလုံးဟာ မည်းတယ်ဆိုတဲ့ နိယာမကို ခင်ဗျားတို့ ချေဖျက်လိုတယ်ဆိုရင် ကျီးတွေအားလုံး မမည်းဘူးလို့ ကြိုးစားပြနေဖို့ မလိုဘူး။ ကျီးဖြူတစ်ကောင်ကို တွေ့အောင်ရှာပါ။ တွေ့ရင် ပထမနိယာမ ပျက်ပြယ်သွားပြီ။ ကျွန်တော်ရှာဖွေတွေ့ရှိခဲ့တဲ့ ကျီးဖြူက မစ္စက်ပိုက်ပါ ဖြစ်ပါတယ်။ သူမအိပ်မွေ့ကျနေတဲ့အခါမှာ သာမန်နည်းနဲ့ မမြင်နိုင်, မကြားနိုင်, မသိနိုင်တဲ့ အကြောင်းအရာတွေကို သိနိုင်တယ်"*

မစ္စက်ပိုက်ပါဟာ အင်္ဂလန်သို့ အကြိမ်ကြိမ် ဖိတ်ခေါ်ခြင်း ခံရတယ်။ အင်္ဂလိပ်ရူပဗေဒပညာရှင်အကျော် ဆာအိုလီဗာလော့(Sir Oliver Lodge) က သူ့အိမ်မှာ မစ္စက်ပိုက်ပါရဲ့ ခွတ်စီးဝိုင်းများကို စီစဉ်ပေးတယ်။ မစ္စက်ပိုက်ပါရဲ့ ကျေးဇူးကြောင့် တမလွန်ဘဝကို သူယုံကြည်လာတယ်လို့ မကြာခဏ ချီးမွမ်းပြောဆိုတယ်။ သူ့ရဲ့သား ရေမွန်(Raymond) ဟာ ပထမကမ္ဘာစစ်မှာ ကျဆုံးလိမ့်မယ်လို့ မစ္စက်ပိုက်ပါကြိုတင်ဟောခဲ့တာ မှန်ကြောင်းသိရတယ်။ ၁၉၅၀ပြည့်နှစ်မှာ မစ္စက်ပိုက်ပါ ကွယ်လွန်တယ်။ သူ့သမီးက မိခင်အကြောင်း စာအုပ်ရေးတဲ့အခါ ဆာအိုလီဗာလော့က ဒီလိုအမှာစာ ရေးပေးတယ်-

*"မစ္စက်ပိုက်ပါဟာ လူသားတို့ကို လွန်စွာအကျိုးပြုခဲ့တဲ့ ပရစိတ် ပညာရှင်တစ်ဦးဖြစ်တယ်။ သူမရဲ့ ကျေးဇူးကြောင့် ပြိုကွဲတဲ့ မိသားစုများ စွာတို့ဟာ သေပြီးသူတို့နှင့် ပြန်လည်ဆက်သွယ်မှုရကာ ပူဆွေးမှုသောကကို ငြိမ်းအေးစေနိုင်ခဲ့ကြတယ်။ တမလွန်ဘဝ ရှိတာကိုလည်း လက်တွေ့ အကျဆုံး, အတိကျဆုံးနည်းများဖြင့် ပေါ်လွင်ထင်ရှားစေခဲ့တယ်။ သိပ္ပံပညာရှင်များအားလည်း ခန္ဓာကိုယ်ပြင်ပအခြေအနေမှာ လူ့စိတ်ရဲ့ သဘာဝနှင့် ဂုဏ်သတ္တိများကို စူးစမ်းလေ့လာနိုင်စေဖို့ အခွင့်အရေးဖန်တီးပေးခဲ့တယ်။"* ၁

## အက်စတယ်ရောဘတ်နှင့် တိမ်နီနတ်



ကလေးဘ၀မှစပြီး နတ်များကို
အမြဲတစေမြင်တွေ့ကာ
၁၉၂၅ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ
လူထုပရိသတ်ကို
တမလွန်လောကနှင့်
အကြိမ်ကြိမ် ဆက်သွယ်ပေးခဲ့သူ
အက်စတယ်ရောဘတ်။

(၂) အင်္ဂလန်နိုင်ငံက အက်စတယ်ရောဘတ်ဟာ သိတတ်စကလေးဘ၀မှ လူကြီးဘ၀အထိ နတ်များကို အမြဲတစေ မြင်တွေ့ခဲ့တယ်။ ၁၉၂၅ ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ လူထုပရိသတ်ကြီးကို တမလွန်လောကနှင့် အကြိမ်ကြိမ် ဆက်သွယ်ပေးခဲ့တယ်။

အက်စတယ်အပြင်ထွက်တဲ့အခါ လမ်းပေါ်မှာ နတ်များ သွားလာနေကြတာကို တွေ့ရတယ်။ ပွဲဈေးတန်းက လူတွေလိုပဲ သူ့လမ်းသူ သွားနေကြတယ်။ တွေ့ဖန်များတော့ ရိုးရိုးသာမန်လိုပဲ ဖြစ်သွားတယ်။

အက်စတယ် ၁၈နှစ်အရွယ်မှာ အိမ်ထောင်ကျတယ်။ ကလေးသုံးယောက် မွေးတယ်။ ခင်ပွန်းက နာတာရှည်ရောဂါဖြစ်လာလို့ ခင်ပွန်းကိုလည်း ပြုစုရ၊ ကလေးများကိုလည်း ပြုစုရ၊ မိသားစုစားဝတ်နေရေးအတွက်လည်း အလုပ်ထွက်လုပ်ရဆိုတော့ အက်စတယ် အလွန်ဆင်းရဲပင်ပန်းပါတယ်။

သူခင်ပွန်းသေဆုံးတဲ့အခါ သူ့ထံကို သုံးညခွဲတိုင်တိုင်လာတယ်။ ညှိုးငယ်တဲ့ မျက်နှာနဲ့ သူ့ကို ခေါ်တယ်။

"ကျွန်မ ဘယ်လိုလိုက်ရလဲ"လို့ အက်စတယ်က မေးတော့

"သေပြီးတော့ လိုက်လာတာပေါ့"

"ကျွန်မလိုက်သေလို့ မဖြစ်ဘူး၊ ကလေးတွေ ဒုက္ခရောက်ကုန်မှာပေါ့"

ခင်ပွန်းနတ်က ဆက်မပြောတော့ဘဲ ထွက်ခွာသွားတယ်။ သူရုပ်ကလာပ် မမြုပ်နှံမီနေ့မှာ ခင်ပွန်းနတ်က တစ်ဖန်ပေါ်လာပြီး တောင်းပန်တဲ့လေသံနဲ့ ပြောတယ်-

"ငါနားမလည်ဘူးကွယ်၊ အခု ငါမင်းကို မလိုတော့ဘူး၊ မင်း ငါ့ကို ဆက်ပြုစုဖို့ မလိုတော့ဘူး၊ ငါ့ဘာသာ ငါနေနိုင်ပြီ၊ မင်းပြောတာ မှန်တယ်၊ ဒီတမလွန်လောကမှာ အားလုံးက ဆက်ပြီး အသက်ရှင်နေကြတာပဲ၊ သိပ်အံ့သြစရာကောင်းပါတယ်"

"ရှင်ဆက်လက်ပြီး အသက်ရှင်နေသလို အခြားသေပြီးတဲ့ လူများကလည်း ဆက်လက် အသက်ရှင်နေကြတာပဲ။ ဒီအကြောင်းကို တစ်ကမ္ဘာလုံးက သိအောင် ကျွန်မပြောပြရမယ်"

ထိုအခါမှာ အက်စတယ်က အသက် ၃၀နှစ်သာ ရှိသေးတယ်။ နောက်နှစ်မှာ အာသာရောဘတ် (Arther Robert) နှင့် လက်ထပ်လိုက်လို့ သူနာမည်လည်း အက်စတယ်ရောဘတ်ဖြစ်လာတယ်။ အက်စတယ်အလုပ်လုပ်ဖို့ မလိုတော့တဲ့အတွက် မိမိထံ လာရောက်ကြတဲ့ နတ်များအကြောင်းကို စဉ်းစားဖို့ အချိန်ပိုရလာတယ်။ နတ်ဝင်သည်တစ်ဦးဦးကို ဗဟိုပြုပြီး အသက်ရှင်သူများနှင့် သေသွားတဲ့သူများ တွေ့ဆုံပွဲ(spiritual meeting) များကိုလည်း သူမှန်မှန်တက်ရောက်တယ်။

ထိုအခါ နတ်ဝင်သည်တို့က "မင်းဟာ နတ်ဝင်သည်တစ်ယောက်ပဲ၊ မင်းလုပ်စရာတွေ အများကြီးရှိတယ်။ ဝိညာဉ်လောက(နတ်လောကကို ဆိုလိုတယ်)က မင်းကိုရွေးချယ်ပြီး တာဝန်ပေးအပ်တဲ့အခါ မငြင်းပါနဲ့


နေဒ်"လို့ အက်စတယ်ကို သတိပေးကြတယ်။

အက်စတယ်က မိမိရဲ့ မွေးရာပါ ပရစိတ်ပညာစွမ်းရည်ကို အများအကျိုးအတွက် အသုံးပြုလိုတယ်။ တစ်ညဉ့်မှာ အိမ်သားများ အိပ်ပျော်နေစဉ် အက်စတယ်ဟာ ဝိညာဉ်လောကနှင့် အဆက်အသွယ်ရဖို့ အမှောင်ထဲမှာ ထိုင်နေတယ်။ ထည်ဝါတိကျတဲ့ အင်္ဂလိပ်ဝေါဟာရများကို သုံးနှုန်းကာ ပြောဆိုလိုက်တဲ့စကားသံ ထွက်ပေါ်လာတယ်။

"ကမ္ဘာကို အလုပ်အကျွေးပြုဖို့ ငါလာတယ်၊ မင်းနဲ့အတူ ငါလုပ်ကိုင်မယ်"

"ရှင် ဘယ်သူလဲ" အက်စတယ် အရဲစွန့်ပြီး မေးလိုက်တယ်။

"ငါ့ကို တိမ်နီ (Red Cloud) လို့ သိပါ။ ငါဟာ မင်းရဲ့လမ်းညွှန်နတ်ဖြစ်လိမ့်မယ်" အသံက ပြန်ဖြေတယ်။



အက်စတယ်ရောဘတ်ရဲ့ လမ်းညွှန်နတ် "တိမ်နီ" က ကိုယ်ထင်ပြလို့ ရိုက်ကူးထားတဲ့ဓာတ်ပုံ၊ ပညာရှိတဲ့လမ်းညွှန်နတ် ဖြစ်ပါတယ်။

အဲဒီအခါ ယောက်ျားတစ်ဦးရဲ့ ဦးခေါင်းသဏ္ဍာန်ဟာ အလင်းရောင်ဝန်းရံပြီး ထင်ပေါ်လာတယ်။ အသားအရေက သံလွင်ရောင်၊ မျက်လုံးများက ညိုမှောင်ပြီး အမည်းရောင်မုတ်ဆိတ်ကျင်စွယ် အနည်းငယ်ရှိတယ်။

တိမ်နီနတ်ဟာ ပညာရှိပြီး တန်ခိုးလည်း ကြီးတယ်။ အက်စတယ်ရဲ့ လမ်းညွှန်နတ်နှင့် အုပ်ထိန်းသူအဖြစ် တမလွန်လောကအကြောင်းကို လူအပေါင်းတို့အား အံ့သြဖွယ်ကောင်းအောင် လက်တွေ့ပြသခဲ့တယ်။ ရောဂါ ဝေဒနာရှင်မြောက်မြားစွာကို ရောဂါပျောက်ကင်းအောင် ကုသပေးခဲ့ကြ တယ်။

ဒါ့အပြင် ဝိညာဉ်လောကဟာ သိပ္ပံပညာရှင်တို့ သိမြင်တဲ့ ရုပ်လောကနှင့် ကွာခြားပုံကိုလည်း အံ့အားသင့်ဖွယ်ရာ တိမ်နီပြသခဲ့တယ်။

ပုံစံအဖြစ် တိမ်နီနဲ့ စတွေ့ပြီးတဲ့နောက် ရက်သတ္တတစ်ပတ်ကြာတော့ အက်စတယ်က သူခင်ပွန်းအာသာကို သူနဲ့အတူ အမှောင်ထဲမှာ ထိုင်နေဖို့ ဖိတ်ခေါ်တယ်။ သူတို့ဟာ ကုလားထိုင်တစ်လုံးစီပေါ်မှာ မျက်နှာချင်းဆိုင် ထိုင်နေကြတယ်။ မကြာမီ အလွန်လင်းထိန်တောက်ပတဲ့ ရွှေရောင်အလင်းဟာ ပြဇာတ်စင်ပေါ်က မင်းသမီးကိုယ်ပေါ် ဆလိုက်မီးထိုးလိုက်သလို အက်စတယ်ကိုယ်ပေါ်သို့ အထက်တည့်တည့်မှကျရောက်လာတယ်။

အာသာရဲ့ တုံ့ပြန်ချက်က လျင်မြန်လှပါတယ်-

"အက်စတယ် မင်းဘယ်မှာလဲ၊ မင်းဘယ်ရောက်သွားသလဲ"

"ရှင့်ရှေ့မှာ ထိုင်နေတာပေါ့၊ ကျွန်မဘယ်ကိုမှ ရွှေ့မသွားပါဘူး"

"မဖြစ်နိုင်ဘူး၊ မင်းကုလားထိုင်က ဟာလာဟင်းလင်းကြီး၊ ကုလားထိုင်နောက်မှီကိုရော ကြမ်းအခင်းကိုရော ငါမြင်နေရတာပဲ"

"ဒီလိုဆိုရင် ကြိမ်ကုလားထိုင်ရဲ့အခင်းပေါ်က အပေါက်တွေကို ရေတွက်ပြစမ်း"

အာသာက ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်လျက် ကြိမ်ထိုင်ခင်းက အပေါက်များကို လက်ညှိုးနှင့်ထိုးပြီး ရေတွက်တယ်။ အက်စတယ်ကို

မစမ်းမိဘူး။

"တစ်တန်းမှာ နှစ်ဆယ့်ရှစ်ပေါက် ရှိတယ်"

ထိုအခါ ရွှေဝါအလင်းက ရုတ်တရက် ပျောက်ကွယ်သွားတယ်၊ အက်စတယ်နှင့် အာသာတို့ဟာ မူလကအတိုင်း အမှောင်မှာ မျက်နှာချင်းဆိုင် လျက် ထိုင်နေတာကို အံ့သြစွာ တွေ့ရတယ်။

အာသာဟာ အခန်းမီးလုံးကို အလျင်အမြန်ဖွင့်လိုက်ပြီးတော့ ကုလားထိုင်ကြိမ်ခင်းရဲ့ အပေါက်များကို ပြန်ရေတွက်ကြည့်တယ်။ တစ်တန်းမှာ နှစ်ဆယ့်ရှစ်ပေါက်ပါပဲ။

နောက်နှစ်အနည်းငယ်ကြာတဲ့အခါ အက်စတယ်ဟာ အလွန် ကျော်ကြားလာပါတယ်။ ဓာတ်ပုံပညာရှင်တစ်ဦးက ကုလားထိုင်ပေါ် ထိုင်နေတဲ့ အက်စတယ်ကို ဓာတ်ပုံရိုက်တယ်။ ဖလင်ပြားကို ဆေးလိုက်တော့ ကုလားထိုင်ပုံသာ အထင်းသားပေါ်ပြီး အက်စတယ်ပုံမပါတာကို တွေ့ရတယ်။

## ချစ်သူနှစ်ဦးတို့ရဲ့စကားဝှက်

တစ်နေ့မှာ အက်စတယ်ရဲ့ ဝိညာဉ်လောကနှင့် ဆက်သွယ်ပေးတဲ့ ဝိုင်းမှာ မိန်းမပျိုတစ်ဦးပါဝင်တယ်။ သူမက မကြာမီက ရုတ်တရက်သေဆုံးသွားခဲ့တဲ့ ရည်းစားအကြောင်းကို မေးချင်တယ်။ ရည်းစားနတ်က ချက်ချင်း ရောက်လာပြီးတော့ စကားတစ်ခွန်းကို အက်စတယ်အား ထပ်ကာထပ်ကာ ပြောတယ်။ အက်စတယ်က ထိုစကားကို ထုတ်ပြောဖို့ အားနာနေတဲ့ အတွက်-

"ဒါနဲ့ မိန်းကလေး-မင်းရဲ့ရည်းစားဟာ စကားကြမ်းကြမ်းပြောတတ်သလား"လို့ မေးလိုက်တယ်။

"မပြောတတ်ပါဘူး၊ သူဘာပြောနေလို့လဲ"

"သူက 'နော့ဘလတ်ဒီလိုက်လီ (not bloody likely) (သွေးထွက်သံယို ဖြစ်ဖွယ်မရှိ) လို့ ထပ်ကာထပ်ကာ ပြောနေတယ်ကွယ့်"

"တကယ်လား၊ ဟား-ဟား-ဟား-အဲဒါ ဘားနတ်ရှော(Bernard Shaw) ရဲ့ပြဇာတ်ထဲက လူသိများတဲ့ စကားတစ်ခွန်းပဲ၊ ကျွန်မတို့အတူရှိစဉ်က အရင်သေတဲ့လူဟာ ကျန်တဲ့လူဆီလာပြီး အဲဒီလျှို့ဝှက်စကားကို ပြောဖို့ တိုင်ပင်ခဲ့ကြတာရှင့်"

ဝိညာဉ်လောကသို့ ကူးပြောင်းသွားကြတဲ့ ပုဂ္ဂိုလ်များဟာ လူ့ဘဝက စိတ်နေသဘောထားအတိုင်း ရှိကြတယ်။ ချစ်သူတို့ကိုလည်း စွဲလမ်းလျက်ရှိကြတယ်။ အကျင့်စရိုက်, ပြောဟန်ဆိုဟန်, လေယူလေသိမ်းမှအစ တထေရာတည်း ဖြစ်နေတယ်ဆိုတာတွေကို အက်စတာတွေ့ရတယ်။

## တမလွန်ဘဝမှ သတိရလျက်ပါ

အက်စတယ်ရဲ့သားထွေး တယ်ရင့်ရောဘတ်(Terrence Roberts) ဟာ ပရစိတ်ပညာအကြောင်းကို မယုံဘူး၊ ဝိညာဉ်လောကအကြောင်းကိုလည်း နားခါးသူဖြစ်တယ်။ အက်စတယ်က သူ့အား တမလွန်ဘဝရှိတာကို သိစေလိုတယ်။ ဒါပေမယ့် အတင်းအကျပ်မပြောလိုဘူး။

တယ်ရင့်အသက်နှစ်ဆယ်ပြည့်လာတဲ့အခါ ဘုရင့်လေတပ်မတော်မှာ အရာရှိကလေးတစ်ဦးဖြစ်လာတယ်။ စနေ, တနင်္ဂနွေ ခွင့်နှစ်ရက်ယူပြီး မိန်းကလေးသူငယ်ချင်းတစ်ဦးနှင့်အတူ တယ်ရင့်ဟာ မိခင်ဆီ ပြန်လာတယ်။ ဧည့်ခန်းမှာ ထိုင်နေစဉ် အက်စတယ်က ပြောလိုက်တယ်။ သားကို တယ်ရီလို့ ချစ်စနိုးခေါ်တယ်။

"တယ်ရီ-မင်းဘေးမှာ မင်းရဲ့သူငယ်ချင်းတစ်ယောက်ရပ်နေတယ်"

"ဟုတ်လားအမေ၊ သူ့နာမည်က ဘာတဲ့လဲ"

တယ်ရင့်က ရယ်စရာတစ်ခုအဖြစ် မှတ်ယူပြီး ရွှတ်ရွှတ်နောက်နောက် ပြောလိုက်တယ်။

"သူ့နာမည်က ဂျင်မီမက်ဖာလိန်း(Jimmy Macfarlane) တဲ့၊ သားရဲ့သူငယ်ချင်းတွေထဲမှာ မက်ဖာလိန်းဆိုတာ ရှိသလား"

အံက်စတယ်က တည်တည်ခန့်ခန့်ပဲ ပြန်ပြောတယ်။

"ဟုတ်တယ်-ရှိတယ်၊ သူသေသွားပလား"

"သူသေတာ တစ်နှစ်လောက်ရှိပြီတဲ့၊ ဒါနဲ့သူက သားကို ဘာဖြစ်လို့ တုတ်ဒီ(Toady ဖားကြီး)လို့ ခေါ်နေရသလဲကွဲ့"

"တုတ်ဒီတဲ့လား၊ ဘုရားရေ-ကျွန်တော်အဲသလို အခေါ်မခံရတာ နှစ် တော်တော်ကြာသွားပြီ။ ကျွန်တော့်ကို ဂျင်မီတစ်ယောက်တည်းကပဲ အဲသလိုခေါ်တာ၊ ကျွန်တော်တို့ ကျောင်းသားကလေးဘဝကပေါ့။ ကျွန်တော် က ဖားပြုတ်ကြီး သုံးလေးကောင်ကို ချစ်စနိုးမွေးထားလို့ သူက ကျွန်တော့်ကိုတုတ်ဒီလို့ ခေါ်လိုက်တာ၊အမေကသူတုတ်ဒီလို့ ခေါ်နေတာ ကြားနေရလို့လား"

"သူမခေါ်ရင် ငါဘယ်လိုလုပ်ပြီး သိနိုင်မှာလဲကွဲ့"

"သူ ဘယ်လိုသေသွားတာလဲ အမေ"

"သူက ရေတပ်မှာ အမှုထမ်းတယ်၊ ဒုတိယကမ္ဘာစစ်အတွင်းက သူ တို့ရဲ့ သင်္ဘော စကော့တလန်မှာ ဆိုက်ကပ်ထားတုန်း ရန်သူလေယာဉ်တွေ ဗုံးလာကြဲတယ်။ သူက ရေထဲလွှင့်ကျသွားပြီး ရေနစ်သေဆုံးသွားတယ်။ သူ့အမေက အရင်အိမ်ဟောင်းမှာ နေထိုင်ဆဲပဲလို့ သူပြောတယ်ကွယ့်"

တယ်ရင့်ဟာ ရုတ်ခြည်း မတ်တတ်ရပ်လိုက်ပြီး သူ့သူငယ်ချင်းမရဲ့ လက်ကို ဆွဲကိုင်လိုက်တယ်။

"လာ-ဂျင်မီနေခဲ့တဲ့ အိမ်ကိုငါသိတယ်။ တို့သွားစုံစမ်းကြည့်ကြ ရအောင်"

နောက်နှစ်နာရီကျော် ကြာလွန်တဲ့အခါ သူတို့ပြန်ရောက်လာကြတယ်။ ဂျင်မီရဲ့မိခင်နဲ့ သူတို့စကားပြောခဲ့ကြရတယ်။ အက်စတယ်ပြောခဲ့တဲ့အတိုင်း အားလုံးမှန်နေတယ်။

"တယ်ရီ-သားရဲ့ သူငယ်ချင်းဂျင်မီက စကားတစ်ခွန်း မှာသွားသေး

တယ်။ တနင်္လာနေ့နံနက်ကိုးနာရီမှာ သတိထားနေပါတဲ့။ သားပြန်မှတ်မိနိုင်တဲ့ အမှတ်အသားတစ်ခုခုကို သူပြမယ်တဲ့"

တနင်္လာနေ့ နံနက်ကိုးနာရီမှာ တယ်ရင့်ဟာ သူ့ဌာနသို့ ပြန်လည်သတင်းပို့ရမှာ ဖြစ်တယ်။ ဒါပေမယ့် အအိပ်လွန်သွားလို့ ဌာနသို့ အချိန်မီသတင်းပို့နိုင်အောင် သုတ်ခြေတင်သွားနေတယ်။ ဘုရားရှိခိုးကျောင်းဝင်းတစ်ခုကို သူဖြတ်သန်းနေတဲ့အခါ နာရီစင်ကြီးမှ ကိုးနာရီထိုးသံ ထွက်ပေါ်လာတယ်။


ထိုအခိုက် ကိုင်းညွတ်နေတဲ့ သစ်ကိုင်းတစ်ခုဟာ တယ်ရင့်ရဲ့ ကက်ဦးထုပ်နဲ့ ငြိလို့ ဦးထုပ် မြေသို့ ကျသွားတယ်။ ဦးထုပ်ကို ကောက်ယူစဉ် ဂျင်မီရဲ့စကားကို သူသတိရလိုက်မိတယ်။ တစ်ချိန်တည်းမှာပဲ သူတို့ကျောင်းသားဘဝက သူ့ရဲ့ ကျောင်းဦးထုပ်ကို ဂျင်မီအကြိမ်ကြိမ် ပုတ်ချခဲ့ဖူးတာကိုလည်း သူသတိရလိုက်မိတယ်။

"သြော်-ဂျင်မီ သူငယ်ချင်း၊ တမလွန်ဘဝကနေ ငါ့ကို သတိရနေတုန်းပါပဲလား"

## လူထုပရိသတ်အားသေလွန်သူများနှင့်ဆက်သွယ်ပေးခြင်း

အက်စတယ်ရောဘတ်ဟာ နှစ် ၅၀ကျော်အတွင်း လူများစွာတို့ကိုသူတို့ရဲ့ ချစ်လှစွာသော တမလွန်လောကမှ ဆွေမျိုးသားချင်းများနှင့် ဆက်သွယ်ပေးခဲ့တယ်။ အင်္ဂလန်နိုင်ငံအတွင်းရှိ အဓိကကျတဲ့ ပြည်သူ့ခန်းမဆောင်များအားလုံးမှာရော အိုင်ယာလန်နှင့် ဥရောပနိုင်ငံများမှာရော လူထောင်ပေါင်းများစွာ ဆံ့တဲ့ ခန်းမဆောင်ကြီးများမှာ လူထုပရိသတ်နှင့်ဝိညာဉ်လောကကို ဆက်သွယ်ပေးခဲ့တယ်။

ထိုသို့ လူထုစည်းဝေးပွဲကြီးများ ကျင်းပတဲ့အခါ သတင်းစာ ဂျာနယ်များမှာကြိုတင်ကြေညာထားတဲ့အတွက် ခန်းမဆောင်များ ပြည့်လျှံသွားအောင် ပရိသတ်များ လာရောက်ကြတယ်။



လန်ဒန်မြို့ ရိုယယ်အယ်လဘတ်ခန်းမဆောင်မှာ လူထုပရိသတ်အား
တမလွန်လောကနှင့် အက်စတယ်ရောဘတ်ဆက်သွယ်ပေးပုံ

ချိန်းထားတဲ့ရက်သို့ ရောက်တဲ့အခါ အက်စတယ်ဟာ ခန်းမဆောင်သို့ တစ်နာရီ ကြိုသွားပြီး ဝိညာဉ်လောကမှ ပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ပြုတယ်။

"ရှင်တို့နဲ့ ရှင်တို့ ချစ်ခင်ကြတဲ့လူတွေကြားမှာ တံတားခင်းပေးဖို့ အတွက် ကျွန်မဒီကို လာရောက်ခြင်းဖြစ်ပါတယ်။ ရှင်တို့ကို ကျွန်မကူညီ ပေးမယ်။ ကျွန်မကိုလည်း ရှင်တို့ ပြန်ကူညီကြပါ"

*ဝိညာဉ်လောကမှ ပုဂ္ဂိုလ်များကလည်း သူတို့ချစ်ခင်ကြတဲ့ လူတို့နှင့် အဆက်အသွယ်ပြုလုပ်လိုကြတယ်။ သူတို့က မသေသေးဘဲ ဆက်လက် အသက်ရှင်နေတာကို ပြောပြလိုကြတယ်။ ပူဆွေးသောကရောက်နေကြတဲ့ သူတို့ရဲ့ မိဘဆွေမျိုးတို့ကို သောကပြေငြိမ်းစေလိုကြတယ်။ သူတို့ဘာသာ လူတို့နှင့် အဆက်အသွယ်မပြုနိုင်ကြတဲ့အတွက် နတ်ဝင်သည်မှတစ်ဆင့် ဆက်သွယ်နိုင်မယ့် အခွင့်အရေးကောင်းကို စောင့်မျှော်နေကြပါတယ်။*

အစည်းအဝေး စတင်ဖို့ အချိန်ရောက်ပြီ၊ အက်စတယ်နှင့်တကွ သဘာပတိအဖွဲ့ဝင်လူကြီးများက စင်မြင့်ပေါ်မှာ နေရာယူကြတယ်။ အစည်းအဝေးကို ဆုတောင်းခြင်း(Prayer) ဖြင့် စတင်တယ်။ ထို့နောက် လူသိများတဲ့ ဂုဏ်သရေရှိ သဘာပတိလူကြီးတစ်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားတယ်။ ပြီးတဲ့အခါ အက်စတယ်အလှည့်သို့ ရောက်ပြီ။

အက်စတယ်ဟာ စကားပြောခွက်ကို ကိုင်ပြီး စင်မြင့်ရှေ့သို့ လျှောက်လာတယ်။ ထိုအခါ ဝိညာဉ်လောကမှ ပုဂ္ဂိုလ်များစွာတို့က "ကျွန်မအမေကို ဒါလေးပြောပေးပါ" "ကျွန်တော့်အဖေကို ဒါလေးပြောပေးပါ" စသည်ဖြင့် စုပြီးတောင်းပန်ကြတယ်။ အက်စတယ်က တစ်ယောက်ပြီးမှတစ်ယောက် ပြောဖို့ မေတ္တာရပ်ခံတယ်။

လူထုပရိသတ်က မျှော်လင့်တကြီးနှင့် စိတ်ဝင်စားစွာ စောင့်မျှော်နေကြတယ်။ အက်စတယ်က ပရိသတ်သို့ လက်ညှိုးထိုးလျက် "ဒေါ်မော်လီရှင့်၊ ရှင့်ရဲ့သမီး လက်စလီက သတင်းစကားပါးလိုက်တယ်။ မနက်တုန်းက အမေဟာ သူ့ဓာတ်ပုံကို ကြည့်ပြီး ငိုနေပါတယ်တဲ့၊ အမေငိုတာ မြင်လို့ သူလည်း စိတ်မကောင်းပါဘူးတဲ့၊ သူမသေပါဘူး၊ အသက်ရှင်နေပါတယ်။ အမေငိုမနေပါနဲ့တော့တဲ့"

ဒေါ်မော်လီဟာ သမီးရဲ့သတင်းစကားကို ကြားရလို့ အလွန်ဝမ်းသာသွားပါတယ်။

"ဦးဟယ်ရစ်ဆင်ရှင့်၊ ရှင့်ရဲ့သား ဂျွန်နီက စကားပြောနေပါတယ်။ သူမော်တော်ဆိုင်ကယ်မှောက်ပြီး သေသွားလို့ အဖေနှင့်အမေစိတ်မကောင်းဖြစ်ကြရတဲ့အတွက် သူလည်း စိတ်မကောင်းပါဘူးတဲ့၊ သူမသေဘူး၊ ဆက်လက်အသက်ရှင်နေပါတယ်တဲ့၊ သူ့အတွက် စိတ်မပူနဲ့၊ သူ့မှာအားလုံးပြည့်စုံနေပါတယ်တဲ့၊ သူ့ရဲ့ မော်တော်ဆိုင်ကယ်ကို သိမ်းမထားပါနဲ့၊ ယခု မော်တော်ဆိုက်ကယ်ထက်မြန်အောင် သူသွားနိုင်တယ်တဲ့"

အချို့မှာတမ်းစကားများက တိုပြီးရှင်းတယ်။ အချို့က ရှည်ဝေးပြီး

အမိပ္ပာယ်ငုပ်နေတယ်။ သက်ဆိုင်သူတို့သာ နားလည်တယ်။ ပရိသတ်ထဲမှ သတင်းစကားလက်ခံရရှိသူတို့က "ဝမ်းသာကြောင်း၊ ကျေးဇူးတင်ကြောင်း၊ မှန်ကန်ကြောင်း" ပြန်လည် ပြောကြားကြတယ်။

အက်စတယ်က လူနှင့်နတ်အကြားမှာ ဆက်သွယ်စကားပြောကြားတာ တစ်နာရီခန့် ကြာလာတဲ့အခါ တိမ်နီနတ်က ကြားဖြတ်ဝင်လာပြီး "အက်စတယ်ရေ ကနေ့တော်လောက်ပြီ"လို့ သတိပေးတယ်။ တိမ်နီက အခြေအနေအရပ်ရပ်ကို အမြဲစောင့်ကြည့်နေပြီးတော့ ထိန်းသိမ်းပေးတယ်။ အက်စတယ်အပေါ်မှာ 'ဒဏ်ပိ'သွားမှာကို သူမဖြစ်စေချင်ဘူး။

အက်စတယ်က စည်းဝေးပွဲကို ရပ်နားဖို့ အချိန်ရောက်ပြီလို့ ကြေညာလိုက်တဲ့အခါ လူထုပရိသတ်က "ဟင်ခနဲ ဟာခနဲ" ဖြစ်သွားကြသလို ဝိညာဉ်လောကမှလည်း "ဟာဗျာ-အိုရှင်-ဒီနေ့တော့ တို့ မဆက်သွယ်လိုက်ရဘူး"ဆိုပြီး စိတ်မကောင်းဖြစ်ကြတယ်။

ဝိညာဉ်လောကသို့ ရောက်သွားကြတဲ့ ပုဂ္ဂိုလ်တို့ဟာ သူတို့အတိတ်ဘဝက ချစ်ခင်ကြရတဲ့ လူများကို ဆက်လက်ပြီး ချစ်ခင်သတိရနေကြတယ်ဆိုတာ ဝမ်းသာစရာကောင်းတဲ့ သတင်းပါပဲ၊ လူ့ဘဝက ခင်မင်မှုဟာ ဝိညာဉ်ဘဝတိုင်အောင် ကူးစက်သွားပါလား။ [၆]

## ၄ သေပြီးသူများနှင့်တိုက်ရိုက်ဆက်သွယ်ခြင်း

(၁) စမ္ပါပြည် ဂဂ္ဂရာရေကန်အနီး တရားမဏ္ဍပ်မှာ ဘုရားတရားဟောနေတဲ့အခါ ဖားငယ်တစ်ကောင်က တရားသံကြည်ညိုရင်း သေဆုံးသွားလို့ တာဝတိံသာနတ်သားဖြစ်တယ်။ ဒီနတ်သားက ဗိမာန်နှင့်တကွ ဘုရားထံဆင်းလာပြီး ဘုရားမေးမြန်းတာကို ဖြေကြားလို့ တရားနာပရိသတ်များကပါ ဖားငယ်က သေလွန်ပြီးတော့ နတ်သားဖြစ်တာကို သိကြရတယ်။

(၂) မဋ္ဌကုဏ္ဍလီဝတ္ထုမှာ ကပ်စေးနှဲပုဏ္ဏားသူဌေးသားက သေဆုံးပြီး တာဝတိံသာနတ်သားဖြစ်တာ သူ့အဖေထံ ဆင်းလာပြီး ပြောပြတယ်။ ပြီး

တော့ ဘုရားနှင့်သံဃာကို ဆွမ်းလှူဖို့ တိုက်တွန်းတယ်။ ဒါလည်း သေဆုံးပြီးသူနဲ့ တိုက်ရိုက်ဆက်သွယ်တဲ့ နမူနာတစ်ခုပါပဲ။

(၃) အမျိုးသားတစ်ယောက်က ဇနီးနှစ်ယောက်ယူထားပြီး ဇနီးကြီးဆုံးတော့ ပြိတ္တာမဖြစ်တယ်၊ ပြိတ္တာက ဇနီးငယ်ထံ ကိုယ်ထင်ပြပြီး အကူအညီတောင်းတဲ့ ပေတဝတ္ထုမှာလည်း သေသွားတဲ့သူနဲ့ တိုက်ရိုက်ဆက်သွယ်တာပဲ။

(၄) အရှင်မဟာမောဂ္ဂလာန်က နတ်ပြည်သို့ရော အပါယ်ဘုံသို့ရော အကြိမ်ကြိမ်သွားပြီး သူတို့အတိတ်က ပြုလုပ်ခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုတွေအကြောင်း မေးမြန်းခြင်းဟာလည်း သေပြီးသူများနဲ့ ဆက်သွယ်တဲ့ သာဓကများပါပဲ။-

(၅) ကျမ်းဂန်အထောက်အထားများလောက်နဲ့ မကျေနပ်ဘဲ ခေတ်အထောက်အထားများကို ပြပါဆိုရင်လည်း ပြနိုင်ပါတယ်။ ၁၉၂၅ ခုနှစ်မှ ၁၉၇၀ခုနှစ်အထိ နှစ်ငါးဆယ်အတွင်းမှာ အက်စတယ်ရောဘတ်နှင့် တိမ်နီနတ်တို့ဟာ သေပြီးသူများနှင့် ကျန်ရစ်တဲ့ ဆွေမျိုးတို့ကို တိုက်ရိုက်ဆက်သွယ်ပေးခဲ့ပါတယ်။

သူတို့ဆက်သွယ်ပေးခဲ့တဲ့နည်းစနစ်က တံပိုးခရာငယ်တစ်ခုကို အသံထွက်ကိရိယာအဖြစ် အသုံးပြုပြီး တံပိုးခရာမှတစ်ဆင့် နတ်ကို စကားပြောစေခြင်း ဖြစ်တယ်။

ဝိညာဉ်လောကနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းကို ညဥ့်အခါ တိတ်ဆိတ်ချိန်မှာ ကျင်းပလေ့ရှိတယ်။ အက်စတယ်ရဲ့ဧည့်ခန်းမှာ ဝိညာဉ်လောကနှင့်ဆက်သွယ်ချင်တဲ့လူတွေ ဝိုင်းဖွဲ့ကာ ထိုင်ကြတယ်။ လက်ချင်းဆက်ထားကြတယ်။ တံပိုးခရာကို ဝိုင်းအလယ်မှာ ချထားတယ်။ အခန်းပြတင်းများကို လုံခြုံစွာ ပိတ်ထားတယ်။ ပြင်ပမှ အလင်းမဝင်ရောက်နိုင်အောင် ကန့်လန့်ကာများ ချထားတယ်။

ငြိမ့်ညောင်းသာယာတဲ့ တေးဂီတကို နောက်ခံအဖြစ် ဖွင့်ထားပေး

တယ်။ ဂီတသံအေးအေးဖြင့် ဝိုင်းဖွဲ့ကာ ထိုင်နေကြတဲ့ လူများရဲ့ စိတ်တို့ကို ဖြေလျော့ထားစေတယ်။ အကယ်၍ ဝိုင်းထဲမှ လူတစ်ယောက်ကအကြီးအကျယ်စဉ်းစားတွေးခေါ်နေလျှင်ဖြစ်စေ၊ သံသယဝင်နေလျှင်ဖြစ်စေ၊ ဝိညာဉ်လောကနှင့် ဆက်သွယ်မှုဟာ အထစ်အငေါ့ဖြစ်လာပြီး မအောင်မြင်တော့ဘူး။

အဆက်အသွယ်ပြုလာတဲ့ ဝိညာဉ်ပုဂ္ဂိုလ်ကလည်း စိုးရိမ်ကြောင့်ကြမှုကင်းပြီး စိတ်ဖြေလျော့ထားဖို့ လိုတယ်။ တံပိုးခရာကို သုံးတတ်အောင်လည်း တိမ်နီနတ်ရဲ့ လမ်းညွှန်ပြမှုဖြင့် နတ်တွေ လေ့ကျင့်ထားကြရတယ်။ အက်စတယ်ကို ဝိုင်းအလယ်မှာ အိပ်မွေ့ကျနေအောင် တိမ်နီက ခတ်စီးထားတယ်။ အခြေအနေပြည့်စုံလာတဲ့အခါ ဝိညာဉ်လောတမှ တိုက်ရိုက်အသံဖြင့် ဆက်သွယ်မှုဟာ မပြတ်မစဲလာနေပေတယ်။

ဆက်သွယ်မှုဟာ "အားလုံး ကျန်းမာချမ်းသာကြပါစေ" ဆိုတဲ့ တိမ်နီရဲ့ နှုတ်ဆက်သံဖြင့် စတင်ပါတယ်။ ထို့နောက် တံပိုးခရာဟာ အခန်း တွင်းတစ်လျှောက် ဟိုဟိုဒီဒီရွေ့လျားနေတယ်။ တံပိုးခရာရဲ့ အဝကို အမှောင်မှာ တောက်ပတဲ့ ဆေးသုတ်ထားလို့ တံပိုးခရာရွေ့လျားနေတာကို မြင်နိုင်တယ်။ အလွန်လျင်မြန်စွာ ရွေ့လျားနေပေမယ့် မျက်နှာကြက်၊ နံရံ၊ ကုလားထိုင်စသည်တို့နှင့် မတိုက်မိသည်မှာ အံ့သြစဖွယ်ပင် ဖြစ်တယ်။

ဝိုင်းထိုင်သူတစ်ဦးနှင့် ဝိညာဉ်ပုဂ္ဂိုလ်တစ်ဦးက ဆက်သွယ်လိုတဲ့အခါ တံပိုးခရာငယ်ဟာ ထိုလူရဲ့နားအနီးမှာ ရပ်တည်ပြီး စကားပြောသံ ထွက်ပေါ်လာပါတယ်။ တံပိုးခရာတစ်ခုတည်းမှ ပုဂ္ဂိုလ်အမျိုးမျိုးရဲ့ ထွက်လာတဲ့ အသံများဟာ မကွဲပြားလှပေမယ့် စကားလုံးအသုံးအနှုန်း၊ အဖြတ်အတောက်၊ လေယူလေသိမ်းနှင့် အသံနေအသံထားတို့ဟာ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးမတူဘဲ ထူးခြားနေတဲ့အတွက် မည်သူစကားပြောနေတယ် ဆိုတာကို ခွဲခြားသိနိုင်တယ်။

ဝိုင်းတစ်ခုမှာ မစ္စက်အယ်လင်ဟက်ဖီး(Mrs. Ellen Hadfield) ပါဝင်

တယ်။ သူမဆီကို သူမရဲ့သေသွားတဲ့ သမီးက ဆက်သွယ်လာတယ်။ သမီး ဝိညာဉ်ရဲ့ ပြောဆိုတဲ့အံသံနေအသံထားနှင့် ပြောပုံဆိုပုံဟာ လူ့ဘဝက သမီးရဲ့အသံနေအသံထားစသည်နှင့် ထထေရာတည်း ဖြစ်နေတဲ့အတွက် သူ့သမီးဝိညာဉ် (ဝါ) သမီးနတ်နှင့် ဆက်သွယ်နေရတယ်ဆိုတာ သေချာပါ တယ် ၊ယုံမှားစရာမရှိဘူးလို့ သတင်းစာတိုက်သို့ မစ္စက်ဟက်ဖီး သတင်းရေး သားပေးပို့ပါတယ်။

## ဘဝခြားနေကြတဲ့ချစ်သူများပြန်လည်ဆုံတွေ့နိုင်ပြီ

ဝိညာဉ်လောကနှင့် တိုက်ရိုက်အသံဖြင့် ဆက်သွယ်တဲ့ အက်စတယ် ရဲ့ ဝိုင်းမှာ ထူးထူးခြားခြား ဆက်သွယ်လာသူတစ်ဦးက ဆာဟင်နရီ ဆီး ဂရေ့ (Sir Henry Segrave) ဖြစ်ပါတယ်။ ဆာဟင်နရီက မကွယ်လွန်မီ အချိန်က ပြိုင်ကားမောင်းရန် ဝါသနာကြီးသူတစ်ဦးဖြစ်တယ်။ အမေရိကန် ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ဒေတိုနာကမ်းခြေ (Daytona Beach) မှာ ကမ္ဘာ့ပြိုင်ကားပြေးနှုန်းစံချိန်ကို ချိုးနိုင်အောင် လေ့ကျင့်နေစဉ် အင်္ဂလန် မှ အမည်မဖော်သူတစ်ဦးက သတိပေးစာရေးလာတယ်။ ဓာတ်စီးဝိုင်းတစ်ခု မှာ ပြိုင်ကားဘုရင်တစ်ဦးရဲ့ ဝိညာဉ်(နတ်)က ဆာဟင်နရီအား သတိထားဖို့ ပြောကြားတာကို သတိပေးရေးလိုက်ခြင်း ဖြစ်တယ်။

အင်္ဂလန်သို့ ဆာဟင်နရီပြန်လာတဲ့အခါ နတ်ဝင်သည်တို့ရဲ့ ဓာတ်စီး ဝိုင်းများကို သူလေ့လာတယ်။ နောက်မကြာမီမှာ ဝင်ဒါမီယာအိုင်ကြီး မော်တော်ဘုတ်ပြိုင်ပွဲမှာ ကမ္ဘာ့စံချိန်ကို ချိုးနိုင်အောင် သူကြိုးစားနေတဲ့ အခိုက် မော်တော်ဘုတ် တိမ်းမှောက်ပြီး သူကွယ်လွန်သွားပါတယ်။

တမလွန်လောကသို့ ရောက်သွားတဲ့ ဆာဟင်နရီဟာ အက်စတာယ်ရဲ့ ဓာတ်စီးဝိုင်းမှာ သူ့ဇနီးသည်နှင့် ဆက်သွယ်ဖို့ ကြိုးစားတယ်။ ဒီ သတင်း ကိုကြားတော့ သူ့ဇနီး လေဒီဆီးဂရေက(Lady Segrave) ဟာ အက်စတယ် ရဲ့ တိုက်ရိုက်အသံဝိုင်းသို့ ရောက်လာတယ်။

ဝိုင်းစပြီး မကြာမီမှာ တံပိုးခရာလေးဟာ လေဒီဆီးဂရေ့ရဲ့ နားအနီး

မှာ ရပ်တန့်ပြီး 'ဒိ'လို့ အသံထွက်လာတယ်။ 'ဒိ'ဆိုတာက ဆာဟင်နရီ တစ်ဦးတည်းက သူ့ဇနီးအား ချစ်စနိုးခေါ်ခဲ့တဲ့အမည်ဖြစ်တယ်။ ထိုသို့ အခေါ်ခံလိုက်ရတာနဲ့တစ်ပြိုင်နက် လေဒီဆီးဂရေ့က ရင်ဖိုလှိုက်ကာ စိတ်တက်ကြွလှုပ်ရှားသွားတယ်။ ထိုအခါ အသံရှင်ဟာ တံပိုးခရာကို မထိန်းထားနိုင်တော့လို့ အောက်သို့ လွှတ်ချလိုက်တယ်။

ထိုအခါ တိမ်နီရဲ့အသံ ထွက်ပေါ်လာတယ်။ စိတ်မပျက်ကြပါနဲ့၊ လေဒီဆီးဂရေ့ စိတ်လှုပ်ရှားပြီး ဆာဟင်နရီနတ်က တံပိုးခရာသုံးတာ မကျွမ်းကျင်သေးလို့ တံပိုးခရာ ပြုတ်ကျသွားခြင်းဖြစ်တယ်။ နောက်တစ်ကြိမ်မှာ အောင်မြင်အောင် သူကူညီပေးမယ်လို့ တိုက်တွန်းစကား ပြောကြားတယ်။

နောက်တစ်ကြိမ်နှင့် နောက်နောက်အကြိမ်များစွာတို့မှာ လေဒီဆီးဂရေ့ဟာ စိတ်တည်ငြိမ်မှုနှင့် စိတ်ချမ်းသာမှုတို့ကို ရရှိသွားပြီဖြစ်လို့ စိတ်ကို ဖြေလျော့ထားနိုင်တယ်။ ဆာဟင်နရီနတ်ကလည်း တံပိုးခရာကို အသုံးပြုရာမှာ ကျွမ်းကျင်လာတဲ့အတွက် လေဒီဆီးဂရေ့နှင့် တိုးတိုးတိတ်တိတ်တစ်မျိုး အသံကျယ်ကျယ်တစ်ဖုံ ဆက်သွယ်နိုင်လာတယ်။

"၁၄-ရက်နေ့က ငါမင်းနဲ့အတူရှိခဲ့တယ် ဒိ"

"ရှင် ၁၄ ရက်ကို မှတ်မိလို့လား"

"မှတ်မိတာပေါ့၊ မင်းရဲ့မွေးနေ့လေ-"

"ရှင်က ကားထဲမှာ ကျွန်မနဲ့အတူရှိသလား"

"အင်းပေါ့၊ မင်း ကားသတိထားမောင်းနော်၊ မင်းကားမောင်းတာ သိပ်မြန်တယ်"

"ဘာဖြစ်လို့လဲ၊ ကျွန်မက ကားမောင်းကျွမ်းကျင်တာပဲ"

"အင်းပေါ့လေ၊ ငါလည်း ကားမောင်းကျွမ်းကျင်သူတစ်ယောက်ဖြစ်ခဲ့တာပဲ မဟုတ်လား"

တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ လများစွာ ကုန်လွန်သွား

သလို အက်စတယ်ရဲ့ တိုက်ရိုက်အသံခတ်စီးဝိုင်းဟာလည်း အရေအတွက် များစွာ ကျော်လွန်သွားပါတယ်။ ဒီခေတ်စီးဝိုင်းတွေမှာ ဆာဟင်နရီ ဆီး ဂရေ့နှင့် လေဒီဆီးဂရေတို့ဟာ လက်ပွန်းတတီး အကျွမ်းတဝင်နဲ့ အချိန်ကြာမြင့်စွာ စကားပြောဆိုခဲ့ကြတယ်။ သူတို့ရဲ့ အိမ်တွင်းရေးအကြောင်း၊ မိတ်ဆွေများအကြောင်း၊ ဆာဟင်နရီရဲ့ ဖခင်အကြောင်း၊ သေးသေးမွှားမွှား အကြောင်းများစွာတို့ကို ဆွေးနွေးခဲ့ကြတယ်။

*သေခြင်းကန့်လန့်ကာကို ဖယ်ရှားပြီး ချစ်သူများဟာ ပြန်လည် ဆုံတွေ့နိုင်လေပြီ။*

ဝိညာဉ်လောကနှင့် တစ်နှစ်ကြာ ဆက်သွယ်ပြီးတဲ့အခါ လေဒီ ဆီး ဂရေ့ဟာ အသေးစိတ် အထောက်အထားများနှင့်တကွ တမလွန်ဘဝမှာ သူ့ခင်ပွန်းဆက်လက်အသက်ရှင်နေကြောင်းကို သတင်းစာများမှတစ်ဆင့် အများပြည်သူ့ဟို့ကို ထုတ်ဖော်ပြောကြားလိုက်တယ်။

*"လောကမှာတာ မိဘနှင့်သားသမီး, ခင်ပွန်းနှင့်ဇနီး, ဆွေမျိုးနှင့် မောင်နှမအချင်းချင်းတို့ဟာ မခွဲချင်ဘဲနှင့် ခွဲခွာကြရပါတယ်။ သေခြင်းဆိုတဲ့ တံတိုင်းကြီးနဲ့ ကာဆီးခံရတဲ့အခါ လူတိုင်းပဲ ယူကျုံးမရဖြစ်ကာ ပူဆွေး သောကဖြစ်ကြရပါတယ်။ ဒီလိုပူဆွေးလောင်မြိုက်ခြင်း ခံနေကြရတဲ့ လူအပေါင်းကို ဖေးမကူညီဖို့ဟာ ကျွန်မရဲ့ တာဝန်တစ်ရပ်ပါ။*

*"သေလွန်ပြီးတဲ့ ကျွန်မရဲ့ခင်ပွန်းနဲ့ ကျွန်မဆုံတွေ့ပြီး ကျွန်မ စိတ်ချမ်းမြေ့ခဲ့ရသလို ကျွန်မနဲ့ ဘဝတူကြတဲ့ လူအပေါင်း တို့လည်း စိတ်ချမ်းမြေ့နိုင်ကြပါစေလို့ ကျွန်မ ဆန္ဒပြုလိုက်ပါတယ်ရှင်"*

အဲသလို သတ္တိရှိရှိနဲ့ လေဒီဆီးဂရေ့ ဆောင်ရွက်လိုက်ခြင်းကို တိမ်နိနတ်ရော ဆာဟင်နရီနတ်ပါ ကောင်းချီးဩဘာပေးကြတယ်။


၁၉၆၈ ခုနှစ်မှာ လေဒီဆီးဂရေ့ ကွယ်လွန်ပြီး သူမရဲ့ ခင်ပွန်းနှင့်

ဝိညာဉ်လောကမှာ ပြန်လည်ပေါင်းဆုံကြရတယ်။ သူတို့နှစ်ဦးဟာ အက်စတယ်ထံသို့ အတူတကွလာရောက်ကြပြီးတော့ နှစ်ပေါင်းများစွာ သူတို့ရဲ့ ချမ်းသာပျော်ရွှင်ရေးကို ဖန်တီးပေးခဲ့ခြင်းအတွက် လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း ပြောကြားကြပါတယ်။ [6]

## တမလွန်လောကမှသဝဏ်လွှာ

၁၉၇၇ခုနှစ်၊ မေလ(၁)ရက်နေ့ထုတ် နယူးစ်ဝိ(ခ်)(News Week) မဂ္ဂဇင်းမှာ သတင်းထူးတစ်ပုဒ်ပါလာတယ်။ ကွယ်လွန်သွားပြီးတဲ့ အမေရိကန် အမယ်အို မေရီစဝတ်(စ်) (Mary Swarts) က ဒေါက်တာ အယ်လစ္စဘက် ကူဘလာရော့စ်ထံ ကျေးဇူးတင်စကားပြောပြီး သဝဏ်လွှာရေးပေးတဲ့ သတင်းထူးပါပဲ။

အမေရိကန်ပြည်ထောင်စုမှာ သားသမီးများနှင့်ဝေးကွာပြီး အထီးကျန်ဖြစ်နေကြတဲ့ အိုမင်းရင့်ရော်သူများကို သေခါနီးအချိန်မှာ ကူညီစောင့်ရှောက်ဖို့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ဖွဲ့စည်းထားကြ



ဒေါက်တာကူဘာရော့စ်နှင့် မေရီစဝတ်(ခ်)၏ စာ

တယ်။ ဒီအဖွဲ့များမှာ ဆရာဝန်များ, စိတ်ပညာရှင်များ, တရားဟော ဆရာများ, လူမှုရေးပါရဂူများ စသည်တို့ ပါဝင်ကြတယ်။

ထိုအဖွဲ့တစ်ခုမှာ ဒေါက်တာကူဘလာရော့စ် ပါဝင်ပါတယ်။ ဒေါက်တာ ကူဘလာရော့စ်က မွေးရာပါ စိတ်ပညာစွမ်းရည်သတ္တိရှိတယ်။ သေဆုံးပြီးသူအချို့က အနီးအပါးမှာ နတ်ဖြစ်ကြလို့ ဒေါက်တာကူဘလာရော့စ်ထံလာပြီး ကျေးဇူးတင်စကားပြောကြတယ်။ မေရီစဝတ်(စ်)အမည်ရှိတဲ့ အမယ်အိုကလည်း ကွယ်လွန်တဲ့အခါ နတ်သမီးဖြစ်လို့ ဒေါက်တာကူဘလာရော့စ် ရှေ့မှောက်မှာ ကိုယ်ထင်ပြပြီး ကျေးဇူးတင်စကားပြောကြားတယ်။

ဒေါက်တာကူဘလာရော့စ်က စားပွဲပေါ်ကစာရေးစက္ကူနှင့်ကလောင်တံကို အသုံးပြုပြီးတော့ သူတို့နှစ်ဦးစလုံး သိကျွမ်းတဲ့ မိတ်ဆွေတစ်ဦးထံသို့ နှုတ်ဆက်သဝဏ်ရေးပေးဖို့ မေတ္တာရပ်ခံတယ်။ မေရီစဝတ်(စ်)က သဝဏ်လွှာရေးသားပြီး လက်မှတ်ရေးထိုးတယ်၊ ရက်စွဲလည်း ထည့်တယ်၊ ဒီစာကို နယူးစ်ဝိ(ခ်)မဂ္ဂဇင်းမှာ ဖော်ပြခြင်း ဖြစ်တယ်။

ဒေါက်တာကူဘလာရော့စ်ဟာ ဝိညာဉ်လမ်းညွှန်(Spirit Guide) များနှင့်လည်း တွေ့ဆုံပြီး ထိုသူတို့က သူမကို တမလွန်လောကအကြောင်း ပြောပြကြတယ်။ ဒေါက်တာကူဘလာရော့စ်နှင့် အခြားသုတေသီများရဲ့ တမလွန်လောကဆိုင်ရာ သုသေသနများကိုအမေရိကန်ပြည်သူတို့ကအထူး စိတ်ဝင်စားကြတယ်။ ၁၉၇၈ ခုနှစ်က ဆန္ဒမဲ ယူကြည့်တဲ့အခါ အမေရိကန် ပြည်သူ ၇၀ ရာခိုင်နှုန်းတို့ဟာ သေပြီးတဲ့နောက် ဘဝရှိဦးမယ် ယုံကြည် ကြောင်း သိရှိရပါတယ်။ [၆]

၅ ဒိဗ္ဗစက္ခုအဘိညာဏ်၊ ယထာကမ္မုပဂအဘိညာဏ်၊

အနာဂတံသ အဘိညာဏ်တို့ဖြင့် အနာဂတ်ဘဝများကို သိခြင်း

ဗုဒ္ဓဘာသာမှာ စိတ်ရဲ့စွမ်းအား အလွန်ကြီးတာကို ဖော်ပြတဲ့ အဘိညာဏ် ခေါ် အထူးသိတဲ့ ဉာဏ်ခုနစ်မျိုးကို မြတ်စွာဘုရားဟောကြားထား

တော်မူတယ်၊ ဒီအဘိညာဏ်တန်ခိုးများကို ရရှိအောင် ထူထောင်နည်းများကိုပါ မြတ်စွာဘုရားညွှန်ပြထားတော်မူလို့ ယခုအခါမှာလည်း သင်ကြားညွှန်ပြတတ်တဲ့ ဆရာသမားကောင်းထံမှာ နည်းနာခံယူပြီး လေ့ကျင့်ရင် ယခုခေတ်လူသားများလည်း ဒီဉာဏ်တွေကို ရယူနိုင်ကြပါတယ်။

အဘိညာဏ်ခုနစ်ပါးမှာ 'စုတူပပါတဉာဏ်'လို့ အမည်ရတဲ့ 'ဒိဗ္ဗစက္ခုဉာဏ်'ဟာ သေခါနီးဖြစ်တဲ့ စုတေဆဲသတ္တဝါတို့ကိုရော ပဋိသန္ဓေတည်ပြီးစဖြစ်တဲ့ ပဋိသန္ဓေနေဆဲသတ္တဝါတို့ကိုရော မြင်သိနိုင်တယ်။

စုတေဆဲသတ္တဝါက သေလွန်ပြီးတော့ ဘဝသစ်မှာ ပဋိသန္ဓေ တည်ဆဲ အခြေအနေကိုပါ မြင်နိုင်ခြင်းဟာ သတ္တဝါတွေ သေလွန်ပြီးတော့ အနာဂတ်ဘဝဖြစ်ရတာကို တိတိကျကျ သိမြင်သွားတာပဲပေါ့။

ဒိဗ္ဗစက္ခုအဘိဉာဏ်ရထားတဲ့ ပုဂ္ဂိုလ်ဟာ အောက်ဘက်မှာ ငရဲပြည်သို့ ရှေးရှုပြီး အလင်းရောင်ပွားစေတဲ့အခါ ကြီးမားတဲ့ ဆင်းရဲကို ခံစားနေကြရတဲ့ ငရဲသတ္တဝါများကို မြင်တယ်၊ ဒီလိုရှုမြင်ခြင်းဟာ ဒိဗ္ဗစက္ခုဉာဏ်ရဲ့ အစွမ်းဖြစ်ပါတယ်။

"ဒီငရဲသတ္တဝါတို့ဟာ ဘာကြောင့် ကြီးစွာသော ဆင်းရဲကို ခံစားနေရသလဲ"လို့ နှလုံးသွင်းလိုက်တဲ့ခါ "သူတစ်ပါးအသက်သတ်ခြင်းစတဲ့ အကုသိုလ်ကံတွေကြောင့် ငရဲသားများ ဖြစ်ရပြီး ကြီးစွာသော ဆင်းရဲကို ခံစားနေကြရတယ်"ဆိုတာကို မြင်သိလာတယ်။ ဒီလိုမြင်သိလာတဲ့ ဉာဏ်ကို ယထာကမ္မူပဂအဘိညာဏ်လို့ ခေါ်ပါတယ်။

ထို့အတူပဲ အထက်ဘက်မှာ နတ်ပြည်သို့ ရှေးရှုပြီး အလင်းရောင်ကို ပွားစေတဲ့အခါမှာ ကြီးကျယ်တဲ့ နတ်စည်းစိမ်တို့ကို ခံစားနေကြတဲ့ နတ်များကို ရှုမြင်ရပါတယ်။ ဒီလိုရှုမြင်ခြင်းဟာ ဒိဗ္ဗစက္ခုအဘိညာဏ်ရဲ့ အစွမ်းသတ္တိဖြစ်ပါတယ်။

တစ်ခါ "ဒီနတ်သတ္တဝါများဟာ အဘယ်အကြောင်းကြောင့် ကြီးကျယ်တဲ့ နတ်စည်းစိမ်တို့ကို ခံစားနေကြရသလဲ"လို့ နှလုံးသွင်းလိုက်တဲ့

အခါ "အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းစတဲ့ ကုသိုလ်ကံများကြောင့် ကြီးကျယ်တဲ့ နတ်စည်းစိမ်ချမ်းသာကို ခံစားနေကြရတယ်" ဆိုတာကို မြင်သိလာတယ်။ ဒီလိုမြင်သိတဲ့ ဉာဏ်ဟာ ယထာကမ္မုပဂ အဘိညာဏ် ဖြစ်ပါတယ်။

*သတ္တဝါတို့ဟာ မိမိတို့ပြုထားကြတဲ့ ကုသိုလ်ကံ,အကုသိုလ်ကံအားလျော်စွာ သေလွန်တဲ့အခါ ချမ်းသာတဲ့ သုဂတိဘုံ သို့မဟုတ် ဆင်းရဲတဲ့ဒုဂ္ဂတိဘုံတို့မှာဖြစ်ကြရတာကို သိမြင်တဲ့ ယထာကမ္မုပဂဉာဏ်ဟာ အနာဂတ်ဘဝ ရှိတာကို သိတဲ့အပြင် အဲဒီ ဘဝသစ်ကို ဖြစ်စေတဲ့ အကြောင်းရင်း'ကံ'ကိုပါ သိတဲ့ ဉာဏ် ဖြစ်ပါတယ်။*

ဒိဗ္ဗစက္ခုအဘိညာဏ်ကို အခြေခံပြီးတော့ ယထာကမ္မုပဂ အဘိညာဏ်ကို ထူထောင်နိုင်တဲ့အပြင် အနာဂတ်ဘဝ, အနာဂတ်ဖြစ်ရပ်များနှင့် အနာဂတ်ကမ္ဘာများကိုပါ မြင်သိနိုင်တဲ့ အနာဂတံသအဘိညာဏ်ကိုပါ ပျိုးထောင်နိုင်ပါတယ်။

လွန်ခဲ့တဲ့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းက ဒီပင်္ကရာမြတ်စွာဘုရားဟာ ရဟန္တာလေးသိန်းခြံရံပြီးတော့ ရမ္မာဝတီပြည်သို့ လမ်းမကြီးအတိုင်း ကြွချီတော်မူလာတယ်။ ပြည်သူပြည်သားများနှင့် နတ်အပေါင်းတို့က များစွာသော စည်တို့ကို တီးခတ်ပြီး ကြိုဆိုကြတယ်။

ထိုအခါ မြတ်စွာဘုရားရဲ့ တန်ခိုးတော်ကြောင့် နတ်အပေါင်းကို လူတို့ မြင်ကြရတယ်၊ နတ်တို့ကလည်း လူတို့ကို မြင်ကြတယ်၊ ထိုနတ်လူနှစ်မျိုးစုံ တို့ဟာ လက်အုပ်ချီမိုးပြီးတော့ ဘုရားနှင့် သံဃာတို့ရဲ့ နောက်တော်မှလိုက်လာကြကုန်တယ်။

ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းလျာဖြစ်တဲ့ သုမေဓာရသေ့ပျိုဟာ ဈာန်အဘိညာဏ်တွေ ရထားပါသော်လည်း သူမြေဖို့ရန် တာဝန်ယူထားတဲ့ လမ်းအပိုင်းကို ကာယလုပ်အားဖြင့် ကြိုးစားဖို့တယ်။ ဖို့လို့ မပြီးခင်

ကျက်သရေအပေါင်း ခညောင်းတဲ့ မြတ်စွာဘုရားကြွလာတာကို မြင်တော့ အသက်စွန့်လှူဖို့ အကြံဖြစ်တယ်။

*"ယနေ့ငါဟာ မြတ်စွာဘုရားထံတော်မှာ အသက်စွန့်လှူဖို့ သင့်တယ်၊ မြတ်စွာဘုရားဟာ ညွှန်ပျောင်းမှာ ဆင်းရဲစွာ နင်းကြွတော်မမူပါစေလင့်၊ မြတ်စွာဘုရားနှင့် ရဟန္တာ လေးသိန်းတို့ဟာ ငါ့ရဲ့ ကျောပြင်ကို နင်းပြီး ကြွလှမ်းတော်မူကြပါစေ၊ ထိုသို့ နင်းကြွတော်မူခြင်းဟာ ငါ့အတွက် တာရှည်စွာသော ကာလပတ်လုံး အစီးအပွား ချမ်းသာတို့ကို ရဖို့ရန် ဧကန်ဖြစ်လိမ့်မယ်"*

သုမေဓာရသေ့ပျိုက အဲသလို ကြံစည်ဆုံးဖြတ်ပြီးတာနဲ့ တစ်ပြိုင်နက် ညွှန်ပျောင်းမှာ အလျားမှောက်ခုံ ဝပ်စင်းတော်မူတယ်။ ပြီးတော့ ဘုရားဆု ပန်ရန် စိတ်အကြံ ဖြစ်တော်မူတယ်။

*"ငါသာ အလိုရှိလို့ ဒီပင်္ကရာမြတ်စွာဘုရားထံမှာ ရဟန်းပြု ပြီး ကြိုးစားအားထုတ်လိုက်လျှင် ယနေ့ပင် ရဟန္တာ ဖြစ်နိုင် တယ်။ ဒါပေမယ့် မထင်မရှားသော သာဝက တစ်ပါးအသွင် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟာ ငါသို့သော ယောကျ်ား မြတ်အတွက် အဘယ်အကျိုးရှိပါ့မလဲ။ သဗ္ဗညု ဘုရားအဖြစ် သို့ရောက်အောင် ကြိုးစားအားထုတ်ပေအံ့"*

ထိုအခိုက်မှာ သုမိတ္တာ အမည်ရှိတဲ့ ပုဏ္ဏားပျိုမကလေးဟာ ကြာပန်း ရှစ်လက်ကိုင်ဆောင်လျက် လူထုကြားထဲကို ရောက်လာတယ်။ သုမိတ္တာက သုမေဓာရသေ့ပျိုကို မြင်လျှင်မြင်ချင်း ရသေ့အပေါ်မှာ မေတ္တာပေမဓာတ်များစွာ သက်ဝင်လာလို့ ကြာပန်းငါးလက်ကို ရသေ့ပျိုသို့ ကမ်းပေးလိုက် တယ်။

"အရှင်ရသေ့၊ မြတ်စွာဘုရားကို အရှင်အလိုရှိသလို လှူဒါန်းဖို့ ကြာ ပန်းငါးလက်ကို အရှင့်အား ပေးပါတယ်။ ကျန် ကြာပန်းသုံးလက်က

အကျွန်ုပ် လှူဒါန်းဖို့အတွက် ဖြစ်ပါစေ။

"အရှင်ရသေ့၊ အရှင်ဟာ ဘုရားဖြစ်ဖို့ ပါရမီတော်တို့ကို ဖြည့်ကျင့်နေသမျှ ကာလအတွင်းမှာ အကျွန်ုပ်ဟာ အရှင်နှင့်အတူတကွ ညီမျှသောသူတို့ ဖြစ်ကြပါရစေ"လို့ သုမိတ္တာ ဆုပန်တယ်။

သုမေဓာရသေ့ကလည်း ကြာပန်းငါးလက်ကို လက်ခံယူပြီး ဒီပင်္ကရာမြတ်စွာဘုရားကို လှူဒါန်းလျက် "သမ္ဗာသမ္ဗောဓိဉာဏ်"ကို ဆုပန်ပါတယ်။ သုမိတ္တာလည်း ဘုရားကို ကြာပန်းလှူပြီး ဆုပန်တယ်။

ဒီပင်္ကရာမြတ်စွာဘုရားဟာ ဒီထူးခြားလှတဲ့ အခြင်းအရာတို့ကို မြင်တော်မူတဲ့အခါ သုမေဓာရသေ့ရဲ့ ဦးခေါင်းရင်းမှာ ရပ်တော်မူတယ်၊ ထို့နောက် သုမေဓာနှင့် သုမိတ္တာတို့ ဆုတောင်းတဲ့အတိုင်း ဖြစ်လာနိုင်မလား ရည်သန်ပြီးတော့ အနာဂတ်သို့ အနာဂတံသဉာဏ်တော်ကို စေလွှတ်တော်မူတယ်။ မြတ်စွာဘုရားတို့ရဲ့ အနာဂတံသအာဘိဉာဏ်ဟာ အနာဂတ် ကို အကန့်အသတ်မရှိ အပိတ်အပင်မရှိ မြင်သိတော်မူတယ်။ ဒီပင်္ကရာ မြတ်စွာဘုရားက အနာဂတံသဉာဏ်တော်ကို စေလွှတ်ပြီး စူးစမ်းဆင်ခြင် သိမြင်တဲ့အခါ ရဟန်းတို့ကို မိန့်တော်မူတယ်။

*"ရဟန်းတို့ ဒီသုမေဓာရသေ့ဟာ ဤကမ္ဘာမှ နောက် မရေတွက်နိုင်လောက်အောင် များပြားတဲ့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်မှာ သမ္ဗာသမ္ဗုဒ္ဓဘုရားစင်စစ် ဖြစ်ပေလိမ့်မယ်။ ဒီဘုရားရဲ့ အမည်ဟာ ဂေါတမ ဖြစ်လတ္တံ့။*

*"ဂေါတမမြတ်စွာဘုရားရဲ့ မယ်တော်ခမည်းတော်တို့ဟာ မာယာဒေဝီနှင့် သုဒ္ဓေါဒနမင်းတို့ ဖြစ်ကြလိမ့်မယ်။ ဥပတိဿနှင့် ကောလိတ (အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်)တို့ဟာ ဒီဘုရားရဲ့ အဂ္ဂ သာဝကအစုံ ဖြစ်ကြလိမ့်မယ်။*

*"အာနန္ဒာအမည်ရှိတဲ့ ရဟန်းဟာ ဂေါတမဘုရားရဲ့ အလုပ်အကျွေး ဖြစ်လိမ့်မယ်။ ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီ*

*တို့ဟာ အဂ္ဂသာဝိကာအစုံ ဖြစ်ကြလိမ့်မယ်” ဧ*

လို့ ဗျာဒိတ်စကားမိန့်ကြားတော်မူတယ်။

တစ်ခါ သုမေဓာရသေ့ကိုလည်း ဒီလိုမိန့်ကြားလိုက်ပါတယ်။

*“သုမေဓာခေါ် မှတ် အိုရသေ့မြတ်. . . ဤသုမိတ္တာ အမျိုးသမီးဟာ သင်ရဲ့ ဘုရားဖြစ်ဖို့အကျိုးငှာ စိတ်တူ, ကံတူ, အညီအမျှပြုလုပ်သူ, ကိုယ် နှုတ် နှလုံးသုံးပါးသော အမှုဖြင့် ရှုချင်စဖွယ် တင့်တယ်လှပသူ, ချစ်နှစ် လိုဖွယ်ရှိတဲ့သူ, စိတ်နှလုံးကို ပွားစေတတ်သူ, ချစ်ဖွယ်စကားကို ပြောကြားတတ်သူ ဖြစ်ပေလိမ့်မယ်။ နောက်ဆုံးဘဝမှာသင့်သာသနာမှာ တန်ခိုးဣဒ္ဓိပါဒ် နှင့် ပြည့်စုံတဲ့ သာဝိကာမ ဖြစ်ပေလိမ့်မယ်” ဧ*

အဘိညာဏ်နှင့် ယှဉ်တဲ့ စိတ်ရဲ့ စွမ်းရည်သတ္တိဟာ အံ့ဩဖွယ်ကောင်းအောင် ထက်မြက်လှပါတယ်။ မြတ်စွာဘုရားတို့ရဲ့ ဗျာဒိတ်စကားဟာ ချွတ်ယွင်းလွဲမှားစရာ မရှိပါဘူး၊ အလွန်တိကျမှန်ကန်လှပါတယ်။

ဒါကြောင့် အတိတ်ဘဝများ, အနာဂတ်ဘဝများရှိတာကို ယုံမှားစရာ မရှိသင့်တော့ပါဘူး။ သိပ္ပံနည်းကျတဲ့ ခိုင်လုံတဲ့ အထောက်အထား များစွာက သက်သေ ပြနေပါတယ်။

*ကျီးဖြူတစ်ကောင်ကို မြင်တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် “ကျီးအားလုံးဟာ မည်းတယ်”ဆိုတဲ့ အဆိုသီအိုရီဟာ ပျက်ပြယ်သွားသလို သက်သေခိုင်လုံတဲ့ နောက်ဘဝအထောက်အထား တစ်ခုကို မြင်တွေ့ရရင်ပဲ “နောက်ဘဝမရှိ”ဆိုတဲ့ အယူအဆဟာ ပျက်ပြယ်သွားပါပြီ။ တိကျခိုင်လုံတဲ့ အတိတ်ဘဝအထောက်အထားများစွာနှင့် အနာဂတ်ဘဝ အထောက်အထားများစွာကို တွေ့မြင်ခဲ့ပြီး ဖြစ်တဲ့အတွက် “အတိတ်ဘဝမရှိ အနာဂတ်ဘဝမရှိ” ဆိုတဲ့ အယူအဆဟာ လုံးဝဥဿုံ ပျက်ပြယ်သွားပြီ ဖြစ်ပါတယ်။*

## ရည်ညွှန်းချက်များ

၁ ဥပရိပဏ္ဏာသပါဠိတော်မြန်မာပြန်၊ အနုာထပိဏ္ဍိကောဝါဒသုတ်၊ နှာ ၃၀၆-၃၁၁။
၂ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၆။
၃ ဝိမာန ၂၀၁။ ဝိ၊ ဋ္ဌ၊ ၁၊ ၉၄။
၄ ဒီ၊ ဌ၊ ၁၊ ၃၁၇။ မ၊ ဌ၊ ၄၊ ၁၅၅။
၅ ဒေါက်တာမင်းတင်မွန်၊ "ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ"၊ သတ္တမအကြိမ်၊ ၇၅-၈၆။
၆ ၎င်းစာအုပ်၊ ၈၆-၉၈။
၇ အရှင်နန္ဒမာလာ၊ " ဝိသုဒ္ဓိမဂ်မြန်မာပြန် " ဒုတိယတွဲ၊ ၂၉၁-၂၉၅။
၈ မဟာစည်ဆရာတော်၊ " ဝိသုဒ္ဓိမဂ်မြန်မာပြန် "၊ တတိယတွဲ၊ ၁၄၉ - ၁၆၆။
၉ တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၊ " မဟာဗုဒ္ဓဝင် " ပထမတွဲ၊ ပထမပိုင်း၊ ၄၂-၇၁။

# ၁

# ဖန်တီးရှင်အစစ်ဟူသည်မှာ

၁ အနန္တတန်ခိုးရှင်

*စိတ္တေန နီယတိ လောကော။*

စိတ်ဟာ ကမ္ဘာလောကကို ဦးဆောင်နေတယ်။

*စိတ္တေန ပရိကဿတိ။*

စိတ်ဟာ လောကနှင့် အရာတိုင်းကို ဆွဲငင်နေတယ်။

*စိတ္တဿဧကဓမ္မဿ သဗ္ဗေဝဝသမန္ဂူတိ။*

အလုံးစုံသော တရားတို့ဟာ စိတ်ဆိုတဲ့ တစ်ခုတည်းသော တရားရဲ့ အလိုသို့ အစဉ်လိုက်ပါနေကြရတယ်။ *(သံ၊ ၁၊ ၃၆၊ စိတ္တသုတ္တန်)*

လူသားတို့ရဲ့ စိတ်အသီးသီးက လူသားတို့ရဲ့ ဘဝအသီးသီးကို ဦးဆောင်နေတယ်။ လူသားတို့ကတစ်ဖန် ကမ္ဘာလောကကို ဦးဆောင်နေတယ်။ ဒါကြောင့် စိတ်က ကမ္ဘာလောကတစ်ခုလုံးကို ဦးဆောင်နေပါတယ်။ ကမ္ဘာလောကတစ်ခုလုံးက စိတ်အလိုသို့ လိုက်ပါနေရတယ်။

ကမ္ဘာပေါ်မှာ ရှိသမျှ မြို့ရွာ၊ နိုင်ငံ၊ တိုက်တာအဆောက်အဦများ၊ မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံများ၊ အလွန်အစွမ်းထက်မြက်တဲ့ သိပ္ပံပညာနည်းပညာများ၊ ယဉ်ကျေးမှုစာပေနှင့် အနုပညာများ စသည်တို့ကို လူတို့ရဲ့ စိတ်က ဖန်တီးထားပြီး စိတ်က ထိန်းချုပ်ထားတယ်။ ဒါ

ကြောင့် စိတ်မှာ အနန္တတန်ခိုးရှိတာကို ယုံမှားစရာ မရှိသင့်ဘူး။

၂ စိတ်ပညာရှင်များ၏ ထောက်ခံချက်

စိတ်မှာ အနန္တတန်ခိုးရှိတာကို စိတ်ပညာရှင်များကလည်း စိတ်ကို လေ့လာပြီး သိရှိကြပါတယ်။

*"စိတ်မှာ အနန္တတန်ခိုးသတ္တိရှိတယ်။ စိတ်ဟာ ဘာမဆို ဖြစ်အောင် လုပ်ပေးနိုင်တယ်။ စိတ်ကသာ တကယ်ယုံကြည် ရင် တောင်ကြီးတွေကို ရွေ့ရှားစေနိုင်တယ်။ ချမ်းသာခြင်း, ဆင်းရဲခြင်း, အောင်မြင်ခြင်း, ကျရှုံးခြင်းတို့ဟာ စိတ်အပေါ်မှာ မူတည်တယ်။*

*"ငါအောင်မြင်ရမယ်၊ ငါချမ်းသာကြွယ်ဝရမယ်၊ ငါအောင် မြင် ချမ်းသာအောင် ငါ့စိတ်က စွမ်းဆောင်ပေးနိုင်တယ်လို့ ကိုယ့်အရည်အသွေးကို တကယ်ယုံကြည်မှုရှိပြီး ဖြစ်ချင်တဲ့ဆန္ဒ၊ ဖြစ်အောင်ကြိုးစားတဲ့ ဝီရိယ၊ ဖြစ်အောင်လုပ်နိုင်တဲ့နည်းလမ်း တို့ကို ဆင်ခြင်သိမြင်နိုင်တဲ့ ဉာဏ်ပညာတို့နဲ့ မနေမနား လုပ် ကိုင်သွားရင်း မုချအောင်မြင်ချမ်းသာလာမှာ ဖြစ်ပါ တယ်။*

*"ဘာမဆို ဖြစ်အောင် လုပ်နိုင်တယ်ဆိုတဲ့ စိတ်ရဲ့ စွမ်းရည် သတ္တိကို ယုံကြည်မှုမရှိဘဲ ငါဆင်းရဲသားဘဝနဲ့ပဲ နေထိုင်သွား ရမှာပဲလို့ စိတ်စွဲလမ်းနေတဲ့ သူတို့ဟာ ဆင်းရဲသားဘဝနဲ့ပဲ တစ်သက်လုံး နေထိုင်သွားရမှာ သေချာပါတယ်"*

စိတ်ရဲ့စွမ်းရည်သတ္တိကို သိနားလည်လို့ စိတ်ပညာရှင်တို့က ဒီလို မိန့်ဆိုကြခြင်း ဖြစ်တယ်။

မျက်မှောက်လောကကို ကြည့်မယ်ဆိုရင်လည်း ဉာဏ်အမြော်အမြင် ရှိတဲ့ လူတွေက သင့်တင့်လျောက်ပတ်တဲ့အလုပ်တို့ကို ကြိုးစားလုပ်ကိုင်ကြ တော့ အောင်မြင်ကြ, ချမ်းသာကြတယ်။ အလုပ်မယ်မယ်ရရ မလုပ်တဲ့

လူတွေဟာ အနန္တတန်ခိုးရှင် တစ်ဦးဦးကို ရှိခိုးပြီး ဆုတောင်းနေပေမယ့် မချမ်းသာလာပါဘူး။

*ဒါကြောင့် လူတစ်ဦးစီရဲ့ ဘဝကံကြမ္မာကို ဖန်တီးနေသူဟာ မမြင်နိုင်၊ မသိနိုင်၊ သက်သေမပြနိုင်တဲ့ အနန္တတန်ခိုးရှင် ဖန်ဆင်းရှင်မဟုတ်ဘဲ စိတ်သာဖြစ်တယ်ဆိုတာ သိသာထင်ရှားပါတယ်။*

## ၃ စိတ်ဆိုတာဦးနှောက်လား

စိတ်ဟာ လူတို့ရဲ့ အပြုအမူ၊ အကြံအတွေး၊ ဆင်ခြင်သုံးသပ်မှု၊ ခံစား မှု၊ မှတ်သားမှုအလုံးစုံကို ချုပ်ကိုင်ထားတဲ့အတွက် လူတစ်ဦးစီရဲ့ အရေး အပါဆုံးနှင့် အရေးအကြီးဆုံး အင်္ဂါရပ်ဖြစ်တယ်။

ဒါပေမယ့် စိတ်ကို မမြင်နိုင်၊ မပြနိုင်၊ သိပ္ပံကိရိယာများနှင့်လည်း စမ်းသပ်လို့ မရတဲ့အတွက် စိတ်ဆိုတာ မရှိ၊ စိတ်ရဲ့ လုပ်ငန်းအားလုံးကို ဦးနှောက်ကသာ လုပ်ဆောင်နေတယ်။ ဒါကြောင့် စိတ်ဆိုတာ ဦးနှောက်ပဲလို့ အချို့သိပ္ပံပညာရှင်များက ယူဆကြတယ်။

သိပ္ပံပညာရှင်များ လေ့လာသိရှိထားတာက ခန္ဓာကိုယ်တစ်ခုလုံးမှ အာရုံကြောများအားလုံးဟာ ဦးနှောက်မှာ ပေါင်းဆုံကြတယ်။ သန်းပေါင်းများစွာသော အာရုံကြောအသီးသီးမှ ပေးပို့တဲ့ လျှပ်စစ်သတင်းများ (electric impulses) ကို လက်ခံဖို့နဲ့ အာရုံကြောအသီးသီးသို့ ညွှန်ကြားချက်များ ပေးပို့ဖို့အတွက် ဦးနှောက်မှာ *နျူရွန်* (neuron) လို့ ခေါ်တဲ့ ဆက်သွယ်ရေး ကိရိယာတွေ သန်းပေါင်း ၃၀၀၀ ကျော်ရှိတယ်လို့ ခန့်မှန်းကြတယ်။

သို့အတွက် ဦးနှောက်ရဲ့ ဆက်သွယ်ရေးစနစ်ဟာ ကမ္ဘာ့ထိပ်တန်းမြို့ကြီးများဖြစ်ကြတဲ့ နယူးယောက်၊ တိုကျို၊ လန်ဒန်မြို့အသီးသီးရဲ့ ဆက်သွယ်ရေးစနစ်ထက် ပိုပြီး ရှုပ်ထွေးပွေလီလှပေတယ်။ ဦးနှောက်နဲ့ အာရုံကြောအသီးသီးတို့ရဲ့ ဆက်သွယ်ရေးစနစ်ဟာ အလွန်စနစ်ကျပြီး

ကောင်းမွန်ထိရောက်လွန်းလို့ အနန္တတန်ခိုးရှင်တစ်ဦးဦးက စီမံဖန်ဆင်းပေးထားတာ ဖြစ်မှာပဲလို့တောင် အချို့ပညာရှင်များ တွေးမိကြသေးတယ်။

အမှန်မှာ သတ္တဝါတွေက အနန္တ မရေတွက်နိုင်ဘူး။ သက်ရှိသတ္တဝါအားလုံးမှာ စိတ်ရှိတယ်၊ ဦးနှောက်ရှိတယ်၊ သတ္တဝါတို့ရဲ့ စိတ်နေသဘောထားနှင့် တွေးခေါ်မြော်မြင်မှုစွမ်းရည်တို့က မတူကြဘူး၊ ဘယ်နှစ်ဦးမှ မတူကြဘူး။ ပုဂ္ဂိုလ်တစ်ဦးမှာပဲ စိတ်အခြေအနေက နှောက်လိုက်၊ ကြည်လိုက်၊ ရှုပ်လိုက်၊ ရှင်းလိုက်၊ ပျော်လိုက်၊ ပျင်းလိုက်နဲ့ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲနေတယ်။ စိတ်ကူးကြံစည်နေကြတာလည်း အမျိုးမျိုးပဲ။ ဒါတွေ အားလုံးကို အနန္တတန်ခိုးရှင် ဖန်တီးရှင်တစ်ဦးဦးက ကြောင့်ကြစိုက်ပြီး ထိန်းချုပ်နေမယ်ဆိုရင် ကမ္ဘာလောကမှာ အဲဒီဖန်တီးရှင် တန်ခိုးရှင်လောက် ဗျာပါရ များမယ့်သူ၊ သနားစရာကောင်းမယ့်သူ ရှိတော့မှာ မဟုတ်ဘူး။ အနန္တတန်ခိုးရှင်ဟာ မိမိဘာသာ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း နေပါတော့လား။

လူတို့အသိပညာ အလွန်နိမ့်ကျနေစဉ်အခါက ဘာကြောင့် မိုးသည်းထန်စွာ ရွာတယ်၊ လေပြင်းမုန်တိုင်းတိုက်တယ်၊ လျှင်လှုပ်တယ်၊ မီးတောင်ပေါက်ကွဲတယ်၊ မိုးခြိမ်းတယ်၊ မိုးကြိုးပစ်တယ်၊ ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်တွေ ကျရောက်တယ်ဆိုတဲ့အကြောင်းရင်းအမှန်ကို မသိ နားမလည်ကြတော့ နတ်တွေ စိတ်ဆိုးလို့ လုပ်တယ်၊ အနန္တတန်ခိုးရှင်တစ်ဦးက စီမံနေတယ်လို့ ထင်မိခဲ့ကြတယ်။ ဒါတွေက အကြောင်းမှန်ကို မသိလို့ အကြောင်းများကို တွေးဆလက်ခံတဲ့အတွက် “ဝိသမဟေတုကဒိဋ္ဌိ”တွေပါပဲ။ အသိပညာ တိုးတက်လို့ အကြောင်းမှန်များကို သိလာတဲ့အခါ နတ်ဘုရားတွေ၊ တန်ခိုးရှင်တွေ ပြုလုပ်တာ မဟုတ်ဘဲ သဘာဝအကြောင်းအကျိုး ဖြစ်ပျက်မှုများသာ ဖြစ်တာကို သိနားလည်လာကြတယ်။

ဒီမှာလည်း စိတ်ဆိုတာ ဘာမှန်းမသိ၊ စိတ်ရဲ့သဘာဝသတ္တိများနှင့် လုပ်ဆောင်မှုများကိုလည်း မသိတော့ ဦးနှောက်က ပြုလုပ်နေတယ်လို့

ထင်မိကြတယ်၊ အနန္တတန်ခိုးရှင်တစ်ဦးက စီမံကွပ်ကဲနေတယ်လို့ ထင်မိကြတယ်။ အမှန်က ဦးနှောက်ဟာ ရုပ်ပဲ။ ရုပ်က မတွေးခေါ်၊ မစဉ်းစားတတ်ဘူး၊ မခံစားတတ်ဘူး၊ စိတ်မဆိုးတတ်ဘူး၊ မပျော်ရွှင်တတ်ဘူး။ ၃၁-ဘုံမှာ အမျိုးမျိုးဖန်ဆင်းနိုင်တယ်ဆိုတဲ့ **'အနန္တတန်ခိုးရှင်'**ဆိုတာလည်း မရှိဘူး။

လူတို့ရဲ့စိတ်က ရုပ်ရဲ့သဘာဝသတ္တိတွေကို သိနားလည်လို့ အလွန်အံ့သြဖွယ်ကောင်းတဲ့ လေယာဉ်ပျံကြီးတွေ၊ ဒုံးယာဉ်တွေ၊ အာကာသစခန်းနှင့် ဂြိုဟ်တုတွေ၊ ဂြိုဟ်တုဆက်သွယ်ရေးနစ်တွေ၊ ကွန်ပျူတာတွေ၊ ကြိုးမဲ့တယ်လီဖုန်းတွေ၊ ရုပ်မြင်သံကြားစက်တွေ စသည်ဖြင့် ရုပ်ဝတ္ထုအမျိုးမျိုးကို ဖန်တီးပေးထားတယ်။ သိပ္ပံပညာကို နားမလည်တဲ့သူတွေအသိပညာဗဟုသုတနည်းပါးတဲ့ သူတွေက ဒီ ထူးထွေ ဆန်းကြယ်တဲ့အရာ အားလုံးကို အနန္တတန်ခိုးရှင်တစ်ဦးက ဖန်တီးပေးထားတယ်လို့ထင်မိကြ လိမ့်မယ်။ အမှန်က စိတ်က ဖန်တီးပေးထားခြင်းသာ ဖြစ်တယ်။

ယနေ့ ကမ္ဘာ့အံ့ဖွယ်ကွန်ပျူတာကြီးတွေက သင်္ချာပညာရှင် ၁၀၀ တို့ သာမန်နည်းဖြင့် တစ်လကြာတွက်ချက်ရမယ့် ပုစ္ဆာကြီးများကို စက္ကန့်ပိုင်းအတွင်း ဖြေရှင်းပေးနိုင်တယ်။ သန်းပေါင်းများစွာသော အချက်အလက်များကို သိမ်းထားနိုင်ပြီးတော့ အလိုရှိတဲ့ အချက်အလက်များကို တစ်မုဟုတ်ချင်း ပြန်ထုတ်ပေးနိုင်တယ်။ ကွန်ပျူတာတို့ကို စစ်တုရင် (Chess) ကစားအောင် ဘောလုံးယှဉ်ပြိုင်ကစားအောင် ဖန်တီးပေးနိုင်တယ်။ ဒါပေမယ့် ကွန်ပျူတာမှာ ပင်ကိုစဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်ရှိသလား၊ ခံစားမှုရှိသလားလို့ မေးရင် မရှိဘူးလို့ ဖြေရမယ်။ ဘာကြောင့်လဲ။

ကွန်ပျူတာက သူ့ဘာသာ မစဉ်းစားတတ်ပါဘူး၊ အသိဉာဏ်မရှိဘူး။ ဟိုသွားချင် ဒီလာချင်တဲ့ဆန္ဒလည်း မရှိပါဘူး။ သူ့ကို အသည်းကွဲစရာ ရင်နာဖွယ်ရာစကားတွေကို ပြောပြရင်လည်း သူမျက်ရည်မကျဘူး။ ပျော်စရာဂီတတွေ ဟာသတွေ တီးမှုတ်ပြရင်လည်း ပျော်ရွှင်မြူးတူးခြင်း မဖြစ်

ဘူး။ သူမှာ ခံစားမှုမရှိဘူး။ လူစေခိုင်းသလောက်သာ စီမံပေးထား သလောက်သာ သူလုပ်ပေးတတ်တာပါ။

ဦးနှောက်ဟာ ကွန်ပျူတာနဲ့ ဆင်တူပါတယ်၊ တစ်ကိုယ်လုံးမှ အာရုံ ကြောများရဲ့ ဆုံရာ ဗဟိုထိန်းချုပ်ရာဌာနဖြစ်လို့ အလွန်အရေးကြီးပါတယ်။ ဒါပေမယ့် ဦးနှောက်က မခံစားတတ်၊ မစဉ်းစားတတ်ပါဘူး။ ကွန်ပျူတာ ကို လူကထိန်းကျောင်းပေးရသလို ဦးနှောက်ကိုလည်း စိတ်ကထိန်းကျောင်း ပေးရတယ်။ ဦးနှောက်ကို အထူးလေ့လာခဲ့တဲ့ အထင်ရှားဆုံး အာရုံကြော ပါရဂူ(Neurologist) လို့ သတ်မှတ်ခံရတဲ့ ပါမောက္ခ ဆာဂျွန် အက်စယ် (Professor Sir John Eccles) က ဒီလိုကောက်ချက်ချပါတယ်-

"ဦးနှောက်ရဲ့တည်ဆောက်ပုံကို လေ့လာကြည့်တဲ့အခါ ဦးနှောက်ဆို တာ 'တစ္ဆေ' မောင်းနှင်တဲ့ စက်တစ်မျိုးပဲလို့ သတ်မှတ်ရလိမ့်မယ်၊ ဒီမှာ 'တစ္ဆေ' လို့ ဆိုလိုက်တာက ရုပ်ပစ္စည်းများကို စမ်းသပ်ဖို့ သုံးတဲ့ ကိရိယာ များနဲ့စမ်းသပ်လို့ မရနိုင်တဲ့ အရာကို ဆိုလိုခြင်း ဖြစ်ပါတယ်။" အဲဒီတစ္ဆေ ဟာ စိတ်ပဲလို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့မှတစ်ဆင့် ဝင်ရောက်လာကြတဲ့ အာရုံများနှင့် ပတ်သက်တဲ့အချက်အလက်များကို ဦးနှောက်မှာ သိမ်းထား တယ်။ နောက်ထပ် ဝင်လာတဲ့ အာရုံတစ်ခုစီကို ဦးနှောက်မှာ သိုလှောင် ထားတဲ့ အချက်အလက်များနဲ့ တိုက်ကြည့်ပြီး 'ဒီအာရုံက ဘာအာရုံပဲ' စတာတွေကို ဦးနှောက်က ဆုံးဖြတ်ပေးတယ်ဆိုတဲ့ အယူအဆများဟာ လည်း အဘိဓမ္မာရှုထောင့်မှကြည့်ရင် မမှန်ကန်ပါဘူး။

## စိတ်အလုပ်လုပ်ပုံကို အဘိဓမ္မာရှင်းပြခြင်း

အဘိဓမ္မာသဘောအအရ 'စိတ်'ဆိုတာ 'အာရုံကို သိတဲ့သဘော' ဖြစ်ပါတယ်။ စိတ်ဟာ တစ်ခုတည်း ဖြစ်လေ့မရှိဘူး၊ စေတသိက်များနှင့် ပေါင်းစပ်ပြီး စေတသိက်တို့နှင့်အတူ ဖြစ်ပျက်ပါတယ်။ စေတသိက်တို့က ၅၂မျိုး ရှိတယ်။ ကြားနေစေတသိက်က ၁၃ မျိုး၊ မကောင်းတဲ့ အကုသိုလ်

စေတသိက်က ၁၄ မျိုး၊ ကောင်းမွန်လှပတဲ့ စေတသိက်က ၂၅ မျိုး ရှိပါတယ်။

ကြားနေစေတသိက်တို့မှာ အာရုံနှင့် စိတ်ကို ထိတွေ့ပေးခြင်းသဘော 'ဖဿ'၊ ခံစားမှု, ခံစားခြင်းသဘော 'ဝေဒနာ'၊ အာရုံကို မှတ်သားခြင်းသဘော 'သညာ'၊ အာရုံယူနိုင်အောင် အလုပ်လုပ်ဖြစ်အောင် စေ့ဆော်တိုက်တွန်းပေးခြင်းသဘော 'စေတနာ'၊ အာရုံတစ်ခုတည်းမှာ စိတ်စေတသိက်တို့ကို စုစည်းတည်ကြည်နေစေခြင်းသဘော 'ဧကဂ္ဂတာ (သမာဓိ)၊ လိုချင်ကာမျှသဘော 'ဆန္ဒ'၊ မဆုတ်မနစ် ကြိုးစားအားထုတ်မှုသဘော 'ဝီရိယ' စတဲ့ အရေးကြီးတဲ့ စေတသိက်တွေ ပါဝင်ပါတယ်။ ကောင်းတဲ့ဘက်ရော မကောင်းတဲ့ဘက်ရော ပါဝင်နိုင်တဲ့ စေတသိက်တွေပဲ။

အကုသိုလ်စေတသိက်များမှာ အာရုံ၏သဘောမှန်ကို မသိခြင်း 'မောဟ'၊ ငွေ, မနဥစ္စာ, ကာမဂုဏ်ပျော်ရွှင်မှုစသည်ကို လိုချင်တပ်မက်ခြင်း 'လောဘ'၊ မကောင်းတဲ့စိတ်ထားနှင့် မနှစ်သက်မှုတို့ကို ဖြစ်စေတဲ့ စိတ်ဆိုးမှု, စိတ်ပျက်မှု, 'ဒေါသ'တို့ ပါဝင်ပါတယ်။ ဒီအကုသိုလ် စေတသိက်သုံးမျိုးကို 'အကုသိုလ်ဟိတ်များ' (ဝါ) အကုသိုလ်အရင်းအမြစ်များလို့ခေါ်တယ်။ ၎င်းတို့က စိတ်ကို ဆိုးသွမ်းမိုက်မဲစေပြီး ကမ္ဘာပေါ်ရှိ မကောင်းမှုအားလုံးကို ဖြစ်ပေါ်စေတဲ့ အရင်းအမြစ်များ ဖြစ်ကြတယ်။ ၎င်းတို့ကို အခြေခံပြီး အယူမှားမှု 'ဒိဋ္ဌိ'၊ ထောင်လွှားဝင့်ကြွားခြင်း 'မာန'၊ မကောင်းမှုပြုရန် မရှက်ခြင်း 'အဟိရိက'၊ မကောင်းမှုပြုလုပ်ရန် မကြောက်ရွံ့ခြင်း 'အနောတ္တပ္ပ' စသည်တို့ ဖြစ်ပေါ်လာကြတယ်။

လှပတဲ့ သောဘဏစေတသိက်များမှာ 'ဉာဏ်ပညာ'ဆိုတဲ့ 'အမောဟ'၊ မလိုချင်မတပ်မက်ခြင်း (ဝါ)ရက်ရောစွာ ပေးကမ်းစွန့်ကြဲခြင်း 'အလောဘ'၊ စိတ်မဆိုးစိတ်မပျက်ခြင်း (ဝါ) စိတ်ထားကောင်းခြင်း (ဝါ) မေတ္တာသဘောဖြစ်တဲ့ 'အဒေါသ'၊ မကောင်းမှုပြုလုပ်ဖို့ ရှက်ခြင်း'ဟိရီ'၊ မကောင်းမှုပြုလုပ်ရန် ကြောက်ရွံ့ခြင်း 'သြတ္တပ္ပ'၊ သနားကြင်နာခြင်း

'ကရုဏာ'၊ သူတစ်ပါးတို့ ချမ်းသာကြီးပွားတာကို ဝမ်းမြောက်ခြင်း 'မုဒိတာ'စတဲ့ စေတသိက်များ ပါဝင်တယ်။ ပထမသုံးခုဖြစ်တဲ့ အမောဟ, အလောဘ, အဒေါသတို့ကို ကုသိုလ်အရင်းအမြစ်များ (ဝါ) 'ကုသိုလ်ဟိတ်များ'လို့ ခေါ်တယ်။ ကုသိုလ်ဟိတ်များက ကုသိုလ်စိတ်များကို ဖြစ်စေတယ်၊ တစ်ကမ္ဘာလုံးမှာ ကောင်းတဲ့အပြုအမူအားလုံးရဲ့ အကြောင်းရင်းများလည်း ဖြစ်ကြတယ်။

အဆင်းအာရုံတစ်ခုက မျက်စိမှာ လာတိုက်ရင် မျက်စိအကြည်လွှာ (စက္ခုပသာဒ)မှာ အာရုံထင်လာတယ်၊ ဒီအာရုံကို ဆင်ခြင်နှလုံးသွင်းတဲ့စိတ်က နှလုံးသွင်းတယ်၊ မြင်သိစိတ်က အာရုံကို မြင်တယ်၊ အာရုံလက်ခံတဲ့ စိတ်က မြင်သိစိတ်မြင်တဲ့အာရုံကို လက်ခံယူတယ်။ ပြီးတော့ အာရုံစုံစမ်းတဲ့စိတ်က အာရုံကောင်းမကောင်း စုံစမ်းတယ်။ ပြီးတော့ အာရုံကောင်းမကောင်း ဆုံးဖြတ်တဲ့စိတ် ဖြစ်တယ်။ ပြီးရင် ဆုံးဖြတ်ချက်အပေါ်အခြေခံပြီး ကုသိုလ်စိတ် သို့မဟုတ် အကုသိုလ်စိတ်က ဇောစိတ်အဖြစ် ခုနစ်ကြိမ်ဖြစ်ကာ အာရုံအရသာကို ခံစားတယ်။ ပြီးတော့ အာရုံအရသာဆက်ခံစားတဲ့ တဒါရုံစိတ်နှစ်ကြိမ်ဖြစ်ပြီးတော့ အာရုံချုပ်ထယ်။

ချုပ်သွားပြီးတဲ့ အာရုံက မနောဒွါရခေါ်တဲ့ ဘဝင်စိတ်မှာ ပြန်ထင်တယ်။ မနောဒွါရက အတိတ်အာရုံကိုယူနိုင်တယ်။ ပြီးတော့မှ အာရုံရဲ့ အဆင်း၊ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အမျိုးအမည် စသည်တို့ကို တစ်ခုပြီးတစ်ခု သိရအောင် စိတ်အစဉ်အတန်း(ဝီထိ)တွေ တစ်တန်းပြီးတစ်တန်း အလွန် လျင်မြန်စွာ ဖြစ်သွားကြတယ်။ ကွန်ပျူတာအလုပ်လုပ်တာထက် အဆ များစွာ ပိုလျင်မြန်တယ်။

ပြီးတော့ စိတ်တိုင်းမှာ *ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ* တို့ အမြဲယှဉ်တွဲပါဝင်ကြတယ်။ *ဖဿ*က စိတ်စေတသိက်တို့ကို အာရုံနှင့် ထိတွေ့ပေးတယ်။ ထိတွေ့မှုကြောင့် ခံစားမှု *ဝေဒနာ* ဖြစ်ပေါ်ပြီး ဒီခံစားမှုကို *ဝေဒနာ*ကပဲ ခံစားတယ်။ *သညာ*က အာရုံ

ရဲ့ အဆင်း, ပုံသဏ္ဍာန် စသည်ကို မှတ်သားတယ်။ စေတနာက စိတ်စေတသိက်တွေ အာရုံကို သိအောင် မိမိဆိုင်ရာကိစ္စတွေ လုပ်ဆောင်ဖို့ စေ့ဆော်တယ်၊ ဧကဂ္ဂတာ ခေါ် သမာဓိက စိတ်စေတသိက်တွေ အာရုံမှာ စူးစိုက်အောင် ဆောင်ရွက်တယ်။ ဇီဝိတိန္ဒြေ ခေါ် နာမ်အသက်က စိတ်စေတသိက်တွေ သက်တမ်းပြည့် အသက်ရှင်နေအောင် ထိန်ပေးတယ်။ မနသိကာရ က အာရုံတစ်ခုစီကို သိအောင် နှလုံးသွင်းပြီး စိတ်စေတသိက်တို့ကို အာရုံဆီသို့ ဦးတည်သွားစေတယ်။

စိတ်စေတသိက်တို့က ဖြစ်ပြီးတာနဲ့ ချုပ်ပျက်သွားကြတယ်။ ဒါပေမယ့် မချုပ်မီ ၎င်းတို့ရဲ့ ကိုယ်စီအစွမ်းသတ္တိတို့ကို စိတ်အစဉ်မှာ ချန်လှပ်ထားခဲ့ကြတယ်။ သညာက သူမှတ်ထားတာကို ချန်ခဲ့တယ်။ ဝေဒနာက သူခံစားခဲ့ရတာကို ချန်ခဲ့တယ်။ စိတ်က သူသိရှိခဲ့တာကို ချန်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ မှတ်သား, ခံစားခဲ့ရတာတွေ လေ့လာသိရှိခဲ့တဲ့ အချက် အလက်တွေကို စိတ်အစဉ်မှာပဲ ချန်ရစ်ထားခဲ့တယ်။ ကွန်ပျူတာရဲ့ မှတ်ဉာဏ် (memory) မှာ အချက်အလက်တွေ သိုလှောင်ထားသလိုပါပဲ။

ကွန်ပျူတာက သိုလှောင်ထားတဲ့ အချက်အလက်များစွာအထဲက လိုအပ်တာကို ချက်ချင်းထုတ်ဖော်ပေးနိုင်သလို စိတ်တို့ကလည်း စိတ်အစဉ်မှာ သိုလှောင်ထားတဲ့အချက်များစွာထဲက သိလိုတဲ့အချက်ကို ချက်ချင်း ပြန်အာရုံယူနိုင်တယ်။ ဒီအကြောင်းကြောင့် ငယ်စဉ်ကတည်းကစပြီး သင်အံလေ့လာသိရှိခဲ့ရတဲ့ အချက်တွေအားလုံးဟာ စိတ်အစဉ်မှာ ရှိနေပြီး ထုတ်ယူဆင်ခြင်နိုင်လို့ မမေ့မပျောက်ဘဲ မှတ်မိနေခြင်း ဖြစ်ပါတယ်။ တချို့မေ့နေတဲ့ အချက်များကို အိပ်မွေ့ချပြီး အာရုံယူခိုင်းရင် သိနိုင် ပြီး ပြောပြနိုင်တယ်။

ပြီးတော့ သေဆုံးတဲ့အခါမှာ ဒီဘဝရဲ့ စုတိစိတ်(သေတဲ့စိတ်) ဖြစ်ပြီးတာနဲ့ တစ်ပြိုင်နက် နောက်ဘဝရဲ့ ပဋိသန္ဓေစိတ်ဖြစ်တယ်။ စိတ်အစဉ်က မပြတ်တောက်ဘူး၊ ဆက်သွားတယ်။ ဒါကြောင့် ဒီဘဝလေ့လာ မှတ်သား

ခဲ့တဲ့ အချက်အားလုံးဟာ ဒီဘဝစုတိစိတ်မှတစ်ဆင့် နောက်ဘဝ ပဋိသန္ဓေစိတ်၊ ပြီးတော့ နောက်ဘဝ စိတ်အစဉ်တစ်လျှောက်လုံးမှာ လိုက်ပါသွားပါတယ်။

ဒီအကြောင်းကြောင့်လည်း ဇာတိဿရဉာဏ်ရကြတဲ့ လူဝင်စားကလေးများဟာ အတိတ်ဘဝများအကြောင်းကို မှတ်မိပြီး မှန်မှန်ကန်ကန်ပြောပြနိုင်ခြင်း ဖြစ်တယ်။ ဉာဏ်ကြီးရှင်ကလေးများဟာ အတိတ်ဘဝကလေ့လာသိရှိခဲ့တာတွေကို အံ့ဩဖွယ်ရာ သိရှိနေကြခြင်း ဖြစ်တယ်။ ပြီးတော့အနာဂတ်ဘဝမှာ စိတ်နေသဘောထား၊ ပင်ကိုစရိုက်၊ ဝါသနာအကြိုက်တွေက အတိတ်ဘဝက စိတ်နေသဘောထား၊ ပင်ကိုစရိုက်၊ ဝါသနာအကြိုက်တွေနဲ့ တူညီနေကြခြင်း ဖြစ်တယ်။

ဦးနှောက်က စိတ်ဆိုရင် ဘဝသစ်ဖြစ်တဲ့အခါ ဦးနှောက်အသစ်ဖြစ်ရတာမို့ တွေးခေါ်ရှင်ဒေးကား(Descartes) ပြောသလို ဦးနှောက်မှာ မှတ်သားထားတာ ဘာမှ မရှိသေးဘူး၊ ဟာလာဟင်းလင်းပဲ။ ဒါကြောင့်အတိတ်ဘဝအကြောင်းတွေကို မသိနိုင်ဘူး၊ ဉာဏ်ကြီးရှင်ကလေးတို့ရဲ့အကြောင်းအရာမျာစွာကို မလေ့လာဘဲ သိနားလည်မှု၊ ပိဋကတ်မောင်ထွန်းကြိုင်လို ၆ နှစ်အရွယ်မှာ ပိဋကတ်ပါဠိတော်များကို ရွတ်ဆိုနိုင်မှု၊ အသက် ၆ နှစ်အရွယ် မလှကြီးက ပါဠိစာပေကို မသင်ကြားရဘဲနဲ့ ဖတ်ရှုနိုင်ပြီး အဓိပ္ပာယ်ကိုပါ သိနားလည်မှု၊ ခရစ်ရှန်းဟိုင်းနကန်းက တစ်နှစ်အရွယ်မှာ သမ္မာကျမ်းစာက စာပိုဒ်တွေကို အလွတ်ရွတ်ဆိုနိုင်မှု၊ နှစ်နှစ်အရွယ်မှာပထဝီဝင်ဘာသာရပ်ဆိုင်ရာ မေးခွန်းအားလုံးကို ဖြေကြားနိုင်မှု စတာတွေကို ဘယ်လိုမှ မရှင်းပြနိုင်ဘူး။ အဘိဓမ္မာသင်ပြသလို စိတ်ရဲ့သဘာဝမှန်ကို သိမှ ရှင်းပြနိုင်တယ်။

ဒါတင် မကသေးဘူး။ ပရစိတ်ပညာရဲ့ စွမ်းရည်သတ္တိတွေဖြစ်တဲ့ဝိညာဉ်လောကခေါ် နတ်နှင့် ပြိတ္တာများကို မြင်တွေ့ပြီး ပြောဆိုဆက်ဆံနိုင်မှု (မစ္စက်ပိုက်ပါနှင့် အက်စတယ်ရောဘတ်)၊ မိုင်ပေါင်းရာထောင် ခြားနေ

တဲ့ အရပ်မှာရှိတဲ့ လူနာများကို ရောဂါစစ်ဆေးပြီး ဆေးကုသနိုင်မှု(အင်္ဂါကေစီ)၊ လူများစွာတို့ရဲ့ အတိတ်ဘဝများနှင့် လက်ရှိဘဝတို့ကို သိမြင်ကာ အလွန်အကျိုးများတဲ့ ဘဝဟောစာတမ်းများ ဟောကြားနိုင်မှု(အင်္ဂါ ကေစီ)၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ သက်ရှိသက်မဲ့များနှင့် ၃၁-ဘုံသားတို့ကို မြင်တွေ့နိုင်တဲ့ ဒိဗ္ဗစက္ခု၊ သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါတို့ကို မြင်တွေ့နိုင်တဲ့ စုတူပပါတအဘိညာဏ်၊ ကုသိုလ်ကံ, အကုသိုလ်ကံအားလျော်စွာ သုဂတိ ဘုံ, ဒုဂ္ဂတိဘုံတို့မှာ ဖြစ်ကြရတာကို မြင်သိနိုင်တဲ့ ယထာကမ္မူပဂ အဘိညာဏ်၊ အတိတ်ဘဝများစွာနှင့် အတိတ်ဖြစ်ရပ်များကို အောင်းမေ့အမှတ်ရနိုင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်၊ အနာဂတ်ဘဝများ, အနာဂတ် ဖြစ်ရပ်များကို မြင်သိနိုင်တဲ့ အနာဂတံသအဘိညာဏ်၊ အလိုရှိရာ ပုံသဏ္ဌာန်အမျိုးမျိုး, ရုပ်ဝတ္ထုအမျိုးမျိုး၊ တန်ခိုးအမျိုးမျိုးကို ဖန်တီးပေးနိုင်တဲ့ ဣဒ္ဓိဝိဓအဘိညာဏ်၊ ဒီလို အဆင့်မြင့်တဲ့ စွမ်းရည်သတ္တိတွေ ဉာဏ်ပညာတွေက ဦးနှောက်မှာ ဘယ်လိုမှ မရှိနိုင်ပါဘူး။

ဒါကြောင့် စိတ်ဆိုတာ ဦးနှောက်မဟုတ်ဘူး။ စိတ်ဆိုတာ ဦးနှောက်ထက် အဆကုဋေကုဋာအဆင့် ပိုမြင့်ပြီး မြို့ရွာနိုင်ငံ၊ စာပေယဉ်ကျေးမှုအမျိုးမျိုးနှင့် လူသားအားလုံး, သက်ရှိသတ္တဝါအားလုံးရဲ့ ဘဝကံကြမ္မာတို့ကို ပြုပြင်စီရင်နိုင်စွမ်းရှိတဲ့ တန်ခိုးအကြီးဆုံး နာမ်တရားပါ။ စိတ်အကြောင်းကို ကောင်းကောင်းမသိသေးရင် သိအောင် အထူးလေ့လာသင့်ကြောင်း စေတနာကောင်းနှင့် နှိုးဆော်တိုက်တွန်းလိုက်ပါတယ်။

## ၄ ဖန်တီးရှင်အစစ်က ဘယ်သူလဲ

ဘဝအမျိုးမျိုးနှင့် လောကအမျိုးမျိုးကို ဖန်တီးပေးနေသူဟာ ဘယ်မှာလဲလို့ ကမ္ဘာမြေပြင်တစ်ဝန်းလုံးနှင့် ကောင်းကင်ဘုံတို့မှာ အပင်ပန်းခံပြီး လိုက်ရှာမနေပါနဲ့။ မြတ်စွာဘုရားဟာ ဒိဗ္ဗစက္ခုအဘိညာဏ်တန်ခိုးတို့နဲ့ စကြဝဠာတိုက်ကုဋေတစ်သိန်းမှာ ရှိတဲ့ သက်ရှိသက်မဲ့ အရာအားလုံး၊ ၃၁ ဘုံမှာ ရှိကြတဲ့ သတ္တဝါအားလုံးကို အသေးစိတ်သိမြင်ပါတယ်။ သက်ရှိ

သတ္တဝါတစ်ဦးစီကို ထိုးထွင်းပြီး အကောင်အထည်မရှိတဲ့ ပရမတ်ရုပ်နာမ် များ ဖြစ်ပျက်နေကြတဲ့အထိ အသေးစိတ်မြင်သိပါတယ်။

အဲသလို မြင်ကွင်းကျယ်ကို အနုစိတ်အမြင်နဲ့ ကြည့်ရှုလေ့လာတဲ့အခါမှာ သတ္တဝါတို့နှင့်တကွ လောကကြီးကို ဖန်ဆင်းနိုင်တဲ့ အနန္တတန်ခိုးရှင် ဆိုတာကို မမြင်တွေ့ရပါဘူး။ သက်ရှိသတ္တဝါတွေ အသက်ဝင်လှုပ်ရှားနိုင် အောင် လူသားတစ်ဦးစီရဲ့ခန္ဓာကိုယ်တွင်းသို့ ဖန်ဆင်းရှင် ထည့်သွင်းပေး ထားတဲ့ ဘယ်တော့မှ မပျက်စီးဘဲ ထာဝရတည်မြဲတယ်ဆိုတဲ့ 'ဝိညာဉ်၊ ဇီဝ၊ အတ္တ၊ အသက်ကောင်၊ လိပ်ပြာကောင်' ဆိုတာတွေကိုလည်း မမြင် တွေ့ရပါဘူး။

ဒါကြောင့် လောကနှင့် သတ္တဝါတို့ကို ဖန်တီးနိုင်တဲ့ အနန္တတန်ခိုးရှင် ဖန်တီးရှင် ဆိုတာလည်း မရှိဘူး။ သူတို့ ဖန်တီးထားပြီး ထာဝရ တည်မြဲ တယ်ဆိုတဲ့ 'ဝိညာဉ်၊ ဇီဝ၊ အတ္တ' ဆိုတာတွေလည်း မရှိဘူး။ စကြဝဠာ အနန္တမှာ တကယ်ရှိတဲ့ အခြေခံအကျဆုံး တရားများဟာ 'စိတ်၊ စေတသိက်၊ ပရမတ်ရုပ်'သုံးမျိုးပဲ ရှိတယ်။ စိတ်နှင့် စေတသိက်တို့ကို ပေါင်းပြီး 'နာမ်'လို့ ခေါ်တယ်၊ ဒြပ်နှင့် စွမ်းအင်တို့ကို ပေါင်းစပ်ပြီး 'ရုပ်' (matter) လို့ ခေါ်တယ်။ ဒါကြောင့် 'နာမ်ရုပ်' နှစ်ပါးပဲ ရှိတယ်။

ဒီနာမ်ရုပ်နှစ်ပါးဟာ ခဏမစဲဖြစ်ပြီး ပျက်နေကြတာပါ။ မတည်မြဲကြ ပါဘူး။ ဒီနာမ်ရုပ်တို့ကို ပေါင်းစုပြီး ပြုပြင်စီရင်ထားတဲ့ သက်ရှိသက်မဲ့ အရာအားလုံးဟာ မတည်မြဲကြပါဘူး။ ခဏမစဲ လျင်မြန်စွာ ဖြစ်ပြီး ပျက် နေကြတာပါ။ တိပိဋကဓရ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက အမှန်ကို ဆင်ခြင်နိုင်အောင် အောက်ပါအတိုင်း လင်္ကာသီကုံးပေးထားပါတယ်။

*"ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏၊*
*နာမ်ရုပ် နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကား*
*ငါနှင့်၊ ဤမှာဇီဝ၊ ဤ အတ္တဟု၊ ညွှန်ပြဖွယ်ရာ မရှိပါသည်၊*

*ခန္ဓာနာမ်ရုပ်မျှပါတကား။*

*"နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ အနိစ္စသည်၊ ဒုက္ခ၊ အနတ္တပါတကား"*

စကြဝဠာမှာ တကယ်ရှိတဲ့ နာမ်ရုပ်နှစ်ပါးအနက်က နာမ်က အာရုံကို သိတတ်ပြီး ရှေ့ဆောင်လမ်းပြဖြစ်တယ်။ ရုပ်က အာရုံကို မသိတတ်ဘူး၊ နာမ်ဦးဆောင်ရာကို နောက်က လိုက်ရပါတယ်။

ကမ္ဘာလောကအကြောင်း၊ ဘဝအကြောင်းတို့ကို ကောင်းစွာ ထိုးထွင်းသိမြင်တော်မူတဲ့ မြတ်စွာဘုရားက 'စိတ်'တစ်ပါးတည်းကို စောင့်စည်းထိန်းကွပ်နိုင်မယ်ဆိုရင် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ, လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မချမ်းသာတို့ကို ရရှိနိုင်ကြောင်း ဟောထားတာကို မာန်လည်ဆရာတော်က မဃဒေဝလင်္ကာမှာ ဒီလို သီကုံးပေးထားပါတယ်-

*"စိတ်ဟုမည်ငြား၊ ဤတစ်ပါးမျှ၊ တရားကိုယ်ကျပ်၊ စောင့်စည်းကွပ်က၊ လူ့ရုပ်နတ်ရွာ၊ ဗြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏"*

မြန်မာနိုင်ငံက ကျမ်းတတ်အကျော်ဖြစ်လို့ အင်္ဂလိပ်ဘုရင်ကတောင် ပိဋကတ်စာပေပါရဂူဘွဲ့(D.Litt.) ချီးမြှင့်ရတဲ့ လယ်တီဆရာတော်ဘုရားထံမှာ ကြောင်ပုန်းတောရဆရာတော် လောင်းလျာဖြစ်တဲ့ ဦးကုဏ္ဍက ကမ္မဋ္ဌာန်းတရားတောင်းတဲ့အခါ လယ်တီဆရာတော်က ဒီလို အမိန့်ရှိတယ်။

*"မောင်ကုဏ္ဍက-လူ့လောကမှာ လူ့အသုံးအဆောင်တွေဟာ မဆန်းကြယ်ဘူးလား၊ မော်တော်ကား, မီးရထား, လေယာဉ်ပျံတွေက အလွန် ဆန်းကြယ်သနော်။ ဒါတွေကို လူ့စိတ်က ဖန်တီးထားတာကွယ့်။ တိရစ္ဆာန် လောကကို ကြည့်ပါဦး၊ တိရစ္ဆာန်တွေက 'အမျိုးပေါင်းမရေတွက်နိုင်*

*အောင် များတယ်။ လိပ်ပြာတစ်မျိုးတည်းမှာပဲ အရောင်အဆင်း, ပုံသဏ္ဌာန်တွေ အမျိုးမျိုးရှိကြတယ်။ ငှက်မှာလည်း အရောင်အသွေး ပုံသဏ္ဌာန်တွေ အမျိုးမျိုးပဲ၊ သူ့သဘာဝနဲ့သူ ပျော်မြူးနေကြတယ်။ တိရစ္ဆာန်လောကလည်း အလွန်ဆန်းကြယ်တာပဲပေါ့။*

*"တစ်ခါ လူနတ်ဗြဟ္မတွေထဲမှာ ရုပ်တစ်မျိုးတည်းရှိတဲ့ အသညသတ် ဗြဟ္မာတွေ ရှိတယ်၊ နာမ်တစ်မျိုးတည်းရှိကြတဲ့ အရူပဗြဟ္မာတွေလည်း ရှိကြတယ်။ ကျန်တဲ့ လူနတ်များနဲ့ ရူပဗြဟ္မာများမှာ ရုပ်နာမ်နှစ်ပါးစုံ ရှိကြတယ်။ ဒါလောက် ထူးထွေများပြား, ဆန်းကြယ်လှတဲ့ သတ္တဝါတွေကို ဘယ်သူ ဖန်တီးထားသလဲ။ စိတ်ကပဲ ဖန်တီးထားတာကွယ့်။ စကြဝဠာ တစ်ဝန်းလုံးမှာ စိတ်က တန်ခိုးအကြီးဆုံးပဲကွယ့်။ ဒါကြောင့် စိတ်ကိုနိုင်အောင် ကမ္မဋ္ဌာန်းရှုကွယ်၊ စိတ်တစ်လုံးကို အောင်နိုင်ရင် တစ်လောကလုံးကို အောင်နိုင်တာပဲ"*

တောင်တန်းဆရာတော်ဦးဥတ္တမသာရရဲ့ တရားပွဲအချို့ကို ကျွန်တော် နာကြားရပါတယ်။ ဆရာတော်က အနယ်နယ်အရပ်ရပ်သို့ ထွက်ပြီး တရား ဟောပြောရာမှာ 'ကံ-ကံရဲ့ အကျိုး'အကြောင်းက အရေးအကြီးဆုံးဖြစ်လို့ ကံအကြောင်းကို အမြဲဦးစားပေးပြီး ဟောပြောပါတယ်တဲ့။ အဲသလို ဟောပြောရာမှာ အောက်ပါလင်္ကာကို ရွတ်ဆိုပြပြီး ရှင်းပြပေးပါတယ်။

*"လူ့ပြည်, နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ ကျင်လည်စိတ်ကြောင့်သာ။*
*အပါယ်လေးပါး၊ ကျသူများ၊ မှတ်သားစိတ်ကြောင့်သာ၊*
*ကောင်းဆိုးယုတ်မြတ်၊ ဖြစ်လာတတ်၊ မှတ်ကြစိတ်ကြောင့်သာ။*
*နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ စိတ်ဆောင်ရောက်မည်သာ"*

လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်တို့မှာ ဘဝသစ်ဖြစ်ကြရတဲ့ ပုဂ္ဂိုလ်တို့ဟာ သူတို့ရဲ့ ကောင်းတဲ့စိတ်များက ပို့ဆောင်ပေးလို့ ထိုထိုဘုံတို့မှာဘဝ

ဖြစ်ကြရတာပါ။ အပါယ်လေးဘုံမှာ ဘဝသစ်ဖြစ်ကြရတဲ့ ပုဂ္ဂိုလ်များက လည်း သူတို့ရဲ့ မကောင်းတဲ့စိတ်များက ပို့ဆောင်ပေးလို့ အပါယ်ဘုံသို့ ရောက်သွားကြတာပါ။

တစ်ခါ လူ့ပြည်, နတ်ပြည်စသည်တို့မှာ ဖြစ်ကြရတဲ့ ပုဂ္ဂိုလ် အချင်း ချင်းကလည်း မတူကြဘူး။ တချို့က ချမ်းသာတယ်၊ တချို့က ဆင်းရဲတယ်၊ တချို့က ရုပ်လှတယ်၊ တချို့က အကျည်းတန်တယ်၊ တချို့က တန်ခိုးကြီး တယ်၊ တချို့က တန်ခိုးနည်းတယ် စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ကွဲပြားနေ ကြရတာလည်း စိတ်က စီမံဖန်တီးထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

သုံးဆယ့်တစ်ဘုံကို ကျော်လွန်ပြီး အသာဆုံးအထွတ်အထိပ်ဆုံးဖြစ် တဲ့ ဘေးရန်အန္တရာယ်တွေ ကင်းရှင်းတဲ့ ခေမာသောင်ကမ်းနိဗ္ဗာန်နန်းသို့ တက်လှမ်းချင်တယ်ဆိုရင်လည်း စိတ်ကို ပျိုးထောင်ပေးနိုင်ရင် ရောက်နိုင် ပါတယ်တဲ့။

မှန်ပါတယ်။ သတ္တဝါများရဲ့ ဘဝကံကြမ္မာအမျိုးမျိုးကို စီမံဖန်တီးပေး နေတဲ့ ဖန်တီးရှင်အစစ်က စိတ်ပဲ ဖြစ်ပါတယ်။ စိတ်က အလွန်လျှို့ဝှက် ဆန်းကြယ်တယ်။ စိတ်ရဲ့ စီမံဖန်တီးပုံက အလွန် နက်နဲသိမ်မွေ့ပါတယ်။ အလွန်နက်နဲသိမ်မွေ့ပေမယ့် မြတ်စွာဘုရားရဲ့ တရားအလုံးစုံကို သိမြင် နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်က ရုပ်နာမ်တရားတွေ ဖြစ်ပျက်နေပုံ အလုံး စုံကို ထိုးထွင်းပြီး သိမြင်တော်မူတယ်။ သိမြင်တော်မူတဲ့အတိုင်း သိသင့်တဲ့ အကြောင်းအရာများကို ဟောကြားပြီးတဲ့နောက် ဒီအကြောင်းတို့ကို တပည့် သာဝကများ မျက်မြင်ကိုယ်တွေ့မြင်သိအောင်လည်း နည်းလမ်းညွှန်ပြပေး တော်မူတယ်။

စိတ်က မိမိရဲ့ စွမ်းရည်သတ္တိတစ်ရပ်ဖြစ်တဲ့ 'ကံသတ္တိ'မှတစ်ဆင့် သတ္တဝါတို့ရဲ့ ဘဝကံကြမ္မာများကို စီမံဖန်တီးနေပုံများကို နောက် အခန်း များမှာ ဆက်လက်တင်ပြသွားပါမယ်။

# ၆

# ကံဟူသည်မှာ

၁ ကံဆိုတာ ဘာလဲ

"ကံ"ဆိုတာ ပါဠိစကားလုံး "ကမ္မ"မှ ဆင်းသက်လာတဲ့ ပါဠိသက်မြန်မာစကားဖြစ်ပါတယ်။ အင်္ဂလိပ်လို "Kamma" လို့ ခေါ်ပြီး သက္ကတဘာသာဖြင့် 'ကာရ်မ' (Karma) လို့ ခေါ်ပါတယ်။

"ကမ္မ" ရဲ့ တိုက်ရိုက်အဓိပ္ပာယ်က "ပြုလုပ်ခြင်း" သို့မဟုတ် "အလုပ်" ဖြစ်ပါတယ်။

ဒါပေမယ့် ရည်ရွယ်ချက်စေတနာပါတဲ့ အလုပ်ကိုမှ "ကမ္မ" (ဝါ) "ကံ"လို့ ခေါ်တယ်၊ စေတနာမပါတဲ့အလုပ်ကို ကံလို့မခေါ်ဘူး။ အကြောင်းက စေတနာက ကံကို ဖြစ်စေတဲ့ အတွက်ကြောင့်ပဲ။

ဥပမာ ပုရွက်ဆိတ်များကို အမှတ်တမဲ့နင်းမိလို့ သေသွားရင် ကံမဖြစ်ဘူး။ သေစေလိုတဲ့ စေတနာနဲ့ တမင်တကာ နင်းသတ်မှ ကံဖြစ်ပါတယ်။

ဒါကြောင့် ကံဆိုတာ စေတနာပါတဲ့ပြုလုပ်ခြင်း (Volitional action) သို့မဟုတ် ရည်ရွယ်ချက်ပါတဲ့အလုပ် (intentional deed) လို့ မှတ်ယူရပါမယ်။

အရပ်ထဲမှာ 'ကံ'ကို -Luck'အဓိပ္ပာယ်နဲ့ ပေါ့ပေါ့တန်တန် အသုံးပြု နေကြတယ်။ "ဟ-ငါကံကောင်းတယ်ဟေ့" (Ha! I am lucky)၊ "ဟ- ဒီနေ့ ငါကံမကောင်းဘူး" (Wow! Today I am not lucky) စသည်ဖြင့် အသုံးပြုနေကြတာဟာ အကြောင်းမရှိဘဲ တိုက်ဆိုင်လာလို့ ကံကောင်း တယ်၊ ကံမကောင်းဘူးဆိုတဲ့ သဘောသက်ရောက်နေတယ်။ ဒါက ဗုဒ္ဓ ဘာသာက ဆိုလိုတဲ့ ကံမဟုတ်ဘူး။

ဘယ်အရာမဆို အကြောင်းမရှိဘဲ အလိုလိုဖြစ်မလာဘူး။ 'ကံကောင်း တယ်' 'ကံမကောင်းဘူး'ဆိုတာတွေက အတိတ်ဘဝမှာ ဖြစ်စေ ယခုဘဝ မှာ ဖြစ်စေ၊ မိမိပြုလုပ်ခဲ့တဲ့ အလုပ်အပေါ်မှာ မူတည်ပြီး ဖြစ်လာတဲ့အကျိုး တွေပဲ။

'ကံ-ကံရဲ့အကျိုး'သဘောကို မှန်မှန်ကန်ကန် သိနားလည်မှ အသိ မှန်ပြီး အယူမှန်မယ်။ အယူမှန်မှ 'သမ္မာဒိဋ္ဌိ' ဖြစ်တယ်။ အယူမှန်မှ အတွေး မှန်, အပြောမှန်, အလုပ်မှန်, အသက်မွေးမှုမှန်ကန်ပြီး ကိုယ်ကျင့်တရား ကောင်းလိမ့်မယ်။

*"ကံ ကံရဲ့အကျိုး"* ရှိတာကိုမသိနားမလည်လို့ ဂရုမစိုက်ဘဲ လုပ် ကိုင်နေလျှင် အသိမှားလို့ အယူမှားလိမ့်မယ်။ အယူမှားက *'မိစ္ဆာဒိဋ္ဌိ'* ဖြစ်တယ်။ အယူမှားတော့ အတွေးမှား, အပြောမှား, အလုပ်မှား, အသက် မွေးမှုမှားယွင်းပြီး ကိုယ်ကျင့်တရားပျက်ပြားနေလိမ့်မယ်။

ဒါကြောင့် ကံ-ကံရဲ့အကျိုးကို မှန်မှန်ကန်ကန် သိသူနှင့် မသိသူ နှစ်ဦးတို့ဟာ မိုးနှင့်မြေပမာ ကွာခြားသွားလိမ့်မယ်။ အယူမှန် "သမ္မာဒိဋ္ဌိ" က မဖြစ်သေးတဲ့ ကုသိုလ်တရားတို့ကို ဖြစ်စေပြီး ဖြစ်ပြီးတဲ့ ကုသိုလ် တရားတွေကို တိုးပွားစေတယ်၊ သေလွန်တဲ့အခါ ကောင်းရာသုဂတိဘုံသို့ ပို့ဆောင်ပေးတယ်။ သုဂတိဘုံသို့ လားရောက်စေတဲ့ အကြောင်းတရား တွေထဲမှာ သမ္မာဒိဋ္ဌိက အားအကောင်းဆုံးပဲ။

အယူမှား *'မိစ္ဆာဒိဋ္ဌိ'* က မဖြစ်သေးတဲ့အကုသိုလ်တရားတို့ကို ဖြစ်

စေပြီး ဖြစ်ပြီးတဲ့ အကုသိုလ်တရားတို့ကို တိုးပွားစေတယ်၊ သေလွန်တဲ့အခါ ဆင်းရဲတဲ့ ဒုဂ္ဂတိဘုံမှာ ဘဝသစ်ဖြစ်စေလိမ့်မယ်။ အပါယ်ဘုံသို့ လား ရောက်စေတဲ့ အကြောင်းတရားတွေထဲမှာ မိစ္ဆာဒိဋ္ဌိက အဆိုးဝါးဆုံးပဲ။

*ကံ-ကံရဲ့ အကျိုးတရားဟာ ဗုဒ္ဓဘာသာရဲ့ အရေးကြီးတဲ့ အခြေခံ သဘောတရားတစ်ခုဖြစ်ပါတယ်။ ကံ-ကံရဲ့ အကျိုး ရှိတာကို သိနားလည်ပြီး ယုံကြည်တဲ့ သမ္မာဒိဋ္ဌိအယူရှိမှ ဗုဒ္ဓ ဘာသာဝင် ပီသပါတယ်။*

*ကံဖြစ်ပေါ်လာပုံနှင့် ကံအကျိုးပေးပုံတို့ကို သိနားလည် ထားမှ သာလျှင် မကောင်းမှုများကို ပြုလုပ်ဖို့ ရှက်ကြောက် ပြီး ကောင်းမှုများကို ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ဖို့ ကြိုးစား လာလိမ့်မယ်။ ကိုယ်ကျင့်တရားကောင်းတဲ့ သူတော်ကောင်း တစ်ယောက်ဖြစ်ပြီး မိမိရဲ့ဘဝကံကြမ္မာကို ကောင်းအောင် ဖန်တီးသွားနိုင်မှာ ဖြစ်ပါတယ်။*

## ၂ ကံ ဘယ်လိုဖြစ်ပေါ်သလဲ

'ကံ'ဆိုတဲ့ 'အလုပ်'ကို ပြုလုပ်တဲ့ နည်းသုံးမျိုး ရှိပါတယ်။

(၁) ကိုယ်လက်လှုပ်ရှားပြီး ပြုလုပ်ခြင်းကို ကာယကံလို့ ခေါ်တယ်။

(၂) နှုတ်လှုပ်ရှားပြီး ပြောဆိုခြင်း ပြုလုပ်ခြင်းကို ဝစီကံလို့ ခေါ် တယ်။

(၃) စိတ်ဖြင့် ကြံစည်ပြီး ပြုလုပ်ခြင်းကို မနောကံလို့ ခေါ်တယ်။

ကိုယ်, လက်, နှုတ်တို့က အလိုလို မလှုပ်ရှားနိုင်ကြဘူး။ စိတ်က စိတ္တဇရုပ်များ (စိတ်ကြောင့် ဖြစ်တဲ့ရုပ်များ) ဖြစ်စေပြီး ကိုယ်, လက်,နှုတ် တို့ကို လှုပ်ရှားပေးခြင်း ဖြစ်တယ်။ ဒါကြောင့် ကာယကံ, ဝစီကံ, မနောကံ ဆိုတဲ့ အလုပ်သုံးမျိုးကို စိတ်ကပဲ ပြုလုပ်တယ်လို့ ဆိုရပါတယ်။

စိတ်က အလုပ်ဆိုတဲ့ ကံဖြစ်မြောက်အောင် ဘယ်လိုပြုလုပ်သလဲ။

စိတ်က တစ်ခုတည်း ဖြစ်ရိုး မရှိဘူး။ စေတသိက်များနှင့်အတူတကွ ဖြစ်ပါတယ်။ စိတ်နှင့် စေတသိက်အပေါင်းအစုမှာ စိတ်က ရှေ့သွား ခေါင်းဆောင်ဖြစ်ပေမယ့် စိတ်က အာရုံသိကာမျှသဘောပဲ ဖြစ်တယ်။ ကောင်းတာပြုဖို့ သို့မဟုတ် မကောင်းတာပြုဖို့ကို စေတသိက်များက ခြယ်လှယ်ကြပါတယ်။

မကောင်းမှုပြုလုပ်ဖို့အတွက် အဓိကခြယ်လှယ်ကြတဲ့ စေတသိက်သုံးပါးက လောဘ, ဒေါသ, မောဟတို့ ဖြစ်ကြတယ်။ ၎င်းတို့ကို အကုသိုလ်အရင်းအမြစ်များ (ဝါ) အကုသိုလ်ဟိတ်များ *(အကုသလဟေတု)* လို့ခေါ်ကြတယ်။

လောဘက လိုချင်တပ်မက်တဲ့ သဘောရှိတယ်။ ဒီသဘောကို ဘယ်တော့မှ မစွန့်ဘူး၊ တစ်ခုရပြီးရင် နောက်တစ်ခုလိုချင်မယ်၊ ရလေလိုလေ အိုတလွှေပဲ။ ဘယ်တော့မှ အလိုမပြည့်ဘူး။ သူတစ်ပါးပစ္စည်းဥစ္စာကို လိုချင်တော့ လိမ်တယ်၊ ခိုးတယ်၊ လုယက်တယ်၊ ဓားပြတိုက်တယ်၊ သတ်ဖြတ်တဲ့အထိ ကျူးလွန်တာပေါ့။ လောဘက ကာမဂုဏ်အာရုံတွေကို အတောမသတ်အောင် ဆာလောင်မွတ်သိပ်ပြီး လိုချင်တပ်မက်လို့ 'တဏှာ'လို့လည်း အမည်ရတယ်။ အငမ်းမရအောင် စွဲလမ်းမက်မောပြီး စိတ်ကို ညစ်နွမ်းပူလောင်စေလို့ 'ရာဂ'လို့လည်း အမည်ရတယ်။ စိတ်ကို ရာဂလွှမ်းမိုးသွားရင် ရာဂဘီလူးစီးသလို ဂမူးရှူးထိုးဖြစ်ပြီး မုဒိမ်းမှု, လူသတ်မှုတွေ ကျူးလွန်တယ်။ တဏှာ, ရာဂတို့က စိတ်ကို သာသာကလေး ခြယ်လှယ်ပြီး လိုရာ ဆွဲခေါ်သွားတာ အံ့သြစရာပဲ။ *"လူတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်"* လို့ တောင်မြို့ဆရာတော် စပ်ဆိုထားပါတယ်။

ဒေါသက ကြမ်းတမ်းခက်ထန်တဲ့ သဘော, စိတ်ဆိုးစိတ်ပျက်စေတဲ့ သဘောရှိတယ်။ အဖျက်ဆီးတတ်ဆုံးတရားပဲလို့ ဘုရားမိန့်တော်မူတယ်။ တက်ကြွတဲ့ ဒေါသက စိတ်ဆိုးစေပြီး ကြမ်းတမ်းခက်ထန်, ရက်စက် ကြမ်းကြုတ်စေတယ်။ လူလူချင်း ရန်သူလို မုန်းတီးစေပြီး ညှဉ်းပန်းနှိပ်စက်တယ်၊

သတ်ဖြတ်ထယ်။ သူ့ဥစ္စာကို လိုချင်လို့ ကိုယ့်အလုပ်ရှင် ကျေးဇူးရှင်ဖြစ်လျက်နဲ့ ရက်ရက်စက်စက် သတ်ဖြတ်တယ်။ ဆုတ်နစ်တဲ့ ဒေါသက ဝမ်းနည်းပူဆွေးစေတယ်၊ စိုးရိမ်ပူပန်စေတယ်၊ စိတ်ပျက်စေတယ်၊ စိတ်ဓာတ်ကျစေတယ်၊ စိတ်ဖိစီးမှုများလို့ စိတ်တင်းကျပ်လာရင် ရောဂါမျိုးစုံ ဖြစ်ပေါ်လာစေတယ်။

မောဟက အမှားအမှန်, အကောင်းအဆိုးတို့ကို မသိအောင် တွေဝေမိုက်မဲစေတယ်၊ အာရုံရဲ့သဘောမှန်ကို မသိအောင် ဖုံးကွယ်ထားခြင်းဖြင့် မျက်စိအမြင်ကို ကန်းစေတယ်။ သက်ရှိသတ္တဝါအားလုံးနှင့် သက်မဲ့အရာဝတ္ထု အားလုံးဟာ ရုပ်နာမ်တို့နှင့် ဖွဲ့စည်းထားပြီး ရုပ်နာမ်တို့က ခဏမစဲဖြစ်ပြီး ပျက်နေကြလို့ မတည်မြဲခြင်း-အနိစ္စ ၊ ဆင်းရဲခြင်း-ဒုက္ခ ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါမဟုတ်ခြင်း- အနတ္တ ၊ မတင့်တယ် ရွံစဖွယ်ဖြစ်ခြင်း-အသုဘတရားတို့သာ ဖြစ်ကြတယ်။ ဒီအမှန်သဘောကို မသိမြင်အောင် မောဟကအမှောင်ချထားလို့ မောဟကို အဝိဇ္ဇာ-အမိုက်မှောင်လို့လည်း ခေါ်တယ်။ အာရုံတွေရဲ့ အမှန်သဘောကို မသိတော့ သက်ရှိသက်မဲ့အရာတွေဟာ တည်မြဲတယ် နိစ္စ ၊ ချမ်းသာတယ်-သုခ ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါပဲ-အတ္တ၊ လှပတင့်တယ်တယ်-သုဘ လို့ ပြောင်းပြန်ဖောက်ထိုးအမြင်ကို ရစေတယ်။ ဒီလိုအမြင်မှားအောင် လုပ်ထားလို့ လောဘက အာရုံ အမျိုးမျိုးကို လိုချင်တပ်မက်တယ်။ မိမိကိုယ်ကို 'ငါ'ပဲလို့ အမြင်မှား, အယူမှားစေပြီး တစ်ကိုယ်ကောင်းဆန်စေတယ်၊ ကိုယ်ချင်းစာနာမှု ကင်းစေတယ်။

လောဘ, ဒေါသ, မောဟတို့ဟာ စိတ်ကို ညစ်ညူးပူလောင်စေတဲ့ ကြောက်စရာအကောင်းဆုံး ကိလေသာတရားတွေပဲ။ ကမ္ဘာပေါ်မှာဖြစ်ပွားနေတဲ့ မကောင်းမှု၊ မတရားမှု၊ ရက်စက်မိုက်မဲမှုအားလုံးရဲ့ အရင်းအမြစ်တွေပဲ၊ ဆင်းရဲခြင်းအလုံးစုံတို့ရဲ့ အကြောင်းတရားတွေပါပဲ။ သူတို့ကို စိတ်မှာ မဖြစ်ပေါ်အောင် ဖြစ်လာတာနဲ့ ပယ်နိုင်အောင် ကြိုးစားနိုင်ရင် လက်ငင်းချမ်းသာပါတယ်။

အကုသိုလ်အရင်းအမြစ်များဖြစ်တဲ့ လောဘ, ဒေါသ, မောဟတို့ကို နှိပ်ကွပ်, ပယ်သတ်တဲ့နည်းက သူတို့ရဲ့ ဆန့်ကျင်ဘက်များဖြစ်ကြတဲ့ ကုသိုလ်အရင်းအမြစ်များ-အလောဘ, အဒေါသ, အမောဟတို့ကို ပြုစုပျိုးထောင်တဲ့နည်းပါပဲ။ ဒီတရားသုံးပါးကို ကုသိုလ်ဟိတ်များလို့ ခေါ်တယ်။

အလောဘက လောဘရဲ့ ဆန့်ကျင်ဘက်၊ မလိုချင်, မတပ်မက်ဘူး။ သူတစ်ပါးတို့ရဲ့ ပစ္စည်းဥစ္စာကို မလိုချင်ဘူး၊ မိမိရဲ့ ပစ္စည်းဥစ္စာကိုလည်း မတပ်မက် မတွယ်တာလို့ စွန့်လွှတ်ပေးကမ်းနိုင်တယ်၊ ကိုယ်ကျိုးစွန့်ပြီး သူ တစ်ပါးတို့ရဲ့ အကျိုးကို သယ်ပိုးနိုင်တယ်၊ ရက်ရက်ရောရော ပေးကမ်းလှူဒါန်းနိုင်တယ်။ အလှူဒါနပေးခြင်းဟာ လောဘကိုချိုးနှိမ်ပြီး အလောဘကို ပျိုးထောင်ခြင်းဖြစ်ပါတယ်။ အလွန်လှတဲ့ တရားတစ်ခုပါ။

အဒေါသက ဒေါသရဲ့ဆန့်ကျင်ဘက်၊ မကြမ်းတမ်း မခက်ထန်ဘူး၊ မရက်စက်မကြမ်းကြုတ်ဘူး၊ စိတ်မဆိုးစိတ်မပျက်ဘူး၊ နူးညံ့သိမ်မွေ့တယ်။ သူတစ်ပါးတို့ ရန်စကျူးကျော်လာတာကို သည်းခံခွင့်လွှတ်တယ်။ သူတစ်ပါးတို့ကို ရန်မမူဘဲ မေတ္တာထားတယ်။ အဒေါသက အလွန်မြင့်မြတ်တဲ့ သည်းခံခွင့်လွှတ်တတ်တဲ့ ခန္တီတရား ၊ အလွန်လှပတဲ့ သူတစ်ပါးတို့ကို ချမ်းသာစေလိုတဲ့ မေတ္တာတရားဖြစ်ပါတယ်။ ဒေါသက အကျည်းတန်သလောက် အဒေါသခေါ် မေတ္တာက လှပတယ်။ ရုပ်အလှထက် စိတ်အလှက ပိုတန်ဖိုးရှိတယ်။ အဒေါသကို ပျိုးထောင်ဖို့ သီလစောင့်တယ်။ မေတ္တာတရား ပွားများကြတယ်။

အမောဟက မောဟရဲ့ ဆန့်ကျင်ဘက်၊ အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုးတို့ကို ခွဲခြားဝေဖန်တယ်တယ်၊ အာရုံတို့ရဲ့ သဘောမှန်ဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသဘောတို့ကို ထိုးထွင်းပြီး သိနားလည်တယ်။ အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ခွင်းတတ်လို့ အမောဟကို 'ဝိဇ္ဇာ'လို့လည်း ခေါ်တယ်။ အာရုံအမျိုးမျိုးတို့ရဲ့ သဘောမှန်ကို ထိုးထွင်းမြင်သိလို့ 'ပညာ' လို့လည်း ခေါ်တယ်။ ပညာဟာ လောကမှာ အစွမ်းအထက်မြက်ဆုံးတရား

ပဲ။ ပညာကို ပျိုးထောင်ချင်ရင် အသိပညာ၊ အတတ်ပညာ, တရားဗဟုသုတတို့ကို လေ့လာဆည်းပူးရမယ်၊ တရားနာရမယ်၊ တရားစာများကို ဆည်းပူးလေ့လာရမယ်၊ ဆွေးနွေးရမယ်၊ သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ပွားများရမယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့အထိ ပွားများနိုင်ရင် ကိလေသာများကို ပယ်သတ်နိုင်ပြီး နိဗ္ဗာန်အမြိုက်ချမ်းသာကို လက်ငင်း ခံစားရပါတော့မယ်။

ဒါကြောင့် စေတသိက်တို့က အလွန်အစွမ်းထက်ကြတယ်။ စိတ်ကို သာသာကလေး ခြယ်လှယ်ပြီး အလုပ်အမျိုးမျိုးကို ပြုလုပ်စေကြတယ်။ အကုသိုလ်စေတသိက်တို့က စိတ်ကို ဆိုးသွမ်းမိုက်မဲအောင် ခြယ်လှယ်ပြီး မကောင်းမှုအမျိုးမျိုးကို ပြုလုပ်စေကြတယ်။ သောဘဏစေတသိက်ခေါ် လှပတင့်တယ်တဲ့ စေတသိက်များက စိတ်ကို လှပတင့်တယ်အောင် ယဉ်ကျေးမြင့်မြတ်အောင် ခြယ်လှယ်ပြီး ကောင်းမှုအမျိုးမျိုးကို ပြုလုပ်စေကြတယ်။ တစ်ကမ္ဘာလုံးမှာ လူတွေ ကုသိုလ်ကောင်းမှုအမျိုးမျိုး ပြုလုပ်နေကြတာဟာ ကိုယ်ကျိုးစွန့်ပြီး သူတစ်ပါးတို့ရဲ့ အကျိုးကို သယ်ပိုးလိုတဲ့စိတ်၊ သတ္တဝါများကိုသနားကြင်နာပြီး ချမ်းသာကြီးပွားစေလိုတဲ့စိတ်၊ အမှားနှင့်အမှန်, ကောင်းကျိုး ဆိုးကျိုးအမျိုးမျိုးကို ပိုင်းခြားသိမြင်တဲ့စိတ်တို့ဖြင့် ပြုလုပ်နေကြခြင်း ဖြစ်တယ်။ တစ်နည်းဆိုရင် *အလောဘ, အဒေါသ, အမောဟ* တို့ က ကုသိုလ်ကောင်းမှုအားလုံးရဲ့ အရင်းအမြစ်များ ဖြစ်ကြ ပါတယ်။

## စိတ်စေတသိက်တို့က ကံကို ဘယ်လိုဖြစ်ပေါ်စေကြသလဲ

မိမိနဖူးမှာ ခြင်တစ်ကောင် ကိုက်တယ်ဆိုပါစို့။ နာကျင်တာကို စိတ်က သိတော့ ဒေါသထောင်းခနဲထလာတယ်။ ဒေါသ သို့မဟုတ် လောဘဖြစ်ရင် မောဟကလည်း အမြဲယှဉ်ဖြစ်ပါတယ်။ 'ငါ' 'ခြင်' ဆိုတာတွေက ပရမတ်သဘောအားဖြင့် မရှိပေမယ့် မောဟက ရှိတယ်လို့ အထင်အမြင်မှားစေတယ်။ ဒီခြင်ဟာ ငါ့ကို နာအောင်ကိုက်တယ်လို့ နှလုံးသွင်းစေတယ်။

အဲသလို နှလုံးသွင်းတော့ ဒေါသယှဥ်တဲ့စိတ် (ဝါ)ဒေါသစိတ်ဖြစ်လာတာပေါ့။ စိတ်ဆင်းရဲခြင်းနှင့်တကွ ဖြစ်စေတယ်။ စိတ်ဆိုးလာတယ်။ 'ငါ့ကို နာအောင် ကိုက်တဲ့ခြင်ကို သတ်ပစ်မယ်' လို့ ဒေါသက ကြွေးကြော်တယ်။ ဒါပေမယ့် ဒေါသက သူနဲ့အတူယှဥ်ဖြစ်ကြတဲ့ စိတ်စေတသိက်တို့ကို ကြမ်းတမ်းလာစေပေမယ့် ခြင်သတ်တဲ့ အလုပ်ကို မလုပ်နိုင်ဘူး။ ခြင်သတ်တဲ့ အလုပ်ဖြစ်အောင် ပြုလုပ်သွားသူက စေတနာဖြစ်ပါတယ်။

စေတနာက စိတ်အားလုံးမှာ ယှဥ်တဲ့ ကြားနေစေတသိက်တစ်ခုပဲ၊ ကောင်းတဲ့ဘက်လည်းပါနိုင်တယ်၊ မကောင်းတဲ့ဘက်လည်း ပါနိုင်တယ်။ ဒေါသနဲ့ယှဥ်ဖြစ်တော့ ဆိုးတဲ့စေတနာဖြစ်သွားတယ်။ အဲဒီစေတနာက ဒေါသရဲ့ အလိုကျ 'ဒီခြင်ကို ငါသတ်မယ်'လို့ ရည်ရွယ်ချက် ချမှတ်လိုက်တယ်။ ဒီတော့ ခြင်ကိုရိုက်သတ်နိုင်အောင် အတူယှဥ်ဖြစ်တဲ့ စိတ်, စေတသိက် တို့ကို ကိုယ့်ဆိုင်ရာကိစ္စလုပ်ကြဖို့ စေတနာက စေ့ဆော်တိုက်တွန်းတယ်။ ဒီစေ့ဆော်မှုကြောင့် စိတ်က စိတ္တဇရုပ်တွေ ဖြစ်စေပြီးတော့ လက်ကို လှုပ်ရှားကာ ခြင်ကို ရိုက်စေတယ်။ ရိုက်လိုက်တော့ ခြင်သေသွားပြီပေါ့။

ကဲ ခြင်ကို ဘယ်သူသတ်တာလဲ တရားခံရှာပေးပါ။

လက်က ခြင်ကို လှဲရိုက်လိုက်တဲ့အတွက် လက်က တရားခံလား။ လက်ဆိုတဲ့ ရုပ်က ဆင်ခြေပေးလိမ့်မယ် - "ကျုပ်ဟာ အလိုလို မလှုပ်ရှားတတ်ပါဘူး။ ထားတဲ့အတိုင်း နေရတာပါ။ စိတ်က လှဲရိုက်အောင် လုပ်လို့ လှုပ်ရှားသွားတာပါ။ ကျုပ်ဘာလုပ်မှန်းလည်း မသိပါဘူး။" ဒီလိုဆို တော့ လက်က တရားခံအစစ်မဟုတ်ဘူး။

စိတ်က လက်ကို လှုပ်ရှားပြီး လှဲရိုက်စေတဲ့အတွက် စိတ်က တရားခံလား၊ စိတ်ကလည်း လျှောက်လဲချက်ပေးလိမ့်မယ်- "ကျုပ်က အာရုံသိကာမျှ သဘောပဲ၊ ခြင်ကိုက်လို့ နာနေတာကို နာမှန်းသိရုံလောက်ပါပဲ၊ ခြင်ကို သတ်ဖို့ ရည်ရွယ်ချက် မရှိဘူး။ စေတနာက လက်ကို လှုပ်ရှားပေးပါလို့ စေ့ဆော်လို့ လှုပ်ရှားပေးလိုက်တာပါပဲဗျာ"တဲ့။ ဒီလိုဆိုရင် စိတ်ကလည်း

မူရင်းတရားခံမဟုတ်သေးဘူး၊ မကောင်းမှုလုပ်ရာမှာ ပူးတွဲပါဝင်တာတော့ သေချာတယ်။

မူရင်းတရားခံအစစ်က ဘယ်သူလဲ။ စေတနာပါပဲ။ စေတနာက ခြင်သတ်ဖို့ ရည်ရွယ်ချက်ချမှတ်တဲ့အပြင် သတ်ဖြစ်အောင်လည်း ယှဉ်ဖက် စိတ်စေတသိက်တို့ကို စီမံကွပ်ကဲစေ့ဆော်ပြီး ပြုလုပ်သွားတယ်။ စေတနာ ကြောင့် ခြင်သတ်တဲ့အလုပ် ဖြစ်မြောက်သွားလို့ စေတနာနဲ့ အလုပ်တို့ကို ထပ်တူပြုပြီး မြတ်စွာဘုရားက မိန့်ဆိုပါတယ်-

*"စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"*

"ရဟန်းတို့ စေတနာကို ကံလို့ ငါဘုရားမိန့်ဆိုတယ်"

*"စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ"*

"စေတနာနဲ့ စေ့ဆော်ပြီးတော့ ကိုယ်, နှုတ်, စိတ်တစ်မျိုးမျိုးဖြင့် အလုပ်ကို ပြုလုပ်တယ်"

ကံဆိုတာ စေတနာကို ဆိုလိုကြောင်း ကျမ်းတတ်အမော် လယ်တီဆရာတော်က 'နိယာမဒီပနီ' ကျမ်းမှာ ဒီလိုရေးသားထားပါတယ်-

> *"ကံဆိုသည်ကား နာမ်အစဉ်မှာ စိတ်ဝိညာဉ်မှာ အတူပါလာသော စေတနာဓာတ်ကြီးဆိုသတည်း။ ထိုစေတနာဓာတ်ကြီးသည် ခပ်သိမ်းသော အရေးကိစ္စတို့၌ စိတ်ဝိညာဉ်ကို အတွင်လှုံ့ဆော်၍ ထကြွသမားကြီး ဖြစ်၏။ ထို့ကြောင့် စေတနာလည်း ခေါ်၏။ စိတ်ဝိညာဉ်ကို အတွင် လှုံ့ဆော် ခြင်း မရှိက ဘယ်ကိစ္စတစ်ခုမျှ ပြီးစီးမည်မဟုတ်။ စိတ်ဝိညာဉ်ကို အတွင် လှုံ့ဆော်ထကြွသူရှိပေ၍သာလျှင် ထိုထိုကိစ္စ ပြီးစီး၏။ ထို့ကြောင့် ထို လှုံ့ဆော်မှုကြီးသည် ခပ်သိမ်းသော ကိစ္စတို့မှာ အမှုသည်ရင်းကြီး ဖြစ်ပေ၏။ ထို့ကြောင့် 'ကံ' ဟုလည်း ဆိုရ၏။"*

၃ ဆဒ္ဒန်ဆင်မင်းဝတ္ထုဥပမာ

"ဘဝဖန်တီးရှင် ကံတရားအကြောင်းကို စာရေးသူ တရားဟောပြော တဲ့အခါမှာ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ဥပမာပြုပြီး ထည့်ဟောပါတယ်။

ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းက ဟိမဝန္တာတောထဲ တောင် များဝန်းရံနေတဲ့ လွင်ပြင်တစ်နေရာမှာ ရံရွေတော် ခုနစ်ထောင်နှင့်အတူ နေထိုင်ကျက်စားတယ်။ သူ့မှာ မိဖုရားနှစ်ပါး ရှိတယ်။ မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါတို့ ဖြစ်ကြတယ်။ အင်ကြင်းပန်းတွေ ပင်လုံးကျွတ် ဖူးပွင့်ဝေဆာ နေတဲ့အခါမှာ ဆဒ္ဒန်ဆင်မင်းက မိဖုရားနှစ်ပါးကို အင်ကြင်းပင်အောက် ခေါ်သွားပြီး အင်ကြင်းကိုင်းကို နှာမောင်းနဲ့ ချိတ်ဆွဲကာ လှုပ်ခါပါတယ်။ သူ့ ဆင်မိဖုရားတွေရဲ့ ကျောကုန်းထက်မှာ အင်ကြင်းပွင့်တွေ အဆုပ်အဆုပ် ကြွေကျလာအောင်ပေါ့။

မဟာသုဘဒ္ဒါရဲ့ ကျောကုန်းထက်မှာ အင်ကြင်းပန်းတွေ အဆုပ်လိုက် ကြွေကျပေမယ့် စူဠသုဘဒ္ဒါရဲ့ ကျောကုန်းပေါ်ကိုတော့ ခါချဉ်ထုပ် ပြုတ် ကျလာပါတယ်။ အခန့်မသင့်တော့ ဖြစ်တတ်တာပေါ့နော်။ တမင်တကာ လုပ်တာ မဟုတ်ပါဘူး။ တကယ့် စေတနာအမှန်က ချစ်သူတို့ရဲ့ ခန္ဓာကိုယ် ကို အင်ကြင်းပန်းများနှင့် ဆင်မြန်းပေးချင်တာပဲ။

စူဠသုဘဒ္ဒါက အထင်အမြင်မှားပြီး နှလုံးသွင်းမှားသွားတယ်၊ "ကြည့် စမ်း၊ ဒီဆင်မင်းဟာ ငါ့ထက် သူ့မိဖုရားကြီးကို အချစ်ပိုတယ်၊ သူချစ်မိဖုရား ကိုယ်ထက်ကို ပန်းတွေ ကြဲချပြီးတော့ ငါ့ကိုယ်ပေါ်ကိုတော့ ခါချဉ်ထုပ် ဖြုတ်ချတယ်။ ငါ့ကို မချစ်တဲ့အပြင် ငါကို အရှက်ရအောင် လုပ်တယ်။ ငါ့ကို မချစ်မှတော့ သင်းကိုလည်း ငါမချစ်တော့ဘူး။ သင်းတို့ရဲ့ အချစ်ကို လည်း ငါအသည်းခွဲပြမယ်"

အထင်အမြင်မှားတာ သိပ်ကြောက်စရာကောင်းပါတယ်။ ချစ်သူဘဝ ကနေ ရန်သူဘဝသို့ ချက်ချင်းကူးပြောင်းသွားတယ်။ လောဘတဏှာနဲ့ တပ်မက်တွယ်တာလို့ ချစ်တဲ့ တဏှာချစ်ဟာ အလိုမကျတာလေးတစ်ခုနဲ့

ဒေါသဆိုတဲ့ အမုန်းဘက်ကို လှည့်သွားတော့တာပဲ။ *'အချစ်ကြီးရင် အမုန်းကြီးတယ်'*လို့ ဆိုရိုးစကားရှိပါတယ်နော်။

မုန်းစိတ်ဖြစ်လာတာ ဒေါသဖြစ်ပေါ်လာလို့ပဲ။ ဒေါသဖြစ်ရင် မောဟကလည်း ပေါ်လာပြီးတော့ မှန်မှန်ကန်ကန်မဆင်ခြင်တတ်အောင် အမှောင်ချလိုက်တော့တာပဲ။ မုန်းတီးတဲ့စိတ်နဲ့ ဆဒ္ဒန်ဆင်မင်းကို သတ်မယ် ရည်ရွယ်ချက်နဲ့ စူဠသုဘဒ္ဒါဟာ အင်ကြင်းပန်းခက်အချို့ကို ချိုးယူပြီးတော့ ပစ္စေကဗုဒ္ဓါကို လှူတယ်၊ ဆုတောင်းတယ်-

"အရှင်ဘုရားအား ဤအင်ကြင်းပန်းလှလှတို့ကို လှူဒါန်းရတဲ့ အကျိုးအားဖြင့် နောင်ဘဝမှာ အလွန်ချောလှတဲ့ လူမင်းမိဖုရား ဖြစ်ရပါလို၏။ ဆဒ္ဒန်ဆင်မင်းကို သတ်ပြီး သူ့အစွယ်ကို နားတောင်းလှလှပြုလုပ်ကာ ပန်ဆင်ရပါလို၏"တဲ့။

စူဠသုဘဒ္ဒါဟာ မုန်းတီးတဲ့စိတ်ဖြစ်နေတော့ မပျော်ပိုက်တော့ဘူး။ မြန်မြန်သေပြီး ဆဒ္ဒန်ဆင်မင်းကို လက်စားချေချင်တယ်။ ဒါကြောင့် စားမဝင်အိပ်မပျော်ဘဲ ပိန်ချုံးလာပြီး ဖျားနာကာ သေပွဲဝင်ရရှာတယ်။ ကိုယ့်စိတ်က ကိုယ့်ကို သတ်နိုင်တယ်နော်။

သေပြီးတဲ့အခါ သူဆုတောင်းခဲ့တဲ့ ကောင်းမှုစေတနာကြောင့် ဗာရာဏသီပြည်မှာ အမျိုးသမီးဖြစ်ရပြီးတော့ အရွယ်ရောက်လာတဲ့အခါ အလွန်ချောမောလှပလို့ ဘုရင်က တော်ကောက်ပြီး မိဖုရားခေါင်မြှောက်ပါတယ်။

စူဠသုဘဒ္ဒါဘဝက အမှတ်သညာမုန်းတီးတဲ့စိတ် ရန်ငြိုးဖွဲ့တဲ့စိတ်တို့ရဲ့ အာနိသင်အစွမ်းသတ္တိတို့က လိုက်ပါလာလို့ လူမိဖုရားဘဝမှာ ဆင်မိဖုရားဘဝကို ကောင်းကောင်းအမှတ်ရနေတယ်။ ဆဒ္ဒန်ဆင်မင်းကို သတ် လိုတဲ့ မုန်းတီးစိတ်ကလည်း တဖွားဖွားဖြစ်နေတယ်။ ဒါကြောင့် သတ်ဖို့ အကြံအစည်နဲ့ သူအစာမစားတော့ဘဲ ညောင်စောင်းထက်မှာ လျောင်းစက် နေတော့တယ်။

မိဖုရားခေါင်အသစ်စက်စက်ကို အလွန်တပ်မက်ချစ်ကြိုက်နေတဲ့

မင်းဧကရာဇ်က သူချစ်သူ သေမှာစိုးကြောက်လို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ "အဘယ်မိဖုရား သင်ဘာအလိုရှိတာလဲ၊ နေမင်းအောက်မှာ သင်လိုချင်တဲ့ အရာကိုသာ ပြောပါ။ ငါရအောင် ဆောင်ကြဉ်းပေးပါ့မယ်"လို့ မိန့်ဆိုပါတယ်။

ခံဝန်ချက်ကတိရပြီဆိုတော့ မိဖုရားက ပြောတယ် "ဟိုး ဟိမဝန္တာတောမှာ ကျက်စားနေတဲ့ ဆဒ္ဒန်ဆင်မင်းရဲ့အစွယ်ကို နားတောင်းလှလှလုပ်ပြီး ပန်ချင်ပါတယ်။ အဲဒီ ဆင်စွယ်နားတောင်းလှလှကိုသာ ကျွန်မမပန်ရရင် ကျွန်မသေရပါတော့မယ်"တဲ့။

ရှင်ဘုရင်က မုဆိုးအကျော်အမော်တွေကို ခေါ်ပြီးတော့ သောနုတ္တိုမုဆိုးကို တာဝန်ပေးအပ်တယ်။ မိဖုရားခေါင်က သွားဖို့လမ်းခရီးကို လမ်းညွှန်ပြတယ်။ သင်္ကန်းတစ်စုံယူသွားဖို့ ပေးလိုက်တယ်။ "အရေးအကြောင်းကြုံရင် သင်္ကန်းကို ဝတ်ရုံလိုက်ပါ၊ ဆဒ္ဒန်ဆင်မင်းက ရဟန်းတို့ကို အင်မတန် ကြည်ညိုလို့ သင့်ကို ဘေးအန္တရာယ်ပြုမှာ မဟုတ်ဘူး"တဲ့။

သောနုတ္တိုမုဆိုးက လမ်းညွှန်ပြတဲ့အတိုင်း သွားတယ်။ ဆဒ္ဒန်ဆင်မင်းနေထိုင်ရာအရပ်သို့ရောက်တော့ ဆဒ္ဒန်ဆင်မင်းသွားလာနေထိုင်ပုံကို လေ့လာတယ်။ ဆဒ္ဒန်ဆင်မင်းက နေ့စဉ်နေ့ခင်းမှာ ရေအိုင်မှာ ရေချိုးပြီးတော့ ညောင်ပင်အောက်မှာရပ်တည်ကာ ကိုယ်ရေစစ်နေတာကို တွေ့ရတယ်။ ဒါကြောင့် မြေအောက်က ဥမင်လိုဏ်ခေါင်းတူးပြီး ဆင်မင်း ကိုယ်ရေစစ်တဲ့နေရာမှာ အပေါက်ဖောက်တယ်။

မုဆိုးဖောက်လိုက်တဲ့အပေါက်က ဆင်မင်းချက်ကနေ ရေစီးကျတဲ့ နေရာပါပဲ။ ဒါကြောင့် ကိုယ်ရေစစ်ဖို့ ဆင်မင်းရပ်တည်နေတဲ့အခါမှာ သောနုတ္တိုမုဆိုးကြီးက ဒူးလေးမှာ အဆိပ်လူးမြားတပ်ပြီး တအား ပစ်ခတ်လိုက်ပါတယ်။ မြားက ဆဒ္ဒန်ဆင်မင်းရဲ့ ချက်က ဝင်ပြီး ကျောကုန်းသို့ ပေါက်သွားပါတယ်။ ဆဒ္ဒန်ဆင်မင်းက အလွန်နာကျင်လို့ အော်ရာတယ်။ ရံရွေတော်တွေ ရောက်လာကြတော့ "ငါ့ကို ရန်သူတွေ ပစ်ခတ်တယ်၊

ရန်သူကိုရှာကြ”လို့ မိန့်ဆိုလိုက်တော့ ဆင်ဖြူတော်မျိုးဖြစ်ကြတဲ့ ဆင်တို့ဟာ ကောင်းကင်ထဲ ပျံသန်းပြီး ရန်သူလိုက်ရှာကြပါတယ်။

ဆင်မင်းဆင်ခြင်ကြည့်တော့ မြားက ချက်ကနေ ဝင်တဲ့အတွက် ရန် သူဟာ ငါ့အောက်မှာပဲ ရှိရမယ်လို့ သိလာတယ်။ ဒါကြောင့် လက်နှစ်ဖက်ဖြင့် မြေကို ယက်လိုက်တဲ့အခါ လိုဏ်ခေါင်းထဲက သောနုတ္တိုမုဆိုး ငုတ်တုတ်ပေါ်လာတယ်။ စိတ်ဆိုးဆိုးနဲ့ နှာမောင်းနဲ့ ဆွဲယူလိုက်တာ မုဆိုးက အလျှင်အမြန်တိမ်းရှောင်ပြီးတော့ သင်္ကန်းကို နှာမောင်းထဲ ထည့်ပေးလိုက်တယ်။

သင်္ကန်းကို မြင်ရတာနဲ့ ဆဒ္ဒန်ဆင်မင်း စိတ်ဆိုးပြေပြီး မုဆိုးကို သူ့ နှာမောင်းနဲ့ အသာကလေးပွေ့ချီတင်လိုက်တယ်။ ပြီးတော့ မေးတယ်။

“အသင်မုဆိုး ငါဟာ သင့်ရန်သူမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ရက်ရက်စက်စက် မြားနဲ့ပစ်ခွင်းရတာလဲ”

မုဆိုးကြီးက ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဘုရင်ခိုင်းလို့ ပစ်ခတ်ရတဲ့ အကြောင်း လျှောက်ထားပါတယ်။ ဒါကို စာဆိုတော်စလေဦးပုညက ဒီလို စာချိုးပါတယ်။

“အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဇကရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးဦးသားအနက်တွင်မှ ကံကွက်ကျားလို့ ငမိုက်သား မုဆိုးလေ ၊ နင့်ချည်းပင်သေပေတော့ဟု ငွေတောင်ကြီးအဟန် အရှင်မင်းမြတ် သတ်လျှင်လည်း ကျွန်တော်မျိုးသေရပါတော့မယ်”တဲ့။

ဆင်မင်းကို သတ်ဖို့ ကြံစည်သူတို့က သုံးယောက်ရှိတာပါ။ ဘုရင့်စေခိုင်းလို့ သူပစ်ရတာပါ။ ရှင်ဘုရင်ကလည်း မိဖုရားက ဆင်စွယ်ကို လိုချင်ပြီး စေ့ဆော်တိုက်တွန်းလို့ စေခိုင်းရတာပါလို့ သောနုတ္တိုက လျှောက်လဲချက် တင်တယ်။

“အဲဒီအစွယ်ကို လိုချင်တဲ့ မိဖုရားက ဘယ်သူတုံး”လို့ ဆင်မင်းက မေးတော့ -

"မိဖုရားခေါင် စူဠသုဘဒ္ဒါပါ"လို့ မုဆိုးက ဖြေတယ်။

အဲဒီတော့ ဆဒ္ဒန်ဆင်မင်းက အကြောင်းစုံကို ဆင်ခြင်မိပြီ။ "ကဲ ငါ့အစွယ်ကို သင်ဖြတ်ယူပါတော့"လို့ ဝပ်စင်းပေးတယ်။

သောနုတ္တိုမုဆိုးကလည်း ယူလာတဲ့ လွှကြီးနဲ့ တိုက်ဖြတ်တယ်၊ ဆင်စွယ်က သိပ်မာလို့ အရာတောင် မထင်ဘူး။ ဆင်မင်းက လွှကို နှာမောင်းနဲ့ ကိုင်ယူပြီးတော့ သူ့အစွယ်ကို ကိုယ်တိုင်ဖြတ်ပေးလိုက်ပါတယ်။ "မိန်းမဆိုးရဲ့ အမုန်း၊ ဤဘဝတွင် ဤမျှနဲ့ တုန်းပါစေတော့"လို့ ရည်စူးပြီး ဆင်စွယ် ကို မုဆိုးလက်သို့ ထည့်ပေးလိုက်ပါတယ်။

မုဆိုးက ဗာရာဏသီသို့ အမြန်ပြန်လာပြီးတော့ ဆင်စွယ်ကို မင်းကြီးအား ဆက်သတယ်။ မင်းကြီးက ဆင်စွယ်ကို မိဖုရားခေါင်သို့ ပေးတယ်။ မိဖုရားက ဖြူဖွေးလုံးချောနေတဲ့ ဆင်စွယ်ကြီးကို ရင်မှာ ပိုက်ပြီး ဆင်မိဖုရား ဘဝက ဆင်မင်းနဲ့ အတူပျော်ပါးခဲ့ရတဲ့ အချိန်များကို ပြန်ပြောင်း သတိရလာပါတယ်။ ဆဒ္ဒန်ဆင်မင်းက ကိုယ်တိုင်အစွယ်ကို ဖြတ်ပြီး ဆင်စွယ်ကို ကြည်ကြည်ဖြူဖြူပေးလိုက်တယ်၊ နားတောင်းလှုလှုပြုလုပ်ပြီး အားရပါးရ ဆင်မြန်းကာ ပျော်မွေ့နိုင်ပါစေလို့ ဆင်မင်းဆန္ဒပြုလိုက်တယ်။ ပြီးတော့ ဆဒ္ဒန်ဆင်မင်းသေဆုံးသွားတာတွေကို မုဆိုးထံမှ ကြားသိရတော့ ယူကျုံးမရ ဖြစ်လာတယ်။

"ငါမှားပြီ၊ ဆင်မင်းက ငါ့ကို မမုန်းဘူး၊ ငါ့ကို သိပ်ချစ်ပါတယ်၊ သူ့အစွယ် သူကိုယ်တိုင်ဖြတ်ပေးလိုက်တာ၊ ငါသတ်မိတာ မှားသွားပြီ"လို့ ပူဆွေးသောက အကြီးအကျယ်ဖြစ်ကာ မိဖုရားလည်း သေပွဲဝင်ရပါတယ်။ ဒေါသက အလွန်ကြောက်စရာကောင်းပါတယ်။ သူများကိုလည်း ဖျက်ဆီး၊ ကိုယ့်ကိုလည်း ဖျက်ဆီးပါတယ်။

ကဲ ဒီဝတ္ထုမှာ ဆဒ္ဒန်ဆင်မင်းကို ဘယ်သူသတ်တာလဲ။ သောနုတ္တိုမုဆိုးက ပစ်သတ်တယ်ဆိုပေမယ့် သူ့သဘောနဲ့သတ်တာ မဟုတ်ဘူး။ ဘုရင်စေခိုင်းလို့ သတ်ရတာ။ ဘုရင်က တစ်ခါ မိဖုရားခေါင် စေ့ဆော်

တိုက်တွန်းလို့ သတ်ခိုင်းရတာ။ ဒါကြောင့် မုဆိုးက ခြင်ရိုက်တဲ့ လက်နဲ့တူတယ်၊ ရှင်ဘုရင်က လက်ကို ရွေ့ရှားစေတဲ့ စိတ်နဲ့ တူတယ်။ မိဖုရားခေါင်က စိတ်ကို စေ့ဆော်တဲ့ စေတနာနဲ့ တူတယ်။ ကြံဖော်ကြံဖက်သုံးဦး ရှိပေမယ့် တကယ်အကြောင်းရင်းက မိဖုရားခေါင်ဖြစ်သလို ခြင်သတ်, ကြက်သတ်, လူသတ်ရာမှာလည်း သတ်တဲ့ အမှုဖြစ်မြောက်အောင် စေ့ဆော်တိုက်တွန်း, စီမံကွပ်ကဲတဲ့ စေတနာကသာ အကြောင်းရင်း ဖြစ်ပါတယ်။

## ၄ ကံနှစ်မျိုး - သဟဇာတကံနှင့် နာနက္ခဏိကကံ

တစ်ဖန်ဆက်ပြီး စဉ်းစားပါဦး၊ အဘိဓမ္မာအဋ္ဌကထာမှာ လက်ဖျစ်တစ်တွက်, မျက်စိတစ်မှိတ်, လျှပ်တစ်ပြက်ကာလအတွင်းမှာ စိတ်ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားတယ်လို့ ဆိုပါတယ်။ ဒီလိုဆိုရင် လက်ဖြင့် ခြင်ကို လွဲရိုက်တဲ့အချိန်မှာ လက်ဖျစ်နှစ်တွက်လောက်ကြာတော့ စိတ်ကုဋေနှစ်သိန်းကျော်ဖြစ်သွားလိမ့်မယ်။ အဲဒီအနက်က ထက်ဝက်ခန့်ဖြစ်တဲ့ စိတ်ကုဋေတစ်သိန်းဟာ ဒေါသစိတ်တွေ ဖြစ်ပါတယ်။

စိတ်တိုင်းမှာ စေတနာတစ်လုံးစီပါတော့ ဒေါသစိတ်ကုဋေ တစ်သိန်းမှာ စေတနာကုဋေတစ်သိန်း ယှဉ်ဖြစ်သွားကြလိမ့်မယ်။ ဒီစိတ်စေတနာတို့က ဖြစ်ပြီးတာနဲ့တစ်ပြိုင်နက် ချုပ်ပျက်သွားကြတာပါ။ ဒါပေမယ့် သူတို့ မချုပ်မီ သူတို့ရဲ့ စွမ်းအင်သတ္တိတို့ကို စိတ်အစဉ်မှာ ချန်လှပ်သွားကြပါတယ်။ စေတနာရဲ့ စွမ်းရည်သတ္တိကို 'ကံသတ္တိ'လို့ ခေါ်ပါတယ်။

သိပ္ပံပညာမှာ စွမ်းအင်တည်မြဲမှုနိယာမအရ 'စွမ်းအင်ကို ဖျောက်ဖျက်၍မရ အသစ်ဖန်တီးယူ၍လည်း မရဘူး။' စွမ်းအင်ကို သုံးပြီး အလုပ်လုပ်နိုင်တယ်။ ဒါပေမယ့် စွမ်းအင်က ပျောက်ပျက်သွားလို့ မရဘူး၊ အခြားအသွင်တစ်မျိုးနဲ့ တည်ရှိနေလိမ့်မယ်။

ထို့အတူ ခြင်ရိုက်တဲ့အခါ စေတနာကုဋေတစ်သိန်းတို့ရဲ့ စွမ်းရည်ကို သုံးပြီး ခြင်သတ်တဲ့အလုပ်ကို လုပ်ရတယ်။ ဒီစွမ်းအင်တို့က ပျောက်ပျက်သွားလို့မရဘူး။ စိတ်အစဉ်မှာ အခြားအသွင်တစ်မျိုးအဖြစ် ကျန်ရစ်နေရမှာ

ဖြစ်လို့ ကံသတ္တိများအဖြစ် ကျန်ရစ်ခြင်း ဖြစ်တယ်။

စိတ်နှင့်အတူ ယှဉ်ဖြစ်သွားကြတဲ့ စေတနာများက ခြင်သတ်တဲ့ အလုပ်ကို ပြုလုပ်ကြလို့ ၎င်းတို့ကို 'သဟဇာတကံ' လို့ ခေါ်တယ်။ အတူ တကွဖြစ်သွားတဲ့ ကံလို့ ဆိုလိုတယ်။ ဒီကံက အလုပ်ကို ဖြစ်မြောက်စေပြီး အလုပ်တွေကဲ့ ဆီလျော်တဲ့ အကျိုးကို ပေးလိမ့်မယ်။

ထိုစေတနာတွေချုပ်သွားတဲ့အခါ စိတ်အစဉ်မှာ ကျန်ရစ်တဲ့ ကံသတ္တိ တို့ကို 'နာနက္ခဏိကကံ'လို့ ခေါ်တယ်။ ကံသတ္တိဖြစ်ပေါ်တဲ့အချိန်နဲ့ အကျိုးပေးမယ့်အချိန်မတူလို့ နာနက္ခဏိကကံလို့ခေါ်တွင်ခြင်း ဖြစ်တယ်။ နာနက္ခဏိကကံတို့က သစ်သီးမှည့်လို့ ကြွေပျက်ပြီးတော့ ကျန်ရစ်တဲ့ သစ် စေ့များနဲ့တူတယ်။ သစ်စေ့တစ်စေ့စီက အပင်တစ်ပင်ပေါက်လာနိုင်သလို နာနက္ခဏိကကံတစ်ခုစီကနေပြီး ဘဝသစ်တစ်ခု ဖြစ်လာနိုင်ပါတယ်။

ငါးသတ်၊ ကြက်သတ်၊ လူသတ်တဲ့အချိန်မှာ ဒေါသစိတ်တွေ ကုဋေ သိန်းချီဖြစ်သွားတာမို့ အတူယှဉ်ဖြစ်ကြတဲ့ စေတနာများကလည်း ကုဋေ သိန်းချီဖြစ်သွားတယ်။ ဒါကြောင့် သဟဇာတကံတွေ ကုဋေသိန်းချီဖြစ်သွား တယ်လို့ ဆိုရမယ်။ စေတနာတစ်ခုစီကနေ နာနက္ခဏိကကံတစ်ခု ကျန်ရစ် လို့ နာနက္ခဏိကကံများကလည်း စိတ်အစဉ်မှာ ကုဋေသိန်းချီ ကျန်ရစ် တယ်။ ညောင်ပင်တစ်ရာသီ သီးမှည့်ပြီးတော့ ညောင်စေ့တွေ သိန်းချီ ကျန် ရစ်သလိုပါပဲ။

သူတစ်ပါးပစ္စည်းကို ခိုးယူ၊ လိမ်ယူ၊ လုယူ၊ ဓားပြတိုက်ယူတဲ့အချိန် တို့မှာလည်း လောဘစိတ်တွေ ကုဋေသိန်းချီဖြစ်သွားပြီးတော့ ကံသတ္တိတွေ လည်း ကုဋေသိန်းချီ စိတ်အစဉ်မှာ ကျန်ရစ်တယ်။ သဟဇာတကံတွေ ကုဋေသိန်းချီဖြစ်ပြီး နာနက္ခဏိကကံတွေ ကုဋေသိန်းချီ ကျန်ရစ်တာပေါ့။

အလားတူပဲ အလှူဒါနပေးတဲ့ အချိန်၊ ဘုရားရှိခိုးနေတဲ့အချိန်၊ ဘာဝနာရှုပွားနေတဲ့အချိန်တို့မှာ မဟာကုသိုလ်စိတ်တွေ ကုဋေသိန်းပေါင်း မြောက်မြားစွာ ဖြစ်သွားကြတဲ့အတွက် ဒီစိတ်တို့နှင့် ယှဉ်ဖြစ်သွားကြတဲ့

စေတနာတွေ (ဝါ) သဟဇာတကံတွေ ကုဋေသိန်းပေါင်းမြောက်မြားစွာ ဖြစ်သွားပါတယ်။ ဒီစေတနာတွေ ချုပ်ကြတော့ စိတ်အစဉ်မှာ ကျန်ရစ်တဲ့ နာနက္ခဏိကကံများကလည်း ကုဋေသိန်းပေါင်းမြောက်မြားစွာ ရှိတာပေါ့။

ဒေါသစိတ်၊ လောဘစိတ်စတဲ့ အကုသိုလ်စိတ်တို့နှင့်အတူ ယှဉ်ဖြစ်သွားကြတဲ့ စေတနာများကို အကုသိုလ်သဟဇာတကံများ (ဝါ) အကုသိုလ်ကံများလို့ ခေါ်ပါတယ်။ ၎င်းတို့ ချုပ်ကြလို့ စိတ်အစဉ်မှာ ကျန်ရစ်တဲ့ ကံများကို အကုသိုလ်နာနက္ခဏိကကံများ (ဝါ) အကုသိုလ်ကံများလို့ပဲခေါ်တယ်။

အလားတူပဲ မဟာကုသိုလ်စိတ်(ဝါ) ကာမာဝစရကုသိုလ်စိတ်များနှင့် ယှဉ်ဖြစ်ကြတဲ့ စေတနာများကို မဟာကုသိုလ်သဟဇာတကံများ (ဝါ) ကာမာဝစရကုသိုလ်ကံများလို့ ခေါ်တယ်။ ဒီစေတနာများချုပ်ငြိမ်းပြီး စိတ်အစဉ်မှာ ကျန်ရစ်တဲ့ ကံသတ္တိများကို မဟာကုသိုလ်နာနက္ခဏိက ကံများ (ဝါ) ကာမာဝစရကုသိုလ်ကံများလို့ ခေါ်ပါတယ်။

ဘာဝနာရှုပွားလို့ ဈာန်သမာပတ် ဝင်စားနိုင်တဲ့အခါ ရူပါဝစရ ကုသိုလ်စိတ်တွေ ကုဋေသိန်းချီဖြစ်ပါတယ်။ ဒီစိတ်တို့နှင့် ယှဉ်ဖြစ်ကြတဲ့ စေတနာများကို ရူပါဝစရသဟဇာတကုသိုလ်ကံများ (ဝါ) ရူပါဝစရ ကုသိုလ်ကံများလို့ ခေါ်တယ်။ ၎င်းတို့ ချုပ်ငြိမ်းလို့ စိတ်အစဉ်မှာ ကျန်ရစ်တဲ့ ကံသတ္တိများကို ရူပါဝစရနာနက္ခဏိက ကုသိုလ်ကံများ (ဝါ) ရူပါဝစရကုသိုလ်ကံများ လို့ ခေါ်ပါတယ်။

အလားတူပဲ အရူပါဝစရကုသိုလ် ဈာန်စိတ်တွေ ဖြစ်ပွားကြတဲ့အခါ မှာလည်း အရူပါဝစရကုသိုလ်ကံများ ဖြစ်ပေါ်မှာကို သဘောပေါက် နားလည်လောက်ပါပြီ။

## ၅ ကမ္မဒွါရသုံးမျိုးနှင့် ကံသုံးမျိုး

ကံဖြစ်ပေါ်တဲ့နေရာ သို့မဟုတ် ကံဖြစ်စေတဲ့ အကြောင်းအရာကို "ကမ္မဒွါရ"လို့ ခေါ်တယ်။

၁ ကာယဒွါရ - ကာယဝိညတ်ရုပ်လို့ခေါ်တဲ့ ကိုယ်အမူအရာအထူး၊
ဤကိုယ်အမူအရာအထူးဖြင့် ကာယကံအမျိုးမျိုးကို ပြုလုပ်တယ်။
၂ ဝစီဒွါရ - ဝစီဝိညတ်လို့ခေါ်တဲ့ နှုတ်အမူအရာအထူး၊
ဤနှုတ်အမူအရာအထူးဖြင့် ဝစီကံအမျိုးမျိုးကို ပြုလုပ်တယ်။
၃ မနောဒွါရ - အသိစိတ်အားလုံး၊
ဤစိတ်တို့ဖြင့် မနောကံအမျိုးမျိုးကို ပြုလုပ်တယ်။

ဒွါရပေါ် မူတည်တဲ့ ကံသုံးမျိုး

၁ ကာယကံ - ကိုယ်လက်အမူအရာအထူးတို့ဖြင့် အများအားဖြင့် ပြုလုပ်တဲ့အလုပ်၊
၂ ဝစီကံ - နှုတ်အမူအရာအထူးဖြင့် အများအားဖြင့် ပြုလုပ်တဲ့အလုပ်၊
၃ မနောကံ - စိတ်ဖြင့် ကြံစည်စိတ်ကူး၍ ပြုလုပ်တဲ့အလုပ်၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်းဟာ မနောကံ ဖြစ်ပါတယ်။

## ၆ အကုသိုလ်ကံ ၁၀-ပါး (*အကုသလကမ္မပထ*)

အကုသိုလ်ကံမြောက်ပြီး အပါယ်သို့ ပို့ဆောင်တတ်တဲ့ မကောင်းမှုဆယ်မျိုးကို "*အကုသလကမ္မပထ*" လို့ခေါ်တယ်။ ဤမကောင်းမှုတို့ကို ပြုလုပ်လျှင် အထမြောက်သည်ဖြစ်စေ၊ အထမမြောက်သည်ဖြစ်စေ အကုသိုလ်-မကောင်းမှုဖြစ်တယ်။ ရည်ရွယ်ချက်ပေါက်မြောက်ပြီး အထမြောက်သွားလျှင် အားကြီးတဲ့ ဇနကကံဖြစ်ပြီး ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ စွမ်းရည်သတ္တိ ရှိလာပါတယ်။

အကုသိုလ်အလုပ်တွေဟာ မကောင်းတဲ့ အမူအကျင့်များဖြစ်လို့ "ဒုစရိုက်ဆယ်ပါး" လို့လည်း အမည်ရတယ်။ အကုသိုလ်ကံ ၁၀-ပါးကို ကာယကံ ၃ ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါးလို့ ခွဲခြားပါတယ်။

(က) အကုသိုလ်ကာယကံ ၃ ပါး

၁ *ပါဏာတိပါတ* - သတ္တဝါတို့ကို သေစေလိုတဲ့ စေတနာဖြင့် သတ်ဖြတ်မှု၊
၂ *အဒိန္နာဒါန* - သူတစ်ပါးရဲ့ ဥစ္စာကို ခိုးဝှက်တိုက်ခိုက်လုယက်မှု၊
၃ *ကာမေသုမိစ္ဆာစာရ* - ကာမဂုဏ်တို့မှာ ကဲ့ရဲ့ထိုက်စွာ၊ ယုတ်ယုတ်မာမာ ကျင့်မှု၊

(ခ) အကုသိုလ်ဝစီကံ ၄ ပါး

၄ *မုသာဝါဒ* - မဟုတ်မမှန်လိမ်ညာ၍ ပြောဆိုမှု၊
၅ *ပိသုဏာဝါစာ*- ချောပစ်ကုန်းတိုက်တဲ့စကားကို ပြောဆိုမှု၊
၆ *ဖရုသဝါစာ* - ကြမ်းတမ်းယုတ်မာတဲ့စကားကို ပြောဆိုမှု၊
၇ *သမ္ဖပ္ပလာပ* - အကျိုးမရှိတဲ့ အတင်းအဖျင်းစကားကို ပြောဆိုမှု၊

(ဂ) အကုသိုလ်မနောကံ ၃ ပါး

၈ *အဘိဇ္ဈာ* - သူတစ်ပါးရဲ့ဥစ္စာကို မတရားရယူဖို့ ကြံစည်မှု၊
၉ *ဗျာပါဒ* - သူတစ်ပါးရဲ့ အသက်နဲ့စည်းစိမ်ကို ဖျက်ဆီးဖို့ ကြံစည်မှု၊
၁၀ *မိစ္ဆာဒိဋ္ဌိ* - ကံ-ကံရဲ့ အကျိုးကို ပယ်ပြီး လွဲမှားစွာယုံကြည်မှု။

ကံထမြောက်ရန် လိုအပ်ချက်များ

၁ ပါဏာတိပါတကံ အထမြောက်ဖို့ အချက် ၅ ချက် ပြည့်စုံရတယ်၊

(၁) သက်ရှိသတ္တဝါဖြစ်ခြင်း၊ (၂) သက်ရှိသတ္တဝါမှန်းသိခြင်း၊ (၃) သတ်ရန်ရည်ရွယ်ခြင်း၊ (၄) သတ်ရန်အားထုတ်ခြင်း၊ (၅) သတ္တဝါသေခြင်း တို့ ဖြစ်ပါတယ်။

အသတ်ခံရတဲ့ သတ္တဝါက သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးလေလေ အပြစ်ကြီးလေလေဖြစ်ပါတယ်။ သတ္တဝါအကောင်ကြီးလို့ လုံ့လ ပိုစိုက်ထုတ်ရလျှင်လည်း အပြစ်ပိုကြီးတယ်။

သူတစ်ပါးအသက်ကို သတ်တဲ့အတွက် ငရဲကျပြီး လူပြန်ဖြစ်လျှင် အောက်ပါဆိုးကျိုးများကို ခံစားရတယ်။

(၁) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊
(၂) ရုပ်အဆင်းမွဲခြောက်ပြီး စိုစိုပြည်ပြည်မရှိခြင်း၊
(၃) အားအင်ချို့ယွင်းခြင်း၊
(၄) လျင်မြန်ဖြတ်လတ်မှု မရှိခြင်း၊
(၅) ဘေးရန်ပေါ်ပေါက်လျှင် ကြောက်ရွံ့ခြင်း၊
(၆) သူတစ်ပါးသတ်၍ သေရတတ်ခြင်း၊ မိမိကိုယ်မိမိ သတ်သေခြင်း၊
(၇) အနာရောဂါများတတ်ခြင်း၊
(၈) ချစ်သူတို့နှင့် ကွေကွင်းရခြင်း၊
(၉) အသက်တိုခြင်းတို့ ဖြစ်ပါတယ်။

၂ အဒိန္နာဒါနကံ မြောက်ဖို့ အချက် ၅ ချက် ပြည့်စုံရတယ်၊

(၁) သူတစ်ပါးရဲ့ဥစ္စာဖြစ်ခြင်း၊ (၂) သူတစ်ပါးဥစ္စာမှန်းသိခြင်း၊
(၃) ခိုးယူလိုတဲ့စိတ်ရှိခြင်း၊ (၄) ခိုးယူဖို့ လုံ့လပြုခြင်း၊
(၅) ခိုးယူခြင်းတို့ ဖြစ်ပါတယ်။

သူတစ်ပါးဥစ္စာကို ခိုးယူခြင်းကြောင့် ငရဲဘုံပြိတ္တာဘုံတို့မှာ ဖြစ်ရတယ်။ အပါယ်မှလွတ်ပြီး လူဖြစ်လာလျှင်လည်း အောက်ပါဆိုးကျိုးများကို ဆက်လက်ရရှိတယ်။

(၁) ဆင်းရဲမွဲတေခြင်း၊ (၂) ဆင်းရဲပင်ပန်းခြင်း၊
(၃) ငတ်မွတ်ခေါင်းပါးခြင်း၊ (၄) လိုရာမရခြင်း၊
(၅) ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံသားသမီးဆိုးတို့ကြောင့် စီးပွားဥစ္စာ ပျက်စီးရတယ်။

ခိုးယူတဲ့ ပစ္စည်းရဲ့တန်ဖိုးကြီးလေလေ အပြစ်ကြီးလေလေ ဖြစ်တယ်။ ပစ္စည်းပိုင်ရှင်ရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးလေလေ အပြစ်ကြီးလေလေ ဖြစ်ပါတယ်။ ဘုရား၊ တရား၊ သံဃာတို့နှင့် သက်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို ခိုးယူလျှင် အလွန်အပြစ်ကြီးမှာ ဖြစ်ပါတယ်။

၃ ကာမေသုမိစ္ဆာစာရကံ မြောက်ဖို့ အချက် ၄ ချက် ပြည့်စုံရတယ်၊

(၁) မသွားလာအပ်တဲ့မိန်းမ သို့မဟုတ် အမျိုးသားဖြစ်ခြင်း၊

(၂) မေထုန်မှီဝဲလိုခြင်း၊ (၃) လုံ့လပြုခြင်း၊ (၄) သာယာခြင်း တို့ ဖြစ်ပါတယ်။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူဟာ ငရဲကျခံရတယ်။ လူဖြစ်လာတဲ့အခါမှာလည်း အောက်ပါဆိုးကျိုးများကို ဆက်ခံရတယ်။

(၁) လူမုန်းများခြင်း၊ (၂) ရန်သူများခြင်း၊ (၃) လာဘ်လာဘရှားပါးခြင်း၊ (၄) ချမ်းသာသုခမှ ကင်းဆိတ်ခြင်း၊ (၅) မိန်းမဖြစ်ရခြင်း၊ (၆) ယောက်ျားလျာ, မိန်းမလျာ, ပဏ္ဍုက်ဖြစ်ရခြင်း၊ (၇) အမျိုးယုတ်ခြင်း၊ (၈) မျက်နှာပျက်အရှက်တကွဲဖြစ်ရခြင်း၊ (၉) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ (၁၀) စိုးရိမ်သောကများခြင်း၊ (၁၁) ချစ်သူနှင့် ကွဲခြင်းတို့ ဖြစ်ပါတယ်။

၄ မုသာဝါဒကံ မြောက်ဖို့ အချက် ၄ ချက် ပြည့်စုံရတယ်၊

(၁) မဟုတ်မမှန်တဲ့အကြောင်းဖြစ်ခြင်း၊ (၂) လိမ်ညာ၍ပြောလိုခြင်း၊ (၃) လိမ်ညာ၍ ပြောခြင်း၊ (၄) လိမ်လည်သည်ဟု သူတစ်ပါးသိခြင်းတို့ ဖြစ်ပါတယ်။

လိမ်ညာပြောသူဟာ သေရင် အပါယ်ကျရတယ်။ လူပြန်ဖြစ်ရင် အောက်ပါဆိုးကျိုးများကို ဆက်ခံစားရတယ်။

(၁) စကားမပီခြင်း၊ (၂) သွားများမညီညာခြင်း၊ (၃) အာပုပ်နံ့နံစော်ခြင်း၊ (၄) အသားအရေ မစိုမပြေ ခြောက်ကပ်ခြင်း၊ (၅) ကိုယ်ဟန်မလှပုံပန်းသဏ္ဌာန်ဖောက်ပြန်ခြင်း၊ (၆) မျက်စိစတဲ့ ဣန္ဒြေများ နောက်ကျခြင်း၊ (၇) ဩဇာအာဏာမညောင်းခြင်း၊ (၈) နှုတ်ထွက်စကားကြမ်းတမ်းခြင်း၊ (၉) လျှပ်ပေါ်တဲ့ စိတ်ထားရှိခြင်းတို့ ဖြစ်ပါတယ်။

၅ ပိသုဏာဝါစာကံ မြောက်ဖို့ အချက် ၄ ချက် ပြည့်စုံရတယ်၊

(၁) ကုန်းချောရန် ပုဂ္ဂိုလ်များရှိခြင်း၊ (၂) ကုန်းချောရန်ဆန္ဒရှိခြင်း၊

(၃) ကုန်းချောရန် ကြိုးပမ်းခြင်း၊ (၄) ကုန်းချောစကားကို အဟုတ်ထင်မှား၍ စိတ်ဝမ်းကွဲပြားခြင်းတို့ ဖြစ်ပါတယ်။

ကုန်းချောစကားပြောကြားတဲ့အတွက် အပါယ်ကျရတယ်။ လူပြန်ဖြစ်လျှင်လည်း အကြောင်းမရှိဘဲ မိတ်သင်္ဂဟများ ပျက်ပြားရတယ်။

၆ ဖရုသဝါစာကံ မြောက်ဖို့ အချက် ၃ ချက် ပြည့်စုံရတယ်၊

(၁) ကြိမ်းမောင်းခံရသူရှိခြင်း၊ (၂) စိတ်ဆိုး၍ ကြိမ်းမောင်းလိုခြင်း၊

(၃) ဆူဆဲကြိမ်းမောင်းခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းတို့ ဖြစ်ပါတယ်။

ဖရုသဝါစာကံ ကျူးလွန်သူဟာ သေရင် ငရဲကျတယ်၊ လူပြန်ဖြစ်ရင် အရုပ်ဆိုးတယ်၊ အသံကြမ်းထော်တယ်၊ ရန်သူများတယ်၊ အပြစ်ကင်းပါလျက် မုန်းတီးသူပေါ်များတယ်။

၇ သမ္ဖပ္ပလာပကံ မြောက်ဖို့ အချက် ၂ ချက် ပြည့်စုံရတယ်၊

(၁) အတင်းအဖျင်းပြောဖို့ စိတ်ညွတ်ခြင်း၊ (၂) အတင်းအဖျင်းပြောခြင်းတို့ ဖြစ်ပါတယ်။

သမ္ဖပ္ပလာပပြောတဲ့အတွက် လက်ငင်းအကျိုးယုတ်တာက မိမိနှင့်သူတစ်ပါးတို့ရဲ့အချိန်တွေ အလဟဿဖြစ်တယ်၊ မမှန်တဲ့စကား, ကုန်းချောတဲ့စကားနဲ့ ကြမ်းတမ်းတဲ့စကားတို့ကိုလည်း ပြောဆိုမိတယ်၊ ကုသိုလ်ပြုဖို့ မေ့လျော့တယ်၊ သေတဲ့အခါအပါယ်ကျတယ်၊ လူပြန်ဖြစ်တဲ့အခါ ကိုယ်အင်္ဂါချို့ယွင်းတယ်၊ မိမိရဲ့စကားကို သူတစ်ပါးတို့ မယုံကြည်မလေးစားဘူး။

၈ အဘိဇ္ဈာကံ မြောက်ဖို့ အချက် ၃ ချက် ပြည့်စုံရတယ်၊

(၁) သူတစ်ပါးရဲ့ဥစ္စာဖြစ်ခြင်း၊ (၂) ထိုဥစ္စာကို မတရားတဲ့နည်းဖြင့် ရယူလို ခြင်း (၃) ရယူရန် ကြံစည်ခြင်းတို့ ဖြစ်ပါတယ်။

အပြစ်ကတော့ အပါယ်ကျတယ်။ လူပြန်ဖြစ်တဲ့အခါ အရုပ်ဆိုးတယ်၊ အနာရောဂါများတယ်၊ ရွံမုန်းစရာကောင်းတဲ့ စိတ်နေသဘောထားရှိတယ်။

၉ ဗျာပါဒကံ မြောက်ဖို့ အချက် ၃ ချက် ပြည့်စုံရတယ်၊

(၁) သူတစ်ပါးဖြစ်ခြင်း၊ (၂) ထိုသူကို ထိခိုက် နစ်နာစေလိုခြင်း၊ (၃) ထိခိုက်ပျက်စီးအောင် ကြံစည်ခြင်းတို့ ဖြစ်ပါတယ်။

အပြစ်ကတော့ အပါယ်ကျတယ်၊ လူပြန်ဖြစ်တဲ့အခါ အရုပ်ဆိုးတယ်၊ အနာရောဂါများတယ်၊ ရွံ့ မုန်းစရာကောင်းတဲ့ စိတ်နေသဘောထား ရှိတယ်။

၁၀ မိစ္ဆာဒိဋ္ဌိကံ မြောက်ဖို့ အချက် ၃ ချက် ပြည့်စုံရတယ်၊

(၁) ကံ-ကံအကျိုးကို မသိခြင်း၊ အရေးမစိုက်ခြင်း၊ (၂) အယူမှန် အကြောင်းပြောလျှင် နားခါးပြီး မနာယူလိုခြင်း၊ (၃) အယူမှားကို လက်ခံခြင်းတို့ ဖြစ်ပါတယ်။

မိစ္ဆာဒိဋ္ဌိကံက ဒုစရိုက် ၁၀ ပါးမှာ အပြစ်အကြီးဆုံးပဲ၊ အယူမှားသူဟာ မကောင်းမှုမှန်သမျှ ကျူးလွန်ဝံ့တယ်၊ အကုသိုလ် တိုးပွားတယ်၊ အပါယ်ကျစေတဲ့ စွမ်းအားကလည်း အကြီးဆုံးပဲ။ လူပြန်ဖြစ်တဲ့အခါ အကျိုးဆက်က ယုတ်မာတဲ့အလို ရှိတယ်၊ ဉာဏ်ပညာကင်းတယ်၊ ဉာဏ် ထိုင်းတယ်၊ နာတာ ရှည်ရောဂါ စွဲကပ်တယ်၊ အပြစ်ရှိတဲ့ အတွေးအခေါ် များကို တွေးခေါ်တယ်။

## ၇ ကုသိုလ်ကံ ၁၀ ပါး (*ကုသလကမ္မပထ*)

ကုသိုလ်ကံမြောက်ပြီး သုဂတိဘုံသို့ ပို့ဆောင်တတ်တဲ့ ကောင်းမှုဆယ်မျိုးကို "ကုသလကမ္မပထ" လို့ခေါ်တယ်၊ ဒီကုသိုလ်အလုပ်တွေဟာ ကောင်းတဲ့အမူအကျင့်ဖြစ်လို့ "သုစရိုက် ၁၀ပါး" လို့လည်း အမည်ရတယ်။ ကုသိုလ်ကံ ၁၀ ပါးမှာ ကာယကံ ၃ပါး၊ ဝစီကံ ၄ပါး၊ မနောကံ ၃ပါးတို့ ပါဝင်ပါတယ်။

အကုသိုလ်ကံ ၁၀ ပါးကို မပြုလုပ်မိအောင် ရှောင်ကြဉ်ခြင်းကိုပဲ ကုသိုလ်ကံ ၁၀ ပါးလို့ ခေါ်တယ်။ ရှောင်ကြဉ်လိုတဲ့စေတနာကို ကံလို့ခေါ် ပါတယ်။ ကံမြောက်သည်ဖြစ်စေ မမြောက်သည်ဖြစ်စေ၊ အကုသိုလ်အလုပ်

ကို ရှောင်ကြဉ်စေလိုတဲ့ စေတနာဟာ ကုသိုလ်ကံဖြစ်ပါတယ်။ ရှောင်ကြဉ်လိုတဲ့ ရည်ရွယ်ချက် အထမြောက်အောင်မြင်သွားရင် ကံမြောက်တယ်လို့ ခေါ်တယ်။ ရှောင်ကြဉ်တဲ့အခိုက်မှာ ကုသိုလ်စိတ်တွေ ကုဋေသိန်းချီဖြစ်ပြီးတော့ ကုသိုလ်ကံတွေ ကုဋေသိန်းချီ ကျန်ရစ်စေတယ်။ ဒီကုသိုလ်ကံတစ်ခုစီက ဘဝသစ်ဖြစ်အောင် ဇနကကံအဖြစ် စီရင်ခွင့်ရရင် လူ့ဘုံ, နတ်ဘုံဆိုတဲ့ သုဂတိဘုံမှာ ဘဝသစ်ဖြစ်စေပါတယ်။

(က) ကုသိုလ်ကာယကံ ၃ ပါး

၁ *ပါဏာတိပါတဝိရတိ* - သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု၊

၂ *အဒိန္နာဒါနဝိရတိ* - သူတစ်ပါး၏ ပစ္စည်းဉစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု၊

၃ *ကာမေသုမိစ္ဆာစာရဝိရတိ* - ကာမဂုဏ်တို့မှာ မှားမှားယွင်းယွင်းကျင့်ခြင်းမှ ရှောင်ကြဉ်မှု၊

(ခ) ကုသိုလ်ဝစီကံ ၄ ပါး

၄ *မုသာဝါဒဝိရတိ* - မဟုတ်မမှန်တဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ် မှု၊

၅ *ပိသုဏာဝါစာဝိရတိ* - ကုန်းချောရန်တိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

၆ *ဖရုသဝါစာဝိရတိ* - ကြမ်းတမ်းရိုင်းပျတဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

၇ *သမ္ဖပ္ပလာပါ ဝိရတိ* - အကျိုးမရှိတဲ့ ပိန်ဖျင်းတဲ့ စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(ဂ) ကုသိုလ်မနောကံ ၃ပါး

၈ *အနဘိဇ္ဈာ* - သူတစ်ပါးရဲ့ဉစ္စာကို မတရားရယူဖို့ မကြံစည်မှု

၉ *အဗျာပါဒ* - သူတစ်ပါးရဲ့ အသက်နဲ့စည်းစိမ်ကို ဖျက်ဆီးရန် မကြံစည်မှု၊

၁၀ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့အယူ၊ ကံ-ကံရဲ့ အကျိုးကို ယုံကြည်မှု။

ကံ၊ ကံရဲ့အကျိုးရှုထောင့်မှ ကြည့်ရင် ကောင်းမှု-ကုသိုလ်နှင့် မကောင်းမှု-အကုသိုလ်တို့ကို ခွဲခြားသိဖို့က အလွန်အရေးကြီးပါတယ်။ မကောင်းမှုတို့ကို အကုသိုလ်စိတ်များနှင့် ပြုလုပ်တယ်။ ပြုလုပ်စဉ်မှာ အကုသိုလ်ကံတွေ ကုဋေသိန်းချီဖြစ်ပေါ်ပြီး ဆိုးကျိုးများကို အပြန်ကုဋေကုဋာ ဖြစ်ပေါ်စေပါတယ်။

ကုသိုလ်ကောင်းမှုများကို ကုသိုလ်စိတ်များနှင့် ပြုလုပ်တယ်၊ ပြုလုပ်စဉ်မှာ ကုသိုလ်ကံများ ကုဋေသိန်းချီဖြစ်ပြီးတော့ ကောင်းကျိုးချမ်းသာကို အပြန်ကုဋေကုဋာဖြစ်ပေါ်စေပါတယ်။

ဒါကြောင့် မကောင်းမှု-အကုသိုလ်ကံ ဆယ်မျိုးကို ရှောင်ကြဉ်ဖို့ လိုလားရမယ်၊ သတိကျပ်ကျပ်ထားပြီး ကြိုးစားရှောင်ကြဉ်ရမယ်၊ ရှောင်ကြဉ်လိုက်တာနဲ့ တစ်ပြိုင်နက် ကုသိုလ်ကံတွေ ဖြစ်ပေါ်တော့တယ်။ ဒါတင်မကဘူး၊ မကောင်းမှုများကို ရှောင်ကြဉ်ခြင်းဟာ စိတ်အစဉ်မှာ အကုသိုလ်ဟိတ်များဖြစ်တဲ့ လောဘ, ဒေါသ, မောဟတို့ မဖြစ်ပေါ်အောင် တားမြစ်ရာရောက်လို့ စိတ်ကိုဖြူစင်စေပါတယ်။ ဒါကြောင့် ဘုရားအဆူဆူတို့ရဲ့ အဆုံးအမဖြစ်တဲ့ *"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား"* ဖို့ ကျင့်သုံးနေထိုင်ရာ ရောက်သွားပါတယ်။

ဤရည်ရွယ်ချက်တွေ အောင်မြင်ဖို့အတွက် "ပဉ္စသီလ" ကို လုံခြုံအောင် စောင့်ထိန်းဖို့ပဲ လိုပါတယ်။ သို့အတွက် ဘဝတစ်သက်တာမှာ 'ပဉ္စသီလ' ကို လုံခြုံစွာ စောင့်ထိန်းဖို့အတွက် အကုသိုလ်ကံ (၀ါ) ဒုစရိုက် ၁၀-ပါးလုံးကို ရှောင်ကြဉ်ရမှာကို ကောင်းစွာသတိမူရပါတယ်။

၈ ပြုသင့်တဲ့ကုသိုလ်ကောင်းမှု ၁၀ မျိုး
(ပုညကြိယဝတ္ထု)

ကောင်းတဲ့အကျိုးရဲ့တည်ရာဖြစ်လို့ ပြုသင့်ပြုထိုက်တဲ့ ကောင်းမှုတို့ကို 'ပုညကြိယဝတ္ထု'လို့ ခေါ်ပါတယ်။

၁ ဒါန - မိမိ၏ပစ္စည်းဥစ္စာကို ပေးကမ်းလှူဒါန်းမှု၊
၂ သီလ - ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလစသော သီလတို့ကို စောင့်ထိန်းမှု၊
၃ ဘာဝနာ - သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတို့ကို စီးဖြန်းမှု၊
၄ အပစာယန - အသက်၊ သိက္ခာ၊ ဂုဏ်ကြီးမြင့်သူတို့အား ရိုသေမှု၊
၅ ဝေယျာဝစ္စ - ရတနာသုံးပါး၊ မိဘဆရာတို့၏ အမှုကိစ္စများနှင့် ကုသိုလ်ရေးကိစ္စများမှာ ပါဝင်ဆောင်ရွက်မှု၊
၆ ပတ္တိဒါန - မိမိရရှိတဲ့ ကုသိုလ်အဖို့ကို အမျှပေးဝေမှု၊
၇ ပတ္တာနုမောဒန - သူတစ်ပါးပေးဝေတဲ့ ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာသာဓုခေါ်မှု၊
၈ ဓမ္မဿဝန - သူတော်ကောင်းတရားကို နာကြားမှု၊
၉ ဓမ္မဒေသန - လာဘ်လာဘကို မငဲ့ဘဲ သူတော်ကောင်းတရားကို ဟောကြားမှု၊
၁၀ ဒိဋ္ဌိဇုကမ္မ - ကံ-ကံ၏ အကျိုးကို ယုံကြည်ခြင်းဆိုတဲ့အယူကို ဖြောင့်မှန်စွာ ယူမှု၊

အထက်ပါ ပုညကြိယဝတ္ထု ၁၀ပါးကို သဘောတူရာ အကျဉ်းပေါင်း ယူမယ်ဆိုရင် 'ဒါန၊ သီလ၊ ဘာဝနာ' သုံးပါးကိုသာ ရပါတယ်။

*၁ ဒါနအုပ်စု - ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊*
*၂ သီလအုပ်စု - သီလ၊ အပစာယန၊ ဝေယျာဝစ္စ၊*
*၃ ဘာဝနာအုပ်စု - ဘာဝနာ၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။*

အထက်ပါ ပုညကြိယဝတ္ထုဆယ်မျိုးကို အများအားဖြင့် ကာမာဝစရကုသိုလ်(ဝါ) မဟာကုသိုလ်စိတ်များနှင့် ပြုလုပ်ပါတယ်။ ဒါကြောင့် ကောင်း မှုကုသိုလ်များကို ပြုလုပ်တဲ့အခါ ကာမာဝစရ ကုသိုလ်ကံများ ဖြစ်တယ်။ ဒီကံတွေ အကျိုးပေးတဲ့အခါ ချမ်းသာတဲ့ လူ့ဘဝ၊ နတ်ဘဝများကို အကြိမ်ကြိမ် ရရှိပါတယ်။

ဘာဝနာရှုပွားလို့ ဈာန်များရတဲ့အခါ အဆင့်ပိုမြင့်တဲ့ ဈာန်ကုသိုလ်ကံ (ဝါ) မဟဂ္ဂုတ်ကုသိုလ်ကံများများ ဖြစ်ပေါ်တယ်။ ဒီကံတွေ အကျိုးပေးတဲ့အခါ ဗြဟ္မာဘဝများ ဖြစ်ပါတယ်။

ဝိပဿနာရှုပွားလို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကို ရရှိရင် ကုသိုလ်ကောင်းမှုရဲ့ အထွတ်အထိပ်ကိုရောက်ပြီ၊ အရိယာသူတော်စင်ဖြစ်ပြီးအပါယ်တံခါးပိတ်ကာ နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်ပြီ။

ဒါကြောင့် ဘဝတစ်သက်တာလုံးမှာ ကုသိုလ်ကောင်းမှု ၁၀မျိုးကို ကြိုးစားလုပ်ဆောင်ခြင်းဖြင့် ကုသိုလ်ကံများကို စုဆောင်းယူပြီး စိတ်ဖြူစင်အောင် ပြုလုပ်ကြရမယ်။

## ၉ ကံတွေ ဘယ်မှာ တည်ရှိကြသလဲ

မိလိန္ဒပဥှာမှာ ပညာရှိ မိလိန္ဒမင်းကြီးက ရဟန္တာမထေရ်မြတ်ဖြစ်တဲ့ အရှင်နာဂသေနကို မေးလျှောက်ပါတယ်-"အရှင်ဘုရားတို့ ပြောဟောနေကြတဲ့ အကုသိုလ်ကံ၊ ကုသိုလ်ကံတွေက ဘယ်မှာ တည်ရှိပါသလဲဘုရား"တဲ့။

"ရုပ်နာမ်အစဉ်မှာ တည်ရှိတယ် ဒကာမင်းကြီး၊ ဒကာမင်းကြီးမြင်အောင်တော့ ပြလို့ မရဘူး။ ဥပမာနဲ့တော့ ပြောလို့ ရတယ်။"

"ဥပမာနဲ့ ပြောပြပါဘုရား"

"သရက်စေ့ကနေ သရက်ပင်ကလေးပေါက်လာတဲ့အခါမှာ သရက်သီးသီးစေတတ်တဲ့မျိုးဓာတ်က သရက်ပင်ငယ်မှာ ပါလာပါတယ်။ ဒါပေမယ့်မြင်အောင်တော့ မပြနိုင်ဘူး။ သရက်ပင်ကြီးလာပြီး အချိန်ရာသီရောက်လို့ သရက်သီးသီးလာတာကို ထောက်ရှုပြီး သရက်ပင်မှာ သရက်သီး သီးစေတတ်တဲ့ မျိုးဓာတ်ပါလာတယ်လို့ ပြောဆိုနိုင်ပါတယ်။ အလားတူပဲ ကံကိုမပြနိုင်ပေမယ့် ကံအကျိုးပေးလို့ ဘဝအမျိုးမျိုး ဖြစ်လာတာကို ထောက်ရှုပြီး ကံသတ္တိရှိတယ်လို့ ဆိုနိုင်ပါတယ်"

"သင့်တင့်လျောက်ပတ်ပါတယ်ဘုရား"

မိလိန္ဒမင်းကြီး မေးမြန်းခဲ့တဲ့ မေးခွန်းဟာ နှစ်ဆယ်ရာစုနှစ်မှာ တစ်ဖန် ပေါ်လာပြန်တယ်။ မေးခွန်းမေးသူက အိန္ဒိယနိုင်ငံ တရားဝန်ကြီး ဒေါက်တာ ဘီ၊အာရ်၊ အမ်ဘက်ကာ (Dr. B.R. Ambedkar) ဖြစ်ပြီး တော့ ဖြေကြားသူက ဘုံဘိုင်မြို့ ဗုဒ္ဓဝိဟာရမှာ သီတင်းသုံးတဲ့ အရှင်အရိယ ဓမ္မ(ဘီအေ) ဖြစ်ပါတယ်။ အရှင်အရိယဓမ္မက မြန်မာနိုင်ငံ တောင်တွင်းကြီးအရေးတော်ပုံမှာ ထင်ပေါ်ကျော်ကြားခဲ့တဲ့ အရှင်ဥတ္တမ၌ထံမှာ ပညာ ဆည်းပူးခဲ့ပြီး ဉာဏ်ထက်သူတစ်ဦးဖြစ်ပါတယ်။

ဒေါက်တာအမ်ဘက်ကာဟာ ဇာတ်နိမ့်မျိုးတို့ရဲ့ ခေါင်းဆောင် ဖြစ်တယ်။ သူဦးဆောင်တဲ့ ဇာတ်နိမ့်မျိုး သန်း(၂၀)ကျော်က ဇာတ်ခွဲခြားမှုမရှိတဲ့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းချင်ကြလို့ ဗုဒ္ဓဘာသာအကြောင်းကို သိချင်ကြတယ်။ ဒါကြောင့် ဒေါက်တာ အမ်ဘက်ကာက သူ့သံသယ ရှင်းသွားအောင် ကံအကြောင်းကို အရှင်အရိယဓမ္မထံမေးမြန်းခြင်း ဖြစ်တယ်။

"အရှင်ဘုရား-ဗုဒ္ဓဘာသာမှာ ကံ-ကံလို့ ပြောနေကြတာ၊ အဲဒီကံက ဘယ်မှာ တည်ရှိပါသလဲဘုရား"

"ဒကာကြီးရဲ့ မေးခွန်းကို ဘုန်းကြီးမေးခွန်းနဲ့ပဲ ပြန်ဖြေပါရစေ။ ဒကာကြီးမှာ ဘွဲ့ဒီဂရီတွေ ဘယ်နှစ်မျိုး ရထားပါသလဲ"

"ဘီအေဘွဲ့၊ အမ်အေဘွဲ့၊ ပါရဂူဘွဲ့၊ သိပ္ပံဒေါက်တာဘွဲ့၊ ဥပဒေဘွဲ့၊ ဘွဲ့ငါးခု ရထားပါတယ်ဘုရား"

"ဒီဘွဲ့တွေကို ရအောင် ဒကာကြီး ဘယ်လောက်ကြာအောင် ပညာဆည်းပူးခဲ့ရသလဲ"

"နှစ်သုံးဆယ်ပါဘုရား"

"ဒီဘွဲ့တွေအားလုံးရဲ့ အရည်အသွေးဟာ ဒကာကြီးမှာ ရှိသလား"

"ရှိပါတယ်ဘုရား"

"ဒီလိုဆိုရင် သိပ္ပံဒေါက်တာဘွဲ့ရဲ့ အရည်အသွေးကို ထုတ်ပြစမ်းပါ ဒကာကြီး"

"ထုတ်ပြလို့တော့ မရဘူး၊ တပည့်တော်မှာ ဘွဲ့လက်မှတ်ရှိတယ်။

ဘွဲ့လက်မှတ်ပြနိုင်ပါတယ်ဘုရား"

"ဘွဲ့လက်မှတ်ဆိုတာ စက္ကူပေါ်မှာ ပုံနှိပ်စာလုံးတွေ ရိုက်နှိပ်ထားတာပဲ။ ဒကာကြီးရဲ့ အရည်အသွေးက စက္ကူပေါ်မှာ ရှိသလား၊ ဒကာကြီးကိုယ်ထဲမှာ ရှိသလား"

"တပည့်တော်ရဲ့ကိုယ်ထဲမှာ ရှိပါတယ်ဘုရား"

"ဘယ်မှာရှိသလဲ၊ ပါးစပ်မှာလား၊ ရင်ဘတ်မှာလား၊ အသည်းနှလုံးမှာလား"

"ဘယ်မှာရှိသလဲတော့ မပြောနိုင်ပါဘူးဘုရား၊ ဒီအရည်အချင်းနဲ့ပတ်သက်တဲ့ မေးခွန်းများကို မေးရင် တပည့်တော် ဖြေနိုင်ပါတယ်။ ဒီအရည်အချင်းရဲ့ စွမ်းရည်သတ္တိတို့ကိုလည်း တပည့်တော် အသုံးချနိုင်ပါတယ်"

"ဟုတ်ပြီ၊ အဲသလို အသုံးချနိုင်လို့ ဒီဘွဲ့ဒီဂရီများရဲ့ အရည်အချင်းတွေဟာ ဒကာကြီးမှာ ရှိတယ်ဆိုတာကို ဘုန်းကြီးယုံပါတယ်။ ဒါပေမယ့် အဲဒီအရည်အချင်းတွေကို ထုတ်မပြနိုင်သလို ကံတွေကိုလည်း မပြနိုင်ဘူး ဒကာကြီး။ ကံအသီးသီးက အကျိုးပေးတာကို ထောက်ရှုပြီး ဒီကံတွေ ရှိတာကို ယုံကြည်ရပါတယ်ဒကာကြီး"

"သင့်တင့်လျောက်ပတ်ပါတယ်အရှင်ဘုရား၊ တပည့်တော် နောက်ဆက်တွဲမေးခွန်းတစ်ခုကို ထပ်မေးပါရစေဦး"

"မေးပါဒကာကြီး"

## ၁၀ ကံက နောက်ဘဝကို ဘယ်လိုဖြစ်စေတာလဲ

"လူတစ်ယောက်သေဆုံးတဲ့အခါမှာ သူပြုလုပ်ထားတဲ့ ကံတွေက နောက်ဘဝကို ဘယ်လိုဖြစ်စေပါသလဲ။ ဟိန္ဒူဘာသာမှာလွယ်လွယ်ကလေး ရှင်းပြနိုင်တယ်။ ဇီဝအတ္တဆိုတဲ့ အသက်ကောင်က ဒီခန္ဓာကိုယ်သေဆုံးတဲ့အခါ ဒီခန္ဓာကိုယ်ကနေ ထွက်ပြီး နောက်ခန္ဓာအိမ်အသစ်ထဲကို ဝင်သွားလို့ နောက်ဘဝဖြစ်လာတယ်လို့ ဆိုတယ်။ ဥပမာ ဒီသစ်ပင်မှာနားနေတဲ့ ငှက်တစ်ကောင်က ဒီအပင်ကို ခုတ်လှဲလိုက်တော့ နောက်

သစ်ပင်တစ်ပင်စီ ပျံသွားပြီး ခိုနားလိုက်သလိုပဲ"

"ဒကာကြီး ဘယ်တော့မှ မသေတဲ ့မပျက်စီးတဲ တည်မြဲနေတဲ့ အသက်ကောင် လိပ်ပြာကောင် ဇီဝအတ္တတို့ မရှိဘူးဆိုတာကို မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဉာဏ်, ဗုဒ္ဓဉာဏ်တော်တို့ဖြင့် ရှင်းရှင်းလင်းလင်း သိမြင်တော်မူတယ်။ အကောင်အထည်မရှိတဲ့ ကံသတ္တိမှတစ်ဆင့် နောက်ဘဝဖြစ်လာတာဟာ အလွန်နက်နဲသိမ်မွေ့ပါတယ်။ ငှက်ပျံသွားတဲ့ ဥပမာမျိုးနဲ့ ရှင်းပြလို့ မရဘူး။ ဒကာကြီး နားလည်ချင်တယ်ဆိုရင် ကိုယ်လုံးပေါ်မှန် တစ်ချပ်ယူခိုင်းပါ ဒကာကြီး"

"ကိုယ်လုံးပေါ်မှန် ယူလာပါပြီဘုရား"

"ကဲ-ဒကာကြီး မှန်ရှေ့မှာ ရပ်စမ်း၊ ဟော-ဒကာကြီး မှန်ရှေ့ ရပ်လိုက်တာနဲ့ တစ်ပြိုင်နက် မှန်ထဲမှာ လူတစ်ယောက်ပေါ်လာတယ်။ မှန်ထဲက လူဟာ ဒကာကြီးပဲလား၊ အခြားလူတစ်ယောက်လား"

"အခြားလူမဖြစ်နိုင်ပါဘူး၊ တပည့်တော်ပဲ ဖြစ်ရမှာပေါ့"

"ဒါဖြင့်ရင် ဒကာကြီးက အရှေ့ဘက်ကို လှည့်တယ်၊ မှန်ထဲကလူက အနောက်ဘက်ကို မျက်နှာမူတယ်။ ဘာကြောင့် ဆန့်ကျင်ဘက်အရပ်တွေဆီ မျက်နှာမူနေကြရသလဲ"

"တပည့်တော် ပြင်ဖြေပါရစေ၊ မှန်ထဲကလူဟာ တပည့်တော် မဟုတ် ဘူး၊ တပည့်တော်ရဲ့ ပုံရိပ်ဖြစ်ပါတယ်ဘုရား"

"ကောင်းပါပြီ၊ ဒကာကြီးမှာ ဓာတ်ပုံပါသလား၊ ဟုတ်ပြီ-ဒီဓာတ်ပုံက လည်း ဒကာကြီးရဲ့ ပုံရိပ်ပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကောင်းပြီ၊ ဒကာကြီးဓာတ်ပုံကို မှန်ရှေ့မှာ ထောင်ထားလိုက်ပါ။ ကဲ ဒကာကြီး၊ ကျေးဇူးပြုပြီး လက်မြှောက်ပါ၊ လက်ချပါ၊ ဒကာကြီး ထိုင်ပါ၊ ထပါ။ ယခု ဒကာကြီး ပြုမူသွားတဲ့အတိုင်း မှန်ထဲလူက တစ်ပြိုင်နက်တည်း တစ်ထေရာတည်း လိုက်လုပ်တယ်။ ဒကာကြီးရဲ့ ပုံရိပ်ဖြစ်တဲ့ ဓာတ်ပုံက ဘာမှ လိုက်မလုပ်ဘူး။ ဒီလိုဆိုရင် မှန်ထဲကလူဟာ ဒကာကြီး

မဟုတ်ပါဘူးလို့ ဒကာကြီး ငြင်းချင်သေးသလား။ ဘုန်းကြီး နောက်လူတစ်ယောက်ကို ခေါ်မေးရမလား"

"ခေါ်မမေးပါနဲ့ဘုရား၊ မှန်ထဲကလူဟာ တပည့်တော်ပါပဲဘုရား"

"ကောင်းပြီ၊ မှန်ထဲက လူဟာ ဒကာကြီးပဲနော်၊ ကဲ ဒကာတို့ မှန်ကြီးကို တူနဲ့ ရိုက်ခွဲလိုက်စမ်းပါ"

ဘုန်းကြီး အမိန့်ရှိတဲ့အတိုင်း မှန်ကို ထုခွဲလိုက်ပါတယ်။

"ဟော-ဒကာကြီး၊ မှန်ကွဲသွားတာနဲ့ မှန်ထဲက လူ ပျောက်သွားတယ်။ ဒကာကြီးနဲ့ မှန်ထဲကလူဟာ တူတူပဲဆိုတော့ ဒကာကြီးက ဘာကြောင့် ပျောက်မသွားတာလဲ။ မှန်ထဲကလူဟာ ဒကာကြီးမဟုတ်ဘူးလို့ ပြန်ဖြေချင်သေးသလား"

"တပည့်တော် မဖြေတတ်တော့ဘူး၊ အရှင်ဘုရားပဲ ဖြေပြပါ"

"ကောင်းပြီဒကာကြီး၊ မှန်ထဲကလူဟာ ဒကာကြီးဟုတ်တယ်လို့ ပြောလို့မရသလို ဒကာကြီးမဟုတ်ဘူးလို့လည်း ငြင်းလို့ မရဘူး။ မူလလူကနေ မှန်ထဲလူသို့ ဘာမှကူးပြောင်းမသွားတော့ မှန်ထဲက လူဟာ မူလလူပဲလို့ ပြောလို့မရဘူး။ ဒါပေမယ့် မူလလူနဲ့ ကင်းကွာပြီးတော့လည်း မှန်ထဲလူက ပေါ်မလာနိုင်ဘူး။ မူလလူကို အကြောင်းပြုပြီးတော့ပဲ သူနဲ့ချွတ်စွပ်တူတဲ့ မှန်ထဲလူက ပေါ်လာတာပဲ။ ဒါကြောင့် မှန်ထဲလူဟာ မူလလူမဟုတ်ဘူးလို့လည်း အပြတ်ပြောလို့ မရဘူး။

"အလားတူပဲ ဒီဘဝက လူသေပြီး သူပြုထားတဲ့ ကံတစ်ခုရဲ့ အစွမ်းကြောင့် နောက်ဘဝ လူဖြစ်လာတဲ့အခါ ဒီဘဝက ရုပ်နာမ်တွေ ဘာတစ်ခုမှ ဘဝသစ်သို့ ကူးမသွားဘူး။ ဒီဘဝရုပ်နာမ်တွေက ဒီဘဝမှာတင်ပဲ အကုန်ချုပ်ငြိမ်းကြတယ်။ ဒါပေမယ့် ဒီဘဝမှာ ပြုလုပ်ထားတဲ့ ကံအစွမ်းကြောင့် နောက်ဘဝမှာ ရုပ်နာမ်သစ်တွေ ဖြစ်လာကြတယ်။ ဖြစ်လာပုံကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ မြတ်စွာဘုရား အသေးစိတ် ရှင်းပြပါတယ်။

"လွယ်လွယ်ပြောရင် အကုသိုလ်ကံကနေ သူ့ရဲ့အကျိုးဖြစ်တဲ့

အကုသလ ဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များ ဖြစ်ပေါ်တယ်။ ကံအစွမ်းရှိသရွေ့ ဘဝတစ်သက်လုံး ဖြစ်စေတယ်။ ဘဝသစ်မှာ ပထမဆုံးဖြစ်တဲ့ အကုသလဝိပါက်စိတ်ကို ပဋိသန္ဓေစိတ်လို့ ခေါ်တယ်။ နောက်ဖြစ်ကြတဲ့ အကုသလဝိပါက်စိတ်များကို ဘဝင်စိတ်များလို့ခေါ်တယ်။ အသက်ရှင်အောင် ပြုလုပ်ပေးတဲ့စိတ်တွေပေါ့။ နောက်ဆုံးဖြစ်တဲ့ အကုသလဝိပါက်စိတ်ကိုတော့ စုတိစိတ် (သေစိတ်)လို့ခေါ်ပါတယ်။ အကုသလဝိပါက်စိတ်, စေတသိက်များ, ကမ္မဇရုပ်များနှင့် ဘဝသစ်ဖြစ်ရရင် အပါယ်ဘဝဖြစ်လာတာပဲ၊ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, ငရဲဘဝတစ်မျိုးမျိုးပေါ့။

"အကယ်၍ သေတဲ့အချိန်မှာ ကာမာဝစရ ကုသိုလ်ကံတစ်ခုက အကျိုးပေးခွင့်ရရင် နောက်ဘဝသစ်မှာ ကာမာဝစရ ကုသလဝိပါက်စိတ်, ယှဉ်ဖက်စေတသိက်များနှင့် ကံမ္မဇရုပ်များ ဖြစ်ပေါ်တယ်။ ဒီစိတ်, စေတသိက်, ရုပ်များက ကာမသုဂတိဘုံလို့ ခေါ်တဲ့ လူ့ဘုံ, နတ်ဘုံ တစ်ခုခုမှာ ဘဝသစ်ဖြစ်စေပါတယ်။ ရူပါဝစရကုသိုလ်ကံ အကျိုးပေးခွင့်ရရင် ရူပါဝစရဝိပါက်စိတ်, ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များဖြစ်မှာမို့ ရူပဗြဟ္မာဘုံမှာ ရူပဗြဟ္မာဘဝ ဖြစ်ရပါတယ်။

"ဒါကြောင့် ဗုဒ္ဓဘာသာမှာ သေတဲ့အချိန်မှာ အကျိုးပေးခွင့်ရတဲ့ကံပေါ် မူတည်ပြီး ဘဝအမျိုးမျိုး ဖြစ်လာတာကို ရှင်းပြနိုင်ပါတယ်။ ပြောင်းလဲခြင်း မရှိဘဲ တည်မြဲနေတဲ့ ဇီဝအတ္တကနေ ဒီလိုဘဝအမျိုးမျိုး ဖြစ်ရတာကို မရှင်းပြနိုင်ပါဘူး။

"ဒါကြောင့်မို့ မူလဘဝက ရုပ်နာမ်တွေဟာ ဘဝသစ်သို့ ကူးပြောင်းသွားတာ မရှိလို့ နောက်ဘဝသစ်က လူဟာ မူလလူပဲလို့ ပြောလို့ မရသလို မူလဘဝက ရုပ်နာမ် အစဉ်ဟာ ဘဝသစ်ရုပ်နာမ်အစဉ်သို့ ဆက်သွားတဲ့အတွက် ဘဝသစ်လူဟာ မူလလူမဟုတ်ဘူးလို့လည်း ငြင်းလို့ မရဘူး။ ယခုဘဝအသက်ရှင်နေတဲ့ အခါမှာလည်း ရုပ်နာမ်တွေက ခဏမစဲ ချုပ်နေ

ကြပြီးတော့ ဒီဘ၀ကို ဖြစ်စေတဲ့ ကံအစွမ်းကြောင့် ဝိပါက်စိတ် (ဘ၀င်စိတ်), ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များက အမြဲအသစ်အသစ် ဖြစ်နေကြတာပဲ။ ဒီလို ရုပ်နာမ်တွေ ပြောင်းလဲနေကြပေမယ့် ရုပ်နာမ် အစဉ်က ဆက်သွားတော့ လူတစ်ယောက်တည်းပဲလို့ မှတ်ယူကြသလို နောက် ဘ၀ကူးသွားတဲ့အခါမှာလည်း အလားတူပဲ ရုပ်နာမ် အစဉ်အတန်းက ဆက်ဖြစ်သွားလို့ နောက်ဘ၀ လူဟာလည်း မူလလူပဲလို့ သမုတိသစ္စာအရ မှတ်ယူရပါတယ်၊ ဒကာကြီး ရှင်းပြီးလား"

"သိပ်ရှင်းပါတယ်၊ အကြောင်းအကျိုးညီညွတ်ပါတယ်၊ ကျေးဇူးတင်ပါတယ်ဘုရား"

ဒေါက်တာအမ်ဘက်ကာ ကြီးမှူးပြီး အိန္ဒိယဇာတ်နိမ့်မျိုး လူ သန်း (၂၀)ကျော်တို့ ဗုဒ္ဓဘာသာဝင်များအဖြစ် ကူးပြောင်းကြတယ်ကြားရလို့ ဝမ်းမြောက်စွာ အကြိမ်ကြိမ် သာဓုခေါ်မိပါတယ်။

# ၉

# ကံ ဘယ်လိုအကျိုးပေးသလဲ

## ၁ လက်ငင်းအကျိုးကိုသာ ကြည့်တတ်ကြ

လူတွေဟာ မိမိအတွက် လက်ငင်းအကျိုးရှိမရှိကိုသာ အများအားဖြင့် ကြည့်တတ်ကြတယ်။ အကျိုးရှိရင် လုပ်ချင်တယ်၊ မကောင်းမှုဖြစ်ပါစေ လုပ်ချင်တယ်။ လက်ငင်းအကျိုးမရှိရင် ကောင်းမှုဖြစ်ပါစေ မလုပ်ချင်ကြဘူး။

ဒါက အမြော်အမြင်နည်းတဲ့ အတ္တလွန်ကဲတဲ့ အမြင်သာ ဖြစ်ပါတယ်။ ဒီအမြင်နဲ့ ကောင်းမှုတွေကို မပြုချင်ဘဲ မကောင်းမှုတွေကို တွင့်တွင်လုပ်နေမယ်ဆိုရင် သူတစ်ပါးအတွက်လည်း အကျိုးမရှိဘူး၊ မိမိအတွက်လည်း ရေရှည်မှာ အကျိုးမရှိဘူး။ ငြိမ်းချမ်းပျော်ရွှင်တဲ့ ပတ်ဝန်းကျင်နှင့် ငြိမ်းချမ်းပျော်ရွှင်တဲ့ကမ္ဘာကို တည်ဆောက်ဖို့အတွက် အထောက်အကူမပြုဘူး။

အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်မှာ မြတ်စွာဘုရားက သူ့သားရာဟုလာကို ဆုံးမသွန်သင်ထားသလို အပြစ်ကင်းအောင် သတိထားပြီး ပြုလုပ်နိုင်ပါမှ မိမိလည်း အကျိုးရှိမယ်၊ သူတစ်ပါးတို့လည်း အကျိုးရှိမယ်၊ ငြိမ်းချမ်းပျော်ရွှင်တဲ့ကမ္ဘာကို တည်ဆောက်ဖို့အတွက်လည်း အထောက်အကူဖြစ်လိမ့်မယ်။

"ချစ်သား ရာဟုလာ ကြေးမုံမှန်က ဘာအကျိုးရှိသလဲ"

မြတ်စွာဘုရားက မေးတယ်။

"မိမိကိုယ်ကို ကြည့်ရှုဖို့ အကျိုးရှိပါတယ်ဘုရား"

"ကြေးမုံမှန်ကို ကြည့်ရင် မိမိရဲ့ရုပ်သဏ္ဌာန်မှာ အပြစ်ရှိမရှိ မြင်နိုင်တယ်။ ဒီဥပမာအတိုင်းပဲ ချစ်သားက တစ်စုံတစ်ခုကို ပြုလုပ်ချင်တယ်၊ ပြောဆိုချင်တယ်၊ ကြံတွေးချင်တယ်ဆိုရင် ကြိုတင်ပြီး ကြည့်ရှုဆင်ခြင်ပါ။ အဲဒီ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဟာ မိမိကိုမှား ထိခိုက်နစ်နာ ဆင်းရဲစေမလား၊ သူတစ်ပါးကိုကော ထိခိုက်နစ်နာဆင်းရဲစေမလား။ အကယ်၍ တစ်ဦးဦးကို ထိခိုက်နစ်နာဆင်းရဲစေမယ်ဆိုရင် ၎င်းပြုလုပ်ချက်ဟာ အပြစ်ရှိတယ်၊ အကုသိုလ်မကောင်းမှုဖြစ်တယ်၊ ဒီအမှုကို မပြုလုပ်ပါနဲ့။

"အကယ်၍ ၎င်းပြုလုပ်ချက်ဟာ မိမိကိုရော သူတစ်ပါးတို့ကိုရော ဘယ်သူ့ကိုမှ မထိခိုက်မနစ်နာ မဆင်းရဲစေဘူးဆိုရင် အဲဒီအမှုဟာ အပြစ်ကင်းတယ်၊ ကောင်းမှုကုသိုလ်ဖြစ်တယ်။ ဒီအမှုကို ပြုလုပ်ပါ။ ပြုနေဆဲအခါနှင့် ပြုပြီးတဲ့အခါတို့မှာလည်း ကြည့်ရှုဆင်ခြင်ပါဦး။ တစ်ဦးဦးကို ထိခိုက်နစ်နာဆင်းရဲသွားစေပြီလား။ ထိခိုက်နစ်နာဆင်းရဲသွားစေတယ်ဆိုရင် ဒီအမှုဟာ အပြစ်ရှိတယ်၊ အကုသိုလ်မကောင်းမှုပဲ၊ ဒီအမှုကို ရပ်လိုက်ပါ၊ နောက်ထပ် မပြုပါနဲ့။

"အကယ်၍ ၎င်းပြုလုပ်ချက်ဟာ မိမိကိုရော သူတစ်ပါးတို့ကိုရော ဘယ်သူ့ကိုမှ မထိခိုက်မနစ်နာမဆင်းရဲစေဘူးဆိုရင် အဲဒီအမှုဟာ အပြစ်ကင်းတယ်၊ ကုသိုလ်ကောင်းမှုဖြစ်တယ်၊ ဒီအမှုမျိုးကို ထပ်ကာထပ်ကာ ပြုလုပ်နိုင်ပါတယ်"

အလွန်တရာကောင်းမွန်တဲ့ လမ်းညွှန်ချက်ပါပဲ။ ဒီလမ်းညွှန်ချက်အတိုင်း လူသားအပေါင်းက လိုက်နာပြုမူကြမယ်ဆိုရင် သတ္တဝါအားလုံး ချမ်းသာပျော်ရွှင်စွာ အတူတကွ နီးနှောနေတိုင်နိုင်ကြတဲ့အပြင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်း လက်ငင်းရရှိမှာ ဖြစ်ပါတယ်။

## ၂ အလုပ်တိုင်းမှာအကျိုးနှစ်မျိုးရှိတယ်

အပြစ်ရှိတဲ့ အကုသိုလ်မကောင်းမှုတွေက မကောင်းတဲ့အမူအကျင့်ဖြစ်တဲ့ ဒုစရိုက်ဆယ်ပါးပါပဲ။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူတစ်ပါးအိမ်ရာကို ပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက်သုံးပါး၊ လိမ်ပြောခြင်း၊ ကုန်းချောခြင်း၊ ကြမ်းတမ်းယုတ်မာစွာ ပြောခြင်း၊ 'အတင်းအဖျင်းစကားကို ပြောခြင်းဆိုတဲ့ ဝစီဒုစရိုက်လေးပါး၊ သူ့ဥစ္စာကို မတရားရယူဖို့ ကြံစည်ခြင်း၊ သူ့အသက်နှင့်စည်းစိမ်ကို ဖျက်ဆီးရန် ကြံစည်ခြင်း၊ ကံ-ကံ၏အကျိုးမရှိဟု လွဲမှားစွာ ယုံကြည်ခြင်းဆိုတဲ့ မနောဒုစရိုက်သုံးပါးတို့ ဖြစ်ပါတယ်။

ဒီမကောင်းမှုတွေကို ဒေါသစိတ် သို့မဟုတ် လောဘစိတ် ဆိုတဲ့ အကုသိုလ်စိတ်များနဲ့ ပြုလုပ်ကြတယ်။ မကောင်းမှုတစ်ခု ပြုလုပ်တဲ့အခါမှာ အကုသိုလ်စိတ်တွေက ကုဋေသိန်းချီဖြစ်ပြီး ချုပ်သွားကြတယ်။ ဒီအကုသိုလ်စိတ်တို့နှင့် ယှဉ်ဖြစ်ကြတဲ့ စေတနာများကို အကုသိုလ်သဟဇာတကံများလို့ ခေါ်တယ်။ ဒီကံတွေကြောင့် မကောင်းတဲ့အလုပ် ဖြစ်မြောက်သွားပြီး ဒီမကောင်းတဲ့အလုပ်ရဲ့ မကောင်းကျိုးတွေ ဆက်ဖြစ်ပါတယ်။ ဥပမာ လူတစ်ယောက်ကို သတ်ရင် အဲဒီလူဟာ ကြောက်ရွံ့ထိတ်လန့်ကာ ဆင်းဆင်းရဲရဲသေရတယ်။ သူ့ဆွေမျိုးများ ဝမ်းနည်းပူဆွေးကြရ, စိတ်ဆင်းရဲကြရတယ်။ သတ်တဲ့လူကလည်း ထောင်ကျ၊ ကြိုးမိန့် ကျပြီး အသတ်ခံရပါတယ်၊ သူ့ဆွေမျိုးများလည်း ဝမ်းနည်းကြေကွဲကြ ရပါတယ်။

ပြီးတော့ စိတ်စေတနာတွေ ချုပ်ငြိမ်းကြတဲ့အခါ သူတို့ရဲ့ကံသတ္တိတွေကို စိတ်အစဉ်မှာ ချန်ရစ်ခဲ့တယ်။ ဒီကံသတ္တိတွေကို အကုသိုလ်နာနက္ခဏိက ကံများလို့ ခေါ်ပါတယ်။ ဒီကံတွေက ဒီဘဝကစပြီး နိဗ္ဗာန်ရတဲ့နောက်ဆုံးဘဝတိုင်အောင် စိတ်အစဉ်မှာ လိုက်ပါနေကြပြီးတော့ အခွင့်သင့်တဲ့အခါများမှာ မကောင်းကျိုးများကို ပေးသွားကြလိမ့်မယ်။

ဒါကြောင့် မကောင်းတဲ့အလုပ်တစ်ခုကို လုပ်ရင် အကုသိုလ် သဟ

ဇာတကံရဲ့ မကောင်းကျိုးများကိုရော အကုသိုလ်နာနက္ခဏိကကံများရဲ့ ဆိုးကျိုးများကိုရော အကျိုးနှစ်မျိုးခံစားကြရလိမ့်မယ်။

အပြစ်ကင်းတဲ့ ကုသိုလ်ကောင်းမှုတွေက ကောင်းတဲ့အမူအကျင့်များ ဖြစ်ကြတဲ့ သုစရိုက်ဆယ်ပါး ဖြစ်ကြတယ်။ သုစရိုက်ဆယ်ပါးက ဒုစရိုက် ဆယ်ပါးကို ရှောင်ကြဉ်တဲ့အမှုတွေပဲ။ ဥပမာ မိမိကိုကိုက်တဲ့ ခြင်ကို ချမ်းသာပါစေလို့ ကောင်းတဲ့စေတနာနဲ့ မသတ်ဘဲ သွားခွင့်ပြုလိုက်တဲ့အခါမှာ မဟာကုသိုလ်စိတ်တွေ ကုဋေသိန်းချီဖြစ်သွားကြတယ်။ ဒီစိတ်များနှင့် ယှဉ် ဖြစ်သွားကြတဲ့ စေတနာကုဋေသိန်းပေါင်းများစွာကို မဟာကုသိုလ်သဟဇာတကံများလို့ ခေါ်တယ်။ ဒီကံတွေကြောင့် ခြင်ကို ချမ်းသာပေးတဲ့ ကုသိုလ်အလုပ်ဖြစ်မြောက်သွားပြီးတော့ ဒီကုသိုလ်အလုပ်ရဲ့ ကောင်းကျိုးတွေ ဆက်ဖြစ်တယ်။ ဥပမာ ခြင်က သူ့ချစ်သူများထံ ပြန်သွားပြီး ပျော်ပျော်ပါးပါးနေရတာပေါ့။ ခြင်မသတ်တဲ့လူကလည်း မွန်မြတ်တဲ့ ကုသိုလ် ကောင်းမှုပြုလိုက်ရတာကို နားလည်ပြီး ဝမ်းမြောက်ကြည်နူး ရပါတယ်။

ခြင်ကို ဘေးမဲ့ပေးတဲ့ ကုသိုလ်စေတနာကုဋေသိန်းချီတို့ ချုပ်ငြိမ်းသွားကြတဲ့အခါ စိတ်အစဉ်မှာ မဟာကုသိုလ်နာနက္ခဏိကကံများကုဋေသိန်း ချီ ကျန်ရစ်တယ်။ ဒီကံများကလည်း လက်ရှိဘဝစိတ်အစဉ်မှာရော နောက် ဘဝအဆက်ဆက် စိတ်အစဉ်မှာရော လိုက်ပါနေကြပြီးတော့ အခွင့်ရတဲ့ အခါတိုင်း ယခုလက်ရှိဘဝကစပြီး နိဗ္ဗာန်ရတဲ့ဘဝတိုင်အောင် ကောင်းကျိုး ချမ်းသာတွေ ပေးသွားမှာဖြစ်တယ်။

သဟဇာတကံများကြောင့် ဖြစ်မြောက်သွားတဲ့ အလုပ်ရဲ့ လက်ငင်းအကျိုး ကျေးဇူးများက မျက်မှောက်လောကမှာ သိသာထင်ရှားပါတယ်။ ဥပမာ လူတစ်ယောက်ကို သတ်မိရင် အဲဒီလူက ကြောက်ရွံ့ထိတ်လန့်ပြီး ဆင်းဆင်းရဲရဲသေရကယ်။ သူ့ရဲ့ သားသမီးများက ယူကျုံးမရအောင် ဝမ်းနည်းပူဆွေးကြရတယ်။ ဆင်းရဲနွမ်းပါးစွာ နေထိုင်သွားကြရမယ်။ သတ်တဲ့လူက ထွက်ပြေးပါသော်လည်း တရားဥပဒေအရ သူ့ကို ဖမ်းဆီးပြီး

အကျဉ်းချထားမယ်၊ တရားစစ်ဆေးမယ်၊ ပြစ်မှုထင်ရှားတဲ့အတွက် သေဒဏ်သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ကို ခံစေလိမ့်မယ်။

ကုသိုလ်ရေးဘက်မှာ သုစရိုက်ဆယ်ပါးအပြင် ဒါန, သီလ, ဘာဝနာအလုပ် တွေကလည်း ကုသိုလ်ကောင်းမှုများ ဖြစ်ကြတယ်။ ရဟန်းတစ်ပါးကို ဆွမ်းတစ်ဇွန်းလောင်းလှူလိုက်တယ်ဆိုပါစို့။ လှူတဲ့အခိုက်မှာ မဟာကုသိုလ်စိတ်တွေ ကုဋေသိန်းချီဖြစ်တယ်။ ဒီစိတ်တို့နှင့် ယှဉ်ဖြစ်သွားကြတဲ့စေတနာကုဋေသိန်းချီတို့က ဆွမ်းလောင်းတဲ့အလုပ်ကို ပြီးမြောက်စေတဲ့မဟာကုသိုလ်သဟဇာတကံများ ဖြစ်ကြတယ်။ ဒီစေတနာများ ချုပ်ငြိမ်းသွားကြတဲ့အခါ မဟာကုသိုလ်နာနက္ခဏိကကုသိုလ်ကံတွေ ကုဋေသိန်းချီဟာ စိတ်အစဉ်မှာ ကျန်ရစ်ဦးမယ်။

ဆွမ်းလောင်းတဲ့ သဟဇာတကံများရဲ့အကျိုးကျေးဇူးကြောင့် ရဟန်းတော်က ချမ်းချမ်းသာသာ ဆွမ်းဘုဉ်းပေးရတယ်၊ ကျန်းမာပြီးအသက်ရှည်တယ် (အာယု)၊ အာဟာရပြည့်ဝလို့ ဝဝဖြိုးဖြိုးနဲ့ ရုပ်ရည်အဆင်း တင့်တယ်တယ်(ဝဏ္ဏ)၊ ဆာလောင်မှု, ရောဂါစသည်ကင်းရှင်းလို့ ချမ်းချမ်းသာသာ နေရတယ်(သုခ)၊ ခွန်အားဗလကြီးမားတယ်(ဗလ)၊ ကျန်းမာပြီးစာပေလေ့လာနိုင်တဲ့အတွက် ဉာဏ်ပညာကြီးမားလာတယ်(ပဋိဘာန)။ ဒါကြောင့် ရဟန်းတော်မှာ အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန အကျိုးငါးပါးကို ရရှိတယ်။ သူရရှိသလို ဆွမ်းလှူသူကလည်း တူညီတဲ့ အကျိုးတွေကို အကြိမ်ကြိမ် ရရှိပါလိမ့်မယ်။ ရဟန်းတော်က ကျမ်းဂန် တတ်မြောက်လို့ တရားဟောပြောပေးရင် နာကြားရတဲ့လူမြောက်မြားစွာတို့ကြီးကျယ်တဲ့အကျိုးတွေကို အကြိမ်ကြိမ် ရရှိပါအုံးမယ်။

ကန်ရေပြင်ထဲသို့ ခဲတစ်လုံး ပစ်ချလိုက်တဲ့အခါ လှိုင်းကြက်ခွပ်တွေအဆင့်ဆင့်ဖြစ်ပေါ်သွားသလိုပဲ ကောင်းမှုရဲ့ ကောင်းကျိုးတွေ မကောင်းမှုရဲ့ မကောင်းကျိုးတွေ အဆင့်ဆင့် ဆက်ဖြစ်သွားပေလိမ့်မယ်။

*ကောင်းမှုပြုလုပ်သူ ကောင်းကျိုးရတယ်၊*
*မကောင်းမှုလုပ်သူ မကောင်းကျိုးရတယ်၊*

*အကြင်မျိုးစေ့ကို စိုက်ပျိုးမယ်ဆိုရင်*
*ထိုမျိုးစေ့နှင့် ဆီလျော်တဲ့ အသီးကို သုံးဆောင်ရမယ်။*
*ကိုယ်ပြုတဲ့ကံ၊ ပဲ့တင်သံ၊ ကိုယ့်ထံပြန်လာတယ်။ (မြတ်ဗုဒ္ဓ)*

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြန်အောင်ကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တရေဝတမဟာထေရ် (၁၀၄)နှစ်က အောက်ပါဩဝါဒကို ပေးပါတယ်-

*ကောင်းကောင်းနေကြ၊*
*ကောင်းကောင်းနေမှ ကောင်းကောင်းနေရတယ်၊*
*ကောင်းကောင်းမနေလျှင် ကောင်းကောင်းမနေရဘူး၊*
*ခိုက်ရန်ငြင်းခုံ မဖြစ်ကြနှင့်၊*
*ညီညီညွတ်ညွတ် ပြေပြေပြစ်ပြစ်နေကြ။*

၃ နာနာကမ္ဘာကံကကံများ အကျိုးပေးပုံ

နာနကမ္ဘာကံကကံများက သစ်စေ့များနဲ့ တူတယ်။ နာနကမ္ဘာကံကကံ အကျိုးပေးတာကလည်း သစ်စေ့က အပင်ပေါက်လာပုံနဲ့ တူတယ်။

*သဒိသံ ပါကံ ဇနေတိ။*
အကြောင်းကံနဲ့တူတဲ့ အကျိုးကို ဖြစ်စေတယ်။
*ယာဒိတံ ဝပ္ပတေဗီဇံ တာဒိသံ ဟရတေ ဖလံ။*
အကြင်သို့သောမျိုးစေ့ကိုစိုက်ရင်ဆီလျော်တဲ့အသီးကို သုံးဆောင်ရတယ်။ သရက်စေ့စိုက်ရင်သရက်ပင်ပေါက်ပြီး သရက်သီးစားရမယ်။ မရမ်းစေ့စိုက်ရင် မရမ်းပင်ပေါက်ပြီး မရမ်းသီး စားရမယ်။
*ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ၊*
အကောင်းအမွန်ပြုလုပ်လေ့ရှိသူဟာ အကောင်းအမွန်ကို ရတယ်။
မကောင်းမှု ပြုလုပ်လေ့ရှိသူဟာ မကောင်းကျိုးကို ရတယ်။

· ကံတူအကျိုးပေးပုံ

မိမိပြုထားတဲ့ အကြောင်းကံနဲ့ ဆင်တူတဲ့ အကျိုးဖြစ်ထွန်းလာခြင်းကို *'ကံတူအကျိုးပေးတယ်'* လို့ ဆိုကြတယ်။ ဒီလိုအကျိုးပေးတာကို ကံတို့ရဲ့ ဖြစ်မြဲသဘော (ဝါ) ကမ္မနိယာမ လို့ ခေါ်ပါတယ်။ ကံတူအကျိုး ပေးပုံကို ဝတ္ထုသာဓကများနှင့် ဖော်ပြပါ့မယ်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ အခါတစ်ပါးမှာ အမျိုးသားသုံးယောက်တို့က ဘုရားထံ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတယ်။

ပထမအမျိုးသားက လျှောက်ထားတယ်- "တပည့်တော်၊ သာဝတ္ထိမြို့တံခါးအနီးက ရွာကို ဖြတ်လာတော့ အိမ်တစ်လုံး မီးလောင်ပါတယ် ဘုရား၊ အိုးတင်ဖို့ သုံးတဲ့ မြက်ကရွတ်ခွေတစ်ခုက မီးစွဲလောင်ပြီးတော့ အောက်က မီးအရှိန်နဲ့ အထက်ကောင်းကင်သို့ လွင့်တက်သွားပါတယ်။ ဒီမီးကွင်းက အမြင့်ကြီးမှာ ပျံသန်းလာတဲ့ ကျီးကန်းတစ်ကောင်ရဲ့ လည်ပင်းမှာ ဝင်စွပ်မိတယ်။ ကျီးကန်း မီးလောင်ပြီး သေဆုံးပါတယ်ဘုရား"

ဒုတိယအမျိုးသားက ဆက်လျှောက်တယ်- "တပည့်တော်က ပင်လယ်ခရီးက ပြန်လာပါတယ်ဘုရား၊ တပည့်တော်စီးတဲ့ ရွက်သင်္ဘောကြီးက ကမ်းကခွာပြီး သမုဒ္ဒရာအလယ်လည်းရောက်ရော၊ တန့်ခနဲ ရပ်တန့်သွားပါတယ်။ သင်္ဘောသားတွေက သင်္ဘောရွေ့ရှားအောင် နည်းမျိုးစုံ လုပ်ကြည့် ပေမယ့် သင်္ဘောက မရွေ့ရှားဘူး။ အဲဒီတော့ မာလိန်မှူးဖြစ်တဲ့ သင်္ဘောသူကြီးက ခရီးသည်များကို ပြောတယ်-

"ကျွန်ုပ်တို့သင်္ဘောပေါ်မှာ အကုသိုလ်ကံကြီးမားတဲ့ လူတစ်ယောက် လိုက်ပါလာလို့ သင်္ဘောမရွေ့ရှားနိုင်ဘဲ ရပ်တန့်နေတာ ဖြစ်လိမ့်မယ်။ လူတစ်ယောက်အတွက်နဲ့ အားလုံး သေဆုံးကြရရင် မကောင်းဘူး။ ဒါကြောင့် ကျွန်တော်တို့ မဲနှိုက်ကြမယ်။ အပြစ်ကြီးသူက မဲပေါက်ပါစေ။ မဲပေါက်သူကို သမုဒ္ဒရာထဲသို့ ပစ်ချမယ်။ အားလုံးသဘောတူကြလား"

"အားလုံး သဘောတူကြတော့ မဲနှိုက်ကြတယ်။ မာလိန်မှူးရဲ့ဇနီး က မဲပေါက်တယ်။ ဒီအမျိုးသမီးက အေးအေးဆေးဆေး သနားကမား လေးမို့ ခရီးသွားယောကျ်ားများက သူမကို သနားလို့ နောက်တစ်ကြိမ် မဲနှိုက်ဖို့ အကြံပေးကြတယ်။ ဒုတိယအကြိမ်မှာလည်း မာလိန်မှူးရဲ့ဇနီးပဲ မဲပေါက်တယ်။ တတိယအကြိမ် သဘောတူ မဲနှိုက်ပြန်တော့လည်း ဒီအမျိုး သမီးပဲ မဲပေါက်ပြန်တယ်။

"ဒါကြောင့် သူမရဲ့လည်ပင်းမှာ သဲအိုးတစ်လုံး ချည်ပြီး သူမကို သမုဒ္ဒရာထဲသို့ ပစ်ချကြတယ်။ ပစ်ချလိုက်တာနဲ့ တစ်ပြိုင်နက် သင်္ဘောရွေ့ ရှားနိုင်တော့တယ်။ လိုရာခရီးသို့ သွားရောက်ပြီး ရောင်းဝယ်ဖောက်ကား ပြီးတော့ ကျွန်တော်တို့ ပြန်လာကြပါတယ်ဘုရား"

တတိယအမျိုးသားက ဆက်လျှောက်ပြန်တယ်- "တပည့်တော်က တောလမ်းခရီးက လာခဲ့တာပါ၊ တောင်နံရံရဲ့ ဘေးမှာ လိုဏ်ဂူတစ်ခုကို တွေ့ရပါတယ်။ ခရီးသွားရဟန်းခုနစ်ပါးက အဲဒီလိုဏ်ဂူထဲကို ခဏဝင်နား တာ တောင်ထိပ်ပေါ်က ကျောက်တုံးကြီးတစ်လုံး လိမ့်ကျလာပြီး လိုဏ် ဂူဝကို ဆို့ပိတ်လိုက်ပါတယ်ဘုရား။ ရဟန်းတို့က တွန်းကြည့်တယ်။ ကျောက်တုံးက မရွေ့ဘူး။ အကူအညီအော်တောင်းပေမယ့် ဘယ်သူမှ မကြားပါဘူး။ ဒါကြောင့် အစာရေစာမရှိဘဲ လိုဏ်ဂူထဲ ခုနစ်ရက် ဆက်နေ ကြရပါတယ်။ ရှစ်ရက်မြောက်တဲ့နေ့မှာ ကျောက်တုံးကြီးက အလိုလိုလိမ့် သွားလို့ လိုဏ်ဂူပွင့်သွားပါတယ်။ ရဟန်းတို့လည်း ထွက်လာနိုင်ကြပါတယ် ဘုရား"

"ဒီဖြစ်ရပ်ဆန်းများက ဘယ်အကြောင်းကြောင့် ဖြစ်ကြရပါသလဲ ဘုရား"

*"သဗ္ဗေသတ္တာ ကမ္မဿကာ ကမ္မံ သတ္တေ ဝိဘဇတိ"*

"သတ္တဝါများဟာ မိမိတို့ ပြုလုပ်ထားတဲ့ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်။ ထိုကံတို့က သတ္တဝါတို့ကို အမျိုးမျိုးအဖုံဖုံ ပြုပြင်စီရင်ပေးကြ

တယ်”လို့ မြတ်စွာဘုရား ဖြေကြားတော်မူပါတယ်။ ခရီးသွားယောက်ျား တို့က နားမလည်တော့ ထပ်လျှောက်ထားကြပြန်တယ်-

“ကံတို့က ဘယ်လိုပြုပြင်စီရင်ပေးကြသလဲ၊ အကျယ်ရှင်းပြတော်မူပါဘုရား”

“ဒကာတို့ -မီးလောင်ပြီး သေဆုံးရတဲ့ ကျီးကန်းဟာ အတိတ်ဘဝက လယ်သမားဖြစ်ခဲ့တယ်။ သူ့ရဲ့ နွားသိုးတစ်ကောင်က ညာဉ်ဆိုးလွန်းလို့ ဘယ်လိုမှ ခိုင်းစေလို့ မရဘူး၊ လယ်သမားက စိတ်ဆိုးပြီး ကောက်ရိုးစည်းကို နွားလည်ပင်းမှာချည်ကာ မီးရှို့ပြီး လွှတ်လိုက်တယ်။ နွားက မီးလောင်လို့ အော်မြည်ပြေးလွှားရင်းနဲ့ သေဆုံးခဲ့ရတယ်။ ထိုယောက်ျားက နောက်ဘဝမှာ ကျီးကန်းဖြစ်တော့ ကောင်းကင်အမြင့်ကြီးမှာ ပျံသွားပေမယ့် မီးကွင်းက သူ့လည်ပင်းမှာ စွပ်ပြီး သူမီးလောင်သေဆုံးရပါတယ်။

“မာလိန်မှူးရဲ့ဇနီးက အတိတ်ဘဝက တောသူလှပျိုဖြူတစ်ယောက်ဖြစ်တယ်။ သူ့ရည်းစားက သေသွားပြီး ခွေးဖြစ်တယ်။ ခွေးက သူ့အတိတ်က ရည်းစားကို မှတ်မိတော့ အမျိုးသမီးဘယ်သွားသွား အမြဲနောက်ကနေလိုက်တယ်၊ ကာလသားတွေက သူမကို လှောင်ပြောင်ကြတယ်။

“ဟေး-မုဆိုးမက အမဲလိုက်ထွက်ပြီဟေ့၊ သူ့ခွေးနဲ့အတူ ထွက်တာ။ တို့တော့ ကနေ့ ဂျီသားဟင်းစားရတော့မယ်ဟေ့”

“တောသူမက ရှက်တော့ နောက်တစ်ကြိမ် အပြင်ထွက်တဲ့အခါ ခွေးထီးလေးကို မလိုက်ဖို့ မောင်းတယ်။ ဘယ်လိုမောင်းမောင်း မရဘူး။ ခွေးထီးလေးက တေပေပြီး လိုက်တာပဲ။ သူ့ရည်းစားကို ချစ်ခင်စွဲလမ်းနေတာကိုး။ လှပျိုဖြူက သူ့ရည်းစားခွေးဖြစ်နေမှန်းမသိတော့ စိတ်ဆိုးတယ်။ သဲအိုးငယ်တစ်လုံးကို ခွေးထီးလေးရဲ့ လည်ပင်းမှာ ချည်ပြီး ခွေးကို ရေမြောင်းထဲ ပစ်ချလိုက်တယ်။ ခွေးကလေး ရေနစ်ပြီး သေရတာပေါ့။ လှပျိုဖြူသေတော့ သင်္ဘောမာလိန်မှူးရဲ့ ဇနီးဖြစ်လာတယ်။ ခွေးသတ်တဲ့ အကုသိုလ်ကံ အကျိုးပေးလာတော့ သမုဒ္ဒရာအလယ်မှာ သင်္ဘောပေါ် ရှိနေ

ပေမယ့် ပြေးမလွတ်ဘူး။ ကံတူအကျိုးပေးတာကို ခံရရှာတယ်”

“ရဟန်းခုနစ်ပါးက ဘာကြောင့် လိုဏ်ဂူထဲ အပိတ်ခံရတာပါလဲ-ဘုရား”

“ဒီရဟန်းတို့က အတိတ်ဘဝမှာ နွားကျောင်းသားများ ဖြစ်ကြတယ်။ သူတစ်ပါးတို့ရဲ့ နွားများကို စုပြီး ကျောင်းကြတယ်။ တစ်နေ့ နွားသိမ်းချိန်နီးတဲ့အခါမှာ ဖွတ်တစ်ကောင်က တောင်ပို့တစ်ခုထဲ ဝင်သွားတာကို သူတို့ မြင်ကြလို့ တောင်ပို့အပေါက်ဝကို သစ်ခက်များနဲ့ပိတ်ဆို့ကြတယ်။ ၎င်းနေ့မှာ ဖွတ်ကို ဖမ်းဖို့ အချိန်မရတော့ နောက်နေ့မှ ဖမ်းမယ်လို့ ရည်စူးပြီး နွားသိမ်းကြတယ်။

“နောက်တစ်နေ့မှာ နွားကျောင်းသားတို့က စားကျက်သစ်တစ်ခုမှာ နွားများကို ကျောင်းကြတယ်။ ခုနစ်ရက် ကြာပြီးတဲ့အခါမှ စားကျက်ဟောင်းသို့ လာပြီး နွားကျောင်းကြတယ်။ တောင်ပို့ကိုမြင်တော့ နွားကျောင်းသားများက ဖွတ်ကို သတိရကြတယ်။ ဖမ်းကြမယ်ဆိုပြီး ပိတ်ဆို့ထားတဲ့ သစ်ခက်များကို ဖယ်ရှားကြတယ်။ ခုနစ်ရက်လုံးလုံး အစာရေစာ မစားသောက်ရတဲ့ ဖွတ်က ပိန်ချုံးပြီး ချည့်ချည့်နဲ့နဲ့ ထွက်လာတာ မြင်ကြတော့ သနားပြီး ဖွတ်ကို လွှတ်ပေးလိုက်ကြတယ်။ နွားကျောင်းသားများ သေတော့ ယောက်ျားဘဝအဖြစ် ပြန်မွေးဖွားလာပြီးတော့ ရဟန်းဝတ်ကြတယ်။ ရဟန်းတို့က တောထဲ ခရီးသွားစဉ် လိုဏ်ဂူထဲ ခဏနားမယ်လို့ ဝင်သွားကြတာ ကံတူအကျိုးပေးလို့ ခုနစ်ရက်ကြာ အစာရေစာ မစားသောက်ကြရဘူး” *(ဓမ္မပဒဝတ္ထု၊ တတိယတွဲ၊ တယောဇနဝတ္ထု)*

### ပုန်းအောင်းစရာနေရာမရှိ

** မကောင်းမှုပြုသူဟာ ကောင်းကင်မှာ တည်နေရင်ဖြစ်စေ သမုဒ္ဒရာအလယ်မှာ တည်နေရင်ဖြစ်စေ တောင်ခေါင်းသို့ ဝင်ပြီး တည်နေရင်ဖြစ်စေ၊ မကောင်းမှုရဲ့ မကောင်းကျိုးမှ မလွတ်ရာ။ အကြင်အရပ်မှာ တည်နေခြင်းဖြင့် မကောင်းမှုရဲ့*

*အကျိုးမှ လွတ်နိုင်တယ်ဆိုရင် ထိုအရပ်မျိုးဟာ ဘယ်မှာမှ မရှိနိုင်ဘူး။ (ဓမ္မပဒ ၁၂၇)*

**အကောင်းအဆိုး၊ အကျင့်မျိုးကား*
*ပြစ်ကျိုးပေးနေ ရှိမြဲပေတည်း၊*
*နဘောဥမင် ပင်လယ်ပြင်၌*
*အောင်းဝင်ပုံ့တက် ကံဝိပါက်မှာ*
*လွတ်ကွက်လွတ်ရာ မရှိစွာခဲ့။ (မဃဒေဝ ၂၃၁)*

၄ အပြန်ကုဋေကုဋာ အကျိုးပေးရာဝယ်

လူအပေါင်းတို့က လက်ငင်းအကျိုးအပြစ်ကိုသာ အာရုံပြုလေ့ရှိကြတယ်။ နာနက္ခဏကကံတွေက အပြန်ကုဋေကုဋာအကျိုးပေးနိုင်တာကို သတိမထားမိကြဘူး။ လက်ဖျစ်တစ်တွက် မျက်စိတစ်မှိတ်ကာလအတွင်းမှာ စိတ် ကုဋေတစ်သိန်းကျော်ဖြစ်သွားလို့ ကုသိုလ်ကောင်းမှုတစ်ခုလုပ်ရင် ကုသိုလ်ကံတွေ ကုဋေသိန်းချီဖြစ်တယ်။ ဒါကြောင့် ကောင်းကျိုးချမ်းသာ အပြန်ကုဋေကုဋာပေးနိုင်တယ်။ 'ညောင်စေ့လောက်လှူရင် ညောင်ပင်မက အကျိုးရတယ်' ဆိုတာ ဒီအချက်ကို ဖော်ပြတာပဲ။

မကောင်းမှုတစ်ခုလုပ်တဲ့အခါမှာလည်း အကုသိုလ်ကံတွေ ကုဋေသိန်းချီ ဖြစ်ပေါ်တယ်။ အားကြီးတဲ့ အကုသိုလ်ကံတစ်ခုစီက အပါယ်ဘဝတစ်ဘဝကို ဖြစ်စေနိုင်တဲ့အတွက် အပါယ်ဘဝပေါင်း မြောက်မြားစွာဖြစ် ရတော့မှာပေါ့။ အကုသိုလ်ကံတွေ အကျိုးပေးတာ အလွန်ကြောက်စရာကောင်းလွန်းလို့ မကောင်းမှုမပြုမိအောင် အထူးသတိထားပြီး ရှောင်ကြဉ်သင့်ပါတယ်။

ကုသိုလ်ကံက အပြန်ကုဋေကုဋာ ကောင်းကျိုးချမ်းသာပေးနိုင်တဲ့အတွက် အလွန်အားကိုးလောက်ပေတယ်။ ကံက တူတဲ့အကျိုးကို ပေးတတ်တဲ့အတွက် ဘဝဆက်တိုင်းပစ္စည်းဥစ္စာတွေ ကုံလုံကြွယ်ဝချင်တယ်

ဆိုရင် မိမိစွမ်းနိုင်သလောက် နည်းများမဆို အလှူရေစက်လက်နဲ့မကွာ အောင် လှူဒါန်းပါ။ သီလစောင့်ထိန်းတာက သတ္တဝါအားလုံး ချမ်းချမ်းသာသာ နေထိုင်နိုင်ရန် အကျိုးဆောင်ပေးရာ ရောက်တယ်။ ဒါကြောင့် ဘဝ ကုဋေကုဋာ သုဂတိဘုံများမှာ ချမ်းချမ်းသာသာ နေထိုင်လိုတယ်ဆိုရင် သီလကို အသက်တမျှ မြတ်မြတ်နိုးနိုး စောင့် ထိန်းပါ။

ဘဝဆက်တိုင်း ဗဟုသုတပြည့်စုံပြီး ဉာဏ်ပညာကြီးမားလိုတယ်ဆို ရင် စာပေကျမ်းဂန်လေ့လာပြီး ဘာဝနာရှုပွားပါ။ ကုသိုလ်ပြုတိုင်း 'ဉာဏ် ပညာကြီးသူဖြစ်ရပါလို၏'လို့ ဆုတောင်းပါ။ ပါရမီကုသိုလ်ဖြစ်ဖို့အတွက်က ကုသိုလ်ပြုတိုင်း *'နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏'* လို့ ဆုတောင်းပါ။

အကယ်၍ ချစ်သူများ၊ သူငယ်ချင်းများနှင့် ဆွေမျိုးများက တူညီတဲ့ ကောင်းမှုများကို တူညီတဲ့စိတ်ထားဖြင့် အတူတကွပြုလုပ်ပြီး အနာဂတ် ဘဝများစွာမှာ အတူတကွပြန်လည်ပေါင်းသင်းနေထိုင်ဖို့ အလိုရှိလျှင် ကံတူ အကျိုးပေးမှုအရ ဆုတောင်းပြည့်ကြလိမ့်မယ်။

## တိရစ္ဆာန်သတ်တာအပြစ်မရှိဘူးလား

ဖန်ဆင်းရှင်အယူဝါဒမှာ တိရစ္ဆာန်များကို လူတွေ ခိုင်းစေဖို့ စားသုံးဖို့ ဖန်ဆင်းပေးထားတာဖြစ်လို့ သတ်ရင်လည်း အပြစ်မရှိဘူးလို့ ဆိုတယ်။

တိရစ္ဆာန်တွေဟာ အသိဉာဏ်မရှိလို့ သတ်ရင်အပြစ်မရှိဘူးလို့လည်း လူတချို့က ဆိုကြတယ်။ အလွန်သေးငယ်တဲ့ ပုရွက်ဆိတ်များတောင် အစာထားတဲ့နေရာကို စုပြုံရောက်လာကြပြီး အစာများ သယ်ဆောင်ကာ စနစ်တကျသိုလှောင်ထားတတ်ကြတယ်။ ဒါကြောင့် တိရစ္ဆာန်များမှာ သူ့အတိုင်းအတာနဲ့သူ အသိဉာဏ် ရှိကြပါတယ်။

အသိဉာဏ်ရှိလို့ သတ္တဝါတိုင်းဟာ မိမိကိုယ်ကို ချစ်ခင်တွယ်တာပြီး ဒဏ်ခံရမှာ သေရမှာကို ကြောက်ရွံ့ကြတယ်။ မိမိကိုယ်တိုင် သေရမှာကို ကြောက်ပါလျက် ကိုယ်ချင်းမစာနာဘဲ တိရစ္ဆာန်များကို ရက်ရက်စက်စက် သတ်ဖြတ်ရင် တရားမျှတရာရောက်ပါ့မလား။

*အလုံးစုံသော သတ္တဝါတို့ဟာ ဒဏ်မှ ထိတ်လန့်ကြတယ်၊*
*သေရမှာ ကို ကြောက်ရွံ့ကြတယ်။ မိမိကိုယ်ကို ဥပမာပြုပြီး*
*သတ္တဝါတို့ကို မညှဥ်းဆဲ မသတ်ဖြတ်သင့်ဘူး။ (ဓမ္မပဒ ၁၃၀)*

အလွန်ရှည်လျားလှတဲ့ သံသရာမှာ ဘဝပေါင်းမရေတွက်နိုင်အောင် ကျင်လည်ခဲ့ရာမှာ တိရစ္ဆာန်ဘဝများလည်း အကြိမ်ကြိမ် ဖြစ်ခဲ့ရဖူးပါတယ်။ လည်ပင်းမှာ သဲအိုးချည်ပြီး သမုဒ္ဒရာထဲသို့ ပစ်ချခံရတဲ့ မာလိန်မှူးရဲ့ ဇနီးဟာ တောသူလှပျိုဖြူ ဖြစ်စဉ်က မိမိရည်းစားသေလို့ ခွေးဘဝရောက်လာတဲ့ ခွေးငယ်ကို လည်ပင်းမှာ သဲအိုးချည်ပြီး ရေမြောင်းထဲ ပစ်ချခဲ့တယ် မဟုတ်လား။ မိမိရဲ့ရည်းစားဖြစ်ခဲ့တာကိုမသိလို့ ရက်ရက်စက်စက် သတ်ဝံ့တာပေါ့။

သုဘလုလင်ရဲ့ဖခင် တောဒေယျပုဏ္ဏားဟာ ကွယ်လွန်တဲ့အခါ မိမိအိမ်မှာ ခွေးပြန်ဖြစ်ရတာကို ထောက်ရင် မိမိအနီးဝန်းကျင်မှာ ရှိနေကြတဲ့ တိရစ္ဆာန်များဟာ မိမိရဲ့ ဆွေမျိုးမတော်စပ်ခဲ့ဘူးလို့ ဆိုနိုင်မလား၊ ဆွေမျိုးတော်စပ်ခဲ့ပါလျက် သူတို့ကို ညှဥ်းပန်းသတ်ဖြတ်မယ်ဆိုရင် အလွန်ရက်စက်ရာ မရောက်ပေဘူးလား။

ကမ္မနိယာမ ဆိုတဲ့ ကိုယ်ကျင့်တရားဆိုင်ရာသဘာဝနိယာမကတော့ မျက်နှာကြီးငယ်မရွေးဘူး၊ မိမိပြုခဲ့တဲ့ မကောင်းမှုနဲ့ ဆီလျော်တဲ့ မကောင်းကျိုးတွေကို ပေးမှာပဲ၊ ကောင်းမှုပြုလျှင်လည်း ကောင်းကျိုးပေးမှာပဲ။

တိရစ္ဆာန်တစ်ကောင်ကို သတ်တဲ့အချိန်မှာ အကုသိုလ်ကံတွေ ကုဋေသိန်းချီဖြစ်သွားတော့ မကောင်းကျိုးတွေ အပြန်ကုဋေကုဋာရောက်လာမှာပဲ။ တူတဲ့ အကျိုးခံစံရတဲ့ သာကေတစ်ရပ်က ဓမ္မဒိန္နာ ရဲ့ ဘဝဖြစ်စဉ်ပါပဲ။ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ ဘိက္ခုနီများအနက် တရားဟောအကောင်းဆုံး ဧတဒဂ်ဘွဲ့ရထားတဲ့ ဒိမ္မဒိန္နာဟာ ရဟန္တာထေရီဖြစ်ပြီး မိမိအတိတ်ဘဝများကို မြင်သိတဲ့ ပုဗ္ဗေနိဝါသအဘိညာဏ်ကို ရတယ်။ သူ့အတိတ်ဘဝအကြောင်းကို သီတင်းသုံးဖော်များကို အမှတ်တရ ပြောပြခဲ့တယ်။

သူ့အတိတ်ဘဝတစ်ခုမှာ ပုဏ္ဏားတစ်ဦးရဲ့ဇနီးဖြစ်ခဲ့ရတယ်။ ပုဏ္ဏားရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးရောက်လာလို့ ခင်ပွန်းက ဟင်းကောင်းချက်ကျွေးဖို့ မှာကြားတယ်။ ဇနီးက ဈေးသွားတာ နောက်ကျလို့ အသားမရခဲ့ဘူး။ အသားမပါရင် ဟင်းမယ်မလှဘူးထင်ပြီး အိမ်မှာ မွေးထားတဲ့ ဆိတ်ကလေးတစ်ကောင်ကို ကိုယ်တိုင်လည်လှီးသတ်ပြီး ချက်ကျွေးခဲ့တယ်။

ခင်ပွန်းနှင့် ဧည့်သည်တို့က ကောင်းမွန်တဲ့ အသားဟင်းလျာကို စားကြရလို့ အိမ်ရှင်မကို ချီးကျူးကြပါသော်လည်း သူ့အဲဒီဘဝက သေတဲ့အခါ ဆိတ်သတ်တဲ့ အကုသိုလ်ကံကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ ဘဝပေါင်းများစွာ အကျခံရတယ်။ ငရဲက လွတ်လာတဲ့အခါ တိရစ္ဆာန်ဘဝတွေ ဖြစ်ရပြန်တယ်။

သူသတ်လိုက်တဲ့ ဆိတ်ကလေးရဲ့ ကိုယ်မှာ အမွေးအရေအတွက်ရှိသလောက် တိရစ္ဆာန်ဘဝများဖြစ်ရပြီးတော့ ဖြစ်လေရာဘဝမှာ လည်လှီးပြီး အသတ်ခံရပါတယ်တဲ့။ ကိုယ်သတ်တာ တစ်ကြိမ်တည်း၊ ကိုယ်အသတ်ခံရတာက ဘဝပေါင်းမရေတွက်နိုင်အောင် များတော့ အလွန်ကြောက်စရာမကောင်းပေဘူးလား။

ဝေသာလီကလှဇကေရီ

ဂေါတမဘုရားရှင်လက်ထက် ဝေသာလီပြည် လိစ္ဆဝိမင်းတို့ရဲ့ သရက်ဥယျာဉ်က သရက်ပင်တစ်ပင်ရဲ့ ခွကြားမှာ ၁၆နှစ်အရွယ် လှပျိုဖြူတစ်ဦးဘွားခနဲ ဥပပတ်ပဋိသန္ဓေနဲ့ ဖြစ်ပေါ်လာတယ်။ သရက်ပင်မှာ မွေးဖွားလို့ အမ္ဗပါလီ လို့ အမည်တွင်တယ်။

ဥယျာဉ်မှူးက အမ္ဗပါလီကို အဝတ်အစားဆင်ယင်ပြီး လိစ္ဆဝိမင်းသားများကို ဆက်သတယ်။ အလွန်လှပတဲ့ အမ္ဗပါလီကို မင်းသားအားလုံးက သဘောကျနှစ်သက်ပြီး လိုချင်ကြတယ်။ မင်းသားအားလုံးကို ခွဲဝေပေးလို့ မရတဲ့အတွက် အမ္ဗပါလီကို ပြည်ကြီးတန်ဆာ ရာထူးပေးအပ်လိုက်တယ်။ သူမနှင့် တစ်ညဉ့်တာ ပျော်ပါးချင်ရင်တော့ အသပြာတစ်ထောင် ပေးဆောင်

ရမယ်။ ဒါကြောင့် အမ္ဗပါလီ ချမ်းသာလာတယ်။ ထူးထူးခြားခြားလှပ်ခြင်းနဲ့ ချမ်းသာခြင်းတို့ဟာ အတိတ်ကုသိုလ်ကံများရဲ့ ကောင်းကျိုး ဖြစ်ပါတယ်။ ပြည့်တန်ဆာဖြစ်ရတာက အတိတ်အကုသိုလ်ကံရဲ့ အကျိုးပေးမှုကြောင့် ဖြစ်ပါတယ်။ ဒီကံများအကြောင်းကို မကြာမီ စာရှုသူ သိရမှာ ဖြစ်ပါတယ်။

ဗိမ္ဗိသာရမင်း နုပျိုစဉ်အခါက မထင်ရှားတဲ့ အသွင်ဖြင့် အမ္ဗပါလီထံ လာရောက်ပျော်ပါးတယ်။ အမ္ဗပါလီက ကိုယ်ဝန်ရပြီး သားတစ်ယောက် မွေးဖွားတယ်။ ဒီသားကြီးပြင်းလာတဲ့အခါ ရဟန်းပြုပြီး ဝိမလကောဏ္ဍည မထေရ်အဖြစ် ကျော်ကြားတယ်။ အမ္ဗပါလီဟာ သူမ ပိုင်ဆိုင်တဲ့ သရက်ဥယျာဉ်ကို ဘုရားနှင့် သံဃာသို့ လှူဒါန်းတယ်။ သူမ အသက်ကြီးရင့်လာတဲ့အခါ သားရဟန်းရဲ့တရားကို နာကြားရပြီးတော့ သာသနာ့ဘောင်သို့ ဘိက္ခုနီအဖြစ် ဝင်ရောက်တယ်။ နုပျိုစဉ်အခါက မိမိခန္ဓာကိုယ်နှင့် အိုမင်းရင့်ရော်လာတဲ့မိမိခန္ဓာကိုယ်တို့ကို နှိုင်းယှဉ်ပြီး ဝိပဿနာရှုတဲ့အခါ ပဋိသမ္ဘိဒါပတ္တအဘိညာဉ်ရ ရဟန္တာထေရီ ဖြစ်သွားပါတယ်။

သူမဟာ ဘုရားလေးဆူနှင့် သံသရာမှာ ကြုံတွေ့ခဲ့ရတဲ့အကြောင်းကို သီတင်းသုံးဖော်များအား ပြောပြတယ်။ ဖုဿမြတ်စွာဘုရား လက်ထက်မှာ သူမဟာ ဘုရားရှင်ရဲ့ နှမတော်ဖြစ်ခဲ့တယ်။ ဘုရားနှင့် သံဃာကို အလှူကြီးပေးပြီး ဖြစ်လေရာဘဝမှာ ရုပ်အဆင်း ထူးထူးခြားခြား လှပသူဖြစ်ပါစေလို့ ဆုတောင်းခဲ့တယ်။ ဒီဆုတောင်းကြောင့် အမ္ဗပါလီဟာ ထူးထူးခြားခြား လှပတယ်။ ဆွမ်းလှူခဲ့ရတဲ့အကျိုးကြောင့် ချမ်းသာကြွယ်ဝ တယ်။

သိခီမြတ်စွာဘုရားလက်ထက်မှာ အမ္ဗပါလီဟာ ဘိက္ခုနီမငယ် တစ်ပါး ဖြစ်ခဲ့တယ်။ တစ်ညနေမှာ အခြားဘိက္ခုနီများနှင့် လိုက်ပါပြီးစေတီ တစ်ဆူကို သွားဖူးမြော်ကြတယ်။ စေတီကို လက်ယာရစ်လှည့်ပတ်စဉ် ဘိက္ခုနီငယ်ဟာ သလိပ်ပါတဲ့ တံတွေးကွက်ကို နင်းမိလို့ "ဘယ် ပြည့်တန်ဆာများ ထွေးသွားတာလဲ"လို့ လွတ်ခနဲ ပြောလိုက်တယ်။

ဒီလိုပြောလိုက်တာကို အခြားဘိက္ခုနီများ သတိမထားမိကြဘူး။

ဒါကြောင့် ဒီလိုပြောလိုက်တဲ့အတွက် ဘယ်သူ့ကိုမှ မထိပါးစေဘူးလို့ ထင်မှတ်ရတယ်။ ဒါပေမယ့် သလိပ်နဲ့ တံတွေးကို လွတ်ထွက်စေခဲ့တဲ့ ပုဂ္ဂိုလ်ဟာ အသက်အရွယ်ကြီးတဲ့ ရှေ့ဆုံးက ကြွသွားတဲ့ ရဟန္တာထေရီဖြစ်နေတယ်။ အသက်ကြီးတော့ ချေဆတ်လိုက်တဲ့အခါ တံတွေးနှင့် သလိပ်ထွက်သွားတာကို သူ မသိလိုက်ဘူး။

ဒါကြောင့် အမ္ဗပါလီလောင်းလျာဟာ ရဟန္တာထေရီကို ပြည့်တန်ဆာမလို့ ခေါ်ရာရောက်လို့ အလွန်ကြီးလေးတဲ့ အပြစ်ကို ကျူးလွန်မိပြီ။ ဒီအကုသိုလ်ကံကြောင့် သူမ ပျံလွန်တဲ့အခါ ငရဲရောက်ပြီး နှစ်ထောင်ပေါင်းများစွာ အညှဉ်းပန်းခံရတယ်။ ငရဲက လွတ်ပြီးတဲ့အခါ ပြည့်တန်ဆာမဘဝတစ်သောင်း ဖြစ်ရပါတယ်။

ကဿပမြတ်စွာဘုရားလက်ထက်မှာ ဘိက္ခုနီမအဖြစ်ကို တစ်ဖန်ရရှိပြန်တယ်။ သိက္ခာသုံးပါးကိုလည်း ဖြည့်ကျင့်ခဲ့ရတယ်။ ဥပပတ်ပဋိသန္ဓေနေရပါစေလို့လည်း ဆုတောင်းခဲ့တယ်။ ဒါကြောင့် နောက်ဆုံးဘဝမှာ ဝေသာလီဥယျာဉ်အတွင်းက သရက်ပင်မှာ ဥပပတ်ပဋိသန္ဓေဖြင့် လူဖြစ်လာရခြင်း ဖြစ်တယ်။ ဂေါတမဘုရားသာသနာမှာ ဘိက္ခုနီဝတ်ပြီး တရားအားထုတ်လို့ ရဟန္တာထေရီဖြစ်ခဲ့တယ်။

*သံသရာဝဋ်ဆင်းရဲမှ သူမလွတ်မြောက်ပြီး ဖြစ်တဲ့အတွက် သူမရဲ့ သံသရာဝဋ်ဆင်းရဲဟာလည်း နိဂုံးကမ္ပတ်အဆုံးသတ်သွားပါပြီ။*

*(အပ၊ ၂။ ၂၉၅-၂၉၆။ ထေရီ၊ ၄။ ၂၁၄-၂၂၂)*

*'ဝစီဘေဒ ထိတိုင်းရှ'* အဆိုအမိန့်အတိုင်း ဝစီဒုစရိုက်အကုသိုလ်ကံရဲ့ အပြစ်က အလွန်ကြောက်စရာကောင်းလှပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ နှုတ်ကို လုံခြုံအောင် အထူးစောင့်စည်းသင့်ပေတယ်။

## ဘဝဆက်တိုင်းကောင်းစားရေး

သိပ္ပံပညာက သဘာဝနိယာမများကို အသုံးပြုပြီး အသံထက်လျင်မြန်တဲ့ ဒုံးယာဉ်တွေ၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်တွေ စသည့် အံ့ဩဖွယ်ရာများကို တီထွင်နိုင်သလို အမျိုးကောင်းသားသမီးများဟာ ကမ္မနိယာမကို အသုံးပြုပြီး ဘဝဆက်တိုင်း ကောင်းစားအောင် စီမံဆောင်ရွက်နိုင်ပါတယ်။

လက်ရှိဘဝမှာ ငွေများများ စုဆောင်းမိတဲ့သူဟာ ငွေများကို ဘဏ်မှာ အပ်နှံပြီး အတိုးငွေများနှင့် တစ်သက်လုံး ချမ်းချမ်းသာသာ နေထိုင်သွားနိုင်ပါတယ်။ ဒါပေမယ့် ငွေထုပ်ကြီးကို နောက်ဘဝသို့ သယ်ဆောင်မသွားနိုင်ဘူး။

ဒါနကုသိုလ်ကံရဲ့ အကျိုးက ဘဏ်တိုးထက် အဆကုဋေကုဋာပိုကြီးမားတယ်။ သီလကုသိုလ်ကံက ဒါနကုသိုလ်ကံထက် ပိုစွမ်းအားကြီးတယ်။ ဘဝတစ်သက်တာ သတ္တဝါများကို ဘေးရန်မပြုဘဲ သီလစောင့်ထိန်းသူဟာ ဘဝကုဋေကုဋာ ဘေးရန်ကင်းစွာ ချမ်းချမ်းသာသာ နေသွားနိုင်တယ်။ သီလကုသိုလ်က ဘဝသမ္ပတ္တိကို ပြည့်စုံစေပြီး ချမ်းသာတဲ့ ဘဝများကို ရစေပါတယ်။ ဒါနကုသိုလ်က ဘောဂသမ္ပတ္တိကို ပြည့်စုံစေပြီး ဖြစ်လေရာဘဝမှာ ပစ္စည်းဉစ္စာကုံလုံ ကြွယ်ဝစေပါတယ်။

တစ်သက်တာ သရဏဂုံခံယူဆောက်တည်ပြီး ဘဝကုဋေကုဋာ ချမ်းသာသွားတဲ့ ပုဂ္ဂိုလ်တစ်ဦးက သရဏဂမနိယမထေရ် ဖြစ်ပါတယ်။ သူဟာ လွန်ခဲ့တဲ့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းက အနောမဒဿီမြတ်စွာဘုရား ပွင့်တဲ့အချိန်မှာ မျက်စိကန်းနေကြတဲ့ မိဘနှစ်ပါးကို လုပ်ကျွေးနေတဲ့ ဆင်းရဲသားတစ်ဦး ဖြစ်တယ်။ မြတ်စွာဘုရားကို သူသွားမဖူးနိုင်ဘူး။ ဒါပေမယ့်အဂ္ဂသာဝကတစ်ပါးထံကသရဏဂုံခံယူပြီးတော့ တစ်သက်လုံး စောင့်ထိန်းသွားပါတယ်။ ဒါကြောင့်ကုသိုလ်ကံတွေ ကုဋေသိန်းပေါင်းများစွာ စုဆောင်းရရှိသွားတယ်။

သူကွယ်လွန်တဲ့အခါ နတ်ပြည်မှာ ဘဝသစ်ဖြစ်ရထယ်။ တစ်သင်္ချေ

နှင့် ကမ္ဘာတစ်သိန်းကာလမှာ ဘဝတွေ မရေမတွက်နိုင်အောင်ဖြစ်သွားရတာ နတ်ပြည်လူ့ပြည်မှာပဲ အကြိမ်ကြိမ်ဖြစ်ရတယ်၊ အပါယ်ဘုံများမှာ တစ်ကြိမ်မှ မဖြစ်ရဘူး။ သိကြားမင်းဘဝက အကြိမ် ၈၀၊ စကြဝတေးမင်းဘဝက ၇၅ ကြိမ် ဖြစ်ရသေးတယ်။

သူ့ရဲ့နောက်ဆုံးဘဝမှာ ဂေါတမမြတ်စွာဘုရားလက်ထက်မှာပဲ သာဝတ္ထိပြည်မှာ သူဌေးသား ဖြစ်ရတယ်။ ခုနစ်နှစ်သားအရွယ်မှာ အဖော်များနှင့် ကစားရင်း ဘုန်းကြီးကျောင်းဝင်းတစ်ခုထဲသို့ ရောက်သွားကြတယ်။ ဦးပဉ္စင်းတစ်ပါးက သူတို့ကို သရဏဂုံပေးတယ်။ ဘုန်းကြီးတိုင်ပေးတဲ့အတိုင်း "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" သုံးကြိမ်လိုက်ဆိုပြီးတာနဲ့ သူငယ်ဟာ ရဟန္တာဖြစ်သွားပါတော့တယ်။ ရဟန်းပြုတဲ့အခါ သရဏဂမနိယမထေရ် လို့ အမည်တွင်ပါတယ်။

တစ်သက်တာ သရဏဂုံ စောင့်ထိန်းရုံနဲ့ တစ်သံသရာလုံး ကောင်းစား ရတဲ့ သာဓကတစ်ခုပါပဲ။ *(အပ၊ ၁၊ ၈၂။ အပ၊ ဋ၊ ၃၉)*

## ၅ လူချင်းမတူတစ်မူစီကွဲပြားရခြင်းအကြောင်း

ကမ္ဘာပေါ်မှာ လူသန်းပေါင်းမြောက်မြားစွာ ရှိတဲ့အနက် ဘယ်လူသားနှစ်ယောက်ကမှ ရုပ်ရည်မှာရော စိတ်နေသဘောထားမှာရော ချွတ်စွပ်မတူကြဘူး။ ရုပ်ရည်ဆင်တူကြတဲ့ အမြွှာပူးများတောင် စိတ်နေသဘောထား၊ သက်တမ်း၊ ကျန်းမာရေး၊ ဉာဏ်အရည်အသွေး၊ ဆင်းရဲချမ်းသာ စသည် ကွဲပြားကြတယ်။ ဘယ်တန်ခိုးရှင်က ကွဲပြားအောင် လုပ်နေသလဲ။

ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားသီတင်းသုံးနေစဉ် သုဘလုလင် က လူမှုရေးပြဿနာ ၁၄ ရပ်ကို မေးမြန်းပါတယ်။

"အရှင်ဘုရား-ကမ္ဘာပေါ်မှာ လူများစွာရှိပါသော်လည်း တစ်ယောက်နှင့်တစ်ယောက် မတူကြဘူး၊ တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ တချို့က အနာရောဂါများတယ်၊ တချို့က အနာရောဂါကင်းတယ်၊ တချို့က အကျည်းတန်တယ်၊ တချို့က ချောမောလှပတယ်၊ တချို့

က အခြွေအရံနည်းတယ်၊ တချို့က အခြွေအရံများတယ်၊ တချို့က ဆင်းရဲနွမ်းပါးတယ်၊ တချို့က ချမ်းသာကြွယ်ဝတယ်၊ တချို့က အမျိုးယုတ်တယ်၊ တချို့က အမျိုးမြတ်တယ်၊ တချို့က ဉာဏ်ပညာနည်းတယ်၊ တချို့က ဉာဏ်ပညာကြီးတယ်၊ ဘာကြောင့် ဒီလိုကွဲပြားနေရပါသလဲဘုရား"

*"သုဘလုလင် သတ္တဝါတို့ဟာ အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ကံတို့ကသာ ကိုယ်ပိုင်ဥစ္စာရှိကြတယ်။ နှစ်တန်သော ကံတို့ပေးတဲ့အမွေကို ခံယူကြရတယ်။ နှစ်တန်သော ကံတို့ကသာ ဆင်းရဲချမ်းသာခြင်းရဲ့ အကြောင်းရင်း ဖြစ်တယ်။ နှစ်တန်သောကံတို့ကသာ အဆွေအမျိုးဖြစ်တယ်။ နှစ်တန်သော ကံတို့ကိုသာ ကိုးစားအားထားရတယ်။ အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ကံတို့ကပဲ သတ္တဝါတို့ ဆူကြံ့, နိမ့်မြင့်, ဆင်းရဲ, ချမ်းသာကွာခြားအောင် ပြုပြင်စီရင်, ဝေဖန်, ပိုင်းခြားပေးတယ်"လို့ မြတ်စွာဘုရားဖြေကြားတယ်။*

လူတွေ အတိတ်က ပြုလုပ်ထားကြတဲ့ ကံတွေ၊ ပစ္စုပ္ပန်မှာ ပြုလုပ်ကြတဲ့ ကံတွေ မတူညီကြလို့ လူတွေကွဲပြားနေကြရတာပဲတဲ့။ သုဘလုလင်က အကျယ်ရှင်းပြပေးဖို့ ပန်ကြားလို့ မြတ်စွာဘုရားအကျယ်ရှင်းပြပါတယ်။ အကြောင်းအကျိုးဆီလျော်တဲ့ အကောင်းဆုံး ဖြေကြားချက်လည်း ဖြစ်ပါတယ်။

## (၁) အသက်တိုခြင်း, အသက်ရှည်ခြင်း

ဤလောကမှာ အချို့သော ယောကျ်ားမိန်းမတို့ဟာ သတ္တဝါများကို သနားညှာတာမှုကင်းမဲ့စွာ ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိကြတယ်။ ထိုသူတို့ သေလွန်ကြတဲ့အခါ ငရဲသို့ ကျရောက်ကြရတယ်။ ဒါမှမဟုတ် ကုသိုလ်ကံ ထောက်မလို့ ငရဲမကျဘဲ လူ့ဘဝပြန်ဖြစ်ရင် အသက်တိုကြတယ်။

ဤလောကမှာ အချို့သော ယောကျ်ားမိန်းမတို့က သတ္တဝါများကို သနားကြင်နာပြီး သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြတယ်။ ထိုသူတို့

သေလွန်ကြတဲ့အခါ အထက်နတ်ပြည်သို့ ရောက်ကြရတယ်။ နတ်ပြည် မရောက်ပဲ လူ့ပြည်မှာ လူပြန်ဖြစ်ရင် အသက်ရှည်ကြတယ်။

## (၂) အနာရောဂါများခြင်း, နည်းခြင်း

ဤလောကမှာ အချို့သော ယောကျ်ားမိန်းမတို့ဟာ သတ္တဝါများကို လက်ဖြင့်ဖြစ်စေ ခဲ, တုတ်, ဓားစတဲ့ လက်နက်ဖြင့်ဖြစ်စေ ညှဉ်းပန်းနှိပ်စက် လေ့ရှိကြတယ်။ ထိုသူတို့ သေလွန်ကြတဲ့အခါ ငရဲသို့ ကျရောက်ကြရတယ်။ ဒါမှမဟုတ် ကုသိုလ်ကံထောက်မလို့လူ့ပြည်မှာ မွေးဖွားရင် အနာရောဂါများ တယ်။

သတ္တဝါများကို ညှဉ်းပန်းနှိပ်စက်ခြင်း မပြုသူတို့က သေလွန်ကြတဲ့ အခါ အထက်နတ်ပြည်သို့ လားရောက်ကြရတယ်။ နတ်ပြည်မရောက်ဘဲ လူ့ပြည်မှာ မွေးဖွားရင် အနာရောဂါကင်းရှင်းကြတယ်။

## (၃) အရုပ်ဆိုးခြင်း, အဆင်းလှခြင်း

ဤလောကမှာ အချို့သော ယောကျ်ားမိန်းမများဟာ အမျက်ဒေါသ ကြီးကြတယ်၊ သူတစ်ပါးတို့ကို ထိပါးပုတ်ခတ်ပြီးပြောဆိုလေ့ရှိကြတယ်။ ထိုသူတို့ ကွယ်လွန်ကြတဲ့အခါ ငရဲသို့ လားရောက်ကြရတယ်။ နတ်ပြည် မရောက်ဘဲ လူ့ပြည်မှာ လူပြန်ဖြစ်ရင် အကျည်းတန်အရုပ်ဆိုးကြတယ်။

အချို့သူတို့ကတော့ အမျက်ဒေါသထွက်လေ့မရှိဘူး။ သူတစ်ပါးတို့ကို ထိပါးပုတ်ခတ်ပြီး ပြောဆိုလေ့မရှိဘူး။ ထိုသူတို့ သေလွန်ကြတဲ့အခါ အထက်နတ်ပြည်သို့ လားရောက်ကြရတယ်။ နတ်ပြည်မရောက်ဘဲ လူပြန် ဖြစ်ရင် ရုပ်ရည်ချောမောလှပကြတယ်။ ဒါကြောင့် ရုပ်ရည်လှပချင်တယ်ဆို ရင် ဒေါသကို ထိန်းပါ။ ခွင့်လွှတ်ခြင်းနှင့် မေတ္တာတရားတို့ကို လေ့ကျင့်ပါ။

## (၄) အခြွေအရံနည်းခြင်း, များခြင်း

ဤလောကမှာ အချို့သော ယောကျ်ားမိန်းမများဟာ ကိုယ့်ထက်သာ မနာလိုဆိုတဲ့ ဣဿာတရား ကြီးမားကြတယ်။ ထိုသူတို့ သေလွန်ကြတဲ့အခါ ငရဲသို့ကျရောက်တတ်တယ်။ ငရဲသို့ မကျဘဲ ကုသိုလ်ကံထောက်မလို့ လူ့

ပြည်မှာ လူပြန်ဖြစ်ရင် အခွေအရံအပေါင်းအသင်း နည်းကြတယ်။

အချို့သော သူတို့ကတော့ ကိုယ့်ထက်သာလျှင်လည်း မနာလိုခြင်း မဖြစ်၊ ဣဿာတရားခေါင်းပါးကြတယ်။ ထိုသူတို့ သေလွန်ကြတဲ့အခါ နတ်ပြည်သို့ လားရောက်ကြရတယ်။ နတ်ပြည်မရောက်ဘဲ လူ့ပြည်မှာ လူ ပြန်ဖြစ်ရင် အခွေအရံအပေါင်းအသင်းများကြတယ်။

## (၅) ဆင်းရဲနွမ်းပါးခြင်း၊ ချမ်းသာကြွယ်ဝခြင်း

ဤလောကမှာ အချို့သော ယောကျ်ားမိန်းမတို့ဟာ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့မရှိဘူး။ နှမြောတွန့်တိုခြင်းဆိုတဲ့ မစ္ဆရိယတရား အားကြီးကြတယ်။ ထိုသူတို့ သေလွန်ကြတဲ့အခါ ငရဲသို့ ကျရောက်တတ်တယ်။ ဒါမှမဟုတ် ကုသိုလ်ကံထောက်မလို့ လူ့ပြည်မှာ လူပြန်ဖြစ်ရင် ဆင်းရဲနွမ်းပါးကြရတယ်။

အချို့သော သူတို့ကတော့ နှမြောတွန့်တိုခြင်းမရှိဘဲ စွန့်ကြဲပေးကမ်း, လှူဒါန်းလေ့ရှိကြတယ်။ ထိုသူတို့ ကွယ်လွန်ကြတဲ့အခါ နတ်ပြည်သို့ လားရောက်ကြရတယ်။ နတ်ပြည်မရောက်ဘဲ လူ့ပြည်မှ လူပြန်ဖြစ်ရင် ချမ်းသာကြွယ်ဝကြတယ်။

## (၆) အမျိုးယုတ်ခြင်း၊ အမျိုးမြတ်ခြင်း

ဤလောကမှာ အချို့သော ယောကျ်ားမိန်းမတို့ဟာ မာန်မာနကြီးကြတယ်။ ကိုယ့်ကို အထင်ကြီးပြီး သူတစ်ပါးကို အထင်အမြင်သေးကြတယ်။ ရိုသေလေးစားထိုက်သူများကို ရိုသေလေးစားရမှန်းမသိဘူး။ ဒီလူတွေ သေလွန်ကြတဲ့အခါ ငရဲသို့ ကျရောက်တတ်တယ်။ ငရဲမကျဘဲ ကုသိုလ်ကံ ဖေးမလို့ လူ့ပြည်မှာ လူပြန်ဖြစ်ရင် အောက်ကျနောက်ကျ ယုတ်ညံ့တဲ့ အမျိုးမှာ ဖြစ်ကြရတယ်။

အချို့သူတို့ကတော့ မာန်မာနမကြီးဘူး၊ ရိုသေ လေးစားထိုက်တဲ့ သူများကို ရိုသေလေးစားလေ့ရှိကြတယ်။ ထိုသူတို့ ကွယ်လွန်ကြတဲ့အခါ

နတ်ပြည်သို့ လားရောက်ကြရတယ်။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်မှာ လူပြန်ဖြစ်ရင် မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်ရလေ့ရှိကြတယ်။

## (၇) ဉာဏ်ပညာနည်းပါးခြင်း၊ ဉာဏ်ပညာကြီးခြင်း

ဤလောကမှာ အချို့သော ယောကျ်ားမိန်းမများဟာ ပညာရှိများထံ ချဉ်းကပ်ပြီး ဘယ်ဟာက ကုသိုလ်၊ ဘယ်ဟာက အကုသိုလ်၊ ဘယ်ဟာက အပြစ်ရှိတယ်၊ ဘယ်ဟာက အပြစ်မရှိဘူး၊ ဘယ်ဟာကို မှီဝဲထိုက်တယ်၊ ဘယ်ဟာကို မမှီဝဲထိုက်ဘူး၊ ပစ္စုပ္ပန်နှင့် တမလွန်မှာ အကျိုးများမယ့် တရားတွေက ဘာလဲစသည်ဖြင့် မေးမြန်းလေ့မရှိ၊ တရားလည်းမနာ၊ တရားစာလည်း မဖတ်၊ ကုသိုလ်, အကုသိုလ်ခွဲခြားမသိဘဲ ထင်မိထင်ရာ ပြုလုပ်ကြတော့ အကုသိုလ်မကောင်းမှုများကိုသာ ပြုမိတတ်ကြတယ်။ ထိုသူတို့ ကွယ်လွန်ကြတဲ့အခါ ငရဲသို့ ကျရောက်ကြရတယ်။ ငရဲမကျဘဲ ကုသိုလ်ကံထောက်မလို့ လူ့ပြည်မှာ လူပြန်ဖြစ်ရင် အသိအလိမ္မာ ဉာဏ်ပညာနည်းပြီး လူဖျင်း, လူအ, လူမိုက်တွေ ဖြစ်ကြရတယ်။

အချို့သော သူတို့ကတော့ ပညာရှိများထံ ချဉ်းကပ်ပြီး ကုသိုလ်, အကုသိုလ်စသည်တို့ကို မေးမြန်းလေ့ရှိကြတယ်၊ တရားနာတယ်၊ တရားစာဖတ်တယ်၊ တရားသဘောကို သိအောင် လေ့လာဆည်းပူးတယ်။ ထိုသူတို့ ကွယ်လွန်ကြတဲ့အခါ နတ်ပြည်သို့ လားရောက်ကြရတယ်။ နတ်ပြည် မရောက်ဘဲ လူ့ပြည်မှာ လူပြန်ဖြစ်ရင် အသိအလိမ္မာ, ဉာဏ်ပညာကြီးမားသူများ ဖြစ်ကြရတယ်။

*(ဥပရိပဏ္ဏာသပါဠိတော်၊ ဝိဘင်္ဂဝဂ်၊ စူဠကမ္မဝိဘင်္ဂသုတ်)*

ကံအကျိုးပြကဗျာ

(၁) သူများအသက်၊ သတ်သည့်တွက်၊ အသက်တိုယ့်မှာတို။

(၂) မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်ကို။

(၃) နှိပ်စက်ကလူ၊ ညှဉ်းဆဲမှု၊ ပြောထူရောဂါဆို။

(၄) သနားစိတ်သွင်း၊ မနှိမ်နင်း၊ ကင်းရှင်းရောဂါကို။
(၅) ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို။
(၆) ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှသကို။
(၇) မနာလိုပြန်၊ ဣဿာထန်၊ ခြွေရံကင်းမည်ဆို။
(၈) ဣဿာမထား၊ ဝမ်းမြောက်ငြား၊ ပေါ်များခြွေရံကို။
(၉) မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာကို။
(၁၀) စွန့်ကြဲလှေ့တုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို။
(၁၁) မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ဆို။
(၁၂) ထိုက်သူရိုကျိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။
(၁၃) သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအပညာဆို။
(၁၄) ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခုနှောင်တတ်သိလို။

*(တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသ)*

## အကောင်းဆုံးအဖြေ

သုဘလုလင်ရဲ့ မေးခွန်းကို ဖြေဆိုတဲ့ မြတ်စွာဘုရားရဲ့ အဖြေများဟာ အလွန်သဘာဝကျပြီး အကြောင်းအကျိုးညီညွတ်တယ်။ လူ့လောကရဲ့ ကွာခြားချက်များကို အကောင်းဆုံးဖြေရှင်းပြတဲ့အဖြေပါပဲ။ ဒီအဖြေများ မှန်ကန်တာကို ဝိပဿနာရှုပွားရာမှာ မိမိရဲ့ ဉာဏ်အမြင်နဲ့ သက်သေပြနိုင်တယ်။ ဤဖြေရှင်းချက်များဟာ ဘဝမှာနေတတ်ထိုင်တတ်ဖို့ ဘဝဆက်တိုင်း ချမ်းသာတဲ့မိသားစုမှာ ရုပ်ရည်ချောမောတင့်တယ်ပြီး ဉာဏ်ပညာကြီးကာ အပေါင်းအဖော်များစွာနဲ့ အထက်တန်းကျကျ နေနိုင်ဖို့ အလွန်ကောင်းတဲ့ လမ်းညွှန်ချက်များလည်း ဖြစ်ပါတယ်။

သတ္တဝါတွေအားလုံးဟာ မိမိတို့ပြုထားတဲ့ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်။ ကံတစ်ခုတည်းသာလျှင် သူတို့ရဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်တယ်။

အခြားအရာများဟာ ကိုယ်ပိုင်ဥစ္စာမဟုတ်ဘူး။ ဒါကြောင့် ကံဟာ လူတိုင်း အတွက် အလွန်အရေးကြီးပါတယ်။

၆ ကံကြောင့်ဖြစ်တဲ့ နာမ်ရုပ်များ

အကုသိုလ်ကံနှင့် ကုသိုလ်ကံတို့ဟာ နာမ်အကျိုးတရားနှင့် ရုပ် အကျိုးတရားနှစ်မျိုးကို ဖြစ်စေနိုင်တယ်။

ကံကြောင့်ဖြစ်တဲ့ နာမ်တရားများ

အကုသိုလ်ကံတို့က အကုသလဝိပါက်စိတ်များနှင့် ယှဉ်ဖက် စေတသိက်များကို ဖြစ်စေကြတယ်။

ကာမာဝစရကုသိုလ်ကံတို့က ကာမာဝစရ ဝိပါက်စိတ်များနှင့် ယှဉ်ဖက် စေတသိက်များကို ဖြစ်စေကြတယ်။

ရူပါဝစရကုသိုလ်ကံတို့က ရူပါဝစရ ဝိပါက်စိတ်များနှင့် ယှဉ်ဖက် စေတသိက်များကို ဖြစ်စေကြတယ်။

အရူပါဝစရကုသိုလ်ကံတို့က အရူပါဝစရ ဝိပါက်စိတ်များနှင့် ယှဉ်ဖက်စေတသိတ်များကို ဖြစ်စေကြတယ်။

ဝိပါက်စိတ်များကပဋိသန္ဓေစိတ်,ဘဝင်စိတ်, စုတိစိတ် အဖြစ် ဆောင်ရွက်ကြတယ်။

ဝိပါက်စိတ်နှင့် ယှဉ်ဖက်စေတသိက်များကို ခန္ဓာဖွဲ့လျှင် နာမ်ခန္ဓာ လေးပါးရပါတယ်။

ကံကြောင့်ဖြစ်တဲ့ ရုပ်အကျိုးတရားများက ကမ္မဇရုပ်နှင့် ကမ္မ ပစ္စယရုပ်များ ဖြစ်ကြတယ်။

ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်များ

(၁) မျက်စိအကြည်ရုပ် (စက္ခုပသာဒ၊ အမြင်ဓာတ်)

(၂) နားအကြည်ရုပ် (သောတပသာဒ၊ အကြားဓာတ်)

(၃) နှာအကြည်ရုပ် (ဃာနပသာဒ၊ အနံ့ခံဓာတ်)

(၄) လျှာအကြည်ရုပ် (ဇိဝှာပသာဒ၊ အရသာခံဓာတ်)

(၅) ကိုယ်အကြည်ရုပ် (ကာယပသာဒ၊ ထိတွေ့အာရုံခံဓာတ်)

(၆) ဇီဝိတရုပ် (ရုပ်အသက်ဓာတ်)

(၇) ဣတ္ထိဘာဝရုပ် (အမသဘာဝကို ဖြစ်စေတဲ့ရုပ်)

(၈) ပုရိသဘာဝရုပ် (အထီးသဘာဝကို ဖြစ်စေတဲ့ရုပ်)

(၉) ဟဒယဝတ္ထု (နှလုံးအကြည်ဓာတ်)

ရုပ်တရားတို့က တစ်ခုချင်းဖြစ်ရိုးမရှိဘူး၊ ကံကြောင်ဖြစ်တဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ(အဆင်း)၊ ဂန္ဓ(အနံ့)၊ ရသ(အရသာ)၊ ဩဇာ(အာဟာရဓာတ်)တို့နှင့် ပေါင်းစုပြီး ရုပ်ကလာပ်များအနေနဲ့ ဖြစ်ကြပါတယ်။

အကြောင်းကံရဲ့ စွမ်းအားအနည်းအများကွာခြားမှုကို လိုက်ပြီး အမြင်ဓာတ်, အကြားဓာတ်စသည်တို့လည်း စွမ်းအားအနည်းအများ ကွာခြားမှုရှိကြတယ်။ သတ္တဝါအချင်းချင်း မျက်စိမြင်နိုင်တဲ့ စွမ်းအား၊ ကြားနိုင်တဲ့ စွမ်းအား၊ အနံ့ခံနိုင်တဲ့ စွမ်းအား၊ ထိတွေ့အာရုံကို ခံယူနိုင်တဲ့စွမ်းအား၊ အရသာခံနိုင်တဲ့ စွမ်းအားစသည်တို့ မတူညီကြတာကို တွေ့ရှိရတယ်။

## ကံကြောင့်ဖြစ်တဲ့ ဥတုဇရုပ်များ

(ကမ္မပစ္စယဥတုဇရုပ်= ကံသာလျှင် အကြောင်းရှိတဲ့ ဥတုကြောင့်ဖြစ်တဲ့ ရုပ်)

သတ္တဝါတို့ရဲ့အကုသိုလ်ကံ, ကုသိုလ်ကံတို့ကိုအကြောင်းပြုပြီး မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးသုံးပါးညီညွတ်ခြင်း စသည်ဖြင့် ရာသီဥတုညီညွတ်မှု၊ ဖောက်ပြန်မှုတို့ ဖြစ်တတ်တယ်။ ယင်းရာသီဥတုအခြေအနေတို့ကို အမှီပြုပြီး ကောက်ပဲသီးနှံများ အဆီအနှစ်ပြည့်ဝမှု ဆုတ်ယုတ်မှု ရှိနိုင်တယ်။ ကောက်ပဲသီးနှံအစာအာဟာရကို အကြောင်းပြုပြီး သတ္တဝါများ ကျန်းမာ

ရေး ကောင်းမွန်ခြင်း၊ ရောဂါထူပြောခြင်း၊ အသက်ရှည်ခြင်း, တိုခြင်း ဖြစ်လာနိုင်တယ်။

ထို့အပြင် နတ်ပြည်, ဗြဟ္မာပြည်တို့မှာနတ်ဗြဟ္မာများအတွက် ဘုံဗိမာန်များ၊ နတ်အစားအစာ, ဥယျာဉ်ပန်းမာလ်, ပဒေသာပင်များဖြစ်တဲ့ ဥတုဇရုပ်များ ဖြစ်ပေါ်ကြတယ်။ ငရဲပြည်မှာ ငရဲသားများရဲ့ အကုသိုလ်ကံကြောင့် ငရဲမီးလျှံများ၊ သံရည်ပူများ၊ သံဒလိမ့်တုံးများ စတဲ့ ဥတုဇရုပ်များ ဖြစ်ပေါ်ကြတယ်။

သို့အတွက် အတိတ်ကံကောင်းသူများဟာ ရေ, မြေသြဇာ, ရာသီဥတု ကောင်းတဲ့နေရာ၊ အာဟာရဓာတ်ပြည့်ဝတဲ့ ကောက်ပဲသီးနှံ၊ သစ်ပင်၊ ဥယျာဉ်၊ ပန်းမာလ်ပေါများတဲ့ နေရာမှာ ဖြစ်ကြရတယ်။ အတိတ်ကံဆိုးသူ များက ရေရှားပါးပြီး မြေသြဇာခန်းခြောက်တဲ့ အပူအအေးလွန်ကဲတဲ့ နေရာ ဒေသများမှာ ဖြစ်ကြရတယ်။

*(သာသနာရေးဦးစီးဌာန၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပထမတွဲ၊ နှာ-၆၆၁-၆၆၂)*

# ၈

# ကံ အမျိုးအစားများ

## ၁ ကံလေးမျိုးလေးလီ

သတ္တဝါတို့ရဲ့ စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ နာနက္ခဏိကကံတွေ ဟာ ဘယ်လောက်များသလဲ၊ သေသေချာချာစဉ်းစားကြည့်ပါ။ လက်ဖျစ် တစ်တွက် မျက်စိတစ်မှိတ်မှာ စိတ်ကုဋေတစ်သိန်းကျော်ဖြစ်နိုင်တဲ့အတွက် ကုသိုလ်ကောင်းမှုလုပ်နေတဲ့အခါမှာ စက္ကန့်တိုင်း ကုသိုလ်ကံတွေ ကုဋေ သိန်းချီဖြစ်နေလိမ့်မယ်။ အကုသိုလ်မကောင်းမှုလုပ်နေတဲ့အခါမှာလည်း စက္ကန့်တိုင်း အကုသိုလ်ကံတွေ ကုဋေသိန်းချီဖြစ်နေလိမ့်မယ်။

ဒါကြောင့် ဒီဘဝမှာ ပြုခဲ့တဲ့ ကုသိုလ်ကံတွေ, အကုသိုလ်ကံတွေဟာ ကုဋေသိန်းပေါင်း မရေမတွက်နိုင်အောင် များပြားနေလိမ့်မယ်။ ဒီကံအား လုံးဟာ စိတ်တစ်လုံးချုပ်တဲ့အခါ နောက်အသစ်ဖြစ်တဲ့ စိတ်သို့ ကူးပြောင်း သွားခြင်းဖြင့် စိတ်တစ်လုံးမှ တစ်လုံးသို့ ကူးသန်းကာ စိတ်အစဉ်မှာ လိုက် ပါနေကြတယ်။

အလားတူပဲ အတိတ်ဘဝမြောက်မြားစွာက ကံသတ္တိများက တစ် ဘဝပြီးတစ်ဘဝ ကူးသန်းသွားလို့ ဒီကံသတ္တိအားလုံးဟာလည်း ယခုဘဝ စိတ်အစဉ်မှာ လိုက်ပါနေကြတယ်။ ဒါကြောင့် ဒီဘဝစိတ်အစဉ်မှာလိုက်ပါ ကြတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံများဟာ အလွန်တရာ များလွန်းလို့ စူပါ

ကွန်ပျူတာကတောင် ရေတွက်နိုင်မှာ မဟုတ်ဘူး။

ဒီကံတွေအားလုံးဟာ အကျိုးပေးခွင့်ရတဲ့အခါမှာ အကျိုးပေးဖို့ စောင့်နေကြတယ်။ ကံတွေက များလွန်းလို့ ဘယ်ကံဟာ ဘယ်အချိန်မှာ ဘယ်လို အကျိုးပေးမယ်ဆိုတာကို မြတ်စွာဘုရားက လွဲပြီး ဘယ်သူမှ မသိနိုင်ဘူး။ ဒါကြောင့်-

*ကမ္မဝိပါကော အစိန္တိယော၊*

ကံများရဲ့အကျိုးပေးပုံကို ကြံစည်တွေးတောခြင်းဖြင့် မသိနိုင်ဘူး။

မြတ်စွာဘုရားက ဒီကံများရဲ့ အကျိုးပေးပုံကို သိနားလည်နိုင်အောင် ဒီကံအားလုံးကို

(၁) ပြုလုပ်မှုကိစ္စအစွမ်းအားဖြင့် ကံ-၄ မျိုး၊

(၂) အကျိုးပေးတဲ့ အလှည့်အကြိမ်အားဖြင့် ကံ-၄ မျိုး၊

(၃) အကျိုးပေးရာကာလအစွမ်းအားဖြင့် ကံ-၄ မျိုး၊

(၄) အကျိုးပေးရာ ဘုံဌာနအစွမ်းအားဖြင့် ကံ ၄ မျိုး၊

စုစုပေါင်း ကံ ၄ မျိုး ၄ လီ = ၁၆ မျိုး ခွဲခြားပြပါတယ်။ အဘိဓမ္မာ သင်္ဂြိုဟ်မှာ ဖော်ပြထားတာကို ရှင်းလင်းတင်ပြသွားပါမယ်။

## ၂ ပြုလုပ်မှုကိစ္စအစွမ်းအားဖြင့် ကံ ၄-မျိုး

(၁) ဇနကကံ - ဘဝသစ်တစ်ခုကို ဖြစ်စေနိုင်တဲ့ကံ (အားကြီးတဲ့ကံ)

(၂) *ဥပတ္ထမ္ဘကကံ* -ဇနကကံကို အထောက်အပံ့ပြုတဲ့ကံ၊

(၃) *ဥပပီဠကကံ* -ဇနကကံကို အားနည်းအောင် ဖိနှိပ်တတ်တဲ့ကံ၊

(၄) *ဥပဃာတကကံ* - ဇနကကံကို အကျိုးပေးထားတဲ့ နာမ်ရုပ်အစဉ်ကို ဖြတ်တောက်ပြီး မိမိ၏အကျိုးကို ပေးတတ်တဲ့ကံ။

(၁) *ဇနကကံ-ဘဝသစ်ဖြစ်စေတတ်တဲ့ကံ*

ဒီကံဟာ ဘဝသစ်တစ်ခုကို ဖြစ်စေနိုင်တဲ့ အားကြီးတဲ့ ကံဖြစ်တယ်။

ကုသိုလ်ကောင်းမှု သို့မဟုတ် အကုသိုလ်မကောင်းမှုကို ကံပြီး မြောက်အောင် ပီပီပြင်ပြင် ပြုလုပ်ခဲ့တဲ့ ကံဖြစ်တယ်။ ဇနကကံက မိမိရဲ့အကျိုးဖြစ်တဲ့ ဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များကို တစ်သက်လုံး ဖြစ်စေတယ်။ စိတ်, စေတသိက်များနှင့် ကမ္မဇရုပ်များ ဖြစ်လာခြင်းဟာ ခန္ဓာငါးပါးဖြစ်လာတာဖြစ်လို့ ဘဝတစ်ခုဖြစ်လာခြင်းပင် ဖြစ်တယ်။

စိတ်တို့ဟာ တစ်လုံးပြီးတစ်လုံး အခြားမလပ်ဘဲ တစ်စပ်တည်းဖြစ်သွားကြတယ်။ ပထမဆုံး ဖြစ်တဲ့ ဝိပါက်စိတ်ကို ပဋိသန္ဓေစိတ်၊ နောက်ဆက်ဖြစ်တဲ့ ဝိပါက်စိတ်များကို ဘဝင်စိတ်၊ နောက်ဆုံးဖြစ်တဲ့ ဝိပါက်စိတ်ကို စုတိစိတ်လို့ အမည်ပေးတယ်။

ဇနကကံက ကာမာဝစရကုသိုလ်ကံဖြစ်ရင် ကာမသုဂတိဘုံဆိုတဲ့ လူ့ဘုံ သို့မဟုတ် နတ်ဘုံမှာ ဘဝသစ်ဖြစ်ရတယ်။ ဇနကကံက အကုသိုလ်ကံဖြစ်ရင် အပါယ်လေးဘုံမှာ ပဋိသန္ဓေဖြစ်ရမယ်။ ဇနကကံက အားကြီးရင် အသက်ရှည်မယ်၊ အားနည်းရင် အသက်တိုမယ်။

(၂) ဥပတ္ထမ္ဘကကံ-ဇနကကံကို *အထောက်အပံ့ပြုတဲ့ကံ*

ဘဝသစ်တစ်ခုဖြစ်ရအောင် အကျိုးပေးနိုင်စွမ်းမရှိဘဲ ဇနကကံက အကျိုးပေးထားတဲ့ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးကို ပိုမိုအားရှိအောင် ပိုသက်တမ်းရှည်အောင် အထောက်အပံ့ပြုတဲ့ကံကို ဥပတ္ထမ္ဘကကံလို့ ခေါ်တယ်။ ဥပတ္ထမ္ဘကကံက ဇနကကံအကျိုးပေးထားတဲ့ ခန္ဓာငါးပါးအစဉ်ကို ပိုအားရှိစေတယ်၊ ပိုသက်တမ်းရှည်စေတယ်။

ကုသိုလ်ကံအကျိုးပေးလို့ သုဂတိဘုံမှာ ဘဝသစ်ဖြစ်လာသူအဖို့ သူ့စိတ်အစဉ်မှာ လိုက်ပါလာကြတဲ့ ကုသိုလ်ကံများက ဥပတ္ထမ္ဘကကံအဖြစ်ဆောင်ရွက်နိုင်ပြီး အကုသိုလ်ကံများက ဥပပီဠကကံအဖြစ် ဆောင်ရွက်နိုင်ကြတယ်။ ဘဝသစ်မှာ ပြုလုပ်တဲ့ ကုသိုလ်ကံများကလည်း ဥပတ္ထမ္ဘကကံအဖြစ် ဆောင်ရွက်နိုင်ကြပြီး အကုသိုလ်ကံများက ဥပပီဠကကံများအဖြစ် ဆောင်ရွက်နိုင်ကြတယ်။

အကုသိုလ်ကံအကျိုးပေးလို့ အပါယ်လေးဘုံမှာ ဘဝသစ်ဖြစ်ရတဲ့ တိရစ္ဆာန်, ပြိတ္တာစတဲ့ သတ္တဝါအဖို့က သူ့စိတ်အစဉ်မှာ လိုက်ပါလာကြတဲ့ အကုသိုလ်ကံများက ဥပတ္ထမ္ဘကကံအဖြစ် ဆောင်ရွက်နိုင်ကြပြီးတော့ ကုသိုလ်ကံများက ဥပပီဠကကံများအဖြစ် ဆောင်ရွက်ကြလိမ့်မယ်။ တစ်ဖန်ဘဝသစ်မှာ ပြုလုပ်တဲ့ အကုသိုလ်ကံများက ဥပတ္ထမ္ဘကကံအဖြစ် ဆောင်ရွက်နိုင်ပြီး ကုသိုလ်ကံများက ဥပပီဠကကံအဖြစ် ဆောင်ရွက်ကြလိမ့်မယ်။

ဥပမာ လူတစ်ယောက်က ဒါန, သီလ, ဘာဝနာကုသိုလ်ကောင်းမှုများကို ပြုလုပ်ရင် ဖြစ်ပေါ်လာတဲ့ ကုသိုလ်ကံများက ဥပတ္ထမ္ဘကကံများအဖြစ် ဇနကကံပေးထားတဲ့ ကောင်းကျိုးများကို ပိုအားရှိအောင် သက်တမ်းရှည်အောင် အထောက်အကူပြုကြမယ်။ စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကုသိုလ်ကံများ အကျိုးပေးခွင့်ရအောင်လည်း အထောက်အကူပြုရာရောက်တယ်။ ကုသိုလ်ကံတွေ ဝိုင်းဝန်းအကျိုးပေးလာရင် ထိုလူဟာ စီးပွားရေးကောင်းလာနိုင်တယ်၊ ရာထူးတက်လာနိုင်တယ်၊ လာဘ်လာဘ ပေါများလာနိုင်တယ်၊ အလုပ်အကိုင် ပိုအဆင်ပြေလာနိုင်တယ်၊ သက်တမ်းပိုရှည်လာနိုင်တယ်။

(၃) ဥပပီဠကကံ-ဇနကကံကို *ဖိနှိပ်တတ်တဲ့ကံ*

ဒီကံက ဇနကကံအကျိုးပေးထားတဲ့ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးကို အားနည်းစေတယ်၊ အနှောင့်အယှက်ပြုတယ်။ သို့မဟုတ် တုံ့ဆိုင်းစေတယ်။

ဇနကကုသိုလ်ကံက သုဂတိဘုံမှာ ဘဝသစ်ဖြစ်စေတဲ့အခါ ဘဝဟောင်းက ဘီလျံများစွာသော ကုသိုလ်ကံများရော အကုသိုလ်ကံများရော ဘဝသစ် စိတ်အစဉ်သို့ လိုက်ပါလာကြတယ်။ အဲဒီအကုသိုလ်ကံများက ဥပပီဠကကံအဖြစ် ဆောင်ရွက်ကြလိမ့်မယ်။ ဘဝသစ်မှာ ပြုလုပ်တဲ့ အကုသိုလ်ကံများကလည်း ဥပပီဠကကံအဖြစ် ဆောင်ရွက်ကြလိမ့်မယ်။

အလားတူပဲ ဇနကအကုသိုလ်ကံက အကျိုးပေးလို့ အပါယ်ဘုံမှာ ဖြစ်ရတဲ့ သတ္တဝါအတွက် ၎င်းရဲ့စိတ်အစဉ်မှာ လိုက်ပါလာကြတဲ့ ကုသိုလ်ကံများက ဥပပီဠကကံအဖြစ် ဆောင်ရွက်ကြလိမ့်မယ်၊ ဘဝသစ်မှာ ပြုလုပ်ခွင့်ရမယ့်ကုသိုလ်ကံများကလည်းဥပပီဠကကံအဖြစ် ဆောင်ရွက်ကြလိမ့်မယ်။

ဒါကြောင့် လူသားတို့ရဲ့ ဘဝမှာ ကုသိုလ်ဥပတ္ထမ္ဘကကံများက ဝိုင်းအကျိုးပေးတဲ့အခါ ဘဝမြင့်တက်ပြီး အကုသိုလ်ဥပပီဠကကံများ ဝိုင်းအကျိုးပေးခွင့်ရတဲ့ အခါမှာတော့ ဘဝနိမ့်ကျသွားလိမ့်မယ်။

အထူးသဖြင့် ကုသိုလ်ကောင်းမှုများကို အဆက်မပြတ်ပြုလုပ်နေကြတဲ့ လူတွေအဖို့မှာ ကုသိုလ်ကံများက စုပေါင်းအင်အားကြီးမားလာကြလို့ အကုသိုလ်ကံတွေ အကျိုးပေးခွင့်မရအောင် ဖိနှိပ်ထားနိုင်မယ်၊ ကုသိုလ်ကံတွေအကျိုးပေးခွင့်ရအောင် အားပေးနိုင်ကြလိမ့်မယ်။ ဒါကြောင့် ကောင်းကျိုးတွေအမျိုးမျိုး ခံစားကြရလိမ့်မယ်။

စီးပွားတက်လာလို့ စည်းစိမ်ယစ်မူးပြီး ကုသိုလ်ကောင်းမှုတွေ မေ့လျော့ကာ မကောင်းမှုတွေကြောင့် အကုသိုလ်ကံတွေ တိုးပွားလာမယ်ဆိုရင် အကုသိုလ်ကံတွေက ကုသိုလ်ကံတွေ အကျိုးပေးခွင့်မရအောင် တားဆီးကြမယ်၊ အကုသိုလ်ကံတွေ အကျိုးပေးခွင့်ရအောင် ရေလာမြောင်းပေးပြုလုပ်ကြလိမ့်မယ်။ အကုသိုလ်ကံတွေ စုပြုံပြီး တစ်ခုပြီးတစ်ခု အကျိုးပေးခွင့်ရလာတဲ့အခါ မကောင်းကျိုးတွေ တစ်ခုပြီးတစ်ခုပေါ် လာနိုင်တယ်။

စီးပွားရေးလုပ်ငန်းအဆင်မပြေဖြစ်လာတယ်၊ စီးပွားရေးကျလာတယ်၊ ပစ္စည်းဥစ္စာဆုံးရှုံးနိုင်တယ်၊ နာမည်ပျက်လာတယ်၊ ရာထူးလျှော့လာတယ်၊ လာဘ်လာဘ နည်းလာတယ်၊ မိသားစုထဲက လူတွေ ဖျားနာကြတယ်၊ အချို့သေသွားရတဲ့အထိ ကံနိမ့်လာတယ်။ ဒါကြောင့် *"မြေနိမ့်ရာ လှံစိုက်တယ်" "မုဆိုးမသွားလေရာ မိုးလိုက်လို့ ရွာတယ်"* ဆိုတဲ့ ဆိုရိုး စကားတွေ ပေါ်ပေါက်လာခြင်း ဖြစ်တယ်။

ဒီလိုကံနိမ့်လာကြတဲ့အခါ လူတွေဟာ ဗေဒင်ဆရာထံသို့ ပြေးပြီး ယတြာချေဖို့ လုပ်ကြတယ်။ အမှန်က ဂြိုဟ်စီး, ဂြိုဟ်နင်းလို့ ကံနိမ့်တာ မဟုတ်ဘူး။ ဂြိုဟ်တွေက သူ့လမ်းကြောင်းနဲ့သူ လှည့်ပတ်သွားနေကြတယ်။ ဘယ်သူ့ကိုမှ မနင်းဘူး၊ မစီးဘူး။ အကုသိုလ်ကံများက ဖိစီးနေကြလို့ ဆိုးကျိုးတွေ စုပြုံလာနေတာ။ အကုသိုလ်ကံတွေက အကျိုးပေးခွင့်ရပ်ပြီး ကုသိုလ်ကံတွေ အကျိုးပေးခွင့်ရအောင် ကြိုးစားတာကမှ လမ်းမှန်တယ်။ ဗေဒင်ဆရာကလည်း ဒီလိုလုပ်ခိုင်းတာပါပဲ။ ဒါကြောင့် ကုသိုလ်ကောင်းမှုတွေကို ကြိုးစားပြုလုပ်ပေးရမယ်။ သီလဆောက်တည်ပါ၊ ဒါနပြုပါ၊ ဘုရားဂုဏ်တော်စီးဖြန်းပါ၊ မေတ္တာဘာဝနာ ပွားပါ။ ကုသိုလ်ကံများ အားကြီးလာတာနဲ့အမျှ အခြေအနေကောင်းမွန်တိုးတက်လာပါလိမ့်မယ်။

ဥပတ္ထမ္ဘကကံများနှင့် ဥပပီဠကကံများက ဘတစ်ပြန် ကျားတစ်ပြန် အကျိုးပေးနေကြလို့ ဘဝအတက်အကျဖြစ်ရတာကို ကမ္ဘာကျော်အင်္ဂလိပ်ပြဇာတ်စာရေးဆရာ ရှိတ်စပီးယားက ဒီလိုစာဖွဲ့ထားပါတယ် -

Life is full of ups and downs.

ဘဝဆိုတာ အတက်အကျများနှင့် ပြည့်နှက်နေတယ်။

Life is not a bed of roses.

ဘဝဆိုတာ နှင်းဆီပန်းမွေ့ရာ မဟုတ်ဘူး။

(၄) ဥပဃာတကကံ-*အားကြီးတဲ့ အဖျက်ကံ*

ဇနကကံပေးထားတဲ့ ရုပ်နာမ်အကျိုးတရားများကို ဖြတ်တောက်ကာ ဇနကကံကိုပါ ဖျက်ဆီးလျက် မိမိရဲ့အကျိုးကို ဖြစ်စေတတ်တဲ့ကံကို ဥပဃာတကကံလို့ ခေါ်တယ်။ တစ်နည်းဆိုရင် လူတစ်ယောက်ဟာ ဥပဃာတကကံဖြတ်လို့ ချက်ချင်းသေပြီး ဥပဃာတကကံအကျိုးပေးတဲ့ နေရာမှာ ဘဝသစ်ဖြစ်ရတယ်။

ဥပဃာတကကံဟာ ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ ဖြစ်နိုင်တယ်။ ပိုအားနည်းတဲ့ ကံကို ဖယ်ရှားပြီး အကျိုးမပေးနိုင်အောင် တားဆီး

ကာ မိမိအကျိုးကို ဖြစ်စေတဲ့ ကံဖြစ်တယ်။ ဥပမာ လူတစ်ယောက်ဟာ သူ့ဘဝဖြစ်ပေါ်အောင် အကျိုးပေးထားတဲ့ ဇနကကံက အားကြီးလို့ အသက် ရှည်ရှည်နေရဖို့ အလားအလာ ရှိပေမယ့် ဥပဃာတကကံ အမည်ရတဲ့ အဖျက်ကံတစ်ခုက ပေါ်ပေါက်လာပြီး သူ့သက်တမ်းမကုန်သေးဘဲ လျက် သူသေအောင် ပြုလုပ်နိုင်တယ်။ လေဖြတ်လို့ ရုတ်တရက် သေတယ်၊ ကားတိုက်ခံရလို့ သေသွားတယ် စသည့်ဖြစ်ရပ်မျိုး ဖြစ်ပါတယ်။

ပြိတ္တာတစ်ဦးဟာ အကုသိုလ်ကံက ဇနကကံအဖြစ် အကျိုးပေးထား လို့ အပါယ်ဘဝကို ရရှိထားခြင်း ဖြစ်တယ်။ သူ့ရဲ့ ဆွေမျိုးများက ဆွမ်း ကျွေးတယ်၊ သင်္ကန်းလှူတယ်စတဲ့ ကုသိုလ်ကောင်းမှုပြုလုပ်ပြီး သူ့ကို အမျှဝေတဲ့အခါ သူသာဓုခေါ်နိုင်ရင် အားကြီးတဲ့ ကုသိုလ်ကံ ဖြစ်ပေါ်လာ တယ်။ ဒီကုသိုလ်ကံက ဥပဃာတကကံအဖြစ် ဆောင်ရွက်ပြီး ပြိတ္တာရဲ့ အကုသိုလ်ဇနကကံကို ဖျက်ဆီးကာ ၎င်းကုသိုလ်ကံရဲ့ အကျိုးကို ပေးလိုက် ရင် ပြိတ္တာဘဝမှသေပြီး နတ်ဘဝဖြစ်သွားနိုင်ပါတယ်။ တကယ်လည်း ဖြစ် နေကြပါတယ်။ ဗုဒ္ဓဘာသာရဲ့ ကံသဘောတရားက တကယ့်ဖြစ်ရပ်များကို သဘာဝကျကျ ရှင်းပြနိုင်တာ ဂုဏ်ယူစရာကောင်းပါတယ်။

## ဒေဝဒတ်၏ဘဝကို ကံလေးမျိုးစီမံပုံ

အထက်ပါ ကံလေးမျိုးတို့ အကျိုးပေးတဲ့ နမူနာသက်သေအဖြစ် ဒေဝဒတ်ရဲ့ ဘဝကို ညွှန်ပြနိုင်တယ်။ သူ့ရဲ့ ကောင်းတဲ့ ကုသိုလ်ဇနကကံက သူ့ကို ဘုရင့်သားအဖြစ် မွေးဖွားအောင် အကျိုးပေးလိုက်တယ်။ မင်းသား ဘဝမှာ မင်းသားစည်းစိမ်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ သူနေထိုင်ရတာ ထိုဇနက ကံနဲ့ ကုသိုလ်ဥပတ္ထမ္ဘကကံတို့က ကျေးဇူးပြုထားတဲ့အတွက်ကြောင့် ဖြစ် ပါတယ်။ အာနန္ဒာ၊ အနုရုဒ္ဓါစတဲ့ သာကီဝင်မင်းသားများနှင့်အတူ သူရဟန်း ပြုပြီး ဘာဝနာရှုပွားလိုက်တဲ့အခါမှာ လောကီအဘိညာဏ်ရတဲ့အထိ ကုသိုလ်ဥပတ္ထမ္ဘကကံတို့က ဝိုင်းအကျိုးပေးလိုက်ပါတယ်။

အဲဒီနောက် မြတ်စွာဘုရားကို သတ်ဖို့ ကြံစားတဲ့ အကုသိုလ်ကံတွေ

ကို သူပြုလုပ်တယ်၊ မြတ်စွာဘုရားရဲ့ ခြေချောင်းမှာ သွေးစိမ်းတည်သွားတယ်။ သံဃာကို သင်းခွဲတဲ့အထိ အပြစ်အကြီးဆုံးဖြစ်တဲ့ အကုသိုလ်ကံကိုပါ သူကျူးလွန်တယ်။ အကုသိုလ်ကံတို့က ဥပပီဠကကံအဖြစ် နှိပ်စက်လာကြတဲ့အခါ သူ့ကို သံဃအဖွဲ့အစည်းမှ ထုတ်ပယ်လိုက်တယ်။ ပြီးတော့ သံဃာသင်းခွဲတဲ့ကံက ဥပဃာတကကံအဖြစ် အကျိုးပေးလာတဲ့အခါ သူ့ကို မြေမျိုပြီး အဝီစိငရဲမီးက **အဝီစိငရဲသို့** ဆွဲချသွားပါတော့တယ်။

၃ အကျိုးပေးတဲ့ အလှည့်အကြိမ်အားဖြင့် ကံ ၄ မျိုး

(၁) *ဂရုကကံ* - အလွန်စွမ်းအားကြီးတဲ့ကံ၊

(၂) *အာသန္နကံ* - သေခါနီးပြုလုပ်တဲ့ကံ သို့မဟုတ် သေခါနီးတွင် အောက်မေ့အမှတ်ရတဲ့ကံ၊

(၃) *အာစိဏ္ဏကံ* - အမြဲမပြတ် မှန်မှန်ဝတ်ထားပြီး ပြုလုပ်တဲ့ကံ။

(၄) *ကဋတ္တာကံ* - မသတ်မှတ်ထားတဲ့ကံ။

စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကံမြောက်မြားစွာတို့ကို သေခါနီးအချိန်မှာ နောက်ဘဝဖြစ်အောင် အကျိုးပေးခွင့်ရနိုင်တဲ့ ဦးစားပေးအစီအစဉ်အရ ကံလေးမျိုး ခွဲပြထားခြင်း ဖြစ်ပါတယ်။

(၁) ဂရုကကံ - အလွန်စွမ်းအားကြီးတဲ့ကံ

ဂရုကကံက သတ္တဝါတစ်ဦးသေဆုံးတဲ့အခါမှာ နောက်ဘဝဖြစ်အောင် အကျိုးပေးဖို့အတွက် အခြားကံများက မတားဆီးနိုင်တဲ့ မဖယ်ရှားနိုင်တဲ့ စွမ်းအားကြီးမားတဲ့ ကံဖြစ်ပါတယ်။ တစ်နည်းဆိုသော် ဂရုကကံက နောက်ဘဝပဋိသန္ဓေဖြစ်အောင် မုချအကျိုးပေးမယ့်ကံ ဖြစ်ပါတယ်။

အကုသိုလ်ကံဘက်မှာ ပဉ္စာနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိတို့ဟာ ဂရုကကံများဖြစ်ကြတယ်။ ပဉ္စာနန္တရိယကံငါးပါးက

(၁) *ပိတုဃာတကကံ* - အဖေကို သတ်တဲ့ကံ၊

(၂) *မာတုဃာတကကံ* - အမေကို သတ်တဲ့ကံ၊

(၃) *အရဟန္တဃာတကကံ* ရဟန္တာကို သတ်တဲ့ကံ၊
(၄) *လောဟိတုပ္ပါဒကကံ* -ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြု လုပ်တဲ့ကံ၊
(၅) သံဃဘေဒကကံ - သံဃာကို သင်းခွဲတဲ့ ကံတို့ ဖြစ်ကြတယ်။

ဖော်ပြပါအစီအစဉ်အတိုင်း အထက်မှ အောက်သို့ ပိုပိုပြီး အပြစ်ကြီး သွားပါတယ်။ ဒီကံတစ်ခုခုကို ကျူးလွန်ထားတဲ့သူဟာ သေလွန်တဲ့အခါ ဒီကံက မုချအကျိုးပေးမယ်၊ အဝီစိငရဲအထိ ကျသွားလိမ့်မယ်။

နိယတမိစ္ဆာဒိဋ္ဌိက ကံ-ကံရဲ့အကျိုးမရှိဘူးလို့ ပြင်းထန်ခိုင်မြဲစွာ စွဲလမ်းနေတဲ့ အယူမှားဖြစ်ပါတယ်။ ဒီအယူမှား ရှိတဲ့သူဟာ သေလွန်တဲ့ အခါ အမြဲမှောင်မိုက်နေတဲ့ လောကန္တရိက်ငရဲသို့ ကျရောက်သွားလိမ့်မယ်။

ကုသိုလ်ကံဘက်မှာ ရူပါဝစရဈာန်လေးပါးနှင့် အရူပါဝစရဈာန် လေးပါးတို့ဟာ ဂရုကကံများ ဖြစ်ကြတယ်။ မိမိရထားတဲ့ ဈာန်ကို သေတဲ့ အချိန်အထိ ထိန်းထားနိုင်ရင် ဒီဈာန်ကုသိုလ်ကံက သေလွန်တဲ့အခါ ဂရုကကံ အဖြစ် မုချအကျိုးပေးပြီး ဗြဟ္မာဘုံမှာ ဘဝသစ်ဖြစ်စေလိမ့်မယ်။

ဝိပဿနာရှုပွားလို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရရင် လောကုတ္တရာ ကုသိုလ် ကံ ဖြစ်ပါတယ်။ ဒီကံကလည်း ဂရုကကံလို စွမ်းအားကြီးပြီး အပါယ် တံခါးများကို ပိတ်ထားနိုင်တယ်။ စုတေတဲ့အခါ သုဂတိဘုံမှာပဲ ဘဝသစ် ဖြစ်စေပါတယ်။

လူတစ်ယောက်ဟာ ဈာန်ရအောင် အားထုတ်ပြီးတော့ ပဉ္စာနန္တရိယ ကံတစ်ခုကို ကျူးလွန်မယ်ဆိုရင် ဒီအပြစ်ကြီးတဲ့ အကုသိုလ်ကံက ဈာန် ကုသိုလ်ကံကို ဖျက်ဆီးလိုက်တယ်။ ပြီးတော့ ငရဲကျစေတယ်။ သက်သေ အထောက်အထားက မြတ်စွာဘုရားနဲ့ ညီအစ်ကိုဝမ်းကွဲတော်စပ်တဲ့ ဒေဝဒတ် ဖြစ်ပါတယ်။ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် လုပ်လို့ ဒေဝဒတ်ရဲ့ ဈာန်အဘိညာဏ်ပျက်စီးသွားတယ်။ သံဃာသင်းခွဲတဲ့ ကံက ဂရုကကံအဖြစ် အကျိုးပေးလို့ အဝီစိငရဲသို့ ကျသွားရတယ်။

ထို့အပြင် ပုဂ္ဂိုလ်တစ်ဦးက ပဉ္စာနန္တရိယကံတစ်ခုကို ကျူးလွန်ထားရင် ဒီပုဂ္ဂိုလ်ဟာ ဈာန်မရနိုင်ဘူး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်လည်း မရနိုင်ဘူး။ အကြောင်းက အကုသိုလ်ဂရုကကံက မကျော်လွှားနိုင်အောင် တားဆီးထားလို့ဖြစ်ပါတယ်။ သက်သေအထောက်အထားက အဇာတသတ်မင်းဖြစ်ပါတယ်။ သူက အဖေသတ်တဲ့ ပဉ္စာနန္တရိယကံကို ကျူးလွန်ခဲ့တယ်။ သမားတော်ဇီဝကက သူ့ကို ဘုရားထံ ခေါ်သွားလို့ သူတရားနာရတယ်။ တရားနာရတဲ့အတွက် သောတာပန်ဖြစ်နိုင်တဲ့ ပါရမီကုသိုလ်ကံဟာ သူ့မှာ ရှိပေမယ့် သောတာပန်အဖေဖြစ်တဲ့ ဗိမ္ဗိသာရမင်းကို သတ်တဲ့ အကုသိုလ်ကံက ပိတ်ပင်တားဆီးလို့ သူမဂ်ဉာဏ်မရဘူး။

နောက်ပိုင်းမှာ အဇာတသတ်မင်းက ဘုရားကို အလွန်ကြည်ညိုပြီး ပထမသင်္ဂါယနာဒါယကာကြီးအဖြစ် သူဆောင်ရွက်ခွင့်ရတယ်။ မြတ်စွာဘုရားရဲ့ ဓာတ်တော်များကို ဌာပနာထားတဲ့ စေတီကြီးကိုလည်း သူ တည်ထားခွင့်ရတယ်။ ဒါပေမယ့် သူကွယ်လွန်တဲ့အခါ အဖေသတ်တဲ့ ဂရုကကံက သူ့ကို ငရဲသို့ ပို့လိုက်ပါတယ်။

(၂) အာသန္နကံ - သေခါနီးပြုလုပ်တဲ့ကံ

ဒီကံက သေခါနီးမှာ ပြုလုပ်တဲ့ ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဖြစ်တယ်။ ဒါမှမဟုတ်ရင် ယခင်က ပြုလုပ်ခဲ့ပြီးတော့ သေခါနီးအချိန်မှာ အောက်မေ့အမှတ်ရလိုက်တဲ့ ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဖြစ်တယ်။ သေလွန်ချိန်မှာ ဂရုကကံမရှိရင် အာသန္နကံက ဘဝသစ်ပဋိသန္ဓေကို ဖြစ် စေလိမ့်မယ်။ အကျိုးပေးရန် နီးကပ်တဲ့အတွက် စွမ်းအားကြီးမားခြင်း ဖြစ်တယ်။

ကိုယ်ကျင့်တရား မကောင်းတဲ့လူတစ်ယောက်ဟာ သေခါနီးအချိန်မှာ ဘုရားကြည်ညိုခြင်းစတဲ့ ကုသိုလ်ကောင်းမှုတစ်ခုကို ပြုလုပ်နိုင်ရင် ဒါမှမဟုတ် သူ့ရှေးက ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံကို သေခါနီးမှာ အောက်မေ့အမှတ်ရလိုက်မယ်ဆိုရင် အဲဒီကုသိုလ်ကံက အကျိုးပေးခွင့်ရလို့ သေဆုံးတဲ့

အခါ သုဂတိဘဝကို ရရှိလိမ့်မယ်။

ဆန့်ကျင်ဘက်အနေဖြင့် ကိုယ်ကျင့်တရားကောင်းတဲ့ လူတစ်ယောက်ဟာ သေခါနီးအချိန်မှာ မကောင်းမှုတစ်ခု လုပ်မိတယ်၊ သို့မဟုတ် စောစောက လုပ်ခဲ့တဲ့ မကောင်းမှုတစ်ခုကို အောက်မေ့အမှတ်ရမယ်ဆိုရင် အဲဒီမကောင်းမှုအကုသိုလ်ကံက အကျိုးပေးခွင့်ရလို့ သူသေတဲ့အခါ အပါယ်ဘုံမှာ ဘဝသစ်ဖြစ်ရလိမ့်မယ်။

ဤအကြောင်းကြောင့် မိဘ သို့မဟုတ် ချစ်သူများ သေခါနီးအချိန်မှာ ကုသိုလ်ကောင်းမှုများပြုလုပ်နိုင်အောင် စီစဉ်ပေးရမယ်။ သို့မဟုတ် ပြုလုပ်ထားတဲ့ ကုသိုလ်ကောင်းမှုများကို သတိရအောင် သတိပေးပြောပြရမယ်။ သို့မဟုတ် ဘုရားဂုဏ်တော် စသည်ကို ဘာဝနာ ရှုပွားနိုင်အောင် နှိုးဆော်ပေးရမယ်။

လူယုတ်မာတစ်ဦးက ကောင်းတဲ့ ကုသိုလ်အာသန္နကံကြောင့် သေလွန်တဲ့အခါ သုဂတိဘဝရသွားစေကာမူ သူပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံများက အကျိုးမပေးတော့ဘူးလို့ ယူဆလို့ မရဘူး။ အကျိုးပေးဖို့ အခွင့်သာလာရင် အကျိုးပေးမှာ ဖြစ်တယ်။ ကုသိုလ်အလုပ်များကို ဆက်ပြီးကြိုးစားလုပ်သွားလို့ တစ်မဂ်တစ်ဖိုလ်ရလိုက်ရင် အကုသိုလ်ကံတွေ အပါယ် မချနိုင်တော့ဘူး။

### ရေချမ်းစင်ဒကာမ၏ကံဆန်းကြယ်ပုံ

တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ပဋ္ဌာန်းတရားခွေမှာ ရေချမ်းစင်ဒကာမအကြောင်း ပါတယ်။ အမရပူရမြို့က ရေချမ်းစင်ဒကာမဟာ သဒ္ဓါရော ဥစ္စာပါ ပြည့်စုံတယ်။ တောင်တမံဆရာတော်ကို ကျောင်းဆောက်လှူခဲ့တယ်။ အမရပူရမြို့မှာ နွေအခါ ရေရှားလို့ လမ်းဆုံလမ်းခွများမှာ ရေချမ်းအိုး တည်ပေးတယ်။ ဒါကြောင့် ရေချမ်းစင်ဒကာမလို့ အမည်တွင်ပါတယ်။ သူအသက်ကြီးမှ ကွယ်လွန်ပါတယ်။ သူ့ရဲ့ရုပ်ကလာပ်ကို အသုဘချတဲ့အခါ တောင်တမန်ဆရာတော်ကိုယ်တိုင် သုသာန်အထိ

ကြွပြီး သရဏဂုံတင်ပေးတယ်။ ရက်လည်ဆွမ်းကျွေးတဲ့နေ့မှလည်း ဆရာတော် ကြွပြီး အနုမောဒနာတရား ဟောပေးတယ်။

ဆရာတော် ကျောင်းပြန်ကြွတဲ့အခါ လမ်းခုလတ်မှာ "ဆရာတော်ဘုရား-ဆရာတော်ဘုရား"လို့ ခေါ်သံကြားရတယ်။ ဆရာတော်က အသံကို မှတ်မိတော့ "ဟဲ့-ရေချမ်းစင်ဒကာမလား"လို့ မေးတယ်။

"ဟုတ်ပါတယ်ဘုရား"လို့ ဖြေတယ်။

"ဟဲ့-နင် အခု ဘာဖြစ်နေတာလဲ"

ဆရာတော် ထပ်မေးတော့ မဖြေဘူး၊ သုံးကြိမ်မေးတော့မှ တိုးတိုးကလေး ဖြေတယ်။

"တပည့်တော်မ ပြိတ္တာဖြစ်နေပါတယ်ဘုရား"

"ဟယ်-နင်ကုသိုလ်တွေ အများကြီးလုပ်ထားတာ ဘာကြောင့် ပြိတ္တာဖြစ်ရတာလဲ"

"မှန်လှပါ-တပည့်တော်မ သေခါနီးမှာ သမီးတွေ မြေးတွေ ငိုကြလို့ သူတို့ဆီ စိတ်ရောက်သွားပါတယ်ဘုရား"

သေခါနီးအချိန်မှာ ကုသိုလ်ရေးကို အာရုံယူနိုင်ဖို့ သိပ်အရေးကြီးတယ်နော်။ သားသမီးတွေကလည်း ကုသိုလ်လုပ်ထားတာတွေကို သတိရအောင် တိုက်တွန်းသင့်တယ်။ သို့မဟုတ် ဘာဝနာပွားဖို့ သတိပေးသင့်တယ်။ အနားမှာ မငိုသင့်ဘူး။ ငိုသံကြားရင် မိဘတို့က သားသမီးများကို စိတ်ပူမိတာပေါ့၊ "ငါမရှိရင် ငါ့သားသမီးတွေ အဆင်ပြေပါ့မလား"လို့ စိုးရိမ်မိရင် ဒေါသမူစိတ်ဖြစ်တယ်။ သားသမီးတွေကို ချစ်ခင်တွယ်တာတဲ့ စိတ်က လောဘမူစိတ် ဖြစ်တယ်။ ဒီအကုသိုလ်စိတ်တို့က အကုသိုလ်ကံ အကျိုးပေးခွင့်ရအောင် ရေလာမြောင်းပေးလုပ်တော့ ပြိတ္တာဘဝသွားဖြစ်ရတာပါပဲ။

"အသုဘချတဲ့ နေ့က သုသာန်မှာ ဆရာတော် တရားဟောတာ တပည့် တော်မ မနာလိုက်ရဘူးဘုရား"

"ဟင်-ဘာဖြစ်လို့ တရားမနာတာလဲ"

"အဖော်ပြိတ္တာမတို့က ရေတံခွန်တောင်ခေါ် သွားလို့ပါဘုရား"

လူ့ဘဝမှာ ချမ်းသာကြွယ်ဝလို့ လှူဒါန်းပေးကမ်းလို့ လူသိများပြီး မျက်နှာကြီးတဲ့သူတွေဟာ ပြိတ္တာဘဝမှာလည်း မျက်နှာကြီးပြီးအလေးပေး ခံ ရပါတယ်။ ပြိတ္တာလောကမှာလည်း ရေတံခွန်တောင်စတဲ့ ပျော်စရာတွေ ရှိပါတယ်။ ရေတံခွန်ဆီခေါ် သွားတာ တရားမနာဖြစ်အောင် လမ်းလွှဲလိုက်တာပဲ။ တရားနာရရင် တရားနာရတဲ့ ကုသိုလ်ကံက ဥပဃာတက ကံအဖြစ် ပြိတ္တာဘဝ ဖြစ်အောင် အကျိုးပေးထားတဲ့ အကုသိုလ်ဇနကကံကို ဖြတ်တောက်ပြီး ကုသိုလ်ကံရဲ့ အကျိုးကို ပေးရင် ပြိတ္တာဘဝမှ ကျွတ်လွတ်သွားမှာကိုး။

အဖော်ပြိတ္တာများက ချမ်းသာကြွယ်ဝတဲ့သူတွေ ပြိတ္တာဖြစ်လာကြရင် ပြိတ္တာဘဝမှ မလွတ်စေချင်ဘူး။ မကျွတ်မလွတ်တဲ့ အရိပ်အရောင်တွေ တွေ့ရင် သားသမီးများက ဆွမ်းကျွေးအမျှဝေတာတွေ လုပ်ကြမှာကိုး။ ဆွမ်းကျွေးရင် ပိုလျှံတဲ့ ထမင်းဟင်းတွေကို စွန့်ပစ်တဲ့အခါ ပြိတ္တာများက 'ထမင်းစားပွဲကြီး' (Grand Dinner) စားကြရတာပေါ့။

"ဒါပေမယ့် ကနေ့ ဆွမ်းအနုမောဒနာတရားကို တပည့်တော်မ နာရပါတယ်ဘုရား၊ သားသမီးတို့က ဆွမ်းလှူရတဲ့ ကုသိုလ်ကို အမျှပေးဝေတာကိုလည်း သာဓုခေါ်ရပါတယ်ဘုရား၊ ဒါကြောင့် ကျွန်မ ကောင်းရာသုဂတိသို့ သွားရမှာပါဘုရား၊ သွားပါတော့မယ်-"ဆိုပြီး အသံပျောက်ကွယ်သွားတယ်။

ဗုဒ္ဓတရားတော်က ဆွေမျိုးတွေ သေပြီး ပြိတ္တာဘဝ ရောက်နေရင်လည်း ကျွတ်လွတ်အောင် ကယ်မနိုင်ပါတယ်။ ကုသိုလ်ကံဖြစ်ပေါ်စေပြီး ကယ်မပေးခြင်း ဖြစ်ပါတယ်။ ကုသိုလ်ကံရဲ့ စွမ်းအားကို အသုံးချတတ်ရင် အလွန်အကျိုးများပါတယ်။

## သားစိမ်ပေးလို့ ဖခင်သုဂတိဘဝရပုံ

သီရိလင်္ကာနိုင်ငံ သောဏဂိရိတောင်မှာ သီတင်းသုံးတဲ့ သောဏ ထေရ်ဟာ ရဟန်းတရားကျင့်ကြံပွားများလို့ ရဟန္တာဖြစ်နေပြီ။ သူ့ခမည်း တော်က အမဲလိုက်မုဆိုးဘဝနဲ့ ကျင်လည်နေတုန်းပါပဲ။ အမဲမလိုက်နိုင် အောင် အိုမင်းလာမှ သားထံမှာ ရဟန်းဝတ်တယ်။ ရဟန်းဝတ်ပြီး မကြာ ခင်မှာ သေလောက်တဲ့ ရောဂါဖြစ်တယ်။ ရဟန်းကြီးက အစွယ်ပြူးပြူးနဲ့ ခွေးကြီးတွေ တောင်ခြေက တက်လာကြတာ သူ့ကို ကိုက်တော့မှာကို အာရုံ မြင်တွေ့လို့ "ခွေးကြီးတွေ-ငါ့သားခြောက်လှန့်ဟဲ့-"လို့ ကြောက်အား လန့်အား ပြောတယ်။

သားက ရဟန္တာမို့ သူ့ခမည်းတော်မှာ ငရဲနိမိတ်ထင်နေတာကို သိပြီ။ ဒါကြောင့် ကိုရင်များကို ပန်းခူးစေပြီး စေတီမှာ ပူဇော်ထားစေတယ်။ ရဟန်းကြီးကို ညောင်စောင်းနှင့်တကွ ချီမပြီး စေတီရင်ပြင်ပေါ်မှာ ချတယ်။

"ခမည်းတော်ဘုရား- စေတီကြည်ညိုတော်မူပါ၊ ခမည်းတော် ကိုယ်စား ပန်းများကို ဘုရားထံ ပူဇော်ထားပါတယ်၊ အာရုံယူပါဘုရား"

ရဟန်းကြီးက စေတီကို ကြည်ညိုပြီး သူ့ကိုယ်စား ပန်းအများကြီး ပူဇော်ထားတာကို တွေ့ရတော့ ဝမ်းမြောက်ပီတိဖြစ်တယ်။ အဲဒီအခါ သေခါနီးထင်တဲ့ နိမိတ်အာရုံပြောင်းသွားတယ်။

"သားရယ်-အလွန်လှတဲ့ သားရဲ့ မိထွေးတွေ ငါ့ကို လာခေါ်နေ ကြတယ်၊ ငါလိုက်သွားရမလား"

"လိုက်သွားပါခမည်းတော်"

သားလိမ္မာတဲ့အတွက် ငရဲကျရတော့မယ့် ခမည်းတော်ဟာ နတ်ပြည် ရောက်ရတယ်ဆိုတော့ အလွန်ဝမ်းသာစရာကောင်းတာပေါ့။

*(ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပထမတွဲ၊ နှာ ၆၇၇)*

(၃) အာစိဏ္ဏကံ - *အမြဲမပြတ်ပြုလုပ်တဲ့ကံ*

အလေ့အကျင့်ဖြစ်လာအောင် အမြဲတစေ အဖန်ဖန်အထပ်ထပ်

ပြုလုပ်တဲ့ ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံကို အာစိဏ္ဏကံလို့ ခေါ်တယ်။ ကုသိုလ်ကောင်းမှုတစ်ခုကို ပြုလုပ်ပြီးတော့ အဲဒီကောင်းမှုကို မကြာခဏသတိရပြီး နှလုံးသွင်းဆင်ခြင်နေရင် ဒီကောင်းမှုကံက အာစိဏ္ဏကံ ဖြစ်လာပါတယ်။ မကောင်းမှုတစ်ခုကို ပြုလုပ်ခဲ့ပြီး ဒီမကောင်းမှုကို မကြာခဏသတိရလို့ နှလုံးသွင်း ဆင်ခြင်နေရင် ဒီမကောင်းမှုကံက အာစိဏ္ဏကံ ဖြစ်လာပါတယ်။

ဆရာဆရာမတို့က တပည့်များကို စာတတ်စေလိုတဲ့ စေတနာကောင်းနဲ့ အမြဲမပြတ်သင်ကြားပို့ချပေးနေရင် ဒီစာသင်ပေးတဲ့ ကောင်းမှုကံက အာစိဏ္ဏကံ ဖြစ်လာပါတယ်။ အမျိုးသမီးတစ်ဦးက နေ့စဉ်ဆွမ်းချက်ပြီး ဆွမ်းလောင်းလှူရင် ဒီကောင်းမှုက အာစိဏ္ဏကံ ဖြစ်လာပါတယ်။ သီလစောင့်ထိန်းပြီး သီလကို အမြဲဆင်ခြင်နေတဲ့ လူအဖို့မှာ သီလစောင့်ထိန်းတဲ့ ကုသိုလ်ကံက အာစိဏ္ဏကံ ဖြစ်လာပါတယ်။ အမြဲဘာဝနာ ရှုပွားနေသူအဖို့က ဘာဝနာပွားတဲ့ ကုသိုလ်ကံဟာ အာစိဏ္ဏကံ ဖြစ်လာပါတယ်။

တံငါအလုပ်၊ မုဆိုးအလုပ်၊ သူခိုးအလုပ်စသည်ကို တစ်သက်လုံးလုပ်နေတဲ့ လူတွေအဖို့မှာ မိမိလုပ်တဲ့ အကုသိုလ်မကောင်းမှုဟာ အာစိဏ္ဏကံ ဖြစ်လာပါတယ်။ သောဏထေရ်ရဲ့ ခမည်းတော်ဟာ တစ်သက်လုံးမုဆိုးလုပ်ခဲ့တော့ အမဲလိုက်တဲ့ အကုသိုလ်ကံက သူ့ရဲ့ အာစိဏ္ဏကံ ဖြစ်လာလို့ သေခါနီးအချိန်မှာ ငရဲခွေးကြီးတွေကို မြင်ရခြင်း ဖြစ်တယ်။

ဂရုကကံနှင့် အာသန္နကံတို့ မရှိတဲ့အခါ အာစိဏ္ဏကံက နောက်ဘဝဖြစ်အောင် အကျိုးပေးခွင့်ရတယ်။

*Habit is the second nature.*

*အလေ့အကျင့်ဟာ ဒုတိယသဘာဝပဲ။*

မိမိအမြဲလုပ်နေကျ ကောင်းမှု သို့မဟုတ် မကောင်းမှုဟာ မိမိရဲ့ သဘာဝအပြုအမူဖြစ်လာလို့ အမြဲလုပ်မိနေလိမ့်မယ်။ သတိရနေလိမ့်မယ်။ ကလေးတွေကို စာသင်ပေးနေကျ ဆရာမက သေခါနီးချိန်မှာ ကလေးတွေ

ကို စာသင်ပေးနေတဲ့ အာရုံပေါ်လာမယ်၊ အမဲလိုက်နေကျမုဆိုး သေခါနီးချိန်မှာ အမဲလိုက်တဲ့ အာရုံပေါ်လာမယ်။ ဘုရားဂုဏ်တော်ပွားများနေကျ ပုဂ္ဂိုလ်မှာလည်း သေခါနီးချိန်မှာ ဘုရားဂုဏ်တော်ကို အာရုံရပြီး ပွားများနေလိမ့်မယ်။ ဒါကြောင့် သေခါနီးချိန်မှာ အာစိဏ္ဏကံက အာသန္နကံအဖြစ် ပေါ်လာပြီးတော့ နောက်ဘဝ ပဋိသန္ဓေဖြစ်ဖို့ အကျိုးပေးခွင့်ရသွားတာပါပဲ။

*ကျွန်တော်တို့က အနေကောင်းဖို့ အရေးကြီးသလို အသေကောင်းဖို့ ကလည်း အလွန်အရေးကြီးပါတယ်။* ယခုအချိန်ဟာ အသေကောင်းဖို့ ပြင်ဆင်ရမယ့် အချိန်ပဲ။ ဒါန, သီလ, ဘာဝနာကောင်းမှုတစ်မျိုးမျိုးကို အမြဲမှန်မှန်ပြုလုပ်ဖို့ ဝတ်ထားပြီး အာစိဏ္ဏကံဖြစ်အောင် မှန်မှန်ပြုလုပ်သွားခြင်းဖြင့် ကြိုတင်ပြင်ဆင်သင့်ကြပါတယ်။

(၄) ကဋတ္တာကံ - မသတ်မှတ်ထားတဲ့ကံ

ဂရုကကံ, အာသန္နကံ, အာစိဏ္ဏကံတို့မှာ အကျုံးမဝင်တဲ့ မည်သည့် ကုသိုလ်ကံ အကုသိုလ်ကံကိုမဆို ကဋတ္တာကံလို့ ခေါ်တယ်။ ကုသိုလ်ကောင်းမှုတစ်ခုကိုဖြစ်စေ အကုသိုလ်မကောင်းမှုတစ်ခုကိုဖြစ်စေ၊ စောစောကပြုလုပ်ခဲ့ပြီးတော့ မေ့ပျောက်သွားတဲ့ ကံမျိုးကို ကဋတ္တာကံလို့ သတ်မှတ်တယ်။ အချို့ ကဋတ္တာကံများက ဘဝတစ်ခုဖြစ်စေနိုင်တဲ့ စွမ်းအားရှိနေကြလို့ အထက်ပါကံသုံးမျိုး မရှိတဲ့အခါမှာ နောက်ဘဝစီရင်ဖို့ အကျိုးပေးခွင့်ရသွားပါတယ်။

### ကံလေးမျိုးအကျိုးပေးပုံနှင့် နွားခြံဥပမာ

သတ္တဝါတို့ဟာ နေ့စဉ်နေ့တိုင်း ကောင်းမှု, မကောင်းမှုများကို ပြုလုပ်နေကြတယ်။ ကောင်းမှုတစ်ခုလုပ်စဉ်အခါမှာ ကုသိုလ်ကံတွေ ကုဋေသိန်းချီဖြစ်ကြတယ်။ မကောင်းမှုတစ်ခုလုပ်တဲ့အခါမှာတော့ အကုသိုလ်ကံတွေ ကုဋေသိန်းချီဖြစ်ကြတယ်။ ဘဝတစ်သက်တာမှာ ပြုလုပ်ထားတဲ့ ကံတွေက မရေတွက်နိုင်အောင် များမှာပေါ့။ ဒီကံတွေအားလုံးက သတ္တဝါတစ်ဦး

စီရဲ့ စိတ်အစဉ်မှာ လိုက်ပါနေကြတယ်။

တစ်ဖန် သတ္တဝါတစ်ဦးစီဖြစ်ခဲ့ရတဲ့ အတိတ်ဘဝတွေက မရေတွက်နိုင်အောင် များတယ်။ ဒီဘဝတွေမှာ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံများနှင့် အကုသိုလ်ကံများကလည်း ယခုဘဝစိတ်အစဉ်အထိ လိုက်ပါလာကြတယ်။ ဒါကြောင့် သတ္တဝါတစ်ဦးစီရဲ့ စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံများက အလွန်တရာမြားမြောင်လှပါတယ်။ သတ္တဝါတစ်ဦး သေခါနီးအချိန်မှာတော့ ဒီကံများက ငါအကျိုးပေးမယ် သူအကျိုးပေးမယ်ဆိုပြီး ပြိုင်ဆိုင်ကြလိမ့်မယ်။

ပြိုင်ဘက်ကင်းတဲ့ ဂရုကကံတစ်ခုခုရှိရင် ဒီကံက အကျိုးပေးခွင့်ရ လိမ့်မယ်။ ဂရုကကံများ မရှိရင် အာသန္နကံက အကျိုးပေးခွင့်ရလိမ့်မယ်။ အာသန္နကံများ မရှိရင် အာစိဏ္ဏကံအကျိုးပေးခွင့်ရလိမ့်မယ်။ အာစိဏ္ဏကံလည်း မရှိခဲ့ရင် ကဋတ္တာကံတစ်ခုက အကျိုးပေးခွင့်ရလိမ့်မယ်။

ဒီလိုကံတွေ ဦးစားပေးအစီအစဉ်အရ အကျိုးပေးတာကို နွားခြံဥပမာနှင့် ရှင်းပြနိုင်တယ်။ နွားကျောင်းသားများက ပိုင်ရှင်များစွာတို့ရဲ့ နွားများကို စုပေါင်းကျောင်းကြတော့ ညဉ့်အချိန်မှာ ခြံကြီးတစ်ခုထဲမှာ နွားများကို အိပ်စေတယ်။ နံနက်မိုးလင်းလို့ နွားခြံဖွင့်တဲ့အခါမှာ နွားများက တိုးဝှေ့ပြီး ထွက်ကြမယ်။ ဘယ်နွားက အရင်ထွက်လာမလဲ။

နွားအုပ်ကြီးထဲမှာ နွားအားလုံးက လေးစားတဲ့ နွားခေါင်းဆောင်တစ်ကောင်ရှိရင် ဒီနွားက ဦးဆုံး ထွက်လာလိမ့်မယ်။ အခြားနွားတွေက ဘေးမှာ ရပ်ပြီး နွားခေါင်းဆောင်ကို အရိုအသေပေးကြရမှာကိုး။ နွားခေါင်းဆောင်ထွက်လာတာဟာ ဂရုကကံအကျိုးပေးတာနဲ့တူတယ်။

နွားခေါင်းဆောင်မရှိခဲ့ရင် ခြံတံခါးဝအနီးမှာ ရှိတဲ့ နွားက ပထမဦးဆုံး ထွက်လာလိမ့်မယ်။ ဘာဖြစ်လို့လဲ။ ခြံတံခါးဝနှင့် အနီးကပ်ဆုံး ဖြစ်လို့ပေါ့။ ခြံတံခါးဝနဲ့ အနီးဆုံးနွားထွက်လာတာဟာ သေခါနီးပြုလုပ်တဲ့ သို့မဟုတ် အမှတ်ရတဲ့ အာသန္နကံ အကျိုးပေးတာနဲ့တူတယ်၊ သေတဲ့အချိန်မှာ အကျိုး ပေးရမှာမို့ သေချိန်နဲ့ အနီးဆုံးကံက အကျိုးပေးခွင့်ရသွားတာပဲ။

အာစိဏ္ဏကံ အကျိုးပေးတာ ဘယ်လိုလဲ။ နွားအုပ်ထဲက နွားတစ်ကောင်က အသိဉာဏ်ရှိတယ်၊ သတိဝီရိယရှိတယ်။ သူအိပ်ပြီး နိုးလာတဲ့အခါ ဘယ်အချိန် ခြံတံခါးဖွင့်မှာကို လေ့လာတယ်။ ကြက်တွန်သံ ကြားတယ်၊ ရောင်နီသန်းလာတယ်၊ မကြာမီ တံခါးဖွင့်တယ်။ ဒီလိုသိရပြီးတဲ့အခါ နောက်ညဉ့်မှာ သတိထားတယ်၊ ကြက်တွန်ပြီ၊ ရောင်နီသန်းလာပြီ၊ မကြာမီ တံခါးဖွင့်တော့မှာကို သိလို့ ခြံတံခါးဆီ သူလျှောက်သွားပြီး စောင့်နေတယ်။ တံခါးဖွင့်တဲ့အခါ သူပထမဦးဆုံး ထွက်လာတာပေါ့။ ဒါက အာစိဏ္ဏကံ အကျိုးပေးခွင့်ရတဲ့ ဥပမာပဲ။

ကဋတ္တာကံအကျိုးပေးတာကရော။ အထက်က ဆိုခဲ့ပြီးတဲ့ နွားသုံးမျိုး မရှိဘူးလို့ ဆိုပါတော့၊ နွားများက ခြံတံခါးဝနဲ့ ခပ်လှမ်းလှမ်းမှာ စုအိပ်နေကြတယ်။ တံခါးဖွင့်သံ ကြားတဲ့အခါ အားလုံး ထကြပြီး ခြံတံခါးဝဆီသို့ တိုးဝှေ့သွားကြတယ်။ အားကောင်းမောင်းသန်တဲ့ နွားပျို့နွားပေါက်တို့က ဝုန်းခနဲ-ဒိုင်းခနဲ တိုးထွက်ကြတာပေါ့။ ဒါပေမယ့် သူတို့ရှေ့က ချည့်နဲ့တဲ့ နွားအိုတစ်ကောင်က နှေးနှေးကွေးကွေး သွားနေတယ်၊ သူ့ဘေးမှာလည်း အခြားနွားတွေ ပိတ်ဆို့ခံနေကြတော့ နွားပျို့နွားပေါက်တွေက ချည့်နဲ့တဲ့ နွားအိုကို တွန်းတိုက်ပြီး ရှေ့တိုးကြရတယ်။ ဒါကြောင့် မထင်မှတ်တဲ့ နွားပိန်နွားအိုက ခြံတံခါးဝမှ အရင်ဆုံး ထွက်လာနိုင်ပါတယ်။ ဒါက ကဋတ္တာကံ အကျိုးပေးခွင့်ရဖို့ ဥပမာပါပဲ။

ကဋတ္တာကံအဖြစ် ဆောင်ရွက်နိုင်ကြတဲ့ ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့က စိတ်အစဉ်မှာ အများကြီး ရှိနေတာ။ ဘယ်ကံက အကျိုးပေးမယ်ဆိုတာ မပြောနိုင်ဘူး။ ကုသိုလ်ကံ အကျိုးပေးရင် တော်သေးရဲ့။ အကုသိုလ်ကံတစ်ခု အကျိုးပေးလို့ အပါယ်ကျသွားရင် အပါယ်ကနေ ပြန်တက်ဖို့ မလွယ်တော့ဘူး။ ဒါကြောင့် ဖြစ်ချင်ရာ ဖြစ်ပါစေလို့ ပေါ့ပေါ့ဆဆနေဖို့ မသင့်ဘူး။ ကိုယ်ဖြစ်စေချင်တဲ့ ကုသိုလ်ကံအကျိုးပေးခွင့်ရအောင် အာစိဏ္ဏကံ ပြုလုပ်ထားဖို့ လိုတယ်။ မိမိရဲ့ ဘဝကံကြမ္မာကို မိမိစီမံနိုင်ခွင့်ရှိပါတယ်။

## ကုသိုလ်ကံများပါလျက် အဝီစိကျသူ မလ္လိကာ

သာဝတ္ထိပြည် ကောသလမင်းကြီးရဲ့ မိဖုရားခေါင် မလ္လိကာဟာ ဘုရင်နဲ့ လက်တွဲပြီး ကုသိုလ်ကောင်းမှုတွေ အများကြီး ပြုလုပ်ခဲ့တယ်။ မြတ်စွာဘုရားကို ဘုရင်နှင့် ပြည်သူတို့ ပြိုင်လှူကြတဲ့အခါမှာ မလ္လိကာရဲ့ အစီအစဉ်နဲ့ပဲ ဘုရင်က နိုင်သွားတယ်။ ဒီလိုပြိုင်ဘက်မရှိတဲ့ အလှူကို အသဒိသအလှူလို့ ခေါ်တယ်။

ဒါပေမယ့် မိဖုရားခေါင်က မကောင်းမှုတစ်ခုကို မှတ်မှတ်ရရပြုခဲ့မိတယ်။ သူရေချိုးတဲ့တစ်နေ့မှာ ခွေးထီးတစ်ကောင်က ရေချိုးခန်းထဲ ဝင်လာလို့ ခွေးထီးနဲ့ ပျော်ပါးမိခဲ့တယ်။ သူရေချိုးခန်းထဲမှ ထွက်လာတဲ့အခါ ခွေးထီးက လိုက်ထွက်လာတယ်။ နန်းတော်တံခါးမှ ကြည့်နေတဲ့ ကောသလမင်းက မြင်သွားတော့ မလ္လိကာကို မေးမြန်းတယ်။ မလ္လိကာက သူတစ်ဦးတည်း ရေချိုးခန်းက ထွက်လာတဲ့အကြောင်း၊ ဘုရင် မျက်စိမှားလို့ အမြင်လွဲတာဖြစ်ကြောင်း ငြင်းဆိုပါတယ်။ ဘုရင်က မိဖုရားခေါင်ကို သိပ်ချစ်တော့ မိဖုရားရဲ့စကားကို ယုံကြည်လိုက်ပါတယ်။

မလ္လိကာမိဖုရား ကွယ်လွန်တဲ့အခါမှာ နတ်ရွာမစံရဘူး။ သူပြုထားတဲ့ အကုသိုလ်ကံက အာသန္နကံ သို့မဟုတ် ကဋတ္တာကံအဖြစ် အကျိုးပေးလိုက်တဲ့အတွက် အဝီစိငရဲသို့ ကျရောက်သွားပါတယ်။

ကောသလမင်းကြီးက အလွန်လိမ္မာရေးခြားရှိတဲ့သူ့မိဖုရားခေါင်က နတ်ပြည်မှာ ဘဝသစ်ဖြစ်မယ်လို့ပဲ ယုံကြည်နေတယ်။ ဒါပေမယ့် ပိုသေချာအောင် မြတ်စွာဘုရားကို မေးမယ်ကြံပြီး ဇေတဝန်ကျောင်းသို့ သွားပါတယ်။ မြတ်စွာဘုရားက မလ္လိကာအကြောင်း ဘုရင် မမေးရအောင် မလ္လိကာကို မေ့နေအောင် အဘိညာဏ်တန်ခိုးနဲ့ လုပ်ထားတယ်။ ဒါကြောင့် ကောသလမင်းက ဟိုအကြောင်း ဒီအကြောင်းပြောပြီး ပြန်သွားတယ်။ နန်းတော်ရောက်မှ မလ္လိကာအကြောင်း သတိရလို့ မြတ်စွာဘုရားကို မေးဖို့ နောက်တစ်နေ့ ဇေတဝန်ကျောင်းသွားပြန်တယ်။ ဘုရားက သူ့ကို မေ့

အောင် လုပ်ထားပြန်တယ်။ ဒီအတိုင်းပဲ ခုနစ်ရက်တိတိမေ့နေအောင် လုပ်ထားပြီးတော့ ရှစ်ရက်မြောက်နေ့ကျမှ မြတ်စွာဘုရားက ဘုရင်ကို မေးခွင့်ပေးတယ်။

အဲဒီအချိန်မှာ မလ္လိကာက အဝီစိငရဲမှ လွတ်ပြီး ကုသိုလ်ကံ ထောက်မလို့ တုသိတာနတ်ပြည်ရောက်နေပြီ။ မလ္လိကာမိဖုရားက တုသိတာနတ်ပြည်မှာ နတ်သမီးဖြစ်နေကြောင်း ပြောပြတော့ ကောသလမင်းကြီး အလွန်အားရကျေနပ်သွားပါတယ်။ မလ္လိကာမိဖုရားက အလွန်ကံကောင်းတယ် ဆိုရမယ်။ အဝီစိငရဲကျသွားတာ လူ့အတိုင်းအတာနဲ့ (၇)ရက်သာ ငရဲဆင်းရဲခံရတယ်။ သူပြုလုပ်ထားတဲ့ ကုသိုလ်ကံအများကြီးအထဲက အားကြီးတဲ့ ကုသိုလ်ကံက ဥပဃာတကကံအဖြစ်နဲ့ အဝီစိငရဲကျစေတဲ့ အကုသိုလ်ကံနှင့် ၎င်း၏အကျိုးကို ပယ်ဖြတ်ပြီးတော့ ကုသိုလ်ကံ အကျိုးပေးကာ တုသိတာနတ်ပြည်မှာ ဘဝသစ်ဖြစ်ရတာ ဝမ်းသာရတာပေါ့။ ကုသိုလ်ကံများကလည်း အလွန်အားကိုးလို့ ရပါတယ်။

## ၄ အကျိုးပေးရာ ကာလအစွမ်းအားဖြင့် ကံ ၄ မျိုး

(၁) *ဒိဋ္ဌဓမ္မဝေဒနီယကံ* - မျက်မှောက်ဘဝမှာ အကျိုးပေးတဲ့ကံ၊

(၂) *ဥပပဇ္ဇဝေဒနီယကံ* - နောက်ဖြစ်မယ့်ဘဝမှာ အကျိုးပေးတဲ့ကံ၊

(၃) *အပရာပရိယဝေဒနီယကံ* - မျက်မှောက်ဘဝ, နောက်ဘဝပြီးရင် တတိယဘဝမှ နိဗ္ဗာန်ရောက်ရတဲ့ဘဝတိုင်အောင် ကြားဘဝများ၌ အကျိုးပေးတတ်တဲ့ကံ၊

(၄) *အဟောသိကံ* - အကျိုးပေးခွင့်မရဘဲ အချည်းနှီးဖြစ်သွားတဲ့ကံ။

ကျွန်တော်တို့ ကောင်းမှု သို့မဟုတ် မကောင်းမှုကို ပြုလုပ်တဲ့အခါမှာ ကုသိုလ်စိတ် သို့မဟုတ် အကုသိုလ်စိတ်တို့က ဇောစိတ်များအဖြစ် (၇)ကြိမ် (၇) ကြိမ်ဖြစ်သွားပါတယ်။ ဇောစိတ်ဆိုတာ အာရုံရဲ့အရသာကို ခံစားပြီး အရှိန်အဟုန်နဲ့ ဖြစ်သွားတဲ့စိတ်များဖြစ်ကြတယ်။ စိတ်အစဉ်အတန်း(ဝီထိ) တစ်ခုစီမှာ ဇောစိတ်က (၇)ကြိမ် ဖြစ်ရိုးရှိတယ်။

ဇော(၇)ကြိမ်အနက် ပထမဇောက ရှေ့ဇောရဲ့ အထောက်အပံ့မရလို့ အားအနည်းဆုံးဖြစ်တယ်။ ပထမဇောစိတ်နဲ့ ယှဉ်တဲ့ စေတနာကို 'ဒိဋ္ဌဓမ္မ ဝေဒနီယကံ' လို့ ခေါ်တယ်။ ဒီကံက ဒီဘဝမှာတင် ရင့်ကျက်ပြီး အကျိုးပေးနိုင်တယ်။ သတ္တမဇောကတော့ ရှေ့ရှေ့ဇောတို့ရဲ့ အထောက်အပံ့ရလို့ အားအကြီးဆုံးဖြစ်တယ်။ သတ္တမဇောစိတ်နဲ့ ယှဉ်တဲ့ စေတနာကို 'ဥပပဇ္ဇဝေဒနီယကံ' လို့ ခေါ်တယ်။ ဒီကံတို့က နောက်ဘဝမှာ ရင့်ကျက်ပြီး အကျိုးပေးနိုင်တယ်။ အလယ်ဇောစိတ် ၅-ခုတို့နဲ့ ယှဉ်တဲ့ စေတနာများကို 'အပရာပရိယဝေဒနီယကံများ' လို့ ခေါ်တယ်။ ဒီကံတို့က ဒုတိယအနာဂတ်ဘဝမှစပြီး ရဟန္တာဖြစ်တဲ့ ဘဝတိုင်အောင် သင့်လျော်တဲ့ အချိန်အခါမှာ ရင့်ကျက်ပြီး အကျိုးပေးနိုင်တယ်။

ပထမကံနှစ်မျိုးတို့ဟာ သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်းမှာ အကျိုးပေးခွင့် မရရင် "အဟောသိကံများ" ဖြစ်သွားကြလိမ့်မယ်။

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ - *မျက်မှောက်ဘဝမှာ အကျိုးပေးတဲ့ကံ*

လက်ဖျစ်တစ်တွက်မှာ စိတ်ကုဋေတစ်သိန်းကျော်ဖြစ်ပြီး စိတ် အစဉ်အတန်း(ဝီထိ)တစ်ခုမှာ စိတ် ၁၇ လုံးလောက်ပါတော့ စိတ်ကုဋေတစ်သိန်းမှာ ဝီထိပေါင်း ကုဋေ ၅၀၀၀ ကျော် ပါရှိတယ်။ ဝီထိ ကုဋေ ၅၀၀၀ မှာ ပထမဇော စေတနာတွေက ကုဋေ ၅၀၀၀၊ သတ္တမဇောစေတနာကလည်း ကုဋေ ၅၀၀၀၊ အလယ်ဇော ငါးချက် စေတနာများက ကုဋေ ၅၀၀၀ × ၅ = ၂၅၀၀၀ ရှိလိမ့်မယ်။

ဒါကြောင့် ဘုရားကိုတစ်ချက် ဦးချတဲ့အချိန် သို့မဟုတ် ခြင်တစ်ကောင်ရိုက်တဲ့အချိန်အတွင်းမှာ ဒိဋ္ဌဓမ္မဝေဒနီယကံတွေက ကုဋေ ၅၀၀၀၊ ဥပပဇ္ဇဝေဒနီယကံတွေလည်း ကုဋေ ၅၀၀၀၊ အပရာပရိယဝေဒနီယကံတွေက ကုဋေ ၂၅၀၀၀ အနည်းဆုံး ဖြစ်သွားကြလိမ့်မယ်။ ဒိဋ္ဌဓမ္မဝေဒနီယကံများက မျက်မှောက်ဘဝမှာ အကျိုးပေးကြပြီး အကျိုးပေးခွင့်မရရင် အဟောသိကံ ဖြစ်သွားကြမယ်။

ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးတဲ့ သာဓကများကို ဖော်ပြရရင် ကဿပဘုရားရှင်ကို ဆွမ်းလှူခွင့်ရလိုက်တဲ့ မဟာဒုက်ဟာ ချက်ချင်း လက်ငင်း သူဌေးဖြစ်ပါတယ်။ ဂေါတမဘုရားရှင်လက်ထက်မှာ နိရောဓ သမာပတ်မှ ထလာတဲ့ အရှင်သာရိပုတ္တရာကို ဆွမ်းလှူဒါန်းရလို့ ပုဏ္ဏ အမည်ရှိတဲ့ ဆင်းရဲသားနဲ့ဇနီးတို့ဟာ လယ်ထွန်စာတွေ ရွှေတုံးများ ဖြစ်ပြီး သူဌေးကြီးဘဝသို့ ရောက်သွားကြတယ်။

သာဝတ္ထိပြည်မှာ "နေပူကျဲကျဲ၊ ဝက်သိုက်ထဲဝယ်၊ အိုးတစ်လုံး ဖျာ မရှိ ဘူမိကမ္ဗလာ၊ မြေမွေ့ရာထက်စံပျော်ကြရတဲ့ "ကာကဝလိယမောင်နှံ" တို့ဟာ နိရောဓသမာပတ်မှ ထလာတဲ့ အရှင်မဟာကဿပကို ယာဂုဆွမ်း လှူဒါန်းရတဲ့ အကျိုးကြောင့် ခုနစ်ရက်အတွင်း ရွှေအိုးများ ရပြီး သူဌေးကြီး အဖြစ်ကို ရရှိကြပါတယ်။

နန္ဒလုလင်ဟာ ဥပလ္လဝဏ်ထေရီကို မတရားလွန်ကျူးမိတဲ့အတွက် ချက်ချင်း မြေမျိုခံရပါတယ်။ နွားသတ်သမားစုန္ဒဟာ ထမင်းပွဲမှာ အမဲ သားဟင်းမပါရင် မစားတတ်လို့ နွားအရှင်တစ်ကောင်ရဲ့ လျှာကို ဖြတ်ပြီး ကင်စားတယ်။ သူစားနေတုန်းမှာ သူ့လျှာ ပြတ်ကျပါတယ်။

မျက်မှောက်ကာလမှာလည်း သတိထားရင် သာဓကတွေ အများကြီး တွေ့ရမှာပါ။ ခိုးမှု၊ မုဒိမ်းမှု၊ လူသတ်မှုစတဲ့ ရာဇဝတ်မှု ကျူးလွန်သူများဟာ တရားဥပဒေကထိုက်သင့်တဲ့ အပြစ်ဒဏ်များပေးတာကို ခံယူရလို့ မကောင်း မှုရဲ့ မကောင်းကျိုးများကို ချက်ချင်း လက်ငင်းရရှိနေတာနဲ့ တူပါတယ်။

## ဝိပါက်ကြမ္မာ မပြေးရှောင်သာ

မြတ်မင်္ဂလာ အတွဲ ၅ အမှတ် ၈ မှာ ပါလာတဲ့ ဆောင်းပါးတစ်ပုဒ်က စိတ်ဝင်စားဖွယ်ကောင်းပါတယ်။ သထုံမြို့နယ် ဒူးရင်းဆိပ်ရွာက ဒေါ်မာပု ဟာ အထက်နှုတ်ခမ်းကွဲနေလို့ စကားမပီဘူး။ တံငါများ ဖမ်းမိလာတဲ့ ငါးများကို ဒေါ်မာပုက ရွာလည်ရောင်းရတယ်။ ငါးရောင်းတာလည်း အော်မှ လူတွေ ကြားရတာမို့ "ငါးယူရအုံးမရားယို့"လို့ မပီကလာ အော်တယ်။

ကာလသား ကိုသန်းထွန်းက ဒေါ်မာပုအော်သလို လိုက်အော်ပြီး နောက်ပြောင်တယ်။ ဒေါ်မာပုက စိတ်မချမ်းသာပေမယ့် ဆင်းရဲသူမို့ ပြန်မပြောနိုင်ရှာဘူး။

ကိုသန်းထွန်းရဲ့ ဇနီးမှာ ကိုယ်ဝန်အရင့်အမာရှိပြီး သားကလေး မွေးတော့ အထက်နှုတ်ခမ်းကွဲလာတယ်။ စကားပြောတတ်တဲ့အရွယ်မှာ စကားမပီဘဲ ဒေါ်မာပုပြောတဲ့အတိုင်း ပြောပါတော့တယ်။ ကိုသန်းထွန်း ဇနီးမောင်နှံက နောက် သားတစ်ယောက် ထပ်ရတယ်။ သားငယ်က အင်္ဂါစုံပေမယ့် အစ်ကိုနဲ့ တူတူကစားတော့ အစ်ကိုပြောတဲ့ စကားမပီကလာပဲ ပြောတတ်တော့တယ်။ ကိုသန်းထွန်းတို့ ဆင်းရဲလာလို့ ဇနီးက မုန့်ပစ်စလက် လုပ်ရောင်းရတယ်။ အိမ်ရှေ့မှာ ရောင်းတာ မကုန်လို့ ၆နှစ်အရွယ်လောက်ရှိလာတဲ့ သားကြီးကို ကျောင်းမှ ပြန်လာတဲ့အခါ ရွာလည်ရောင်းစေရတယ်။ သားကြီးက ရှက်ရှက်နဲ့ လည်ရောင်းရတာ၊ "ယုန့်ယူရအုံးမရားယို့" လို့ အော်ရတယ်။

ဒီလိုအော်တာကို ကိုမြင့်ဌေးဆိုသူက လှောင်ပြောင်ချင်လို့ လိုက်အော်တယ်။ ကလေးက ရှက်ပြီး ငိုတယ်။ မကြာပါဘူး။ ကိုမြင့်ဌေးဇနီးက သမီးကလေးမွေးတာ သမီးကလည်း အထက်နှုတ်ခမ်းကွဲပြီး စကားမပီတော့ဘူး။ *"ဝိပါက်ကြမ္မာ မပြေးရှောင်သာ"*.*"ဝစီဗေဒ ထိတိုင်းရှ"* ဆိုရိုးစကားများလို မျက်မှောက်ဘဝမှာတင်ပဲ မကောင်းမှုကံက မကောင်းကျိုးပေးတာ အလွန်ကြောက်စရာ ကောင်းပါတယ်။

## အလှူရဲတော့ အကျိုးမြတယ်

ကုသိုလ်ကောင်းမှု ပြုလုပ်သူများလည်း လက်ငင်းအကျိုးရကြပါတယ်။ ကျွန်တော် ကချင်ပြည်နယ်ကို တရားဟောထွက်တော့ မြစ်ကြီးနားမြို့မှာ ကိုထွန်းထွန်း၊ မဝေဝေတို့နှင့် တွေ့ဆုံသိကျွမ်းရတယ်။ ကိုထွန်းထွန်းက မြေပြန့်သား, ဗုဒ္ဓဘာသာ။ မဝေဝေက မြစ်ကြီးနားသူ, ခရစ်ယာန်။ လူငယ်ချင်းမေတ္တာမျှပြီး လက်ထပ်ကြတယ်။ ပြီးတော့ မြစ်ကြီးနားမြို့

အရှေ့ဘက် ၁၅မိုင်လောက် ဝေးတဲ့ ဖားကန့်ရတနာမြေမှာ မြေတစ်ကွက် ရယူပြီး ရတနာတူးကြတယ်။ ကိုယ်တိုင်တူးကြတာ ဘာရတနာမှ မတွေ့ ရသေးဘူး။

ဖားကန့်သို့ ရဟန်းတစ်ပါးကြွလာလို့ စာရေးတံမဲနှိုက်တာ ကိုထွန်းထွန်းတို့ မဲပေါက်ပြီး ဆွမ်းကျွေးတယ်။ ရက်သတ္တတစ်ပတ်လောက် ကြာတော့ မဝေဝေက ဘုန်းကြီးတစ်ပါး ဆွမ်းခံတာတွေ့လို့ "ဆွမ်းရရဲ့လား"လို့ မေးတယ်။

"ဘုန်းကြီးက အာဂန္တု ဧည့်သည်ဖြစ်လို့ ဆွမ်းကိစ္စ အဆင်မပြေသေးဘူး"လို့ ဖြေတယ်။

"ဒီလိုဆိုရင် မနက်ဖြန် ကျွန်မတို့အိမ်မှာ ဆွမ်းစားကြွပါ" လို့ မဝေဝေကို ဖိတ်ကြားလိုက်တယ်။

ကိုထွန်းထွန်းကြားသိရတော့ သိပ်ဝမ်းသာတယ်။ ဇနီးမောင်နှံ ဝမ်းမြောက်ဝမ်းသာ ဆွမ်းချက်ပြီး လှူဒါန်းကြတယ်။ အဲဒီနောက် မကြာမီမှာပဲ ကိုထွန်းထွန်းတို့ ပတ္တမြားရတနာတွေ စတွေ့တယ်။ မြစ်ကြီးနားမြို့ကို ပြန်လာတော့ ပြည်နယ်သံဃာ့ဥက္ကဋ္ဌ ဝန်းသိုဆရာတော်ဘုရား ကျောင်းဆောက်နေတာကို သိရတော့ ကိုထွန်းထွန်းတို့က "ကျောင်းလှူပါရစေ"လို့ လျှောက်ထားတယ်။ နှစ်ထပ်ကျောင်းတော်ကြီး ကုန်ကျသမျှကို ကိုထွန်းထွန်းတို့ လှူဒါန်းတဲ့အပြင် ပါဂျရိုးကားတစ်စီးကိုပါ ဆရာတော်အား လှူဒါန်းကြတယ်။ လှူဒါန်းရင်း ကျောက်မျက်ရတနာတွေ တွေ့ရင်းနဲ့ ကိုထွန်းထွန်း မဝေဝေတို့ ချမ်းသာလာကြပါတယ်။ ဒါနရဲ့အကျိုးကျေးဇူးဟာလည်း အံ့မခန်းအောင် ကြီးကျယ်ပါတယ်။

(၂) ဥပပဇ္ဇဝေဒနီယကံ - *နောက်ဘဝမှာ အကျိုးပေးတဲ့ကံ*

စိတ်အစဉ်အတန်းတစ်ခုစီမှာ ဇော(၇)ကြိမ်ဖြစ်တဲ့အနက် သတ္တမဇောစိတ်နဲ့ ယှဉ်တဲ့ စေတနာကို ဥပပဇ္ဇဝေဒနီယကံလို့ ခေါ်တယ်။ ဒီဇောစိတ်က အားကြီးလို့ စေတနာချုပ်ငြိမ်းလို့ ကျန်ရစ်တဲ့ ကံသတ္တိကလည်း အားကြီး

ပါတယ်။ ဒီဘဝမှ သေလွန်တဲ့အခါ ဥပပဇ္ဇဝေဒနီယကံအဖြစ်နဲ့ နောက်ဘဝ ဖြစ်အောင် အကျိုးပေးပါတယ်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ ဘုရားသီတင်းသုံးတဲ့အခါ နံနက် မိုးသောက်ယံမှာ ဗုဒ္ဓစက္ခုနဲ့ အာရုံယူကြည့်တော့ လမ်းမကြီးပေါ်မှာ တောင်ဝှေးအကူနဲ့ လမ်းလျှောက်လာနေတဲ့ သူအိုမ စဏ္ဍာလီကို တွေ့ တယ်။ ဆင်းရဲနွမ်းပါးလို့ တောင်းစားနေရသူပါ။ ဘာကုသိုလ်ကောင်းမှုမှ မပြုလုပ်ထားတော့ သေရင် အပါယ်ကျမယ်၊ မကြာခင် သေတော့မယ် ဆိုတာကို ဘုရားမြင်သိတော်မူတယ်။

ဒါကြောင့် စဏ္ဍာလီနဲ့ မြို့ထွက်လမ်းမှာ ဆုံတွေ့အောင် ဘုရားဆွမ်းခံ ကြွလာတယ်။ စဏ္ဍာလီနဲ့ဆုံတော့ စဏ္ဍာလီရှေ့တည့်တည့်မှာ ဘုရား ရပ်နေတော်မူတယ်။ စဏ္ဍာလီက တောင်ဝှေးအကူနဲ့ ရပ်တန့်ပြီး ဘုရားကို ငေးကြည့်တယ်။ ဘုရားမှန်း သူမသိဘူး။ ဘုရားနောက်တော်က ပါလာ တဲ့ အရှင်မဟာမောဂ္ဂလာန်က မြတ်စွာဘုရားရဲ့ စိတ်အကြံကို သိတော့ စဏ္ဍာလီကို တိုက်တွန်းတယ်။

"အသင်စဏ္ဍာလီ၊ မြတ်စွာဘုရားက သင့်ကို ချီးမြှောက်ချင်လို့ ရပ်နေ တော်မူတယ်။ သင်မကြာခင် သေပြီး အပါယ်ကျရောက်ရဖို့ ရှိတယ်။ ဒါ ကြောင့် ဘုရားကို ရှိခိုးကြည်ညိုလိုက်ပါ"

အဲဒီတော့မှ စဏ္ဍာလီက မြတ်စွာဘုရားကို စူးစိုက်ကြည့်ပြီး "ဩော်-ဘုရားဆိုတာ သိပ်ကြည်ညိုဖို့ ကောင်းပါလား"လို့ ကြည်ညို စိတ်ဖြစ်သွားတယ်။ ဘုရားကို ကြည်ညိုရင် ကုသိုလ်စိတ်တွေ ကုဋေသိန်းချီ ဖြစ်ပြီး ကုသိုလ်ကံမြောက်မြားစွာ ကျန်ရစ်မယ်၊ သတ္တမဇောနဲ့ ယှဉ်တဲ့ ဥပပဇ္ဇဝေဒနီယကံက သေရင် အကျိုးပေးတော့မှာကို မြတ်စွာဘုရား သိ တော်မူလို့ ဆွမ်းခံ ဆက်ကြွပါတယ်။

စဏ္ဍာလီက တောင်ဝှေးထောက်ရင်း ဆက်သွားတာ နို့စို့နွားသားငယ် ရှိတဲ့ နွားမက သူ့သားကို အန္တရာယ်ပြုမယ်ထင်လို့ ပြေးဝှေ့လိုက်တာ စဏ္ဍာ

လီ သေရှာပါတယ်။ သေတာနဲ့ တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ ဧရာမဗိမာန်ကြီးရဲ့ သခင်မနတ်သမီးဖြစ်ရပါတယ်။ ဘုရားကို ကြည်ညိုဖို့ သူ့ကို တိုက်တွန်းခဲ့တဲ့ အရှင်မဟာမောဂ္ဂလာန်ကို သူလာကန်တော့ပြီး ကျေး ဇူးတင်ကြောင်း ပြောကြားပါတယ်။

သောတာပန်ဖခင် ဗိမ္ဗိသာရမင်းကို သတ်ပြီး နန်းတက်တဲ့ အဇာတသတ်မင်းက သူ့သားလုပ်ကြံလို့ သေရတယ်။ ကံတူအကျိုးပေးတာပေါ့။ သေပြီးတော့ ငရဲကျတယ်။ အဖေသတ်တဲ့ ဥပပဇ္ဇဝေဒနီယကံတစ်ခုက အကျိုးပေးလို့ ငရဲကျတာပါပဲ။ သူ့ဆရာဒေဝဒတ်ကလည်း ဘုရားသွေးစိမ်းတည်အောင် လုပ်တယ်၊ သံဃာသင်းခွဲတယ်။ ဒီအကုသိုလ်ဂရုကကံက ဥပပဇ္ဇဝေဒနီယကံအဖြစ် အကျိုးပေးလို့ သူအဝီစိငရဲသို့ ကျရောက်သွားပါတယ်။

(၃) အပရာပရိယဝေဒနီယကံ - ဘဝဆက်တိုင်း အကျိုးပေး တတ်တဲ့ကံ

စိတ်အစဉ်အတန်း (ဝီထိ) တစ်ခုစီမှာပါတဲ့ အလယ်ဇောငါးခုနဲ့ ယှဉ်တဲ့ စေတနာများကို အပရာပရိယဝေဒနီယကံလို့ ခေါ်တယ်။ ဒီကံတွေက ဒိဋ္ဌဓမ္မဝေဒနီယကံတို့ထက် ပိုအားကြီးပြီး အရေအတွက်ကလည်း ငါးဆရှိတယ်။ ဒါကြောင့် ယခုဘဝနှင့် နောက်ဘဝပြီးရင် တတိယဘဝမှ နိဗ္ဗာန်ရတဲ့ဘဝတိုင်အောင် ဘဝများစွာမှာ အကျိုးပေးသွားနိုင်တယ်။

မြတ်စွာဘုရားက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမှာ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီကုသိုလ်ကံများရဲ့ အကျိုးတို့ကို နောက်ဆုံး ဘုရားဖြစ်တဲ့ဘဝအထိ ခံစားရပါတယ်။ အချို့ ဘဝမှာ မကောင်းမှုပြုခဲ့တဲ့အတွက်ကြောင့်လည်း ခေါင်းကိုက်ခြင်း၊ ခါးနာခြင်း၊ ဝမ်းလျှောခြင်းစတဲ့ ဝိပါက်များကို ဘုရားဖြစ်တာတောင် ခံစားရသေးတယ်။

လက်ဝဲရံအဂ္ဂသာဝကဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်ဟာ မြတ်စွာဘုရားပြီးလျှင် တန်ခိုးအကြီးဆုံးပုဂ္ဂိုလ်လို့ မှတ်ယူရမယ့် တန်ခိုးတေဒဂ်

ရှင်ဖြစ်ပေတယ်။ မထေရ်မြတ်က သိကြားမင်းရဲ့ ဝေဇယန္တာဗိမာန်ကြီးကို ခြေမနဲ့ လှုပ်ခါနိုင်စွမ်းရှိတယ်။ တန်ခိုးကြီးတဲ့ နန္ဒောပနန္ဒနဂါးမင်းကိုလည်း နှိမ်နင်းနိုင်တယ်။ ဤမျှ တန်ခိုးကြီးပါသော်လည်း ခိုးသားငါးရာတို့က သူ့ကို ရိုက်သတ်တာကို သူမတားမြစ်နိုင်ခဲ့ဘူး။ ဘာကြောင့်လဲ။

ရာဇဂြိုဟ်ပြည်မှာ တိတ္ထိငါးရာတို့ စည်းဝေးတိုင်ပင်ကြတယ်။

"ရဟန်းဂေါတမမှာ ပူဇော်သက္ကာရ ပေါများတာ မဟာမောဂ္ဂလာန်ကြောင့်ပဲ။ မဟာမောဂ္ဂလာန်က နတ်ပြည်များသို့ တက်ပြီး နတ်သားနတ်သမီးများကို မေးတယ်။ 'သင်တို့ ဘာကောင်းမှုတွေ လုပ်ခဲ့လို့ ဒီလို ကြီးကျယ်တဲ့ နတ်စည်းစိမ်ကို ရသလဲ'၊ နတ်သားနတ်သမီးတွေ ဖြေတာကို မဟာမောဂ္ဂလာန်က လူ့ပြည်မှာ ပြန်ဟောတယ်။ သူက ပြိတ္တာဘုံ၊ ငရဲဘုံများသို့လည်း သွားပြီး 'သင်တို့ ဘာလုပ်ခဲ့လို့ ယခုလို ဆင်းရဲဒုက္ခရောက်နေရတာလဲ'လို့ မေးတယ်။ ပြိတ္တာများ, ငရဲသားများက မကောင်းမှုတွေ ပြုလုပ်ခဲ့လို့ ဆင်းရဲခံနေရတဲ့အကြောင်း ဖြေကြားချက်များကို မောဂ္ဂလာန်က လူ့ပြည်မှာ ပြန်ဟောတယ်။

"ဒါကြောင့် လူများက ကံ-ကံရဲ့အကျိုးရှိတာကို သက်ဝင်ယုံကြည်ပြီးတော့ ရဟန်းဂေါတမကို ပိုပြီး ရှိခိုးပူဇော်ကြတာပဲ။ အကယ်၍ မောဂ္ဂလာန်ကို ငါတို့ သတ်နိုင်ရင် ရဟန်းဂေါတမကို ပူဇော်နေကြတဲ့ လာဘ်လာဘတွေ အားလုံးဟာ ငါတို့ဆီ ရောက်လာကြလိမ့်မယ်။ မောဂ္ဂလာန်ကိုသတ်ဖို့ သင် တို့ သဘောတူကြသလား"

တိတ္ထိအားလုံးက လာဘ်ပူဇော်သက္ကာရများကို လိုချင်တော့ သဘောတူကြတယ်။ သူတို့က အသပြာတစ်ထောင်စုဆောင်းပြီးတော့ ခိုးသူငါးရာတို့ကို ပေးတယ်။ ခိုးသူတို့ကလည်း ငွေမက်တော့ မဟာမောဂ္ဂလာန်ကို သတ်ဖို့ သဘောတူကြတယ်။

ခိုးသူတို့ဟာ မဟာမောဂ္ဂလာန်သီတင်းသုံးတဲ့ ဣသိဂိလိတောင် ကာလသီလကျောက်ဖျာထက်ရှိ ကျောင်းသို့ သွားပြီး ဝန်းရံကြတယ်။

မထေရ်ကသိတော့ အဘိညာဏ်တန်ခိုးနဲ့ သော့ပေါက်မှ ထွက်ခွာသွားတယ်။ ခိုးသူတို့က ငွေလက်ခံပြီးဖြစ်လို့ တာဝန်ကျေအောင် နေ့စဉ်ကျောင်းကို ဝိုင်းတယ်။ သုံးလတွင်းသို့ ရောက်လာပြီ။ အဲဒီတော့ မထေရ်က ဆင်ခြင်ကြည့်တယ်။

အတိတ်က မိမိပြုခဲ့တဲ့ မကောင်းမှု ဂရုကကံ ထပ်မံအကျိုးပေးလာတာကို မိမိရဲ့ အဘိညာဏ်တန်ခိုးနဲ့ မတားဆီးနိုင်ဘူး။ ထွက်ပြေးတိမ်းရှောင်လို့လည်း မလွတ်နိုင်ဘူးဆိုတာကို မထေရ်ဆင်ခြင်မြင်သိလာတယ်။ ဒါကြောင့် တိမ်းရှောင်ခြင်း မပြုတော့ဘဲ အဖမ်းခံလိုက်ပါတယ်။

ခိုးသူငါးရာက မထေရ်ကို ဖမ်းပြီး တုတ်နဲ့ ဝိုင်းရိုက်ကြတယ်။ အရိုးတွေအားလုံး ဆန်ကွဲပမာဏလောက် ကြေညက်သွားတဲ့အထိ ရိုက်ကြတယ်။ ပြီးတော့ မထေရ်သေပြီလို့ ထင်မှတ်ကာ မထေရ်ကို ချုံထက်သို့ စွန့်ပစ်ပြီး ဖဲခွာသွားကြတယ်။

မထေရ်မြတ်က မိမိရဲ့ ခန္ဓာကိုယ်အတ္တဘောကို စျာန်ဆိုတဲ့ကြိုးဖြင့် မြဲမြံအောင် ရစ်ပတ်နှောင်ဖွဲ့ပြီးတော့ ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရားထံ ကြွသွားတော်မူတယ်။ မြတ်စွာဘုရားကို ရှိခိုးဦးတင်ပြီးတော့ "အရှင်မြတ်ဘုရား၊ တပည့်တော်အား ပရိနိဗ္ဗာန်စံခွင့်ပြုတော်မူပါ"လို့ လျှောက်ထားတယ်။

"အဘယ်အရပ်မှာ သင်ပရိနိဗ္ဗာန်ပြုမလဲ"ဘုရားမေးတော့

"ကာလသီလအရပ်မှာ ပရိနိဗ္ဗာန်ပြုပါမယ်"လို့ မထေရ်ဖြေတယ်။

"ချစ်သား မောဂ္ဂလာန်၊ ငါဘုရားကို တရားဟောပြီးတော့ သွားပါလော့။ ယခုအခါ သင်ချစ်သားကို မြင်တွေ့ရခြင်းဟာ နောက်ဆုံးအကြိမ် မြင်တွေ့ ရခြင်းပါပဲ"

"ကောင်းပါပြီ အရှင်မြတ်ဘုရား"

မထေရ်မြတ်က မြတ်စွာဘုရားကို ရှိခိုးပြီး ထန်းတစ်ဆင့်အမြင့်သို့ ပျံတက်တယ်။ တစ်ဖန်ဆင်းလာပြီး ဘုရားရှင်ကို ရှိခိုးပြီးတော့ ထန်းနှစ်ဆင့်

အမြင့်သို့ ပျံတက်တယ်။ ထို့နောက် ထန်းသုံးဆင့်၊ ထန်းလေးဆင့်၊ ထန်းငါးဆင့်၊ ထန်းခြောက်ဆင့်၊ ထန်းခုနစ်ဆင့်အမြင့်သို့ ပျံတက်ပြီး ကောင်းကင်မှာ ရပ်တည်လျက် အထူးထူးအပြားပြား များစွာသော တန်ခိုးဣဒ္ဓိပါဒ်ကို ပြတော်မူတယ်။ ပြီးတော့ တရားဟောကြားတော်မူတယ်။ ပြီးတော့ ဘုရားရှင်ကို ရှိခိုးပြီး ကာလသီလအရပ်သို့ ကြွတော်မူကာ ပရိနိဗ္ဗာန်ပြုတော်မူပါတယ်။ ကံအကျိုးပေးလာတာကို ဘယ်လိုမှ ပြေးမလွတ်နိုင်ပါလား။

## ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံ ပြန်လာတယ်

မဟာမောဂ္ဂလာန်မထေရ်မြတ် ဘာကြောင့် အရိုးညက်ညက်ကြေအောင် အရိုက်ခံရသလဲ၊ မထေရ်က အံ့ခမန်းလိလိ တန်ခိုးကြီးပါလျက် ဘာကြောင့် မတားနိုင်ရသလဲ။

"မဟာမောဂ္ဂလာန်မထေရ်ကို ခိုးသူတို့ ရိုက်သတ်လိုက်ပြီ" ဆိုတဲ့ သတင်းစကားဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ပျံ့နှံ့သွားတယ်။ ရာဇဂြိုဟ်ပြည့်ရှင်အဇာတသတ်မင်းက သူလျှိုများ စေလွှတ်ပြီး စုံစမ်းစေတယ်။ ခိုးသူတို့က အရက်ဆိုင်မှာ အရက်မူးပြီး ရန်ဖြစ်ကြလို့ မထေရ်မြတ်ကို သူတို့ ရိုက် သတ်ခဲ့ကြောင်း ပေါ်လာတယ်။

အဇာတသတ်မင်းက ခိုးသူငါးရာနှင့် တိတ္ထိငါးရာတို့ကို ဖမ်းစေပြီးတော့ မင်းရင်ပြင်မှာ ချက်အထိ မြေမြှုပ်စေတယ်။ ကောက်ရိုးနဲ့ ဖုံးအုပ်စေပြီးတော့ မီးရှို့စေတယ်။ ပြီးတော့ သံထွန်သွားတို့ဖြင့် ထွန်စေတဲ့အတွက် ရာဇဝတ်သားတို့ဟာ အပိုင်းပိုင်းအတုံးအတုံး ဖြစ်သွားကြတယ်။

"ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ၊ ကိုယ့်ထံပြန်လာတာ" ကြောက်စရာကြီးပေပဲ။ ဒိဋ္ဌဓမ္မဝေဒနီယအကုသိုလ်ကံက ချက်ချင်းလက်ငင်း မကောင်းကျိုးပေးလိုက်တာပဲ။ မဟာမောဂ္ဂလာန်ကကော ဘယ်လိုကံ ပြုထားခဲ့သလဲ။

ရဟန်းများဟာ တရားသဘင်မှာ စုဆုံကြတော့ "မဟာမောဂ္ဂလာန်မထေရ်က မိမိနဲ့ မလျော်ကန် မလျောက်ပတ်တဲ့ နည်းဖြင့် သေရပေတယ်" လို့ ပြောဆိုကြတယ်။ မြတ်စွာဘုရား ကြွလာပြီးတော့ "ငါ့သားတော် မဟာ

မော်ဂ္ဂလာန်ဟာ ရှေးကပြုခဲ့တဲ့ မကောင်းမှုကံနှင့် သင့်လျော်လျောက်ပတ်တဲ့ နည်းဖြင့် သေရပေတယ်"လို့ မိန့်တော်မူပြီး အတိတ်အကြောင်းကို ဆောင်ပြတော်မူတယ်။

ရှေး ဗာရာဏသီပြည်မှာ အမျိုးကောင်းသားတစ်ယောက်ဟာ မျက်မမြင် မိဘနှစ်ပါးကို ကိုယ်တိုင်ပြုစုလုပ်ကျွေးနေတယ်။

"ချစ်သား သင်တစ်ယောက်တည်း တောမှာရော အိမ်မှာရော အလုပ်လုပ်နေရတာ ပင်ပန်းလှပါတယ်။ အမျိုးသမီးတစ်ယောက်ကို ဆောင် ယူပါ"

"အို-မိခင်ဖခင်တို့ သားအိမ်ထောင်မပြုလိုပါ၊ မိခင်ဖခင်တို့ အသက်ရှင်နေသရွေ့ ကာလပတ်လုံး သားကိုယ်တိုင် ပြုစုလုပ်ကျွေးချင်ပါတယ်"

မိဘတို့က အဖန်ဖန်အထပ်ထပ် အစဉ်မပြတ် သားကို တောင်းပန်တိုက်တွန်းပြီး သတို့သမီးငယ်တစ်ယောက်ကို ဆောင်ယူကြတယ်။ သတို့သမီးက ရက်အနည်းငယ် မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးရရင်ပဲ မကြည်ဖြူ မကြည့်ချင်တော့ဘူး။

"အမောင်ချစ်လင်-သင့်မိဘနှစ်ပါးနှင့်အတူ တစ်အိမ်တည်းမှာ မနေနိုင်ပါ"လို့ ဖြားယောင်းဖျောင်းဖျကာ ပြောဆိုတယ်။ လင်ယောကျ်ားက ဇနီးစကားမနာယူဘူး။ အဲဒီတော့ လင်ယောကျ်ားမရှိခိုက် ဇနီးက တစ်အိမ် လုံး ယာဂုဖတ်တွေ အမြှုပ်တွေ ကြဲဖြန့်လိမ်းကျံထားတယ်။

ယောကျ်ားပြန်လာတဲ့အခါ "ဘယ်သူလုပ်ထားတာလဲ"လို့ မေးတော့ "ဘယ်သူလုပ်ရမှာလဲ၊ မျက်ကန်းအဘိုးကြီး အဘွားကြီးတွေ လုပ်တာပေါ့၊ သူတို့နဲ့အတူ တစ်အိမ်တည်းမှာ ကျွန်မ မနေနိုင်တော့ပါ"လို့ ဇနီးက ဆိုတယ်။

ဒီလို အထပ်ထပ်အခါခါ ပြောဆိုတော့ ယောကျ်ားက မိန်းမစကားကို ယုံလာပြီးတော့ မိန်းမကို တဏှာနဲ့ တပ်မက်တဲ့ ဇောနဲ့ မောဟအမှောင်ဖုံးကာ မြင့်မိုရ်တောင်မက ကျေးဇူးကြီးမားလှတဲ့ မိဘတို့ကို အပြစ်မြင်

လာတယ်။ မုန်းစိတ်ဝင်လာတယ်။ ဒါကြောင့် "ဆွေမျိုးတွေဆီ သွားကြမယ်"လို့ ပြောဆိုပြီး မိဘနှစ်ပါးကို လှည်းယာဉ်ပေါ် တင်ကာ တောအုပ်သို့ သွားတယ်။ တောအုပ်အလယ်ရောက်တော့ ယောက်ျားက မိမိအသံကို ဖောက်ပြန်လှည့်ပတ်ပြီး ခိုးသူတို့ ထကြွတဲ့အသံကို ပြုတယ်။

မျက်မမြင်မိဘနှစ်ပါးတို့က ခိုးသူတွေ ဝိုင်းလာပြီအထင်ဖြင့် "အိုချစ်သား၊ သင်ဘေးမှ လွတ်အောင်ထွက်ပြေးပါ၊ ငါတို့ကို မငဲ့ပါနဲ့၊ ငါတို့က အိုမင်းကြပြီ။ သင့်ကိုယ်ကို ဘေးမှ လွတ်အောင် စောင့်ရှောက်ပါ"လို့ အော်ပြောကြတယ်။

မိဘနှစ်ပါးက သားကို ချစ်တဲ့စိတ်နဲ့ သို့ကလောက် အော်ဟစ်ပါသော်လည်း ထိုယောက်ျားက *"မဘက်လိုက်တော့ မိုက်ဘက်ပါ"* ကာ ရက်စက်ကြမ်းကြုတ်စွာ မိဘတို့ကို ရိုက်သတ်ပြီး တောအုပ်မှာ စွန့်ပစ်ခဲ့ပါတယ်။

ဒီယောက်ျားဟာ အမိအဖတို့ကို သတ်ခြင်း ဆိုတဲ့ ပဉ္စာနန္တရိယကံကြောင့် သေလွန်တဲ့အခါ အဝီစိငရဲသို့ ကျရောက်ပြီး နှစ်သိန်းပေါင်းများစွာ အလွန်ဆင်းရဲပင်ပန်းကာ အကြိမ်ကြိမ် ညှဉ်းပန်းသတ်ဖြတ်ခံရတယ်။ ငရဲမှ လွတ်မြောက်လာပြီးတော့ မိဘကို ရိုက်သတ်ခဲ့တဲ့ အပရာပရိယကံတွေက ဆက်ကာဆက်ကာ အကျိုးပေးတဲ့အတွက် ဘဝပေါင်းတစ်ရာတိတိ ရိုက်နှက်ထုချေခံရပြီး မှုန့်မှုန့်ညက်ညက်ကြေလျက် သေခြင်းသို့ ရောက်ခဲ့ရတယ်။ အဲဒီယောက်ျားဟာ မဟာမောဂ္ဂလာန်လောင်းလျာပါပဲ။ ဒါကြောင့် ငါ့သား မောဂ္ဂလာန်ဟာ မိမိပြုခဲ့တဲ့ကံနဲ့ လျော်ညီစွာ သေဆုံးရတာပါပဲ"

ဒေသနာအဆုံးမှာ ရဟန်းများစွာတို့က သောတာပတ္တိဖိုလ်နှင့် အထက် ဖိုလ်များသို့ ရောက်ကုန်ကြပါတယ်။

*(ဓမ္မပဒဝတ္ထု တတိယတွဲ၊ မဟာမောဂ္ဂလာနမထေရ်ဝတ္ထု)*

## အပရာပရိယကံများ ထက်ကြပ်မကွာ လိုက်ပုံမှာ

** နာမ်ခန္ဓာလေးပါးမှာ စိတ်က ရှေ့သွားခေါင်းဆောင်ဖြစ်တယ်၊ စိတ်က အကြီးအမှူးဖြစ်တယ်၊ စိတ်ဖြင့် ပြီးစီးကုန်တယ်။ အကယ်၍ ပြစ်မှား*

*လိုတဲ့စိတ်ဖြင့် ပြောဆိုမယ်၊ ပြုလုပ်မယ်၊ ကြံစည်မယ်ဆိုရင် ထိုပြောဆို, ပြုလုပ်, ကြံစည်မှုကြောင့် လှည်းဘီးဟာ ဝန်ဆောင်နွားရဲ့ ခြေရာသို့ အစဉ်လိုက်သလို ထိုသူသို့ ဆင်းရဲဟာ အစဉ်လိုက်တယ်။ (ဓမ္မပဒ ၁)*

** နာမ်ခန္ဓာလေးပါးမှာ စိတ်က ရှေ့သွားခေါင်းဆောင်ဖြစ်တယ်၊ စိတ်က အကြီးအမှူးဖြစ်တယ်၊ စိတ်ဖြင့် ပြီးစီးကုန်တယ်။ အကယ်၍ သန့်ရှင်းကြည်လင်တဲ့စိတ်ဖြင့် ပြောဆိုမယ်၊ ပြုလုပ်မယ်၊ ကြံစည်မယ်ဆိုရင် ထိုပြောဆို, ပြုလုပ်ကြံစည်မှုကြောင့် အရိပ်ဟာ လူကို မစွန့်မူဘဲ အစဉ်လိုက်သလို ထိုသူသို့ ချမ်းသာဟာ အစဉ်လိုက်တယ်။ (ဓမ္မပဒ ၂)*

(၄) အဟောသိကံ - *အချည်းနှီးဖြစ်သွားတဲ့ကံ*

ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယကံ ကုသိုလ်ကံ ပေါင်းများစွာတို့ဟာ မိမိတို့ဆိုင်ရာ သတ်မှတ်ထားတဲ့ ကာလအတွင်းမှာ အကျိုးပေးခွင့် မရခဲ့ရင် အဟောသိကံများ ဖြစ်သွားကြတယ်။

ညောင်ပင်တစ်ပင်က တစ်ရာသီမှာ အသီးသီးတဲ့အခါ အသီးတွေက သိန်းချီရှိပြီး အစေ့တွေက သန်းချီရှိလိမ့်မယ်။ အစေ့တိုင်းက အပင်ပေါက်နိုင်စွမ်းရှိပေမယ့် အပင်ပေါက်ခွင့်မရပါဘူး။ အစေ့တစ်ရာ တစ်ထောင်လောက်ကသာ အပင်ပေါက်ခွင့်ရကြပြီး ကျန်အစေ့များက အချည်းနှီးဖြစ်သွားကြပါတယ်။

အလားတူပဲ ကောင်းမှုတစ်ခုပြုလုပ်တဲ့အခါ ကုသိုလ်ကံတွေ ကုဋေသိန်းချီဖြစ်တယ်။ မကောင်းမှုတစ်ခုပြုလုပ်တဲ့အခါမှာ အကုသိုလ်ကံတွေ ကုဋေသိန်းချီဖြစ်ပါတယ်။ ဘဝတစ်သက်တာမှာ ပြုလုပ်ကြတဲ့ ကောင်းမှု, မကောင်းမှုများဟာ မရေတွက်နိုင်အောင် များပြားပါတယ်။ ဒီကံအားလုံးက အကျိုးပေးခွင့် ရကြမှာ မဟုတ်ဘူး။ အနည်းအကျဉ်းသာ အကျိုးပေးခွင့်ရကြလိမ့်မယ်။ လုံးဝအကျိုးပေးခွင့်မရတဲ့ ကံများက အဟောသိကံများဖြစ်သွားကြပါတယ်။

ဥပမာ အင်္ဂုလိမာလက လက်ညှိုးတစ်ထောင်ရဖို့အရေး လူမြောက်

မြားစွာကို သတ်ခဲ့တယ်။ မြတ်စွာဘုရားဆုံးမလိုက်တဲ့အခါ ဓားကို စွန့်ပစ်ပြီး ရဟန်းအဖြစ်ကို ခံယူတယ်။ ပြီးတော့ တရားကြိုးစားအားထုတ်လိုက်တဲ့အခါ ရဟန္တာဖြစ်သွားပါတယ်။

ရဟန္တာတို့ ပရိနိဗ္ဗာန်စံဝင်ကြတဲ့အခါ ဘဝသစ်တစ်ဖန်မဖြစ်ကြရတဲ့အတွက် သူတို့ရဲ့ စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ အားလုံးဟာ အဟောသိကံများ ဖြစ်သွားကြပါတယ်။

## ၅ အကျိုးပေးရာဘုံဌာနအားဖြင့် ကံ ၄ မျိုး

(၁) *အကုသိုလ်ကံ* - အပြစ်ရှိပြီး မကောင်းကျိုးပေးတဲ့ကံ၊

(၂) *ကာမကုသိုလ်ကံ* - အပြစ်ကင်းပြီး ကာမဘုံမှာ ကောင်းကျိုးပေးတဲ့ကံ၊

(၃) *ရူပါဝစရကုသိုလ်ကံ* - အပြစ်ကင်းပြီး ရူပဘုံမှာ ကောင်းကျိုးပေးတဲ့ ကံ၊

(၄) *အရူပါဝစရကုသိုလ်ကံ*- အပြစ်ကင်းပြီး အရူပဘုံမှာ ကောင်းကျိုးပေးတဲ့ကံ၊

### (၁) *အကုသိုလ်ကံ - အပြစ်ရှိပြီး မကောင်းကျိုးပေးတဲ့ကံ*

အကုသိုလ်စိတ် ၁၂ပါးနှင့် ယှဉ်ဖြစ်တဲ့ စေတနာ ၁၂-ပါးနဲ့ ၎င်းတို့မှ ဖြစ်ပေါ်လာကြတဲ့ နာနက္ခဏိကကံများကို အကုသိုလ်ကံများလို့ သတ်မှတ်ပါတယ်။ မကောင်းမှုဒုစရိုက်ပြုလုပ်တဲ့အခါ အကုသိုလ်ကံများစွာ ဖြစ်တယ်။ ဒီကံတွေ အကျိုးပေးတဲ့အခါ အပါယ်လေးဘုံဆိုတဲ့ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်နှင့် ငရဲဘုံတို့မှာ အကုသလဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက် များနှင့် ကမ္မဇရုပ်များဆိုတဲ့ ခန္ဓာငါးပါးကို ဖြစ်စေကြတယ်။ အပါယ်ဘဝ များကို ဖြစ်စေတာပေါ့။

### (၂) *ကာမကုသိုလ်ကံ - အပြစ်ကင်းပြီး ကာမဘုံမှာ ကောင်းကျိုးပေးတဲ့ကံ*

မဟာကုသိုလ်စိတ်လို့လည်း အမည်ရတဲ့ ကာမာဝစရကုသိုလ်စိတ်

၈-ပါးနှင့် ယှဉ်တဲ့ စေတနာ ၈ပါးနှင့် ၎င်းတို့မှ ဖြစ်လာကြတဲ့ နာနက္ခဏိကကံများကို ကာမကုသိုလ်ကံလို့ သတ်မှတ်တယ်။ ဒါန-သီလ-ဘာဝနာ ဆိုတဲ့ ကုသိုလ်ကောင်းမှုများကို ပြုလုပ်တဲ့အခါ ကာမကုသိုလ်ကံတွေ မြောက်မြားစွာ ဖြစ်တယ်။ ဒီကံတွေ အကျိုးပေးတဲ့အခါ လူ့ဘုံနှင့် နတ်ပြည် ၆ထပ် ဆိုတဲ့ ကာမသုဂတိ ၇ ဘုံမှာ ကာမာဝစရကုသလဝိပါက်များ၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များဆိုတဲ့ ခန္ဓာငါးပါးကို ဖြစ်စေကြတယ်။ တစ်နည်းဆိုရင် လူ့ဘဝ, နတ်ဘဝများကို ဖြစ်စေပါတယ်။

(၃) *ရူပါဝစရကုသိုလ်ကံ - အဆင့်မြင့်ပြီး ရူပဘုံမှာ ကောင်းကျိုးပေးတဲ့ ကံ*

ရူပါဝစရကုသိုလ်စိတ် ၅-ပါး (ဝါ) ရူပါဈာန်စိတ် ၅-ပါးနှင့် ယှဉ်တဲ့ စေတနာ ၅-ပါးနှင့် ၎င်းတို့မှ ဖြစ်လာကြတဲ့ နာနက္ခဏိကကံများကို ရူပါဝစရကုသိုလ်ကံလို့ သတ်မှတ်တယ်။ သမထဘာဝနာရှုပွားလို့ ရူပါဝစရ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကို ရရှိတဲ့အခါမှာ ရူပါဝစရကုသိုလ်ကံတွေများစွာ ဖြစ်ပါတယ်။ ဒီကံတွေ အကျိုးပေးတဲ့အခါ ရူပဗြဟ္မာ ၁၆ ဘုံမှာ ရူပါဝစရဝိပါက်စိတ်များ၊ ယှဉ်ဖက်စေတသိက် များနှင့် ကမ္မဇရုပ်များဆိုတဲ့ ခန္ဓာငါးပါးကို ဖြစ်စေကြတယ်။ တစ်နည်း ဆိုရင် ရူပဗြဟ္မာဘဝများကို ဖြစ်စေပါတယ်။

(၄) *အရူပါဝစရကုသိုလ်ကံ - အဆင့်မြင့်ပြီး အရူပဘုံမှာ ကောင်းကျိုးပေးတဲ့ ကံ*

အရူပါဝစရကုသိုလ်စိတ် ၄ပါး (ဝါ) အရူပဈာန်စိတ် ၄ပါးနှင့် ယှဉ်တဲ့ စေတနာ ၄ပါးနဲ့ ၎င်းတို့မှ ဖြစ်လာကြတဲ့ နာနက္ခဏိကကံများကို အရူပါဝစရကုသိုလ်ကံလို့ သတ်မှတ်တယ်။ ကသိုဏ်းဆယ်ပါးကို ရှုပွားခြင်းဖြင့် ရူပဈာန်လေးပါးနှင့် အရူပဈာန်လေးပါးကို ရနိုင်တယ်။ ဈာန်ဝင်စားနေတဲ့အခါ ဈာန်စိတ်ချည်း ဖြစ်နေတဲ့အတွက် ဈာန်ကုသိုလ်ကံတွေ ကုဋေ သိန်းပေါင်းမြောက်မြားစွာ ဖြစ်ကြပါတယ်။

အရူပါဝစရကုသိုလ်ကံများ အကျိုးပေးတဲ့အခါ အရူပဗြဟ္မာ ၄ ဘုံမှာ အရူပါဝစရဝိပါက်စိတ်များနှင့် ယှဉ်ဖက်စေတသိက်များဆိုတဲ့ နာမ်ခန္ဓာ လေးပါးကို ဖြစ်စေကြတယ်။ တစ်နည်းဆိုရင် အရူပဗြဟ္မာဘဝများ ကို ဖြစ်စေပါတယ်။ အရူပဗြဟ္မာများက နာမ်သာရှိပြီး ရုပ်မရှိကြဘူး။

ဒါကြောင့် ၃၁ဘုံနှင့် သတ္တဝါများ၊ ဗိမာန်များ၊ ငရဲအိုး၊ ငရဲမီးများ စသည်ကို သတ္တဝါတို့ရဲ့ စိတ်များက ကံသတ္တိမှတစ်ဆင့် ဖန်တီးပေးထား ခြင်း ဖြစ်ပေတယ်။

# ၉

# စိတ်သည်သာ ဖန်တီးရှင်အစစ်

## ၁ စိတ်သည်သာ အနန္တတန်ခိုးရှင်အစစ်

ကမ္ဘာပေါ်မှာ လူတို့ရဲ့စိတ်က ဖန်တီးထားတဲ့ အရာများဟာ အံ့မခန်းအောင် ဆန်းကြယ်လှပေတယ်။ မြို့ရွာများ၊ အဆောက်အအုံများ၊ လမ်းတံတားများ၊ မော်တော်ကား၊ မီးရထား၊ သင်္ဘောကြီးများ၊ လေယာဉ်ပျံကြီးများ၊ ဒုံးယာဉ်များ၊ ဂြိုဟ်တုများ၊ ကြိုးမဲ့ တယ်လီဖုန်းများ၊ ရုပ်မြင်သံကြားစက်များ၊ ကွန်ပျူတာများ၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်စသည်တို့ဟာ အိပ်မက်ကမ္ဘာထက်တောင် ထူးထွေ ဆန်းကြယ်နေပေတယ်။

လောကီပညာရပ်များဖြစ်တဲ့ ဝိဇ္ဇာပညာရပ်များနှင့် သိပ္ပံပညာရပ်များကို ဆည်းပူးလေ့လာတဲ့အခါ စိတ်ရဲ့ တွေးခေါ်မြော်မြင်နိုင်တဲ့စွမ်းရည်၊ ဖန်တီးနိုင်တဲ့စွမ်းရည်တို့ဟာ ပိုမိုမြင့်မားလာတာကို တွေ့ရတယ်။

အလားတူပဲ ကသိုဏ်းဆယ်ပါးမှာ ဈာန်သမာပတ် ရှစ်ပါးရအောင် ရှုပွားပြီးတဲ့နောက် ထိုဈာန်တရားတို့ကို နည်း ၁၄-မျိုးဖြင့် အထူးနိုင်နင်းအောင် လေ့ကျင့်ပြီးတဲ့အခါ အလွန်ထူးခြားဆန်းကြယ်တဲ့ အဘိညာဉ်တန်ခိုးများကို ရရှိလာနိုင်တယ်။

အုံ့မခန်းဖွယ်ရာ လောကီအဘိညာဉ် ၇-ပါး

(၁) *ဣဒ္ဓိဝိဓအဘိညာဉ်*- တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ အဘိညာဉ်၊

(၂) *ဒိဗ္ဗစက္ခုအဘိညာဉ်*- နတ်မျက်စိကဲ့သို့ တစ်ကမ္ဘာလုံး, ၃၁ဘုံနှင့် သတ္တဝါအားလုံးကို မြင်နိုင်တဲ့ အဘိညာဉ်၊

(၃) *ဒိဗ္ဗသောတအဘိညာဉ်*- နတ်နားကဲ့သို့ အလွန်တိုးတဲ့အသံ, အလွန်ဝေးတဲ့အသံ, အသံမျိုးစုံကို ကြားနိုင်တဲ့အဘိညာဉ်၊

(၄) *ပရစိတ္တဝိဇာနနအဘိညာဉ်*- သူတစ်ပါး၏ စိတ်အကြံကို သိနိုင်တဲ့ အဘိညာဉ်၊

(၅) *ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်*- ရှေးရှေးက ဖြစ်ခဲ့တဲ့ ဘဝများစွာကို ပြန်ပြောင်းအောက်မေ့နိုင်တဲ့ အဘိညာဉ်၊

(၆) *ယထာကမ္မူပဂအဘိညာဉ်* - ကံအားလျော်စွာ ထိုထိုဘုံများမှာ ဖြစ်ရတဲ့ သတ္တဝါများကို မြင်သိနိုင်တဲ့ အဘိညာဉ်၊

(၇) *အနာဂတံတအဘိညာဉ်*-နောင်အနာဂတ်ကာလမှာ ဖြစ်လတ္တံ့သော အကြောင်းအရာများကို သိမြင်နိုင်တဲ့ အဘိညာဉ်တို့ ဖြစ်ကြတယ်။

## ၂ အဘိညာဉ်တန်ခိုးရဲ့ အံ့ဖွယ်ရာများ

ဣဒ္ဓိဝိဓ အဘိညာဉ်တန်ခိုးဖြင့် မြေလျှိုးနိုင်တယ်။ ရေပေါ်မှာ လမ်းလျှောက်နိုင်တယ်၊ ကောင်းကင်မှာ ပျံသန်းသွားနိုင်တယ်။ နံရံ, တံတိုင်း, တောင်ကြီးများကို ထိုးဖောက်သွားနိုင်တယ်၊ လူတစ်ဦးတည်းဖြစ်ပါလျက် လူတစ်ရာ, တစ်ထောင်, တစ်သိန်းဖြစ်အောင် ဖန်ဆင်းနိုင်တယ်။ လူအများကြီး ရှိနေရာက တစ်ယောက်တည်းပြန်ဖြစ်အောင် လုပ်နိုင်တယ်၊ ရေကို ထောပတ်အကြည်ဖြစ်အောင် ဖန်တီးနိုင်တယ်၊ ငယ်တာကို ကြီးအောင်, ကြီးတာကို ငယ်အောင်, နီးတာကို ဝေးအောင်, ဝေးတာကို နီးအောင် ပြုလုပ်နိုင်တယ်။ ဖုံးကွယ်ထားတဲ့ အရာတွေကို ပွင့်လင်း သွား

အောင် ပွင့်လင်းနေတဲ့ ရာများကို ဖုံးကွယ်သွားအောင် ပြုလုပ်နိုင်တယ်။ ကိုယ်ဖျောက်နိုင်တယ်၊ ပြန်ပေါ်လာနိုင်တယ်။

အရှင်စူဠပန် ဟာ သရက်တောကျောင်းတိုက်မှာ တစ်ပါးတည်း ကျန်ရစ်တော့ ကိုယ်ခွဲတစ်ထောင်ဖန်ဆင်းပြီး သီတင်းသုံးတော်မူတယ်။

နန္ဒောပနန္ဒနဂါးမင်း ဟာ ကြီးမားတဲ့ မိမိရဲ့ ကိုယ်ဖြင့် မြင့်မိုရ်တောင်ကို ခုနစ်ပတ်ရစ်ပတ်ပြီးတော့ တောင်ထိပ်ပေါ်မှာ ပါးပျဉ်းကို ဖြန့်ထားတယ်။ တာဝတိံသာနတ်ပြည်သို့ ဘုရားနှင့် ရဟန္တာများ မကြွသွားနိုင်အောင် တားဆီးခြင်း ဖြစ်တယ်။ အရှင်မဟာမောဂ္ဂလာန်က ထိုနဂါးမင်းကိုယ်ထက် ပိုကြီးတဲ့ နဂါးမင်းသဏ္ဍာန်ဖန်ဆင်းပြီးတော့ နန္ဒောပနန္ဒနဂါးမင်းရဲ့ ကိုယ်ပေါ်မှာ ၁၄ ပတ် ရစ်ပတ်တယ်၊ နဂါးရဲ့ ပါးပျဉ်းပေါ်မှာ မိမိရဲ့ ပါးပျဉ်းကို ထားပြီး မြင့်မိုရ်တောင်နှင့် ဖိညှပ်တယ်။

နဂါးမင်းက အခိုးလွှတ်တဲ့အခါ အရှင်မဟာမောဂ္ဂလာန်ကလည်း အခိုးလွှတ်တယ်၊ နဂါးရဲ့ ပူလောင်တဲ့အခိုးဟာ မထေရ်ကို မနှိပ်စက်နိုင်ဘူး၊ မထေရ်ရဲ့အခိုးက နဂါးကို ပင်ပန်းစေတယ်။ နဂါးက အလျှံလွှတ်တော့ မထေရ်လည်း အလျှံလွှတ်တယ်၊ မထေရ်ရဲ့အလျှံကသာ နဂါးမင်းကို နာကျင်စေတယ်။

"သင်ဘယ်သူလဲ"လို့ နဂါးမင်းက မေးတော့ "ငါဟာ မောဂ္ဂလာန်ပဲ"လို့ မထေရ်က ဖြေတယ်။

"အရှင်ဘုရား မိမိရဲ့ ရဟန်းအသွင်ဖြင့် တည်တော်မူပါ"

အရှင်မဟာမောဂ္ဂလာန်က နဂါးအသွင်ကို စွန့်ပြီး သိမ်မွေ့တဲ့ ကိုယ်ခန္ဓာကို ဖန်ဆင်းတယ်၊ နဂါးမင်းရဲ့ လက်ယာနားတွင်းသို့ ဝင်ပြီး လက်ဝဲနားတွင်းမှ ထွက်တယ်၊ လက်ဝဲနားတွင်းမှ ဝင်ပြီး လက်ယာနားတွင်းမှ ထွက်တယ်၊ နဂါးခံတွင်းမှတစ်ဆင့် ဝမ်းတွင်းထဲသို့ ဝင်ပြီး စင်္ကြံလျှောက်တယ်။

"အရှင်ဘုရား ထွက်ပါဦး" လို့ နဂါးမင်းတောင်းပန်တော့ မထေရ်ထွက်လာပြီး အပြင်မှာ ရစ်တည်တယ်။ နဂါးမင်းက နှာခေါင်းလေကို လွှတ်

တယ်။ မထေရ်က ချက်ချင်းစတုတ္ထစျာန်ဝင်စားလိုက်တယ်။ နဂါးမှုတ်တဲ့ နှာခေါင်းလေဟာ လူကို သေစေနိုင်ပေမယ့် မထေရ်ကို အန္တရာယ်မပြု နိုင်ဘူး။ နဂါးမင်း အရှုံးပေးပြီး ထွက်ပြေးတယ်။

အရှင်မဟာမောဂ္ဂလာန်က ဂဠုန်ကြီးအသွင် ဖန်ဆင်းပြီး အတောင် နှစ်ဖက်ကို ဟူးဟူးမြည်အောင် ပျံတက်ပြီး လိုက်တော့ နဂါးမင်းက သူငယ် အသွင်ဖန်ဆင်းပြီး "အရှင်ဘုရား အရှင်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါတယ်" ဆိုပြီး မထေရ်ရဲ့ ခြေတော်စုံကို ရှိခိုးတယ်။

မထေရ်က နဂါးမင်းကို ဘုရားထံ ခေါ်သွားတယ်။

"အရှင်ဘုရား အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါ၏"လို့ နဂါးမင်း လျှောက်ထားတော့-

"အို နဂါးမင်း၊ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေ"လို့ ဘုရားဆုပေးတယ်။

## ဝေးတာကို နီးအောင် ကြီးတာကိုငယ်အောင် ပြုလုပ်ခြင်း

သီရိလင်္ကာကျွန်းမှာ ဒုဋ္ဌိက္ခန္တရ ကပ်ဆိုက်နေတဲ့အခါ ရဟန်းများ ဆွမ်းခံတာ ဟင်းလျာမပါ ဆွမ်းချည်းသာ ရတယ်။ ဂင်္ဂါမြစ်နားမှာ ရဟန်းများ ဆွမ်းထမင်းချည်းဘုဉ်းပေးနေတာကို မြင်တော့ အရှင်မဟာ အနုဋ္ဌမထေရ်က "ဤဂင်္ဂါရေသည် ထောပတ်ကြည်ဖြစ်စေ"လို့ အဓိဋ္ဌာန် တယ်၊ ထောပတ်ကို မြင်အောင် သာမဏေတို့ကို အမှတ်သညာပေးတယ်၊ သာမဏေတို့က ထောပတ်ကြည်ကို ခွက်တို့ဖြင့် ဆောင်ယူပြီး ရဟန်းများကို ကပ်ပေးတယ်။ ရဟန်းသာမဏေအားလုံး ထောပတ်ကြည်နှင့် ကောင်းမွန် စွာ ဆွမ်းဘုဉ်းပေးကြရတယ်။

နောက်တစ်နေ့မှာ ရဟန်း ၇၀၀ တို့ဟာ ဆွမ်းခံတာ မရတော့ စူဠ သမုဒ္ဒ မထေရ်ထံမှာ စုဝေးမိကြတယ်။ မထေရ်က ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ကြည့်တော့ ဇမ္ဗူဒိပ်ကျွန်း ပါဋလိပုတ်ပြည်မှာ ဆွမ်းခံမှ ဆွမ်းရနိုင်မှာကို မြင်တယ်။ ရဟန်းတို့ကို သပိတ်သင်္ကန်းတို့ကို ယူစေပြီးတော့ "ငါ့ရှင်တို့

လာကြ၊ ဆွမ်းခံရွာသို့ ကြွကြမယ်”လို့ ထွက်ကြတယ်။ မထေရ်က အလွန်ဝေးကွာတဲ့ အရပ်ကို နီးလာအောင် မြေကြောရှုံ့လိုက်တော့ ခဏချင်းပဲ ပါဋလိပြည်သို့ ရောက်ကြတယ်။

“အရှင်ဘုရား ဒီမြို့က ဘာမြို့လဲ”လို့ ရဟန်းများ မေးတယ်။

“ပါဋလိမြို့ဖြစ်ပါတယ်”

“ပါဋလိမြို့က သီရိလင်္ကာနဲ့ အလွန်ဝေးတယ်မဟုတ်လား”

“အို-ငါ့ရှင်တို့၊ ခေါင်းဆောင်မထေရ်ကြီးတို့ဟာ ဝေးတဲ့အရပ်ကို နီးအောင်ပြုတတ်တယ်”

“အရှင်ဘုရား မဟာသမုဒ္ဒရာကိုလည်း မကျော်ဖြတ်ခဲ့ရပါလား”

“ငါ့ရှင်တို့ လမ်းခရီးမှာ ညိုတဲ့ မြောင်းတစ်ခုကို ကျော်ဖြတ်လာတယ်မဟုတ်လား”

“မှန်ပါတယ် ဒါပေမယ့် မဟာသမုဒ္ဒရာကအလွန်ကြီးတယ်မဟုတ်လား”

“အို-ငါ့ရှင်တို့၊ သက်ကြီးရဟန်းအိုတို့ဟာ ကြီးတာကို ငယ်အောင်ပြုနိုင်ကြတယ်”

များတာကို နည်းအောင်၊ နည်းတာကို များအောင် ပြုလုပ်ခြင်း

အဘိညာဥ်တန်ခိုးဖြင့် များတာကိုလည်း နည်းအောင် ပြုနိုင် တယ်၊ ရာဇဂြိုဟ်ပြည်မှာ အမျိုးသမီးငါးရာတို့ဟာ လမုန့်များကို ဆောင် ယူပြီး နက္ခတ်ပွဲသဘင်သို့ သွားကြတယ်၊ လမ်းမှာ မြတ်စွာဘုရားကို မြင်ပါ လျက် မုန့်တစ်ခုမျှ မလှူကြဘူး၊ အရှင်မဟာကဿပကို မြင်တော့“ငါတို့ မထေရ် ကြွလာပြီ၊ မုန့်လှူကြမယ်”ဆိုပြီး အမျိုးသမီးငါးရာလုံးက မထေရ် ကို မုန့်လှူကြတယ်။ မထေရ်က သပိတ်ကို ထုတ်ပြီး မုန့်အားလုံးကို သပိတ် ပြည့်ရုံပြုတော်မူတယ်။ မထေရ်က မြတ်စွာဘုရားကို မုန့်လှူပါတယ်။

အဘိညာဉ်တန်ခိုးဖြင့် နည်းတာကိုလည်း များအောင် ပြုနိုင်တယ်၊ အရှင်မဟာကဿပမထေရ်ဟာ နိရောဓသမာပတ် ၇ ရက် ဝင်စားပြီး

သမာပတ်မှထတဲ့အခါ သူဆင်းရဲ ကာကဝလိယမောင်နှံတို့ရဲ့ အိမ်ရှေ့မှာ ရပ်တော်မူတယ်။ မယ်ကာကက မိမိတို့နှစ်ဦးအတွက် ကျိုချက်ထားတဲ့ ယာဂုဆွမ်းကို အကုန်လောင်းလှူလိုက်တယ်၊ မထေရ်က ထိုယာဂုကို မြတ်စွာဘုရားအား လှူတယ်၊ မြတ်စွာဘုရားက ထိုယာဂုဆွမ်းဟာ ရဟန်းတစ်ပါးစာလောက်သာ ရှိပေမယ့် ထိုယာဂုဆွမ်းကို ကျောင်းတော်ရှိ ရဟန်းအားလုံးအတွက် လောက်ငအောင် ပြုတော်မူပါတယ်။ မောင်ကာကဟာ ဒီထူးခြားတဲ့ အလှူဒါနရဲ့ အစွမ်းကြောင့် ခုရစ်မြောက်နေ့မှာ သူဌေးအရာကို ရတယ်။

## မှောင်တာကို လင်းအောင်၊ လောကအလုံးစုံကို ဟင်းလင်းပွင့်အောင် ပြုလုပ်ခြင်း

အဘိညာဉ်တန်ခိုးရှင်ဟာ မှောင်မိုက်နေတာကို လင်းအောင် ပြုလုပ်နိုင်တယ်၊ နံရံ, တံခါး, တံတိုင်းစသည်ဖြင့် ကာရံဖုံးလွှမ်းနေတဲ့ အရာများကို ဟင်းလင်းပွင့်အောင် ပြုလုပ်နိုင်တယ်၊ ဝေးလွန်း, သိမ်မွေ့လွန်းတဲ့အရာများကို လက်ပေါ်မှာ တင်ထားတဲ့ ပတ္တမြားလုံးလို ထင်ရှားအောင် ပြုလုပ်နိုင်တယ်။ မှောင်မိုက်နေတာကို အလင်းဖြစ်စေပြီး ဖုံးလွှမ်းထားတဲ့ အံရပ်ကို မျက်ဝါးထင်ထင်မြင်စေနိုင်တဲ့ တန်ခိုးပြာဋိဟာကို အာဝိဘာဝ ပြာဋိဟာ လို့ ခေါ်တယ်။

ဘုန်းတော်ကြီးတဲ့ မြတ်စွာဘုရားဟာ အနာထပိဏ်သူဌေးရဲ့ သမီးငယ် စူဠသုဘဒ္ဒါ ပင့်လျှောက်လို့ သာဝတ္ထိပြည်မှ ၇-ယူဇနာ (၅၆)မိုင်ဝေးတဲ့ သာကေတမြို့သို့ ကြွတော်မူတဲ့အခါ သာဝတ္ထိပြည်သူတို့က သာကေတမြို့နေသူတို့ကို မြင်အောင်၊ သာကေတမြို့နေသူများကလည်း သာဝတ္ထိပြည်သူများကို မြင်အောင် တန်ခိုးတော်ဖြင့် ပြုတော်မူတယ်။ သာကေတမြို့လယ်မှာ မြေကို နှစ်ခြမ်းကွဲစေပြီး အဝီစိငရဲတိုင်အောင် မြို့နေသူများ မြင်အောင် ပြတော်မူတယ်။ အထက်ကောင်းကင်မှာလည်း ဗြဟ္မာပြည်အထိ ဗြဟ္မာများကို မြင်အောင် ပြုတော်မူတယ်။

တစ်ခါ မြတ်စွာဘုရားဟာ တာဝတိံသာနတ်ပြည်မှာ ဝါတွင်းသုံးလ ပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားပြီးနောက် လူ့ပြည်သို့ ပြန် ကြွတော်မူတဲ့အခါ မြင့်မိုရ်တောင်ထိပ်မှာ ရပ်တော်မူပြီး အရပ်မျက်နှာအား လုံးကို ဟင်းလင်းပွင့်အောင် ပြုတော်မူတယ်။ လူတို့က အရှေ့အရပ်မှာ စကြာဝဠာတစ်သောင်း၊ အနောက်အရပ်မှာ စကြာဝဠာတစ်သောင်း၊ မြောက် အရပ် တောင်အရပ်တို့မှာလည်း စကြာဝဠာတစ်သောင်းစီ၊ အောက်အရပ်မှာ အဝီစိတိုင်အောင်၊ အထက်အရပ်မှာ ဘဝဂ်တိုင်အောင် မြင်ကြရတယ်။ အဆီးအတားမရှိ လောကအလုံးစုံကို ဟင်းလင်းပွင့်စေတဲ့ တန်ခိုးပြာဋိဟာ ကို လောကဝိဝရဏပြာဋိဟာလို့ ခေါ်ပါတယ်။

လူတို့က နတ်ပြဟ္မာများကို မြင်ကြရာမှာ အထက်ကို မော်ကြည့်ဖို့ မလို၊ နတ်ပြဟ္မာများကလည်း လူတို့ကို မြင်ကြရာမှာ အောက်သို့ ငုံ့ကြည့်ဖို့ မလို၊ လူနတ်ပြဟ္မာအားလုံးက ရှေးရှုတူရှုမျက်မှောက်အချင်းချင်းမြင်ကြရ ကုန်တယ်။

မြင့်မိုရ်တောင်ထိပ်ရှိ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ မြတ်စွာ ဘုရားဆင်းသက်ရန် ဝိသကြုံနတ်သားက စောင်းတန်းသုံးသွယ် ဖန်ဆင်း ပေးထားတယ်။ မြတ်စွာဘုရားက အလယ်ဖြစ်တဲ့ ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်တော်မူတယ်။ နတ်ပြည်ခြောက်ထပ်မှ နတ်တို့က လက်ဝဲဘက် ငွေစောင်းတန်းဖြင့် ဆင်းသက်ကြတယ်။ သုဒ္ဓါဝါသပြဟ္မာများ, မဟာပြဟ္မာ များက လက်ယာဘက်ရွှေစောင်းတန်းဖြင့် ဆင်းသက်ကြတယ်။ သိကြား မင်းက သပိတ်သင်္ကန်းတော်ကို လွယ်တယ်၊ သဟံပတိပြဟ္မာကြီးက သုံး ယူဇနာရှိတဲ့ ထီးဖြူကို ဆောင်းမိုးပေးတယ်၊ သုယာမနတ်မင်းက စမရီ သားမြီးယပ်ဖြင့်ယပ်ခတ်လျက် လိုက်ပါတယ်၊ ပဥ္စသိခနတ်သားက သုံး ဂါဝုတ်ရှိတဲ့ ဗေလုဝစောင်းကို တီးခတ်ပူဇော်လျက် ဆင်းသက်တယ်။ ထို နေ့မှာ ဘုရားကို ဖူးမြော်ရသူတို့ဟာ ဘုရားဆုမတောင်းတဲ့သူ မရှိဘူး။ ဤအရာမှာ မြတ်စွာဘုရားက အဝိဘာဝပြာဋိဟာကို ပြတော်မူတယ်။

\+ + +

သီရိလင်္ကာကျွန်း ဝါလင်္ကာရအရပ်မှာ သီတင်းသုံးတဲ့ ဓမ္မဒိန္နမထေရ်က တိဿကျောင်းတိုက်စေတီရင်ပြင်မှာ နေပြီး အပဏ္ဏကသုတ်ကို ဟောကြားတော်မူတယ်၊ သူ့ယပ်တော်ကို ချထားတဲ့အခါ အဝီစိတိုင်အောင် တစ်ပြင်တည်း ဟင်းလင်းပွင့်တယ်၊ ထို့နောက် ယပ်တောင်ကို အထက်သို့ မြှောက်လိုက်တဲ့အခါ ဗြဟ္မာပြည်တိုင်အောင် တစ်ပြင်တည်း ဟင်းလင်းပွင့်တယ်။

အရှင်ဓမ္မဒိန္နမထေရ်ဟာ ငရဲဘေးဖြင့် ခြိမ်းခြောက်၍ တစ်လှည့်၊ နတ်ပြည်ချမ်းသာဖြင့် ဖြားယောင်းပြီး တစ်ခါ တရားဟောကြားတော်မူတယ်၊ တရားနာသူများက အချို့ သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာ ဖြစ်ကြတယ်။

\+ + +

တစ်ဖန် အဘိညာဉ်တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်ဟာ ထိန်လင်းနေတာကို မှောင်မိုက်အောင် ပြုလုပ်နိုင်တယ်။ ဟင်းလင်းပွင့်နေတာကို ဖုံးလွှမ်းကွယ်ကာစေနိုင်တယ်။ ထင်ရှားနေတာကို မထင်ရှားအောင် ပြုလုပ်လို့ရတယ်။ ဤတန်ခိုး ပြာဋိဟာကို တိရောဘာဝပြာဋိဟာလို့ ခေါ်တယ်။

မြတ်စွာဘုရားဟာ ယသသတို့သားက ဘုရားရှေ့မှာ ထိုင်နေလျက်နဲ့ ဖခင်သူဌေးကြီးမမြင့်အောင် ပြုတော်မူတယ်။ မဟာကပ္ပိနမင်းကို ယူဇနာ ၁၂၀ အထိ ကြိုဆိုပြီးတော့ ထိုမင်းကို အနာဂါမိဖိုလ်မှာ တည်စေတယ်။ ထိုမင်းရဲ့ အမတ်တစ်ထောင်တို့ကို သောတာပတ္တိဖိုလ်မှာ တည်စေတယ်။ ထိုမင်းရဲ့ ခရီးစဉ်အတိုင်း လိုက်လာကြတဲ့ အနောဇာမိဖုရားနှင့် အမတ်ကတော်တစ်ထောင်တို့ကို မဟာကပ္ပိနမင်းနှင့် အမတ်တစ်ထောင်တို့အား မမြင်အောင် ပြုတော်မူတယ်။

"အရှင်ဘုရား-မဟာကပ္ပိနမင်းကို မြင်ပါသလား"လို့ မိဖုရားမေးလျှောက်တော့

"အို-အနောဇာမိဖုရား၊ သင်တို့ဟာ မင်းကို ရှာတာမြတ်သလား၊

မိမိ ကိုယ်ကို ရှာတာက မြတ်သလား"လို့ မြတ်စွာဘုရားမေးတော်မူတယ်။

"မိမိကိုယ်ကို ရှာခြင်းက မြတ်ပါတယ်ဘုရား"

မြတ်စွာဘုရားက အနေ့ာဇာမိဖုရားနှင့် အမတ်ကတော်တို့ကိုတရားဟောတော်မူတယ်။ သူတို့အားလုံး သောတာပတ္တိဖိုလ်မှာ တည်ကြတယ်။ အမတ်တစ်ထောင်တို့က အနာဂါမ်များ ဖြစ်ကြပြီး မဟာကပ္ပိနမင်းက ရဟန္တာ ဖြစ်သွားပါတယ်။ *(အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ၁၊ ၃၂၂)*

အဘိညာဉ်တန်ခိုးများရဲ့ ထူးဆန်းအံ့ဩဖွယ်များဟာ ပြောလို့ မကုန်နိုင်ပါဘူး။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-ဣဒ္ဓိဝိဓနိဒ္ဒေသပိုင်းနှင့် အဘိညာနိဒ္ဒေသပိုင်းတို့မှာ အကျယ်ရှင်းပြထားပါတယ်။

## ကံစွမ်းအားမှတစ်ဆင့် စိတ်ရဲ့ဖန်တီးနိုင်တဲ့စွမ်းအား

ကံစွမ်းအားမှတစ်ဆင့် စိတ်ရဲ့ဖန်တီးနိုင်တဲ့စွမ်းအားက ပိုအံ့ဩစရာကောင်းပါတယ်။ ဘာကြောင့်လဲ၊ စိတ်က ကံစွမ်းအားမှတစ်ဆင့် သတ္တဝါအားလုံးကို ဖန်တီးပေးထားလို့ပါပဲ။ စိတ်ရဲ့ အဘိညာဉ်တန်ခိုးများကို ယုံကြည်လက်ခံနိုင်တယ်ဆိုရင် ကံစွမ်းအားမှတစ်ဆင့် စိတ်ရဲ့ဖန်တီးနိုင်တဲ့ စွမ်းရည်ကိုလည်း ယုံကြည်လက်ခံလာနိုင်မှာ ဖြစ်တယ်။ အမှန်က မြတ်စွာဘုရားရဲ့ တရားတော်က သဘာဝအမှန်တရားများကို ထုတ်ဖော်ဟောကြားတာဖြစ်လို့ အကြောင်းအကျိုးညီညွတ်ပြီး သိပ္ပံနည်းကျတယ်။ ကိုယ်တိုင်ကျင့်ကြံအားထုတ်ရင် ကိုယ်ပိုင်ဉာဏ်နဲ့ တိုက်ရိုက်သိမြင်လာနိုင်ပါတယ်။

## ၃ အကုသိုလ်ကံအကျိုးပေးပုံ

အဘိဓမ္မာသင်္ဂြိုဟ်မှာ ကံရဲ့အစွမ်းသတ္တိများကို တိတိကျကျ ရှင်းပြပါတယ်။ မကောင်းမှုဒုစရိုက်များကို ကျူးလွန်တဲ့အခါ လိုချင်တပ်မက်တွယ်တာမှုသဘောရှိတဲ့ လောဘက ပြဋ္ဌာန်းရင် လောဘမူစိတ်တွေ ကုဋေသိန်းချီဖြစ်ပါတယ်။ ကြမ်းတမ်း ခက်ထန်ရက်စက်မှုသဘောရှိတဲ့ ဒေါသပြဋ္ဌာန်းရင်

ဒေါသမူစိတ်ကွေ ကုဋေသိန်းချီ ဖြစ်ပါတယ်။ ဒီအကုသိုလ်စိတ်တွေ ချုပ်ငြိမ်းကြတဲ့အခါ စိတ်အစဉ်မှာ အကုသိုလ်ကံတွေ ကုဋေသိန်းပေါင်းများစွာ ကျန်ရစ်ပါတယ်။ ဒီအကုသိုလ် ကံတွေက ဘဝသစ်ဖြစ်အောင် အကျိုးပေးတဲ့အခါမှာ အကုသလဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များကို တိုက်ရိုက်ဖြစ်စေပါတယ်။

ဝိပါက်စိတ်ဆိုတာ ကံရဲ့အကျိုး ဖြစ်တဲ့စိတ်ပါပဲ။ ကံအစွမ်းရှိသမျှ ဝိပါက်စိတ်တွေ တစ်လုံးပြီးတစ်လုံး တစ်သက်လုံး ဖြစ်သွားပါတယ်။ ပထမဆုံးဖြစ်တဲ့ ဝိပါက်စိတ်က ပဋိသန္ဓေတည်အောင် ပြုလုပ်လို့ ပဋိသန္ဓေစိတ်လို့ အမည်ရတယ်။ နောက်ဆက်ဖြစ်တဲ့ ဝိပါက်စိတ်များက အသက်ဆက်ရှင်နေအောင် လုပ်ပေးလို့ ဘဝင်စိတ်များလို့ ခေါ်တယ်။ နောက်ဆုံးဝိပါက်စိတ်က သေတဲ့ကိစ္စဆောင်ရွက်လို့ စုတိစိတ်လို့ အမည်ရတယ်။

ဝိပါက်စိတ်ဖြစ်တာနဲ့ တစ်ပြိုင်နက် ယှဉ်ဖက်စေတသိက်များလည်း တစ်ပေါင်းတည်း ဖြစ်ကြပါတယ်၊ ကမ္မဇရုပ်များက ပဋိသန္ဓေစိတ်စဖြစ်တဲ့အချိန်မှ သေတဲ့အထိ ခဏမစဲ ဖြစ်ကြတာ။ ဒီဝိပါက်စိတ်, စေတသိက်များနှင့် ကမ္မဇရုပ်များက ခန္ဓာငါးပါးကို ဖြစ်စေလို့ ၎င်းတို့ဟာ ဘဝတစ်ခုရှင်သန်သွားစေတဲ့ အဓိကအကြောင်းရင်းပါပဲ။

တစ်ခါ အကုသိုလ်ကံအကျိုးပေးတဲ့အခါမှာ လောဘပြဋ္ဌာန်းရင် ပြိတ္တာဘဝ၊ ဒေါသပြဋ္ဌာန်းရင် ငရဲသားဘဝ၊ မောဟပြဋ္ဌာန်းရင် တိရစ္ဆာန်ဘဝ ဖြစ်ရတယ်လို့ ဆိုစမှတ်ပြုကြတယ်။ အသူရကာယ်တို့က ပြိတ္တာအကြီးစားတွေ ဖြစ်ပြီး ပိုဆင်းရဲငတ်ပြတ်ပါတယ်။ ဒီအပါယ်ဘဝအားလုံးဟာ အဆင့်နိမ့်တဲ့ အကုသလဝိပါက်စိတ်နဲ့ ပဋိသန္ဓေတည်ပြီး အကုသလဝိပါက်စိတ်နဲ့ပဲ အသက်ရှင်သန်နေကြရလို့ အသိဉာဏ်နည်းကြပါတယ်။ သူတို့တစ်တွေ အကုသိုလ်ကံတွေ အကျိုးပေးထားပြီး ဉာဏ်မယှဉ်တဲ့ အကုသလဝိပါက်စိတ်များနဲ့ အသက်ရှင်နေကြရလို့ အသိဉာဏ်နည်းပြီး ဆင်းရဲကြတာကို ကျွန်တော်တို့ နားလည်ပေးကြရမယ်။

## ၄ ဒွိဟိတ်ကုသိုလ်နှင့် တိဟိတ်ကုသိုလ်

ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတစ်ခုခုကို ပြုလုပ်တဲ့အခါမှာ ကာမာဝစရ ကုသိုလ်စိတ်တွေ ကုဋေသိန်းချီဖြစ်ပြီးတော့ ဒီစိတ်တွေ ချုပ်ငြိမ်းကြတဲ့အခါ စိတ်အစဉ်မှာ ကာမာဝစရကုသိုလ်ကံတွေ ကုဋေသိန်းချီ ကျန်ရစ်တယ်။

ကုသိုလ်ကောင်းမှုပြုလုပ်တဲ့အခါမှာ ကံ-ကံအကျိုးကို သိတဲ့ဉာဏ်ယှဉ်ပြီးလုပ်ရင် ဉာဏသမ္ပယုတ်(ဉာဏ်ယှဉ်တဲ့) ကာမာဝစရကုသိုလ်စိတ်တွေ ဖြစ်ပါတယ်။ ဒီစိတ်တွေမှာ အလောဘနှင့် အဒေါသဟိတ်နှစ်ခုပဲပါ တယ်။ ဉာဏ်ဆိုတဲ့ အမောဟဟိတ်မပါဘူး။ ဒါကြောင့် ဒီစိတ်များကို ဒွိဟိတ်စိတ်လို့ ခေါ်တယ်။ ဖြစ်ပေါ်တဲ့ကုသိုလ်ကို 'ဉာဏဝိပ္ပယုတ်ကုသိုလ်' (ဝါ) 'ဒွိဟိတ်ကုသိုလ်' လို့ ခေါ်ပါတယ်။

ကုသိုလ်ကောင်းမှုပြုလုပ်တဲ့အခါ ကံ-ကံအကျိုးကို သိတဲ့ဉာဏ်နဲ့ယှဉ်ပြီး လုပ်ရင် ဉာဏသမ္ပယုတ်ကာမာဝစရကုသိုလ်စိတ်တွေ ဖြစ်ပါတယ်။ ဒီစိတ်တွေမှာ အလောဘ, အဒေါသ, အမောဟဆိုတဲ့ ကုသိုလ်ဟိတ်သုံးပါးလုံး ပါတယ်။ ဒါကြောင့် ဒီစိတ်များကို တိဟိတ်စိတ်လို့ ခေါ်တယ်။ ဖြစ်ပေါ်တဲ့ ကုသိုလ်ကို 'ဉာဏသမ္ပယုတ်ကုသိုလ်' (ဝါ) 'တိဟိတ်ကုသိုလ်'လို့ ခေါ်ပါတယ်။

## ၅ ဩမကကုသိုလ်နှင့် ဥက္ကဋ္ဌကုသိုလ်

ကုသိုလ်ကောင်းမှုပြုလုပ်တဲ့အခါ စေတနာသုံးတန်ပြဋ္ဌာန်းဖို့လည်း အရေးကြီးတယ်။ စေတနာသုံးတန်ဆိုတာက ကောင်းမှုမပြုခင် ကောင်းမှုရဲ့အကျိုးကို သိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ ရှေးဦး -'ပုဗ္ဗစေတနာ'၊ ကောင်းမှုပြုဆဲ, လှူဒါန်းဆဲအခါမှာ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ 'မုဉ္စစေတနာ'၊ ကောင်းမှုပြုပြီးတဲ့နောက် 'ငါကောင်းမှုပြုခဲ့ရတာ ကောင်းလေစွ'လို့ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ 'အပရစေတနာ' တို့ ဖြစ်ပါတယ်။

အထမြောက်တဲ့ ကုသိုလ်ကံတွေကို ဖြစ်စေပြီး ယခုဘဝ, နောက်ဘဝတွေမှာ အကျိုးပေးသွားမှာက မုဉ္စစေတနာများ ဖြစ်ပါတယ်။ ပုဗ္ဗစေတနာနှင့် အပရစေတနာတို့က မုဉ္စစေတနာကို ပိုအားကြီးအောင် ပံ့ပိုးပေးကြတယ်။ ဒါကြောင့် စေတနာသုံးတန်ပြည့်စုံခဲ့ရင် ကုသိုလ်ကံတို့က အားကြီးပြီး ကြီးကြီးကျယ်ကျယ် အကျိုးပေးနိုင်ကြတယ်။ စေတနာသုံးတန်ပြည့်စုံတဲ့ ကုသိုလ်ကို 'ဥက္ကဋ္ဌကုသိုလ်' (ဝါ) အမြတ်စားကုသိုလ်လို့ သတ်မှတ်ပါတယ်။ ဖြစ်ပေါ်တဲ့ ကံကို 'ဥက္ကဋ္ဌကုသိုလ်ကံ' လို့ ခေါ်တယ်။

စေတနာသုံးတန် မပြည့်စုံတဲ့ ကောင်းမှုဆိုတာ ဘယ်လိုလဲ၊ အလှူဒါနစတဲ့ ကောင်းမှုမပြုခင်မှာ မလှူချင်, နှမြောတွန့်တိုချင်တဲ့ ပုဗ္ဗစေတနာတွေ ဖြစ်နေတယ်။ လှူစဉ် ကုသိုလ်ပြုစဉ်မှာလည်း စိတ်မပါတပါနဲ့ မုဉ္စစေတနာက မထက်ဘူး၊ လှူပြီး ကုသိုလ်ပြုပြီးတဲ့အခါမှာလည်း စိတ်မကောင်းတဲ့ အပရစေတနာတွေ ဖြစ်နေမယ်ဆိုရင် စေတနာသုံးတန် မပြည့်စုံဘူး။ မုဉ္စစေတနာကို အကုသိုလ်စေတနာတွေ ခြံရံနေတယ်။ အကုသိုလ်စေတနာတို့က မုဉ္စစေတနာ အားနည်းအောင် ဆွဲချတယ်။ စေတနာသုံးတန်မပြည့်စုံတဲ့ ကုသိုလ်ကို 'ဩမကကုသိုလ်' (ဝါ) အညံ့စားကုသိုလ်လို့ သတ်မှတ်တယ်။ ဖြစ်ပေါ်တဲ့ ကံကို 'ဩမကကုသိုလ်ကံ'လို့ ခေါ်တယ်။

အလှူချင်းတူစေကာမူ စေတနာထားတာချင်းမတူတော့ ကုသိုလ်ရတာချင်းမတူဘူး။ စေတနာထက်ထက်နဲ့ လှူပြီး ကုသိုလ်စေတနာတွေ ခြံရံမှ အမြတ်စား ဥက္ကဋ္ဌကုသိုလ်ဖြစ်တယ်၊ အကျိုးပိုကြီးတယ်။ လှူတဲ့အခါ ကုသိုလ်ကောင်းမှုပြုတဲ့အခါ မင်းစည်းစိမ်၊ နတ်စည်းစိမ်တွေကို မျှော်လင့်တောင့်တတာက မကောင်းဘူး။ စည်းစိမ်ဥစ္စာမျှော်လင့်တာ လောဘစိတ်ပဲ၊ လောဘစိတ်စေတနာတွေ ခြံရံနေရင် အညံ့စား ဩမကကုသိုလ် ဖြစ်သွားလိမ့်မယ်။

### ကုသိုလ်ကြီးသော်လည်းအကျိုးနည်း

ကုသိုလ်ကောင်းမှုပြုတဲ့အခါ အကျိုးကြီးမားအောင် ကံ-ကံရဲ့အကျိုး ကို

သိတဲ့ညဏ်နဲ့ ယှဉ်ပြီး စေတနာသုံးတန် ပြဋ္ဌာန်းအောင် ပြုလုပ်ကြပါ။ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားလက်ထက် နန်းမတော်မယ်နု က ညောင်ကန်ဆရာတော်ဦးဗုဒ်ကို ကြီးကျယ်ခမ်းနားတဲ့ စံကျောင်းကြီး လှူတယ်။ ဟိုခေတ်က ကျပ်လေးသိန်းကျော် ကုန်ကျတဲ့စံကျောင်းကြီးဆို တော့ သိပ်ခံ့ညားထည်ဝါမှာပေါ့။ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေးပစ္စည်း လေးပါးပြည့်စုံအောင် လှူတယ်။ ပြီးတော့ ဒီအလှူဒါနရဲ့ အကျိုး ဘယ် လောက် ကြီးကျယ်မှာကို သိချင်လို့ ဆရာတော်ကို မေးလျှောက်ပါတယ်။

ဆရာတော် ဦးဗုဒ်က နန်းမတော်မယ်နုကို ငွေဖလားနဲ့ ရေအပြည့် ခပ်လာစေပြီးတော့ သွန်လောင်းစေတယ်။ "ဒကာမ-ကျောင်း, သင်္ကန်း စသည်လှူဒါန်းလို့ ကုန်ကျတဲ့ဝတ္ထုငွေက ဒကာမသွန်လောင်းလိုက်တဲ့ရေ နဲ့ တူတယ်၊ ရတဲ့ အကျိုးတရားက ငွေဖလားမှာ ကျန်ရစ်တဲ့ ရေနဲ့တူတယ်" လို့ ဆရာတော်အမိန့်ရှိလိုက်ပါတယ်။

ငွေဖလားမှာ ကပ်ကျန်ရစ်တဲ့ ရေလောက်ပဲ အကျိုးရတယ်ဆိုတော့ နန်းမတော်မယ်နု မကျေနပ်ဘူး။ စစ်ကိုင်းချောင်မှာ သီတင်းသုံးနေတဲ့ တောင်ဘီလူးဆရာတော်ဘုရားကြီးကို ထပ်မေးလျှောက်တယ်။ ဆရာ တော်ကြီးက "ငါတို့က ပညာတတ်ပုဂ္ဂိုလ်ဆိုလို့ တောင်ဘက်မှာ ဆရာ တော် ဦးဗုဒ်တစ်ပါး ရှိသေးလေရဲ့လို့ မှတ်ယူထားတာ၊ ဦးဗုဒ်ကလည်း အတော် မျက်နှာလိုက်သကိုး"လို့ အမိန့်ရှိလိုက်တယ်။

မှတ်သားစရာကောင်းပါတယ်၊ နန်းမတော်မယ်နုက သူတကာ မလှူ နိုင်တဲ့ ကြီးကျယ်တဲ့ အလှူကို ငါလှူနိုင်တယ်ဆိုတဲ့ မာနရှိနေတယ်၊ ဒီ ကြီးကျယ်တဲ့ အလှူရဲ့ အကျိုးကျေးဇူးကြောင့် အလွန်ကြီးကျယ်တဲ့ လူ့ စည်းစိမ်, နတ်စည်းစိမ်တွေ ရလိမ့်မယ်လို့ လောဘဖြစ်နေတယ်။ ဒီမာန လောဘစတဲ့ အကုသိုလ်တရားတွေက သူ့ကုသိုလ်ကောင်းမှုကို ခြံရံနေ တော့ ရတဲ့အကျိုးက နည်းပါးသွားတာ ဖြစ်ပါတယ်။

ကုသိုလ်ကောင်းမှုပြုတိုင်း လောဘ, မစ္ဆရိယ, အတ္တစွဲတို့နဲ့ မကပ်ငြိ

ဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်နိုင်တာကောင်းတယ်။ ပြီးတော့ "ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု" "ဤကျွန်ုပ်၏ ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကြောင်းအထောက်အပံ့ ဖြစ်ပါစေသတည်း"လို့ ရည်စူးပြီး လှူပါ၊ ကုသိုလ်ပြုလုပ်ပါ၊ နိဗ္ဗာန်ဆုတောင်းပါ။

၆ လူသုံးမျိုး ကွဲပြားပုံ

လူတွေကို တူညီအောင် အနန္တတန်ခိုးရှင်က မဖန်ဆင်းထားပါဘူး။ မတူညီအောင် ကံက ဖန်တီးပေးထားပါတယ်။ ကာမာဝစရကုသိုလ်ကံက အကျိုးပေးလို့ လူဘဝ, နတ်ဘဝ, လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို ရရှိကြတယ်။ ကုသိုလ်ကောင်းမှုပြုတဲ့အခါ လူ့ဘဝဆုတောင်းရင် လူဖြစ်ပါတယ်၊ နတ်ဘဝဆုတောင်းရင် နတ်ဖြစ်ပါတယ်။

လူတွေမှာ ရုပ်ရည်, ဉာဏ်အရည်အသွေး, ကျန်းမာရေး, စည်းစိမ်ချမ်းသာစသည်တို့ မတူကြဘူး။ မိမိတို့ပြုထားကြတဲ့ ကံတွေ မတူကြလို့ ကံစီမံတဲ့အတိုင်း အမျိုးမျိုးကွဲပြားနေရတာကို စူဠကမ္မဝိဘင်္ဂသုတ္တန် မှာ မြတ်စွာဘုရား ရှင်းပြထားပါတယ်။

တစ်ခါ လူတွေမှာ အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ် ဆိုပြီး သုံးမျိုး ထပ်ကွဲပါတယ်။ ဒီလိုကွဲပြားရတဲ့အကြောင်းကို အဘိဓမ္မာ သဂြိုဟ်မှာ ရှင်းပြထားပါတယ်။

ကုသိုလ်ကောင်းမှုပြုတဲ့အခါမှာ ကံ-ကံ၏အကျိုးကို သိတဲ့ဉာဏ် မယှဉ်ဘဲ စေတနာသုံးတန်လည်း မပြည့်စုံဘဲ ပြုလုပ်ရင် ဒိဟိတ်ဩမကကုသိုလ်ကံများဖြစ်တယ်။ ဒီကုသိုလ်ကံ အကျိုးပေးရင် အဟိတ်ကုသလဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များကို ဖြစ်စေတယ်။ အဟိတ်ဆိုတာ ဟိတ်မပါရှိဘူးလို့ ဆိုလိုပါတယ်။ ကုသိုလ်ဟိတ်တွေ တစ်ခုမှ မပါတဲ့ ကုသိုလ်ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေရတဲ့အခါ အဆင့်နိမ့်တဲ့လူတွေ အဆင့်နိမ့်တဲ့ နတ်တွေ ဖြစ်ရပါတယ်။ သူတို့ကို အဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။

လူ့ဘုံမှာ မွေးဖွားလာကတည်းက မျက်စိကန်းတဲ့သူ၊ နား‌ပင်းတဲ့သူ၊ နှာခေါင်းဖြင့် အနံ့မသိသူ၊ ထစ်အပြီး စကားမပီသူ၊ အလွန်ဉာဏ်ထိုင်းပြီး ဆွံ့အသူ၊ ယောက်ျားနှင့် မိန်းမတို့ရဲ့ နိမိတ်အင်္ဂါအစုံရှိသူ(ဥဘတောဗျည်း)၊ ယောက်ျားအင်္ဂါ, မိန်းမအင်္ဂါ မရှိသူ (နပုန်း)၊ ထစ်ထစ်ငေါ့ငေါ့ ဒရွတ်ဆွဲပြီး စကားပြောသူ(မမ်းဆွံ့သူ) တို့ဟာ အဟိတ်ပုဂ္ဂိုလ်တွေပဲ။ အောက်စတုမဟာရာဇ်နတ်တွေထဲမှာ ဘုတ်၊ မင်စာ၊ တစ္ဆေ၊ အစိမ်း၊ သရဲ ဘီလူးစသည်တို့ကလည်း အဟိတ်ပုဂ္ဂိုလ်တွေပဲ။

ကုသိုလ်ကောင်းမှုပြုတဲ့အခါမှာ ကံ-ကံ၏အကျိုးကို သိတဲ့ဉာဏ် မယှဉ်ဘဲ စေတနာသုံးတန်ပြည့်စုံပြီး ကုသိုလ်ပြုလုပ်ရင် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံဖြစ်တယ်။ တစ်ခါ ကုသိုလ်ပြုတဲ့အခါ ဉာဏ်ယှဉ်တယ် စေတနာ သုံးတန်မပြည့်စုံဘူးဆိုရင် တိဟိတ်ဩမကကုသိုလ်ကံ ဖြစ်တယ်။ ဒီကံ နှစ်မျိုး အကျိုးပေးတဲ့အခါ ဒွိဟိတ်ကုသလဝိပါက်စိတ်, ယှဉ်ဖက် စေတသိက်များနှင့် ကမ္မဇရုပ်များ ဖြစ်တယ်။ ဒွိဟိတ်ကုသလဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေကြတဲ့ လူနှင့်နတ်များကို ဒွိဟိတ်ပုဂ္ဂိုလ် လို့ ခေါ်တယ်။ ဒွိဟိတ်ပုဂ္ဂိုလ်တို့ဟာ ကိုယ်အင်္ဂါစုံပေမယ့် ဉာဏ်နုံ့ပြီး ဈာန်, မဂ်, ဖိုလ် မရနိုင်ကြဘူး။

ကုသိုလ်ကောင်းမှုပြုတဲ့အခါမှာ ကံ-ကံ၏ အကျိုးကို သိတဲ့ဉာဏ်နဲ့လည်း ယှဉ်တယ်၊ စေတနာသုံးတန်လည်း ပြည့်စုံတယ်ဆိုရင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံများ ဖြစ်တယ်။ ဒီကုသိုလ်ကံများ အကျိုးပေးတဲ့အခါ တိဟိတ်ကုသလဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များကို လူ့ဘုံ၊ နတ်ဘုံမှာ ဖြစ်စေတယ်။ ဒီလို ပဋိသန္ဓေတည်တဲ့ ပုဂ္ဂိုလ်များဟာ တိဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြတယ်။ ဉာဏ်ထက်ပြီး ဈာန်, မဂ်, ဖိုလ်ရနိုင်ကြတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ ဒါကြောင့် လူချင်းတူပေမယ့် အခြေခံ စိတ်ချင်း ဉာဏ်ချင်း မတူကြဘူး။

## ၄ ရုပ်ပြဿနာများ ကွဲပြားပုံ

ပြဿနာများက တန်ခိုးကြီးကြလို့ လူအချို့က ပြဿနာကို ဖန်ဆင်းရှင်လို့

တောင် ထင်မိကြတယ်။ ပြဟ္မာတွေကို ဘယ်သူက ဖန်ဆင်းပေးထားသလဲ။ ပြဟ္မာဘုံများက ၁၆-ဘုံအထိ ကွဲပြားနေအောင် ဘယ်သူက စီမံထားသလဲ။ စိတ်ကပဲ ကံစွမ်းရည်မှတစ်ဆင့် စီမံဖန်တီးထားတာ ဖြစ်ပါတယ်။

စိတ်ကို စွမ်းအင်အဆင့်ဆင့် မြင့်မားအောင် ပြုလုပ်လို့ ရတယ်။ ကာမာဝစရကုသိုလ်စိတ်များထက် ပိုအဆင့်မြင့်တဲ့စိတ်တို့က ရူပါဝစရစိတ် (ဝါ) ရူပဈာန်စိတ်များ ဖြစ်ပါတယ်။ ဝင်လေထွက်လေကို အာရုံယူတဲ့ အာနာပါနသတိကမ္မဋ္ဌာန်းကို မှန်မှန်ကန်ကန်ရှုပွားရင် ရူပါဝစရကုသိုလ်ဈာန်စိတ်လေးပါး ရနိုင်တယ်။ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်းစတဲ့ ကသိုဏ်းတစ်ပါးပါးကို မှန်မှန်ကန်ကန် ရှုပွားရင်လည်း ဒီဈာန်စိတ်လေးပါးကို ရနိုင်တယ်။

'ဈာန်'ဆိုတာ ကမ္မဋ္ဌာန်းအာရုံမှာ တစ်နာရီ၊ နှစ်နာရီစသည်ဖြင့် စိတ် စူးစိုက်၊ တည်တံ့၊ မြုပ်ဝင်နေတဲ့ အခြေအနေဖြစ်ပါတယ်။ စိတ်စုစည်းငြိမ်ဝပ်ပြီး ကိလေသာ အညစ်အကြေးများ ကင်းစင်ကာ မတုန်မလှုပ်ဘဲ စိတ်ငြိမ်းချမ်းနေတဲ့ အခြေအနေဖြစ်ပါတယ်။

*"စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်သတတ်"* ဟု မဟာစည် ဆရာတော် စာဖွဲ့ပါတယ်။

*"စိုက်စိုက်စူးစူး၊ အထူးမြဲမြဲ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်"*

လို့ လယ်တီဆရာတော်က ဆောင်ပုဒ်လုပ်ပေးထားပါတယ်။

ပထမဈာန်ဟာ ဈာန်အင်္ဂါငါးခုတို့ရဲ့ အပေါင်းအစုဖြစ်တယ်။ ဈာန်အင်္ဂါများက ကြားနေစေတသိက်များ ဖြစ်ပြီး ကုသိုလ်စိတ်များနှင့်ရော အကုသိုလ်စိတ်များနှင့်ပါ ယှဉ်နိုင်ကြတယ်။

(၁) *ဝိတက်* - စိတ်စေတသိက်တို့က အာရုံသို့ တင်ပေးခြင်းသဘော၊

(၂) *ဝိစာရ* - အာရုံကို ထပ်ကာထပ်ကာ ယူခြင်း၊ သုံးသပ်ခြင်း သဘော၊

(၃) *ပီတိ* - အာရုံကို နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းသဘော၊

(၄) သုခ - ချမ်းသာတဲ့ ခံစားခြင်းသဘော၊

(၅) ဧကဂ္ဂတာ - အာရုံတစ်ခုတည်းမှာ စုစည်း, စိုက်ဝင်, တည်တံ့ခြင်းသဘောတို့ ဖြစ်ကြတယ်။

ဝင်လေထွက်လေကို စူးစိုက်ရှုမှတ်တဲ့ အာနာပါနဿတိလို ကမ္မဋ္ဌာန်းတစ်ပါးပါးကို ရှုပွားနေတဲ့အခါ ကာမာဝစရကုသိုလ်စိတ်များ ဖြစ်ပေါ်ပြီး ဒီဈာန်အင်္ဂါများ တဖြည်းဖြည်း ဖွံ့ဖြိုးလာတယ်။ ဒီဈာန်အင်္ဂါတွေ အပြည့်အဝ ဖွံ့ဖြိုးလာတဲ့အခါ ၎င်းတို့က ခွန်အားကြီးမားလာပြီး ကမ္မဋ္ဌာန်းအာရုံဆိုတဲ့ တစ်ခုတည်းသော အာရုံမှာ စိတ်ကို စူးစိုက်ထားစေတယ်။ ဒါကြောင့် အာရုံတစ်ခုတည်းမှာ စိတ်စူးစိုက်တည်တံ့နေတဲ့ ရူပါဝစရပထမဈာန်စိတ်ဖြစ်ပေါ်လာပါတယ်။

ထို့နောက် ကမ္မဋ္ဌာန်းအာရုံကိုစူးစိုက်ကာ ဆက်လက်ရှုပွားပြီး ဝိတက်, ဝိစာရတို့ကို ဖယ်ရှားလိုက်တဲ့အခါ ရူပါဝစရဒုတိယဈာန်ကို ရရှိနိုင်ပါတယ်။ ဒုတိယဈာန်မှာ ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါ သုံးပါးသာ ပါရှိတော့တယ်။

တစ်ဖန် ပီတိမဖြစ်ပေါ်စေဘဲ ကမ္မဋ္ဌာန်းအာရုံကို စူးစိုက်ရှုပွားရင် စိတ်ငြိမ်ဝပ်တည်တံ့သွားတဲ့အခါ တတိယဈာန်ဖြစ်ပေါ်တယ်။ တတိယဈာန်မှာ သုခနှင့် ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါးသာ ရှိတော့တယ်။ တတိယဈာန်မှာ သုခဟာ အလွန်အားကြီးတဲ့အတွက် အလွန်ချမ်းသာပါတယ်။

တစ်ဖန် သုခကိုလည်း မဖြစ်ပေါ်စေဘဲ ကမ္မဋ္ဌာန်းအာရုံကို စူးစိုက်ကာ ဆက်လက်ရှုပွားရင် တစ်နာရီ, နှစ်နာရီ စသည်ဖြင့် စိတ်ငြိမ်ဝပ်တည်တံ့သွားတဲ့အခါ စတုတ္ထဈာန်သို့ ရောက်တယ်။ စတုတ္ထဈာန်မှာ ဥပေက္ခာနှင့် ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါနှစ်ပါးသာ ရှိတော့တယ်။ ဥပေက္ခာက မကောင်းမဆိုး ရိုးရိုးခံစားမှုဖြစ်ပြီး စိတ်ကို မတုန်မလှုပ်ငြိမ်ဝပ်စွာ ဖြစ်စေတဲ့ တတြမဇ္ဈတ္တတာစေတသိက်နှင့် ယှဉ်ဖြစ်ပါတယ်။ ဒါကြောင့် စတုတ္ထဈာန်ဟာ အလွန်ငြိမ်ဝပ်, ငြိမ်းချမ်းပြီး ကမ္မဋ္ဌာန်းအာရုံမှာ စွဲစွဲမြဲမြဲ စူးစိုက်တည်ရှိပါတယ်။

ဈာန်စိတ်အားလုံးဟာ ကိလေသာတရားတွေ ကင်းဝေးပြီး စင်ကြယ်ကြတယ်။ စိတ်ကို လှုပ်ရှား, ပူလောင်ဆင်းရဲစေတဲ့ ကိလေသာတွေ ကင်းဝေးနေတဲ့အတွက် စိတ်ဟာ ဖြူစင်ငြိမ်သက်တယ်၊ ငြိမ်းချမ်းတယ်၊ ပြီးတော့ စိတ်စုစည်းနေတဲ့အတွက် စိတ်ဟာ အလွန်အားကြီးလာပါတယ်။ ဈာန်ချမ်းသာဟာလည်း ကာမဂုဏ်ချမ်းသာထက် များစွာ သာလွန်ပါတယ်။

စိတ်က စုစည်းဖြူစင်နေတဲ့အခါ ပစ္စလာယမာနသုတ္တန်မှာ မြတ်စွာဘုရားဟောကြားထားသလို အလွန်တောက်ပစူးရှတဲ့ အလင်းရောင်ကို ထွက်ပေါ်စေပါတယ်။ သမာဓိမြင့်မားလေလေ အလင်းရောင်က ပိုပြီး စူးရှတောက်ပလေလေ ဖြစ်ပါတယ်။ ဒီအလင်းရောင်အကူအညီနဲ့ မျက်စိပိတ်ထားလျက်က ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကိုရော ဝေးလံတဲ့ အရာဝတ္ထုများကိုရော မြင်တွေ့နိုင်ပါတယ်။ သမာဓိယှဉ်တဲ့ စိတ်မျက်စိနဲ့ မြင်တွေ့ခြင်း ဖြစ်ပါတယ်။ ခန္ဓာကိုယ်ထဲသို့လည်း ထိုးထွင်းကာ အသား, အရိုး, အဆုတ်, နှလုံး, အသည်းစတဲ့ ကိုယ်အင်္ဂါများကိုပါ မြင်တွေ့စေပါတယ်။ ဆက်လက်ပြီး ကောင်းစွာ လေ့ကျင့်ပေးလျှင် စိတ်, စေတသိက်များ, ပထဝီ, အာပေါစတဲ့ ပရမတ်ရုပ်တရားများကို ထင်ထင်ရှားရှား ထိုးထွင်းမြင်တွေ့လာပါတယ်။ ဒါကြောင့် ဝိပဿနာဘာဝနာကို ကောင်းမွန်စွာ ရှုပွားနိုင်လာပါတယ်။

ဈာန်သမာပတ် ဝင်စားနေတဲ့အခါ ဈာန်စိတ်များသာ အဆက်မပြတ်ဖြစ်ပေါ်တယ်။ စိတ္တနိယာမအရ ဈာန်စိတ်တို့ဟာ တစ်စက္ကန့်မှာ ကုဋေသန်းပေါင်း မြောက်မြားစွာ ဖြစ်ပေါ်ကြပြီးတော့ ချုပ်သွားကြတဲ့အခါမှာ စိတ်အစဉ်ဝယ် ရုပါဝစရကုသိုလ်ကံတွေ ကုဋေသန်းပေါင်းများစွာ ကျန်ရစ်စေပါတယ်။ ဈာန်ကုသိုလ်ကံများက အားကြီးတဲ့ ဂရုကကံများ ဖြစ်ကြတယ်။

ဈာန်စိတ်နှင့်အတူ ယှဉ်ဖြစ်တဲ့ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ (ပညာ) တို့အနက် တစ်ပါးပါးက အဓိပတိ(အကြီးအကဲ)ဖြစ်ရှိုးရှိပါတယ်။ ၎င်းအဓိပတိရဲ့ အရည်အသွေး အယုတ်, အလတ်, အမြတ်ပေါ်မူတည်ပြီး ဈာန်

တို့ကို အညံ့စား-ပရိတ္တစျာန်၊ အလတ်စား-မဇ္ဈိမစျာန်၊ အမြတ်စား-ပဏီတစျာန်လို့ သတ်မှတ်ပါတယ်။

(၁) အညံ့စားပထမစျာန်ကုသိုလ်ကံက ဗြဟ္မပါရိသဇ္ဇာဘုံမှာ အလတ်စားပထမစျာန်ကုသိုလ်ကံက ဗြဟ္မာပုရောဟိတာဘုံမှာ၊ အမြတ်စားပထမစျာန်ကုသိုလ်ကံက မဟာဗြဟ္မာဘုံမှာ အသီးသီး ပထမစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်စေတယ်။ ဒါကြောင့် ရူပါဝစရ ပထမစျာန်စိတ်က ၎င်းရဲ့ ကံသတ္တိမှတစ်ဆင့် ပထမစျာန်သုံးဘုံနှင့် ဗြဟ္မာများကို ဖြစ်ပေါ်စေပါတယ်။

(၂) အလားတူပဲ အညံ့စားဒုတိယစျာန်ကုသိုလ်ကံက ပရိတ္တာဘာဘုံမှာ အလတ်စားဒုတိယစျာန်ကုသိုလ်ကံက အပ္ပမာနာဘာဘုံမှာ၊ အမြတ်စား ဒုတိယစျာန်ကုသိုလ်ကံက အာဘဿရာဘုံမှာ အသီးသီး ဒုတိယစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်စေတယ်။ ဒါကြောင့် ရူပါဝစရ ဒုတိယစျာန်စိတ်က ၎င်းရဲ့ ကံသတ္တိမှတစ်ဆင့် ဒုတိယစျာန်သုံးဘုံနှင့် ဗြဟ္မာများကို ဖြစ်ပေါ်စေပါတယ်။

(၃) တစ်ဖန် အလားတူပဲ အညံ့စားတတိယစျာန်ကုသိုလ်ကံက ပရိတ္တသုဘာဘုံမှာ၊ အလတ်စားတတိယစျာန်ကုသိုလ်ကံက အပ္ပမာနသုဘာဘုံမှာ၊ အမြတ်စား တတိယစျာန်ကုသိုလ်ကံက သုဘကိဏှာဘုံမှာ အသီးသီး တတိယစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်စေတယ်။ ဒါကြောင့် ရူပါဝစရတတိယစျာန်စိတ်က ၎င်းရဲ့ ကံသတ္တိမှတစ်ဆင့် တတိယစျာန်သုံးဘုံနှင့် ဗြဟ္မာများကို ဖြစ်ပေါ်စေပါတယ်။

(၄) စတုတ္ထစျာန် ရထားကြတဲ့ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့ ကွယ်လွန်ကြတဲ့အခါမှာ စတုတ္ထစျာန်ကုသိုလ်ကံရဲ့အကျိုးပေးမှုကြောင့် ဝေဟပ္ဖိုလ်ဘုံမှာ စတုတ္ထစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်ရတယ်။ ဝေဟပ္ဖိုလ်ဗြဟ္မာကြီးများ ဖြစ်ကြရတာပေါ့။

စတုတ္ထစျာန်ရထားပြီးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တစ်ဦးဟာ 'အမှတ်သညာ

နှင့်တကွ စိတ်စေတသိက်တို့ ရှိနေတဲ့အတွက် စားချင်မှု, လိုချင်မှု, စိတ်ဆိုးမှု, မာနထောင်လွှားမှု စတာတွေ ဖြစ်ပေါ်ကြတာ၊ အမှတ်သညာနှင့်တကွ စိတ်စေတသိက်မရှိလျှင် မည်သည့်စိတ်ဆင်းရဲမှု မရှိတဲ့အတွက် အေးငြိမ်းချမ်းသာလိမ့်မယ်'လို့ ယူဆပြီး သညာမုန်းတဲ့ဘာဝနာ 'သညာဝိရာဂဘာဝနာ' ကို ရှုပွားတယ်။ ထိုပုဂ္ဂိုလ်ကွယ်လွန်တဲ့အခါ သူ့အလိုကျအောင် သညာနှင့် စိတ်စေတသိက်တို့ မရှိတဲ့ အသညသတ်ဘုံသို့ ရောက်ပြီး ရုပ်ချည်းသက်သက် ရှိတဲ့ အသညသတ်ဗြဟ္မာ ဖြစ်ရတယ်။

စတုတ္ထစျာန်ရထားကြတဲ့ အနာဂါမ်ပုဂ္ဂိုလ်များကွယ်လွန်ကြတဲ့အခါ သုဒ္ဓါဝါသငါးဘုံမှာ စတုတ္ထစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်ကြရတယ်။ သဒ္ဓိန္ဒြေလွန်ကဲတဲ့ ပုဂ္ဂိုလ်တို့က အဝိဟာဘုံမှာ ဖြစ်ကြတယ်။ ဝီရိယိန္ဒြေလွန်ကဲသူတို့က အတပ္ပါဘုံမှာ ဖြစ်ကြတယ်။ သတိန္ဒြေလွန်ကဲတဲ့ ပုဂ္ဂိုလ်တို့က သုဒဿာဘုံမှာ ဖြစ်ကြတယ်။ သမာဓိန္ဒြေလွန်ကဲဟဲ့ပုဂ္ဂိုလ်တို့က သုဒဿီဘုံမှာ ဖြစ်ကြတယ်။ ပညိန္ဒြေလွန်ကဲတဲ့ ပုဂ္ဂိုလ်တို့က အကနိဋ္ဌဘုံမှာ ဖြစ်ကြတယ်။

ပထမစျာန်သုံးဘုံ၊ ဒုတိယစျာန်သုံးဘုံ၊ တတိယစျာန်သုံးဘုံ၊ စတုတ္ထစျာန် ၇-ဘုံ၊ ပေါင်း ရူပဗြဟ္မာ ၁၆-ဘုံ ဖြစ်လာပါတယ်။ ဒီဘုံများကို စိတ်က ဖန်တီးပေးလိုက်ကြောင်း ထင်ရှားလှပါပေတယ်။ စျာန်စိတ်များရဲ့ စွမ်းအားကြီးတာနှင့်အမျှ စျာန်ကုသိုလ်ကံများကလည်း စွမ်းအားကြီးကြတယ်။ ဒါကြောင့် ဗြဟ္မာများဟာ တန်ခိုးကြီးကြပြီး သက်တမ်းအလွန်ရှည်ကြတယ်။ မဟာဗြဟ္မာများက အသင်္ချေယျကပ်တစ်ကပ်၊ ဝေဟပ္ဖိုလ်ဗြဟ္မာများက ကမ္ဘာငါးရာ၊ အကနိဋ္ဌဗြဟ္မာများက ကမ္ဘာ ၁၆၀၀၀ စသည်ဖြင့် အသက်ရှည်ကြပါတယ်။

## ၈ နာမ်ချည်းသက်သက်ရှိကြတဲ့ အရူပဗြဟ္မာများ

ရူပါဝစရစတုတ္ထစျာန်ရပြီးတဲ့ ပုဂ္ဂိုလ်များဟာ အရူပါဝစရစျာန်တက်ချင်ရင် ရုပ်မှာ အပြစ်မြင်အောင် ဆင်ခြင်ရတယ်။ "ဒီရုပ်ခန္ဓာကိုယ် ရှိနေ

လို့ ပူအိုက်ရ, ချမ်းအေးရတယ်၊ ဆာလောင်မွတ်သိပ်ရတယ်၊ ညောင်းညာ ကိုက်ခဲရတယ်၊ ရောဂါမျိုးစုံ ဖြစ်ပွားရတယ်၊ ခိုက်ရန်ဖြစ်ကြရတယ်။ ရုပ်ခန္ဓာကိုယ်မရှိရင် ဒီဆင်းရဲတွေ မရှိတဲ့အတွက် ချမ်းသာတယ်”လို့ ဆင်ခြင်တယ်။

ထို့နောက် ပထဝီကသိုဏ်းကို ရှုခြင်းဖြင့် စတုတ္ထစျာန်ကို ထူထောင်တယ်၊ စျာန်မှ ထွက်ပြီး ရုပ်ရဲ့အပြစ်ကို ဆင်ခြင်တယ်၊ ရုပ်ရဲ့အပြစ်ကို မြင်လာတဲ့အခါ ကသိုဏ်းရုပ်နဲ့ ဆက်စပ်နေတဲ့ ပဋိဘာဂနိမိတ်ကိုလည်း အာရုံမယူတော့ဘူး၊ ထိုနိမိတ်ကွာသွားရင် ထင်လာမယ့် အာကာသ-ဟင်းလင်းပြင်ကို အာရုံယူပြီး “အာကာသ-အာကာသ”လို့ ထပ်ကာဖန်ဖန်ရှု တယ်။

ပဋိဘာဂနိမိတ်ကို တွယ်တာနေတဲ့ နိကန္တိတဏှာကွာသွားတဲ့အခါ ကသိုဏ်းရဲ့ ပဋိဘာဂနိမိတ်လည်း ပျောက်သွားတယ်။ ထင်လာတဲ့ ဟင်းလင်းပြင်ကိုပဲ “အာကာသ-အာကာသ”လို့ ဆက်ရှုပြီး တစ်နာရီ၊ နှစ်နာရီ စသည်ဖြင့် စိတ်ငြိမ်ဝပ်လာတဲ့အခါ အာကာသာနဉ္စာယတနစျာန်ကို ရတယ်။

အာကာသာနဉ္စာယတနစိတ်ကို တစ်ခါအာရုံယူပြီး “ဝိညာဏံ-ဝိညာဏံ”လို့ ထပ်ကာဖန်ဖန် ဆက်ရှုရင် ဝိညာဏဉ္စာယတနစျာန်ကို ရတယ်။

တစ်ခါ အာကာသာနဉ္စာယတနစိတ်ရဲ့ မရှိခြင်းဆိုတဲ့ နတ္ထိဘောပညတ်ကို အာရုံယူပြီး “နတ္ထိဘော-နတ္ထိဘော”လို့ ထပ်ကာဖန်ဖန်ဆက်ရှုရင် အာကိဉ္စညာယတနစျာန်ကို ရတယ်။

တစ်ခါ အာကိဉ္စညာယတနစိတ်ကို အာရုံယူပြီး ဘာဝနာဆက်ရှုရင် ‘သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်း မဟုတ်’လို့ အမိပ္ပာယ်ရတဲ့ နေဝသညာနာသညာယတနစျာန်ကို ရတယ်။ ဒီစျာန်က အလွန်သိမ်မွေ့လို့ စိတ်ဖြစ်နေမှန်းတောင် မသိတော့ဘူး။

မိမိရတဲ့ ဈာန်အသီးသီးကို ဝင်စားနေတဲ့အခါ ယင်းဈာန်စိတ်ပဲ ထပ်ကာဖန်ဖန်ဖြစ်နေပြီးတော့ ဈာန်ချမ်းသာနဲ့ နာရီများစွာ နေနိုင်တယ်။ ဒီလို ဈာန်ဝင်စားနေတဲ့အခါ ဈာန်ကုသိုလ်စိတ်တွေ ကုဋေသိန်းပေါင်းမရေမတွက် နိုင်အောင် ဖြစ်သွားတာနဲ့အညီ ဈာန်ကုသိုလ်ကံများလည်း ကုဋေသိန်းပေါင်း မရေမတွက်နိုင်အောင် ဖြစ်ကြရပါတယ်။

သေလွန်တဲ့အခါ ဈာန်ကုသိုလ်ကံများက မိမိတို့ဆိုင်ရာ ဈာန်ဝိပါက်စိတ်များကို ဖြစ်စေပြီး ဆိုင်ရာဘုံမှာ ဗြဟ္မာဘဝ ဖြစ်စေပါတယ်။ အရူပဈာန် ထူထောင်တဲ့အခါ ရုပ်ကို အပြစ်မြင်ပြီး ရုပ်ကို ပယ်ထားတဲ့အတွက် အရူပကုသိုလ်ကံများ အကျိုးပေးတဲ့အခါ နာမ်များသာ ဖြစ်ပြီး ရုပ်မဖြစ်ဘူး။

အာကာသာနဉ္စာယတနကုသိုလ်ကံက အာကာသာနဉ္စာယတနဘုံမှာ အာကာသာနဉ္စာ ယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေတယ်။

ဝိညာဏဉ္စာယတနကုသိုလ်ကံက ဝိညာဏဉ္စာယတနဘုံမှာ ဝိညာဏဉ္စာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေတယ်။

အာကိဉ္စညာယတနကုသိုလ်ကံက အာကိဉ္စညာယတနဘုံမှာ အာကိဉ္စ ညာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေတယ်။

နေဝသညာနာသညာယတနကုသိုလ်ကံက နေဝသညာနာသညာယတနဘုံမှာ နေဝသညာနာသညာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေတယ်။

အရူပါဝစရကုသိုလ်ကံများက ပိုစွမ်းအားကြီးလို့ အရူပဗြဟ္မာများက ပိုပြီး သက်တမ်းရှည်ကြတယ်။ ကမ္ဘာပေါင်း ၂၀၀၀၀, ၄၀၀၀၀, ၆၀၀၀၀, ၈၄၀၀၀ အသီးသီး အသက်ရှည်ကြပါတယ်။

သတ္တဝါတွေ ကျင်လည်ကြတဲ့ ၃၁-ဘုံနဲ့ ဒီဘုံတို့မှာ ရှိကြတဲ့ သတ္တဝါများအားလုံးကို စိတ်က ကံအစွမ်းသတ္တိဖြင့် ဖန်ဆင်းပေးထားတာ သဘာဝကျလှပါတော့တယ်။ သတ္တဝါတစ်ဦးစီရဲ့ ကံကြမ္မာအဆိုးအကောင်းတို့ကိုလည်း ထိုသတ္တဝါရဲ့ စိတ်ကပဲ ကံသတ္တိမှတစ်ဆင့် ဖန်တီးနေပါတယ်။

# ၁၀

# သေခြင်းနှင့် ဘဝသစ်ဖြစ်ခြင်း

## ၁ သတ္တဝါတို့ ဘာကြောင့် အသက်ရှင်နေရသလဲ

*"သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ"*

*သတ္တဝါအားလုံးဟာ အာဟာရပေါ်မှာ တည်မှီနေကြရတယ်။*

အစာအာဟာရဟာ ခန္ဓာကိုယ်မပျက်မစီး, ကြီးပွားခိုင်ခံ့အောင် ရွက်ဆောင်ထောက်ပံ့ထားသလို ထို့အတူ မိမိဆိုင်ရာအကျိုးကို လွန်စွာဖြစ်အောင် ရွက်ဆောင်ပေးနိုင်တဲ့တရားကို 'အာဟာရ'လို့ ခေါ်တယ်။

သတ္တဝါတွေ အသက်ရှင်သန်နေအောင် ထောက်ပံ့ပေးနေတဲ့အာဟာရ လေးပါးရှိတယ်လို့ အဘိဓမ္မာသင်္ဂြိုဟ်မှာ ဖော်ပြပါတယ်။ အာဟာရ လေးပါးက-

(၁) *ကဗဠီကာရာဟာရ* - စားသောက်တဲ့ အစားအစာမှာပါတဲ့ ဩဇာရုပ်၊ ဩဇာရုပ်က အာဟာရဇရုပ်ကလာပ်များကို မပြတ်ဖြစ်စေခြင်းဖြင့် ရုပ်ခန္ဓာကို ရှင်သန်နေအောင် အကျိုး ဆောင်ပေးတယ်။

(၂) *ဖဿာဟာရ* - စိတ်အားလုံးမှာ ယှဉ်တဲ့ ဖဿစေတသိက်။

ဖဿက အာရုံနှင့် စိတ်ကို ထိတွေ့ပေးခြင်းဖြင့် ဝေဒနာငါးမျိုးကို ဖြစ်ပေါ်စေတယ်၊ ကိုယ်မှာ ချမ်းသာတဲ့ ခံစားမှု- သုခဝေဒနာနဲ့ စိတ်မှာ ချမ်းသာတဲ့ သောမနဿဝေဒနာတို့ဟာ သတ္တဝါတွေကို အသက်ရှင်နေစေတဲ့ မျှော်လင့်ချက်တစ်ရပ်ပဲ။

(၃) *မနောသဉ္စေတနာဟာရ* - စိတ်အားလုံးမှာ ယှဉ်တဲ့စေတနာ။

စေတနာကို ကံလို့ မြတ်စွာဘုရားသတ်မှတ်တယ်။ စေတနာချုပ်တဲ့အခါ စိတ်အစဉ်မှာ ကျန်ရစ်တဲ့ ကံသတ္တိကိုလည်း ကံလို့ပဲ ခေါ်တယ်။ အကုသိုလ်ကံနှင့် ကုသိုလ်ကံအမျိုးမျိုးတို့က မိမိတို့ရဲ့ အကျိုးဖြစ်တဲ့ ဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များကို အဆက်မပြတ်ဖြစ်စေခြင်းဖြင့် သတ္တဝါတို့ အသက်ရှင်နေအောင် အကျိုးဆောင်ပေးတယ်။ စေတသိက်များမှာ 'နာမ်အသက်'အမည်ရတဲ့ 'ဇီဝိတိန္ဒြေစေတသိက်' ပါတယ်။ ကမ္မဇရုပ်များမှာ 'ရုပ်အသက်'လို့ အမည်ရတဲ့ 'ဇီဝိတရုပ်'ပါတယ်။ ရုပ်အသက်နှင့် နာမ်အသက်တို့ အဆက်မပြတ် ဖြစ်နေခြင်းကြောင့် သတ္တဝါတို့ အသက်ရှင်နေကြခြင်း ဖြစ်တယ်။ ရုပ်အသက်နှင့် နာမ်အသက်တို့ပြတ်တောက်ရင် (ဘဝဖြစ်စေတဲ့ ကံအစွမ်းကုန်ရင်) သတ္တဝါသေပါတယ်။

(၄) *ဝိညာဏာဟာရ* - စိတ်အားလုံးကို ဝိညာဏာဟာရလို့ ခေါ်တယ်။

စိတ်တစ်လုံးစီက မိမိဖြစ်တာနဲ့ တစ်ပြိုင်နက် ယှဉ်ဖက် စေတသိက်များ (ဇီဝိတိန္ဒြေအပါအဝင်)နှင့်

စိတ္တဇရုပ်များကို ဖြစ်စေတယ်။ စိတ္တဇရုပ်ကြောင့် ကိုယ်လက်နုတ်စသည်တို့ကို လှုပ်ရှားနိုင်ပြီး အသက်ရှင်နေရတယ်။

အာဟာရလေးပါးမှာ အဓိကအကျဆုံးက မနောသဉ္စေတနာဟာရပါပဲ။ လက်ရှိဘဝဖြစ်အောင် အကျိုးပေးထားတဲ့ ကံက စွမ်းအင်ကုန်လို့ ဆက်လက်ပြီး ဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များဆိုတဲ့ ခန္ဓာငါးပါး ဆက်လက်မဖြစ်စေနိုင်ရင် သတ္တဝါတိုင်း ချက်ချင်းသေရမှာဖြစ်တယ်။

## ၂ သတ္တဝါတို့ ဘာကြောင့် သေဆုံးကြရသလဲ

သေခြင်းဆိုတာ ဘာလဲ၊ ဘဝတစ်ခုမှာ နာမ်အသက်လို့ ခေါ်တဲ့ ဇီဝိတိန္ဒြေစေတသိက်၊ ရုပ်အသက်ခေါ်တဲ့ ဇီဝိတရုပ်၊ ဝိညာဏ်ခေါ်တဲ့ စိတ် နှင့် အပူဓာတ်ဖြစ်တဲ့ ဥသမတေဇောတို့ ချုပ်ပြတ်ခြင်းကို သေခြင်းလို့ ခေါ်ပါတယ်။

သတ္တဝါတို့ ဘာကြောင့် သေဆုံးကြရသလဲ။ သေဆုံးရတဲ့အဓိက အကြောင်းလေးပါး ရှိတယ်။

(၁) *အာယုက္ခယမရဏ* - သက်တမ်းကုန်လို့ သေတယ်၊
(၂) *ကမ္မက္ခယမရဏ* - ကံကုန်လို့ သေတယ်၊
(၃) *ဥဘယက္ခယမရဏ* - သက်တမ်းနှင့် ကံ နှစ်ပါးစုံ ကုန်လို့ သေတယ်။
(၄) *ဥပစ္ဆေဒကမရဏ* - သက်တမ်းနှင့်ကံ နှစ်ပါးစုံ မကုန်သေးဘဲလျက် ဥပဃာတကကံ ဖြတ်လို့ လတ်တလော သေတယ်။ ကားတိုက်လို့ မိမိကိုယ်ကိုမိမိသတ်သေလို့ သေတာမျိုး ဖြစ်တယ်။

သေခြင်းလေးမျိုးကို ထွန်းညှိထားတဲ့ ဆီမီးငြိမ်းပုံလေးမျိုးနဲ့ နှိုင်းတယ်။ ထွန်းညှိထားတဲ့ ဆီမီးဟာ-

(၁) မီးစာကုန်ခြင်းကြောင့် ငြိမ်းတယ်၊
(၂) ဆီကုန်ခြင်းကြောင့်လည်း ငြိမ်းတယ်၊
(၃) မီးစာနှင့် ဆီနှစ်မျိုးလုံး ကုန်ခြင်းကြောင့်လည်း ငြိမ်းတယ်၊
(၄) မီးစာနှင့် ဆီ နှစ်မျိုးလုံး မကုန်သေးဘဲလျက် လေပြင်း ရုတ်တရက် တိုက်ခတ်လို့ဖြစ်စေ၊ တမင်မှုတ်သတ်လို့ ဖြစ်စေ ငြိမ်းပါတယ်။ ထို့အတူပဲ

(၁) အချို့သော သတ္တဝါတို့ဟာ သက်တမ်းကုန်လို့ သေဆုံးကြရတယ်။ ဥပမာ ယခုအခါ လူ့သက်တမ်းကို ၇၅နှစ်လို့ သတ်မှတ်ကြတော့ အသက် ၇၅နှစ်ပြည့်လို့ သေဆုံးတာမျိုး ဖြစ်ပါတယ်။ မီးစာကုန်လို့ ဆီမီးငြိမ်းခြင်းနှင့်တူတယ်။

(၂) အချို့သော သတ္တဝါတို့ဟာ မိမိတို့ရဲ့ ဘဝအသီးသီးကို စီမံပေးလိုက်တဲ့ ကံရဲ့အစွမ်းသတ္တိကုန်ဆုံးမှုကြောင့် စုတေကြတယ်။ ဆီကုန်လို့ မီးငြိမ်းခြင်းနှင့် တူတယ်။ ဇနကကံအားနည်းကြတဲ့သူတွေက အသက်တိုပြီး ဇနကကံအားကောင်းတဲ့သူတွေက အသက် ရှည်ကြတယ်။

(၃) အချို့သော သတ္တဝါတို့ဟာ သက်တမ်းလည်းကုန်၊ ကံစွမ်းဟုန်လည်း ကုန်လို့ သေဆုံးကြတယ်။ မီးစာနှင့် ဆီတို့ တစ်ပြိုင်နက်ကုန် ဆုံးသွားလို့ ဆီမီးငြိမ်းတာနဲ့ တူတယ်။

(၄) အချို့သော သတ္တဝါတို့ဟာ သက်တမ်းနှင့် ကံစွမ်းဟုန် နှစ်ပါးစုံ မကုန်သေးပေမယ့် ရှေးရှေးက ပြုခဲ့တဲ့ ဥပစ္ဆေဒကကံ (ဥပဃာတကကံ) အခွင့်သာလို့ သူတစ်ပါးတို့ရဲ့ ပယောဂကြောင့် ဖြစ်စေ၊ မိမိကိုယ်ကို မိမိသတ်သေလို့ဖြစ်စေ၊ အနာရောဂါ နှိပ်စက်ဖိစီးလို့ ဖြစ်စေ စတဲ့ အကြောင်းတစ်ပါးပါးကြောင့် စုတေရတယ်။ ကားတိုက်လို့ သေတယ်၊ လေဖြတ်လို့ သေတာမျိုးပေါ့။ မီးစာနဲ့ဆီ နှစ်ပါးစုံ မကုန်သေးဘဲလျက် ရုတ်တရက် လေပြင်း

တိုက်လို့ သို့မဟုတ် တမင်ငြိမ်းသတ်လို့ဆီမီးငြိမ်းသွားတာနဲ့ တူတယ်။

## ၃ သေခါနီး ဘယ်လိုနိမိတ်ထင်သလဲ

လက်ရှိဘဝကို စီမံပြုပြင်ပေးနေတဲ့ ဇနကကံက အစွမ်းသတ္တိကုန်တော့မယ်၊ တစ်နည်း သတ္တဝါတစ်ဦးသေတော့မယ်ဆိုရင် အဲဒီသတ္တဝါရဲ့ စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ ကုဋေသိန်းပေါင်း မြောက်မြားစွာတို့က သူအကျိုးပေးမယ်၊ ငါအကျိုးပေးမယ်နဲ့ နောက် ဘဝဖန်တီးဖို့ အကျိုးပေးခွင့်ရအောင် ပြိုင်ကြတယ်။ နွားများစွာ လှောင် ထားတဲ့ နွားခြံရဲ့တံခါးကို ဖွင့်လိုက်တဲ့အခါ နွားတွေ အရင်ထွက်ခွင့်ရအောင် ပြိုင်တိုးကြသလိုပါပဲ။

ကံတွေ မရောတွက်နိုင်အောင် အများအပြားရှိတဲ့အထဲက ကံတစ်ကံက နောက်ဘဝ ပဋိသန္ဓေအကျိုးကို ပေးဖို့ အခွင့်ရလာမှာပဲ။ အဲဒီအကျိုးပေးခွင့်ရတဲ့ ကံက မနောဒွါရ(စိတ်တံခါး၀)မှာ ထင်ပေါ်လာပါတယ်။ ကံနိမိတ်ပေါ်တယ်လို့ ခေါ်တယ်။ ဒါမှမဟုတ် အဲဒီကံကို ပြုလုပ်စဉ်အခါက မြင်ခဲ့, ကြားခဲ့ရတဲ့ အာရုံတွေလည်း ထင်ပေါ်လာနိုင်တယ်။ ဒီလိုထင်တာကို ကမ္မနိမိတ်ထင်တယ်လို့ ခေါ်တယ်။ ဒါမှမဟုတ် အကျိုးပေးခွင့်ရတဲ့ ကံက ဘဝသစ်ဖြစ်စေမယ့် ဘုံဌာနနဲ့သက်ဆိုင်တဲ့ နိမိတ်ပေါ်လာတယ်။ ဒါကို ဂတိနိမိတ်လို့ ခေါ်တယ်။ နိမိတ်သုံးမျိုးအနက် တစ်မျိုးမျိုး ထင်ပေါ်လာတယ်။

(၁) ကံနိမိတ် - ရှေးက ပြုလုပ်ခဲ့ပြီး မကြာမီ ပဋိသန္ဓေအကျိုးကို ပေးတော့မယ့် (ဘဝသစ်ဖြစ်စေမယ့်) ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ။

ဥပမာ ကုသိုလ်ဘက်က ဒါန, သီလ, ဘာဝနာတို့နှင့် စပ်တဲ့ ကောင်းမှုတစ်ခုကို ပြုလုပ်စဉ်အခါက ဖြစ်ပေါ်ခဲ့တဲ့ စိတ်စေတနာ၊ အကုသိုလ်ဘက်က ဒုစရိုက်မကောင်းမှုတစ်ခုခုကို ပြုလုပ်စဉ်အခါက ဖြစ်ပေါ်ခဲ့တဲ့စိတ်

စေတနာ၊ ထိုစိတ်စေတနာဟာ ယခုပြုလုပ်နေသလို ဘဝင်စိတ်အစဉ်ဆိုတဲ့ မနောဒွါရမှာ ပြန်လည်ဖြစ်ပေါ်လာတယ်။ ပြုလုပ်ခဲ့တာကို ပြန်သတိရနေတာပေါ့။

(၂) ကမ္မနိမိတ်- ထိုကံကို ပြုလုပ်စဉ်အခါက ကြုံတွေ့ခဲ့ရတဲ့အာရုံများ၊ ၎င်းအာရုံများဟာ ရူပါရုံ, သဒ္ဒါရုံစသည်ဖြင့် အာရုံခြောက်ပါးစလုံး ဖြစ်နိုင်တယ်။

ဥပမာ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံက ဘုရားပန်းလှူတဲ့ကံဖြစ်ရင် ဘုရားနှင့်ပန်းတို့ကို ကမ္မနိမိတ်အဖြစ် မြင်လာတယ်။ ဘုရားဆင်းတုက ကံကို ဖြစ်ပေါ်စေတဲ့ ပဓာနအာရုံဖြစ်လို့ ဥပလဒ္ဓအာရုံလို့ ခေါ်တယ်။ ပန်းက ကံဖြစ်မြောက်ဖို့ရာ အခြံအရံအပဓာနအာရုံဖြစ်လို့ ဥပကရဏအာရုံလို့ ခေါ်တယ်။

ကုသိုလ်ကံက ကျောင်းသားများကို စာသင်ပေးတဲ့ကံဖြစ်ရင် ကျောင်းသားများ၊ စာအုပ်များ၊ စာသင်ခန်းတို့ကို ကမ္မနိမိတ်အဖြစ် မြင်လာနိုင်တယ်။ မိမိသင်ပြနေတဲ့အသံ, ကျောင်းသားများ လိုက်ဆိုတဲ့အသံတို့ကိုလည်း ကမ္မနိမိတ်အဖြစ် ကြားနိုင်တယ်။ ဒီနေရာမှာ ကျောင်းသားများက ပဓာနအာရုံဖြစ်လို့ ဥပလဒ္ဓအာရုံ၊ စာအုပ်, စာသင်ခန်း, ရွတ်ဆိုသံတို့က အခြံအရံအပဓာနအာရုံဖြစ်လို့ ဥပကရဏအာရုံလို့ ခေါ်ပါတယ်။

ပြုလုပ်တဲ့ကံက ငါးသတ်တဲ့ အကုသိုလ်ကံဖြစ်တယ်ဆိုရင် ငါးရယ်၊ ဓားရယ်၊ သွေးတွေရယ်စသည်ကို ကမ္မနိမိတ်အဖြစ် မြင်လာနိုင်တယ်။ ဒီအာရုံတို့အနက် ငါးက ပဓာနအာရုံဖြစ်လို့ ဥပလဒ္ဓအာရုံ၊ ဓား, သွေးစသည်က အခြံအရံ အပဓာနအာရုံဖြစ်လို့ ဥပကရဏအာရုံလို့ ခေါ်တယ်။

(၃) ဂတိနိမိတ်- လားရောက်ရမယ့် ဘုံဘဝမှာ ကြုံတွေ့ရမယ့် အာရုံများ

ဒီမှာလည်း တိုက်ရိုက်လားရောက်ရမယ့် နေရာအရပ်ကို ဥပလဒ္ဓအာရုံ၊ လားရောက်ရမယ့်ဘုံမှာ ကြုံတွေ့ရမယ့် အတွင်းအပ ပုဂ္ဂိုလ်

အသုံးအဆောင်တို့ကို ဥပဘောဂအာရုံလို့ ခေါ်တယ်။

ဥပမာ ကုသိုလ်ကံအကျိုးပေးလို့ လူ့ဘုံမှာ ဘဝဖြစ်ရရင် ပဋိသန္ဓေတည်မယ့်နေရာဖြစ်တဲ့ အမိဝမ်းရေကို ကမ္မလာနိအဖြစ် မြင်လာတယ်။ ဒါကို ဥပလဘိတဗ္ဗအာရုံ ခေါ်တယ်။ လူတွေ အိမ်တွေကိုလည်း မြင်လာတတ်တယ်။ ဒါကို ဥပဘောဂအာရုံလို့ ခေါ်တယ်။

နတ်ဘုံမှာ ဘဝသစ်ဖြစ်ရရင် နတ်ဗိမာန်က ဥပလဘိတဗ္ဗအာရုံ၊ နတ် သားနတ်သမီးနှင့် နတ်အသုံးအဆောင်တို့က ဥပဘောဂအာရုံတို့ ဖြစ်ကြတယ်။အကုသိုလ်ကံအကျိုးပေးလို့ ငရဲဘုံမြင်လာတာက ဥပလဘိတဗ္ဗအာရုံ၊ ငရဲထိန်း, ငရဲမီး, ငရဲခွေးတွေက ဥပဘောဂအာရုံတို့ ဖြစ်ကြတယ်။

## သေခါနီး နိမိတ်ပြောင်းနိုင်ပုံ

သီရိလင်္ကာကျွန်းက သောဏဂိရိတောင်ပေါ်မှာ သီတင်းသုံးတဲ့ သောဏထေရ်ဟာ ရဟန္တာဖြစ်နေပြီ၊ သူ့ခမည်းတော်က အမဲလိုက်လို့ ကောင်းတုန်း၊ အိုမင်းရင့်ရော်မှ သားထံမှာ ရဟန်းပြုတယ်။ မကြာခင်မှာပဲ သေလောက်တဲ့ရောဂါဖြစ်ပြီး ငရဲခွေးတွေကို မြင်တယ်။ ငရဲခွေးတွေက သူ့ကို ကိုက်စားဖို့ တောင်အောက်ကနေ တက်လာတာကို မြင်လို့ "ဟဲ့ သား၊ ခွေးတွေ၊ ခြောက်ဟဲ့"လို့ ဆိုတယ်။ သားက ရဟန္တာဆိုတော့ သူ့ခမည်းတော်ဟာ ငရဲမှာဖြစ်ရမယ့် ဂတိနိမိတ်မြင်နေပြီဆိုတာကို သိပြီ။

သောဏထေရ်ဟာ ဖခင်ကို ကယ်ဖို့ သာမဏေများကို ပန်းခူးစေပြီး စေတီရင်ပြင်အပြည့်ဖြန့်ထားစေတယ်။ ပြီးတော့ ရဟန်းကြီးကို ညောင်စောင်းနှင့်တကွ စေတီရင်ပြင်သို့ ချီမသွားစေတယ်။ "ခမည်းတော်ဘုရား စေတီကို ကြည်ညိုပါ။ ခမည်းတော်ကိုယ်စား ပန်းများကို ဘုရားပူဇော်ထားတာကိုလည်း ကြည်ညိုပါ"လို့ သောဏထေရ်တိုက်တွန်းတယ်။

ရဟန်းကြီးက ဘုရားကြည်ညိုတယ်၊ ပန်းများ ပူဇော်ထားတာကို လည်း ကြည်နူးဝမ်းမြောက်တယ်။ သေခါနီးပြုရတဲ့ ဒီကုသိုလ်ကံက အာသန္နကံအဖြစ် အကျိုးပေးလာတော့မှာမို့ ရဟန်းကြီးဟာ နတ်သမီးများကို မြင်လာတယ်၊ ဒါက နတ်ပြည်မှာ ဘဝသစ်တွေဖြစ်ရမယ့် ဂတိနိမိတ်

ပါ။

"သားရယ် အလွန်လှတဲ့ သားရဲ့မိထွေးတွေ ငိုလာခေါ်နေကြတယ်။ ငါလိုက်သွားရမလား"

"လိုက်သွားပါခမည်းတော်"

ရဟန်းကြီးပျံလွန်တော်မူပြီး နတ်ပြည်မှာ နတ်သားဖြစ်ရပါတယ်။

## သေခါနီးနတ်ရထားများဆိုက်ခြင်း

မြတ်စွာဘုရားလက်ထက်တော်မှာ သာဝတ္ထိမြို့မှ ဓမ္မိကဥပါသကာဟာ ဥပါသကာ ၅၀၀ တို့ရဲ့ ခေါင်းဆောင်ဖြစ်တယ်။ ထို ဥပါသကာ ၅၀၀ တို့ကလည်း ဥပါသကာ ၅၀၀ စီကို ဦးဆောင်ကြတော့ ဓမ္မိကဟာ အားလုံး ဥပါသကာ ၂၅၀,၀၀၀ တို့ရဲ့ ခေါင်းဆောင်ဖြစ်တာပေါ့။ "အလှူရေစက် လက်နဲ့မကွာ" ဆိုသလို ဒါန-သီလ-ဘာဝနာကုသိုလ်တို့ကို သူတို့အမြဲကြိုးစားပြီး ပြုလုပ်ကြတယ်။

ဓမ္မိက ဥပါသကာဟာ အသက်ကြီးရင့်ပြီး ညောင်စောင်းထက်မှာ လဲလျောင်းနေရတဲ့အခါ ရဟန်းရှစ်ပါးကို ပင့်လာစေပြီး မဟာသတိပဋ္ဌာန သုတ်တော်ကို နာကြားပါတယ်။ နာကြားနေဆဲမှာ နတ်ပြည်ခြောက်ထပ်က ရထားခြောက်စင်းတို့ ရောက်လာကြပြီး ရထားထိန်းတို့က ဓမ္မိကဥပါသကာကို မိမိတို့ရဲ့ ရထားနှင့် လိုက်ဖို့ အပြိုင်အဆိုင် ဖိတ်ခေါ်ကြတယ်။

ဒီအခြင်းအရာကို ဓမ္မိကဥပါသကာက မြင်နေကြားနေရလို့ "ဆိုင်းငံ့ကြဦးလော့"လို့ ဆိုပြီး လက်ဝါးဖြင့် မြှောက်ပင့်ကာ တားမြစ်လိုက်ပါတယ်။ ရဟန်းတို့က မိမိတို့ရွတ်ဖတ်သရဇ္ဈာယ်နေတာကို ဆိုင်းငံ့စေတယ်ထင်လို့ ရွတ်ဆိုခြင်းကို ရပ်တန့်ပြီး ကျောင်းသို့ ပြန်ကြွကြတယ်။

သားသမီးများက "တို့ဖခင် ရှေးက တရားနာရတယ် မရောင့်ရဲနိုင်ဘူး။ ယခုတော့ ရွတ်ဆို သရဇ္ဈာယ်နေကြတဲ့ ရဟန်းတော်များကို ရပ်ဆိုင်းဖို့ တားမြစ်လိုက်တယ်။ သေဘေးကို မကြောက်ရွံ့တဲ့လူဆိုတာ မရှိဘူး" လို့ မြည်တမ်းကာ ငိုကြွေးကြတယ်။

ခမ္မိကဥပါသကာသတိရလာတဲ့အခါ “သားတို့သမီးတို့ ဘာကြောင့် ငိုနေကြသလဲ၊ ရဟန်းတော်များကော ဘယ်သွားကြသလဲ”လို့ မေးတယ်။

“အဖေတားမြစ်လို့ အရှင်မြတ်တို့ ပြန်ကြွသွားကြပြီ၊ သားတို့သမီးတို့ လည်း သေဘေးကို မကြောက်ရွံ့တဲ့သူမရှိဘူးလို့ အောက်မေ့ကာ ငိုကြွေး ကြပါတယ်”

“ငါက အရှင်မြတ်တို့ကို တားမြစ်တာမဟုတ်ဘူး၊ နတ်ပြည်ခြောက် ထပ်က နတ်ရထားတွေ ရောက်လာကြပြီး ရထားထိန်းတွေက ငါ့ကို ဝိုင်း ခေါ်ကြလို့ သူတို့ကို ငါတားမြစ်တာ”

ဖခင်က ကယောင်ကတမ်းတွေ ပြောနေတယ်ထင်မှတ်ပြီး သားသမီး တို့က ထပ်ငိုကြတယ်။

“ဟဲ့ ဘာကြောင့် ငိုကြပြန်တာတုံး”

“အဖေ နတ်ရထားတွေ လာတယ်ဆိုတာ ဘယ်မှာလဲ၊ ကျွန်ုပ်တော် တို့လည်း မမြင်ရပါလား”

“ငါ့အတွက် သီကုံးထားတဲ့ ပန်းကုံးရှိသလား”

“ရှိပါတယ်”

“ဘယ်နတ်ပြည်က မွေ့လျော်ဖွယ်ကောင်းသလဲ”

“ဘုရားလောင်းများက တုသိတာနတ်ပြည်မှာ မွေ့လျော်ကြတယ်”

“ဒီလိုဆိုရင် တုသိတာရထားဦးမှာ ချိတ်စွပ်စေလို့ အဓိဋ္ဌာန်ပြီး ပန်း ကုံးကို အထက်သို့ မြှောက်ပစ်လိုက်ပါ”

ပန်းကုံးကို ပစ်မြှောက်လိုက်တော့ ပန်းကုံးက ပြန်မကျလာတော့ဘူး။ တုသိတာရထားဦးမှာ ချိတ်စွပ်ပြီး ကောင်းကင်မှာ တွဲရရွဲဆွဲလျက် တည်နေ တယ်။ ဒီတော့မှ သားသမီးများက မျက်နှာလန်းလာကြတယ်။

“ငါ-တုသိတာနတ်ပြည်ကို သွားမယ်၊ သင်တို့ မစိုးရိမ်မငိုကြွေးကြ နဲ့။ ငါလိုသင်တို့ ဖြစ်ချင်ရင် ငါ့လိုပဲ ကုသိုလ်ကောင်းမှုများကို မပြတ်မလပ် ပြုရစ်ကြပါ”

ထိုသို့ မှာကြားပြီးတော့ ဥပါသကာကြီး ကွယ်လွန်တယ်။ တုသိတာနတ်ပြည်မှာ ဧရာမရွှေဗိမာန်ကြီးမှာ နတ်သမီးတစ်ထောင်ခြံရံလျက် နတ်တန်ဆာများနှင့်တကွ နတ်သားဖြစ်ရပါတယ်။

## ၄ သေပြီးတော့ နောက်ဘဝ ဘယ်လိုဖြစ်လာသလဲ

လူတစ်ယောက် သေဆုံးတဲ့အခါ 'အသက်ကောင်' သို့မဟုတ် 'လိပ်ပြာငှကောင်'က ခန္ဓာကိုယ်မှ ထွက်ပြီး ပြင်ပမှာ ခုနစ်ရက်ကြာအောင် လှည့်လည်နေတယ်၊ ပြီးတော့မှ နောက်ဖြစ်ရမယ့် ဘဝဆီ သွားတယ်ဆိုတာ ဟုတ်ပါသလား။ မဟုတ်ပါဘူး။

ဒီဘဝက သေပြီးရင် နောက်ဘဝမဖြစ်ခင် ကြားဘဝရှိတယ်ဆိုတာကော ဟုတ်ပါသလား။ မဟုတ်ပါဘူး။

ဒီလိုဆိုရင် နောက်ဘဝ ဘယ်လိုဖြစ်လာသလဲ။ ဘယ်လို ဘဝကူးသလဲ။

အဘိဓမ္မာသင်္ဂြိုဟ်မှာ ရှင်းပြထားတာ အလွန်သဘာဝကျပါတယ်။ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်, ဇီဝအတ္တ စတာတွေ မလိုဘဲ ဘဝတစ်ခုမှ နောက်ဘဝတစ်ခုသို့ ကူးသွားပုံ ရှင်းပြတာ ရိုးရိုးကလေးနဲ့ အကွက်စေ့လှပါတယ်။

လူတစ်ယောက်ဟာ သေခါနီးမှာ ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ် တစ်မျိုးမျိုးထင်ပြီးရင် မကြာခင်မှာ ကွယ်လွန်လေ့ရှိပါတယ်။ ကံနိမိတ်နှင့် အတိတ်ကမ္မနိမိတ်တို့က မနောဒွါရမှာ ထင်တယ်၊ ပစ္စုပ္ပန်ကမ္မနိမိတ်နှင့် အနီးကပ်ဂတိနိမိတ်တို့က မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ခြောက်ဒွါရလုံးမှာ ထင်နိုင်တယ်။

ဥပမာ လူတစ်ယောက်ဟာ ဘုရားဆင်းတုကို ကြည်ညိုရင်းနဲ့ သေဆုံးတယ်။ အဲဒီဘုရားဆင်းတုကို ကြည်ညိုတဲ့ ကုသိုလ်ကံက နောက်ဘဝကို ဖြစ်စေတယ်ဆိုရင် သူမသေမီ မြင်နေရတဲ့ ဘုရားဆင်းတုတော်က ပစ္စုပ္ပန်ကမ္မနိမိတ်ပဲ။ တရားနာရင်းသေတယ်ဆိုရင် တရားသံဟာ ပစ္စုပ္ပန်

ကမ္မနိမိတ်ပဲ။ ခမ္မိကဥပါသကာ နတ်ရထားတွေကို မျက်စိနဲ့ မြင်နိုင်တာက ဂတိနိမိတ်ဟာ အနီးကပ်ပြီး လာထင်လို့ပဲ။

(က) ပစ္စုပ္ပန်ကမ္မနိမိတ် သို့မဟုတ် အနီးကပ်ဂတိနိမိတ်က မျက်စိမှာ ထင်ထင်ရှားရှား ထင်လာပြီး သေဆုံးတယ်ဆိုရင် စိတ်အစဉ်(မရဏာသန္နဝီထိ) အောက်ပါအတိုင်း ဖြစ်ပါတယ်။

"တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ဒါ-ဒါ-ဘဝင်-စုတိ-ပဋိ-ဘဝင်-ဘဝင်-"

တီ - အတီတဘဝင်၊ မျက်စိမှာ အာရုံလာတိုက်ပြီး အာရုံမထင်မီ လွန်သွားတဲ့ ဘဝင်စိတ်၊

န - ဘဝင်္ဂစလန၊ မျက်စိမှာ အာရုံထင်လာတဲ့အခါ လှုပ်ရှားသွားတဲ့ ဘဝင်စိတ်၊

ဒ - ဘဝင်္ဂုပစ္ဆေဒ၊ ဘဝင်စိတ်အစဉ်ကို ပြတ်တောက်စေတဲ့ ဘဝင်စိတ်၊

ပ - ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ထင်လာတဲ့အာရုံကို ဆင်ခြင်နှလုံးသွင်း တဲ့စိတ်၊

စ - စက္ခုဝိညာဏ်၊ အာရုံကို မြင်သိတဲ့စိတ်၊

သံ - သံပဋိစ္ဆိုန်းစိတ်၊ မြင်သိစိတ်မြင်တဲ့အာရုံကို လက်ခံယူတဲ့စိတ်၊

ဏ - သန္တီရဏစိတ်၊ ၎င်းအာရုံကို ကောင်းမကောင်းစူးစမ်းတဲ့စိတ်၊

ဝု - ဝုဋ္ဌောစိတ်၊ ၎င်းအာရုံကို ကောင်းမကောင်းဆုံးဖြတ်တဲ့စိတ်၊

ဇ - ဇောစိတ်၊ ၎င်းအာရုံရဲ့ အရသာကို ခံစားတဲ့ဇောစိတ်ငါးကြိမ်၊

ဒါ - တဒါရုံစိတ်၊ ၎င်းအာရုံရဲ့ အရသာကို ဆက်ခံစားတဲ့စိတ်နှစ်ကြိမ်၊

ဘဝင် - ဘဝင်စိတ်၊ မရဏာသန္နဝီထိပြီးဆုံးတဲ့နောက် ဖြစ်တဲ့ဘဝင်စိတ်၊

စုတိ - စုတိစိတ်၊ သေဆုံးတဲ့စိတ်၊ ဒီစိတ်ချုပ်တော့ သေတယ်၊

ပဋိ - ပဋိသန္ဓေစိတ်၊ ဘဝသစ်ကို စတင်ပေးတဲ့စိတ်၊

ဘဝင် - ဘဝင်စိတ်၊ ဘဝသစ်မှာ ဆက်ဖြစ်တဲ့ ဘဝင်စိတ်အစဉ်။

နိမိတ်အာရုံက သင့်ရုံထင်ရှားရင် တဒါရုံစိတ်နှစ်ချက်က မဖြစ်ဘူး။ တဒါရုံဖြစ်ပြီးတော့ ဘဝင်စိတ်တစ်ချက်မဖြစ်ဘဲနဲ့လည်း သေဆုံးနိုင်တယ်။

ဈာန်စိတ်အားလုံးဟာ ကိလေသာတရားတွေ ကင်းဝေးပြီး စင်ကြယ်ကြတယ်။ စိတ်ကို လှုပ်ရှား, ပူလောင်ဆင်းရဲစေတဲ့ ကိလေသာတွေ ကင်းဝေးနေတဲ့အတွက် စိတ်ဟာ ဖြူစင်ငြိမ်သက်တယ်၊ ငြိမ်းချမ်းတယ်၊ ပြီးတော့ စိတ်စုစည်းနေတဲ့အတွက် စိတ်ဟာ အလွန်အားကြီးလာပါတယ်။ ဈာန်ချမ်းသာဟာလည်း ကာမဂုဏ်ချမ်းသာထက် များစွာ သာလွန်ပါတယ်။

စိတ်က စုစည်းဖြူစင်နေတဲ့အခါ ပစ္စလာယမာနသုတ္တန်မှာ မြတ်စွာဘုရားဟောကြားထားသလို အလွန်တောက်ပစူးရှတဲ့ အလင်းရောင်ကို ထွက်ပေါ်စေပါတယ်။ သမာဓိမြင့်မားလေလေ အလင်းရောင်က ပိုပြီး စူးရှတောက်ပလေလေ ဖြစ်ပါတယ်။ ဒီအလင်းရောင်အကူအညီနဲ့ မျက်စိပိတ်ထားလျက်က ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကိုရော ဝေးလံတဲ့ အရာဝတ္ထုများကိုရော မြင်တွေ့နိုင်ပါတယ်။ သမာဓိယှဉ်တဲ့ စိတ်မျက်စိနဲ့ မြင်တွေ့ခြင်း ဖြစ်ပါတယ်။ ခန္ဓာကိုယ်ထဲသို့လည်း ထိုးထွင်းကာ အသား, အရိုး, အဆုတ်, နှလုံး, အသည်းစတဲ့ ကိုယ်အင်္ဂါများကိုပါ မြင်တွေ့စေပါတယ်။ ဆက်လက်ပြီး ကောင်းစွာ လေ့ကျင့်ပေးလျှင် စိတ်, စေတသိက်များ, ပထဝီ, အာပေါစတဲ့ ပရမတ်ရုပ်တရားများကို ထင်ထင်ရှားရှား ထိုးထွင်းမြင်တွေ့လာပါတယ်။ ဒါကြောင့် ဝိပဿနာဘာဝနာကို ကောင်းမွန်စွာ ရှုပွားနိုင်လာပါတယ်။

ဈာန်သမာပတ် ဝင်စားနေတဲ့အခါ ဈာန်စိတ်များသာ အဆက်မပြတ်ဖြစ်ပေါ်တယ်။ စိတ္တနိယာမအရ ဈာန်စိတ်တို့ဟာ တစ်စက္ကန့်မှာ ကုဋေသန်းပေါင်း မြောက်မြားစွာ ဖြစ်ပေါ်ကြပြီးတော့ ချုပ်သွားကြတဲ့အခါမှာ စိတ်အစဉ်ဝယ် ရူပါဝစရကုသိုလ်ကံတွေ ကုဋေသန်းပေါင်းများစွာ ကျန်ရစ်စေပါတယ်။ ဈာန်ကုသိုလ်ကံများက အားကြီးတဲ့ ဂရုကကံများ ဖြစ်ကြတယ်။

ဈာန်စိတ်နှင့်အတူ ယှဉ်ဖြစ်တဲ့ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ (ပညာ) တို့အနက် တစ်ပါးပါးက အဓိပတိ(အကြီးအကဲ)ဖြစ်ရိုးရှိပါတယ်။ ၎င်းအဓိပတိရဲ့ အရည်အသွေး အယုတ်, အလတ်, အမြတ်ပေါ်မူတည်ပြီး ဈာန်

တို့ကို အညံ့စား-ပရိတ္တစျာန်၊ အလတ်စား-မဇ္ဈိမစျာန်၊ အမြတ်စား-ပဏီတစျာန်လို့ သတ်မှတ်ပါတယ်။

(၁) အညံ့စားပထမစျာန်ကုသိုလ်ကံက ဗြဟ္မပါရိသဇ္ဇာဘုံမှာ အလတ်စားပထမစျာန်ကုသိုလ်ကံက ဗြဟ္မာပုရောဟိတာဘုံမှာ၊ အမြတ်စားပထမစျာန်ကုသိုလ်ကံက မဟာဗြဟ္မာဘုံမှာ အသီးသီး ပထမစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်စေတယ်။ ဒါကြောင့် ရူပါဝစရ ပထမစျာန်စိတ်က ၎င်းရဲ့ ကံသတ္တိမှတစ်ဆင့် ပထမစျာန်သုံးဘုံနှင့် ဗြဟ္မာများကို ဖြစ်ပေါ်စေပါတယ်။

(၂) အလားတူပဲ အညံ့စားဒုတိယစျာန်ကုသိုလ်ကံက ပရိတ္တာဘာဘုံမှာ အလတ်စားဒုတိယစျာန်ကုသိုလ်ကံက အပ္ပမာနာဘာဘုံမှာ၊ အမြတ်စား ဒုတိယစျာန်ကုသိုလ်ကံက အာဘဿရာဘုံမှာ အသီးသီး ဒုတိယစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်စေတယ်။ ဒါကြောင့် ရူပါဝစရ ဒုတိယစျာန်စိတ်က ၎င်းရဲ့ ကံသတ္တိမှတစ်ဆင့် ဒုတိယစျာန်သုံးဘုံနှင့် ဗြဟ္မာများကို ဖြစ်ပေါ်စေပါတယ်။

(၃) တစ်ဖန် အလားတူပဲ အညံ့စားတတိယစျာန်ကုသိုလ်ကံက ပရိတ္တသုဘာဘုံမှာ၊ အလတ်စားတတိယစျာန်ကုသိုလ်ကံက အပ္ပမာနသုဘာဘုံမှာ၊ အမြတ်စား တတိယစျာန်ကုသိုလ်ကံက သုဘကိဏှာဘုံမှာ အသီးသီး တတိယစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်စေတယ်။ ဒါကြောင့် ရူပါဝစရတတိယစျာန်စိတ်က ၎င်းရဲ့ ကံသတ္တိမှတစ်ဆင့် တတိယစျာန်သုံးဘုံနှင့် ဗြဟ္မာများကို ဖြစ်ပေါ်စေပါတယ်။

(၄) စတုတ္ထစျာန် ရထားကြတဲ့ ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ ကွယ်လွန်ကြတဲ့အခါမှာ စတုတ္ထစျာန်ကုသိုလ်ကံရဲ့အကျိုးပေးမှုကြောင့် ဝေဟပ္ဖိုလ်ဘုံမှာ စတုတ္ထစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်ရတယ်။ ဝေဟပ္ဖိုလ်ဗြဟ္မာကြီးများ ဖြစ်ကြရတာပေါ့။

စတုတ္ထစျာန်ရထားပြီးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တစ်ဦးဟာ 'အမှတ်သညာ

နှင့်တကွ စိတ်စေတသိက်တို့ ရှိနေတဲ့အတွက် စားချင်မှု, လိုချင်မှု, စိတ်ဆိုးမှု, မာနထောင်လွှားမှု စတာတွေ ဖြစ်ပေါ်ကြတာ၊ အမှတ်သညာနှင့်တကွ စိတ်စေတသိက်မရှိလျှင် မည်သည့်စိတ်ဆင်းရဲမှု မရှိတဲ့အတွက် အေးငြိမ်းချမ်းသာလိမ့်မယ်'လို့ ယူဆပြီး သညာမုန်းတဲ့ဘာဝနာ 'သညာဝိရာဂဘာဝနာ' ကို ရှုပွားတယ်။ ထိုပုဂ္ဂိုလ်ကွယ်လွန်တဲ့အခါ သူ့အလိုကျအောင် သညာနှင့် စိတ်စေတသိက်တို့ မရှိတဲ့ အသညသတ်ဘုံသို့ ရောက်ပြီး ရုပ်ချည်းသက်သက် ရှိတဲ့ အသညသတ်ပြဟ္မာ ဖြစ်ရတယ်။

စတုတ္ထဈာန်ရထားကြတဲ့ အနာဂါမ်ပုဂ္ဂိုလ်များကွယ်လွန်ကြတဲ့အခါ သုဒ္ဓါဝါသငါးဘုံမှာ စတုတ္ထဈာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေဖြစ်ကြရတယ်။ သဒ္ဓိန္ဒြေလွန်ကဲတဲ့ ပုဂ္ဂိုလ်တို့က အဝိဟာဘုံမှာ ဖြစ်ကြတယ်။ ဝီရိယိန္ဒြေလွန်ကဲသူတို့က အတပ္ပါဘုံမှာ ဖြစ်ကြတယ်။ သတိန္ဒြေလွန်ကဲတဲ့ ပုဂ္ဂိုလ်တို့က သုဒဿာဘုံမှာ ဖြစ်ကြတယ်။ သမာဓိန္ဒြေလွန်ကဲတဲ့ပုဂ္ဂိုလ်တို့က သုဒဿီဘုံမှာ ဖြစ်ကြတယ်။ ပညိန္ဒြေလွန်ကဲတဲ့ ပုဂ္ဂိုလ်တို့က အကနိဋ္ဌဘုံမှာ ဖြစ်ကြတယ်။

ပထမဈာန်သုံးဘုံ၊ ဒုတိယဈာန်သုံးဘုံ၊ တတိယဈာန်သုံးဘုံ၊ စတုတ္ထဈာန် ၇-ဘုံ၊ ပေါင်း ရူပပြဟ္မာ ၁၆-ဘုံ ဖြစ်လာပါတယ်။ ဒီဘုံများကို စိတ်က ဖန်တီးပေးလိုက်ကြောင်း ထင်ရှားလှပါပေတယ်။ ဈာန်စိတ်များရဲ့ စွမ်းအားကြီးတာနှင့်အမျှ ဈာန်ကုသိုလ်ကံများကလည်း စွမ်းအားကြီးကြတယ်။ ဒါကြောင့် ပြဟ္မာများဟာ တန်ခိုးကြီးကြပြီး သက်တမ်းအလွန်ရှည်ကြတယ်။ မဟာပြဟ္မာများက အသင်္ချေယျကပ်တစ်ကပ်၊ ဝေဟပ္ဖိုလ်ပြဟ္မာများက ကမ္ဘာငါးရာ၊ အကနိဋ္ဌပြဟ္မာများက ကမ္ဘာ ၁၆၀၀၀ စသည်ဖြင့် အသက်ရှည်ကြပါတယ်။

၈ နာမ်ချည်းသက်သက်ရှိကြတဲ့ အရူပပြဟ္မာများ

ရူပါဝစရစတုတ္ထဈာန်ရပြီးတဲ့ ပုဂ္ဂိုလ်များဟာ အရူပါဝစရဈာန်တက်ချင်ရင် ရုပ်မှာ အပြစ်မြင်အောင် ဆင်ခြင်ရတယ်။ "ဒီရုပ်ခန္ဓာကိုယ် ရှိနေ

လို့ ပူအိုက်ရ, ချမ်းအေးရတယ်၊ ဆာလောင်မွတ်သိပ်ရတယ်၊ ညောင်းညာကိုက်ခဲရတယ်၊ ရောဂါမျိုးစုံ ဖြစ်ပွားရတယ်၊ ခိုက်ရန်ဖြစ်ကြရတယ်။ ရုပ်ခန္ဓာကိုယ်မရှိရင် ဒီဆင်းရဲတွေ မရှိတဲ့အတွက် ချမ်းသာတယ်"လို့ ဆင်ခြင်တယ်။

ထို့နောက် ပထဝီကသိုဏ်းကို ရှုခြင်းဖြင့် စတုတ္ထဈာန်ကို ထူထောင်တယ်၊ ဈာန်မှ ထွက်ပြီး ရုပ်ရဲ့အပြစ်ကို ဆင်ခြင်တယ်၊ ရုပ်ရဲ့အပြစ်ကို မြင်လာတဲ့အခါ ကသိုဏ်းရုပ်နဲ့ ဆက်စပ်နေတဲ့ ပဋိဘာဂနိမိတ်ကိုလည်း အာရုံမယူတော့ဘူး၊ ထိုနိမိတ်ကွာသွားရင် ထင်လာမယ့် အာကာသ-ဟင်းလင်းပြင်ကို အာရုံယူပြီး "အာကာသ-အာကာသ"လို့ ထပ်ကာဖန်ဖန်ရှု တယ်။

ပဋိဘာဂနိမိတ်ကို တွယ်တာနေတဲ့ နိကန္တိတဏှာကွာသွားတဲ့အခါ ကသိုဏ်းရဲ့ ပဋိဘာဂနိမိတ်လည်း ပျောက်သွားတယ်။ ထင်လာတဲ့ ဟင်းလင်းပြင်ကိုပဲ "အာကာသ-အာကာသ"လို့ ဆက်ရှုပြီး တစ်နာရီ၊ နှစ်နာရီ စသည်ဖြင့် စိတ်ငြိမ်ဝပ်လာတဲ့အခါ အာကာသာနဉ္စာယတနဈာန်ကို ရတယ်။

အာကာသာနဉ္စာယတနစိတ်ကို တစ်ခါအာရုံယူပြီး "ဝိညာဏံ-ဝိညာဏံ"လို့ ထပ်ကာဖန်ဖန် ဆက်ရှုရင် ဝိညာဏဉ္စာယတနဈာန်ကို ရတယ်။

တစ်ခါ အာကာသာနဉ္စာယတနစိတ်ရဲ့ မရှိခြင်းဆိုတဲ့ နတ္ထိဘောပညတ်ကို အာရုံယူပြီး "နတ္ထိဘော-နတ္ထိဘော"လို့ ထပ်ကာဖန်ဖန်ဆက်ရှုရင် အာကိဉ္စညာယတနဈာန်ကို ရတယ်။

တစ်ခါ အာကိဉ္စညာယတနစိတ်ကို အာရုံယူပြီး ဘာဝနာဆက်ရှုရင် 'သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်း မဟုတ်'လို့ အဓိပ္ပာယ်ရတဲ့ နေဝသညာနာသညာယတနဈာန်ကို ရတယ်။ ဒီဈာန်က အလွန်သိမ်မွေ့လို့ စိတ်ဖြစ်နေမှန်းတောင် မသိတော့ဘူး။

မိမိရတဲ့ ဈာန်အသီးသီးကို ဝင်စားနေတဲ့အခါ ယင်းဈာန်စိတ်ပဲ ထပ်ကာဖန်ဖန်ဖြစ်နေပြီးတော့ ဈာန်ချမ်းသာနဲ့ နာရီများစွာ နေနိုင်တယ်။ ဒီလို ဈာန်ဝင်စားနေတဲ့အခါ ဈာန်ကုသိုလ်စိတ်တွေ ကုဋေသိန်းပေါင်းမရေမတွက် နိုင်အောင် ဖြစ်သွားတာနဲ့အညီ ဈာန်ကုသိုလ်ကံများလည်း ကုဋေသိန်းပေါင်း မရေမတွက်နိုင်အောင် ဖြစ်ကြရပါတယ်။

သေလွန်တဲ့အခါ ဈာန်ကုသိုလ်ကံများက မိမိတို့ဆိုင်ရာ ဈာန်ဝိပါက်စိတ်များကို ဖြစ်စေပြီး ဆိုင်ရာဘုံမှာ ဗြဟ္မာဘဝ ဖြစ်စေပါတယ်။ အရူပဈာန် ထူထောင်တဲ့အခါ ရုပ်ကို အပြစ်မြင်ပြီး ရုပ်ကို ပယ်ထားတဲ့အတွက် အရူပကုသိုလ်ကံများ အကျိုးပေးတဲ့အခါ နာမ်များသာ ဖြစ်ပြီး ရုပ်မဖြစ်ဘူး။

အာကာသာနဉ္စာယတနကုသိုလ်ကံက အာကာသာနဉ္စာယတနဘုံမှာ အာကာသာနဉ္စာ ယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေတယ်။

ဝိညာဏဉ္စာယတနကုသိုလ်ကံက ဝိညာဏဉ္စာယတနဘုံမှာ ဝိညာဏဉ္စာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေတယ်။

အာကိဉ္စညာယတနကုသိုလ်ကံက အာကိဉ္စညာယတနဘုံမှာ အာကိဉ္စ ညာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေတယ်။

နေဝသညာနာသညာယတနကုသိုလ်ကံက နေဝသညာနာသညာယတနဘုံမှာ နေဝသညာနာသညာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေတယ်။

အရူပါဝစရကုသိုလ်ကံများက ပိုစွမ်းအားကြီးလို့ အရူပဗြဟ္မာများက ပိုပြီး သက်တမ်းရှည်ကြတယ်။ ကမ္ဘာပေါင်း ၂၀၀၀၀, ၄၀၀၀၀, ၆၀၀၀၀, ၈၄၀၀၀ အသီးသီး အသက်ရှည်ကြပါတယ်။

သတ္တဝါတွေ ကျင်လည်ကြတဲ့ ၃၁-ဘုံနဲ့ ဒီဘုံတို့မှာ ရှိကြတဲ့ သတ္တဝါများအားလုံးကို စိတ်က ကံအစွမ်းသတ္တိဖြင့် ဖန်ဆင်းပေးထားတာ သဘာဝကျလှပါတော့တယ်။ သတ္တဝါတစ်ဦးစီရဲ့ ကံကြမ္မာအဆိုးအကောင်းတို့ကိုလည်း ထိုသတ္တဝါရဲ့ စိတ်ကပဲ ကံသတ္တိမှတစ်ဆင့် ဖန်တီးနေပါတယ်။

# ၁၀

# သေခြင်းနှင့် ဘဝသစ်ဖြစ်ခြင်း

## ၁ သတ္တဝါတို့ ဘာကြောင့် အသက်ရှင်နေရသလဲ

*"သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ"*

*သတ္တဝါအားလုံးဟာ အာဟာရပေါ်မှာ တည်မှီနေကြရတယ်။*

အစာအာဟာရဟာ ခန္ဓာကိုယ်မပျက်မစီး, ကြီးပွားခိုင်ခံ့အောင် ရွက်ဆောင်ထောက်ပံ့ထားသလို ထို့အတူ မိမိဆိုင်ရာအကျိုးကို လွန်စွာဖြစ်အောင် ရွက်ဆောင်ပေးနိုင်တဲ့တရားကို 'အာဟာရ'လို့ ခေါ်တယ်။

သတ္တဝါတွေ အသက်ရှင်သန်နေအောင် ထောက်ပံ့ပေးနေတဲ့အာဟာရ လေးပါးရှိတယ်လို့ အဘိဓမ္မာသင်္ဂြိုဟ်မှာ ဖော်ပြပါတယ်။ အာဟာရ လေးပါးက-

(၁) *ကဗဠီကာရာဟာရ* - စားသောက်တဲ့ အစားအစာမှာပါတဲ့ ဩဇာရုပ်၊ ဩဇာရုပ်က အာဟာရဇရုပ်ကလာပ်များကို မပြတ်ဖြစ်စေခြင်းဖြင့် ရုပ်ခန္ဓာကို ရှင်သန်နေအောင် အကျိုး ဆောင်ပေးတယ်။

(၂) ဖဿာဟာရ - စိတ်အားလုံးမှာ ယှဉ်တဲ့ ဖဿစေတသိက်။

ဖဿက အာရုံနှင့် စိတ်ကို ထိတွေ့ပေးခြင်းဖြင့် ဝေဒနာငါးမျိုးကို ဖြစ်ပေါ်စေတယ်၊ ကိုယ်မှာ ချမ်းသာတဲ့ ခံစားမှု- သုခဝေဒနာနဲ့ စိတ်မှာ ချမ်းသာတဲ့ သောမနဿဝေဒနာတို့ဟာ သတ္တဝါတွေကို အသက်ရှင်နေစေတဲ့ မျှော်လင့်ချက်တစ်ရပ်ပဲ။

(၃) မနောသဉ္စေတနာဟာရ - စိတ်အားလုံးမှာ ယှဉ်တဲ့စေတနာ။

စေတနာကို ကံလို့ မြတ်စွာဘုရားသတ်မှတ်တယ်။ စေတနာချုပ်တဲ့အခါ စိတ်အစဉ်မှာ ကျန်ရစ်တဲ့ ကံသတ္တိကိုလည်း ကံလို့ပဲ ခေါ်တယ်။ အကုသိုလ်ကံနှင့် ကုသိုလ်ကံအမျိုးမျိုးတို့က မိမိတို့ရဲ့ အကျိုးဖြစ်တဲ့ ဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များကို အဆက်မပြတ်ဖြစ်စေခြင်းဖြင့် သတ္တဝါတို့ အသက်ရှင်နေအောင် အကျိုးဆောင်ပေးတယ်။ စေတသိက်များမှာ 'နာမ်အသက်'အမည်ရတဲ့ 'ဇီဝိတိန္ဒြေစေတသိက်' ပါတယ်။ ကမ္မဇရုပ်များမှာ 'ရုပ်အသက်'လို့ အမည်ရတဲ့ 'ဇီဝိတရုပ်'ပါတယ်။ ရုပ်အသက်နှင့် နာမ်အသက်တို့ အဆက်မပြတ် ဖြစ်နေခြင်းကြောင့် သတ္တဝါတို့ အသက်ရှင်နေကြခြင်း ဖြစ်တယ်။ ရုပ်အသက်နှင့် နာမ်အသက်တို့ပြတ်တောက်ရင် (ဘဝဖြစ်စေတဲ့ ကံအစွမ်းကုန်ရင်) သတ္တဝါသေပါတယ်။

(၄) ဝိညာဏာဟာရ - စိတ်အားလုံးကို ဝိညာဏာဟာရလို့ ခေါ်တယ်။

စိတ်တစ်လုံးစီက မိမိဖြစ်တာနဲ့ တစ်ပြိုင်နက် ယှဉ်ဖက် စေတသိက်များ (ဇီဝိတိန္ဒြေအပါအဝင်)နှင့်

စိတ္တဇရုပ်များကို ဖြစ်စေတယ်။ စိတ္တဇရုပ်ကြောင့် ကိုယ်လက်နုတ်စသည်တို့ကို လှုပ်ရှားနိုင်ပြီး အသက်ရှင်နေရတယ်။

အာဟာရလေးပါးမှာ အဓိကအကျဆုံးက မနောသဉ္စေတနာဟာရပါပဲ။ လက်ရှိဘဝဖြစ်အောင် အကျိုးပေးထားတဲ့ ကံက စွမ်းအင်ကုန်လို့ ဆက်လက်ပြီး ဝိပါက်စိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များဆိုတဲ့ ခန္ဓာငါးပါး ဆက်လက်မဖြစ်စေနိုင်ရင် သတ္တဝါတိုင်း ချက်ချင်းသေရမှာဖြစ်တယ်။

## ၂ သတ္တဝါတို့ ဘာကြောင့် သေဆုံးကြရသလဲ

သေခြင်းဆိုတာ ဘာလဲ၊ ဘဝတစ်ခုမှာ နာမ်အသက်လို့ ခေါ်တဲ့ ဇီဝိတိန္ဒြေစေတသိက်၊ ရုပ်အသက်ခေါ်တဲ့ ဇီဝိတရုပ်၊ ဝိညာဏ်ခေါ်တဲ့ စိတ် နှင့် အပူဓာတ်ဖြစ်တဲ့ ဥသမတေဇောတို့ ချုပ်ပြတ်ခြင်းကို သေခြင်းလို့ခေါ်ပါတယ်။

သတ္တဝါတို့ ဘာကြောင့် သေဆုံးကြရသလဲ။ သေဆုံးရတဲ့အဓိက အကြောင်းလေးပါး ရှိတယ်။

(၁) အာယုက္ခယမရဏာ - သက်တမ်းကုန်လို့ သေတယ်၊

(၂) ကမ္မက္ခယမရဏာ - ကံကုန်လို့ သေတယ်၊

(၃) ဥဘယက္ခယမရဏာ - သက်တမ်းနှင့် ကံ နှစ်ပါးစုံ ကုန်လို့ သေတယ်။

(၄) ဥပစ္ဆေဒကမရဏာ - သက်တမ်းနှင့်ကံ နှစ်ပါးစုံ မကုန်သေးဘဲလျက် ဥပဃာတကကံ ဖြတ်လို့ လတ်တလော သေတယ်။ ကားတိုက်လို့ မိမိကိုယ်ကိုမိမိသတ်သေလို့ သေတာမျိုး ဖြစ်တယ်။

သေခြင်းလေးမျိုးကို ထွန်းညှိထားတဲ့ ဆီမီးငြိမ်းပုံလေးမျိုးနဲ့ နှိုင်းတယ်။ ထွန်းညှိထားတဲ့ ဆီမီးဟာ-

(၁) မီးစာကုန်ခြင်းကြောင့် ငြိမ်းတယ်၊
(၂) ဆီကုန်ခြင်းကြောင့်လည်း ငြိမ်းတယ်၊
(၃) မီးစာနှင့် ဆီနှစ်မျိုးလုံး ကုန်ခြင်းကြောင့်လည်း ငြိမ်းတယ်၊
(၄) မီးစာနှင့် ဆီ နှစ်မျိုးလုံး မကုန်သေးဘဲလျက် လေပြင်း ရုတ်တရက် တိုက်ခတ်လို့ဖြစ်စေ၊ တမင်မှုတ်သတ်လို့ ဖြစ်စေ ငြိမ်းပါတယ်။ ထို့အတူပဲ

(၁) အချို့သော သတ္တဝါတို့ဟာ သက်တမ်းကုန်လို့ သေဆုံးကြရတယ်။ ဥပမာ ယခုအခါ လူ့သက်တမ်းကို ၇၅နှစ်လို့ သတ်မှတ်ကြတော့ အသက် ၇၅နှစ်ပြည့်လို့ သေဆုံးတာမျိုး ဖြစ်ပါတယ်။ မီးစာကုန်လို့ ဆီမီးငြိမ်းခြင်းနှင့်တူတယ်။

(၂) အချို့သော သတ္တဝါတို့ဟာ မိမိတို့ရဲ့ ဘဝအသီးသီးကို စီမံပေးလိုက်တဲ့ ကံရဲ့အစွမ်းသတ္တိကုန်ဆုံးမှုကြောင့် စုတေကြတယ်။ ဆီကုန်လို့ မီးငြိမ်းခြင်းနှင့် တူတယ်။ ဇနကကံအားနည်းကြတဲ့သူတွေက အသက်တိုပြီး ဇနကကံအားကောင်းတဲ့သူတွေက အသက် ရှည်ကြတယ်။

(၃) အချို့သော သတ္တဝါတို့ဟာ သက်တမ်းလည်းကုန်၊ ကံစွမ်းဟုန်လည်း ကုန်လို့ သေဆုံးကြတယ်။ မီးစာနှင့် ဆီတို့ တစ်ပြိုင်နက်ကုန် ဆုံးသွားလို့ ဆီမီးငြိမ်းတာနဲ့ တူတယ်။

(၄) အချို့သော သတ္တဝါတို့ဟာ သက်တမ်းနှင့် ကံစွမ်းဟုန် နှစ်ပါးစုံမကုန်သေးပေမယ့် ရှေးရှေးက ပြုခဲ့တဲ့ ဥပစ္ဆေဒကကံ (ဥပဃာတကကံ) အခွင့်သာလို့ သူတစ်ပါးတို့ရဲ့ ပယောဂကြောင့်-ဖြစ်စေ၊ မိမိကိုယ်ကို မိမိသတ်သေလို့ဖြစ်စေ၊ အနာရောဂါ နှိပ်စက်ဖိစီးလို့ ဖြစ်စေ စတဲ့ အကြောင်းတစ်ပါးပါးကြောင့် စုတေရတယ်။ ကားတိုက်လို့ သေတယ်၊ လေဖြတ်လို့ သေတာမျိုးပေါ့။ မီးစာနဲ့ဆီ နှစ်ပါးစုံ မကုန်သေးဘဲလျက် ရုတ်တရက် လေပြင်း

တိုက်လို့ သို့မဟုတ် တမင်ငြိမ်းသတ်လို့ဆိမ်းငြိမ်းသွားတာနဲ့ တူတယ်။

## ၃ သေခါနီး ဘယ်လိုနိမိတ်ထင်သလဲ

လက်ရှိဘဝကို စီမံပြုပြင်ပေးနေတဲ့ ဇနကကံက အစွမ်းသတ္တိကုန်တော့မယ်၊ တစ်နည်း သတ္တဝါတစ်ဦးသေတော့မယ်ဆိုရင် အဲဒီသတ္တဝါရဲ့ စိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ ကုဋေသိန်းပေါင်း မြောက်မြားစွာတို့က သူအကျိုးပေးမယ်၊ ငါအကျိုးပေးမယ်နဲ့ နောက် ဘဝဖန်တီးဖို့ အကျိုးပေးခွင့်ရအောင် ပြိုင်ကြတယ်။ နွားများစွာ လှောင် ထားတဲ့ နွားခြံရဲ့တံခါးကို ဖွင့်လိုက်တဲ့အခါ နွားတွေ အရင်ထွက်ခွင့်ရအောင် ပြိုင်တိုးကြသလိုပါပဲ။

ကံတွေ မရေတွက်နိုင်အောင် အများအပြားရှိတဲ့အထဲက ကံတစ်ကံက နောက်ဘဝ ပဋိသန္ဓေအကျိုးကို ပေးဖို့ အခွင့်ရလာမှာပဲ။ အဲဒီအကျိုးပေးခွင့်ရတဲ့ ကံက မနောဒွါရ(စိတ်တံခါး၀)မှာ ထင်ပေါ်လာပါတယ်။ ကံနိမိတ်ပေါ်တယ်လို့ ခေါ်တယ်။ ဒါမှမဟုတ် အဲဒီကံကို ပြုလုပ်စဉ်အခါက မြင်ခဲ့, ကြားခဲ့ရတဲ့ အာရုံတွေလည်း ထင်ပေါ်လာနိုင်တယ်။ ဒီလိုထင်တာကို ကမ္မနိမိတ်ထင်တယ်လို့ ခေါ်တယ်။ ဒါမှမဟုတ် အကျိုးပေးခွင့်ရတဲ့ ကံက ဘဝသစ်ဖြစ်စေမယ့် ဘုံဌာနနဲ့သက်ဆိုင်တဲ့ နိမိတ်ပေါ်လာတယ်။ ဒါကို ဂတိနိမိတ်လို့ ခေါ်တယ်။ နိမိတ်သုံးမျိုးအနက် တစ်မျိုးမျိုး ထင်ပေါ်လာတယ်။

(၁) ကံနိမိတ် - ရှေးက ပြုလုပ်ခဲ့ပြီး မကြာမီ ပဋိသန္ဓေအကျိုးကို ပေးတော့မယ့် (ဘဝသစ်ဖြစ်စေမယ့်) ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ။

ဥပမာ ကုသိုလ်ဘက်က ဒါန, သီလ, ဘာဝနာတို့နှင့် စပ်တဲ့ ကောင်းမှုတစ်ခုကို ပြုလုပ်စဉ်အခါက ဖြစ်ပေါ်ခဲ့တဲ့ စိတ်စေတနာ၊ အကုသိုလ်ဘက်က ဒုစရိုက်မကောင်းမှုတစ်ခုခုကို ပြုလုပ်စဉ်အခါက ဖြစ်ပေါ်ခဲ့တဲ့စိတ်

စေတနာ၊ ထိုစိတ်စေတနာဟာ ယခုပြုလုပ်နေသလို ဘဝင်စိတ်အစဉ်ဆိုတဲ့ မနောဒွါရမှာ ပြန်လည်ဖြစ်ပေါ်လာတယ်။ ပြုလုပ်ခဲ့တာကို ပြန်သတိရနေတာပေါ့။

(၂) ကမ္မနိမိတ်- ထိုကံကို ပြုလုပ်စဉ်အခါက ကြုံတွေ့ခဲ့ရတဲ့အာရုံများ၊ ၎င်းအာရုံများဟာ ရူပါရုံ, သဒ္ဒါရုံစသည်ဖြင့် အာရုံခြောက်ပါးစလုံး ဖြစ်နိုင်တယ်။

ဥပမာ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံက ဘုရားပန်းလှူတဲ့ကံဖြစ်ရင် ဘုရားနှင့်ပန်းတို့ကို ကမ္မနိမိတ်အဖြစ် မြင်လာတယ်။ ဘုရားဆင်းတုက ကံကိုဖြစ်ပေါ်စေတဲ့ ပဓာနအာရုံဖြစ်လို့ ဥပလဒ္ဓအာရုံလို့ ခေါ်တယ်။ ပန်းက ကံဖြစ်မြောက်ဖို့ရာ အခြံအရံအပဓာနအာရုံဖြစ်လို့ ဥပကရဏအာရုံလို့ ခေါ်တယ်။

ကုသိုလ်ကံက ကျောင်းသားများကို စာသင်ပေးတဲ့ကံဖြစ်ရင် ကျောင်းသားများ၊ စာအုပ်များ၊ စာသင်ခန်းတို့ကို ကမ္မနိမိတ်အဖြစ် မြင်လာနိုင်တယ်။ မိမိသင်ပြနေတဲ့အသံ, ကျောင်းသားများ လိုက်ဆိုတဲ့အသံတို့ကိုလည်း ကမ္မနိမိတ်အဖြစ် ကြားနိုင်တယ်။ ဒီနေရာမှာ ကျောင်းသားများက ပဓာနအာရုံဖြစ်လို့ ဥပလဒ္ဓအာရုံ၊ စာအုပ်, စာသင်ခန်း, ရွတ်ဆိုသံတို့က အခြံအရံအပဓာနအာရုံဖြစ်လို့ ဥပကရဏအာရုံလို့ ခေါ်ပါတယ်။

ပြုလုပ်တဲ့ကံက ငါးသတ်တဲ့ အကုသိုလ်ကံဖြစ်တယ်ဆိုရင် ငါးရယ်၊ ဓားရယ်၊ သွေးတွေရယ်စသည်ကို ကမ္မနိမိတ်အဖြစ် မြင်လာနိုင်တယ်။ ဒီအာရုံတို့အနက် ငါးက ပဓာနအာရုံဖြစ်လို့ ဥပလဒ္ဓအာရုံ၊ ဓား, သွေးစသည်က အခြံအရံ အပဓာနအာရုံဖြစ်လို့ ဥပကရဏအာရုံလို့ ခေါ်တယ်။

(၃) ဂတိနိမိတ်- လားရောက်ရမယ့် ဘုံဘဝမှာ ကြုံတွေ့ရမယ့် အာရုံများ

ဒီမှာလည်း တိုက်ရိုက်လားရောက်ရမယ့် နေရာအရပ်ကို ဥပလဘိတဗ္ဗအာရုံ၊ လားရောက်ရမယ့်ဘုံမှာ ကြုံတွေ့ရမယ့် အတွင်းအပ ပုဂ္ဂိုလ်

အသုံးအဆောင်တို့ကို ဥပဘောဂအာရုံလို့ ခေါ်တယ်။

ဥပမာ ကုသိုလ်ကံအကျိုးပေးလို့ လူ့ဘုံမှာ ဘဝဖြစ်ရရင် ပဋိသန္ဓေ တည်မယ့်နေရာဖြစ်တဲ့ အမိဝမ်းရေကို ကမ္မလာနိမိတ်အဖြစ် မြင်လာတယ်။ ဒါကို ဥပလဘိတဗ္ဗအာရုံ ခေါ်တယ်။ လူတွေ အိမ်တွေကိုလည်း မြင်လာ တတ်တယ်။ ဒါကို ဥပဘောဂအာရုံလို့ ခေါ်တယ်။

နတ်ဘုံမှာ ဘဝသစ်ဖြစ်ရရင် နတ်ဗိမာန်က ဥပလဘိတဗ္ဗအာရုံ၊ နတ် သားနတ်သမီးနှင့် နတ်အသုံးအဆောင်တို့က ဥပဘောဂအာရုံတို့ ဖြစ်ကြတယ်။အကုသိုလ်ကံအကျိုးပေးလို့ ငရဲဘုံမြင်လာတာက ဥပလဘိတဗ္ဗ အာရုံ၊ ငရဲထိန်း၊ ငရဲမီး၊ ငရဲခွေးတွေက ဥပဘောဂအာရုံတို့ ဖြစ်ကြတယ်။

သေခါနီးနိမိတ်ပြောင်းနိုင်ပုံ

သီရိလင်္ကာကျွန်းက သောဏဂိရိတောင်ပေါ်မှာ သီတင်းသုံးတဲ့ သောဏထေရ် ဟာ ရဟန္တာဖြစ်နေပြီ၊ သူ့ခမည်းတော်က အမဲလိုက်လို့ ကောင်းတုန်း၊ အိုမင်းရင့်ရော်မှ သားထံမှာ ရဟန်းပြုတယ်။ မကြာခင်မှာပဲ သေလောက်တဲ့ရောဂါဖြစ်ပြီး ငရဲခွေးတွေကို မြင်တယ်။ ငရဲခွေးတွေက သူ့ ကို ကိုက်စားဖို့ တောင်အောက်ကနေ တက်လာတာကို မြင်လို့ "ဟဲ့-သား၊ ခွေးတွေ၊ ခြောက်ဟဲ့"လို့ ဆိုတယ်။ သားက ရဟန္တာဆိုတော့ သူ့ခမည်းတော် ဟာ ငရဲမှာဖြစ်ရမယ့် ဂတိနိမိတ်မြင်နေပြီဆိုတာကို သိပြီ။

သောဏထေရ်ဟာ ဖခင်ကို ကယ်ဖို့ သာမဏေများကို ပန်းခူးစေပြီး စေတီရင်ပြင်အပြည့်ဖြန့်ထားစေတယ်။ ပြီးတော့ ရဟန်းကြီးကို ညောင် စောင်းနှင့်တကွ စေတီရင်ပြင်သို့ ချီမသွားစေတယ်။ "ခမည်းတော်ဘုရား- စေတီကို ကြည်ညိုပါ။ ခမည်းတော်ကိုယ်စား ပန်းများကို ဘုရားပူဇော် ထားတာကိုလည်း ကြည်ညိုပါ"လို့ သောဏထေရ်တိုက်တွန်းတယ်။

ရဟန်းကြီးက ဘုရားကြည်ညိုတယ်၊ ပန်းများ ပူဇော်ထားတာကို လည်း ကြည်နူးဝမ်းမြောက်တယ်။ သေခါနီးပြုရတဲ့ ဒီကုသိုလ်ကံက အာသန္နကံအဖြစ် အကျိုးပေးလာတော့မှာမို့ ရဟန်းကြီးဟာ နတ်သမီးများ ကို မြင်လာတယ်၊ ဒါက နတ်ပြည်မှာ ဘဝသစ်တွေဖြစ်ရမယ့် ဂတိနိမိတ်

ပါ။

"သားရယ် အလွန်လှတဲ့ သားရဲ့မိထွေးတွေ ငိုလာခေါ်နေကြတယ်။ ငါလိုက်သွားရမလား"

"လိုက်သွားပါခမည်းတော်"

ရဟန်းကြီးပျံလွန်တော်မူပြီး နတ်ပြည်မှာ နတ်သားဖြစ်ရပါတယ်။

**သေခါနီးနတ်ရထားများဆိုက်ခြင်း**

မြတ်စွာဘုရားလက်ထက်တော်မှာ သာဝတ္ထိမြို့မှ ဓမ္မိကဥပါသကာဟာ ဥပါသကာ ၅၀၀ တို့ရဲ့ ခေါင်းဆောင်ဖြစ်တယ်။ ထို ဥပါသကာ ၅၀၀ တို့ကလည်း ဥပါသကာ ၅၀၀ စီကို ဦးဆောင်ကြတော့ ဓမ္မိကဟာ အားလုံး ဥပါသကာ ၂၅၀,၀၀၀ တို့ရဲ့ ခေါင်းဆောင်ဖြစ်တာပေါ့။ "အလှူရေစက် လက်နဲ့မကွာ" ဆိုသလို ဒါန-သီလ-ဘာဝနာကုသိုလ်တို့ကို သူတို့အမြဲ ကြိုးစားပြီး ပြုလုပ်ကြတယ်။

ဓမ္မိက ဥပါသကာဟာ အသက်ကြီးရင့်ပြီး ညောင်စောင်းထက်မှာ လဲလျောင်းနေရတဲ့အခါ ရဟန်းရှစ်ပါးကို ပင့်လာစေပြီး မဟာသတိပဋ္ဌာန သုတ်တော်ကို နာကြားပါတယ်။ နာကြားနေဆဲမှာ နတ်ပြည်ခြောက်ထပ်က ရထားခြောက်စင်းတို့ ရောက်လာကြပြီး ရထားထိန်းတို့က ဓမ္မိကဥပါသကာကို မိမိတို့ရဲ့ ရထားနှင့် လိုက်ဖို့ အပြိုင်အဆိုင် ဖိတ်ခေါ်ကြတယ်။

ဒီအခြင်းအရာကို ဓမ္မိကဥပါသကာက မြင်နေကြားနေရလို့ "ဆိုင်းငံ့ ကြဦးလော့"လို့ ဆိုပြီး လက်ဝါးဖြင့် မြှောက်ပင့်ကာ တားမြစ်လိုက်ပါတယ်။ ရဟန်းတို့က မိမိတို့ရွတ်ဖတ်သရဇ္ဈာယ်နေတာကို ဆိုင်းငံ့စေတယ်ထင်လို့ ရွတ်ဆိုခြင်းကို ရပ်တန့်ပြီး ကျောင်းသို့ ပြန်ကြွကြတယ်။

သားသမီးများက "တို့ဖခင် ရှေးက တရားနာရတယ် မရောင့်ရဲနိုင် ဘူး။ ယခုတော့ ရွတ်ဆို သရဇ္ဈာယ်နေကြတဲ့ ရဟန်းတော်များကို ရပ်ဆိုင်း ဖို့ တားမြစ်လိုက်တယ်။ သေဘေးကို မကြောက်ရွံ့တဲ့လူဆိုတာ မရှိဘူး" လို့ မြည်တမ်းကာ ငိုကြွေးကြတယ်။

ဓမ္မိကဥပါသကာသတိရလာတဲ့အခါ "သားတို့သမီးတို့ ဘာကြောင့် ငိုနေကြသလဲ၊ ရဟန်းတော်များကော ဘယ်သွားကြသလဲ"လို့ မေးတယ်။

"အဖေတားမြစ်လို့ အရှင်မြတ်တို့ ပြန်ကြွသွားကြပြီ၊ သားတို့သမီးတို့လည်း သေဘေးကို မကြောက်ရွံ့တဲ့သူမရှိဘူးလို့ အောက်မေ့ကာ ငိုကြွေးကြပါတယ်"

"ငါက အရှင်မြတ်တို့ကို တားမြစ်တာမဟုတ်ဘူး၊ နတ်ပြည်ခြောက်ထပ်က နတ်ရထားတွေ ရောက်လာကြပြီး ရထားထိန်းတွေက ငါ့ကို ဝိုင်းခေါ်ကြလို့ သူတို့ကို ငါတားမြစ်တာ"

ဖခင်က ကယောင်ကတမ်းတွေ ပြောနေတယ်ထင်မှတ်ပြီး သားသမီး တို့က ထပ်ငိုကြတယ်။

"ဟဲ့-ဘာကြောင့် ငိုကြပြန်တာတုံး"

"အဖေ နတ်ရထားတွေ လာတယ်ဆိုတာ ဘယ်မှာလဲ၊ ကျွန်တော်တို့လည်း မမြင်ရပါလား"

"ငါ့အတွက် သီကုံးထားတဲ့ ပန်းကုံးရှိသလား"

"ရှိပါတယ်"

"ဘယ်နတ်ပြည်က မွေ့လျော်ဖွယ်ကောင်းသလဲ"

"ဘုရားလောင်းများက တုသိတာနတ်ပြည်မှာ မွေ့လျော်ကြတယ်"

"ဒီလိုဆိုရင် တုသိတာရထားဦးမှာ ချိတ်စွပ်စေလို့ အဓိဋ္ဌာန်ပြီး ပန်းကုံးကို အထက်သို့ မြှောက်ပစ်လိုက်ပါ"

ပန်းကုံးကို ပစ်မြှောက်လိုက်တော့ ပန်းကုံးက ပြန်မကျလာတော့ဘူး။ တုသိတာရထားဦးမှာ ချိတ်စွပ်ပြီး ကောင်းကင်မှာ တွဲရရွဲဆွဲလျက် တည်နေတယ်။ ဒီတော့မှ သားသမီးများက မျက်နှာလန်းလာကြတယ်။

"ငါ-တုသိတာနတ်ပြည်ကို သွားမယ်၊ သင်တို့ မစိုးရိမ်မငိုကြွေးကြနဲ့။ ငါလိုသင်တို့ ဖြစ်ချင်ရင် ငါ့လိုပဲ ကုသိုလ်ကောင်းမှုများကို မပြတ်မလပ် ပြုရစ်ကြပါ"

ထိုသို့ မှာကြားပြီးတော့ ဥပါသကာကြီး ကွယ်လွန်တယ်။ တုသိတာ နတ်ပြည်မှာ ရောမရွှေဗိမာန်ကြီးမှာ နတ်သမီးတစ်ထောင်ခြံရံလျက် နတ်တန်ဆာများနှင့်တကွ နတ်သားဖြစ်ရပါတယ်။

၄ သေပြီးတော့ နောက်ဘဝ ဘယ်လိုဖြစ်လာသလဲ

လူတစ်ယောက် သေဆုံးတဲ့အခါ 'အသက်ကောင်' သို့မဟုတ် 'လိပ်ပြာကောင်'က ခန္ဓာကိုယ်မှ ထွက်ပြီး ပြင်ပမှာ ခုနစ်ရက်ကြာအောင် လှည့်လည်နေတယ်၊ ပြီးတော့မှ နောက်ဖြစ်ရမယ့် ဘဝဆီ သွားတယ်ဆိုတာ ဟုတ်ပါသလား။ မဟုတ်ပါဘူး။

ဒီဘဝက သေပြီးရင် နောက်ဘဝမဖြစ်ခင် ကြားဘဝရှိတယ်ဆိုတာကော ဟုတ်ပါသလား။ မဟုတ်ပါဘူး။

ဒီလိုဆိုရင် နောက်ဘဝ ဘယ်လိုဖြစ်လာသလဲ။ ဘယ်လို ဘဝကူးသလဲ။

အဘိဓမ္မာသင်္ဂြိုဟ်မှာ ရှင်းပြထားတာ အလွန်သဘာဝကျပါတယ်။ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်, ဇီဝအတ္တ စတာတွေ မလိုဘဲ ဘဝတစ်ခုမှ နောက်ဘဝတစ်ခုသို့ ကူးသွားပုံ ရှင်းပြတာ ရိုးရိုးကလေးနဲ့ အကွက်စေ့လှပါတယ်။

လူတစ်ယောက်ဟာ သေခါနီးမှာ ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ် တစ်မျိုးမျိုးထင်ပြီးရင် မကြာခင်မှာ ကွယ်လွန်လေ့ရှိပါတယ်။ ကံနိမိတ်နှင့် အတိတ်ကမ္မနိမိတ်တို့က မနောဒွါရမှာ ထင်တယ်၊ ပစ္စုပ္ပန်ကမ္မနိမိတ်နှင့် အနီးကပ်ဂတိနိမိတ်တို့က မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ခြောက်ဒွါရလုံးမှာ ထင်နိုင်တယ်။

ဥပမာ လူတစ်ယောက်ဟာ ဘုရားဆင်းတုကို ကြည်ညိုရင်းနဲ့ သေဆုံးတယ်။ အဲဒီဘုရားဆင်းတုကို ကြည်ညိုတဲ့ ကုသိုလ်ကံက နောက်ဘဝကို ဖြစ်စေတယ်ဆိုရင် သူမသေမီ မြင်နေရတဲ့ ဘုရားဆင်းတုတော်က ပစ္စုပ္ပန်ကမ္မနိမိတ်ပဲ။ တရားနာရင်းသေတယ်ဆိုရင် တရားသံဟာ ပစ္စုပ္ပန်

ကမ္မနိမိတ်ပဲ။ ခမ္မိကဥပါသကာ နတ်ရထားတွေကို မျက်စိနဲ့ မြင်နိုင်တာက ဂတိနိမိတ်ဟာ အနီးကပ်ပြီး လာထင်လို့ပဲ။

(က) ပစ္စုပ္ပန်ကမ္မနိမိတ် သို့မဟုတ် အနီးကပ်ဂတိနိမိတ်က မျက်စိမှာ ထင်ထင်ရှားရှား ထင်လာပြီး သေဆုံးတယ်ဆိုရင် စိတ်အစဉ်(မရဏာသန္နဝီထိ) အောက်ပါအတိုင်း ဖြစ်ပါတယ်။

"တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ဒါ-ဒါ-ဘဝင်-စုတိ-ပဋိ-ဘဝင်-ဘဝင်-"

တီ - အတီတဘဝင်၊ မျက်စိမှာ အာရုံလာတိုက်ပြီး အာရုံမထင်မီ လွန်သွားတဲ့ ဘဝင်စိတ်၊

န - ဘဝင်္ဂစလန၊ မျက်စိမှာ အာရုံထင်လာတဲ့အခါ လှုပ်ရှားသွားတဲ့ ဘဝင်စိတ်၊

ဒ - ဘဝင်္ဂုပစ္ဆေဒ၊ ဘဝင်စိတ်အစဉ်ကို ပြတ်တောက်စေတဲ့ ဘဝင်စိတ်၊

ပ - ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ထင်လာတဲ့အာရုံကို ဆင်ခြင်နှလုံးသွင်း တဲ့စိတ်၊

စ - စက္ခုဝိညာဏ်၊ အာရုံကို မြင်သိတဲ့စိတ်၊

သံ - သံပဋိစ္ဆိုန်းစိတ်၊ မြင်သိစိတ်မြင်တဲ့အာရုံကို လက်ခံယူတဲ့စိတ်၊

ဏ - သန္တီရဏစိတ်၊ ၎င်းအာရုံကို ကောင်းမကောင်းစူးစမ်းတဲ့စိတ်၊

ဝု - ဝုဋ္ဌောစိတ်၊ ၎င်းအာရုံကို ကောင်းမကောင်းဆုံးဖြတ်တဲ့စိတ်၊

ဇ - ဇောစိတ်၊ ၎င်းအာရုံရဲ့ အရသာကို ခံစားတဲ့ဇောစိတ်ငါးကြိမ်၊

ဒါ - တဒါရုံစိတ်၊ ၎င်းအာရုံရဲ့ အရသာကို ဆက်ခံစားတဲ့စိတ်နှစ်ကြိမ်၊

ဘဝင် - ဘဝင်စိတ်၊ မရဏာသန္နဝီထိပြီးဆုံးတဲ့နောက် ဖြစ်တဲ့ဘဝင်စိတ်၊

စုတိ- စုတိစိတ်၊ သေဆုံးတဲ့စိတ်၊ ဒီစိတ်ချုပ်တော့ သေတယ်၊

ပဋိ - ပဋိသန္ဓေစိတ်၊ ဘဝသစ်ကို စတင်ပေးတဲ့စိတ်၊

ဘဝင် - ဘဝင်စိတ်၊ ဘဝသစ်မှာ ဆက်ဖြစ်တဲ့ ဘဝင်စိတ်အစဉ်။

နိမိတ်အာရုံက သင့်ရုံထင်ရှားရင် တဒါရုံစိတ်နှစ်ချက်က မဖြစ်ဘူး။ တဒါရုံဖြစ်ပြီးတော့ ဘဝင်စိတ်တစ်ချက်မဖြစ်ဘဲနဲ့လည်း သေဆုံးနိုင်တယ်။

အထွတ်အထိပ် ရောက်အောင် ကြိုးစားအားထုတ်ခဲ့တယ်။ ဒီလို မိမိကိုယ်ကိုသာ အားကိုးပြီး အစွမ်းကုန်ကြိုးစားခဲ့လို့ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

မြတ်စွာဘုရားအဖြစ်သို့ ရောက်ပြီးတဲ့အခါမှာလည်း သဘာဝအမှန်တရား ဖြစ်တဲ့ ပရမတ္ထတရားများရဲ့ သဘောသဘာဝတို့ကို ရှင်းပြပြီး အဆိုးတရားများဖြစ်တဲ့ ကိလေသာဆယ်ပါးကို အရှင်းပယ်သတ်နိုင်အောင် ဗောဓိပက္ခိယတရား ၃၇-ပါးကို ထူထောင်ဖို့ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရား (ဝါ) သီလ-သမာဓိ-ပညာ သိက္ခာသုံးပါးကို ပွားများအားထုတ်ဖို့ မိန့်ကြားတော်မူတယ်။ ဘဝအထွတ်အထိပ်သို့ ရောက်အောင် အတုမရှိ နိဗ္ဗာန်ချမ်းသာကို ထာဝရ ခံစားနိုင်အောင် လမ်းညွှန်ပြတော်မူခြင်း ဖြစ်တယ်။

*"ငါဘုရားတို့ဟာ လမ်းညွှန်ပြရုံသာ တတ်နိုင်တယ်၊ တကယ် ကြိုးစားအားထုတ်ရမှာက သင်တို့ရဲ့ တာဝန်ပဲ"*

မြတ်စွာဘုရားရဲ့ ပွင့်လင်းတဲ့ လမ်းညွှန်ချက်ဟာ ရင်ထဲမှာ စွဲမှတ်ထားဖို့ ကောင်းတယ်။ ရှင်ဘုရင်တွေအားလုံးနှင့် လူနတ်ဗြဟ္မာတွေအားလုံး ရှိခိုးကိုးကွယ်ကြရတဲ့ မြတ်စွာဘုရားဟာ သုံးလောကမှာ တန်ခိုးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ပေမယ့် မကောင်းမှုပြုလုပ်နေတဲ့ သတ္တဝါတစ်ဦးကို ငရဲမကျအောင် မတားဆီးနိုင်ဘူး။ ထိုသူ မကောင်းမှုမရှောင်ဘဲ ကောင်းမှုကိုလည်း မပြုလုပ်လျှင် ထိုသူအား နတ်ပြည်ရောက်အောင် မပို့ဆောင်ပေးနိုင်ဘူး။ မကောင်းမှုကံရဲ့ မကောင်းကျိုးပေးလာတာကို တန်ခိုးဧတဒဂ်ရှင် မဟာမောဂ္ဂလာန် မရှောင်တိမ်းနိုင်သလို မြတ်စွာဘုရားလည်း မကာကွယ်ပေးနိုင်ဘူး။

* *အကြောင်းရှိရာ၊ အကျိုးလာ၏၊ ကောင်းငှာဆိုးငှာ၊ ရှေးကြမ္မာလျှင်၊ ခွင့်သာရောက်ပြား၊ ထိုသူအားကို ဘုရား မကယ်နိုင်စွမ်းတည်း။ (မဃဒေဝ ၂၆၄)*

* *မကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရတယ်၊*

*မကောင်းမှုကို မိမိမပြုခဲ့လျှင် မိမိသည်ပင် စင်ကြယ်ရတယ်၊ စင်ကြယ်တဲ့ ကုသိုလ်နှင့် မစင်ကြယ်တဲ့ အကုသိုလ်တို့ဟာ တခြားစီ ဖြစ်တယ်။ သူတစ်ယောက်က အခြားသူ တစ်ယောက်ကို ကိလေသာအညစ်အကြေးမှ စင်ကြယ်အောင် မသုတ်သင်ပေးနိုင်ဘူး။ (ဓမ္မပဒ ၁၆၅)*

* မိမိကြောင့် ညစ်နွမ်းရတဲ့ မိမိရဲ့ စိတ်ကို မိမိကပဲ ဖြူစင်အောင် ပြုလုပ်နိုင်တယ်။ မြတ်စွာဘုရားက စင်ကြယ်အောင် မပြုလုပ်ပေးနိုင်ဘူး၊ နည်းလမ်းကောင်းကိုသာ ညွှန်ပြပေးနိုင်တယ်။

* ကောင်းစားချင်ရင် လမ်းကောင်းပေါ်မှာ ကိုယ်တိုင်လျှောက်လှမ်းပါ။

၄ ကြီးပွားချမ်းသာရေးလမ်းစဉ် - ကံ၊ ဉာဏ်၊ ဝီရိယ

* *ကံဟုမူလ၊ သမ္ဘဒ္ဓကို၊ ဟောပြသည်မှာ အရင်းသာရှင့်။ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန် ဤလူ့ထံ၌ ဉာဏ်ဝီရိယ၊ ပယောဂတည်း။*

မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်ဖြင့် တရား အဆီအနှစ်များကို ထုတ်ပြပေးထားတာ အလွန်အကျိုးကျေးဇူးများပါတယ်။

ကျွန်တော်တို့တစ်တွေ လူ့ဘဝရလာခြင်းဟာ ကုသိုလ်ကံတစ်ခုစီက အသီးသီး အကျိုးပေးလို့ ရလာကြတာပဲ။ ပြီးတော့ ဘုရားသာသနာတော် ထွန်းလင်းတောက်ပနေတဲ့အခါသမယမှာ သာသနာတော်ထွန်းတောက်ရာဒေသမှာ လူဖြစ်ကြရတယ်။ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို သက်ဝင် ကြည်ညိုတဲ့ မိသားစုများမှာ ဖြစ်ကြရပြီး သရဏဂုံတည်သူများလည်း ဖြစ်ကြရပြီ။ ပြီးတော့ ဘဝအထွတ်အထိပ်သို့ ရောက်အောင် လမ်းညွှန်ပြတဲ့ သူတော်ကောင်းတရားများကိုလည်း နာကြားကြရ

ဘယ်၊ လေ့လာ ဖတ်ရှုကြရတယ်။

ဒါတွေဟာ ကျွန်တော်တို့ကို လူ့ဘဝရအောင် စီမံအကျိုးပေးလိုက်တဲ့ ကုသိုလ်ကံအသီးသီးရဲ့ အကျိုးရလဒ်တွေပဲ။ ဒုလ္လဘလေးပါး (ရဟန်းတော်များက ဒုလ္လဘငါးပါး) ရထားကြတဲ့ ကံရဲ့ အကျိုးတို့ဟာ အလွန်ကြီးကျယ် မြင့်မြတ်ပြီး အဖိုး အနဂ္ဃတန်တာပဲ။ သိပ်ဝမ်းသာ ကျေနပ်အားရဖို့ ကောင်းပါတယ်။ ဒါတွေကို မူလအရင်းအနှီးလို့ မှတ်ယူပါ။

ဒီလူ့ဘဝမှာ ပစ္စည်းဥစ္စာတွေ ပေါများကြွယ်ဝဖို့၊ ကျန်းမာ အသက်ရှည် ဖို့၊ ကာယသုခ, စိတ္တသုခ, ကိုယ်စိတ်နှစ်ပါး ချမ်းချမ်းသာသာ နေထိုင်သွားဖို့က မူလကံအပေါ်မှာ ကံသစ်ပြုလုပ်ပြီး ဉာဏ်, ဝီရိယတို့ကို ထပ်ဆောင်းပေးရမယ်။ ကံ, ဉာဏ်, ဝီရိယပြည့်စုံမှ ကြီးပွားတိုးတက်မယ်။

ကံဆိုတာ အတိတ်ကံ, ပစ္စုပ္ပန်ကံနှစ်ရပ်ကို ယူရမယ်။ အတိတ်ကံကိုပဲ အားကိုးပြီး အတိတ်ကံစီမံသမျှ ငါခံစားရမယ်လို့ မျှော်ကိုးနေရင် "ပုဗ္ဗေကတဟေတုကဒိဋ္ဌိ" ဖြစ်သွားမယ်။ ယခုဘဝစိတ်အစဉ်မှာ လိုက်ပါနေကြတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံများဟာ အတိတ်က လုပ်ခဲ့တဲ့ ကံတွေလည်း ပါဝင်တယ်၊ ယခုဘဝပြုလုပ်တဲ့ ကံများလည်း ပါဝင်တယ်၊ ကုသိုလ်ကံများက ဥပတ္ထမ္ဘကကံများအဖြစ် အခွင့်သာရင် သာသလို ကောင်းကျိုးချမ်းသာတွေ ပေးသွားကြမယ်၊ အကုသိုလ်ကံများက ဥပပီဠကကံများအဖြစ် မကောင်းကျိုးဆင်းရဲတွေ ပေးသွားကြမယ်။

အရေးကြီးတာက ယခုဘဝမှာ ကုသိုလ်ကံများများလုပ်မှ အတိတ်နှင့်ပစ္စုပ္ပန်ကုသိုလ်ကံတွေ အကျိုးပေးခွင့်သာလာပြီး ကောင်းကျိုး ချမ်းသာတွေ များများရမယ်၊ ပစ္စုပ္ပန်မှာ ပြုလုပ်တဲ့ ကံများက ပစ္စုပ္ပန်မှာ အကျိုးပေးဖို့ရန် အချိန်နီးကပ်တော့ အကျိုးပေးဖို့ ပိုအခွင့်သာတယ်။ အတိတ်ကုသိုလ်ကံများအားကြီးကြတဲ့ ပုဂ္ဂိုလ်များအဖို့ ယခုဘဝမှာ သိပ် ကြိုးစားလုပ်ကိုင်ဖို့ မလိုဘဲနဲ့ ချမ်းသာကြီးပွားကြပါတယ်။

* *ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကို ယုံ၍၊ ဆူးပုံ*

*အတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ကြမ္မာအကြောင်း၊*
*မရိုးကောင်းဟု သူဟောင်းရှေးက ဆိုကုန်ကြ၏။*

တစ်ခုခုပြုလုပ်တော့မယ်ဆိုရင်၊ အချိန်အခါသင့်မသင့်၊ သွားသင့် လုပ်သင့်တဲ့နေရာဟုတ်မဟုတ်၊ ပေါင်းသင်းဆက်ဆံသင့်တဲ့ ပုဂ္ဂိုလ် ဖြစ် မဖြစ်တို့ကို အစစအရာရာ ဆင်ခြင်သုံးသပ်ပြီးမှ ပြုလုပ်သင့်တယ်။ ငါဟာ ကံကောင်းတဲ့သူပဲ၊ ဘေးအန္တရာယ်မဖြစ်နိုင်ဘူးလို့ တစ်ထစ်ချမမှတ်နဲ့။ ကံဘယ်လောက်ကောင်းကောင်း၊ မီးကိုင်ရင် မီးလောင်သလို ဆူးပုံပေါ် တက်နင်းရင် ဆူးစူးမှာပဲ၊ ကျားတွေ သောင်းကျန်းနေတဲ့ နေရာကို သွားရင် ကျားကိုက်ခံရမှာပဲ။

အတိတ်ကံဘယ်လောက်ကောင်းကောင်း ပစ္စုပ္ပန်အနီးကပ်လုပ်တဲ့ ကံက မကောင်းဘဲကိုး၊ ပြီးတော့ အန္တရာယ်ကို ကြိုတင်မြင်တဲ့ ဉာဏ်လည်း မရှိဘဲကိုး။ *"ဥစ္စာကို ကံစောင့်၊ အသက်ကို ဉာဏ်စောင့်"* တယ်နော်။

* *လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစောင်း၊ ကံတစ်ကြောင်း*
*မျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်း*
*သာ၊ မကိုးရာဘူး။ (မယဒေဝ၊ ၂၄၅)*

ငါ့ကံကောင်းရင် အောင်မြင်မယ်၊ ငါ့ကံမကောင်းရင် မအောင်မြင်ဘူး၊ ကံစီမံသမျှ ငါခံစားရမယ်လို့ တိမ်းစောင်းလွဲမှားနေတဲ့ အယူနဲ့ ကြိုးစား အားထုတ်မှုလည်း မပြုဘဲ၊ ဉာဏ်နဲ့ စဉ်းစားဆင်ခြင်ချင့်ချိန်ခြင်းလည်း မပြုဘဲ ကံချည်းသက်သက်ကို အားမကိုးထိုက်ဘူး။

စီးပွားရေးလုပ်ငန်းတစ်ခုကို နားမလည်, မကျွမ်းကျင်ဘဲ တော်ရို လျော်ရိအသိနဲ့ ပေါ့ပေါ့တန်တန်လုပ်လိုက်တယ်၊ ဒီလိုလုပ်ရင် ရှုံးဖို့ မအောင် မြင်ဖို့ များတယ်။ မအောင်မြင်တော့ ငါ့ကံမကောင်းလို့ ဆိုတယ်၊ အမှန်က ဉာဏ်, ဝီရိယမကောင်းလို့ မအောင်မြင်တာပါ။ သူတို့ကတော့ ကံကောင်း ကြလို့ အောင်မြင်တာတဲ့၊ အမှန်က ကံကောင်းရုံသာမဟုတ်ဘူး၊ ဉာဏ်, ဝီရိယလည်း ကောင်းကြလို့ အောင်မြင်ကြတာ။

* *ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်။ တံငါလက်တွင်း၊ ရောက်လျှင်းတုံငြား၊ သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့။*

(မဃဒေဝ-၂၄၅)

ဘာပဲလုပ်လုပ် ဉာဏ်ဖြင့် ချင့်ချိန်ပြီး အခွင့်အခါသာမှ လုံ့လစိုက်ထုတ်ကာ ကြိုးစားလုပ်ကိုင်သင့်တယ်။ တံငါလက်ထဲသို့ ရောက်သွားကြတဲ့ ငါးသုံးကောင်တို့ရဲ့ ပြုမူပုံကို ဆင်ခြင်သုံးသပ်သင့်တယ်။

တံငါတစ်ဦးဟာ လှေကလေးတစ်စင်းဖြင့် ချောင်းထဲမြစ်ထဲသွားပြီး ကွန်ကြဲတယ်၊ ပထမတစ်ချီမှာ ငါးခုံးမသုံးကောင်မိလို့ ကွန်မှဖြုတ်ကာ လှေဝမ်းထဲ ပစ်ထည့်ထားတယ်။ ငါးတစ်ကောင်က ကံကိုသာ ယုံတဲ့ငါး၊ ငါကံကောင်းရင် လွတ်မယ်ဆိုပြီး ငြိမ်နေတယ်။ နောက်တစ်ကောင်ကတော့ ဝီရိယကို ယုံတယ်၊ ငါကြိုးစားခုန်မှ လွတ်နိုင်မယ်ထင်ပြီး တစ်ချိန်လုံး ခုန်နေတယ်။

တံငါက ခုန်နေတဲ့ ငါးလွတ်သွားမှာစိုးလို့ လှော်တက်ဖျားနဲ့ ရိုက်လိုက်တာ အဲဒီငါး သေရှာတယ်။ တတိယငါးတစ်ကောင်က 'ကံ, ဉာဏ်ဝီရိယ'ယုံတဲ့ငါး၊ ဘာမှမလုပ်ရင် ဘာ့အကျိုးမှ မရဘူး၊ ဒါပေမယ့် ဉာဏ်ယှဉ်ပြီး လုပ်ရမယ်၊ ဉာဏ်မယှဉ်ဘဲ ဒုတိယငါးလို တစ်ချိန်လုံး ခုန်နေရင် မလွတ်နိုင်ဘဲ သေပွဲဝင်ရလိမ့်မယ်။ ဒါကြောင့် ဉာဏ်နဲ့ချင့်ချိန်ပြီး အချိန်အခါသင့်မှ ကြိုးစားခုန်ရမယ်။

တံငါက ကွန်ထပ်ကြဲတော့ ကိုယ်က ရှေ့သို့ ကိုင်းညွတ်သွားလို့ လှေ က တိမ်းစောင်းသွားတယ်၊ အဲဒီအခါ လှေစောင်းသွားတဲ့ဘက်သို့ တတိယ ငါး ခုန်လိုက်တာ လွတ်မြောက်သွားပါတယ်။ ကံကိုသာ ယုံပြီး ငြိမ်နေတဲ့ ငါးက ရသမျှငါးတွေကို ပလိုင်းထဲသို့ တံငါကောက်ထည့်တဲ့အခါ ပါသွားပါ တယ်။ ပြီးတော့ ဟင်းအိုးထဲ ရောက်သွားတာပေါ့။

၅ ဉာဏ်, ဝီရိယ မကူမလို့ ဘဝဆုံးရှုံးရတဲ့ဇနီးမောင်နှံ

ဂေါတမမြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်မှာ မဟာဓနသူဌေးကြီးဆိုတာ ကုဋေ ၈၀ ချမ်းသာကြွယ်ဝတယ်၊ သူဌေးကြီးဟာ မိမိရဲ့ဥစ္စာနဲ့ တစ်ဦးတည်းသော မိမိသားဟာ စားသုံးလို့ မကုန်နိုင်ဘူးလို့ ယူဆပြီး သားငယ်ကို ပညာမသင်စေဘဲ ပျော်ပျော်ရွှင်ရွှင် ကစားမြူးတူးနေစေတယ်။ သား အရွယ်ရောက်တော့ မဟာဓနသူဌေးကြီးဟာ မိမိလို ကုဋေ ၈၀ ချမ်းသာကြွယ်ဝတဲ့ မိတ်ဆွေသူဌေးရဲ့ တစ်ဦးတည်းသော သမီးနှင့် ထိမ်းမြားဖေးလိုက်တယ်။

နှစ်ဖက်သော မိဘများ ကွယ်လွန်ကြတဲ့အခါ မဟာဓနသူဌေးသားနှင့် ဇနီးတို့ဟာ ကုဋေ ၁၆၀ အမွေခံရရှိလို့ သူဌေးဇနီးမောင်နှံဖြစ်ကြတယ်၊ သူတို့ရဲ့ အတိတ်ကုသိုလ်ကံဟာ အလွန်ကောင်းတယ်လို့ ဆိုရမှာပေါ့။ ဒါပေမယ့် သူတို့က ပညာမတတ်ကြဘူး။

အရက်သမားတစ်စုက သူတို့ရဲ့ ဓနဥစ္စာကို ရယူချင်ကြတယ်။ ဒါကြောင့် မဟာဓနသူဌေးသား အရက်သောက်တတ်အောင် အမျိုးမျိုး မြူဆွယ်တယ်၊ ကြာပန်းများထဲမှာ အရက်ထည့်ပြီး ပန်းဝတ်ရည်စုပ်သောက်တဲ့ ဟန်ဖြင့် သောက်ပြကြတယ်။ မဟာဓနသူဌေးသား စိတ်ဝင်စားလာပြီး စမ်းပြီး စုပ်သောက်ကြည့်ရာက အရက်သောက်တတ်လာပြီး တဖြည်းဖြည်းနှင့် အရက်သမားကြီး ဖြစ်လာတယ်။

အရက်မူးနေတဲ့အခါ ဓနဥစ္စာကို မချင့်ချိန်တတ်တော့ စည်းမဲ့ကမ်းမဲ့သုံးဖြုန်းတယ်၊ အရက်နဲ့ စားသောက်ဖွယ်ရာအမျိုးမျိုးကို သောက်စားတယ်၊ မိန်းကလေးများကို ကပြဖြေဖျော်စေပြီး ငွေတွေ ဆုချတယ်၊ အရက်မိတ်ဆွေများကလည်း ငွေတွေ ဝိုင်းချေးယူကြပြီး ပြန်မဆပ်ကြဘူး။ တဖြည်းဖြည်းနဲ့ မိဘတို့ အမွေပေးခဲ့တဲ့ ငွေတွေကုန်တဲ့အပြင် အိမ်ကိုပါရောင်းပြီး ဇနီးမောင်နှံ ခွက်လက်စွဲကာ တောင်းစားရတော့တယ်။

မြတ်စွာဘုရားက သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွတဲ့အခါ အိုမင်းနေ

ကြပြီဖြစ်တဲ့ ဇနီးမောင်နှံကို မြင်တော့ အာနန္ဒာကို ဤသို့ မိန့်တော်မူတယ်။

"အာနန္ဒာ ခွက်လက်စွဲပြီး တောင်းစားနေကြတဲ့ ဟိုဇနီးမောင်နှံကို ကြည့်ပါလော့။ သူတို့ဟာ သာဝတ္ထိပြည်က ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီး နှစ်ဦးတို့ရဲ့ သားသမီးတွေပဲ။ မိဘတို့ထံက ဓနဉစ္စာအမွေများစွာ ရရှိခဲ့ပေမယ့် ပညာချို့တဲ့လို့ မထိန်းသိမ်းတတ်ဘူး။ အရက်သမားများ မြူဆွယ်ရာက အရက်သမားတစ်ဦးဖြစ်လာပြီး ဓနဉစ္စာများကို စည်းမဲ့ကမ်းမဲ့ သုံးဖြုန်းခဲ့လို့ ဖုန်းတောင်းယာစကာဘဝသို့ ရောက်သွားကြတယ်။

"သူတို့ဟာ အတိတ်ကံ အလွန်ကောင်းတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြတယ်။ ပထမအရွယ်မှာ ကံ, ဉာဏ်, ဝီရိယအသုံးချပြီး စီးပွားဉစ္စာရှာကြရင် ပထမတန်းစား သူဌေးကြီးမောင်နှံဖြစ်ကြမယ်၊ ရဟန်းပြုပြီး တရားအားထုတ်ကြမယ်ဆိုရင် အမျိုးသားက ရဟန္တာ၊ အမျိုးသမီးက အနာဂါမ်ဖြစ်နိုင်တယ်။

"ပထမအရွယ်ကုန်လို့ ဒုတိယအရွယ်မှာ သတိတရားရပြီး စီးပွားဉစ္စာကြိုးစားရှာဖွေရင် ဒုတိယတန်းစားသူဌေးကြီး ဖြစ်နိုင်တယ်။ ရဟန်းပြုပြီး တရားအားထုတ်ကြမယ်ဆိုရင် အမျိုးသားက အနာဂါမ်၊ အမျိုးသမီးက သကဒါဂါမ် ဖြစ်နိုင်တယ်။

"ဒုတိယအရွယ် လွန်မြောက်လို့ တတိယအရွယ်မှာ သူတို့က ကံ, ဉာဏ်, ဝီရိယနဲ့ ကြိုးစားကြမယ်ဆိုရင် တတိယတန်းစားသူဌေးဖြစ်နိုင်သေးတယ်။ ရဟန်းပြုပြီး တရားအားထုတ်ကြမယ်ဆိုရင်လည်း အမျိုးသားက သကဒါဂါမ်၊ အမျိုးသမီးက သောတာပန်ဖြစ်နိုင်သေးတယ်။

"ယခုတော့ တတိယအရွယ်လည်း လွန်မြောက်လို့ အိုမင်းရင့်ရော်လာကြပြီး စီးပွားရေးလည်း မလုပ်နိုင်၊ ရဟန်းတရားလည်း အားမထုတ်နိုင်ကြတော့ဘူး။ အမွေအတောင်တွေ ကျွတ်ပြီး မပျံသန်းနိုင်တော့တဲ့ ကြိုးကြာငှက်အိုက ရေခန်းခြောက်နေတဲ့ ရေအိုင်မှာ ငါးငုတ်တုတ်ထိုင်စောင့်နေသလို သေဖို့အချိန်ကို စောင့်ဆိုင်းနေရုံပဲ ရှိတော့တယ်"

အတိတ်ကံတွေ အလွန်ကောင်းကြပေမယ့် ပစ္စုပ္ပန် ကံ, ဉာဏ်, ဝီရိယ ချို့တဲ့လို့ အကောင်းဆုံးဘဝအခွင့်အရေးတွေ ဆုံးရှုံးသွားကြတာ အလွန် နှမြောစရာကောင်းလှပေတယ်။

၆ ပစ္စုပ္ပန်ကံ, ဉာဏ်, ဝီရိယကြောင့် ထိပ်တန်းဘဝ ရောက်ကြ သူများ

** ကံရင်းမူလ၊ ဝီရိယနှင့်၊ ဉာဏထောက်ကူ၊ ရှိသည့်သူမှ၊ လူတွင်လူမွန်၊ လွှားတံခွန်သို့၊ လူချွန်တစ်ယောက်၊ ထင်ပေါ် လောက်အောင်၊ အခါရောက်ဆုံး၊ တုမဲ့နှုန်း၍၊ ရွှေဘုန်းတော် ရမည်ဆိုသော်။ (မယဒေဝလင်္ကာ)*

ကံဆိုတာအလုပ်၊ လုပ်သင့်တဲ့အလုပ်ကို အရင်းမူလ ပဓာနထားပြီး ဉာဏ်, ဝီရိယတို့နှင့် ထောက်ပင့်ကူမပေးလျှင် လူချွန်လူမွန် လွှားတံခွန်လို ဘဝအထွတ်အထိပ်သို့ ရောက်နိုင်တယ်။

ကျွန်တော်တက္ကသိုလ်ကျောင်းသားဘဝက အားကျမိတဲ့ပုဂ္ဂိုလ်တစ်ဦး က ၁၆-ဆက်မြောက် အမေရိကန်သမ္မတ အဘရာဟမ်လင်ကွန်း (Abraham Lincoln, 1809-65) ဖြစ်ပါတယ်။ သူ့ကို တောထဲက သစ်လုံးတဲ မှာ မွေးဖွားခဲ့တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းကထွက်ပြီး သူ့အဖေကို သစ်ခုတ်တဲ့အလုပ် ကူလုပ်ပေးရတယ်။

ဒါပေမယ့် လင်ကွန်းက သူ့အဖေလို သစ်ခုတ်သမားမလုပ်ချင်ဘူး၊ နိုင်ငံခေါင်းဆောင်လုပ်ချင်တယ်။ မိမိဘာသာပညာဆည်းပူးတယ်။ တောစပ်က အိမ်များမှ စာအုပ်များ ငှားပြီး ညဥ့်အခါ အနားယူတဲ့အချိန်မှာ မီးလုံ့ရင်း စာဖတ်တယ်။ ဥပဒေစာမေးပွဲဝင်ဖြေတာ အောင်မြင်လို့ ၁၈၃၇ ခုနှစ်မှာ ရှေ့နေတစ်ယောက်ဖြစ်လာတယ်။ စကားပြောကောင်းအောင် လည်း လေ့ကျင်တယ်။ မြက်ခင်းပြင်မှာ မြက်စားနေကြတဲ့ နွားများကို လူပရိသတ်လို့ မှတ်ပြီး စကားပြောလေ့ကျင့်တယ်။ ဗဟုသုတစုံလင်ပြီး စကားပြောကောင်းလို့ နိုင်ငံရေးနယ်ပယ်မှာ အောင်မြင်လာတယ်။ ၁၈၄၇-

၄၉ ခုနှစ်တို့မှာ အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ်ဖြစ်လာတယ်။ ၁၈၅၈ခုနှစ်မှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ယှဉ်ပြိုင်ဖို့ စတီဖင်အေဒေါက်ဂလတ်စ် (Stephen A. Douglas) နှင့် အခြေအတင် စကားပြောရာမှာ နာမယ်ကြီးလာတယ်၊ ၁၈၆၀ခုနှစ်မှာ အမေရိကန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရတယ်။

* * *

၂၀၀၄ခုနှစ် မတ်လ ၈ရက် Time မဂ္ဂဇင်းမှာ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်အဖြစ် အမေရိကန်ပြည်ထောင်စုက ဘီလ်ဂိတ် (Bill Gates) ကို ဖော်ပြထားပါတယ်။ သူ့ရဲ့ ဘဏ်စာရင်းမှာ သူပိုင်ဆိုင်တဲ့ငွေဟာ ၄၆ ဘီလျံဒေါ်လာရှိကြောင်း ဖော်ပြထားတယ်။ ပြီးတော့ ဘီလ်ဂိတ်ဖောင်ဒေးရှင်းအတွက် သူက ၂၆ ဘီလျံ ဒေါ်လာ မတည်ထားသေးတယ်။ ဒီဖောင်ဒေး ရှင်းက ကမ္ဘာ့ပြည်သူများရဲ့ ကျန်းမာရေး ပညာရေးတို့ကို ဦးစားပေးပြီး ဆောင်ရွက်သွားမှာ ဖြစ်တယ်။

ယခုလို ကမ္ဘာ့လူထုရဲ့ လူမှုရေးအတွက် ရက်ရက်ရောရော အများဆုံး လှူဒါန်းတဲ့အတွက် အင်္ဂလန်ဘုရင်မက သူ့ကို ဗြိတိသျှအင်ပါယာရဲ့ အမြင့် မားဆုံးအဆင့် သူရဲကောင်းတပ်မှူးဘွဲ့ကို ချီးမြှင့်တယ်။ သူဘယ်လို လုပ်ပြီး အထွတ်အထိပ်ရောက်အောင် ကြီးပွားချမ်းသာလာရသလဲ။

ဘီလ်ဂိတ်ဟာ သာမန်ငွေကြေးအသင့်အတင့်ရှိတဲ့ မိသားစုမှာ မွေးဖွားခဲ့တဲ့ ကလေးတစ်ယောက်ပါပဲ။ သူအခြေခံအထက်တန်းဆင့်မှာ ပညာသင်နေတဲ့အခါ သူတို့ကျောင်းမှာ ကွန်ပျူတာများ စတင်တပ်ဆင်ပေးပါတယ်။ သူက ကွန်ပျူတာသုံးတတ်လာတဲ့အခါ ကွန်ပျူတာမှာ စိတ်ဝင်စားလာတယ်၊ အားလပ်တဲ့အချိန်တိုင်းမှာ ကွန်ပျူတာနဲ့ပဲ ဆော့ကစားလာတယ်၊ ကွန်ပျူတာရဲ့ စွမ်းရည်သတ္တိထူးခြားတာကို သဘောကျပြီး ပုစ္ဆာများကို ဖြေရှင်းတတ်အောင် သူကြိုးစားလာတယ်။

*"လေ့ကျင့်ရာ ကျွမ်းကျင်" "လေ့ကျင့်ခြင်းဟာ ပြီးပြည့်စုံစေတယ်"*

(Practice makes perfect) ဆိုရိုးအတိုင်းပဲ ဘီလ်ဂိတ်ဟာ ကွန်ပျူတာကို အမြဲ လေ့ကျင့်နေတော့ တဖြည်းဖြည်း ပိုပိုကျွမ်းကျင်လာတယ်။ သူတို့မြို့က မော်တော်ယာဉ်ထိန်းသိမ်းရတဲ့ ရဲမှူးများက ယာဉ်အချက်ပြမီးများကို ကွန်ပျူတာနှင့် အလိုအလျောက် ထိန်းသိမ်းနိုင်ဖို့ အထက်တန်းကျောင်းကို အကူအညီတောင်းလာတော့ ဆရာက ဘီလ်ဂိတ်နှင့် အဖော်တစ်ယောက်ကို တာဝန်ပေးတယ်။

ဘီလ်ဂိတ်ဟာ ညဉ့်နက်သန်းခေါင်အထိ ကွန်ပျူတာနဲ့ အမျိုးမျိုးစမ်းသပ်တယ်၊ ညဉ့်လုံးပေါက် အလုပ်လုပ်ပြီး မိုးလင်းမှ အိမ်ပြန်ရတဲ့နေ့တွေလည်း ရှိလာတယ်။ ကွန်ပျူတာအစွမ်းထက် လူရဲ့ စိတ်စွမ်းရည်က ပိုထက်ပါတယ်။ ဓားဟာ များများသွေးလေ့ ထက်လာလေလေ ဖြစ်သလိုပဲ စိတ်ဟာလည်း မရပ်မနား စဉ်းစားတွေးခေါ် ကြံစည်အသုံးချလေလေ ပိုပိုပြီး ထက်မြက်လာလေလေဖြစ်ပါတယ်။

တစ်လလောက် မနားမနေ ကြိုးစားလိုက်တော့ အောင်မြင်မှု ရလာပြီ။ မြို့တော် မော်တော်ယာဉ်ထိန်းသိမ်းရေးစနစ်ကို ကွန်ပျူတာနဲ့ ထိန်းလို့ရသွားပြီ။ တစ်ခါ အောင်ပွဲရပြီးရင် အောင်ပွဲတွေ ထပ်ကာထပ်ကာ ရပါတယ်။ မျက်စိအမြင်လည်း ပွင့်လာတယ်။

ဘီလ်ဂိတ် အခြေခံအထက်တန်းပညာစာမေးပွဲအောင်လို့ ဟားဗဒ်တက္ကသိုလ်ကို ဆက်တယ်တယ်၊ ဒါပေမယ့် စီးပွားရေးမျက်စိပွင့်သွားပြီဖြစ်လို့ ကွန်ပျူတာအသုံးချပုံအမျိုးမျိုး၊ ပြဿနာအမျိုးမျိုးကို ဖြေရှင်းဖို့ Software ပစ္စည်းတွေ ထုတ်လုပ်ဖို့ ကြိုးစားတယ်။ မိုက်ကရိုဆော့(Microsoft) ကုမ္ပဏီတည်ထောင်တယ်။ ဘီလ်ဂိတ်က ခေတ်ရှေ့ပြေးနေတော့ သူ့ပစ္စည်းတွေ လက်မလည်အောင် ရောင်းရတယ်။ ပစ္စည်းသစ်တွေကို တစ်မျိုးပြီး တစ်မျိုး တီထွင်ထုတ်လုပ်တာမကြာပါဘူး။ ဘီလ်ဂိတ်ဟာ ဘီလျံနာသူဌေးကြီး ဖြစ်လာတော့တယ်။

*"ပညာဟူသည် မြတ်ရွှေအိုး" "ပညာရွှေအိုး လူမခိုး"* ဆိုရိုးတွေ

အတိုင်းပဲ၊ ပညာရဲ့ တန်ဖိုးဟာ အတိုင်းအဆမရှိ ကြီးမားပါတယ်။ ကွန်ပျူတာခေတ်မှာ ကွန်ပျူတာမှာ ထည့်သုံးရတဲ့ Software တွေကို ခေတ်ရှေ့ပြေးပြီး တီထွင်ထုတ်လုပ်နိုင်ရင် ငွေတွေကို ကျုံးယူလို့ ရသွားတာပဲ၊

* * *

"ကံ-ဉာဏ်-ဝီရိယ"ပြည့်စုံရင် အောင်ပန်းဆင်ရမှာ သေချာတယ်။ 'ကံ'ဆိုတဲ့အလုပ်က အရင်းမူလ ပဓာနဖြစ်တယ်။ "အလုပ်ဆိုတာ ဂုဏ်ပဲ" "အလုပ်ရှိမှ ဂုဏ်ရှိတယ်" အလုပ်မရှိတဲ့သူတွေဟာ ဂုဏ်မရှိဘူး။ အလုပ်လုပ်မှလည်း အလုပ်ရဲ့ အသီးအပွင့်ကို ခံစားရမယ်။ အလုပ် အမျိုးအစားအပေါ် မူတည်ပြီး အကျိုးအမြတ်တွေ ကွာခြားသွားလိမ့်မယ်။

ဥပမာ "မောင်ဘတင်" ဆိုတဲ့ လူရွယ်တစ်ယောက်ဟာ ကျိုက်ထိုမြို့မှာ ဂဝံကျောက်တူးပြီး အသက်မွေးနေရတယ်။ မန္တလေးမြို့က သူ့ရဲ့ ဦးတော်သူ ကျိုက်ထိုမြို့သို့ အလည်အပတ်ရောက်လာတယ်။ မောင်ဘတင် ဂဝံတူးနေတာကို မြင်တော့ "ငါ့တူ မင်း ဂဝံတူးနေတာ နေ့စားလခပဲ ရတော့ ဆန်ဖိုးပဲ ရမှာပေါ့။ မင်း ကျောက်တူးတာချင်းတူတူ ဖားကန့်ကျောက်မျက်ရတနာမြေမှာ ကျောက်သွားတူးပါလား၊ ပတ္တမြားတစ်လုံးကောင်းကောင်းရရင်ပဲ မင်းသူဌေးဖြစ်ပြီ"

ဦးတော်သူက စီစဉ်ဆက်သွယ်ပေးလို့ မောင်ဘတင်က မြစ်ကြီးနားမြို့ အရှေ့ဘက်ရှိ ဖားကန့်မှာ ကျောက်မျက်သွားတူးတာ ကျောက်ကောင်းတွေရလို့ ငွေကြေးချမ်းသာသွားပါတယ်။

အလုပ်ကောင်းရအောင် ပညာသင်ရပါမယ်။ ပညာသင်တဲ့အလုပ်မှာလည်း ကံ-ဉာဏ်-ဝီရိယပြည့်စုံရင် ပညာထူးချွန်သူ ဖြစ်လာပါတယ်။ ကွန်ပျူတာပညာ၊ စီးပွားရေးပညာ၊ အင်ဂျင်နီယာပညာ၊ ဆေးပညာစတဲ့ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်ရင် အလုပ်ကောင်းရပါပြီ။ အလုပ်ကောင်းကို ဉာဏ်ယှဉ်ပြီး နိုးနိုးကြားကြား ကြိုးကြိုးစားစား လုပ်ကိုင်ရင် ကြီးပွားချမ်းသာလာမှာပါပဲ။

ရွှေငွေဥစ္စာရတဲ့အလုပ်ကသာ ကောင်းတာမဟုတ်ပါဘူး။ ကုသိုလ်ရတဲ့အလုပ်က ပိုကောင်းပါတယ်။ စီးပွားရေးအလုပ်က တစ်ဘဝသာ ချမ်းသာစေတယ်။ ကုသိုလ်ရေးအလုပ်က ဘဝအဆက်ဆက် ချမ်းသာစေပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ကိုင်ရင်းနဲ့ ဒါန, သီလ, ဘာဝနာတို့ကိုလည်း ကြိုးစားလုပ်ကိုင်ပါလို့ တိုက်တွန်းပါတယ်။

၇ ကံအကျိုးပေးခွင့် သာခြင်းနှင့် မသာခြင်း

ကုသိုလ်ကံများ အကျိုးပေးခွင့်ရဖို့ သမ္ပတ္တိစက်လေးပါး ပြည့်စုံရတယ်။

(၁) *ဂတိသမ္ပတ္တိ* - ရရှိတဲ့ဘဝကောင်းမွန်ပြည့်စုံခြင်း၊

(၂) *ဥပဓိသမ္ပတ္တိ* - ရုပ်ရည်ချောမောလှပခြင်း၊

(၃) *ကာလသမ္ပတ္တိ* - ခေတ်ကောင်း, အခါကောင်းနှင့် ကြုံတွေ့ရခြင်း

(၄) *ပယောဂသမ္ပတ္တိ* - သတိ, ဝီရိယ, ဉာဏ်ပညာတို့နှင့် ပြည့်စုံခြင်း။

ဒီသမ္ပတ္တိစက်လေးပါးက ကုသိုလ်ကံများ အကျိုးပေးခွင့်ရအောင် အားပေးပြီး အကုသိုလ်ကံများအကျိုးပေးခွင့်မရအောင် တားဆီးတတ်တယ်။

ကုသိုလ်ကံများ အကျိုးပေးခွင့်မရအောင် တားဆီးတတ်ပြီး အကုသိုလ်ကံများ အကျိုးပေးခွင့်ရအောင် အားပေးတတ်တဲ့ ဝိပတ္တိစက်လေးပါးလည်း ရှိတယ်။

(၁) *ဂတိဝိပတ္တိ* - လားရာဘဝမကောင်းခြင်း၊ အပါယ်ဘဝရခြင်း၊

(၂) *ဥပဓိဝိပတ္တိ* - ရုပ်ဆင်းအင်္ဂါ မလှပခြင်း၊

(၃) *ကာလဝိပတ္တိ* - မကောင်းတဲ့ခေတ်အခါတို့နှင့် ကြုံကြိုက်ခြင်း၊

(၄) *ပယောဂဝိပတ္တိ* - သတိ, ဝီရိယ, ဉာဏ်ပညာတို့ မပြည့်စုံခြင်း။

လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့ကို ရရှိတာက ကုသိုလ်ကံ ထောက်ပံ့လို့ ရရှိခြင်းဖြစ်ပါတယ်။ ဂတိသမ္ပတ္တိနှင့် ပြည့်စုံတယ်လို့ ဆိုရပါတယ်။

ဒီဘဝတွေမှာ ကုသိုလ်ကံများ အကျိုးပေးခွင့်သာပြီး အကုသိုလ်ကံများ အကျိုးပေးခွင့်မသာဘူး။

တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, ငရဲသားဘဝတို့ဟာ အကုသိုလ်ကံအကျိုးပေးလို့ ရရှိခြင်း ဖြစ်တယ်။ ဂတိဝိပတ္တိဖြစ်တဲ့ ဘဝများ ဖြစ်ကြတယ်။ ဒီအပါယ်ဘဝမှာ အကုသိုလ်ကံများ အကျိုးပေးခွင့်သာပြီး ကုသိုလ် ကံများ အကျိုးပေးခွင့် မသာဘူး။

တိရစ္ဆာန်များနှင့် နှိုင်းစာရင် လူတို့ဟာ အဆင့်အတန်းမြင့်မြင့် စားဝတ် နေထိုင်နိုင်ကြတယ်။ တိရစ္ဆာန်တို့နှင့် နှိုင်းယှဉ်ရင် ပြိတ္တာ, အသူရကာယ် ဘဝတို့က ပိုပြီး ဆင်းရဲငတ်ပြတ်တယ်။ ငရဲသားဘဝတို့က အဆင်းရဲဆုံးပဲ၊ ချမ်းသာဆိုတာ လုံးဝမရှိတော့ဘူး။

လူ့ဘဝဟာ ကုသိုလ်ကံအကျိုးနှင့်ဝီရိယအကျိုးတို့ကို တွဲဖက်ပြီး ခံစားရတဲ့ ဘဝဖြစ်ပါတယ်။ ကံ, ,ဉာဏ်, ဝီရိယ ကောင်းတဲ့သူများဟာ အောင်မြင်ပြီး ချမ်းသာ ကြွယ်ဝလို့ ကောင်းကောင်းမွန်မွန် စားဝတ်နေထိုင်ကြရတယ်။ ကံ, ဉာဏ်,ဝီရိယ ညံ့ဖျင်းသူများက ဆင်းဆင်းရဲရဲ နေထိုင်စားသောက်ကြ ရတယ်။

လူ့ဘဝနှင့် နှိုင်းစာရင် နတ်ဘဝက ပိုချမ်းသာတယ်။ နတ်ဘဝမှာ ဆင်းရဲမှု မရှိသလောက်နည်းပါးတယ်။ ဗြဟ္မာဘဝက ပိုချမ်းသာတယ်၊ ဈာန်ချမ်းသာနဲ့ပဲ မွေ့လျော်နေနိုင်ကြတယ်။ ဒါပေမယ့် နတ်ဗြဟ္မာတို့က လူတို့လောက် ကုသိုလ်ရေးမှာ ဝီရိယမကောင်းကြဘူး၊ ရဲစွမ်းသတ္တိ မရှိကြဘူး၊ လူသားက ဘုရားဖြစ်တဲ့အထိ ကြိုးစားအားထုတ်နိုင်တယ်။ နတ်ဗြဟ္မာတို့က ဘုရားမဖြစ်နိုင်ကြဘူး။

လူဖြစ်ချင်းတူပေမယ့် ဉပဓိသမ္ပတ္တိပြည့်စုံတဲ့ လူတွေက ပိုပြီး အခွင့်အရေး ရကြတယ်။ ချောမောခံ့ညားပြီး ဉပဓိကောင်းသူများကို ပိုပြီး ချစ်ခင်လေးစားတတ်ကြတယ်၊ အထင်ကြီးတတ်ကြတယ်။ ရုပ်ဆင်း အင်္ဂါ ချို့တဲ့သူများကို အထင်အမြင်သေးကြတယ်၊ အပေါင်းအသင်း မလုပ်

လိုကြဘူး။ အလုပ်ပြိုင်လျှောက်ရင် အရည်အချင်းတူတယ်ထား၊ ဥပဓိကောင်းသူက အခွင့်သာသွားမှာပဲ။ ရုပ်ရှင်သရုပ်ဆောင်ဘက်မှာလည်း ချောမောခံ့ညားတဲ့လူက အောင်မြင်ကျော်ကြားဖို့ ပိုလွယ်ကူပါတယ်။

အမျိုးသမီးများမှာ ဥပဓိသမ္ပတ္တိရဲ့ အကျိုးက ပိုသိသာပါတယ်။ ချောမောလှပတဲ့ အမျိုးသမီးများကို ချစ်ခင်သူပေါ်များတယ်၊ အထူးသဖြင့် အမျိုးသားများက ချစ်ခင်စုံမက်ကြလို့ မိမိကြိုက်တဲ့ အမျိုးသားကို ရွေးယူနိုင်တယ်၊ ဆီးသီးသည်မလေး၊ သမ္မာဝတီ၊ မလ္လိကာ၊ ဖွားစောတို့ မိဖုရားဖြစ်ရခြင်းဟာ မနဂုဏ် ဆွေဂုဏ် မျိုးဂုဏ်တို့ နိမ့်ကျနေပါသော်လည်း ဥပဓိသမ္ပတ္တိတို့နှင့် ပြည့်စုံလို့ ရှင်ဘုရင်ရဲ့ တော်ကောက်ခြင်းကို ခံကြရတယ်။

ခေတ်ကောင်းအခါကောင်းဆိုတဲ့ ကာလသမ္ပတ္တိနှင့် ပြည့်စုံဖို့လည်း အရေးကြီးပါတယ်။ တိုင်းပြည်အေးချမ်းသာယာပြီး စီးပွားရေးလုပ်ကိုင်ဖို့ အခွင့်အလမ်းတွေ ပွင့်လင်းနေတဲ့အခါမှာ အလုပ်အကိုင်များ ရလွယ်ကြတယ်၊ ဝင်ငွေကောင်းပြီး အေးအေးချမ်းချမ်း နေထိုင်ကြရတယ်။ ကုသိုလ်ကံ အကျိုးပေးခွင့်သာတဲ့အခါ ဖြစ်ပါတယ်။

တက်ကပ်-ဆုပ်ကပ်နှစ်ပါးရှိတဲ့အနက် တက်ကပ်မှာ လူဖြစ်ရတာ ပိုချမ်းသာတယ်၊ လူတွေက ကိုယ်ကျင့်သီလကောင်းကြပြီး စားဝတ်နေရေး ပြည့်စုံကြတယ်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာ နေထိုင်ကြရတယ်။ ဆုတ်ကပ်မှာ လူတို့ရဲ့ ကိုယ်ကျင့်စာရိတ္တပျက်ပြားလာကြလို့ ဆူပူ သောင်းကျန်းမှုများတယ်၊ စစ်မက်ခိုက်ရန်တွေ များတယ်၊ ကိုယ် စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာ နေထိုင်ရဖို့ ခဲယဉ်းတယ်။

ပယောဂသမ္ပတ္တိက မိမိအပေါ်မှာ မူတည်လို့ မိမိက သတိဝီရိယကောင်းအောင် ကြိုးစားမယ်၊ ပညာဗဟုသုတရအောင် ကြိုးစားမယ်ဆိုရင် ပယောဂသမ္ပတ္တိအထိုက်အလျောက် ပြည့်စုံလာမှာပါပဲ။ အရာရာမှာ သတိရှိတယ်၊ လုံ့လဝီရိယကောင်းတယ်၊ ထထကြွကြွ သွက်သွက်လက်လက် လုပ်တယ်၊ အကြံကောင်းဉာဏ်ကောင်း ရှာတယ်၊ စဉ်းစားနိုင်းချိန်ပြီး လုပ်

သင့်တဲ့အလုပ်ကို ဉာဏ်ယှဉ်ပြီး ကြိုးစားလုပ်တယ်ဆိုရင် အောင်မြင်ချမ်းသာလာမှာပါပဲ။ 'ကြိုးစားမှု'နှင့် 'ဉာဏ်ပညာဗဟုသုတ'တို့ဟာ အောင်မြင်ရေးသော့ချက်နှစ်ခုပဲ။

ဒီလိုမဟုတ်ဘဲ ပျင်းရိနေမယ်၊ သတိမေ့လျော့ပြီး ပေါ့ပေါ့ဆဆနေမယ်၊ ဉာဏ်ကလည်း ထိုင်းနေတယ်။ ပညာဗဟုတုတလည်း မရှာမှီးဘူး၊ မိတ်ကောင်းဆွေကောင်းတို့နဲ့လည်း မပေါင်းသင်းဘူးဆိုရင် ပယောဂဝိပတ္တိဆိုက် နေပြီ၊ အောင်မြင်ပေါက်မြောက်ဖို့ မလွယ်တော့ဘူး။ ဆင်းဆင်းရဲရဲပဲ နေထိုင်ရတော့မယ်။

ဝီရိယက အောင်မြင်ရေးသော့ချက်တစ်ခုပဲ။ *"လူပျင်းလုံ့လ တစ်ခဏ"* ဆိုသလို ထိထိရောက်ရောက်မလုပ်ဘဲ တို့ကနန်းဆိတ်ကနန်း လုပ်ရင် ကျရှုံးမှာပဲ။ *"ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်"* ဆိုတဲ့အတိုင်း အောင်မြင်တဲ့အထိ ဇွဲလုံ့လကောင်းကောင်းနဲ့ လုပ်ကိုင်မယ်၊ အကြံကောင်း ဉာဏ်ကောင်းတွေ ရှာဖွေပြီး လုပ်ကိုင်မယ်ဆိုရင် အောင်မြင်ဖို့ သေချာပါတယ်။

ဉာဏ်ကလည်း အောင်မြင်ရေးသော့ချက်တစ်ခုပဲ။ ဉာဏ် ကောင်းအောင် အကြံဉာဏ်ကောင်းတွေ ရရှိအောင် ကြိုးစားပါ။

သို့အတွက် ကံ, ဉာဏ်, ဝီရိယတို့ကိုဘက်စုံညီမျှအောင် ထူထောင်သွားခြင်းဖြင့် မိမိအလိုရှိရာဘဝမျိုးကို စီမံဖန်တီးယူနိုင်ပါတယ်။

*သင်သည် သင့်စိတ်ရဲ့ မာလိန်မှူးဖြစ်ပြီး သင့်ဘဝရဲ့ ဖန်တီးရှင်ဖြစ်တာကို စွဲစွဲမြဲမြဲ မှတ်ယူပါလေ။ သင့်ဘဝကံကြမ္မာကို သင်ကြိုက်သလို လွတ်လပ်စွာ ဖန်တီးခွင့်ရှိပါတယ်။*

## ၈ ကံမွဲသူနှင့် ပေါင်းလျှင် သင်ဆင်းရဲရလိမ့်မယ်

မင်္ဂလာတရား ၃၈ပါးမှာ ထိပ်ဆုံးကလာတဲ့ မင်္ဂလာနှစ်ပါးက

(၁) *အသေဝနာစ ဗာလာနံ* - လူမိုက်တို့ကို မမှီဝဲ, မဆည်းတပ်ခြင်း၊

(၂) ပဏ္ဍိတာနဉ္စ သေဝနာ - ပညာရှိ လူလိမ္မာကို မှီဝဲဆည်းကပ်ခြင်းတို့ ဖြစ်ကြတယ်။

ဒီမင်္ဂလာနှစ်ပါးက ကြီးပွားချမ်းသာဖို့ အရေးအကြီးဆုံး မင်္ဂလာနှစ်ပါးပဲ။ ပယောဂသမ္ပတ္တိနှင့် ပြည့်စုံအောင် လူမိုက်တို့ကို ရှောင်ရှားပြီး ပညာရှိလူလိမ္မာတို့နှင့် ပေါင်းသင်းပါ။

လူမိုက်နှင့် ပေါင်းသင်းရင် မိမိပါ မိုက်မဲပြီး စာရိတ္တပျက်စီးသွားလိမ့်မယ်၊ စာရိတ္တက ဘဝတစ်ခုမှာ အဖိုးတန်ဆုံးအရာပဲ။ စာရိတ္တပျက်ရင် ဘဝ ပျက်ပြီး အပါယ်ဘုံများမှာ နစ်မွန်းရလိမ့်မယ်။

မြန်မာ့စကားမှာ 'ငါးတစ်ကောင်ပုပ်ရင် ငါးတစ်လှေလုံး ပုပ်တယ်' 'သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းခိုရတယ်' ဆိုတဲ့ ဆိုရိုးတွေရှိတယ်။

မိသားစုတစ်စုမှာ အကုသိုလ်ကံ ကြီးမားသူတစ်ဦး ပါလာရင် တစ်မိသားစုလုံး ဆင်းရဲဒုက္ခရောက်နိုင်တယ်၊ တစ်ရွာလုံးအထိတောင် ဆင်းရဲဒုက္ခရောက်နိုင်တယ်။ ဒီလိုပုဂ္ဂိုလ်နဲ့ ဆုံတွေ့ရတာ ကာလဝိပတ္တိနှင့် ကြုံတွေ့ရသလိုပါပဲ။

ဘုရားရှင်လက်ထက်က အိမ်ခြေတစ်ထောင်ရှိတဲ့ တံငါရွာမှာ တံငါသည်မတစ်ဦး ကိုယ်ဝန်ရတယ်၊ သူကိုယ်ဝန်ရတဲ့အချိန်ကစပြီး တံငါသည်များက ငါးဖမ်းလို့ မရကြတော့ဘူး။ ဒါတင်မကဘူး။ တစ်ရွာလုံး မင်းပြစ်မင်းဒဏ် (၇)ကြိမ်ခံရပြီး (၇)ကြိမ် မီးလောင်ခံရတယ်။

ရွာလူကြီးများ စုဝေးတိုင်ပင်ကြပြီး ငါတို့ရွာမှာ အကုသိုလ်ကံကြီးမားတဲ့သူတစ်ယောက်ရှိလိမ့်မယ်လို့ တွေးမိကြတယ်။ ဒါကြောင့် ရွာသူရွာသားတို့ကို အိမ်ငါးရာစီ နှစ်စုခွဲလိုက်တယ်။ ကိုယ်ဝန်ဆောင်တဲ့ အမျိုးသမီး ပါတဲ့ အုပ်စုက ရှေးနည်းအတူ ငါးရှာမရ၊ ဆင်းရဲဒုက္ခရောက်ကြတယ်။ ဒီအစုကို တစ်ခါ နှစ်ခြမ်းခွဲပြန်တယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးပါတဲ့ အစုက ဆင်းရဲပြန်တယ်။ တစ်ဖန် ထပ်ကာထပ်ကာ နှစ်ခုစီ ခွဲသွားတော့

နောက်ဆုံးမှာ ကိုယ်ဝန်ဆောင်တဲ့ အမျိုးသမီးတစ်ဦးတည်း ကျန်တော့တယ်။

မိခင်က ကလေးကို ဆင်းရဲပြြင်စွာ မွေးဖွားရတယ်၊ ဆင်းရဲပင်ပန်းစွာ ကျွေးမွေးရတယ်။ ကလေး မတ်တတ်သွားနိုင်တဲ့အရွယ်မှာ မိခင်က ကလေးကို ခွက်ငယ်တစ်ခု ပေးပြီး တောင်းစားစေတယ်။ မိခင်ဖြစ်ပေမယ့် သားငယ်ကို ပစ်ပြီး ထွက်ပြေးသွားပါတယ်။

ကလေးက ခွက်ကလေးကိုင်ပြီး တောင်းစားလာရာ (၇)နှစ်အရွယ်သို့ ရောက်လာတယ်။ ရှင်သာရိပုတ္တရာမထေရ်က ကလေးကို သနားပြီး ရှင်သာမဏေပြုပေးတယ်၊ အရွယ်ရောက်တဲ့အခါ ရဟန်းပြုပေးတယ်။ လောသကတိဿမထေရ်လို့ အမည်တွင်ပါတယ်။

ရဟန်းဖြစ်ပြီး သိက္ခာသုံးပါး ကျင့်စဉ်တရားကို အားထုတ်ရာ ရဟန္တာဖြစ်လာတယ်၊ ရဟန္တာဖြစ်လာပေမယ့် မထေရ်က တစ်နေ့မှ ဆွမ်းဝအောင် မဘုဉ်းပေးရဘူး။ သူပရိနိဗ္ဗာန်ပြုမယ့်နေ့မှာ အရှင်သာရိပုတ္တရာမထေရ်နှင့် အတူ ဆွမ်းခံကြွတာ အရှင်သာရိပုတ္တရာပါ ဆွမ်းမရတော့ဘူး။

အရှင်သာရိပုတ္တရာက လောသကတိဿမထေရ်ကို ပြန်လွှတ်ပြီး တစ်ပါးတည်း ဆွမ်းခံကြွမှ ဆွမ်းရတယ်၊ မထေရ်မြတ်က အိမ်တစ်အိမ်မှာ ဆွမ်းဘုဉ်းပေးပြီးတော့ ထိုအိမ်မှ လူတစ်ယောက်ကို အရှင်လောသကတိဿမထေရ်သို့ ဆွမ်းပို့စေတယ်။ ဆွမ်းပို့သူက သတိမေ့ပြီး ဆာလောင်တာနဲ့ ပါလာတဲ့ဆွမ်းကို လမ်းမှာ စားလိုက်တယ်။ အရှင်သာရိပုတ္တရာ ပြန်လာတဲ့အခါ လောသကတိဿမထေရ် ဆွမ်းမစားရသေးကြောင်းသိလို့ သံဝေဂရမိတယ်၊ ချက်ချင်းပဲ ကောသလမင်းနန်းတော်သို့ ဝင်ပြီး စတုမဓူ အလှူခံတယ်။ ပြန်လာပြီး လောသကတိဿမထေရ်ကို ကိုယ်တိုင် ကျွေးမွေးတယ်၊ သပိတ်ပျောက်သွားမှာစိုးလို့ သပိတ်ကို အရှင်သာရိပုတ္တရာ ပွေ့ပိုက်ထားရတယ်။

ဒီတစ်ကြိမ်ပဲ လောသကတိဿမထေရ် ဝလင်အောင် ဆွမ်းဘုဉ်းရ

တယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့နောက် ပရိနိဗ္ဗာန် စံဝင်တော်မူတယ်။

လောသကတိဿမထေရ်က အတိတ်က ဘာအကုသိုလ်ကံများ ကျူးလွန်ခဲ့မိသလဲ။ ကဿပဘုရားရှင်လက်ထက်မှာ သူဟာ သီလရှိတဲ့ ရဟန်းကောင်းတစ်ပါး ဖြစ်ခဲ့တယ်။ တစ်နေ့မှာ မိမိကျောင်းမှာ လာ တည်းတဲ့ အာဂန္တုရဟန်းကို မိမိကျောင်းဒကာက ကြည်ညိုသွားလို့ မနာ လိုဝန်တိုစိတ် ဖြစ်တယ်။

ဒါယကာ သူကြွယ်က နောက်နေ့မှာ ကိုယ်တော်နှစ်ပါးလုံးကို သူ့အိမ် သို့ ဆွမ်းစားကြွဖို့ ပင့်ဖိတ်တယ်။ မူလကျောင်းနေ ရဟန်းက နံနက် စောစော ဒါယကာသူကြွယ်အိမ်သို့ သွားခါနီးမှာ အာဂန္တု ကိုယ်တော် မနိုးအောင် ခေါင်းလောင်းကို လက်ဖျားဖြင့် ခြစ်ပြီး ထွက်သွားတယ်။

သူကြွယ်အိမ်သို့ ရောက်တဲ့အခါ အာဂန္တုကိုယ်တော် ဘာကြောင့် မကြွလာသလဲလို့ သူကြွယ်မေးလျှောက်တယ်။ ကျောင်းနေရဟန်းက "ဒါယကာရဲ့ ကိုယ်တော်က အလွန်အအိပ်ကြီးသကိုး၊ ခေါင်းလောင်းထိုး တာတောင် မနိုးလို့ ကျောင်းမှာ ချန်ထားခဲ့တယ်"လို့ ပြောတယ်။

ကျောင်းနေရဟန်းကို ဆွမ်းကပ်တယ်၊ ဆွမ်းဘုဉ်းပြီးတဲ့အခါ ဒကာ သူကြွယ်က အာဂန္တုရဟန်းအတွက်ဟု ဆိုကာ ဆွမ်းထပ်လှူပေး လိုက် တယ်။ ဆွမ်းကောင်းကို စားနေရရင် အာဂန္တုရဟန်းက တော်တော်နဲ့ အခြား ကို ကြွသွားတော့မှာ မဟုတ်ဘူးလို့ အာဝါသမစ္ဆရိယဖြစ်တယ်။ (ကျောင်း နေရာ မျှပေးရမှာကို ဝန်တိုတယ်)၊ ဒါကြောင့် ထည့်ပေးလိုက်တဲ့ ဆွမ်းများ ကို မီးလောင်နေတဲ့ လယ်ကွင်းထဲမှာ သွန်ပစ်လိုက်တယ်။

သူကျောင်းပြန်ရောက်တော့ အာဂန္တုရဟန်းက မရှိတော့ဘူး။ အာဂန္တု ရဟန်းက ရဟန္တာဖြစ်နေတာကိုး၊ ကျောင်းနေရဟန်းရဲ့ စိတ်အကြံကို သိလို့ စောစောပဲ ကောင်းကင်ခရီးဖြင့် အခြားအရပ်သို့ ကြွသွားတော်မူတယ်။ ကျောင်းထိုင်ကိုယ်တော်က အာဂန္တုရဟန်းကို မတွေ့ရတဲ့အတွက် နောင်တ တစ်ဖန် ပူပန်မိတယ်၊ စိတ်ထောင်းကိုယ်ကြေတဲ့ ဒဏ်ကို ခံရပြီး မကြာခင်

ပျံလွန်တယ်။ ကျောင်းနေရာ မှုဝေပေးရမှာကို ဝန်တိုမိပြီး ရဟန္တာအတွက် ဆွမ်းကို သွန်ပစ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် ငရဲကျသွားပါတယ်။

ငရဲမှ လွတ်လာပြီးတဲ့နောက် ဘီလူးဘဝအကြိမ် ၅၀၀၊ ခွေးဘဝ အကြိမ် ၅၀၀ ဖြစ်ရပါတယ်။ ထိုဖြစ်လေရာဘဝတိုင်းမှာ အစာဝအောင် မစားသောက်ရဘူး။ နောက်ဆုံး ခွေးဘဝမှ သေလွန်တဲ့အခါ တံငါသည်မ ရဲ့ ဝမ်းကြာတိုက်မှာ သန္ဓေတည်ရပါတယ်။

ကဿပဘုရားလက်ထက်မှာ ရဟန်းပြုခဲ့ပြီး သီလစင်ကြယ်အောင် စောင့်ထိန်းခဲ့တဲ့ ကုသိုလ်ကံကြောင့် လူ့ဘဝပြန်ရပြီး တရားအားထုတ်တဲ့ အခါ ရဟန္တာဖြစ်ခဲ့တယ်။ ကျောင်းထိုင်ဘဝက ပြုခဲ့မိတဲ့ အကုသိုလ်ကံ ကြောင့် ကိုယ်ဝန်တည်တဲ့အချိန်ကစပြီး တစ်ရွာလုံးအထိ ဆင်းရဲငတ်ပြတ် စေတယ်။ အကုသိုလ်ကံရဲ့ လှိုင်းဂယက်ဟာ အလွန်ကြောက်စရာကောင်း ပေတယ်။

* * *

ဓမ္မပဒ တယောဇနဝတ္ထုမှာလည်း ခရီးသည်ခုနစ်ရာလောက် တင် ထားတဲ့ ရွက်သင်္ဘောကြီးဟာ ကမ်းက ခွာပြီး သမုဒ္ဒရာအလယ်ရောက်တော့ တန့်ခနဲ ရပ်သွားခဲ့တယ်။ ရွက်ကုန်ဖွင့်ပေမယ့်လည်း သင်္ဘောက မရွေ့ဘူး။ အဲဒီတော့ မာလိန်မှူးက အကုသိုလ်ကံကြီးမားတဲ့ လူတစ်ယောက်ပါလာလို့ ဖြစ်မယ်ဆိုပြီး အများသဘောတူ မဲနှိုက်တာ သူ့မိန်းမက မဲပေါက်တယ်၊ သုံးကြိမ်တိုင်တိုင် မဲပေါက်တော့ မာလိန်မှူးဇနီးကို လည်ပင်းမှာ သဲအိုး ချည်ပြီး သမုဒ္ဒရာထဲ ပစ်ချကြရတယ်။ ချက်ချင်းပဲ သင်္ဘောရွေ့ရှား နိုင်ခဲ့ တယ်။ ဒါကြောင့် အကုသိုလ်ကံကြီးသူတစ်ဦးကြောင့် သင်္ဘောမှာပါလာတဲ့ လူအားလုံး သေသွားနိုင်တယ်။

မာလိန်မှူးရဲ့ ဇနီးက ဘာအကုသိုလ်ကံလုပ်ခဲ့လို့လဲ။ သူဟာ အတိတ် က တောသူလှပျိုဖြူတစ်ယောက်ဖြစ်တယ်။ သူ့ရည်းစားက သေသွားပြီး သူ့ကို စွဲလမ်းလို့ ခွေးဖြစ်တယ်။ ခွေးက သူ့အတိတ်က ရည်းစားကို မှတ်မိ

တော့ သူမနောက်ကို တကောက်ကောက်လိုက်တယ်။ သူအပြင်ထွက်တော့ ခွေးကလေးက လိုက်ပါလာလို့ ကာလသားတွေက လှောင်ပြောင်ကြတယ်။

"ဟေး မုဆိုးမ အမဲလိုက်ထွက်ပြီဟေ့၊ သူ့ခွေးနဲ့အတူထွက်တာ၊ တို့တော့ ကနေ့ ဂျီသားဟင်းစားရတော့မယ်ဟေ့"

တောသူမက ရှက်တယ်၊ နောက်တစ်ခါ အပြင်ထွက်တော့ ခွေးကလေးမလိုက်အောင် မောင်းတယ်၊ မရဘူး၊ တုတ်နဲ့ရိုက်တယ်၊ မရဘူး။ ခွေးထီးလေးက အတင်းလိုက်တော့ တောသူမက စိတ်ဆိုးပြီး ခွေးကလေးရဲ့ လည်ပင်းမှာ သဲအိုးကလေးချည်ပြီး ခွေးကို ရေမြောင်းထဲပစ်ချတယ်။ ခွေးကလေး သေသွားတာပေါ့။ တောသူမသေတော့ ကုသိုလ်ကံထောက်မလို့ မာလိန်မှူးရဲ့ ဇနီးဖြစ်လာရတယ်၊ ဒါပေမယ့် အတိတ်အကုသိုလ်ကံ အကျိုးပေး ခွင့်ရလာတဲ့အခါ သူသမုဒ္ဒရာအလယ်မှာ သင်္ဘောထဲမှာ ရှိနေပေမယ့် ပြေးရှောင်လို့ မရဘူး။ မိမိပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံနဲ့ တူစွာ လည်ပင်းမှာ သဲအိုးချည်ပြီး သမုဒ္ဒရာထဲသို့ ပစ်ချခံရပါတယ်။

## ၉ ကံကောင်းသူနှင့်ပေါင်းလျှင် သင်ချမ်းသာရလိမ့်မယ်

မိသားစုထဲမှာ ကုသိုလ်ကံအားကောင်းတဲ့ သားသမီးတစ်ဦး မွေးဖွားလာရင် မိဘတွေ စီးပွားတက်တယ်။ ဆွေမျိုးထဲက အကြီးအကဲ တစ်ယောက် ဖြစ်သွားရင်လည်း ဆွေမျိုးများစွာ ကောင်းကျိုးချမ်းသာရကြတယ်။ မြတ်စွာဘုရားကို ကလျာဏမိတ္တ-မိတ်ဆွေကောင်းအဖြစ် တွေ့ဆုံဆည်းကပ်ရလို့ လူနတ်ဗြဟ္မာကုဋေပေါင်းများစွာတို့ အကျွတ်တမ်း ဝင်နိုင်ခဲ့ကြတယ်။

သီရိလင်္ကာကျွန်းမှာ ဘာတိကမင်းလက်ထက်မှာ နွားသားစားသူများကို ဒဏ်တပ်တယ်၊ ဒဏ်ငွေမဆောင်နိုင်သူတို့က နန်းတော်အတွင်းမှာ အမှိုက်ရှင်းရတဲ့ တာဝန်ကို ယူကြရတယ်။

ဒဏ်ပေးခံရတဲ့ မိသားစုတစ်စုမှာ အလွန်ချောမောလှပတဲ့ သမီးပျို

တစ်ဦးပါလာတယ်။ ဘုရင်က သူမကို မြင်ပြီး အလွန်နှစ်သက်လို့ "သာမာဒေဝီ"ဘွဲ့အမည်နဲ့ မိဖုရားငယ်အဖြစ် မြှောက်စားတယ်၊ သူမကိုအကြောင်းပြုပြီးတော့ သူမရဲ့ မိသားစုနှင့် ဆွေမျိုးများအားလုံး အပြစ်မှ လွတ်မြောက်ပြီး ချမ်းချမ်းသာသာ အသက်မွေးနိုင်လောက်အောင် ဘုရင်ရဲ့ ချီးမြှင့်ထောက်ပံ့မှုကို ခံယူကြရတယ်။

အမျိုးသမီးတစ်ယောက်ရဲ့ ကုသိုလ်ကံနှင့် ဥပမိသမ္ပတ္တိကြောင့် ဆွေမျိုးများစွာတို့ ကောင်းကျိုးချမ်းသာရသွားကြပါတယ်။

၁၂

# နက်နဲသိမ်မွေ့လွန်းသော ကမ္ဘာနိယာမ

## ၁ နာမ်တရားတို့ရဲ့ နက်နဲသိမ်မွေ့မှု

'အနောက်တိုင်းဒဿနပညာရဲ့ဖခင်ကြီး'လို့ အသိအမှတ်ပြုခံရတဲ့ ရှေးခေတ်ဂရိတွေးခေါ်ရှင်ကြီး သေးလိ (Thales, 624-550 B.C.) လက်ထက်က စပြီး သဘာဝလောကကို စူးစမ်းလေ့လာခဲ့ကြတာ နှစ် ၂၆၀၀ ကျော်လာပေမယ့် ကမ္ဘာ့တွေးခေါ်ရှင်များဟာ သဘာဝအရှိတရား ဖြစ်ကြတဲ့ ပရမတ်ရုပ်တရားများကိုရော စိတ်စေတသိက်ဆိုတဲ့ နာမ်တရား များကိုရော ယနေ့တိုင်မသိကြသေးဘူး။

စကြဝဠာ၊ ကမ္ဘာမြေကြီးနဲ့ လူ့တိရစ္ဆာန်၊ သစ်ပင်များကို အနန္တတန်ခိုးရှင်နတ်ဘုရားက ဖန်ဆင်းထားတယ်လို့ ဟောပြောကြတဲ့ အယူဝါဒမှာ ကမ္ဘာမြေကြီးဟာ စကြဝဠာဗဟိုလို့ ယူဆတယ်။ ဒါပေမယ့် ပိုလန်နက္ခတ္တ ဗေဒပညာရှင် ကိုပါးနီကပ် (Copernicus, 1473-1543) က ဘဝတစ်သက်တာဂြိုဟ်နက္ခတ်များသွားလာပုံကို လေ့လာပြီး နေကသာ နေစကြဝဠာရဲ့ ဗဟိုဖြစ်ပြီး ကမ္ဘာမြေကြီးက နေကို ပတ်နေတဲ့ ဂြိုဟ် အငယ်စားတစ်ခုသာ ဖြစ်တာကို ၁၅၄၃ခုနှစ်မှာ တင်ပြခဲ့တယ်။

အီတလီနိုင်ငံသား နက္ခတ္တဗေဒပညာရှင်, သင်္ချာပညာရှင်, ရူပဗေဒပညာရှင်ဖြစ်တဲ့ ဂယ်လီလီယို (Galileo 1564-1642) က အဝေးကြည့်မှန်ပြောင်း တီထွင်ပြုလုပ်ပြီး ကိုပါးနီးကပ်ရဲ့ တွေ့ရှိချက်ဟာ မှန်ကန်တယ်လို့ ထောက်ခံခဲ့တယ်။ သူတို့က ခေတ်သစ်လက်တွေ့သိပ္ပံပညာကို အုတ်မြစ်ချပေးခဲ့လို့ ယခုအခါ သိပ္ပံပညာက အံ့သြဖွယ်ရာ ထူးခြားပြောင်မြောက်စွာ တိုးတက်လာတယ်၊ ဒါပေမယ့် နာမ်တရားများကို ယနေ့တိုင်အောင် သိပ္ပံပညာရှင်များ မစမ်းသပ်နိုင်ကြသေးဘူး။

သာမန်လူသားတို့ဟာ စိတ်စေတသိက်များကိုတောင် မသိနားမလည်နိုင်ကြတော့ စိတ်စေတသိက်တို့ရဲ့ သတ္တိထူးတစ်ရပ်ဖြစ်တဲ့ ကမ္မနိယာမကို သိနားလည်ဖို့ဆိုတာ ပိုပြီး ခဲယဉ်းပါတယ်။ ကံ-ကံရဲ့ အကျိုးရှိတယ်ဆိုတဲ့ သဘာဝအမှန်တရားကို မသိတော့ အယူမှားအမျိုးမျိုးကို ကြံဆပြီး ဟောပြောကြတယ်။

ဣဿရနိမ္မာနဝါဒ အယူရှိသူများက အနန္တတန်ခိုးရှိတဲ့ နတ်ဘုရားသို့မဟုတ် ဗြဟ္မာကြီးက စကြဝဠာနှင့် သတ္တဝါများကို ဖန်ဆင်းထားတယ်၊ အားလုံးကို အစိုးရတယ်၊ ကံဆိုတာ မရှိ သတ္တဝါတို့ ဆင်းရဲချမ်းသာ ခံစားကြရတာ ဘုရားသခင် စီမံဖန်တီးပေးထားတဲ့အတိုင်း ဖြစ်ကြရတယ်လို့ ပြောဟောကြတယ်။

ပုဗ္ဗေကတဟေတုကဝါဒရှိသူတို့က လက်ရှိဘဝမှာ ခံစားနေကြရတဲ့ ကောင်းကျိုးဆိုးပြစ်အားလုံးဟာ ရှေးအတိတ်က ပြုလုပ်ခဲ့ဖူးတဲ့အကြောင်းကြောင့်သာ ဖြစ်တယ်၊ ယခုဘဝကောင်းစားအောင် ဘာမှ ပြုလုပ်ပိုင်ခွင့်မရှိဘူးလို့ ယုံကြည်ကြတယ်။

အဟေတုကဝါဒဆိုတဲ့အကြောင်းမဲ့ဝါဒအယူရှိသူများက သတ္တဝါတို့ရဲ့ ဆင်းရဲခြင်း, ချမ်းသာခြင်းတို့ဟာ အကြောင်းမရှိဘဲ ဖြစ်လာကြတယ်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့အတွက်လည်း တရားအားထုတ်ဖို့မလို၊ သူ့အချိန်စေ့ရောက်ရင် အလိုအလျောက်လွတ်မြောက်မယ်လို့ ပြော

ဟောတယ်။ မက္ခလိဂေါသာလဂိုဏ်းဆရာကြီးတို့ ဟောပြောတဲ့ဝါဒဖြစ်ပါတယ်။

အကိရိယဝါဒ ဆိုတဲ့ ပြုလုပ်ပေမယ့် ပြုရာမရောက်ဘူးလို့ ယူဆတဲ့ဝါဒမှာ ကောင်းမှု, မကောင်းမှုတို့ကို ပြုပေမယ့် ပြုရာမရောက်ဘူး၊ ကုသိုလ်ကံ, အကုသိုလ်ကံဆိုတာ မရှိဘူးလို့ ယူဆတယ်။ ဒီဝါဒက ပူရဏကဿပဂိုဏ်းဆရာကြီးတို့ ဟောပြောတဲ့ဝါဒ ဖြစ်ပါတယ်။

နတ္ထိကဝါဒဆိုတဲ့ကံရဲ့ အကျိုးမရှိဝါဒကို အဇိတကေသကမ္ဗလဂိုဏ်း ဆရာကြီးတို့ ဟောပြောတယ်။ ကောင်းမှုကံ,မကောင်းမှုကံ ရှိပေမယ့် ကောင်းမှုကံ, မကောင်းမှုကံတို့ရဲ့ အကျိုးမရှိဘူး။ ပေးလှူခြင်းကြောင့် အကျိုးမရ။ တမလွန်လောကလည်း မရှိ။ မိဘတို့ကို လုပ်ကျွေးရင်လည်း အကျိုးမရှိ၊ ပြစ်မှားရင်လည်း အပြစ်မရှိ၊ လူတစ်ယောက်ရဲ့ ကောင်းတဲ့ ဂုဏ်, မကောင်းတဲ့ ဂုဏ်တို့ဟာ သင်္ချိုင်းရောက်တော့ အကုန်ပျောက်ကွယ်သွားတယ်။ အလောင်းကို မီးရှို့လိုက်ပြီးရင် ဘာမှ မကျန်တော့ဘူးလို့ ဟောပြောတယ်။

ဒီအယူမှားများဟာ လက်ရှိဘဝမှာလည်း အကျိုးမဲ့စေတယ်၊ ကုသိုလ်ကောင်းမှုပြုလုပ်ဖို့ကို အားမပေးဘူး၊ မကောင်းမှုပြုလုပ်ဖို့ကို အားပေးရာရောက်တယ်။ သေလွန်တဲ့အခါ ငရဲကျရပြီး ဘဝများစွာ ဆင်းရဲဒုက္ခရောက်ကြရတယ်။ သို့ဖြစ်စေကာမူ လူများစွာတို့ဟာ အကြောင်းအကျိုးသင့်မသင့် မဆင်ခြင်တတ်တဲ့အတွက် တိတ္ထိဂိုဏ်းဆရာများရဲ့ ဟောပြောချက်ကို လက်ခံကြတယ်။

ဘုရားသာသနာကွယ်ပျောက်သွားတဲ့ ဘုရားတစ်ဆူနဲ့ တစ်ဆူကြားကာလမှာ ကံ-ကံ၏အကျိုးကို မသိနားမလည်တဲ့အတွက် အယူမှားများကိုသာ လက်ခံကျင့်သုံးခဲ့ကြတာကို နာရဒဇာတ်မှာ တွေ့ရတယ်။

### ကံအကျိုးပေးဆန်းကြယ်တဲ့ နာရဒဇာတ်တော်ကြီး

ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားသာသနာတို့ရဲ့

ကြားကာလမှာ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်မှာ အင်္ဂတိမင်းစိုးစံတယ်။ မင်းကျင့်တရားဆယ်ပါးနှင့် ပြည့်စုံပြီး တရားစောင့်တဲ့မင်း ဖြစ်ပါတယ်။ တစ်ဦးတည်းသော သမီးတော်ဖြစ်တဲ့ ရုစာမင်းသမီးကို အလွန်ချစ်ပြီး မှူးမတ်သမီးငါးရာ ခြံရံစေလျက် ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်မှာ ထားတယ်။ သမီးတော် ဆင်မြန်းသုံးဆောင်ဖို့အတွက် လှပတဲ့ ပန်းမျိုးစုံ၊ နူးညံ့သိမ်မွေ့တဲ့ အဝတ်တန်ဆာများနှင့် မွှန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တို့ကိုလည်း နေ့စဉ်ပို့ပေးတယ်။

ရုစာမင်းသမီးဟာ အလွန်ချောမောလှပပြီး ဘုန်းပညာနှင့် ပြည့်စုံတယ်။ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တဲ့ ကုသိုလ်ထူးနှင့်လည်း ပြည့်စုံတယ်။ ခမည်းတော်မင်းကြီးက လခွဲတစ်ကြိမ်ကျ ပေးသနားတဲ့ ဥစ္စာတစ်ထောင်ကို ရသေ့, ပုဏ္ဏား, ဖုန်းတောင်းယာစကာတို့ကို ပေးလှူစွန့်ကြဲလေ့ရှိတယ်။

တန်ဆောင်မုန်းလပြည့်နေ့ ကြတ္တိကာနက္ခတ်သဘင် ကျင်းပတဲ့အခါ မိထိလာပြည်ကို နတ်ပြည်တမျှ တန်ဆာဆင်ကြတယ်။ အင်္ဂတိမင်းဟာ ဦးခေါင်းဆေးလျှော်ပြီး နံ့သာ လိမ်းကျံတယ်၊ မင်း၏ တန်ဆာကို ဆင်မြန်းပြီး ညစာသုံးဆောင်တယ်။ ပြီးတော့ ပြာသာဒ်ထက်မှာ အမတ်အပေါင်း ခြံရံပြီး ပျော်စံတော်မူတယ်။ ထိုအခါ အမိုက်မှောင်ကို ဖြိုခွင်းပြီး ဝင်းပနေတဲ့ လပြည့်ဝန်းကြီးဟာ အရှေ့မျက်နှာမှ တက်လာတာကို မင်းကြီး မြင်တော်မူတယ်။

"အမတ်တို့ လပြည့်ဝန်းကြီး ထိန်ထိန်သာနေတဲ့ အလွန်မွေ့လျော်ဖွယ် ကောင်းတဲ့ ဒီညဉ့်မှာ အဘယ်မည်သော မွေ့လျော်ခြင်းဖြင့် ငါတို့ မွေ့လျော်သင့်သလဲ"လို့ မင်းကြီး မေးတော်မူတယ်။

စစ်သူကြီးဖြစ်တဲ့ အာလာတအမတ်ကြီးက ပထမလျှောက်ထားတယ်- "အရှင်မင်းကြီး-အလွန်သာယာတဲ့ ယခုလို ညဉ့်မှာ စစ်အင်္ဂါလေးပါး ခင်းကျင်းပြီး မအောင်မြင်သေးတဲ့ ရန်သူများကို အောင်မြင်အောင် တိုက်ခိုက်ဖို့ သင့်တယ်"

သုနာမအမတ်ကြီးက ဆက်လျှောက်ထားတယ်- "အရှင်မင်းကြီး- အရှင်မင်းကြီးရဲ့ အလိုသို့ မလိုက်တဲ့သူဆိုတာ မရှိဘူး။ ယနေ့ဟာ ဥပုသ် လပြည့်နေ့ ဖြစ်တယ်၊ ဒီလပြည့်ညဥ့်မှာ အထူးမွန်မြတ်တဲ့ စားဖွယ် ဘောဇဉ်, ကခြင်းသီခြင်းစတဲ့ ကာမဂုဏ်တို့ဖြင့် မွေ့လျော်တော်မူပါ"

ဝိဇယအမတ်ကြီးက ဆက်လျှောက်ထားတယ်-"အရှင်မင်းကြီး- အရှင်မင်းကြီးအတွက် အထွတ်အမြတ်ဖြစ်တဲ့ ကာမဂုဏ်တို့ကို ရဖို့က မခဲ ယဉ်းဘူး၊ ယခုလို နေ့ထူးနေ့မြတ်မှာ ကာမဂုဏ်နှင့် မွေ့လျော်ဖို့ထက် အကြားအမြင် ဗဟုသုတနှင့်ပြည့်စုံတဲ့ ရဟန်းပုဏ္ဏားတို့ကို ဆည်းကပ်ရတာ ပိုကောင်းတယ်၊ အကျိုးစီးပွားကို သိတတ်တဲ့ ရသေ့ရဟန်းတို့က အရှင်မင်း ကြီးရဲ့ ယုံမှားမှုကို ပယ်ဖျောက်ပေးလိမ့်မယ်"

အင်္ဂတိမင်းကြီးက "ဝိဇယအမတ်ကြီးလျှောက်ထားတဲ့ စကားကို ငါနှစ်သက်တော်မူတယ်၊ ဗဟုသုတနှင့် ပြည့်စုံတဲ့ ရဟန်းပုဏ္ဏားတို့ကို ဆည်း ကပ်ရင် ကောင်းမယ်"လို့ မိန့်တော်မူတယ်။

စစ်သူကြီး အလာတအမတ်ကြီးက လျှောက်တင်တယ်၊ "အရှင်မင်း ကြီး၊ ဗဟုသုတနှင့် ပြည့်စုံတဲ့ ရသေ့ရဟန်းကို ဆည်းကပ်ဖို့ အလိုရှိရင် မိဂဒါဝုန်တောမှာ အဝတ်မဝတ်တဲ့ ပညာရှိလို့ ကျော်ကြားတဲ့ တက္ကတွန်း ဆရာရှိတယ်။ ကဿပအမျိုးမှ ဆင်းသက်ပြီး အကြားအမြင်များတယ်၊ အဆန်းတကြယ် နာပျော်ဖွယ်သော စကားကို ဆိုတတ်တယ်၊ ထိုဆရာကို ဆည်းကပ်ရင် မင်းကြီးရဲ့ ယုံမှားမှုကို ပယ်ဖျောက်ပေးလိမ့်မယ်"

မင်းကြီးက သဘောတူတဲ့အတွက် လပြည့်ဝန်းနဲ့ တူပြီး ဖြူစင်တဲ့ မြင်းရထားကို စီးတယ်။ မြင်းဖြူလေးစီးတို့က ရထားကို ဆွဲတယ်။ မှူးမတ် ဗိုလ်ပါများ ခြံရံပြီး ကဿပတက္ကတွန်းထံ သွားကြတယ်။ တက္ကတွန်းရဲ့ နေရာအနီးသို့ ရောက်တဲ့အခါ မင်းကြီးက ယာဉ်ထက်မှ ဆင်းသက်ပြီး ခြေ ကျင်လျှောက်သွားကာ တက္ကတွန်းထံ ဆည်းကပ်တယ်။ ခန့်ကျန်းပါရဲ့လား၊ ပစ္စည်းမျှတပါရဲ့လား၊ ကိုယ်စိတ်ချမ်းသာပါရဲ့လား နှုတ်ဆက်စကား ပြော

ကြားပြီးနောက် အကြောင်းအကျိုးနှင့် စပ်တဲ့ တရားစကားကို မေးလျှောက်တယ်။

“အရှင်ကဿပ၊ လူအပေါင်းတို့ဟာ မိဘများအပေါ် ဘယ်လိုကျင့်အပ်သလဲ၊ ဇနီး, သားသမီး, သက်ကြီးရွယ်အို, ရဟန်းပုဏ္ဏား, တိုင်းသူပြည်သားတို့အပေါ်မှာ ဘယ်လိုကျင့်အပ်သလဲ”

ကဿပတက္ကတွန်းက မင်းကြီး မေးတာကို မဖြေဘဲ သူ့ရဲ့ အယူဝါဒကို ပြောကြားပါတယ်။

“မင်းကြီး-တရားကျင့်သူဟာ ကောင်းကျိုးလည်းမရှိ၊ မကောင်းကျိုးလည်းမရှိဘူး၊ တမလွန်လောကဆိုတာ မရှိဘူး။ ဒီစကားဟာ မှန်တယ်၊ အဘယ်သူက တမလွန်လောကမှ ပစ္စုပ္ပန်လောကသို့ လာဖူးသလဲ၊ မိဘ, ဆရာဆိုတာ မရှိဘူး၊ မယဉ်ကျေးတဲ့လူကို ဘယ်သူဆုံးမနိုင်ပါ့မလဲ။ အသက်ကြီးသူများကို အရိုအသေပေးဖို့ မလိုဘူး၊ သတ္တဝါတို့ဟာ ထပ်တူ ဖြစ်ကြပါတယ်၊ သတ္တဝါတွေ ဥစ္စာများ ရကြတာ ဘယ်ကောင်းမှုရဲ့ အကျိုးလို့ဆိုရပါ့မလဲ၊ အလှူပေးခြင်းဟာ အကျိုးမရှိဘူး၊ လူမိုက်တွေက အလှူပေးကြပြီးတော့ ပညာရှိတို့က လက်ခံယူကြတယ်။

“မင်းကြီး-လောကမှာ မီး, မြေ, ရေ, လေ, ချမ်းသာ, ဆင်းရဲ, အသက်ဆိုတဲ့ ဓာတ်ခုနစ်ပါးပဲ ရှိတယ်၊ ဒီဓာတ်တို့ပဲ မြဲကြတယ်၊ သတ်ခြင်း, ဖြတ်ခြင်း, ညှဉ်းဆဲခြင်းဆိုတာ တွေလည်း မရှိဘူး။ လူတစ်ယောက်က သူတစ်ပါးရဲ့ ဦးခေါင်းကို ထက်လှစွာသော သန်လျက်ဖြင့် ဖြတ်တယ်၊ သန်လျက်, ဓား, လှံတို့က ဓာတ်ခုနစ်ပါးအကြားကို ဖြတ်သွားတယ်၊ သတ်ဖြတ်ခြင်း မဖြစ်ဘူး။ သတ်ဖြတ်ခြင်း မဖြစ်တဲ့အတွက် မကောင်းမှုရဲ့ အကျိုးဆိုတာ ဘယ်မှာ ရှိနိုင်ပါ့မလဲ။

“ခပ်သိမ်းသော လူအပေါင်းတို့ဟာ ကမ္ဘာကြီး ၈၄ ကမ္ဘာပြည့်ရင် အလိုလို စင်ကြယ်ကုန်တယ်၊ ထို ၈၄ ကမ္ဘာမစေ့မရောက်မီ ကိုယ်နှုတ်နှလုံးတို့ကို စောင့်စည်း၍ ကောင်းမှုပြုရင်လည်း မစင်ကြယ်နိုင်ဘူး၊ ကမ္ဘာကြီး

ဧဌကမ္ဘာ မစေ့သမျှကာလပတ်လုံး မကောင်းမှုများစွာကို ပြုပေမယ့် ထိုခဏကို မလွန်ဆန်နိုင်ပါ။ သတ္တဝါအားလုံးဟာ ဧဌကမ္ဘာသာ ဖြစ်ကြရတယ်။ ဧဌကမ္ဘာပြည့်သွားတဲ့အခါ နောက်ထပ် မဖြစ်ကြတော့ဘူး။ ဧဌကမ္ဘာမစေ့သမျှကာလပတ်လုံး မဟာသမုဒ္ဒရာက ကမ်းကို မလွန်နိုင်သလို ထိုခဏကို မလွန်နိုင်ဘူး”

ကဿပတက္ကတွန်းက တမလွန်လောကမရှိဘူးလို့ ယူတော့ ကောင်းမှု, မကောင်းမှုတို့ရဲ့ အကျိုးလည်း မရှိဘူးလို့ ဟောတယ်။ သတ္တဝါတို့ဟာ ဧဌကမ္ဘာစေ့ရင် အလိုလိုစင်ကြယ်ပြီး ကျွတ်လွတ်ကြမယ်။ ဘာကောင်းမှုမှ ပြုဖို့ မလိုဘူး။ လူတစ်ဦးရဲ့ ဦးခေါင်းကို ဓားနဲ့ခုတ်ဖြတ်ရင်လည်း ဓားက ဓာတ်ခုနစ်ပါးအကြား ဖြတ်သွားတယ်။ လူသတ်မှုမဖြစ်ဘူး၊ အပြစ်မရှိဘူး ဆိုတော့ အလွန်ကြောက်စရာကောင်းတဲ့ အယူမှားကြီး ဖြစ်ပါတယ်။

## အတိတ်တစ်ဘဝကိုသိရုံဖြင့်ကမ္မနိယာမကိုမသိနိုင်

ကဿပတက္ကတွန်းရဲ့စကားကို အလာတအမတ်ကြီး ထောက်ခံပြီး ပြောဆိုတယ်။

“အရှင်ကဿပဆိုတဲ့စကားကို ကျွန်တော်နှစ်သက်တယ်။ ကျွန်တော်ဟာ အတိတ်ဘဝကို မှတ်မိတယ်၊ ဗာရာဏသီပြည်မှာ အလွန်ကြမ်းကြုတ်တဲ့ ပိင်္ဂလ အမည်ရှိတဲ့ နွားသတ်သမား ကျွန်တော်ဖြစ်ခဲ့တယ်။ နွား ကျွဲ ဝက်ဆိတ်တွေကို သတ်ပြီး မကောင်းမှုများစွာကို ကျွန်တော်ပြုခဲ့တယ်။ ထိုဘဝမှ ကွယ်လွန်တော့ မိထိလာပြည်မှာ စစ်သူကြီးအမျိုးမှာ ပဋိသန္ဓေနေခဲ့တယ်။ ယခု အလာတအမတ်ကြီးလို့ ထင်ထင်ရှားရှားဖြစ်ခဲ့တယ်။ ဒါကြောင့် မကောင်းမှုရဲ့အကျိုး မရှိပါဘူး”

*[အလာတအမတ်ကြီးဟာ သူ့ရဲ့ ဒုတိယအတိတ်ဘဝကို မမြင်သိဘူး။ အဲဒီဘဝမှာ သူ ကုသိုလ်ကောင်းမှုများစွာ ပြုခဲ့ပြီး အဲဒီ ကုသိုလ်ကံအကျိုးပေးလို့ စစ်သူကြီးအမျိုးမှာ ပဋိသန္ဓေဖြစ်ရတာ။ ပိင်္ဂလဘဝမှာ ပြုထားတဲ့ အကုသိုလ်ကံများက*

*အကျိုးပေးခွင့် မရသေးလို မီးခဲပြာဖုံးလို စိတ်အစဉ်မှာ လိုက်ပါ နေတယ်၊ အကျိုးပေးခွင့်ရတဲ့အခါ မကောင်းကျိုး အကြီး အကျယ် ပေးပါလိမ့်မယ်']*

အဲဒီအခါမှာ ဗီဇက အမည်ရှိတဲ့ ကျွန်ယောကျ်ား ဆင်းရဲသား တစ်ယောက်က ကဿပတက္ကတွန်းကိုဆည်းကပ်ပြီး ဥပုသ်ဆောက် တည်နေတယ်။ အလာတအမတ်ကြီးရဲ့ စကားကို ကြားတော့ ဗီဇကကျွန် က ရှိုက်ကြီးတငင် ငိုကြွေးတယ်။ ဘာကြောင့် ငိုသလဲလို့ မင်းကြီးက မေးတော့ ဗီဇက ဖြေတယ်။

"အရှင်မင်းကြီး ကျွန်တော်လည်း ကျွန်တော့်အတိတ်ဘဝကို မှတ်မိတယ်။ သာကေတပြည်မှာ ဘာဝအမည်ရှိတဲ့ သူဌေးကြီး ကျွန်တော်ဖြစ်ခဲ့တာပါ။ အဲဒီသူဌေးဘဝမှာ အလှူပေးခြင်း, ဥပုသ်စောင့်ခြင်းစတဲ့ ကောင်းမှုများကိုပဲ ပြုလုပ်ခဲ့တယ်။ မကောင်းမှုပြုမိတာကို ကျွန်တော်မမှတ်မိပါ။ ထိုသူဌေးဘဝမှ စုတေတော့ မိထိလာပြည်မှာ အိုးထိန်းသည်ရဲ့ ကျွန်မဖြစ်တဲ့ သူဆင်းရဲမ ဝမ်းမှာ ပဋိသန္ဓေနေရပြီးတော့ ယခုဗီဇကအမည်နဲ့ ဆင်းရဲသား, ကျွန်မသား ဖြစ်နေပါတယ်။

"ကျွန်တော် ဆင်းရဲပေမယ့် ထမင်းအလိုရှိသူကို ကျွန်တော် ထမင်း တစ်ဝက်ခွဲပြီး လှူပါတယ်၊ ဥပုသ်နေ့များမှာ အမြဲဥပုသ်စောင့်ပါတယ်။ သူတစ်ပါးကို ညှဉ်းဆဲခြင်း, သူ့ဥစ္စာခိုးခြင်း စတဲ့ မကောင်းမှုကို တစ်ရံတစ်ခါ မှ မပြုလုပ်ဘူး။ ကျွန်တော် ပြုလုပ်ထားတဲ့ ကောင်းမှုတွေဟာ အလာတ အမတ်ကြီးပြောသလို ကောင်းကျိုးမပေးဘူးလို့ ထင်မိပါတယ်။ ကျွန်တော် ဟာ မလိမ္မာတဲ့ အန်သမားလို အရှုံးကိုသာ ပြုမိတယ်။ အလာတ အမတ် ကြီးကတော့ လိမ္မာတဲ့ ငှက်ခတ်မုဆိုးလို နိုင်ရာကိုပဲ ယူမိတယ်။ ကျွန်တော် ဟာ နတ်ပြည်ရောက်မယ့် လမ်းကို မမြင်ဘဲ အရှင်ကဿပရဲ့ စကားကို ကြားလို့ ငိုပါတယ်"

[*ဗီဇကဟာ ကဿပဘုရားရှင်လက်ထက်က မထင်ရှားတဲ့အမျိုးသား တစ်ယောက်ဖြစ်ပြီး နွားပျောက်လို့ တောအရပ်မှာ နွားကို လိုက်ရှာတယ်။*

ရဟန်းတစ်ပါးက တောအရပ်မှာ လမ်းမှားပြီး တလည်လည်ဖြစ်နေလို့ နွားရှာယောက်ျားကို လမ်းခရီးကို မေးတယ်၊ ထိုယောက်ျားဟာ နွား မတွေ့လို့ စိတ်ပင်ပန်းနေလို့ ဆိတ်ဆိတ်နေတယ်။ ရဟန်းက ထပ်မေး တယ်။ ထိုယောက်ျားက စိတ်ဆိုးပြီး "သင်ဟာ ကျွန်မသား ရဟန်းလား၊ ဒီလောက် နှုတ်ကြမ်းတာ သင်ဟာ ကျွန်မသားလား"လို့ ဝစီကံဖြင့် ပြစ်မှားမိခဲ့တယ်။

ထိုယောက်ျားသေဆုံးတဲ့အခါ ဒီဝစီကံက အကျိုးပေးခွင့်မရလို့ မီးခဲ ပြာဖုံးသလို စိတ်အစဉ်မှာ လိုက်ပါနေတယ်။ အခြားသော ကံတို့က အကျိုး ပေးလို့ သံသရာမှာ တစ်ဘဝပြီးတစ်ဘဝ ကျင်လည်ခဲ့ရတယ်။ ဘဝတစ်ခု မှာ ပြုခဲ့တဲ့ ကုသိုလ်ကံက အကျိုးပေးလို့ သာကေတမြို့မှာ ဘာဝသူဌေး ဖြစ်ခဲ့ရတယ်။ ဘာဝသူဌေးဘဝမှာ ကုသိုလ်ကောင်းမှု များစွာပြုခဲ့ပေမယ့် သူသေလွန်တဲ့အခါမှာ ဒီကုသိုလ်ကံများက အကျိုးပေးခွင့်မရဘဲ နွား ပျောက်ရှာတဲ့ ယောက်ျားဘဝက ရဟန်းကို ပြစ်မှားခဲ့တဲ့ ဝစီကံက အကျိုး ပေးခွင့်ရလို့ ကျွန်မဝမ်းမှာ ပဋိသန္ဓေ နေပြီး ဇီဇကအမည်နဲ့ ဆင်းရဲသား ကျွန်မသား ဖြစ်လာခြင်း ဖြစ်တယ်။ လွန်ခဲ့တဲ့ အတိတ်ဘဝများစွာက ပြု လုပ်ထားတဲ့ကံက အကျိုးပေးခွင့်ရလာတာ။ ရဟန်းကို ကျွန်မသားလို့ စွပ်စွဲခဲ့လို့ ကျွန်မသား ဖြစ်ရတာပဲ။ ဇီဇကဟာ ဒါကို မသိလို့ အထင်မှားမိ ခြင်း ဖြစ်တယ်။]

အင်္ဂတိမင်းကြီးဟာ ကောင်းမှု, မကောင်းမှုတို့ရဲ့ အကျိုးဟူသည်မရှိ ဘူးလို့ ကဿပတက္ကတွန်းပြောကြားတာကို အလာတအမတ်ကြီးနှင့် ဇီဇကကျွန်တို့က ထောက်ခံပြောဆိုလို့ ယုံကြည်သွားတယ်။ ကဿပ တက္ကတွန်းကို ဆရာတင်ပြီး ကာမဂုဏ်ချမ်းသာကိုပဲ ခံစားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ရဟန်းပုဏ္ဏားတို့ကို ရှိခိုးပူဇော်ရင်လည်း အကျိုးမရှိ ဘူးဆိုလို့ ကဿပတက္ကတွန်းကို ရှိမခိုးတော့ဘဲ သာမန်နှုတ်ဆက်ပြီး နန်း တော်သို့ ပြန်သွားတယ်။

## အယူမှားတော့ မကောင်းမှု တိုးပွားတယ်

အင်္ဂတိမင်းကြီးဟာ မိစ္ဆာဒိဋ္ဌိအယူမှားကို လက်ခံလိုက်တဲ့အတွက် မြို့တံခါးလေးမျက်နှာနှင့် မြို့လယ်တို့မှာ အလှူတင်းကုပ်ဆောက်ပြီး ရဟန်းပုဏ္ဏား ဖုန်းတောင်းယာစကာတို့ကို နေ့စဉ် ပေးလှူတဲ့ အစီအစဉ်ကို ဖျက်သိမ်းတယ်၊ အလှူတင်းကုပ်များကို ဖျက်သိမ်းတယ်၊ တိုင်းရေးပြည်ရာ အမှုကိစ္စအလုံးစုံကို ဝိဇယ, သုနာမ, အလာတအမတ်ကြီး သုံးဦးကို စီမံစေတယ်၊ တရားဆုံးဖြတ်စေတယ်၊ သူကတော့ ကာမဂုဏ်ချမ်းသာကိုပဲ ခံစားတော့မယ်ဆိုပြီး ဘာအမှုကိုမျှ နားမထောင်တော့ဘူး။ ကြောင့်ကြမဲ့နေကာ ကာမဂုဏ်မှာပဲ မွေ့လျော်တော့တယ်။

မင်းကြီးက မိဖုရား, မောင်းမအများကြီး ရှိလျက်နဲ့ မိမိနှစ်သက်တဲ့ သူတစ်ပါးတို့ရဲ့ ဇနီးများကိုရော မိဘစောင့်ရှောက်တဲ့ သမီးပျိုများကိုရော အနိုင်အထက် သိမ်းယူပြီး ပျော်ပါးတယ်။ ကနဦးက မင်းကျင့်တရားဆယ်ပါးနှင့်အညီ စိုးမိုးအုပ်ချုပ်တဲ့အတွက် တိုင်းပြည်ငြိမ်းချမ်းသာယာတယ်။ ယခုတော့ မင်းကြီးက ကိုယ်ကျင့်တရားပျက်ပြားတော့ မှူးမတ်များနှင့် အရာရှိများကလည်း ကိုယ်ကျင့်ပျက်ပြားကြတယ်။ ဒါကြောင့် တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် အသံတွေ ဖြစ်လာတယ်။

ထိုအသံတွေကို ရုစာမင်းသမီးရဲ့ အထိန်းတော်များက ကြားရလို့ မင်းသမီးကို ပြောပြတယ်၊ မင်းသမီးက ပြင်းပြစွာ နှလုံးမသာမယာ ဖြစ်တယ်။

"ငါ့ခမည်းတော်ဟာ အကျင့်သီလလည်း မရှိ၊ အရှက်အကြောက်လည်း မရှိ၊ အဝတ်တောင် မဝတ်တဲ့ တက္ကတွန်းကို ဘာကြောင့် ပြဿနာ မေးရသလဲ၊ တရားကျင့်တဲ့ ရဟန်းပုဏ္ဏားတို့ကို ဘာကြောင့် မမေးသလဲ။ ငါ့ခမည်းတော်ကို မိစ္ဆာအယူပယ်ပြီး သမ္မာအယူတည်ဖို့အတွက် ငါပဲ စွမ်းနိုင်မယ်၊ ငါက ယခုဘဝမရမီ နတ်သမီးဖြစ်စဉ်က အတိတ်ခုနစ်ဘဝ၊ အနာဂတ် ခုနစ်ဘဝ၊ ပေါင်း ၁၄-ဘဝတို့ကို သိတယ်။ ယခုအခါ ခမည်းတော်ထံ

ငါသွားဖို့ မသင့်သေးဘူး၊ ပုံမှန်အတိုင်း လမကွယ်မီ အဖိတ်နေ့မှာ သွားမယ်၊ လှူဖို့ ခမည်းတော်ပေးမြဲဖြစ်တဲ့ အသပြာတစ်ထောင်ကို တောင်းမယ်၊ ခမည်းတော်က မိစ္ဆာအယူကို ပြောဆိုမယ်၊ အဲဒီအခါ ငါ့အစွမ်းဖြင့် မိစ္ဆာအယူကို စွန့်စေမယ်”လို့ ကြံစည်တယ်။

## ရူစာမင်းသမီးက ခမည်းတော်ကို တရားဟောခြင်း

တန်ဆောင်မုန်းလကွယ်နေ့ မရောက်မီ အဖိတ်နေ့မှာ ရူစာမင်းသမီးက အဝတ်တန်ဆာ ရတနာတို့ကို ဆင်ယင်ပြီး ရံရွေဖော် ငါးရာတို့နှင့်အတူ ခမည်းတော်ထံ သွားတယ်။

“ချစ်သမီး-ဘုံခုနစ်ဆင့် နန်းပြာသာဒ်မှာ နေရတာ ပျော်ရဲ့လား၊ ကြာမျိုးငါးပါး ဖုံးလွှမ်းတဲ့ ရေကန်မှာ ရေကစားဖြစ်သေးလား၊ မွန်မြတ်တဲ့ အဝတ်တန်ဆာ, ခဲဖွယ်ဘောဇဉ်တို့ကို နေ့စဉ်ရရဲ့လား၊ သဇင်, စကား, ခယားစတဲ့ ပန်းမျိုးစုံတို့ကို သီကုံးပြီး ပန်ဆင်ရရဲ့လား”လို့ မင်းကြီးက မေးတယ်။

“ခမည်းတော်ရဲ့ ကျေးဇူးတော်ဘုန်းတော်ကြောင့် အားလုံး ပြည့်စုံပါတယ်။ ခမည်းတော်ကို လည်း သိပ်ကျေးဇူးတင်ပါတယ်။ နက်ဖြန်ခါ နတ်တို့ စည်းဝေးရာ ဥပုသ်နေ့ ဖြစ်ပါတယ်။ ခမည်းတော် ပေးမြဲဖြစ်တဲ့ တစ်ထောင်သော ဥစ္စာကို ပေးတော်မူပါ။ ရသေ့, ပုဏ္ဏား, ဖုန်းတောင်း ယာစကာတို့ကို ပေးလှူစွန့်ကြဲမယ်”

“ချစ်သမီး-အဲသလို လှူလို့ အကျိုးမရှိဘူး။ ဥစ္စာကို ဖျက်ဆီးရာ ရောက်တယ်။ ဥပုသ်လည်း မစောင့်နဲ့၊ အကျိုးမရှိဘူး၊ နေ့လွဲညစာမသုံးဆောင်ဘဲ ဆင်းရဲမခံနဲ့။ အရှင်ကဿပထံသို့ ငါတို့ ဆည်းကပ်တဲ့အခါ ကျွန်မရဲ့သား ဗီဇကဟာ အရှင်ကဿပတရားကို နာပြီး ရှိုက်တငင်ငင် ငိုကြွေးတယ်။ ချစ်သမီး- အသက်ရှည်သမျှကာလပတ်လုံး ကာမဂုဏ်ချမ်းသာကို ခံစားပါလော့”

"ခမည်းတော်မင်းကြီး- သူမိုက်ကို ပေါင်းဖော်ဆည်းကပ်တဲ့သူဟာ မိုက်တဲ့အဖြစ်ကို ရောက်တယ်ဆိုတာ သိပ်မှန်တာပဲ။ သူမိုက်ဟာ သူမိုက်ကို မှီပြီး အတိုင်းထက်အလွန် မိုက်ခြင်းသို့ ရောက်တယ်။ အလာတအမတ်နှင့် ဇီဇကသူဆင်းရဲတို့ဟာ ကဿပတက္ကတွန်းမိုက်ကို မှီဝဲမိလို့ မိုက်တဲ့အဖြစ်သို့ ရောက်ကုန်တယ်။ ခမည်းတော်က ပညာအဆင်အခြင်နှင့် ပြည့်စုံတယ်။ အကျိုးစီးပွားရှိတယ် မရှိဘူး၊ အကြောင်းအကျိုးသင့်တယ် မသင့်ဘူးစသည်ကို ဆင်ခြင်နိုင်းချိန်နိုင်သူဖြစ်တယ်၊ အဘယ့်ကြောင့် အလာတအမတ်၊ ဗီဇကတို့နှင့်အတူ အယူမှားနေတဲ့ တက္ကတွန်းကို ဆည်းကပ်ပါသလဲ။

"ခမည်းတော်မင်းကြီး- ကောင်းမှု၊ မကောင်းမှုတို့က အကျိုးမရှိဘူးလို့ ပြောဟောနေတဲ့ တက္ကတွန်းဟာ သူကိုယ်တိုင် ရဟန်းပြုနေတာ အချည်းနှီး မဖြစ်ပေဘူးလား။ ရှစ်ဆယ့်လေးကမ္ဘာရောက်ရင် သတ္တဝါတို့ အလိုအလျောက်စင်ကြယ်ပြီး သံသရာအစဉ်ပြတ်တယ်ဆိုတဲ့ အယူမှားကို ယူမိတဲ့ လူမိုက်တို့ဟာ မသိနားမလည်သူတို့ကို ဖျက်ဆီးကြတယ်။ ထိုသူတို့ဟာ မိစ္ဆာအယူမှ လွတ်နိုင်ခဲတယ်။ သံမျှားချိတ် အစူးခံနေရတဲ့ ငါးက သံမျှားချိတ်မှ မလွတ်နိုင်သလိုပါပဲ။

"ခမည်းတော်မင်းကြီး- သမီးဥပမာ ပြောပါဦးမယ်၊ ကုန်သည်တို့ဟာ ကုန်စည်ဝန်အနည်းငယ် အနည်းငယ် တင်တင်သွားတဲ့အခါ လှေသင်္ဘောက လေးတဲ့ဝန်ကို မထမ်းနိုင်တဲ့အတွက် မဟာသမုဒ္ဒရာမှာ နစ်မြုပ်ရတယ်။ ထို့အတူပဲ လူမိုက်တို့ဟာ မကောင်းမှုတို့ကို အနည်းငယ်အနည်းငယ် ဆည်းပူးဖန်များလာတဲ့အခါ မကောင်းမှုဝန်ကို မဆောင်နိုင်တော့ဘဲ ငရဲမှာ နစ်မွန်းကြရတယ်။ အကြင်မျှလောက် မကောင်းမှုဝန်က မပြည့်မလေးသေးရင် ထိုမျှလောက်ကာလပတ်လုံး အလာတအမတ်ဟာ ရှေးက ပြုခဲ့တဲ့ ကောင်းမှုကြောင့် လက်ရှိအခြေအနေကို ရနေတယ်၊ ထိုကောင်းမှု ကုန်တဲ့အခါ မကောင်းမှုမှာ မွေ့လျော်တဲ့ အလာတအမတ်ဟာ အပါယ်ငရဲသို့ ကျရောက် ရလိမ့်မယ်။

"ခမည်းတော်မင်းကြီး ဗိဇကဟာ ကောင်းမှုတို့ကို အတန်ငယ် အတန်ငယ် ဆည်းပူးကာ နတ်ပြည်ခရီးဖြစ်တဲ့ ကောင်းမှုမှာ မွေ့လျော်နေတယ်၊ လက်ရှိအခြေအနေမှာ ဗိဇကဟာ ရှေးမကောင်းမှုကြောင့် ကျွန်ဖြစ်နေရတယ်၊ ထိုမကောင်းမှုရဲ့ အကျိုးကုန်တဲ့အခါ ဗိဇကဟာ ကဿပ တက္ကတွန်းကို မဆည်းကပ်ဘဲ မှန်ကန်တဲ့ အယူမှာ တည်နေရင် သုဂတိဘဝသို့ လားရောက်ရလိမ့်မယ်။

"ခမည်းတော်မင်းကြီး မကောင်းတဲ့ အမူအကျင့်ရှိသူနှင့် ပေါင်းဖော်မယ်ဆိုရင် သူယုတ်ရဲ့ အကျင့်ဟာ ထိုသူမှာ လိမ်းကျံကပ်ငြိလာတယ်။ ဒါကြောင့် ပညာရှိသူတို့ဟာ မကောင်းမှုလိမ်းကျံခံရမှာကို စိုးရွံ့လို့ ယုတ်မာတဲ့ အဆွေခင်ပွန်းကို ဝေးစွာ ရှောင်ကြတယ်။ အကယ်၍ ငါးပုပ်ကို သမန်းမြက်နှင့် ထုပ်ရင် သမန်းမြက်မှာ အပုပ်နံ့လှိုင်လာမယ်။ အကယ်၍ တောင်ဇလပ်ပန်းကို ပေါက်ရွက်နှင့် ထုပ်ရင် ပေါက်ရွက် မွှေးကြိုင်လာမယ်။ ထို့ အတူပဲ လူမိုက်နှင့် ပေါင်းရင် လူမိုက်ဖြစ်လာမယ်၊ ပညာရှိ သူတော်ကောင်းနှင့် ပေါင်းရင် ပညာရှိသူတော်ကောင်း ဖြစ်လာမယ်။ ဒါကြောင့် ပညာရှိသူတော်ကောင်းနဲ့သာ ပေါင်းသင်းထိုက်တယ်၊ လူမိုက်ကို မမှီဝဲထိုက်ဘူး၊ လူမိုက်က ငရဲသို့သာ ဆောင်တတ်တယ်၊ ပညာရှိသူတော်ကောင်းက နတ်ပြည်သို့ ရောက်စေတတ်တယ်။

"အရှင်မင်းကြီး သမီးတော်ဟာ လွန်ခဲ့တဲ့ အတိတ်ဘဝက သိကြားမင်းရဲ့ အလုပ်အကျွေးနတ်သမီး ဖြစ်ခဲ့တယ်။ ယင်းဘဝမှာ အတိတ်ခုနစ်ဘဝ၊ အနာဂတ်ခုနစ်ဘဝ၊ ပေါင်း ၁၄-ဘဝကို သိမြင်တယ်။ အရှင်မင်းကြီး ရှေးသံသရာ ကျင်လည်စဉ်အခါက သမီးဟာ ရာဇဂြိုဟ်မှာ ရွှေပန်းတိမ်ရဲ့သား ဖြစ်ဖူးတယ်၊ ထိုဘဝမှာ မကောင်းတဲ့ အဆွေခင်ပွန်းနှင့် ပေါင်းမိလို့ မကောင်းမှုများစွာကို ပြုမိတယ်။ သူတစ်ပါးရဲ့ မယားကို အနိုင်အထက် ခိုးယူပြီး မိစ္ဆာစာရ အမှုကို ပြုကျင့်ခဲ့တယ်။ ထိုမကောင်းမှုဟာ ထိုဘဝမှ သေလွန်ချိန်မှာ အကျိုးမပေးသေးဘဲ မီးခဲပြာဖုံးလို တည်နေတယ်၊ ကောင်း

မှုတစ်ခုက အကျိုးပေးလို့ ကောသမ္ဗီပြည်မှာ သူဌေးသား ဖြစ်ရတယ်။ ဒီဘဝမှာ အကြားအမြင်ဗဟုသုတ ရှိတဲ့ အဆွေ ခင်ပွန်းကောင်းကို မှီဝဲရလို့ ကုသိုလ်ကောင်းမှုများစွာ ပြုလုပ်ရတယ်၊ ဥပုသ်နေ့မှာ ဥပုသ်ဆောက်တည်ခဲ့တယ်။ ထိုဘဝမှ သေလွန်ချိန်မှာ ဒီကောင်းမှုများဟာ အကျိုးပေးခွင့်မရလို့ ရေတွင်းရဲ့ ရေအောက်မှာ မြှုပ်ထားတဲ့ ရွှေအိုးလို တည်နေတယ်။

"ထိုသူဌေးအဖြစ်မှ စုတေချိန်မှာ ရွှေပန်းထိမ်သည်ဘဝက ပြုလုပ်ခဲ့တဲ့ သူတစ်ပါးမယားကို လွန်ကျူးတဲ့ ပရဒါရ မကောင်းမှုက အကျိုးပေးလာလို့ သမီးဟာ ရောရုဝငရဲမှာ ကြာမြင့်စွာ ဆင်းရဲခံခဲ့ရတယ်။ အလွန်ကြောက်ရွံ့ ထိတ်လန့်စရာကောင်းတဲ့ ငရဲသားဘဝမှာ တစ်ခဏမျှ ချမ်းသာကို မရခဲ့ဘူး။

"ငရဲမှ လွတ်တဲ့အခါ ဘိန္နာဂတပြည်မှာ ဆိတ်ထီးဖြစ်ပြီး ဝှေးစေ့အထုတ်ခံရတယ်၊ ထိုဆိတ်ဟာ အားရှိတဲ့အတွက် လေးလံတဲ့ဝန်ကို ကျောကုန်းဖြင့်လည်း ထမ်းရတယ်၊ ရထားဖြင့်လည်း ရွက်ဆောင်ရတယ်။ ဝှေးစေ့အထုတ်ခံရတဲ့ ဆိတ်ဖြစ်ရခြင်းဟာ သူ့မယားကို ပြစ်မှားခဲ့တဲ့ မကောင်းမှုရဲ့ အကျိုးဆက်ကြောင့်ပါပဲ။

"ဆိတ်ဘဝက သေလွန်တဲ့အခါ တောကြီးထဲမှာ မျောက်ထီးကလေးဖြစ်ရတယ်။ မိခင်မျောက်မက မျောက်သားလေးကို မျောက်မင်းအား ပြတယ်။ မျောက်မင်းက မျောက်သားငယ်ရဲ့ ဝှေးစေ့ကို ကိုက်ထုတ်လိုက်တယ်။ ဒီလို ခံရခြင်းဟာလည်း ရွှေပန်းထိမ်သားဘဝက သူတစ်ပါးမယားကို ပြစ်မှားမိခဲ့တဲ့ မကောင်းမှုအကျိုးဆက်ကြောင့်ပါပဲ။

"မျောက်ဘဝမှ သေလွန်တဲ့အခါ ဒသနတိုင်းမှာ နွားလားဖြစ်ပြီး အသင်းခံရပြန်တယ်။ ဒါလည်း သူ့မယားကို ပြစ်မှားမိခဲ့တဲ့ မကောင်းမှုရဲ့ အကျိုးဆက်ကြောင့်ပဲ။ နွားလားဘဝမှ သေလွန်တဲ့အခါမှာ ဝဇ္ဇီတိုင်းမှာ ရွာသူကြီးအမျိုးမှာ ဖြစ်တယ်။ ရခဲလှတဲ့ လူ့ဘဝကို ရပါသော်လည်း ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ် နပုန်းပဏ္ဍုက်ဖြစ်ရတယ်။

ဒါလည်း သူ့မယားပြစ်မှားတဲ့ မကောင်းမှုရဲ့ အကျိုးဆက်ကြောင့်ပဲ။

"ခမည်းတော်မင်းကြီး-ထိုနပုန်းပဏ္ဍုက်ဘဝမှ သေလွန်တဲ့အခါ တာဝတိံသာနတ်ပြည်မှာ နန္ဒဝန်ဥယျာဉ်အတွင်း ကခြင်းသီခြင်းမှာ လိမ္မာတဲ့ သိကြားမင်းရဲ့ အလုပ်အကျွေးနတ်သမီး ဖြစ်ရတယ်။ ထိုနတ်သမီးဘဝမှာ အတိတ်ခုနစ်ဘဝ၊ အနာဂတ်ခုနစ်ဘဝကို အောက်မေ့ဆင်ခြင်သိမြင်နိုင်တယ်။ ထိုနတ်သမီးဘဝနှင့် နောက်ခုနစ်ဘဝတို့ဟာ များစွာသောချမ်းသာနှင့် ပြည့်စုံတယ်။ အမျိုးသမီးဘဝက ခြောက်ဘဝ၊ ခုနစ်ဘဝမြောက်က တန်ခိုးကြီးတဲ့ နတ်သားဖြစ်လိမ့်မယ်။

"ခမည်းတော်မင်းကြီး-သမီးတော်ရဲ့ အသက် ၁၆နှစ်ဆိုတာ နတ်လောကမှာ ခဏကလေးပါပဲ။ လူတို့ရဲ့ နှစ်တစ်ရာဟာ တာဝတိံသာရဲ့ တစ်ရက်တာပါပဲ။ ဤဆိုခဲ့ပြီးတဲ့နည်းဖြင့် ကောင်းမှု, မကောင်းမှုတို့ဟာ ပျောက်ကွယ်ခြင်းမရှိဘဲ အရိပ်သဖွယ် လိုက်နေကြတာကို မှတ်တော်မူပါလော့။

"ခမည်းတော်မင်းကြီး-အကြင်ယောက်ျားဟာ ဘဝဆက်တိုင်း ယောက်ျားဘဝ ဖြစ်ချင်တယ်ဆိုရင် ခြေဆေးပြီး သူက ရွှံ့ညွန်ကို ရှောင်သလို သူတစ်ပါးရဲ့ မယားကို မပြစ်မှားဘဲ ဝေးစွာရှောင်ကြဉ်ရမယ်၊ အကြင်အမျိုးသမီးဟာ ဘဝဆက်တိုင်း ယောက်ျားဘဝဖြစ်ချင်တယ်ဆိုရင် ကျွန်သဖွယ် လင်ယောက်ျားကို လုပ်ကျွေးရမယ်။

"ခမည်းတော်မင်းကြီး-အကြင်သူဟာ လူနတ်စည်းစိမ် အခြံအရံကို အလိုရှိရင် မကောင်းမှုဒုစရိုက်ကို ကြဉ်ပြီး ကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်သုံးခြင်းဆိုတဲ့ ကောင်းမှုသုစရိုက်တို့ကို တိုးပွားစေရမယ်။ စည်းစိမ် ချမ်းသာ အခြံအရံနှင့် ပြည့်စုံသူတို့ဟာ ရှေးက ပြုခဲ့တဲ့ ကောင်းမှုရဲ့ အဆွေ ခင်ပွန်းများ ဖြစ်ကြတယ်။ ခမည်းတော်ဟာ နတ်သမီးများလိုလှပတဲ့ မိဖုရားများ, ကိုယ်လုပ်မောင်းမများနှင့်တကွ ကြီးကျယ်တဲ့ မင်းစည်းစိမ်ကို ရရှိနေခြင်းဟာ ဘယ်အကြောင်းကြောင့် ရတယ်ဆိုတာကို စဉ်းစားဆင်ခြင်ပါဦး"

ရုစာမင်းသမီးဟာ တစ်နေ့နှင့် တစ်ညဥ့်ပတ်လုံး ခမည်းတော်အား မိစ္ဆာအယူကို စွန့်ပြီး သမ္မာအယူမှာ တည်စေဖို့အတွက် အထူးထူး အပြားပြား ညွှန်ပြပြောကြားပါသော်လည်း ခမည်းတော်က အယူမှားကို မစွန့်ဘူး။ မိဘတို့က သားသမီးတို့ သာယာစွာဆိုတဲ့ စကားကို နှစ်လိုကြတဲ့အတွက် မင်းကြီးက သမီးတော်ရဲ့ သာယာတဲ့ စကားကို အလွန်နှစ်သက်တယ်၊ မိမိရဲ့ မိစ္ဆာအယူကိုတော့ မစွန့်ဘူး။

တိုင်းသူပြည်သားများက ထိုနေ့မှာ ရုစာမင်းသမီးက ခမည်းတော်ကို မိစ္ဆာအယူမှ လွတ်စေပြီး ပြည်သူများရဲ့ အကျိုးစွားပွားကို ရွက်ဆောင်စေလိမ့်မယ်လို့ သတင်းစကားကြားသိကြလို့ အလွန် ဝမ်းမြောက်နေကြတယ်။ တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက်နှင့် ဝမ်းမြောက်တဲ့ အသံတွေ လွှမ်းဖုံးနေတယ်။

နာရဒဗြဟ္မာမင်းတရားဟောခြင်း

ရုစာမင်းသမီးဟာ ခမည်းတော်ရဲ့ မိစ္ဆာအယူကို မချေချွတ်နိုင်ပေမယ့် ပြုလုပ်သင့်တဲ့ လုံ့လကို မလျှော့မူဘဲ ဦးခေါင်းထက်သို့ လက်အုပ်ချီမြှောက်လျက် အရပ်မျက်နှာတို့ကို ရှိခိုးတောင်းပန်တယ်။

"လောကမှာ လူတို့အားကိုးအားထားဖွယ်ရာတရားစောင့်ထိန်းကြတဲ့ ရဟန်းပုဏ္ဏားများ ရှိပေတယ်။ လူတို့ကို စောင့်ရှောက်ကြတဲ့ နတ်မင်း ဗြဟ္မာမင်းတို့လည်း ရှိကြတယ်။ ထိုရဟန်းပုဏ္ဏား,နတ် ဗြဟ္မာအပေါင်းတို့ အကျွန်ုပ်ရဲ့ သီလဂုဏ်ကျေးဇူး၊ သစ္စာစကားတို့ရဲ့ ဂုဏ်ကျေးဇူးကို ထောက်ဆပြီး ဤအရပ်သို့ လာကြပါ၊ မိမိတို့ရဲ့ အစွမ်းဖြင့် အင်္ဂတိမင်းကြီးကိုမိစ္ဆာအယူမှ လွတ်စေလျက် ပြည်သူအပေါင်းတို့ရဲ့ စီးပွားချမ်းသာကိုရွက်ဆောင်ဖို့ ဟောပြောပေးတော်မူကြပါ" လို့ အဓိဋ္ဌာန်ပြုတယ်။

ထိုအခါမှာ ဂေါတမမြတ်စွာဘုရားလောင်းဟာ နာရဒ အမည်ရတဲ့ ဗြဟ္မာ ဖြစ်နေပါတယ်။ဘုရားလောင်းတို့ရဲ့ ဓမ္မတာ မိမိရဲ့မေတ္တာ ဘာဝနာဖြင့် သနားကြင်နာခြင်းဖြစ်ပြီး ကောင်းတဲ့အကျင့်, မကောင်းတဲ့ အကျင့်ရှိ

ကြတဲ့ သတ္တဝါတို့ကို သိဖို့အတွက် လောကကို အခါခပ်သိမ်း ကြည့်ရှုကြတယ်။ နာရဒပြဟ္မာက လောကကို ကြည့်တဲ့အခါ ရုစာမင်းသမီးရဲ့ ရှိခိုးပန်ကြားခြင်းရဲ့ အလိုကို သိလာတယ်၊ အင်္ဂတိမင်းရဲ့ မိစ္ဆာအယူကို ပယ်ဖျက်ဖို့ မိမိမှတစ်ပါး အခြားသူမရှိ၊ ပရိသတ်နှင့်တကွ မင်းရဲ့ချမ်းသာကို ရွက်ဆောင်ဖို့ မိမိသွားအပ်တယ်၊ လူတို့က ရသေ့ရဟန်းတို့ကို ချစ်မြတ်နိုးလို့ ရသေ့ရဟန်းအသွင်ဖြင့် သွားဖို့ ဆုံးဖြတ်တော်မူတယ်။

နာရဒပြဟ္မာဟာ ကြည်ညိုဖွယ် ရွှေအဆင်းရှိတဲ့လူ့အသွင်ကို ဖန်ဆင်းတယ်။ သပ္ပာယ်တဲ့ ရသေ့ရဟန်းအသွင်ဖြင့် ကောင်းကင်ပြင်မှာ လမင်းလို ထွန်းပလျက် ကောင်းကင်ခရီးဖြင့် လာပြီး စန္ဒကူးနံ့သာနန်းပြာသာဒ်သို့ ဝင်ကာ အင်္ဂတိမင်းရဲ့ ရှေ့တူရူမှာ ကောင်းကင်၌ ရပ်တည်တယ်။

ရုစာမင်းသမီးက ရသေ့ကို ရှိခိုးလျက် နေတယ်။ အင်္ဂတိမင်းက ရသေ့ရဲ့ အရှိန်အဝါကြောင့် မင်းနေရာမှာ မနေဝံ့ဘဲ အောက်မှာ ဆင်းနေတယ်။

"နတ်အဆင်းရှိတဲ့ ရှင်ရသေ့-လမင်းလို အရာခပ်သိမ်းကို ထွန်းပစေလျက် ဘယ်အရပ်က လာပါသလဲ၊ အမျိုးအမည်ကိုလည်း သိပါရစေ"လို့ ဘုရင်က မေးတယ်။

"မင်းကြီး-ငါဟာ ခပ်သိမ်းသော အရပ်မျက်နှာတို့ကို လမင်းကဲ့သို့ ထွန်းပစေလျက် နတ်ပြည်မှလာတယ်၊ ငါ့ကို နာရဒလို့ လူတို့ သိကြတယ်၊ ကဿပလို့လည်း သိကြတယ်"

"သင်ဟာ ကောင်းကင်မှာ သွားလည်းသွားတယ်၊ တည်လည်းတည်တယ်၊ အလွန်အံ့ဖွယ်သရဲ ရှိပေတယ်။ နာရဒရှင်ရသေ့-သင်ဟာ ဘယ်လိုအကြောင်းကြောင့် ဒီလိုတန်ခိုးကို ရလာသလဲ"

"မင်းကြီး-ငါဟာ ရှေးတမလွန်က သစ္စာရယ် တရားစမ္မရယ် ဣန္ဒြေဆုံးမခြင်းရယ် ပေးကမ်းစွန့်ကြဲခြင်းရယ် ဤတရားလေးပါးကို ပြုခဲ့တယ်။ ထိုသို့ ပြုခဲ့တဲ့ ကောင်းမှုကြောင့် ယခုလို တန်ခိုးဖြစ်လာတာပဲ။ ထိုကောင်းမှု ကြောင့် ငါဟာ စိတ်ဖြင့် အလိုရှိတိုင်း ပြီးစေနိုင်တယ်"

“နာရဒရှင်ရသေ့-သင်ဟာ ကောင်းမှုရဲ့ အကျိုးရှိတာကို အံ့ဖွယ် သရဲပြောကြားတယ်၊ တကယ်လို့ ကောင်းမှုရဲ့ အကျိုးရှိတယ်ဆိုရင် ငါ့ကို ထင်ရှားအောင် ပြပါ”

“မင်းကြီး သင်ဟာ ယုံမှားခြင်းကို အလေးအမြတ်ပြုနေတယ်၊ သင့်ယုံမှားခြင်းကို ငါ့ကို ပြောပါ၊ အထူးထူးသော နည်းတို့ဖြင့် အကြောင်း အကျိုးတို့ဖြင့် သင့်ရဲ့ ယုံမှားခြင်းကို ပပျောက်စေမယ်”

“ရှင်ရသေ့ ငါပြဿနာမေးမယ်၊ ဟုတ်တိုင်းမှန်စွာ ဖြေပါ၊ နတ်လည်း ရှိတယ်၊ မိဘလည်း ရှိတယ်၊ ပစ္စုပ္ပန်လောက တမလွန် လောကတို့ လည်း ရှိတယ်လို့ လူတွေ ပြောကြတယ်၊ ထိုစကားဟာ မှန်ပါသလား”

“မင်းကြီး နတ်လည်း ရှိတယ်၊ မိဘလည်း ရှိတယ်၊ ပစ္စုပ္ပန်လောက တမလွန်လောကတို့လည်း ရှိတယ်၊ လူတွေဟာ ကာမဂုဏ်တို့မှာ တပ်မက် မောခြင်း, တွေဝေမိန်းမောနေခြင်းတို့ကြောင့် တမလွန်လောကကို မသိ မမြင်ကြဘူး”

“ရှင်ရသေ့-တမလွန်လောကမှာ သေသွားကြတဲ့လူတို့ရဲ့ အိမ်များ ရှိတယ်လို့ သင်ယုံကြည်ရင် ယခု သင်ဟာ ငါ့အား အသပြာငါးရာ ပေးပါ။ တမလွန်လောကသို့ ရောက်တဲ့အခါ သင့်အား အသပြာတစ်ထောင်ပေး ပါ့မယ်” မင်းကြီးက ပြက်ရယ်စကားကို ဆိုတယ်။

“မင်းကြီး-သင်က သီလရှိမယ်၊ သူ့ကျေးဇူးကို သိတတ်တဲ့သူတော် ကောင်းဖြစ်မယ်ဆိုရင် သင့်ကို ယခု ငါအသပြာငါးရာပေးပါတယ်၊ ဒါပေမယ့် ကြမ်းကြုတ်ယုတ်မာတဲ့ မိစ္ဆာအယူရှိတဲ့ သင့်ကို ငါအသပြာငါးရာပေးလိုက် မိလျှင် ငရဲကို ရောက်နေမယ့် သင့်ကို အသပြာတစ်ထောင်ရအောင် ဘယ်သူ လိုက်တောင်းနိုင်ပါတော့မလဲ။

“မင်းကြီး ဤလူ့ပြည်မှာ ပညာအမြော်အမြင်ရှိတဲ့သူ၊ ထကြွလုံ့လ ရှိတဲ့သူ၊ သီလရှိသူ သူ့ကျေးဇူးကို သိတတ်သူ၊ ဒီလိုသူတော်ကောင်းများကို သာ ပညာရှိတို့က ကြွေးမြီချခြင်းကို ပြုကြတယ်။ သူတို့ကို ချပေးလိုက်တဲ့

ကြွေးမြီဟာ အတိုးအရင်းနှစ်ဆ ရနိုင်တယ်။ ထိုသူမျိုးကိုသာလျှင် ငွေလိုရင် ချေးယူကြပါလို့ ဖိတ်ကြားကြတယ်"

နာရဒရသေ့က အင်္ဂတိမင်းကို ယခုလို နှိပ်ကွပ်ပြောဆိုလိုက်တဲ့အခါ မင်းကြီးက စကားဆိုစရာမရှိဖြစ်ပြီးတော့ ဆိတ်ဆိတ်နေတယ်။ ဘုရားလောင်းဗြဟ္မာက မိမိတန်ခိုးဖြင့် သူဟောကြားတဲ့ တရားကို ခုနစ်ယူဇနာအပြောကျယ်တဲ့ မိထိလာပြည်မှာ ရှိသမျှလူအားလုံးကို ကြားသိစေပါတယ်။ တန်ခိုးကြီးလှတဲ့ အရှင်နတ်မင်းက ယနေ့ မင်းကြီးကို မိစ္ဆာအယူမှ လွတ်စေတော့မယ်လို့ ပြည်သူအပေါင်းတို့ ဝမ်းမြောက်ကြပြီး တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် အသံဖြစ်တယ်။

## ငရဲပြည်၊ နတ်ပြည်တို့ကို ပြသခြင်း

နာရဒဗြဟ္မာမင်းဟာ မိစ္ဆာအယူကို စွဲမြဲစွာ ယူထားတဲ့ အင်္ဂတိမင်းကို ငရဲဘေးဖြင့် ခြိမ်းခြောက်ပြီး မိစ္ဆာအယူကို လွတ်စေပြီးတဲ့နောက် နတ်ပြည်ခရီးဖြင့် ထိုမင်းကို နှစ်သိမ့်စေလိုတဲ့ အကြံဖြစ်တယ်။

"မင်းကြီး သင်ဟာ ယခုဘဝမှ သေလွန်တဲ့အခါ ကျီး၊ လင်းတ၊ သိမ်း၊ စွန်၊ ခွေးတို့ထိုးနှက်ကိုက်ဖြတ်ခံနေကြရတဲ့ ငရဲသူများကို မင်းကြီးမြင်ရလိမ့်မယ်၊ အဲဒီငရဲကြီးမှာ ကျီး၊ လင်းတ၊ သိမ်း၊ စွန်၊ ခွေးတို့ထိုးဖောက် ကိုက်ခဲလို့ သွေးဖြာဖြာယိုစီးနေတဲ့ မင်းကြီးကို အသပြာတစ်ထောင်ရယူ ဖို့အတွက် ဘယ်သူလာပြီး တောင်းခံပါတော့မလဲ။

"မင်းကြီး ထိုငရဲမှာ သင်မဖြစ်ရဘူးဆိုရင် လောကန္တရိက်ငရဲမှာ ဖြစ်ရလိမ့်မယ်။ ဒီငရဲမှာ နေ၊ လတို့ မရှိလို့ အမြဲမှောင်မိုက်နေပါတယ်။ အုတ်အုတ်ကျက်ကျက် ကြောက်မက်ဖွယ်လည်း ကောင်းတယ်။ ထိုမှောင်မိုက်နေတဲ့ငရဲမှာ ဆင်းရဲခံနေရတဲ့ သင့်ထံကို အသပြာတစ်ထောင်ရအောင် ဘယ်သူ လာတောင်းခံပါ့မလဲ။

"မင်းကြီး ထိုလောကန္တရိက်ငရဲမှာ သင်မဖြစ်လျှင် တခြားငရဲမှာ

ကျခံရလိမ့်မယ်၊ သံဖြင့်ပြီးတဲ့ သွားများရှိတဲ့ ခွေးကြီးနှစ်ကောင်က သင့်ကို ကိုက်ဖဲ့စားကြလိမ့်မယ်။ အစုတ်စုတ် အထွင်းအထွင်းသောကိုယ်ဖြင့် သွေးယိုစီးကာ ဆင်းရဲခံနေရတဲ့ သင့်ဆီကို အသပြာတစ်ထောင်ရယူဖို့ ဘယ်သူလာတောင်းခံပါ့မလဲ။

"မင်းကြီး ထိုငရဲမှာ သင်မဖြစ်လျှင် တစ်ပါးသော ငရဲမှာ သင်ဖြစ်ပါလိမ့်မယ်။ ရှေးက မကောင်းမှုပြုခဲ့ကြတဲ့ ငရဲသားအပေါင်းကို ငရဲထိန်းတို့က ထက်လှစွာသော မြား၊ လှံတို့ဖြင့် ကြေကြမက်ဖွယ် ထိုးသတ်ကြတယ်၊ ပြင်းထန်စွာ ညှဉ်းဆဲပြီး ဝမ်းနှင့် နံတောင်းနှစ်ဖက်တို့ကို ခွဲတယ်။ ဒီလို ကိုယ်ခန္ဓာဟက်တက်ကွဲနေတဲ့ သင့်ထံကို ဘယ်သူအသပြာတစ်ထောင်လာတောင်းပါတော့မလဲ။

"မင်းကြီး ထိုငရဲမှာ သင်မခံရလျှင် တစ်ပါးသော ငရဲမှာ သင်ခံရလိမ့်မယ်၊ လှံ၊ မြား၊ ချွန်းတောင်း၊ ခက်ရင်းအစရှိတဲ့ လက်နက်မိုးတို့ဟာ ဦးခေါင်းထက်ကို ရွာကျတယ်၊ ရဲရဲတောက်တဲ့ ကျောက်ဖျာမိုးကြိုးတို့ကလည်း ကျလာကုန်တယ်။ သည်းမခံနိုင်အောင် ပူပြင်းတဲ့လေကလည်း တိုက်လာတယ်။ တစ်ခဏလေးသော်မျှ ချမ်းသာကို မရဘူး။ ထိုသံမြေငရဲမှာ ညစ်ညမ်းနာကျင်စွာ ခံနေရတဲ့သင့်ထံကို ဘယ်သူလာပြီး အသပြာတစ်ထောင်တောင်းနိုင်မှာလဲ။

"မင်းကြီး သူတစ်ပါးရဲ့ မယားကို ပြစ်မှားတဲ့ ယောကျ်ားတို့ရော၊ မိမိလင်မှတစ်ပါး အခြားသော ယောကျ်ားတို့နှင့် ပျော်ပါးကြတဲ့ မိန်းမတို့ရော ထက်လှစွာသော သံဆူးများရှိတဲ့ လက်ပံပင်ကို တက်ကြရတယ်။ ငရဲထိန်းတို့ကလည်း လှံဖြင့် ရက်ရက်စက်စက် ထိုးသတ်တယ်၊ သွေးအလိမ်းလိမ်းကပ်လျက် အရေများ စုတ်ပြတ်လို့ အလွန်နာကျင်လျက် ထိုငရဲလက်ပံပင်ကို တက်ရပြန်တယ်။ ထိုငရဲလက်ပံပင်မှာ ထွက်သက်ဝင်သက်ကို ပင်ပင်ပန်းပန်း ရှူရှိုက်လျက် ကြီးစွာသော ဆင်းရဲကို ခံနေရတဲ့ သင့်ထံကို ဘယ်သူလာပြီး အသပြာတစ်ထောင် တောင်းနိုင်ပါတော့မလဲ၊

"မင်းကြီး- သန်လျက်, မြားရွက်, သံဆူးထက်ထက်တို့ စီထားတဲ့ ငရဲသစ်ပင်တို့ဟာ တိမ်တိုက်ထိအောင် မြင့်မားကြတယ်၊ ထိုသစ်ပင်များကို သင်တက်ရလိမ့်မယ်။ ထိုငရဲသစ်ပင်မှတစ်ဆင့် ဝေတရဏီအမည်ရှိတဲ့ ကြိမ်ပိုက်ချောင်းသို့ မင်းကြီးကျရဦးမယ်၊ ဝေတရဏီချောင်းရေက သံရည်ပူလို ပူလောင်ပြီး ကူးနိုင်ဖို့ ခဲယဉ်းတယ်၊ သန်လျက်သွား, သံပြား, ထက်စွာသော ကြာရွက်တို့ဖြင့် ဖုံးလွှမ်းနေတယ်၊ ထိုကြိမ်ပိုက်ချောင်းမှာ သွေးအလိမ်းလိမ်း ကပ်လျက် ကူးခတ်နေတဲ့ သင့်ထံကို ဘယ်သူလာပြီး အသပြာတစ်ထောင် ကို တောင်းယူနိုင်မှာလဲ"

ဤသို့ နာရဒ ဗြဟ္မာမင်းက ငရဲများအကြောင်းကို ဟောကြားတဲ့အခါ အင်္ဂတိမင်းက အလွန့်ကြောက်လန့်တုန်လှုပ်လာပြီး တောင်းပန်စကား ပြောကြားတယ်။

"ရှင်ရသေ့- အရှင်ဘုရားရဲ့စကားကို ကြားရလို့ အမြစ်အရင်းပြတ်တဲ့ သစ်ပင်လို ကျွန်ုပ်တုန်လှုပ်ရတယ်၊ တောင်မြောက်အရပ်တို့ကို မသိနိုင် အောင် တွေဝေမိန်းမောရတယ်၊ ကျွန်ုပ်နောင်တအကြိမ်ကြိမ်ရပြီး ပြင်းပြစွာ ကြောက်လန့်မိပါတယ်။ ကျွန်ုပ်ဟာ မကောင်းမှုအကုသိုလ်ကို ပြုမိချေပြီ။ အရှင်ရသေ့- အကျွန်ုပ်ရဲ့ ကိုးကွယ်ရာဖြစ်တော်မူပါလော့၊ အကျွန်ုပ် ငရဲသို့ မကျမီ သုဂတိဘဝသို့ သွားရောက်နိုင်ဖို့အတွက် မြတ်တဲ့ခရီးလမ်းကို ညွှန် ပြတော်မူပါ"

"မင်းကြီး- ရှေးအခါက ဓတရဋ္ဌမင်း, ဝေဿမိတ္တမင်း, အဋ္ဌကမင်း, ယမဒဂ္ဂိမင်း, ဥသိန္နရမင်း, သိဝိရာဇ်မင်းတို့ဟာ ရဟန်းပုဏ္ဏားတို့ရဲ့ အလုပ် အကျွေး ဒါယကာများဖြစ်ကြတယ်။ အလှူသီတင်းမှာ မွေ့လျော် ကြကုန် တယ်၊ သူတို့ သေလွန်တော့ နတ်ပြည်သို့ ရောက်ကြကုန်ပြီ။ မင်းကြီး မတရား မှုများကို ရှောင်ကြဉ်ပါ၊ တရားတဲ့ အမှုအကျင့်ကိုသာ ပြုကျင့်ပါ။ သင်ရဲ့ နန်းတော်ရှေ့မှာ ထမင်းအဖျော် စသည်တို့ကို စီရင်ပြီး ဆာလောင် မွတ်သိပ်နေသူတို့ကို ပေးလှူပါ။ ပန်းနံ့သာ, အဝတ်တန်ဆာ, ထီးဖိနပ်

အလိုရှိသူ တို့ကိုလည်း နံနက်တိုင်း ညချမ်းအခါတိုင်း ပေးလှူပါ။ သူ တစ်ပါးတို့ရဲ့ အိမ်အို, နွားအို, မြင်းအိုတို့ကို မပျက်စီးပါစေနှင့်။ ကာယ အား ဉာဏအားတို့ဖြင့် ကျေးဇူးပြုခဲ့တဲ့ ကျေးဇူးရှိသူများက အိုမင်းလာလို့ အမှုမထမ်းရွက်နိုင်စေကာမူ သူတို့ကို ယခင်အတိုင်း အခြံအရံ မျိုးရိက္ခာများ မပြတ် ပေးပါလော့”လို့ နာရဒရသေ့က ရှေးမင်းမြတ်တို့ရဲ့ အကျင့်ကို ညွှန်ပြ ပေးပါတယ်။

## ခပ်သိမ်းသောအလိုတို့ကို ဆောင်တတ်တဲ့ရထားဥပမာ

ဘုရားလောင်းနာရဒဗြဟ္မာမင်းဟာ အင်္ဂတိမင်းကြီးအား ဒါနကထာ, သီလကထာတို့ကို ဟောကြားပြီးတဲ့နောက် မင်းကြီးသဘောပေါက် နှစ်သက်စေရန် ရထားဥပမာကို ဆောင်ပြတယ်။

“မင်းကြီး သင့်ကိုယ်ကို ရထားလို့ မှတ်ပါ၊ သင့်စိတ်ကို ရထားထိန်း လို့ မှတ်ပါ၊ သူတစ်ပါးတို့အား မညှဉ်းဆဲခြင်း မေတ္တာကို အနှစ်ပြည့်တဲ့ ရထားဝင်ရိုးလို့ မှတ်ပါ၊ ဝေဖန်ခွဲခြားခြင်းကို ရထားဝန်ခံ၊ ခြေထောက်ကို ရထားဘီး၊ လက်ကို ရထားလက်တင်၊ ဝမ်းကို ရထားပုံတောင်း၊ သင့်ရဲ့စကားကို ရထားအသံလို့ မှတ်ပါ။

“မင်းကြီး ဟုတ်မှန်စွာ ပြောဆိုတဲ့ သစ္စာစကားကို ညီညွတ်တဲ့ ရထားအင်္ဂါလို့ မှတ်ပါ၊ ချောပစ်ကုန်းတိုက်တဲ့စကားကို မဆိုဘဲ ချစ်ကြည် ညီညွတ်စေတဲ့ စကားဆိုခြင်းကို ရထားဦးမှာ စိုက်ထောင်ထားတဲ့ အလံလို့ မှတ်ပါ၊ သိမ်မွေ့နူးညံ့တဲ့ စကားဆိုခြင်းကို ပြေပြစ်တဲ့ ရထားအင်္ဂါလို့ မှတ် ပါ၊ ကိုယ်နှင့် တန်တဲ့စကားပြောဆိုခြင်းကို ရထားတန်ဆာလို့ မှတ်ပါ၊ သဒ္ဓါ တရားရှိပြီး အလိုနည်းခြင်းကို ကောင်းစွာ ပြုပြင်ထားတဲ့ရထားလို့ မှတ်ပါ၊ နှိမ့်ချခြင်း, လက်အုပ်ချီခြင်းတို့ကို ရထားဝက်စွယ်လို့ မှတ်ပါ။ မာန် မထား ခြင်း, ကိုင်းညွတ်ခြင်းကို ရထားလှည်းသန်လို့ မှတ်ပါ။ သီလစောင့်ခြင်းကို ရထားစည်းကုံးလို့ မှတ်ပါ။

“မင်းကြီး အမျက်မထွက်ခြင်း, မသတ်မညှဉ်းဆဲခြင်း, တရားစောင့်

ခြင်းတို့ကို ရထားမှာ စိုက်ထားတဲ့ ထီးဖြူလို့ မှတ်ပါ။ အကြားအမြင်များခြင်းကို ရထားလက်တင်နောက်မှီတံကဲလို့ မှတ်ပါ၊ တည်ကြည်တဲ့စိတ်ထားကို ရထားခင်းနေရာ၊ အချိန်အခါကို သိခြင်းကို ဆန်းကြယ်တဲ့ ရထားတန်ဆာ၊ ရဲရင့်ခြင်းကို ရထားထောက်သံချောင်း၊ နှိမ့်ချပြီး အဆုံးမခံခြင်းကို ရထားဦးမှာ ဖွဲ့တဲ့ လွန်ကြိုး၊ မာနမရှိခြင်းကို ရထားတံကျင်၊ စိတ်ရဲ့ မတွန့်တိုခြင်းကို ငြိမ်သက်တဲ့ ရထားခင်းလို့ မှတ်ပါ။ ပညာရှိကို မှီဝဲခြင်းဟာ မြူကို ဆေးလျှော်တာနဲ့ တူတယ်။ သတိတရားက ရထားလုံ့တံ၊ တည် ကြည်ခြင်းကို ရထားထိန်း ဆွဲတဲ့ကြိုးလို့ မှတ်ပါ။

"မင်းကြီး-ရထားကို ကောင်းတဲ့ မြင်းတို့ဖြင့် ကပြီး လိုရာခရီးကို သွားနိုင်သလို စင်ကြယ်ယဉ်ကျေးတဲ့ နှလုံးဖြင့်သာ နိဗ္ဗာန်သို့ သွားနိုင်တယ်။ အလိုရမ္မက်ကြီးခြင်းဆိုတဲ့ ခရီးလမ်းမက အပါယ်လေးပါးသို့ သွားရာလမ်းဖြစ်တယ်။ ကိုယ်နှုတ်နှလုံးတို့ကို စောင့်ထိန်းခြင်းက ဖြောင့်တဲ့လမ်းမဖြစ်တယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့လမ်းမှာ ကိုယ်ဆိုတဲ့ ရထားပြေးနေတဲ့အခါ ပညာဆိုတဲ့ လှင်ကန်ဖြင့် မတိမ်းစောင်းရအောင် ထိန်းရမယ်။ ထိုကိုယ်ဆိုတဲ့ ရထားမှာ မိမိရဲ့ စိတ်က ရထားထိန်းပဲ။ မင်းကြီး- ကောင်းတဲ့ အကျင့် ကောင်းတဲ့ တည်ကြည်ခြင်းမှာ တကယ်မြဲမယ်ဆိုရင် ဤသို့သော ယာဉ်ဖြင့် သင်ဟာ ငရဲသို့ မလားရတော့ဘူး"

နာရဒဗြဟ္မာက အင်္ဂတိမင်းကို ဤသို့ ဆိုဆုံးမပြီး မှားတဲ့အယူကို ပယ်စေတယ်၊ သီလမှာ တည်စေတယ်၊ မကောင်းတဲ့ အဆွေခင်ပွန်းကို ပယ်ပြီး အဆွေခင်ပွန်းကောင်းတို့ကို အမြဲဆည်းကပ်ကာ မမေ့မလျော့ကျင့်ရန် ဆုံးမတယ်၊ ရုစာမင်းသမီးကို ချီးကျူးတယ်၊ မင်းမိဖုရား၊ မောင်းမမိဿံ၊ ခြွေရံပရိသတ်တို့ကိုလည်း ဆိုဆုံးမပြီးကာ ကြီးမားတဲ့ တန်ခိုးအာနုဘော်ဖြင့် ထိုပရိသတ် မြင်လျက်ပင် ဗြဟ္မာ့ပြည်သို့ ကြွသွားတယ်။

ဤဇာတ်တော်လာ ထိုအခါက အင်္ဂတိမင်းဟာ ဂေါတမဘုရား လက်ထက်မှာ ဥရုဝေဠကဿပ ဖြစ်လာတယ်၊ အလာတအမတ်ကြီးဟာ

ဒေဝဒတ် ဖြစ်လာတယ်၊ သုနာမအမတ်ကြီးက ဘဒ္ဒဇိဖြစ်လာတယ်၊ ဝိဇယ အမတ်ကြီးက အရှင်သာရိပုတ္တရာ ဖြစ်လာတယ်၊ ဗီဇက သူဆင်းရဲက အရှင်မဟာမောဂ္ဂလာန်ဖြစ်လာတယ်၊ အဝတ်မဝတ်တဲ့ ကဿပတက္ကတွန်းက လိစ္ဆဝီမင်းသား သုနက္ခတ်ဖြစ်လာတယ်၊ ရုစာမင်းသမီးက အရှင်အာနန္ဒာ ဖြစ်လာတယ်၊ နာရဒဗြဟ္မာက သုံးလူ့ထွတ်ထား မြတ်စွာဘုရား ဖြစ်လာပါတယ်။

၃ မကောင်းမှုဖြင့်ကြီးပွား၍ကောင်းမှုပြုလျက်ဆင်းရဲခြင်း

မျက်မှောက်ကာလမှာ မကောင်းမှုများဖြင့် ကြီးပွားချမ်းသာနေကြသူများစွာ ရှိတယ်၊ ကုသိုလ်ကောင်းမှုများကို ပြုပါလျက် ဆင်းရဲနွမ်းပါးနေသူတို့လည်း များစွာရှိတယ်။

ရပ်ကွက်ထဲက ဦးဘခက်၊ မကောင်းမှုတွေ လုပ်ပြီး တိုက်နဲ့ကားနဲ့ ကြီးပွားချမ်းသာနေတယ်။ ဆရာဦးလှအောင်ကတော့ တပည့်များအပေါ် စေတနာကောင်းနဲ့ အပင်ပန်းခံပြီး စာသင်ပေးတယ်။ လပြည့်လကွယ်နေ့များမှာ ဥပုသ်သီလဆောက်တည်တယ်။ ဒါပေမယ့် အိမ်ငှားဘဝကနေ မတက်နိုင်ဘူး။ ဒါတွေကို ဘယ်လိုရှင်းပြမလဲ။

ကံအကျိုးပေး ဆန်းကြယ်တာကို နာရဒဇာတ်တော်မှာ မြင်တွေ့ခဲ့ရတယ်။ ဝေးလံတဲ့အတိတ်ဘဝတစ်ခုမှာ နွားပျောက်လို့တောထဲမှာ ရှာရင်းလမ်းမှားနေတဲ့ ရဟန်းက လမ်းမေးတဲ့အခါ "သင်ဟာ ကျွန်မသားရဟန်းလား၊ ဒီလောက်နှုတ်ကြမ်းလိုက်တာ၊ သင်ဟာ ကျွန်မသားလား"လို့ ကြီးလေးတဲ့ ဝစီကံဒုစရိုက်ကို ကျူးလွန်ခဲ့တယ်။ ဒီကံက မီးခဲပြာဖုံးဖြစ်ပြီး နောက်ဘဝတွေမှာ အကျိုးမပေးသေးဘူး၊ ကုသိုလ်ကောင်းမှုများစွာပြုတဲ့ ဘာဝသူဌေး သေလွန်တဲ့အခါမှ အကျိုးပေးလို့ ဗီဇကဘဝမှာ ကျွန်မရဲ့သား ဆင်းရဲသား ဖြစ်ရတာပဲ။ ဗီဇကက ကုသိုလ်ကောင်းမှုများကို ပြုနေပမယ့် ဒီအကုသိုလ်ကံအကျိုးပေးနေတာကို မတွန်းလှန်နိုင်လို့ ဆက်ပြီး ဆင်းရဲနေရတယ်။

* * *

ရာဇဗြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်အနီးမှာ စုန္ဒဝက်သတ်သမား နေထိုင်တယ်။ စပါးပေါ်ချိန်မှာ လှည်းယာဉ်နှင့် စပါးအနည်းငယ်တင်ပြီး ရွာစဉ်လှည့်ကာ ဝက်ကလေးများကို စပါးနှင့် လဲယူတယ်။ သူ့အိမ်နောက်ဖေးခြံကြီးထဲမှာ ဝက်ကလေးများကို လွှတ်ထားပြီး အစာသင့်ရုံ ကျွေးတယ်။ အရွယ်ရောက်တဲ့ ဝက်တစ်ကောင်ကို သူနေ့စဉ် ရက်ရက်စက်စက် သတ်ဖြတ်တယ်။ ငုတ်လေးတိုင်မှာ ဝက်ခြေလေးချောင်းကို ချည်နှောင်ထားပြီး ဝက်ပါးစပ်ကို ဟကာ နှစ်ဖက်ချွန်တုတ်နဲ့ ထောက်ထားတယ်။ ဝက်အသားနူးညံ့အောင် ဝက်တစ်ကိုယ်လုံးကို တင်းပုတ်နဲ့ ရိုက်တယ်။

ပြီးတော့ ဝက်ခံတွင်းထဲသို့ ကျိုက်ကျိုက်ဆူနေတဲ့ ရေနွေးပူကို လောင်းထည့်တယ်၊ ဝက်ရဲ့ဒွါရမှ ပကတိရေကြည်ထွက်လာမှ ရပ်တယ်။ ပြီးတော့ ဝက်ရဲ့ကျောပေါ်သို့ ရေနွေးပူလောင်းထည့်ပြီး အပေါ်အရေခွံကို ခွာတယ်၊ ပြီးတော့ ဝက်ရဲ့ လည်ပင်းကို လှီးဖြတ်ပြီး သွေးကို ရေပုံးနဲ့ ခံယူတယ်။ ဝက်ရဲ့ အသားကောင်းကို လှီးယူပြီး သွေးထဲစိမ်တယ်၊ အဲဒီအသားကို ဇနီးအားပေးပြီး မိသားစုစားဖို့ ချက်စေတယ်၊ ကျန်ဝက်သားတို့ကို ဈေးမှာရောင်းတယ်။

ဒီလို ဝက်သတ်အလုပ်နဲ့ ချမ်းချမ်းသာသာနေလာတာ နှစ် ၅၀ ကြာ တယ်။ အဲဒီအခါ စုန္ဒ ရောဂါဖြစ်လာပြီ။ သူပြုလုပ်ထားတဲ့ အကုသိုလ်ကံတွေက အလွန်ကြီးလေးလာတဲ့အတွက် အကျိုးမပေးအောင် ရှေးကုသိုလ်ကံတွေက မတားနိုင်တော့ဘူး။ အဝီစိက ငရဲမီးတက်လာပြီး သူ့ရဲ့ အူတွေကို လောင်ကျွမ်းတယ်။ ဝက်အူတွေထဲကို ရေနွေးဆူဆူလောင်းထည့်တာထက် အဆများစွာ ပိုပူပြင်းတဲ့ ဝေဒနာကို သူခံစားရပြီ။

နာလွန်းလို့ အတင်းအော်တာ ဝက်အော်သံ ထွက်လာတယ်။ ငြိမ်ငြိမ် မနေနိုင်ဘူး။ သူ့အိမ်ကြမ်းပြင်ပေါ်မှာ ဝက်လိုလေးဖက်ထောက်ပြီး တဝစ်ဝစ်အော်ရင်း ခေါက်တုံ့ခေါက်ပြန် ပြေးနေရတယ်။ သားသမီးများက "အဖေ၊ မအော်ပါနဲ့ ရှက်စရာကောင်းလှတယ်"ဆိုပြီး ဝိုင်းထိန်းချုပ်ပေမယ့် မရဘူး။

အတင်းရုန်းထွက်ပြီး ဝက်လို အော်ပြေးနေရတယ်။ ခုနစ်ရက် အော်နေရပါတယ်။

သူ့အိမ်နားက ရဟန်းတွေ ဆွမ်းခံကြွဖို့ ဖြတ်လျှောက်သွားကြတော့ ဝက်အော်သံကို ကြားနေရတယ်။ ပြီးတော့ ဘုရားရှင်ကို လျှောက်ထားကြတယ်။ "အရှင်ဘုရား-စုန္ဒဝက်သတ်သမားဟာ အိမ်တံခါးပိတ်ပြီး ဝက်တွေကို သတ်ဖြတ်နေတာဟာ ခုနစ်ရက်ရှိပါပြီ၊ သူ့အိမ်မှာ မင်္ဂလာပွဲတစ်ခုခု ကျင်းပဖို့ ရှိသလား မသိရပါဘုရား၊ ဝက်များကို နေ့ရောညဥ့်ရော သတ်ဖြတ် နေတာ အလွန်ရက်စက်ကြမ်းကြုတ်လှပါတယ်ဘုရား"

"ချစ်သားရဟန်းတို့ စုန္ဒဟာ ဝက်သတ်နေတာ မဟုတ်ဘူး။ သူပြုထားတဲ့ အကုသိုလ်ကံနဲ့ တူတဲ့အကျိုးကို သူခံနေရတာ။ အဝီစိငရဲမီးက သူ့အူထဲမှာ ခုနစ်ရက်တိတိလောင်ကျွမ်းနေတာကို သူမခံမရပ်နိုင်လွန်းလို့ ဝက်လို အော်နေတာ၊ ကနေ့ သူသေပြီး အဝီစိငရဲသို့ ကျရောက်သွားပါပြီ"

## မကောင်းမှုဟာ ဘယ်တော့မှ ကောင်းကျိုးမပေး

ကျွန်တော်က ကံအကြောင်း ဟောပြောတဲ့အခါ ပုံပြင်တစ်ပုဒ်ပြောပြလေ့ရှိတယ်။ ရွာတစ်ရွာမှာ မောင်ဘနှင့် မောင်လှ သူငယ်ချင်းနှစ်ယောက်ရှိတယ်၊ မောင်ဘက ကြက်တိုက်၊ နွားတိုက်၊ အရက်သောက်၊ ဖဲကစား၊ မကောင်းတာမှန်သမျှ အကုန်လုပ်တယ်။ မောင်လှက ဘုရားသွား၊ ကျောင်းတက်၊ ဘုန်းကြီးဝေယျာဝစ္စလုပ်၊ ဥပုသ်စောင့်၊ ကောင်းမှုတွေကို တွင်တွင်လုပ်နေတယ်။

နေသာတဲ့နေ့တစ်နေ့-တောင်ပေါ်မှာ မှိုတွေ မျှစ်တွေ ရှာရအောင် နှစ်ယောက်သား တက်ကြတယ်၊ တောင်မတ်စောက်တဲ့တစ်နေရာမှာ နှစ်ယောက်လုံး ချော်လဲကြတယ်။ မောင်လှက မှောက်လျက်လဲပြီး နဖူးနဲ့ ကျောက်ခဲ တိုက်မိလို့ သွေးရဲရဲထွက်လာတယ်။ မောင်ဘက သုံးလေးပတ်လိမ့်သွားပြီး ဝါးရုံအောက်ရောက်သွားတယ်။ မျက်စိဖွင့်ကြည့်လိုက်တော့ ရွှေခဲသုံးခု ရတယ်။

မောင်လှက မကျေနပ်ဘူး။ တောင်ပေါ်ရောက်တော့ ဣန္ဒြေတည်ငြိမ်လှတဲ့ ရဟန်းတစ်ပါးကို မြင်တော့ မောင်လှဝတ်ပြုပြီး လျှောက်ထားတယ်။

"အရှင်ဘုရား-တပည့်တော်က ဘုရားသွားကျောင်းတက်၊ ဝေယျာဝစ္စလုပ်၊ ဥပုသ်စောင့်ပါတယ်၊ တောင်စောင်းမှာ ခလုတ်တိုက်ပြီး လဲကျတော့ နဖူးကွဲသွားပါတယ်။ မောင်ဘက ကြက်တိုက်၊ နွားတိုက်၊ အရက်သောက်၊ မကောင်းမှုတွေ အကုန်လုပ်တယ်၊ သူချော်လဲတော့ ရွှေခဲသုံးခု ရပါတယ်ဘုရား၊ တပည့်တော် မကျေနပ်ဘူးဘုရား"

ရဟန်းတော်က အဘိညာဉ်တန်ခိုးနဲ့ ကြည့်ပြီး မိန့်တော်မူတယ်။ "ဒကာ-ဒကာအတိတ်က လူတစ်ယောက်နဲ့ ရန်ဖြစ်ပြီး သူ့ကို သတ်ခဲ့မိတယ်။ အဲဒီအကုသိုလ်ကံက ဒကာမှောက်လျက်လဲကျတဲ့အခါမှာ အကျိုးပေးခွင့်ရလာတယ်။ ဒကာသေကိန်းတောင်ရှိတာ၊ ဒကာပြုထားတဲ့ ကုသိုလ်ကံ ဝင်ဖေးမလိုက်လို့ နဖူးကွဲရုံနဲ့ပြီးသွားတယ်။ ဒကာကံကောင်းတယ်လို့ မှတ်ပါ။ မောင်ဘက အတိတ်က ရဟန်းတစ်ပါးကို ဝါးကျောင်းကလေး တစ်ဆောင် ဆောက်လှူခဲ့တယ်။ သူချော်လဲတဲ့အချိန်မှာ အဲဒီကုသိုလ်ကံ အကျိုးပေးလာတာ ရွှေအိုးသုံးလုံးရဖို့ ကိန်းရှိတာ။ သူမကောင်းမှုတွေ လုပ်ထားလို့ ရွှေခဲသုံးခုပဲ ရတော့တယ်"

မောင်လှ ကျေနပ်သွားတယ်။ လူတွေ အတိတ်က ပြုထားကြတဲ့ ကံတွေကို မသိဘဲနဲ့ ယခုဘဝပြုလုပ်တဲ့ ကံလောက်ကိုသာ ကြည့်ပြီး ဆုံးဖြတ်ရင် လွဲမှားနိုင်ပါတယ်။

> * *အကုသိုလ်ကံတို့ဟာ ကောင်းကျိုးကို ဘယ်တော့မှ မပေးဘူး၊ မကောင်းကျိုးကိုသာ ပေးလိမ့်မယ်။ ကုသိုလ်ကံတို့ဟာ မကောင်းကျိုးကို ဘယ်တော့မှ မပေးဘူး။ ကောင်းကျိုးကိုသာ ပေးလိမ့်မယ်။*
>
> * *အနည်းငယ်သော မကောင်းမှုဟာ ငါ့အားအကျိုးရောက်လိမ့်မှာ မဟုတ်ဘူးလို့ မကောင်းမှုကို မထီမဲ့မြင် မအောက်မေ့*

ရာ၊ မိုးရေပေါက်တွေ ကျဖန်များလာတဲ့အခါ စရည်းအိုးကြီး ပြည့်သလို လူမိုက်ဟာ အနည်းငယ် အနည်းငယ်မျှသော မကောင်းမှုကို ပြုဆည်းပူးဖန် များလာတဲ့အခါ မကောင်းမှုနှင့် ပြည့်လာပါတယ်။ (ဓမ္မပဒ ၁၂၁)

* အနည်းငယ်သော ကောင်းမှုဟာ ငါ့အား အကျိုးရောက်လိမ့်မှာမဟုတ်ဘူးလို့ ကောင်းမှုကို မထိမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်တွေ ကျဖန်များလာတဲ့အခါ စရည်းအိုးကြီး ပြည့်သလို ပညာရှိဟာ အနည်းငယ်အနည်းငယ်မျှသောကောင်းမှုကို ပြုဆည်းပူးဖန် များလာတဲ့အခါ ကောင်းမှုနှင့် ပြည့်လာတတ်တယ်။ (ဓမ္မပဒ ၁၂၂)

* မကောင်းမှုပြုသူပင်ဖြစ်သော်လည်း မကောင်းမှုအကျိုးမပေးသရွေ့ကာလပတ်လုံး ကောင်းမြတ်တဲ့အာရုံကို တွေ့မြင်နိုင်သေးတယ်။ မကောင်းမှုအကျိုးပေးလာတဲ့အခါ၌ကား မကောင်းမှုပြုသူဟာ မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့တယ်။ (ဓမ္မပဒ ၁၁၉)

* ကောင်းမှုပြုသူပင် ဖြစ်သော်လည်း ကောင်းမှုအကျိုးမပေးသရွေ့ကာလပတ်လုံး မကောင်းတဲ့အာရုံကို တွေ့မြင်နိုင်သေးတယ်။ ကောင်းမှုအကျိုးပေးလာတဲ့အခါ၌ကား ကောင်းမှုပြုသူဟာ ကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့တယ်။ (ဓမ္မပဒ ၁၂၀)

* မိုက်သောသူဟာ အကြင်ရွေ့လောက် မကောင်းမှုက အကျိုးမပေးသေး၊ ထိုရွေ့လောက် မကောင်းမှုကို ပျားသကာကဲ့သို့ ထင်မှတ်တယ်။ အကြင်အခါမှာ မကောင်းမှု အကျိုးပေးလာပြီဆိုရင် ထိုအခါမှာ ကြီးကျယ်တဲ့ ဆင်းရဲသို့ ရောက်ရတယ်။ (ဓမ္မပဒ ၆၉)

၄ ဘဝဆက်တိုင်း ကြီးပွားချမ်းသာလိုလျှင်

လူတို့ဟာ လက်ရှိဘဝမှာလည်း ကြီးပွားချမ်းသာချင်ကြတယ်။ နောင်ဘဝများမှာလည်း ကြီးပွားချမ်းသာချင်ကြတယ်။ ဒီလိုကြီးပွားချမ်းသာချင်တယ်ဆိုရင် ကမ္မနိယာမကို အသုံးချပြီး ပြုပြင်စီရင်သွားလို့ ရပါတယ်။ အဲသလို ပြုလုပ်စီမံသွားတဲ့အခါ 'ကံ-ဉာဏ်-ဝီရိယ' ဆိုတဲ့ အောင်မြင်ရေးလမ်းစဉ်နှင့်အညီ သုံးဖက်သုံးတန်က ညီညီညွှတ်ညွှတ် လုပ်ဆောင်သွားရပါလိမ့်မယ်။

ကံဆိုတာ စေတနာပါတဲ့အလုပ်ပဲ။ ဗုဒ္ဓဘာသာမှာ ဘယ်အလုပ်ကကောင်းတယ်၊ ဘယ်အလုပ်က မကောင်းဘူးဆိုတာကို တိတိကျကျသတ်မှတ်ပေးထားပါတယ်။ သတ္တဝါတစ်ဦးဦးကို ထိခိုက်နစ်နာစေတဲ့ အလုပ်ဟာအပြစ်ရှိတယ်၊ မကောင်းဘူး၊ မကောင်းကျိုးပေးလိမ့်မယ်။ ဘယ်သူ့ကိုမှထိခိုက်နစ်နာစေခြင်းမရှိတဲ့အလုပ်က အပြစ်ကင်းပြီး ကောင်းတယ်၊ကောင်းကျိုးပေးလိမ့်မယ်။

အခြေခံအားဖြင့် 'အကုသလကမ္မပထဆယ်ပါး' လို့ အမည်ရတဲ့ 'ဒုစရိုက်ဆယ်ပါး' က မကောင်းတဲ့အလုပ်တွေပဲ။ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်ပြီး သုစရိုက်ဆယ်ပါးကို ပြုလုပ်ရမယ်။ ဒီလိုပြုလုပ်ဖို့က "ပဥ္စသီလ" ခေါ် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းလိုက်ရင် ပြီးမြောက်ပါတယ်။

ဒါကြောင့် ကြီးပွားချမ်းသာဖို့အတွက် ပထမဆင့်အနေနဲ့ "သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းခြင်း" ဖြစ်ပါတယ်။

သရဏဂုံကို ထည့်ရတာက ပိုကြီးကျယ်တဲ့ ကုသိုလ်ကောင်းမှုကို ဆည်းပူးနိုင်စေဖို့ ဖြစ်ပါတယ်။ ဘုရား၊ တရား၊ သံဃာတို့ဟာ အမြင့်မြတ်ဆုံး ရတနာများ ဖြစ်ကြပြီး အကြီးကျယ်ဆုံး စွမ်းအားများလည်း ဖြစ်ကြတယ်။ ဘုရား-တရား-သံဃာတို့ကို တကယ်ကြည်ညိုလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်ကြမယ်ဆိုရင် လက်ငင်းဘေးရန်တွေ ကင်းပျောက်ပြီး ချမ်း

ချမ်းသာသာ နေနိုင်ကြမယ်၊ အလွန်ကြီးကျယ်တဲ့ ကုသိုလ်ကံများ ဖြစ်ပေါ်ပြီး သေရင် အပါယ်မကျအောင် ကယ်မပေးနိုင်တယ်။ တစ်ဖန် ဘုရား၊ တရား၊ သံဃာကို တကယ်ကြည်ညိုလေးမြတ်တဲ့သူဟာ ငါးပါးသီလကိုလည်း လုံခြုံစွာ စောင့်ထိန်းနိုင်လာမှာ ဖြစ်တယ်။

သရဏဂုံနှင့် ငါးပါးသီလဆောက်တည်ရတဲ့ ကုသိုလ်ဟာ အလွန်အားကြီးတယ်။ သာမန်မကောင်းမှုကံများကို အကျိုးပေးခွင့်မရအောင် တွန်းလှန်ထားနိုင်တယ်။ ဓမ္မိဋ္ဌ ဆိုတဲ့အမျိုးသားဟာ နေ့စဉ် ငါးမျှားတယ်။ ဇနီးဖြစ်သူက ရတဲ့ငါးများထဲက ငါးအချို့ကို ဆန်နှင့်လဲတယ်၊ ငါးအချို့ကို ထောပတ်နှင့်လဲတယ်။ ကျန်ငါးတို့ကို ဇနီးမောင်နှံတို့ ချက်စားကြတယ်။ ဒီလို အသက်မွေးခဲ့ကြတာ နှစ် ၅၀ ကြာသွားတယ်။

ဓမ္မိဋ္ဌ အသက်ကြီးလာပြီဖြစ်လို့ ဖျားတယ်၊ ဆွမ်းခံနေကျ တောင်ပေါ်ဦးပဥ္ဇင်းဆွမ်းလာခံတော့ ဇနီးက 'ကန်တော့ဆွမ်း'လို့ ပြောတယ်။ ဦးပဥ္ဇင်းက ဒကာကြီးကို ဝင်ကြည့်ပြီး ငါးပါးသီလ ပေးတယ်။ ဒါပေမယ့် သရဏဂုံခံယူပြီးတာနဲ့ ငန်းဖမ်းလို့ ဓမ္မိဋ္ဌ ပါးစပ်မဟနိုင်တော့ဘူး၊ မျက်ဖြူလည်းဆိုက်နေပြီ။ ဒါကြောင့် ဦးပဥ္ဇင်းက ဆွမ်းခံဆက်ကြွတယ်။ သူ့ရဲ့ တောင်ပေါ်ကျောင်းသို့ ရောက်တဲ့အခါ ကိုယ်ရောင်တဝင်းဝင်းနဲ့ ဒကာတစ်ယောက်က ဘွားခနဲ ပေါ်လာပြီး ကန်တော့တယ်။

"ဟဲ့-သင်ဘယ်သူတုံး"လို့ မေးတဲ့အခါ

"တပည့်တော် ဓမ္မိဋ္ဌပါဘုရား"လို့ ဖြေတယ်။

"ဟဲ့-သင်အခု ဘယ်ရောက်နေတာတုံး"လို့ မေးပြန်တော့

"တပည့်တော် အထက်စတုမဟာရာဇ်နတ်ဘုံကိုရောက်နေပါတယ်ဘုရား၊ ဦးပဥ္ဇင်းချီးမြှင့်တဲ့ သရဏဂုံကျေးဇူးကြောင့်ပါဘုရား၊ ငါးပါးသီလအထိ တပည့်တော်ခံယူနိုင်မယ်ဆိုရင် ပိုမြင့်တဲ့ ဘုံတောင်ရောက်နိုင်ပါတယ် ဘုရား၊ ဦးပဥ္ဇင်းကို သိပ်ကျေးဇူးတင်ပါတယ်ဘုရား"တဲ့။

ဒါကြောင့် သရဏဂုံ ဆောက်တည်ရတဲ့ ကုသိုလ်က အလွန်ကြီးမား

တယ်။ နှစ် ၅၀ တံငါလုပ်တဲ့ အကုသိုလ်ကံတွေကို တွန်းလှန်ပြီး နတ်ပြည် ရောက်စေနိုင်တဲ့အတွက် အလွန်အားကိုးလို့ ရပါတယ်။

ကုသိုလ်ကံက အကုသိုလ်ကံထက် ပိုစွမ်းအားကြီး

မိလိန္ဒမင်းကြီးက အရှင်နာဂသေနကို မေးပါတယ်၊ အရှင်ဘုရား တို့ ဟောတော့ ငါးတစ်ကောင်သတ်တဲ့ အကုသိုလ်ကံက အပါယ်ကျစေနိုင် တယ်တဲ့။ ငါးတွေ အများကြီး သတ်ထားလျက်နဲ့ သေခါနီးမှာ သရဏဂုံ ဆောက်တည်လိုက်ရတာနဲ့ ငရဲမကျဘဲ နတ်ပြည်ရောက်တယ်လို့ ဆိုပြန် တယ်။ တပည့်တော် မယုံဘူးဘုရား"တဲ့။

ရဟန္တာအရှင်မြတ်ဖြစ်တဲ့ နာဂသေနမထေရ်ဖြေတာကလည်း အလွန် မှတ်သားစရာကောင်းပါတယ်။

"ဒကာကြီး ကျောက်ခဲသေးသေးတစ်လုံးကို ရေထဲပစ်ချရင် ဘာဖြစ် မလဲ"

"ရေမြုပ်ပါတယ်ဘုရား"

"ကျောက်ခဲကြီးကြီးတစ်လုံးကို ရေထဲပစ်ချရင်ကော"

"ရေမြုပ်ပါတယ်ဘုရား"

"ဟုတ်တယ် ကျောက်ခဲက ရေမြုပ်တဲ့အမျိုးဆိုတော့ သေးသေး ကြီးကြီး မြုပ်မှာပဲ။ သူတစ်ပါးအသက်သတ်တဲ့ ပါဏာတိပါတကံကလည်း ငရဲကျစေတဲ့အမျိုးဆိုတော့ သေးသေးကြီးကြီး ငရဲကျစေမှာပဲ။ ဒါပေမယ့် ဒကာကြီးက လှေသင်္ဘောကြီးကြီးတစ်စင်းတည်ဆောက်တယ်၊ ကျောက် စရစ်ခဲတွေ လှည်းငါးစီးတိုက် လာပြီးထည့်မယ်၊ လှေသင်္ဘောရဲ့ ဝမ်း တစ်ဝက်တောင် မရှိဘူးဆိုရင် လှေသင်္ဘောမြုပ်မှာလား"

"မမြုပ်ပါဘူးဘုရား"

"မမြုပ်ဘူးဆိုရင် လိုရာခရီး မသွားနိုင်ဘူးလား"

"သွားနိုင်ပါတယ်"

"ဒီအတိုင်းပဲ-သရဏဂုံကုသိုလ်ကံက အားကြီးတဲ့ ကုသိုလ်မျိုး၊ လှေသင်္ဘောကြီးနဲ့ တူတယ်၊ အကုသိုလ်ကံများက ကျောက်စရစ်ခဲနဲ့တူတယ်၊ လှေသင်္ဘောကြီးတော့ ကျောက်စရစ်ခဲအများကြီး တင်သွားနိုင်သလို သရဏဂုံ ကုသိုလ်ကံကလည်း အကုသိုလ်ကံများစွာ ရှိလျက်နဲ့ နတ်ပြည်ပို့ဆောင်နိုင်တာပဲ"

"လျှော်ကန်လှပါတယ်အရှင်ဘုရား"

ကုသိုလ်ကံက အကုသိုလ်ကံထက် ပိုပြီးစွမ်းအားကြီးတာကို သိရတာအလွန်ဝမ်းသာစရာကောင်းပါတယ်။ အထူးသဖြင့် သေခါနီး ပြုလုပ်တဲ့ကုသိုလ်ကံက အာသန္နကံအနေနဲ့ နောက်ဘဝဖြစ်ဖို့ အကျိုးပေး ခွင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် သိတတ်စကလေးငယ်အရွယ်ကစပြီး ဘုရားရှိခိုးတတ်အောင် ဘုရား-တရား-သံဃာ ကြည်ညိုတတ်အောင် သင်ပြပေးထားဖို့ လိုတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့လည်း သေတတ်ကြတာမို့ ဘုရားရှိခိုးတတ်ရင် ကောင်းရာသုဂတိသို့ လားရောက်ရမှာ ဖြစ်တယ်။

## ကံ-ဉာဏ်-ဝီရိယ ညီညွတ်ပါစေ

ကံ-ဉာဏ်-ဝီရိယ သုံးချက်ညီအောင် ရတနာသုံးပါးကို ဉာဏ်ယှဉ်ပြီး ကြည်ညိုတတ်အောင် သင်ပေးဖို့ လိုတယ်။ ဘုရား-တရား-သံဃာတော် ဂုဏ်များကို ပြောပြပြီး ရတနာသုံးပါး ကြည်ညိုတဲ့အတွက် ကောင်းကျိုးချမ်းသာ ရကြတဲ့ ပုံပြင်ဝတ္ထုများကို ပြောပြပေးဖို့ လိုပါတယ်။

တစ်ခါ ဝီရိယစိုက်ထုတ်ပြီး ဘုရားကြည်ညိုတတ်အောင် ဘုရားဂုဏ်တစ်ပါးပါးကို ဥပမာ အရဟံဖြစ်စေ၊ ဗုဒ္ဓေါဖြစ်စေ ထပ်ကာထပ်ကာ ရွတ်ခိုင်းပါ။ ဗုဒ္ဓါနုဿတိကို ရှုပွားနိုင်ရင် အကောင်းဆုံးပဲ။ ကုသိုလ်ကောင်းမှုတွေ အကြီးအကျယ် ရလိမ့်မယ်။ ဘုရားလက်ထက်က "နမောဗုဒ္ဓဿ" (မြတ်စွာဘုရားကို ရှိခိုးပါ၏)လို့ ရွတ်ဆိုတဲ့ကလေးကို ဘီလူးမစားနိုင်သလိုဘေးအန္တရာယ်အမျိုးမျိုးမှလည်း လွတ်မြောက်တာပေါ့။

အသက်နည်းနည်းကြီးလာတဲ့အခါမှာ တိရစ္ဆာန်ကလေးတွေကို ချစ်တတ်ဖို့ မေတ္တာထားတတ်ဖို့ သင်ပေးရမယ်။ ပြီးတော့မှ ငါးပါးသီလစောင့်ထိန်းတတ်အောင် သင်ပေးရမယ်။ သီလစောင့်ထိန်းရတဲ့ အကျိုးကျေးဇူးများကလည်း အလွန်အားရစရာကောင်းပါတယ်။ မှတ်သားစရာပုံပြင်ဝတ္ထုများကိုလည်း ပြောပြတာပေါ့။ ငါးပါးသီလ လုံခြုံခြင်းဟာ ကိုယ်ကျင့်တရားကောင်းခြင်းဖြစ်ပြီး ကိုယ်ကျင့်တရား ကောင်းမြတ်ခြင်းဟာ လူတစ်ဦးစီရဲ့အဖိုးတန်ဆုံး အရည်အသွေးပဲ။ ဒီဘဝမှာ သရဏဂုံနှင့် သီလလုံရင် အကောင်းဆုံးအရာကို ရရှိတာပဲ။ မဆင်းရဲနိုင်တော့ဘူး။ ကြီးပွားချမ်းသာလာမှာဖြစ် ပါတယ်။ နောင်ဘဝအဆက်ဆက်လည်း ကောင်းစားသွားမှာဖြစ်ပါတယ်။

ကံ-ဉာဏ်-ဝီရိယ သုံးမျိုးမှာ ဉာဏ်က ဦးဆောင်ပါတယ်။ ဒါကြောင့် ကံ-ကံရဲ့ အကျိုးများကို ပြည့်ပြည့်စုံစုံ နားလည်တဲ့ "ကမ္မဿကတ ဉာဏ်" ရအောင် ကြိုးစားရမယ်။ ဒီဉာဏ်က အယူမှန်သမ္မာဒိဋ္ဌိကို ဖြစ်စေ ပြီးတော့ ကုသိုလ်ကောင်းမှုတွေ တိုးပွားစေလိမ့်မယ်။ သေလွန်တဲ့အခါမှာ လည်း ကောင်းရာသုဂတိသို့ ရောက်စေပါတယ်။

ကျောင်းနေတဲ့အရွယ်မှာ ခေတ်ပညာကို တတ်မြောက်အောင် သင်ယူရမယ်။

ဗာဟုသစ္စဉ္စ - အကြားအမြင်ဗဟုသုတရှိခြင်း၊

သိပ္ပဉ္စ - စက်မှုလက်မှုသိပ္ပံပညာတတ်မြောက်ခြင်း၊

ဝိနယောစ သုသိက္ခိတော - ကိုယ်ကျင့်တရား သင်ယူလိုက်နာခြင်း၊

သုဘာသိတာစ ယာဝါစာ - ကောင်းတဲ့စကားကို ပြောဆိုတတ်ခြင်း၊

အစရှိတဲ့ မင်္ဂလာတရားတို့နှင့် ပြည့်စုံအောင်ပေါ့။ ဘီလ်ဂိတ်လို အသက်မွေးဝမ်းကျောင်းတစ်ခုခုကို ထူးထူးချွန်ချွန်တတ်မြောက်ရင် စားဝတ်နေရေးအတွက် စိတ်အေးရပြီပေါ့။

အသိပညာအတတ်ပညာပြည့်စုံလို့ အလုပ်အကိုင်ကောင်းကောင်းမွန်မွန်ရလာတဲ့အခါ နောက်ထပ် မင်္ဂလာတရားတို့နှင့် ပြည့်စုံအောင် ကြိုးပမ်းရမယ်-

*မာတာပိတုဉပဋ္ဌာန်* - မိဘတို့ကို ပြုစုလုပ်ကျွေးရမယ်၊

*ပုတ္တဒါရဿသင်္ဂဟော* - သားသမီး, ဇနီးတို့ကို ချီးမြှင့်ထောက်ပံ့ရမယ်၊

*အနာကုလာ စ ကမ္မန္တာ* - အပြစ်ကင်းတဲ့အလုပ်ကို ကြိုးစားလုပ်ရမယ်၊

*ဒါနဉ္စ* - လှူဒါန်းပေးကမ်းစွန့်ကြဲရမယ်၊

*ဓမ္မစရိယာစ* - သုစရိုက်တရား ၁၀-ပါးကို ကျင့်သုံးရမယ်၊

*ဉာတကာနဉ္စသင်္ဂဟော* - ဆွေမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ရမယ်၊

*အနဝဇ္ဇာနိ ကမ္မာနိ* - ဉပုသ်စောင့်ရမယ်၊ အများအကျိုးပြုတဲ့အလုပ်လုပ်ရမယ်၊

ဒီမင်္ဂလာတရားတွေနဲ့ ပြည့်စုံအောင် လုပ်ဆောင်ရတာ ပျော်စရာကောင်းပါတယ်။ ဂုဏ်ယူဝမ်းမြောက်စရာလည်း ကောင်းပါတယ်။ မင်္ဂလာတရားတို့က ဘဝအဆက်ဆက် ကြီးပွားချမ်းသာစေတဲ့ တရားတွေပါ။

တစ်ဖန် အဆင့်မြင့်မားတဲ့ မင်္ဂလာတရားတို့နဲ့ ပြည့်စုံအောင် ကြိုးစားရမယ်။

*ကာလေနဓမ္မဿဝန်* - သူတော်ကောင်းတရားနာကြားရမယ်၊ တရားစာများကို ဖတ်ရှုလေ့လာရမယ်၊

*ကာလေန ဓမ္မသာကစ္ဆာ* - သင့်လျော်တဲ့အခါမှာ တရားဓမ္မအကြောင်း ဆွေးနွေးမေးမြန်းရမယ်၊

*တပေါ စ* - အကုသိုလ်စိတ်မဖြစ်အောင် ခြိုးခြံစွာ ကျင့်ရမယ်။

*ဗြဟ္မစရိယဉ္စ* - မင်္ဂဖိုလ်ရအောင် မြတ်တဲ့အကျင့်ကျင့်ရမယ်။ တရားရိပ်သာမှာ သီလ-သမာဓိ-ပညာ သိက္ခာ သုံးပါးကို ဖြည့်ကျင့်ဖို့ ကြိုးစားရမယ်။

*အရိယသစ္စာန ဒဿနံ* - အရိယာသစ္စာလေးပါးကို သိအောင် ဝိပဿနာရှုရမယ်၊

နိဗ္ဗာန - သစ္ဆိကိရိယာစ - နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်။

မြန်မာနိုင်ငံမှာ သာသနာတော်ထွန်းတောက်နေဆဲမို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရအောင် လမ်းညွှန်ပြပေးနိုင်တဲ့ ဆရာသမားကောင်းများ ရှိပါတယ်။ ဒီဉာဏ်တို့ကို ရရင် အရိယာခေါ် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်ပြီ။ မိသားစုနှင့် ပျော်ပျော်ပါးပါးနေထိုင်သွားနိုင်တယ်။ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်သို့ ဦးတည်သွားနေမှာဖြစ်တယ်။

## ၅ သံသာလေကမ်းတိုင် တူပြိုင်ကာ ကူးမယ်

အဏုမြူစွမ်းအားထက် ပိုအားကြီးတဲ့ စိတ်စွမ်းအင် ကံစွမ်းအင်ကို အသုံးပြုပြီး မိမိဖြစ်ချင်တဲ့ ဘဝမျိုးကို ပြုပြင်စီရင်နိုင်တာ ဝမ်းသာစရာအကောင်းဆုံးသတင်းပါပဲ။ ချစ်သူတို့ စိတ်တူဆန္ဒတူ ကြည်ကြည်ဖြူဖြူ ကုသိုလ်ကောင်းမှုအတူလုပ်ပြီး ဆုတောင်းကြမယ်ဆိုရင် ဘဝဆက်တိုင်းလက်တွဲကာ နိဗ္ဗာန်အရောက်လျှောက်လှမ်းနိုင်ကြပါတယ်။

သုမေဓာရှင်ရသေ့နှင့် သုမိတ္တာတို့ ဒီပင်္ကရာမြတ်စွာဘုရားထံမှာ အတူဆုပန်ပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း လက်တွဲစုံညီ ပါရမီဖြည့်ကြကာ နောက်ဆုံးဘဝမှာလည်း ဇနီးမောင်နှံအဖြစ် ပေါင်းသင်းပြီးခါမှ နိဗ္ဗာန်သို့ ကြွလှမ်းကြတာ အလွန်အားကျစရာ အတုယူစရာကောင်းပေတယ်။

ကံအစွမ်းသတ္တိကို အသုံးချပြီး ဇောတိကသူဌေးတို့လို ချမ်းသာချင်ရင်လည်း ရတယ်၊ ရှင်သီဝလိလို လာဘ်မင်းသခင်ဖြစ်ချင်ရင်လည်း ရတယ်၊ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနတို့လို ပညာရှင်ကြီးများ ဖြစ်ချင်လည်း ရတယ်၊ ဥမ္မာဒန္တီလို လှဘုရင်ခေါင်မှူး ဖြစ်ချင်ရင်လည်း ရတယ်၊ ပဋာစာရီလို အရုပ်ဆိုးပြီး အတွေ့ထူးချင်ရင်လည်း ရတယ်။

အဘိဏှသုတ်ကို နေ့ညဥ့်မပြတ် ဆင်ခြင်ကြပါ။

အဟံ ဝါသည်၊ *ကမ္မဿကာ* - ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏၊

*ကမ္မဒါယဒါ* - ကံသာလျှင် အမွေခံစရာရှိ၏၊

## ဒေါက်တာမင်းတင်မွန်၏အတ္ထုပ္ပတ္တိအကျဉ်း

ဒေါက်တာမင်းတင်မွန်
သိပ္ပံဂုဏ်ထူး၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့
မဟာသဒ္ဓမ္မဇောတိကဓဇ
ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်
သာသနာရေးဝန်ကြီးဌာန အကြံပေး
ပညာရှင် အပြည်ပြည်ဆိုင်ရာ
ဖားအောက်တောရ ဗုဒ္ဓသာသနာနုဂ္ဂဟ
အဖွဲ့ချုပ်ဥက္ကဋ္ဌ



၁။ မျိုးရိုးဇာတိနှင့်အခြေခံပညာဆည်းပူးခြင်း

ငယ်မည်-မောင်တော်ရှိန်၊ တက္ကသိုလ်အမည်-မင်းတင်မွန်သည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်ရွာနေ မွန်လူမျိုး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသော ဦးရော်အင်၊ ဒေါ်စိန်တန်တို့မှ ၁၂၉၅-ခုနှစ် ပြာသိုလဆုတ် ၁၄ ရက် စနေနေ့ (၁၃-၁-၁၉၃၄) တွင် ဖွားမြင်သည့် သားရတနာ ဖြစ်သည်။

ကမာဝက်မူလတန်းကျောင်းနှင့် မုဒုံမြို့ရှင်အရဟံ အထက်တန်းကျောင်းတို့၌ ပညာ ဆည်းပူးစဉ် အတန်းစဉ်ပထမရသည်။ ၁၉၅၁-ခုနှစ်တွင် အစိုးရကျောင်းထွက် လက်မှတ်ရ စာမေးပွဲနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတို့ကို သင်္ချာ၊ အထွေထွေသိပ္ပံဂုဏ်ထူး နှင့် ပထမဆင့်မှ အောင်မြင်ပြီးလျှင် ရန်ကုန် တက္ကသိုလ်၌ ပညာ ဆက်လက်ဆည်းပူးသည်။ မိဘဆင်းရဲသဖြင့် တက္ကသိုလ်တက်နိုင်ရန် ဆွေမျိုးတို့ဝိုင်းကူရသည်။ ထိုအကူအညီကို ၂-နှစ်သာ လက်ခံပြီး ကိုယ်ထူကိုယ်ထနစ်ဖြင့် ကြိုးပမ်းကာ ပညာ ဆက်လက် ဆည်းပူးသည်။

*ကမ္မယောနိ* - ကံသာလျှင် အကြောင်းရင်း ရှိ၏၊

*ကမ္မဗန္ဓူ* - ကံသာလျှင် အဆွေအမျိုးရှိ၏၊

*ကမ္မပ္ပဋိသရဏော* - ကံသာလျှင် ကိုးကွယ်လဲလျောင်းရာ ရှိ၏၊

*ကလျာဏံဝါ* - ကောင်းသည်လည်းဖြစ်သော၊ *ပါပကံဝါ*- မကောင်းသည်လည်းဖြစ်သော၊ ယံကမ္မံ- အကြင်ကံကို၊ *ကရိဿာမိ*- ပြုအံ့၊

*တဿကမ္မဿ*- ထိုကောင်းမှုမကောင်းမှုကံ၏ ကောင်းမွေဆိုးမွေခံသည်

*ဘဝိဿာမိ*- ဖြစ်ရပေအံ့။

ကမ္မဿကတာသမ္မာဒိဋ္ဌိ- ကံ, ကံ၏ အကျိုးကို သိတဲ့ဉာဏ်ကို မီးရှူးတန်ဆောင်ပြုလျက် ဘဝသံသရာတစ်လျှောက်လုံး အထက်တန်းကျကျ ချမ်းချမ်းသာသာ နေထိုင်သွားနိုင်အောင် ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစား၍ ကောင်းကျိုးကိုယ်၌ တည်ကြပါစေသတည်း။

၃၀-၇-၂၀၀၆ ဒေါက်တာမင်းတင်မွန်

၂။ တက္ကသိုလ်ပညာဆည်းပူးခြင်းနှင့်အမှုထမ်းခြင်း

ရန်ကုန်တက္ကသိုလ် ၁၉၅၃-ခုနှစ် ဥပစာတန်း စာမေးပွဲတွင် သင်္ချာပထမဆု၊ ဓာတုဗေဒ ပထမဆုရပြီး တက္ကသိုလ်ဟိုးဝါးကိန်း ရွှေတံဆိပ်ဆုနှင့် တက္ကသိုလ် စကောလရှစ်ပညာချွန်ဆုတို့ဖြင့် ချီးမြှင့်ခံရသည်။

၁၉၅၅ ခုနှစ် သိပ္ပံဘွဲ့စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များ၌ ဂုဏ်ထူးရပြီး တစ်တန်းလုံးတွင် ပထမရသဖြင့် တက္ကသိုလ်ဟာဂျိဘိုင်များ ရွှေတံဆိပ် ဆုဖြင့်ချီးမြှင့် ခံရသည်။ ရန်ကုန် တက္ကသိုလ် ဓာတုဗေဒဌာနတွင် အချိန်ပိုင်း သရုပ်ပြ ဆရာအဖြစ် ခန့်ထားခြင်းခံရသည့်အပြင် နိုင်ငံခြားပညာ တော်သင်ဆုကိုလည်း ရရှိခဲ့သည်။ ထိုနှစ်မှစ၍ ဖခင်နှင့်မောင်နှမ တို့ကို လုပ်ကျွေးခွင့် ရခဲ့သည်။

၁၉၅၆ ခုနှစ် သိပ္ပံဓာတုဗေဒ ဂုဏ်ထူးတန်းစာမေးပွဲ၌ ပထမဆင့်မှ အောင်မြင်ပြီး ပထမရသဖြင့် တက္ကသိုလ် ဦးရွှေလေး ရွှေတံဆိပ်ဆုဖြင့် ချီးမြှင့်ခံရသည့်အပြင် ဆာဦးသွင်ရွှေ တံဆိပ် ဆုကိုပါ ထပ်ဆင့်ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနတွင် လက်ထောက်ကထိကအဖြစ် ခန့်ထားခြင်းခံရသည်။

၁၉၅၇ ခုနှစ်၌ အမေရိကန်ပြည်ထောင်စု အီလီနွိုက် တက္ကသိုလ် တွင် ဘွဲ့လွန်ပညာ ဆည်းပူးရာ ၁၉၅၈ ခုနှစ်၌ မဟာ သိပ္ပံဘွဲ့ကို ရသည့်အပြင် တက္ကသိုလ် သဟာယပညာ ချွန်ဆုကြီး (University Fellowship) ကိုပါ ရရှိသည်။ ဤပညာချွန် ဆုကြီးကို ရရှိခြင်းသည် အမေရိကန်ကျောင်းသူ ကျောင်းသားများ ထက် ပို၍ပညာထူးချွန်ခြင်းကို ပြ၏။

၁၉၆၀ ခုနှစ်တွင် သိပ္ပံပါရဂူဘွဲ့ (Ph.D.) ကို အသက် ၂၆ နှစ်အရွယ်တွင် ထူးချွန်စွာ ဆွတ်ခူးနိုင်ခဲ့သည်။ ဆစ်မာဆိုင် (Sigma Xi)ဂုဏ်ထူးဆောင်အသင်းကို ဝင်ခွင့်ရသည်။ မြန်မာ နိုင်ငံသို့ပြန်လာပြီး ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်အမှုထမ်းသည်။

၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန၌ ကထိက ရာထူးသို့ တိုးမြှင့်ခြင်း ခံရသည်။ ထို့နောက် မော်လမြိုင်ဒီဂရီ ကောလိပ်၊ ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပညာရေး တက္ကသိုလ် တို့တွင် ဓာတုဗေဒဌာနမှူးနှင့် ကထိကတာဝန်ကို ထမ်းဆောင် ရသည်။

၁၉၈၆ ခုနှစ်မှစ၍ မော်လမြိုင်တက္ကသိုလ် ဓာတုဗေဒဌာနမှူးနှင့် တွဲဖက် ပါမောက္ခတာဝန်၊ ၁၉၈၈ ခုနှစ်မှစ၍ ဓာတုဗေဒဌာနမှူးနှင့် ပါမောက္ခတာဝန်တို့ကို ထမ်းဆောင်သည်။ ၁၉၉၂-ခုနှစ် ဒီဇင်ဘာ ၁-ရက်တွင် တက္ကသိုလ်များ၌ ၃၇-နှစ်ကျော် တာဝန်ကျေပွန်စွာ ထမ်းရွက်ခဲ့ပြီးဖြစ်၍ သာသနာပြုရန်အတွက် အငြိမ်းစားယူသည်။

၁၉၉၃-ခုနှစ် ဩဂုတ်လ ၁-ရက်နေ့မှစ၍ သာသနာရေးဝန်ကြီး ဌာန အကြံပေး ပုဂ္ဂိုလ်အဖြစ် ထပ်မံခန့်ထားခြင်းကို ခံရပြီးလျှင် ၁၉၉၈-ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပဋိပတ္တိ ပါမောက္ခအဖြစ်ပါ ပူးတွဲ၍ တာဝန် ထမ်းရွက်ရပါသည်။ ၂၀၀၆-ခုနှစ် ဩဂုတ်လ ၁-ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်နှင့် ပဋိပတ္တိပါမောက္ခအဖြစ် ဆက်လက်တာဝန် ပေးခြင်းခံရသည်။

၃။ ဘာသာရေးဆောင်ရွက်ချက်နှင့်သာသနာပြုလုပ်ငန်း

ဒေါက်တာမင်းတင်မွန်သည် တက္ကသိုလ်အသီးသီး၌ တာဝန် ထမ်းဆောင်စဉ် အတွင်း တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကို ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့ပါသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးတွင် အတွင်းရေးမှူး တာဝန်၊ ထို့နောက် ဥက္ကဋ္ဌတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ မော်လမြိုင် တက္ကသိုလ် ခေတ်မီနှစ်ထပ် ဓမ္မာရုံကြီးနှင့် တက္ကသိုလ်စေတီ တို့ကို ဦးဆောင်၍ တည်ဆောက်ခဲ့သည်။

ဒေါက်တာမင်းတင်မွန်သည် သိပ္ပံစာပေကိုသာမက ဒဿနိက၊ စိတ်ပညာနှင့် ဘာသာရေးစာပေတို့ကိုပါ လေ့လာခဲ့ပြီးလျှင် နိုင်ငံတော်၏

သာသနာရေးဦးစီးဌာနက ကျင်းပသော ဘာသာရေးစာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုခဲ့သည်။

၁၉၈၁ ခုနှစ်- အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲ-တစ်ပြည်လုံး၌ ပထမရသည်၊

၁၉၈၃ ခုနှစ်- အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ တစ်ပြည်လုံး၌ ပထမ ရသည်၊

၁၉၈၄ ခုနှစ်- ဝိသုဒ္ဓိမဂ်သုံးကျမ်းပြည့်စာမေးပွဲ-တစ်ပြည်လုံး၌ ပထမရသည်။

၁၉၈၃ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံတွင် အဘိဓမ္မာသင်တန်း ပို့ချသည်၊ ၁၉၈၆ ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ်၌ အဘိဓမ္မာသင်တန်းပို့ချသည်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသား ၅၀၀ကျော်သင်တန်း တက်ကြသည်။ အဘိဓမ္မာ သင်တန်းကိုင်လက်စွဲ စာအုပ်အဖြစ် တက္ကသိုလ် အဘိဓမ္မာ အတွဲ ၁၊ ၂၊ ၃ နှင့် ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်စာအုပ်များကို ရေးသား ပုံနှိပ်ပြီးလျှင် ၁၉၈၇-ခုနှစ်၌ ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံတွင် အဘိဓမ္မာ သင်္ဂြိုဟ်ကိုးပိုင်းကို ၃-ရက်တည်းဖြင့် အပြည့်အစုံပြီးစီးအောင် စံချိန်တင်ကာ ပို့ချပေးခဲ့သည်။

ထို့နောက်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမြို့မြို့အနယ်နယ်နှင့် အမေရိကန် ပြည်ထောင်စု၊ အင်္ဂလန်၊ ဂျပန်၊ မလေးရှား၊ စင်္ကာပူ စသည့်နိုင်ငံများတွင် အဘိဓမ္မာသင်တန်း များကို မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်ပါ ပို့ချပေးခဲ့သည်။ အင်္ဂလိပ်ဘာသာသင်တန်းကိုင်အဖြစ် The Essence of Buddha Abhidhamma နှင့် Abhidhamma (Higher Level) Volume I and II တို့ကို ရေးသားခဲ့သည်။ ၁၉၈၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၂၄ နှစ်ကာလတွင် အဘိဓမ္မာသင်တန်းပေါင်း ၂၅၅ ခုကို ပို့ချခဲ့ပြီး သင်တန်း ၁၉၃ ခုတွင် သင်္ဂြိုဟ်ကိုးပိုင်းစလုံး ပြီးစီးအောင် သင်ကြားပေးနိုင် ခဲ့ပါသည်။

ဒေါက်တာမင်းတင်မွန်သည် ဗုဒ္ဓအဘိဓမ္မာကို ဘာသာရေးရှုမြင့်ကသာမက သိပ္ပံပညာရှုထောင့်၊ ဒဿနိကပညာ၊ စိတ်ပညာ

ရှုထောင့်၊ ခေတ်အမြင်တို့နှင့်ပါ ပေါင်းစပ်၍ စိတ်ဝင်စားဖွယ် ကောင်းအောင် သင်ကြားပေးနိုင်သဖြင့် အဘိဓမ္မာကို အကောင်းဆုံး သင်ကြားပေးနိုင်သည့် ထူးချွန်သောဆရာတစ်ဦးအဖြစ် အသိအမှတ်ပြုခံ ရပါသည်။ တက္ကသိုလ်များတွင် ပညာသင်ကြားပို့ချရာ၌လည်း အကောင်းဆုံးဆရာတစ်ဦးအဖြစ် အသိအမှတ်ပြုခံရပါသည်။

တစ်ဖန် အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းသူ ကျောင်းသား ရင်သွေးငယ်များအား ဗုဒ္ဓဘာသာအခြေခံသည့် ယဉ်ကျေးမှုနှင့် စာရိတ္တပညာ ဗဟုသုတကို အမွေပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အထက၊ အလကများတွင် " အမျိုးသား ယဉ်ကျေးမှုနှင့်စာရိတ္တပညာ" ခေါင်းစဉ်ဖြင့် ၇၇၈-ကြိမ်ဟောပြောခဲ့ ပါသည်။ ကျောင်းသား ကျောင်းသူ ၄ သိန်းကျော်တို့အား အဖိုးတန်ဆုံးဘဝ အသိပညာကို ပေးဝေနိုင်ခဲ့သည်။ "နှုတ်တစ်ရာ စာတစ်လုံး" ဟူသည်နှင့်အညီ ဟောပြောပွဲကို ထိရောက်အောင် "လိမ္မာယဉ်ကျေး တို့ရင်သွေး" "ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ" စာအုပ်များကို ရေးသား၍ သင်တန်းကိုင် အဖြစ်အသုံးပြုကာ ဟောပြောပေးခဲ့ပါသည်။ ဟောပြောချက်များကို CD-MP3 သွင်း၍ ဖြန့်ချိပေးပါသည်။

ထို့အပြင် ဗုဒ္ဓတရားတော်၏ အဖိုးတန်ဆုံးဘဝ အသိ ပညာများကို မြန်မာ ပြည်သူများနှင့် ကမ္ဘာပြည်သူများတို့ သိနား လည်ရန်အတွက် တရားပွဲပေါင်း ၁၂၆၅ ပွဲကို မြန်မာဘာသာ၊ မွန်ဘာသာ၊ အင်္ဂလိပ်ဘာသာ တို့ဖြင့် ဟောပြောပေးခဲ့ပါသည်။ အဘိဓမ္မာသင်တန်း ပို့ချချက်များနှင့် တရားဟောပြောချက် များကိုလည်း CD, VCD, DVD များဖြင့် ဖြန့်ချိ ပေးလျက်ရှိ ပါသည်။

၄။ ပညာပေးစာအုပ်များနှင့်ဘာသာရေးစာအုပ်များကိုရေးသားခြင်း

ဒေါက်တာမင်းတင်မွန်သည် ရန်ကုန်တက္ကသိုလ် ကျောင်းသား ဘဝကပင် တက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်း၊ တက္ကသိုလ်မွန် မဂ္ဂဇင်း၊

ဟသ်ာပျိုစာစောင်တို့တွင် ကဗျာ၊ စာညွှန့်၊ ဝတ္ထု၊ ဆောင်းပါးများ ကို ရေးသားခဲ့ပါသည်။

၁၉၆၂-ခုနှစ်မှစ၍ သိပ္ပံပညာပေး စာအုပ်များ၊ ဆောင်းပါးများ နှင့် တက္ကသိုလ်ကျောင်းသုံးစာအုပ်များကို ရေးသားခဲ့သည်။ ၁၉၈၄ ခုနှစ်မှစ၍ ဘာသာရေး စာအုပ်များနှင့် ဆောင်းပါးများကို ရေးသားခဲ့ သည်။

ယနေ့အထိ ပညာပေးစာအုပ် ၂၀၊ ဘာသာရေးစာအုပ် ၅၀၊ ဆောင်းပါး ၂၀၀ ခန့်ကို ရေးသားခဲ့ပါသည်။ ဗဟုသုတကြွယ်ဝ၍ မှန်မှန် ကန်ကန် အကြောင်းအကျိုး ညီညွတ်စွာ တွေးခေါ်တတ်ပြီး ခေတ်မီ ဆန်းသစ်သော အမြင်ရှိကာ ဘဝတွင် တန်ဖိုး များသော အကြောင်းတို့ကို စိတ်ဝင်စားဖွယ်ကောင်းအောင် ရှင်းရှင်းလင်းလင်း ရေးသား တင်ပြနိုင်သဖြင့် စာရှုသူပရိသတ်အပေါင်းတို့သည် ဒေါက်တာမင်းတင်မွန်၏ စာအုပ်များကို နှစ်သောင်းအားရစွာ ဖတ်ရှုကြသည်၊ စာအုပ်များကို အကြိမ်ကြိမ်ပုံနှိပ်ရပါသည်။

## ၅။ ဘွဲ့တံဆိပ်များချီးမြှင့်ခံရခြင်း

၁၉၉၄ ခုနှစ်တွင် သဒ္ဓမ္မဇောတိကဓဇဘွဲ့ကို နိုင်ငံတော်မှ ချီးမြှင့်သည်။

၂၀၀၃ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ကို နိုင်ငံတော်မှ ချီးမြှင့်သည်။

၂၀၀၅ ခုနှစ်တွင် တစ်သက်တာစာပေဆုကို မြန်မာ့ဗိမာန် စာပေဆုအဖွဲ့မှ ချီးမြှင့်သည်။

ဒေါက်တာမင်းတင်မွန်သည် လူငယ်လူရွယ်များစွာတို့ စံနမူနာ ယူရသော နိုင်ငံအကျိုးဆောင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ကျောင်းသူကျောင်းသားများနှင့် ပြည်သူအပေါင်းတို့ ချစ်ခင်လေးစားသော ပညာရှင်၊ သိပ္ပံပါမောက္ခ၊ ဘာသာရေးပါမောက္ခ၊ ဓမ္မကထိက၊ စာရေးဆရာနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ် ဖြစ်ပါ သတည်း။